# လှိုင်းကြာဖြူ (ဝေးရိုး)

# အလွမ်းခြွေကောင်းကင်



## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇူလိုင်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ၈၃
လှိုင်းကြာဖြူ (လားရှိုး)
အလွမ်းခြွေကောင်းကင် /လှိုင်းကြာဖြူ (လားရှိုး) – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၄၈၇ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) အလွမ်းခြွေကောင်းကင်

(၁၅) အုပ်မြောက်

# အလွမ်းခြွေကောင်းကင်

လှိုင်းကြာဖြူ (လားရှိုး)

# အပိုင်း (၁)

များသောအားဖြင့် လူတို့အတွက် အတွေ့အကြုံသည် သင်္ဘောပဲ့ပိုင်းမှ မီးရောင်နှင့် အလားသဏ္ဍာန်တူပေသည်။ အဘယ်ကြောင့်ဆိုသော် ဖြတ်သန်းလာခဲ့သောလမ်းကြောင်းကိုသာ ထိုးပြသောကြောင့် ဖြစ်၏။

To most men experience is like the sterns lights of a ship, which illumine enlighten then tranck it has passed.

"အဲဒီလေ့ဟာ လှနှစ်ယောက်ပဲဆန့်မယ်ဆိုရင် နင့်ရဲ့ ချစ်လှချည့်ရဲ့ဆိုတဲ့ ချစ်သူကို တင်ခေါ်သွားမလား။ နင့်သူငယ်ချင်း ငါ့ကို တင်ခေါ်သွားမလား"

**သက်ထင်းထွင့်**

## အခန်း (၁)

''ခြောက် ...ခဏစောင့်ဦးနော်။ နိုင်က နင်လာဦးမယ် မထင်လို့ အေးအေးလုပ်နေတာ''

''ရပါတယ် နိုင်ရဲ့၊ နိုင့်အလုပ်ကို ပြီးအောင်လုပ်ပါ''

လက်ထဲမှာ ခူးလက်စပန်းတို့ကိုယူ၍ အပေါ်ဘက်သို့ တက်ရကောင်းနိုးနိုးရှိတဲ့ သူ့ရဲ့လမ်းဖွင့်စကားကြောင့် နိုင်လည်း ပန်းများကို ဆက်ရှုနေလိုက်သည်။

ဝန်ထမ်းဆိုတော့လည်း ဤစနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်များသာ အလုပ်စုပေါင်းလုပ်ရသဖြင့် အားနာပါးနာ ညှော်ခံစကားပြောပြီးလို့ အချိန်ကုန်လျှင် ထိုနေ့အဖို့တော့ အလဟဿ အချိန်ဖြုန်းပြီးကြည့်ခြင်း သက်သာဖြစ်တော့သည်။

ဒါတောင် ပန်းတွေက ကိုယ့်အိမ်ရှေ့မျက်နှာစာမှာ စိုက်ထားခြင်းကြောင့် တော်သေးသည်။ နွေရာသီလိုကာလ၊ ဈေးသွားဝယ်ရပြီ

ဆိုလျှင် အချိန်က မကုန်သင့်ဘဲ ကုန်ရသည်။

"အပေါ်မှာ သွားစောင့်ပါလား သက်လင်း။ နိုင်လည်း ပန်းခူး ပြီးတော့မှာပဲဟာ"

"ရပါတယ်ဆို နိုင်ကလည်း။ ဟို . . . နိုင့်လက်ထဲကပန်းတွေ များနေပြီ ကိုယ့်ကိုပေးထားပါလား"

အစတုန်းကတော့ အလုပ်ကို လက်စနှင့် ပြီးအောင်လုပ်ဖို့ ဖြင့်သော်လည်း အနားမှာ တောက်တဲ့လိုတွယ်ကပ်နေသော သက် လင်းထွန်းကြောင့် အနေခက်ရတာတစ်မျိုး။ ခြံချင်းကပ်လျက် တစ်ဖက် ခြံမှ ဆင်းလာသူကြောင့် –

"ရပါပြီ မခူးတော့ပါဘူး။ သက်လင်း အပေါ်တက်နှင့်ပါ။ နိုင် ခြေထောက်လက်ဆေးပြီးရင် တက်လာခဲ့မယ်လေ"

"ဒါဆို ကိုယ် အပေါ်က စောင့်နေမယ်နော်"

သက်လင်းထွန်း ပျဉ်ထောင်အိမ်လေးပေါ် တက်သွားမှ သစ္စာ နိုင် ရေဘုံဘိုင်လေးအနားသို့ လျှောက်လာခဲ့သည်။ ရေပိုက်ခေါင်းဖွင့် ပြီး နှင်းဆီပန်းတွေကို ရေဆေးလိုက်သည်။

ရေဆေးပြီးသား နှင်းဆီတို့ကို ပေပါပေါ်တင်ပြီး ခြေထောက် လက်ဆေးနေစဉ် –

"မနိုင်"

"––––"

"မနိုင်"





ခေါ်သံကြားသလိုလို ရှိသော်လည်း မထူးချင်၍ မကြားချင် ယောင်ဆောင်လိုက်သော်လည်း နောက်တစ်ခေါ် ထပ်ခေါ်နေသဖြင့် မကြည့်ချင်ကြည့်ချင်ဖြင့် လှည့်ကြည့်လိုက်သည်။ အရမ်းကို စပ်စုချင် နေသော မော်မော်ခင်တစ်ယောက် ခြံစည်းရိုးနားထိ ရောက်နေပြီ။

နိုင်ကတော့ ဤမြို့သို့ တာဝန်ဝတ္တရားအရ ပြောင်းလာခဲ့ သည့်အချိန်မှစ၍ မိတ်ဆွေများရဲ့ပြောပြချက်အရ ဘယ်လူက ပေါင်း သင့်သလဲ၊ ဘယ်သူက ရှောင်သင့်သလဲ ကောင်းစွာသိနေခဲ့သည်။

နိုင်တို့ခြံတွင် မမသက်နှင့် နိုင်သည် တစ်ရုံးတည်း လုပ်ဖော် ကိုင်ဖက်များဖြစ်သည်။ မမသက်ကတော့ ဤမြို့တွင် တာဝန်ကျနေ သည်မှာ ကြာပြီဖြစ်၍ နိုင်ထက် စီနီယာကျနေပြီ။

နိုင် ဒီမြို့ကို ပြောင်းလာတာ တစ်နှစ်မပြည့်သေး။ ပြောင်းလာ ခါစက ဝန်ထမ်းအိမ်ရာမရသေး၍ အိမ်ငှားနေဖို့ စဉ်းစားခဲ့သေးရာ မမသက်က –

"အခု မမသက်နေတဲ့အိမ်က တော်တော်ကျယ်တယ် နိုင်ရဲ့။ နိုင်ကလည်း လူလွတ်ပဲဆိုတော့ မမသက်နဲ့အတူ နေပေါ့။ အားနာ နေရမှာဆိုရင် အိမ်လခ တစ်ယောက်တစ်ဝက်ပေါ့"

"ဟုတ်တယ်၊ မမသက်နဲ့နေရင် မနိုင်လည်း စိတ်အေးလက် အေးရှိတယ်။ ဒီမှာက လုံးချင်းသက်သက်ငှားလို့ ဈေးအရမ်းကြီး မကြီးလှပေမယ့် အပျိုလေးတစ်ယောက်တည်း နေဖို့ မသင့်တော်ဘူး"

သူမကဲ့သို့ အထက်တန်းရှေ့နေတစ်ယောက်ဖြစ်သော မသွေ

အောင်က ဝင်ပြောသည်။

"မမသက်နဲ့လည်း အလုပ်သွားအလုပ်ပြန် အတူတူပဲဆိုတော့ အဆင်ပြေတာပေါ့ မမရဲ့။ ဒါနဲ့ မမနိုင်က ဆိုင်ကယ်ကော စီးတတ်ရဲ့လား"

စာရေးမလေး နွဲ့နွဲ့သီက ပြောသဖြင့် နိုင် ခေါင်းယမ်းရင်း–

"မစီးတတ်ပါဘူး နွဲ့ရယ်။ တို့က စက်ဘီးလောက်ပဲ စီးတတ်တာ။ ဆိုင်ကယ်စီးသင်ဖို့တော့ ကြိုးစားသေးသား။ ဒါပေမဲ့ တို့က ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးသနားတတ်တာ။ ဒဏ်ရာအနာတရဖြစ်လာရင် ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းမဆုံးဖြစ်နေမှာနဲ့ အစီးမသင်ရဲပါဘူးကွယ်"

"ဒါဆို နိုင်ကတော့ တို့ထက်ညံ့သွားပြီ"

"ဟင် .. ဘာလို့လဲ၊ မေသူက စီးတတ်လို့လား"

"အို သိပ်စီးတတ်တာပေါ့။ ဆိုင်ကယ်နောက်မှာလိုက်စီးရတာများ လွယ်မှလွယ်။ ဘာခက်တာမှတ်လို့"

"အို အဟင်း ဟင်း ... တို့က အကောင်းပြောနေတယ်မှတ်တာ"

မေသူအောင့်ရဲ့ အရွှန်းဖောက်စကားကြောင့် နိုင် သဘောကျစွာ ရယ်လိုက်သည်။

မေသူအောင်နှင့် သစ္စာနိုင်က ကျောင်းအတူတက်ခဲ့သော်လည်း ချိန်ဘာဆင်းရတာချင်းမတူ။ နောက် ကျောင်းမှာတုန်းက





ကိုယ့်အုပ်စုနဲ့ပဲ ကိုယ်နေတတ်ကြသဖြင့် မျက်မှန်းတန်းမိရုံကလွဲ၍ သိပ်မရင်းနှီးခဲ့ချေ။

ဒီမြို့မှာ အတူလာဆုံတော့ မေသူက အရင်ရောက်နေသူမို့ နိုင့်ကို ဖော်ဖော်ရွေရွေ ဆက်ဆံရှာပါသည်။ နိုင်ကိုယ်တိုင်လည်း လုံးဝစိမ်းသက်နေသော နေရာဒေသတစ်ခုမှ ကိုယ်နှင့်သိသောသူတစ်ယောက်နှင့် တွေ့ရသဖြင့် အားတက်ရပါသည်။

"အဲ ... တစ်ခုတော့ရှိတယ် နိုင်"

"ဘာတစ်ခုလဲ မေသူ"

ရယ်စရာလေးတွေပြောနေရင်းမှ မျက်နှာတည်သွားရင်း ပြောတော့ နိုင်က နားမလည်စွာ ပြန်မေးမိသည်။

မေသူက စားပွဲပေါ်မှာရှိသော ရေနွေးကြမ်းပန်းကန်လွတ်တွေထဲ ရေနွေးလိုက်ဖြည့်ပေးရင်း မမသက်ကို လှမ်းကြည့်တော့ –

"မမသက် ပြောလိုက်လေ"

"အင်းပါ ... မမသက်လည်း ပြောဖို့စိတ်ကူးရှိပြီးသားပါ မေသူရဲ့။ ဒီလိုပါနိုင် ... အခု သက်ငှားနေတဲ့ခြံဘေးမှာ မမသက်တို့လိုပဲ ဝန်ထမ်းမိသားစုတစ်ခု ငှားနေတယ်။ သူတို့မိသားစုလိုဆိုရင်တော့ ပြဿနာ သိပ်မရှိလှပါဘူး။ ဒါပေမဲ့ သူတို့ညီမ မော်မော်ခင်ကတော့ သိပ်အဆင်မပြေလှပါဘူး။

"ဘာအဆင်မပြေလှတာလဲ မမသက်ရဲ့။ နိုင်တို့ဘာသာ နိုင်တို့ နေကြမှာပဲ၊ ဘာအဆင်မပြေစရာရှိလို့လဲ"

"အင်း . . . ဟုတ်ပါတယ်လေ၊ အခုလို ကိုယ့်ဘက်က အရမ်းကြီး သိသိသာသာ တင်းမာပြနေရင် သိပ်မကောင်းပါဘူး။ ဒါပေမဲ့ မော်မော်ခင်ကိုတော့ တတ်နိုင်သမျှ ကင်းအောင်နေပါကွယ်။ စကားအရောင်းအဝယ်လုပ်တာ ဝါသနာပါတယ်။ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပြောချင်တယ်။ မော်မော်ခင်က မမသက်တို့ဘက်မှာတော့ စသုံးလုံးပဲလေ"

မမသက်ရဲ့စကားကြောင့် နိုင်က သက်ပြင်းချပြီး –

"ပြော် . . . သူက စုံထောက်လား။ ဒါမှမဟုတ် စုံစမ်းစစ်ဆေးရေးဌာနကလား မမသက်"

နိုင်ရဲ့စကားကြောင့် ရေနွေးသောက်နေသော နွဲ့နွဲ့သီခမျာ ရေနွေးသီးသွားရှာသည်။ မမသက်နှင့် မေသူကလည်း သဘောကျစွာ အကျယ်ကြီးရယ်လိုက်သဖြင့် နိုင်တောင် ရှက်သွားသည်။

ပတ်ဝန်းကျင်က အကျယ်ကြီးရယ်လိုက်သော နိုင်တို့ဝိုင်းကို လှည့်ကြည့်လာသည်။ အားလုံးရဲ့အမြင်မှာ နိုင်က မျက်နှာစိမ်းပေမယ့် ရှေ့နေဝတ်စုံ ဝတ်ဆင်ထားသဖြင့် တစ်ချက်ပဲကြည့် ပြန်လှည့်သွားကြသည်။

"ဘယ်ကလာ နိုင်ကလဲ၊ စသုံးလုံးဆို စပ်စုစိတ်ကိုပြောတာ"

"ဟင် ဟုတ်လား . . . ဟင်း ဟင်း"

မေသူရဲ့ ရှင်းလင်းချက်ကြောင့် အခုမှ ရေလည်လာသော





နိုင်က သဘောကျစွာ ရယ်လိုက်ပါသည်။

ထိုကဲ့သို့သော ရာဇဝင်တွေရှိနေသော မော်မော်ခင်ကို လန့်နေသော နိုင်က ဒီမှာနေရသော ရက်ကလေးတွေ တဖြည်းဖြည်းကြာလာပေမယ့် မော်မော်ခင်ကိုတော့ တတ်နိုင်သမျှ ရှောင်လာခါမှ ယခု မော်မော်ခင်က တိုက်ရိုက်ကြီးလာခေါ်လေပြီ။

အစောန နိုင်နှင့် သက်လင်းထွန်းတို့ စကားပြောနေကြသည်ကို အိမ်ပေါ်မှ လှမ်းမြင်၍ဆင်းလာခြင်းဖြစ်ပေမည်။ ယခု ဆင်းလာခြင်းကလည်း စပ်စုဖို့ကိစ္စကလွဲ၍ အခြားကိစ္စ မရှိနိုင်ပေ။ နိုင်မှာ ဒီတိုင်းကင်းကင်းပြတ်ပြတ်ကြီး နေလိုက်ရအောင် သူနှင့်ကိုယ်က ရန်သူတွေမဟုတ်ကြတာမို့ မကောင်းတတ်စွာ လှည့်ကြည့်ခြင်း ဖြစ်သည်။

"မနိုင် ဒီနေ့ ဈေးမသွားတော့ဘူးပေါ့ ဟုတ်လား"

"အင်း . . . မသိသေးပါဘူးကွယ်"

စကားကို မတင်မကျပြောရင်း ဖြတ်ထားလိုက်သည်။ 'ဘာမှာမလဲ' ဟု မေးလိုက်ရင် တစ်မျိုးမဟုတ်တစ်မျိုး ဝယ်လာခဲ့ပါနော်။ ပါးစပ်နှင့်မှာပြီး ဘယ်တော့မှ ပိုက်ဆံပေးဖို့ သတိမရတတ်တဲ့ မော်မော်ခင်ရဲ့အကြောင်းကို နိုင်လည်း သိသင့်သလောက် သိခဲ့ပြီးပါပြီ။

ငါးရာ တစ်ထောင်လေးများဟု တစ်ခါတလေ မကြားတကြား အတင်းတုတ်ပေမယ့် ဝန်ထမ်းဖြစ်သော နိုင့်အတွက် ငါးရာကလည်း ငါးရာ၊ တစ်ထောင်ကလည်းတစ်ထောင် ဖြစ်သည်။

ထို့ကြောင့် စကားကို မယုတ်မလွတ်ဖြေရင်း မျက်နှာသစ်

နေလိုက်တော့ မော်မော်ခင်က ထွက်မသွားသေးဘဲ ရပ်နေပြန်သည်။

"ဒါနဲ့မနိုင် အစောနဝင်သွားတဲ့ညည်သည်က မော့်အသိနဲ့တူတယ်။ မနိုင် သူငယ်ချင်းလေ"

သိချင်လျှင် ဒွဲမမေးဘဲ မော့်အသိနှင့်တူသည်ဟု ဆိုလာသဖြင့် နိုင့်မှာ ရယ်ချပစ်လိုက်ချင်သည်။ မသက်တို့ မေသူအောင်တို့ သတိပေးသည်မှာ မလွန်ဟု နိုင်တွေးလိုက်မိသေးသည်။

"ဟုတ်တယ် ... မနိုင်သူငယ်ချင်းလေ။ သက်လင်းထွန်းတဲ့ မိတ်ဆက်ပေးမယ်လေ။ ခဏစောင့်ပါလား မော်မော်"

နိုင်က ရယ်ချင်စိတ်ကိုထိန်းကာ မျက်နှာပေါ်က ရေစက်ရေသီးတွေကို သပ်ချပြီး မေးတော့ မော်မော့်ရဲ့မျက်နှာက သူ့အရမ်းကြီးကို စပ်စုမိသည့်အတွက် ရှက်ကိုးရှက်ကန်းဖြစ်သွားသည့်ဟန်နှင့်-

"အို ရပါပြီ ... မော့်အသိနဲ့တူတယ်ထင်လို့မေးတာ၊ ကဲ သွားတော့မယ်နော် မနိုင်"

မော်မော်ခင်က နောက်မှ ကျားလိုက်သကဲ့သို့ ချာခနဲ လှည့်ပြေးသွားသည်။

နိုင်ကတော့ ရယ်ချင်စိတ်ကို လုံးဝထိန်း၍ မရသဖြင့် သဘောကျစွာ ရယ်ချလိုက်သည်။

နိုင်ဟာ ရှေ့နေတစ်ယောက်ဆိုတာကို မော်မော်ခင်က မေ့နေပုံရ၏။ ယခုတော့ သူ့မေးခွန်းနှင့်သူ ချောင်ပိတ်သွားရှာသည်။

"နိုင်ရေ ကြာလှချည်လား။ ညည်သည်ကို အားနာစရာကွာ"





"လာပြီ မမသက်ရေ"

မမသက် ထွက်အော်တော့မှပဲ သက်လင်းထွန်း စောင့်နေသည့်အဖြစ်ကို သတိရသွားကာ နောက်ဖေးမှပတ်၍ အိမ်ပေါ်တက်လိုက်သည်။

သက်လင်းထွန်းနှင့် မမသက်လည်း နိုင့်ကြောင့် အတော်အတန် ရင်းနှီးနေကာ နိုင် အလှပြင်နေချိန် မမသက်က သက်လင်းထွန်းကို ဧည့်ခံပေးနေသည်။

သက်လင်းထွန်းက မမသက်နှင့်မှ မဟုတ်ပါ။ ငယ်ငယ်ကလေးကတည်းက သူ့မှာ ချစ်မွေးပါသဖြင့် ခဏလေးအတွင်း ရင်းနှီးအောင်နေတတ်သည်။ သူကိုယ်တိုင်လည်း ပျော်ပျော်နေတတ်သူဖြစ်သည်။

နိုင်နှင့်သက်လင်းထွန်းကျတော့ စရိုက်က အရှေ့နှင့်အနောက်သက်လင်းက ပျော်ပျော်နေတတ်သလောက် နိုင်ကတော့ ချောင်တချောင်ချောင်မှာ ကုပ်ပြီး ခပ်အေးအေးနေတတ်သည်။ သက်လင်းက ယောကျ်ားလေးတန်မယ့် အရာအားလုံးက စိတ်ဝင်စားရင် စပ်စုတတ်သလို ဖြစ်တတ်ပြီး နိုင့်ကိုပါလာပြီး ဖောက်သည်ချတတ်သေးသည်။

"သူ့အစ်ကိုလို့ ငါက ထင်နေတာ။ အဲဒါ သူ့အစ်ကို မဟုတ်ဘူးတဲ့ နိုင်ရဲ့"

"ဒီတော့"

"ငါလည်း အဲဒီ ဒီတော့ကို စဉ်းစားနေတာ။ မောင်နှမလို လဲ့ညည်းမဟုတ်၊ သမီးရည်းစားထက်လည်း ရင်းနှီးဆိုတော့"

"တော်စမ်းပါ သက်လင်းရာ။ နင်ကလည်း ပါပါရာဇီ လက်သစ်ပဲ သိလား။ အားလုံးကိုလည်း သိချင်တယ်။ နင်မသိလိုက်ရတဲ့ အရာတွေအတွက်လည်း စိတ်က ကျိတ်မနိုင် ခဲမရ ဖြစ်နေသေးတယ်။ သူများကိစ္စထက် ကိုယ့်ကိစ္စပဲကိုယ် စိတ်ဝင်စားစမ်းပါ"

ဤကဲ့သို့ နိုင်က ဟောက်သရမ်းလိုက်လျှင်လည်း သက်လင်းက စိတ်မဆိုးဘဲ –

"ငါက ငါ့အကြောင်းလည်း စိတ်ဝင်စားတယ်။ သူများအကြောင်းလည်း စိတ်ဝင်စားတယ်။ ဘယ်လိုပြောမလဲ ငါက humanism လေ"

"အောင်မာ ... သေနာ ငါကတော့ လူသားမဆန်ဘူးပေါ့လေ ဟုတ်လား"

နိုင်က စိတ်ဆိုးမာန်ဆိုးဖြင့် တရှူးရှူးဖြစ်လျှင် သက်လင်းက သဘောကျနေတတ်သည်။



မနေ့ကသည် အိပ်မက်မျှ မနက်ဖြန်သည် မျှော်မှန်းချက်၊ ယနေ့သည် လက်တွေ့ဘဝ။

Yesterday is only a dream, tomorrow is only a vision, but today is life.

## အခန်း (၂)

"အမှန်အတိုင်းပြောရရင် ငါ အဲဒီလောက် မလောချင်ဘူး သက်လင်း"

"ဘာလောလို့လဲ နိုင်၊ နင်နဲ့ငါ သိခဲ့ကြတာကလည်း အခုမှ မဟုတ်ဘူး။ ဟိုးငယ်ငယ်ကလေးဘဝကတည်းက တစ်ရှောက်လုံး ခင်မင်ခဲ့ပြီး ငါ့ဘက်က ဘယ်တော့မှ မပြောင်းလဲခဲ့ဘူး။ ပြီးတော့ ငါတို့ စေ့စပ်ထားကြတာလည်း တစ်နှစ်တစ်လမှ မဟုတ်တော့တာ နိုင်ရယ်။ ပြီးတော့ တို့အသက်တွေက မငယ်တော့ဘူး"

"ငါသိတော့ သိပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ဆိုတာ ကြားမခံစမ်းပါနဲ့ နိုင်ရာ။ နင့်ဆီက ဒါပေမဲ့ လို့ ကြားခံတိုင်း ငါ့မှာ ရင်တောင်တုန်ရတယ်။ စေ့စပ်ပြီးတုန်းကလည်း ချက်ချင်းကြီးလက်မထပ်ချင်သေးဘူးဆိုလို့ ငါ နိုင်ငံခြားပညာတော်သင် သွားလိုက်တယ်။ ပြန်လာရင်တော့ ငါ လက်ထပ်တော့မယ်လို့ စဉ်းစား





ထားတာ မလောပါနဲ့ဦးဟုတ်လား"

"နင့်ခံစားချက်ကို ငါ နားလည်ပါတယ် သက်လင်းရယ်"

သက်လင်းရဲ့ အကျိုးသင့် အကြောင်းသင့် ရှင်းပြနေမှုများက အမှန်တရားသာ ဖြစ်သည်။ သက်လင်းရဲ့ တောင်းဆိုချက်တွေက မလွန်။ ဒါဆိုလျှင် လွန်နေသူက သူမလား။

ဘူတာနှင့် မြို့မဈေးသို့ ဥဒဟိုသွားလာနေသော လိုင်းကား များ၊ သုံးဘီးများ၊ ဆိုင်ကယ်များကို အကြောင်းမဲ့သက်သက်ငေးရင်း သက်လင်းနှင့် ပတ်သက်လျှင် သူငယ်ချင်းတစ်ယောက်လို ပြောရ ဆိုရသည့်အခါ နိုင့်ဘက်က မတွန့်ဆုတ်ပါ။ သို့သော် အိမ်ထောင်ရေး နှင့်ပတ်သက်၍ ဆွေးနွေးရသည့်အခါများတွင် နိုင့်ဘက်မှ အချိန် တစ်ရက်ဆိုလျှင် တစ်ရက်ဆွဲနေမိသည်မှာ ဘာကြောင့်မှန်းမသိ။

ရုံးဘေးက စိန်ပန်းနီနီများကို အဓိပ္ပာယ်မဲ့ငေးမိသည်။ စိန် ပန်းပင်တို့သည် အုံ့အုံ့ဆိုင်းဆိုင်း ပွင့်လျက် မြေပြင်ထက် စိန်ပန်းပွင့် ရဲရဲတို့ ရဲရဲနီလျက် ရှိသည်။ အမြဲတမ်းတွေ့မြင်နေကျ မြင်ကွင်းပေမယ့် ဒီနေ့ကျမှ ဒါက ထူးဆန်းနေသလို။

"ငါ့ဘက်က စောင့်ရတာအကြောင်းမဟုတ်ဘူး။ ဒါပေမဲ့"

"နင် စိတ်ပူနေတာ ငါသိတယ် သက်လင်း"

သက်လင်းထွင့်ရဲ့စကားကို အဆုံးမခံဘဲ နိုင် ပြောလိုက် သည်။ နိုင်နှင့် သက်လင်း အကြည့်ချင်းဆုံသွားသည်။

ငယ်ငယ်ကလေးကတည်းက အတူတကွ ပေါင်းလာကြ

သည့် သူငယ်ချင်းတွေပဲ ဘယ်သူ့ရင်ထဲမှာ ဘာတွေရှိသလဲ၊ ဘာတွေ ပြော်ချင်နေသလဲဆိုတာ ဖွင့်ပြောစရာမလိုတဲ့ သိနေခဲ့ကြသည်။

သက်လင်းရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ရင်း တံတွေး တစ်ချက် မျိုလိုက်သည်။ ဒီစကားကို နိုင် မျက်နှာချင်းဆိုင်ပြောဖို့ စိတ်ကူးတွေထဲမှာ အခါခါ တွန်းအားပေးခဲ့ဖူးသည်။

ဒါပေမဲ့ ကြေကွဲစွာခံစားရမည့် သူငယ်ချင်းရဲ့အဖြစ်ကို ခပ်တည်တည်စိုက်ကြည့်နေရလောက်သည်အထိ နိုင်ရဲ့အသည်းတွေက မမာပေ။

''ငါ့ဘဝမှာ နင့်ကိုပဲ လက်ထပ်မယ်ဆိုတာ နင်မယုံဘူးလား သက်လင်း။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် လွဲအောင် ကံကြမ္မာက ဘယ်လိုဖန်တီးတီး ငါ နင့်ကိုပဲ''

''နိုင်''

သက်လင်းက စားပွဲပေါ်မှာ တင်ထားသော နိုင့်ရဲ့လက်ကို တစ်ချက်ဆုပ်ဖျစ်ကာ တားသလိုခေါ်သည်။

ငယ်ငယ်လေးကတည်းက သွားလာပေါင်းသင်းခဲ့ကြသူမို့ သူ့လက်ကိုင်လိုက်ခြင်းအပေါ် ရင်လှုပ်ရှားအောင် မခံစားရ။ ဒါ့အပြင် အသားယူကိုင်လိုက်သလားဟု သံသယ ဖြစ်စရာမလို၊ နိုင့်ရဲ့သူငယ်ချင်းမှာ ထိုသို့ စိတ်မည်းညစ်မရှိတာ နိုင်က သိနေသည်။

''ကံကြမ္မာက လွဲအောင်ဖန်တီးဖို့ နင် မစဉ်းစားစမ်းပါနဲ့။ ငါမကြားရဲဘူး။ နင့်ကိုငါ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး။ ငါ နင့်ကို





သူငယ်ချင်းထက်ပိုပြီး ချစ်တယ်ဆိုတာ နင်သိပါတယ် နိုင်''

အခင်ဆုံးသူငယ်ချင်းဆီက ချစ်စကား ကြိုက်စကားကို မကြားချင်ပေမယ့် ကြားနေရသည့်အတွက် အနေရခက်သည်။

ခပ်သွယ်သွယ်နှင့် ရှည်လျားသော ကိုယ့်လက်ချောင်းတွေကို မမြင်ဖူးသူတစ်ယောက်လို ငေးစိုက်ကြည့်ရင်း သက်ပြင်းချမိသည်။

''မသက်တို့ကော မပါဘူးလား မနိုင်''

တစ်ဖက်ဝိုင်းမှ အသိတစ်ယောက်က မေးသဖြင့် မပါကြောင်း ခေါင်းယမ်းပြလိုက်သည်။ အအေးဘူးလေးကို လှည့်ပတ်ဆော့ကစားရင်း သက်လင်းဆီ အကြည့်ရွှေ့မိသည်။

သက်လင်းက ပညာရေးမှူးရုံးဘက်ဆင်းသည့်လမ်းဘက်ကို ကြည့်ပြီး ဘာတွေစဉ်းစားနေသလဲ မသိ။ ဘာတွေစဉ်းစားနေသလဲ မမေးရက်။

သက်လင်းဘက်က ''နင် ငါ့ကို မချစ်နိုင်ဘူးလား နိုင်ရယ်'' ဟု မကြာခဏမေးတိုင်း –

''ဘာလို့ မချစ်နိုင်ရမှာလဲ''

ဟု နိုင် ပြေတတ်ခဲ့သည်။

''ငါ နင့်ကို 'ငါ့ရဲ့သူငယ်ချင်းတွေထဲမှာ အချစ်ဆုံးပဲ သက်လင်း။ ငါ ဘယ်လိုအချစ်မျိုးနဲ့ ချစ်တယ်ဆိုတာ နင် နားလည်ပါတယ် သက်လင်းရယ်။ ဖို့မချစ်ခြင်းတရားမှာ အမုန်းတရားတွေ လာနိုင်သေးတယ်။ ငါတို့လို သံယောဇဉ်တွေနဲ့ ဖြူဖြူစင်စင် ချစ်ခြင်းတွေမှာ

ဘယ်အမုန်းတရားမှ ဝင်မလာနိုင်ပါဘူး။ ငါတို့ရဲ့ ချစ်ခြင်းတွေက အပြစ်ကင်းတယ်လေ''

ဟု နိုင် ဖြေဖူးသဖြင့် သက်လင်းထံမှ နင် ငါ့ကို မချစ်ဘူးလားဆိုသည့်မေးခွန်းကို မကြားရတော့ပေ။

''ဒါနဲ့ နင် အခု အလုပ်ပြန်ဝင်နေရပြီလား သက်လင်း''

''အင် ... ဒီလကုန်ရင် ဝင်ရပြီ''

''ချင်းပြည်ပဲ ပြန်သွားရမှာလား''

''မဟုတ်ဘူး။ ငါ နင့်ကိုပြောဖို့မေ့နေတာ။ ငါ အခု ရန်ကုန်ဆေးရုံကြီးမှာ ဝင်ရမှာ''

''ဟယ် ... ဟုတ်လား။ ဟဲ့ အဲဒါကောင်းတာပေါ့။ ရန်ကုန်မှာဆိုတော့ နင့်အတွက် တက်လမ်းတွေ အများကြီးရှိမှာ။ နင်တို့ နိုင်ငံခြားသွားဖူးတဲ့အတွက် လူတွေသိပါတယ် ဟယ်။ နိုင်ငံခြားပြန်ရဲ့အရသာ၊ နောက်တစ်ခါသွားရဖို့ကိုပဲ လက်ချိုးရေ မျှော်ကိုးစောင့်နေတာ မဟုတ်လား''

''ဒါပေါ့''

နိုင်ရဲ့ ခပ်ရွှဲရွှဲအမေးကို သက်လင်းက မငြင်းမဆန်ဖြင့် ဒါပေါ့ဟုဆိုရင်း –

''ဒါကြောင့် ငါ နင့်ကို ပြောတာပေါ့နိုင်ရဲ့။ လက်ရှိရာထူးမှာပဲ ကျေနပ်ပျော်ရွှင်မနေနဲ့။ အခုဆို တို့နိုင်ငံက ဒီမိုကရေစီနိုင်ငံနဲ့အညီ လူသားအရင်းအမြစ်တွေ ဖော်ထုတ်နေတဲ့အချိန်။ နိုင်ငံခြားပညာတော်သင်တွေ၊ သမ္မတပညာတော်သင်ဆုတွေ ခဏခဏ ရွေးချယ်စေလွှတ်နေတာ''

''ဒီတော့''

နိုင်က ပြုံးစိစိနှင့် ထောက်ခံတော့ သက်လင်းက စကားစမပြတ်သဖြင့် မျက်စောင်းမထိုးတတ် ထိုးတတ်ဖြင့် –

''ဒီတော့ နင်လည်း သွားဖို့ကြိုးစားစေချင်တာပေါ့။ အားလပ်ချိန်မှာ အင်္ဂလိပ်စာတွေ ပြန်လေ့လာထား။ ဒါနဲ့မှအားမရရင် နာမည်ကြီး အင်္ဂလိပ်စာသင်တန်းတွေတက်၊ အချိန်တွေကို အကျိုးမဲ့မကုန်စေနဲ့ဟာ''

''ငါ့ကို နင်က နိုင်ငံခြားပြန်ဖြစ်စေချင်တယ်ပေါ့ ဟုတ်လား''

''ဖြစ်တော့ ဖြစ်စေချင်ပါတယ်။ ဖြစ်ကိုဖြစ်ရမယ်လို့တော့ ငါ မပြောပါဘူး။ နင်က ငါ့ထက် တော်လျက်သားနဲ့ ဆယ်တန်းရဲ့ အဆုံးအဖြတ်ကြောင့် ဥပဒေပဲရခဲ့တာ၊ ငါ စိတ်မကောင်းဘူး နိုင်''

''တော်စမ်းပါ သက်လင်းရာ။ တစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့အရေးမှာ ဆယ်တန်းစာမေးပွဲတစ်ခုနဲ့ ဆုံးဖြတ်တာမျိုး ငါ သိပ်မုန်းတယ်။ အဲဒီဆယ်တန်းအဆုံးအဖြတ်ကြောင့် ငါ အခု ရှုံးနေတယ်လို့ နင် ထင်နေသလားသက်လင်း''

ဒေါသစိတ်နှင့် မေးလိုက်တော့ သက်လင်းထံမှ အသံမထွက်တော့ပေ။ နိုင် နာနာကြည်းကြည်း ပြုံးမိပါသည်။ သက်လင်းကိုတော့ မဟုတ်ပါ။ ကိုယ့်ဘဝ ကိုယ့်ကံကြမ္မာကိုပါ။




ရွှေပဒေသာစာပေ

တစ်ကျောင်းလုံးမှာ အဆင့်ဝမ်းတူတန်း ဝင်ခဲ့တဲ့ သစ္စာနိုင် ဆိုတဲ့ မိန်းကလေးက ဂုဏ်ထူးတစ်ခုတည်းနှင့်သာ အောင်ခဲ့ပြီး လူမသိ သူမသိ ရွက်ပုန်းသီး သက်လင်းတွင်မူကတော့ ဂုဏ်ထူးသုံး ဘာသာဖြင့် ဆေးတက္ကသိုလ်အမှတ် မီခဲ့သည်။

အားလုံးက ဟာခနဲ ဟင်ခနဲ။ အကြောင်းသိသူ သူငယ်ချင်း တွေကတော့ နိုင့်ကိုသနားမဆုံး။

နိုင် စာမေးပွဲဖြေခါနီးမှာ သမီးကို မထောက်ထားဘဲ အဖေက မယားငယ်ကို အိမ်ပေါ်ခေါ်တင်လာခဲ့သည်။ အမေနှင့်နိုင်ကတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ။ နောက်တော့ အဖေရဲ့ ပညာရှိနည်း နှိပ်စက်မှုတွေ 'မနေချင် ဆင်းသွားကြ' ဆိုသည့်အချိုးတွေ။

နောက်တော့လည်း မကိုခင်မှ ဥကိုမင်သည်ဆိုသော စကား ပုံအတိုင်း အိမ်ပေါ်ကဆင်းပြေးရသည့် နိုင်တို့သားအမိကို အဖေ တစ် ချက်တောင်မခေါ်။ ထိုမျှထိ စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရသည့် အခြေအနေတွင် ထိုစာမေးပွဲ အောင်ခြင်းမှာ အတော့်ကိုကံကောင်း၍ ဟု ဆိုနိုင်သည်။

အတိတ်ဆိုသည်မှာ စဉ်းစားလျှင် စဉ်းစားတိုင်း နာကြည်း စရာ အဟောင်းတို့သည် အသစ်ပြန်ဖြစ်မြဲ ဒဏ်ရာဟောင်းကို ပြန်ဆွ သည့်အခါ ဒဏ်ရာသစ်ထက် ပို၍မခံမရပ် နာကျဉ်ရဆဲ။

"အမှန်အတိုင်းပြောရရင် ငါ ရန်ကုန်မှာ တာဝန်မကျချင်ဘူး။ မန္တလေးမှာပဲ တာဝန်ကျချင်တာ။ အခုက မန္တလေးမှာ မေမေ တစ်





ယောက်တည်း အလုပ်တွေ မနိုင်မနင်းနဲ့ တစ်ဦးတည်းသော သားက အဝေးမှာ"

အတိတ်ဆီ စိတ်ရောက်သွားသော နိုင့်ကို သက်လင်းက စကားလမ်းကြောင်းလွှဲ၍ ပြောသည်။ နိုင်လည်း မေ့နိုင်သမျှ မေ့ထား ခဲ့တာမို့ အထူးတလည် မေ့စရာမလိုတော့ဘဲ -

"ဒါကတော့ ဘယ်တတ်နိုင်မလဲ သက်လင်းရာ၊ နင့်အမေ ကိုယ်တိုင်က နင့်ကို ဝန်ထမ်းတစ်ယောက် ဖြစ်စေချင်တာကိုး။ နင်တို့ သွားတုန်းကဆို ငါ မန္တလေး မကြာခဏ ဆင်းပြီး နင့်အမေ့ကို ကြည့်ပေးပါတယ်"

"မေမေကလည်း ပြောပါတယ်။ နိုင် ခဏခဏ လာကြည့် ပေးတယ်တဲ့။ အဲဒီအတွက် ငါ နင့်ကို ကျေးဇူးတင်တယ် နိုင်"

"ဟဲ့ ... ကျေးဇူးတင်ဖို့လိုလို့လား ကောင်စုတ်ရဲ့"

"ဩော် ... မလိုဘူးလား"

"ကောင်စုတ်"

မသိနားမလည်သူလို မေးလိုက်သဖြင့် နိုင်က မျက်စောင်း ထိုးပစ်တော့ သက်လင်းက သဘောကျစွာရယ်သည်။ နိုင်လည်း မနေနိုင်စွာ ရယ်မိသည်လေ။

တကယ်တော့ သက်လင်းက လူချောလူလှတော့မဟုတ်။ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် တကယ့်အညာသားရုပ်။ နိုင်ငံခြား သုံးနှစ်သွားနေခဲ့လို့လည်း ရုပ်ပြောင်းမလာ။

ဆံပင်တွေကိုတော့ သူထုံးစံအတိုင်း ခေါင်းခွဲကို ပိပိပြားပြား ဖြီးတတ်သည်။ သက်လင်းရဲ့မျက်နှာမှာ အထင်ရှားဆုံးက မျက်ခုံးမည်း မည်းကြီးတွေဖြစ်သည်။ မျက်ခုံးက မည်းလွန်းလို့ ခူယားတက်နေ သလား အောက်မေ့ရသည်။

ပျော်ပျော်နေတတ်သော သက်လင်းရဲ့မျက်ဝန်းတွေထဲတွင် အပြတ်မဲ့ ရယ်ရွှင်မြူးဆိုင်တွေ ရှိနေတတ်၍ မြင်ရသူတိုင်းကို စိတ်ပျော် အောင် လုပ်ဆောင်နိုင်သည်။

ရုပ်ရည်အားဖြင့် သာမန်မျှ ဖြစ်သော်လည်း ယခုဆိုလျှင် နိုင်ငံခြားပြန် ဆရာဝန်တစ်ယောက်အနေနဲ့ သမီးရှင်တွေက စိတ်ဝင်စား ပေလိမ့်မည်။ နိုင်ငံခြားမသွားခင် သာမန်ဆရာဝန်ဘဝနှင့်တောင် အချို့ သော သမီးရှင်တွေက ခပ်သည်းသည်း။ နိုင်နှင့်စေ့စပ်ထားမှန်း သိသိ ကြီးနှင့်တောင် သူတို့သမီးတွေနှင့် သက်လင်းကို နီးစပ်အောင် ဖန်တီး တတ်ကြသည်။

သက်လင်းအမေကိုတော့ ဘယ်ကပ်လို့ရမည်နည်း။ အန်တီ ထားရဲ့အမြင်မှာ နိုင်ကသာ သူ့အတွက် ချွေးမဖြစ်ရမည်ကိုး။ ဒါကြောင့် နိုင်က အီလည်လည်ဖြစ်နေသော သက်လင်းကို –

''တစ်ယောက်လောက် ချိတ်ကြည့်ပါလား။ အပျင်းပြေတာ ပေါ့။ ငါက နင့်ခေါင်းမှာရှိနိုင်တာ မဟုတ်ဘူး''

ဆိုလျှင် မျက်နှာကြီး မည်းတက်လာအောင် ဒေါသဖြစ်ပြီး

''လူများ နှာဘူးများအောက်မေ့နေသလား။ မိန်းမတွေနဲ့





ဝေးနေရရင် မနေတတ်တဲ့သူမဟုတ်ဘူးကွ။ နားလည်လား။ ဒါနဲ့များ ငါနဲ့ နီးနီးနေပေးဖို့တော့ စိတ်မကူးဘူး''

နိုင် ဤမြို့သို့ မပြောင်းရခင် ထရန်စဖာတင်တော့ သက်လင်း က မန္တလေးကိုတင်နိုင်းသည်။ နိုင်ကသာ မန္တလေးကို စိတ်နာ၍ မနေချင်သဖြင့် တခြားမြို့တွေပဲ လျှောက်ခြင်းဖြစ်သည်။

''ငါ ရန်ကုန်မှာ အလုပ်ဝင်ရရင် အခုလို ခဏခဏ လာလို့ မရတော့ဘူးနိုင်ရယ်။ ငါ အဲဒါကို စိတ်ညစ်နေတာ''

နိုင်ငံခြားက ပြန်ရောက်စတွင် ခွင့်ယူလိုက်သေးတာမို့ မကြာ ခဏလိုလို ရောက်လာတတ်တဲ့ သက်လင်း။ နိုင်လည်း သတိတော့ ရနေမှာပါ။ ဒါပေမဲ့ သက်လင်း သတိရသလိုမျိုးတော့ ဟုတ်မယ် မထင်။

လက်ထပ်ဖို့အရေး ဆော်ဩဖို့ ခေတ္တသတိမေ့သွားသည့် အတွက် နိုင် တော်သေးရဲ့ဟု သက်ပြင်းချလိုက်သည်။

ယောက်ျားတို့သည် မိန်းမတို့၏အချစ်ဦး ဖြစ်လိုကြသည်။ မိန်းမတို့ဆန္ဒကား ယောက်ျားတို့ရဲ့နောက်ဆုံးအချစ်ဖြစ်ခံယူလိုကြပေသည်။

Man always want to be a women's first love. What women like is to be a men's last romance.

## အခန်း (၃)

"ဒုန်း ဒုန်း"

"ကိုကိုရေ ကိုကိုရေ"

"ဒေါက် ဒေါက်"

"ကိုကို"

အဝတ်အစားအားလုံးကို သပ်သပ်ရပ်ရပ်ခေါက်ပြီး luggage ထဲ ဘယ်လိုစီထည့်လျှင် ကောင်းမလဲစဥ်းစားနေဆဲ တံခါးကို တဒုန်းဒုန်း၊ တဒိုင်းဒိုင်းလုပ်ရုံနှင့် အားမရ ပါးစပ်ကလည်း အဆက်မပြတ် ခေါ်နေသောကြောင့် ဇင်မင်းထွန်း ပဲ့တွန့် သက်ပြင်းချကာ–

"ဟော့ … လာပြီဟ၊ ဘယ်လို ကလေးမလေးလည်း မသိဘူး"

တကယ့်ကို စိတ်မော လက်မောနှင့် ညည်းညူမိခြင်း ဖြစ်သည်။

"ရှောက်"

တံခါးကို ဖွင့်လိုက်တော့ နောက်ထပ်တံခါးကို ထပ်ထုဖို့ လက်ပြင်နေသော ဝတ်ရည်ချိုက လျှာလေးတစ်လစ်ထုတ်ကာ–

"ကိုကိုကလည်း ဘာလုပ်နေသလဲမသိဘူး၊ ညော် ညော် သိပ်မပြန်ချင်ရှာဘူးပဲနော်"

ဆူပုတ်ပုတ်ပြောနေရာမှ အိပ်ရာပေါ်တွင် ထုတ်ထားသော အဝတ်အစားများနှင့် ထည့်လက်စ luggage ကိုပါ လှမ်းကြည့်ပြီး ခပ်ရွှဲရွှဲပြောလေသည်။

ပြီးတော့ သူ့ကိုတိုးတိုက်၍ အခန်းထဲဝင်သွားသဖြင့် ဇင်မင်းထွန်း စိတ်ညစ်သွားသည်။

ဟိုအရင်တုန်းက –

"လူပျိုအိပ်တဲ့အိပ်ခန်းထဲကို စွပ်ခနဲ စွပ်ခနဲ ဝင်မလာပါနဲ့ ဝတ်ရည်ရယ်၊ မသင့်တော်ပါဘူး"

ဟုပြောလျှင် အာမြဲကြီးနှင့် အော်ငိုကာ –

"သူများအခန်းဆို ဝတ်ရည်က ဝင်စရာလား။ ကိုကို့အခန်းမို့ ဝင်တာ ဘာဖြစ်လဲ။ အရမ်းတွန့်တိုမနေနဲ့၊ ဒီက သိပ်ချစ်နေတာ သိပြီး ကမ်းတက်မလာနဲ့"

ရော်။

ကိုယ့်မှာ ချစ်စကား ကြိုက်စကား လုံးဝမပါအောင် ပြောပေမယ့် သူမက ရအောင်ဆွဲထည့်ပြီး ပြောသွားလေပြီ။ ဖေယ်က ပြောင်းပြန်ဟု ပြောလျှင် စိတ်ဆိုးဦးမည်။

ဝတ်ရည်တစ်ယောက် ဆိုရှယ်ကျသော အသိုင်းအဝိုင်းက မွေးဖွားလာသူမို့လားမသိ အဝတ်အစားဆိုလျှင် အပေါ်မှာ စွပ်ကျယ်လို အင်္ကျီနှင့် အောက်မှာ ဇီးရိုးကွဲတာလို ဘောင်းဘီကိုလည်း ဝတ်ရဲသည်။

သူ့စိမ်းယောကျ်ားရှိနေ၍ အမြင်မတော်ဟုပြောလည်း မကောင်း။ မပြောရဲတာလည်းမရှိ။

"ယောကျ်ားလေးတွေကပဲ ချစ်တယ် ချစ်တယ် ပြောနေတာက ကြားရတာ ရိုးနေပါပြီကိုကိုရာ။ ဒီမိုကရေစီနိုင်ငံမှာ မိန်းကလေးတွေလည်း ယောကျ်ားလေးတွေတန်းတူ နင့်ကိုငါချစ်တယ်လို့ လွတ်လွတ်လပ်လပ် ပြောခွင့်ရှိကိုရှိရမယ်"

"မဟုတ်သေးဘူးလေ ဝတ်ရည်ရယ်။ ဒီမိုကရေစီ ... ဒီမိုကရေစီ နဲ့ ဝတ်ရည် ထအော်နေတဲ့ ဒီမိုကရေစီအကြောင်း ဝတ်ရည် ဘယ်လောက်သိလို့လဲ"

"အို ... ဒါများ ကိုကိုကလဲ၊ ဒီမိုကရေစီနိုင်ငံဆိုတာ ဘာမဆို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိတယ်"

"ဒါ ... ဝတ်ရည်လက်ခံထားတဲ့ ဒီမိုကရေစီလား"

သူ့မေးခွန်းကို ဝတ်ရည်က မဖြေဘဲ ပုံးလေးကို အမေရိကန် ငင်သားတွေရဲ့စတိုင်လ်ကဲ့သို့ လှပစွာ တွန်းလိုက်သည်။

သူ ဝတ်ရည်ကိုကြည့်လိုက်သည်။ အမြဲတမ်း အတိုအပြတ်

အဟိုက်တွေသာ ဝတ်တတ်သော ဝတ်ရည်။ ဆေးရုံကပြန်လာလျှင် ထဘီစကပ်ကို တမမနှင့်။

"အမယ်လေး ပူလိုက်တာ" ညည်းပြီး ပြန်ထွက်လာလျှင် အတိုအပြတ်နှင့်။

"လွတ်လပ်တိုင်းကောင်းတယ်လို့ ဝတ်ရည်က ထင်နေသလား။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဆိုတာကော ဝတ်ရည်ကြားဖူးလား"

"အို ... ဘာလို့မကြားဖူးရမှာလဲ။ ဝတ်ရည်တို့နိုင်ငံပိုင်သတင်း တွေ၊ သတင်းစာတွေထဲမှာ ဖန်တစ်ရာတေလည်း ပါနေလို့ကို အလွတ် ရနေပြီ။ ဟော ... ဝန်ကြီးတွေ၊ လူကြီးတွေလာတော့လည်း ဒီစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီအကြောင်း။ အလွတ်ကျက်ပြီးတော့တောင် ထအော်နေရသလားမှတ်ရတယ်"

ဒီလိုတော့လည်း ဝတ်ရည်က ပြောတတ်သည်။ သို့သော် သူလိုချင်သော အချက်တွေ ဝတ်ရည်ရဲ့စကားထဲ၌မပါ။ ဝတ်ရည်ရဲ့ လေသံထဲ၌ မြန်မာပြည်အပေါ် အထင်ကြီးခြင်းတစ်စက်ကယ်မှမပါ။ ထိုသို့ဖြစ်နေတာကို တွေးချင်သလို တွေး၊ နေချင်သလိုနေကြွာဆိုပြီး သူ ပြစ်မထားချင်ပါ။

"ဝတ်ရည်တို့လို စည်းမဲ့ကမ်းမဲ့ ဝတ်စားပြောဆို၊ ပြုမူနေတဲ့ လူတွေရှိနေလို့ ဝတ်ရည်တို့ သတိမမေ့အောင် ပြောနေတာ နားလည်လား"





"ကိုကိုနော်"

ဝတ်ရည်က မခံမရပ်နိုင်စွာ အော်ပေမယ့် သူ ဆက်ပြောဖြစ်သေးသည်။

"ဝတ်ရည်ဟာ ဘယ်လောက်ပဲ ချမ်းသာသာ၊ ဘယ်လောက်ပဲ ပညာတတ်တတ်၊ ဝတ်ရည်နေတဲ့နိုင်ငံကမြန်မာနိုင်ငံဆိုတာ မမေ့နဲ့။ မြန်မာနိုင်ငံမှာ ကိုယ်ပိုင်ယဉ်ကျေးမှုရှိတယ်။ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုတွေရှိတယ်။ အဲဒီအတွက် ဘယ်နိုင်ငံကယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုကို အတုခိုးစရာမလိုဘူး။ အရိုးပေါ်အရွက်ဖုံးစရာ မလိုဘူး။ အရိုးဟာအရိုး။ အရွက်ဟာအရွက် အသိသာကြီးပါ"

"အဲဒါ အခု ဝတ်ရည်ပြောနေတာနဲ့ ဘာဆိုင်လို့လဲ ကိုကိုရာ"

သူ့ရဲ့လက်မောင်းကို မကျေမနပ် ဆွဲခါယမ်း၍ ဝတ်ရည် အော်တော့ သူမှာ စိတ်တောင်အတော်ညစ်သွားရသည်။

သူမဟာ ကိုယ့်ထက် အသက် (၈) နှစ်လောက် ငယ်ရုံနှင့် သူက ခေတ်နှင့် အရမ်းကြီး မျက်ခြေပြတ်သွားတာမဟုတ်ပါ။ သူလည်း ခေတ်အမြင်ရှိသည့် ယောကျ်ားတစ်ယောက်ပါ။ သူနှင့် လက်ထပ်မည့် မိန်းကလေးက သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေကိုသာ ခုံမင်နေသည့်သူ၊ အိမ်ထောင်ကျသည့်အခါ အရာရှိတစ်ယောက်ရဲ့ ဇနီး တစ်ယောက်အနေနှင့် သူမ ပွဲလယ်တင့်အောင် မည်သို့ နေထိုင်မည်နည်း။

သူမရဲ့မိဘတွေလည်းဖြစ်၊ ကိုယ့်ရဲ့ မွေးစားမိဘတွေလည်း ဖြစ်သည့် ဖေဖေနှင့်မေမေကတော့ –

''သားညီမလေးကို သားလက်ထဲပဲ အပ်လိုက်ပြီ။ အမြင်မတော်တာ သားပဲဆုံးမကွယ်''

ဆိုပြီး သူတို့ပြောမနိုင်၊ ဆိုမနိုင်သည့် သမီးကိုယ်က ဇနီးလောင်းတစ်ယောက်ရလိုက်တာနှင့် မတူဘဲ ကလေးထိန်းဖို့ ပါမစ်ပေး ခံလိုက်ရသူနှယ် ခံစားလိုက်ရသည်။

''မိန်းကလေးဘက်က ရည်းစားစကားစပြောတာ ကောင်းတယ်လို့ ဝတ်ရည်ထင်နေသလား။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာမှာ အားလုံးလက်ခံထားတဲ့ ဟီရိဩတ္တပ္ပဆိုတဲ့ တရားရှိတယ်။ တိတိကျကျပြောရရင် အရှက်အကြောက်တရားပဲ။ မိန်းကလေးဘက်က ရည်းစားစကား စပြောတယ်ဆိုတာ အရင်ကလည်းမရှိဘူး။ ဒီအခုလည်း မရှိဘူး။ နောင်လည်း ရှိမှာမဟုတ်ဘူး''

''အခု ဝတ်ရည်ရှိတယ်ဆိုရင်ကော ကိုကို''

ဝတ်ရည်က သူ့ရင်ခွင်ထဲတိုးဝင်ကာ မေးလေသည်။ သူ့လက်တွေကို ဆုပ်ကိုင်ကာ သူ့အဖြေကို ငံ့လင့်နေသော ဝတ်ရည်ကို သူတစ်ချက်ငုံ့ကြည့်သည်။

မျက်တောင်စင်းချ၍ စိုလဲ့သောနှုတ်ခမ်းနှင့် တိုးကပ်လာသော မျက်နှာဆီမှ အကြည့်လွှဲကာ ဝတ်ရည် ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို ထပ်ကိုင်ဖယ်ချပစ်ကာ –

''အဲဒီလိုဆိုရင်တော့ ဝတ်ရည်က ကိုယ်အထင်ကြီးတဲ့မိန်းမ တစ်ယောက်မဟုတ်ဘူး။ အဲဒီလို မိန်းကလေး ကိုယ်အထင်မကြီးဘူး''





''ကိုကိုဟာ သိပ်အတ္တကြီးတဲ့လူပဲ''

ဝတ်ရည် သူ့ကို အဆက်မပြတ်ထုရိုက်ပြီး ငိုရှိုက်ပြောသော အခါ သူ မွေးစားမိဘတွေရဲ့မျက်နှာကို မြင်ယောင်ပေမယ့် မချော့မိအောင် ကြိုးစားလိုက်သည်။

ဘဝဟာ နစ်သထက် နစ်ခဲ့ပြီပြီ၊ သိပ်မနစ်ခင်တုန်းက ကယ်ဖို့ ကြိုးစားတဲ့ မဏိမေခလာနတ်သမီးတစ်ပါးလည်း ရှိခဲ့ဖူးသည်။ ကိုယ်တိုင်က ဒီဝဲကယက်ကနေ ရုန်းထွက်ခွင့်မရှိခဲ့သဖြင့် ကမ်းလင့်လာသော လက်ကို ခေါင်းခါခဲ့ရသည်။ အသည်းနှလုံးသည် ကြေကွဲ အတိ။ ဟော သမုဒ္ဒရာအလယ်သို့ ရောက်တော့ ကိုယ်ဟာ စုန်စုန်းကို နစ်တော့သည်။

ကိုယ်လက်ထပ်ရမည့်မိန်းကလေးဟာ ဝတ်ရည်ကလွဲ၍ ဘယ်မိန်းကလေးမှ ဖြစ်လာလိမ့်မည် မဟုတ်ပေ။ ချစ်တာ မချစ်တာ အပထား ကျွေးကျေးမွေးနှင့် ပညာသင်ပေးခဲ့သူတို့ရဲ့ ကျေးဇူးအားဖြင့် ဖင်မင်းထွန်းဆိုသည့်သူသည် ဝတ်ရည်ရဲ့မိဘတွေအတွက် သားသမက် မှလွဲ၍ အခြားရွေးချယ်ခွင့်မရှိ။ ဒါဟာ ထာဝရ မှန်နေရသောအမှန်တရား။ ဟော ...အခုလည်း စွတ်ရွတ်ပြီး အခန်းထဲဝင်လာပြီ။ ဘဲခါးဝမှ မစွာဖြစ်ဘဲ –

''ကိုကို တာဝန်ကျတဲ့မြို့မှာ သတင်းပို့ရဦးမယ်လေ ဝတ်ရည်။ ခွင့်က ဆယ်ရက်ပဲရတာ၊ အခုတင်ရှစ်ရက်ရှိနေပြီ။ မနက်ဖြန်တော့ ပြန်ကိုပြန်မှရမှာ။ သတင်းမပို့ခင် စောရောက်တော့ ကောင်းတာပေါ့။

ကိုကိုက လူကြီးတစ်ယောက်ဖြစ်နေပြီး နောက်ကျမှ သတင်းပို့တယ်ဆိုရင် ကိုကိုရဲ့အထက်လူကြီးကို ဘယ်လိုမျက်နှာပြရမလဲ။ လက်အောက်ဝန်ထမ်းတွေက ဘယ်လိုမြင်မလဲ''

''အမယ်လေး သိပါပြီ၊ ကိုကို ခုမှစရိယာရယ်။ တကတဲ သူများက တစ်ခွန်းပြောရင် သူ့မှာ တရားဟောလို့ကို မပြီးနိုင်တော့ဘူး။ ဝတ်ရည် အဝတ်ထည့်ပေးမယ်နော်''

''နေ နေ ဝတ်ရည်''

ခုတင်ပေါ်တက်ထိုင်လိုက်သော ဝတ်ရည်ရဲ့လက်ကို လျင်မြန်စွာ ဆွဲလိုက်သည်။

သူက လူတစ်မျိုး။ ကိုယ့်အဝတ်အစား ကိုယ့်ဘာသာ ထည့်ရတာကိုပဲ စိတ်တိုင်းကျကာ ဘယ်နေရာမှာ ဘာပစ္စည်းထားရမလဲ သိသည်။

''ကိုကို ဝတ်ရည်ကို စောင့်နေတာ ထမင်းမစားသေးဘဲလေ''

''ဩော် … ဟုတ်တယ်၊ ကိုကို့အခန်းဝင်လာတာနဲ့ ဝတ်ရည်မေ့သွားတယ်။ ဝတ်ရည် ညနေ child ward မှာ ဂျူတီဝင်ရဦးမှာ ကိုကိုရဲ့''

တော်သေးရဲ့။ ဝတ်ရည် တံခါးကထွက်တော့ သူလည်း တံခါးကို အသာဖွင့်ပြီး ဝတ်ရည်နောက်ကနေ အောက်ထပ်သို့ ဆင်းလာခဲ့သည်။





ဝတ်ရည်သည် ဆရာဝန်လောင်းမိန်းကလေးဖြစ်သော်လည်း ဆရာဝန်ထက် မော်ဒယ်တစ်ယောက်လုပ်ဖို့ ပိုကောင်းသည်။ အလှအပကို အရမ်းဂရုစိုက်သည်။ ဝိတ်မတက်အောင် အစားရှောင်ပြီး Gym ကစားသည်။ အဝတ်အစားဆိုလျှင် အများတကာထဲတွင် ပေါ်လွင်သော အဝတ်အစားသာ ဝတ်တတ်သည်။

သူ့အတွက်ကတော့ ဝတ်ရည်သည် ညီမလေးတစ်ယောက်။ ငယ်ငယ်ကလေးတည်းက ကိုယ့်လက်ပေါ်မှာ ကြီးလာသော ညီမလေးကို ချစ်သည့်အချစ်ထက် ပိုမှုမရှိ။

''ဟော … သားဆင်းလာတာနဲ့ အတော်ပဲ''

ဝတ်ရည်က ထမင်းစားခန်းထဲသို့ တောက်လျှောက်ဝင်သွားသည်။ သူက အပေါ်ထပ်မှာ ဝတ်ရည်နှင့် နှစ်ယောက်တည်းရှိနေသည့် အဖြစ်ကို စိတ်ကျဉ်းကျပ်၍ ဆင်းလာခြင်းဖြစ်ရာ ဖေဖေက အတော်ပဲဆိုသလို သူ့အတွက်လည်း အတော်ပဲ ဖြစ်သွားသည်။

''ဖေဖေ ဘာပြောမလို့လဲ''

''သား ပြန်ဖို့ စီစဉ်ထားတာ ဘာလိုသေးလဲ''

''ဘာမှမလိုပါဘူး ဖေဖေ။ မနက်ဖြန်ညကားနဲ့ အားလုံးစီစဉ်ထားပါတယ်''

''အဲဒါပဲပြောမလို့ သားရေ၊ မင်း ကားယူသွားဖို့တဲ့ မင်းမေမေက''

''ဟာဗျာ … ဘယ်လိုဖြစ်မှာလဲ ဖေဖေရဲ့။ သားက ဝန်ထမ်း

လေး၊ ဟိုမှာ သားအထက်ကလူကြီးတွေ အများကြီး။ ပြည်နယ်မှူးတွေ၊ ခရိုင်မှူးတွေနဲ့ သားက အခုမှ နိုးရိုး ဒုအရာရှိပဲရှိသေးတာ။ ကားယူသွားလို့ကတော့ အမြင်ကတ်ပုဒ်မ မိသွားမှာပေါ့"

"အေးလေ ... ဒါလည်း ဟုတ်တာပဲ မဖိရ"

ဖေဖေက ဆေးတံကြီးကို တဒေါက်ဒေါက်မြည်အောင် ခေါက်ပြီး လှမ်းပြောတော့ မေမေက ဘယ်ဆီမှန်းမသိ မျက်စောင်းထိုးသည်။

"အဲဒါကြောင့် မေမေ ပြောတာပေါ့။ သားမှာလည်း ထိုက်သင့်တဲ့ရာထူးလေးရှိနေပြီ၊ အပြင်းစားယူပြီး မေမေတို့အငြိမ်မှာ ဦးစီးပါဆိုတော့ မင်းက ပြောမရ။ အခုဆို မင်းကတစ်နေရာ၊ ဖေဖေတို့က တစ်နေရာနဲ့ အရေးရယ်အကြောင်းရယ်များဆို ဘယ်လောက်ခက်လိုက်သလဲ"

မေမေ့ရဲ့စကားကို သူ ဘာမှမပြောဘဲ ပြုံးရုံသာနေလိုက်သည်။ ဤစကားတွေက သူ ရန်ကုန်သို့ရောက်တိုင်း မေမေပြောနေကျစကားတွေ။ ဘယ်တုန်းကမှ ထွက်မယ်၊ မထွက်မယ် မပြောဘဲ ငြိမ်လာတဲ့သူ့အဖြစ်ကို မေမေက သိနေသည့်ပုံစံနှင့် စပြောတုန်းကလိုတော့ အတင်းအဓမ္မ မပြောတော့ပေ။

သူကတော့ ခင်တွယ်မက်မောစရာဆိုတာ ဤအလုပ်ပဲရှိလေရာ။

❁



**သင်၏အတွင်းစိတ်ဓာတ်နှင့် သင်၏ပိုက်ဆံအိတ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆုံးအထိ မမြင်ပါစေနဲ့။**

Never let any one see the bottom of your purse or your mind.

# အခန်း (၄)

"မမသက်ရေ အုံ့ညြစရာကြီးနော်"

"ဘာလဲ နိုင်ရဲ့"

ဘာမှမပြောသေးဘဲ အုံ့ညြစရာကြီးနော်ဟု နိုင်က အစမရှိ အဆုံးမရှိ ပြောသဖြင့် မမသက်က နားမလည်သလိုနှင့် မေးသည်။ နိုင်ကတော့ ဘာဆိုတာကို မရှင်းပြဖြစ်ဘဲ တစ်ဖက်ခြံဆီသို့သာ အကြည့်ရောက်နေသည်။

မော်မော်ခင်ရဲ့အစ်မ မဇော်တို့ရုံးက ထရန်စဖာတွေကျနေပြီ ဖြစ်သော်လည်း မဇော်တစ်ယောက် ထရန်စဖာထဲ မပါချေ။ ယခု မဇော်တို့မိသားစုက ပစ္စည်းတွေကို ကားတွေပေါ်တင်ရင်း ဈေးရာမှ ပြောင်းဖို့ စီစဉ်နေကြသည်။

မော်မော်ကသာ ပါပါရာဇီလို့အပြောမတတ်ပေမယ့် မဇော် ကတော့ ခင်ဖို့ကောင်းသည်။ မဇော်က မြေစာရင်းက ဝန်ထမ်းဖြစ်ပြီး





သူ့အမျိုးသားကိုကျော်နိုင်က လောက်ကိုင်နှင့်လားရှိုး ကားမောင်း သည်။

မော်မော်ခင်ကလွဲလျှင် သူတို့အိမ်ရှိနေ၍လည်း နိုင်တို့အပေါ် ညည်သည့်စိတ်အနှောင့်အယှက်မှ မရှိစေခဲ့ပေ။ ထို့ပြင် နိုင်တို့နှစ်ယောက် လုံးက မိန်းမသားတွေဆိုတော့ နောက်ထပ် ပြောင်းလာမည့်လူသစ် တွေကောင်းမလား၊ ဆိုးမလားမပြောနိုင်။

တစ်နှစ်ကျော်အတူနေလာ သည့် သံယောဇဉ်ကြောင့်လည်း နိုင် စိတ်မကောင်း။

"ဟယ် ... မဇော်တို့က ပြန်းဒိုင်းကြီးပါလား။ ဘယ်ပြောင်း ကြမလို့ပါလိမ့်"

မမသက်ရဲ့မေးခွန်းကို မဖြေဘဲ ပြတင်းပေါက်မှတစ်ဆင့် တစ်ဖက်ခြံသို့သာ သည်းကြီးမည်းကြီး ကြည့်နေသဖြင့် မမသက် သည်း ဘာကြည့်နေတာလဲဟု စိတ်ဝင်စားသွားကာ လာကြည့်တော့မှ ထိုသို့ ရွှေ့တော်နေခြင်းဖြစ်သည်။

နောက်တော့ နံရံမှာ ချိတ်ထားသော အဝတ်ဦးထုပ်ကလေး ခေါင်းပေါ်တင်၍ –

"သွားမေးလိုက်ဦးမယ်၊ လိုက်မလား နိုင်"

"မလိုက်တော့ပါဘူး မမသက်ရဲ့။ နိုင် အဝတ်တွေ မီးပူတိုက် စရာတွေ ရှိသေးတယ်"

မမသက်က ... ခပ်ဝဝနှင့် ထောင်ထောင်မောင်းမောင်း

ဖြစ်သည်။ ရုပ်ရည်ဆိုးသည့်ထဲ မပါသော်လည်း မည်သူကိုမှ စိတ်မဝင်စားသဲ့ အပျိုကြီးလုပ်နေသူဖြစ်သည်။

ဒါကို နွဲ့နွဲ့သီက –

"မမသက်နဲ့ ခင်လာတာကြာပြီ၊ မေးကြည့်မယ် မေးကြည့်မယ်နဲ့ တစ်ခါမှကို မမေးဖြစ်ဘူး"

"ဘာလဲ နွဲ့သီရဲ့"

"ဩော် . . . အပျိုကြီး ဘာကြောင့်လုပ်သလဲ သိချင်လို့ပါ။ ဒါနဲ့ မမသက် ယောက်ျားတွေကိုမုန်းလား"

"ဟဲ့ . . . အသားလွတ် ငါက သူတို့ကိုမုန်းစရာလား"

"ရည်းစားဦးနဲ့ကော ကွဲဖူးသလား"

"ဟဲ့ နွဲ့သီ . . . ဘာတွေမေးနေတာလဲ၊ အတွင်းရေးတွေပါကုန်ပြီ။ ဒါပေမဲ့ ရှင်တို့သိအောင်တော့ ဖြေလိုက်မယ်။ ကျုပ်ဘဝမှာ ရည်းစားထားဖို့ အချိန်မပေးနိုင်ခဲ့သလို စိတ်ကူးလည်း မယဉ်ဖူးပါဘူး"

"ဒါဆို မမသက်က အပျိုကြီးလုပ်ချင်လို့လုပ်တာပေါ့ ဟုတ်လား"

"ဒါပေါ့"

"ဟင် . . . ဒါဆိုရင်တော့ မဟုတ်သေးပါဘူး။ မမသက်ကို ဟိုအောက်ရုံးက အစ်ကိုကြီးကံထူက ပိုးပန်းတယ် မဟုတ်လား။ မမသက် မှုနေပြီတော့များ"

"ဟဲ့ . . . ဒီကောင်မလေး"





မမသက်က မျက်နှာနီရဲရဲဖြင့် ရှက်ကိုးရှက်ကန်း ရယ်ကာ နွဲ့သီကို တဖတ်ဖတ်နှင့် လှမ်းရိုက်သည်။ နောက်တော့ –

"အဲဒီမိန်းတို့ကလေ သူ့ဘာသာ ပျင်းတိုင်း အေးအေးဆေးဆေး မနေဘူး။ ကျုပ်ကို တစ်ခုမဟုတ် တစ်ခု ထိခိုက်ပြောလိုက်ရမှ ကျေနပ်တယ်။ ထစ်ခနဲရှိ အပျိုကြီး။ ထစ်ခနဲရှိ အပျိုကြီးနဲ့ ကောင်မလေး ဝင့်လည်မယ်နော်"

"နွဲ့တို့က မမသက်လို အပျိုကြီးလုပ်မှာလို့ သန္နိဋ္ဌာန်မချထားပါဘူးနော်"

နွဲ့နွဲ့သီရဲ့စကားကြောင့် မမသက်က မျက်စောင်းခပ်ပြင်းပြင်း ထိုးလိုက်သည်။

မမသက် ဟိုဘက်အိမ်ကိုရောက်သွားတာမြင်မှ နိုင် ပြတင်း ပေါက်ကခွာလိုက်သည်။ တစ်ဆက်တည်း ဖုန်းမြည်သံကိုပါ ကြားလိုက်ရသည်။

"ဒါဟာ အချစ်စစ်မှန်လို့ ကိုယ်ထင်ပေမယ့်"

ဖုန်းကိုကောက်ကိုင်လိုက်တော့ သက်လင်းထံမှဖြစ်သည်။ မနေ့က သက်လင်း မန္တလေးကိုပြန်သည်။ ရုံးဖွင့်ရက်မို့ နိုင် ကားဂိတ် ကို လိုက်မပို့နိုင်ခဲ့ပေ။

"ဟယ်လို . . . ရောက်နေပြီမဟုတ်လား သက်လင်း"

"အေး . . . အိမ်ကိုရောက်ပြီး နားတုန်း နင်စိတ်ပူနေမှာစိုးလို့ ဖုန်းလှမ်းဆက်တာ"

တစ်နေ့ကို အနည်းဆုံး ဖုန်းတစ်ခေါက်မဆက်ရလျှင် အိပ်မပျော်သော သက်လင်းရဲ့အကြောင်းကို သိနေသဖြင့် နိုင် တွန့်ဆုတ်နေမှုကို ... ရင်ခက်မယ်ဆိုသည့်ဟန်။

"စိတ်ပူစရာလား။ နိုင်ငံခြားလိုနေရာမှာတောင် နှစ်နဲ့ချီပြီး သွားလာနေတဲ့သူကို ငါက စိတ်မပူပါဘူး။ မနေ့က လိုက်မပို့ဖြစ်တဲ့ အတွက် ဆောရီးပဲ"

"ရပါတယ်၊ ငါ နားလည်ပါတယ်။ ဪ ... ငါ ဖုန်းဆက်တာ အရေးကြီးလို့"

"ဘာလဲ"

"ငါတည်းတဲ့အိမ်မှာ နင်ဝယ်ပေးတဲ့ဂျာကင် ကျန်ခဲ့တယ်။ အဲဒါ သွားယူပြီး သိမ်းထားပေးစမ်းပါ"

"အမယ်လေး ... ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ သက်လင်းရယ်။ ဂျာကင်အဟောင်းကျန်ခဲ့တာများ ဘာဖြစ်လဲ"

"ဘယ်လောက်ဟောင်းဟောင်း နင်ဝယ်ပေးတဲ့ ဂျာကင်မို့ ငါ မစွန့်နိုင်ဘူးလေ ချစ်လေးရဲ့"

"ဘာချစ်လေးလဲ သေနာလေးရဲ့"

အဲဒီသက်လင်းထွင့်က လူချင်းတွေ့လျှင် အင်မတန်မှ ငြိမ်သလောက် ဖုန်းနှင့်ပြောလျှင် ရှူးရှူးပေါ်ပေါ် သိပ်ပြောတတ်သည်။

တစ်ခါတလေ သူ့ကိုယ်သူ မောင်လို့ သုံးလိုသုံး၊ ကိုယ်လို့ ပြောလိုပြောနှင့် နိုင်က ဟားတိုက်ရယ်လျှင် –





"နင်ကလည်း ဖုန်းထဲမှာ ငါစိတ်ကျေနပ်အောင် ခေါ်စမ်းပါ နော်"

လို့ ဂျီကျတတ်သေးသည်။ နိုင်က ခေါ်စရာလားလို့ ဟောက်လိုက်လျှင် ငြိမ်သွားသည်။ ဘာပဲဖြစ်ဖြစ် သက်လင်း နိုင့်ကို ချစ်သူလို ချစ်ပေမယ့် ပူပူလောင်လောင် အမွှအချစ်မျိုးမဟုတ်၍ တော်သေးသည်။

မဟုတ်လို့ တတွတ်တွတ်အပြောတောင်းနေလျှင်တော့ နိုင် စိတ်ညစ်လို့ စေ့စပ်ပွဲပျက်တာ ကြာလောက်ပြီ။ သို့သော် နိုင့်အပေါ် သူငယ်ချင်းလို၊ အစ်ကိုလို၊ မောင်လိုကောင်းသော သက်လင်းအပေါ် နိုင် ပစ်ပစ်ခါခါ မလုပ်ရက်ပေ။ စေ့စပ်ပွဲ၊ မင်္ဂလာပွဲကိုတော့ ရွှေ့တိုးမခံ။ ဟိုအကြောင်းပြ ဒီအကြောင်းပြရုံကလွဲလို့ပေါ့။

"အေး ... ဒါပဲလား။ ငါ ဖုန်းချလိုက်တော့မယ်။ အန်တီ့ကိုလည်း သတိရတယ်လို့ ပြောပေးဦး"

"အမေရေ ... အမေ့ချွေးမက အမေ့ကို လွမ်းလို့တဲ့များ"

"ဟဲ့"

ကောင်း သက်လင်းရဲ့အနားမှာ သူ့အမေ အန်တီဝေရှိနေပုံရသည်။ သက်လင်းရဲ့ အာမြိုက်ကြီးနှင့် လှမ်းအော်သံကြောင့် နိုင် ရှက်ရှက်နှင့် ဖုန်းကိုဆောင့်ချလိုက်သည်။ နှုတ်ခမ်းထက်၌ ပြုံးရိပ်တို့ကတော့ မပျောက်ပျက်ပါ။

ဖုန်းချပြီးတော့ အိပ်ခန်းထဲဝင်လာခဲ့သည်။ နိုင်တို့ငှားနေသည့်

အိမ်က သမံတလင်းခင်း ပျဉ်ထောင်အိမ်ဖြစ်သည်။ သမံတလင်းပေါ်မှာ ဖယောင်းပုဆိုးခင်းပြီး ထိုပေါ်မှာ ရွှေအောင် ဖျာပြားတွေ ခင်းထားသည်။

အိမ်ရာပေါ်က စောင်တစ်ထည်ကိုယူပြီး နှစ်ခေါက်ခေါက်ကာ ဖျာပြားပေါ်မှာခင်းပြီး အဝတ်တွေဘေးမှာပုံကာ မီးပူတိုက်ဖို့ပြင်သည်။

တစ်ပတ်စာ အဝတ်အစားမို့ များသလိုတော့ ထင်ရသည်။ ပြောင်းပြန်ဖြစ်နေသော အဝတ်အစားတွေကို အတည့်ပြန်လှန်လိုက်သည်။ ခေါင်းရင်းမှာတင်ထားသော ရေဒီယိုကိုဖွင့်လိုက်တော့ သီချင်းကောင်းကဏ္ဍ ဖြစ်သည်။

သီချင်းလေး ညည်းလိုက် မီးပူတိုက်လိုက်နှင့် စိတ်အေးလက်အေးရှိနေစဉ် –

"ဟိတ်"

"အမယ်လေး"

ကိုယ့်အာရုံနှင့်ကိုယ်ဆိုတော့ ပတ်ဝန်းကျင်ကို မေ့လျော့နေခဲ့သည်။ မမသက်က အနောက်ကနေ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ဟိတ်ခနဲခြောက်တော့ ထိတ်ခနဲ တုန်သွားသည်။

"အာ ... မမသက် မကောင်းဘူးကွာ။ လူကိုတုန်သွားတာပဲ"

"ဟယ် ... တကယ်လန့်သွားတာလား။ ဆောရီးကွယ် ... ဆောရီး"

မမသက်က နိုင် တကယ်လန့်သွားသဖြင့် ဆောရီးလုပ်ကာ





ဘေးမှာ ကပ်ထိုင်လိုက်သည်။ နေ့လယ်စာစားပြီးပြီမို့ စားရေးသောက်ရေး ငြိမ်းကာ အချိန်တွေအားလပ်နေသလို ဖြစ်နေသည်။

"မဇော်တို့က ဖျူဟာလမ်းဘက် ပြောင်းကြမှာတဲ့"

"ဘာဖြစ်လို့လဲနော်၊ ဒီမှာတောင် ရုံးနဲ့ပိုနီးတာကို မဇော်က သည်း"

"အဲဒါတော့ ကျွပ်လည်း မသိပေါင်။ တစ်ခုတော့ပြောလိုက်ပါတယ်။ မဇော်ရေ နင်တို့အိမ်ကိုလာငှားမယ့်သူတွေကတော့ ဇရက်သုတ်ခတွေ မဖြစ်စေနဲ့လို့"

"အို မမသက်ကလည်း သူတို့လည်းပိုင်တာ မဟုတ်ဘဲ အဲဒီလို သွားပြောတယ် ဟုတ်လား"

"သူတို့မပိုင်ပေမယ့် အိမ်ရှင်က ဒီကမဟုတ်ဘူး။ မဇော်သူငယ်ချင်း။ သူ့ကိုပဲ အပ်ထားတာလေ"

"သြော် အဲဒီလိုလား"

မမသက်က ရှင်းပြတော့လည်း နိုင် သဘောပေါက်သွားသည်။ နောက်တော့ ပြောစရာမရှိသလိုနှင့် မီးပူတိုက်နေချိန် မမသက်က နိုင့်ရဲ့ခုတင်ပေါ် လှဲပြီး ဂိမ်းဆော့နေသည်။

As long as I have a want, I have reason for living. Satisfaction is death.

**Bernard Shaw**

လိုချင်တောင့်တတဲ့ဆန္ဒတစ်ခုရှိနေသမျှ ကျွန်တော် အသက် ရှင်နေရတာ အဓိပ္ပာယ်ရှိပါသည်။ ကျေနပ် ရောင့်ရဲမှုဟာ သေဆုံးခြင်းနဲ့ တူပါသည်။

# အခန်း (၅)

ကားဂိတ်ထဲကို ရန်ကုန်ကားဆိုက်တော့ မနက် (၆) နာရီခွဲ။ မိုးရာသီမို့ ကောင်းကင်ထက်၌ မိုးမရွာသော်လည်း တိမ်မည်းတိမ်လိပ်တွေနှင့် ပတ်ဝန်းကျင်တွေ မြူခိုးတွေရစ်ဆိုင်းနေသည်။

တော်သေးရဲ့၊ မန္တလေးကနေ ပြင်ဦးလွင်သို့ အတက် အချမ်းဓာတ်က သိသိသာသာ ဝင်ရောက်လာသဖြင့် အနွေးထည်တစ်ထည်ကို ယူဝတ်လိုက်သည်။

ရှမ်းပြည်တက်လည်း တစ်ခါမှ တာဝန်မကျဖူးသဖြင့် မြင်တွေ့ရသမျှ မြင်ကွင်းတွေက သူ့အတွက် အထူးအဆန်းဖြစ်နေသည်။

မြေပြန့်ဒေသမှာပဲ မွေး၊ မြေပြန့်မှာပဲ ကြီးခဲ့ရသည့် မြေပြန့်သားသူက မန္တလေးတက္ကသိုလ်မှာ တက်တုန်းကတောင် ပြင်ဦးလွင်သို့ တက်လည်ဖို့ စိတ်ကူးမရှိခဲ့။ သို့သော် နောက်ဆုံးနှစ်တစ်ခါတော့ ပြင်ဦးလွင်သို့ ရောက်ဖူးခဲ့သည်။ ဒါကလည်း အပျော်ခရီးသက်သက်

တော့မဟုတ်တဲ့ သူတို့ ဘူမိဗေဒကျောင်းသားတွေ field ဆင်းရတုန်း က ဖြစ်သည်။

ရှမ်းပြည်သို့ဝင်ပြီဆိုကတည်းက အကွေ့အကောက် အတက် တွေကများလာသည်။ လုပ်စားနေကျ ကားသမားများအဖို့ အေးဆေး ဖြစ်နေသည်။

ကားပြတင်းမှန်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်တော့ စိမ်းစိုအုံ့မှိုင်းသော သစ်တောသစ်ပင်ကြီးများ၊ မြူနှင်းများ၊ မှိုင်းညို့ညို့ တောင်တန်းကြီးများက စာရေးဆရာတွေ၊ တေးရေးဆရာတွေ ဖွဲ့နွဲ့ သော ရှမ်းပြည်ရဲ့အလှတရားဖြစ်လေသည်။

''လားရှိုးမြို့မှ ကြိုဆိုပါသည်'' ဆိုသည့် ဆိုင်းဘုတ်ကိုမြင် တော့လူက အသင့်အနေအထားဖြစ်သွားသည်။

မနေ့က လားရှိုးကို ဖုန်းလှမ်းဆက်တော့ ရုံးက စာရေး တစ်ယောက် လာကြိုလိမ့်မည်ဟု ဦးစီးမှူးရဲ့စကားကြောင့် ကားပေါ် မှဆင်းလျှင် လာကြိုသူမရှိ ဖြစ်ရမှာကို တွေးမပူပါ။

ကားကြီးကွင်းထဲ ကားဆိုက်တော့ ခရီးသည်တွေ အလျှိုလျှို ဆင်းကြသည်။ ကားဝမ်းဗိုက်ထဲမှာ ယူစရာပစ္စည်းဆိုလို့ အဝတ်အစား luggage နှစ်လုံးသာပါသဖြင့် သိပ်စိတ်မပူရချေ။ နောက်ဆုံးမှ ဆင်း တော့ အားလုံးက ပစ္စည်းတွေယူပြီးနေပြီ၊ ကိုယ့်ပစ္စည်းကိုရှာစရာ မလိုဘဲ အဆင်သင့်ယူရုံပဲဖြစ်သည်။

ခါးမှဖုန်းမြည်သံကြောင့် ယူကြည့်လိုက်တော့ မသိသော





ဖုန်းနံပါတ် ဖြစ်သည်။

''ဟယ်လို အမိန့်ရှိပါခင်ဗျာ''

''ဆရာ . . . ကျွန်တော်ရောက်နေပါပြီ။ ဆရာ ရွှေလားရှိုးနဲ့ လာတာနော်''

မေးခွန်းကြောင့် မဖြေဖြစ်သေးဘဲ ဖုန်းကို နားနားမှာ ကပ် ထားရင်း ဟိုဟိုဒီဒီ လှမ်းကြည့်တော့ သူ့ဆီသို့ လျှောက်လာသော လူတစ်ယောက်ကိုတွေ့ရသည်။

ဦးစီးမှူးလွှတ်လိုက်သော စာရေးလေးဖြစ်ရမည်။ ဖုန်းကို ပိတ်ပြီး –

''ကျွန်တော့်ကို လာကြိုတာ''

''ဟုတ်ပါတယ် ဆရာ။ ကားက ဒီနေ့ နည်းနည်းစောတော့ ကျွန်တော် နောက်ကျသွားတယ် ဆရာ''

''နောက်မကျပါဘူး ရပါတယ်။ ကားကလည်း အခုမှ ဆိုက် တာပါ''

ကောင်လေးဟုပင် သုံးရမည်ထင်သည်။ ထိုကောင်လေးက သူ့ထက်ဆယ်နှစ်လောက်ငယ်သောကြောင့်ဖြစ်သည်။ ကောင်လေး သည် အဝတ်အစားထည့်သည့် luggage နှစ်လုံးကို တစ်ပြိုင်နက် တည်း မဆွဲသဖြင့် –

''တစ်လုံးပဲ သယ်ပါ၊ ကျန်တာ ကိုယ်သယ်ပါ့မယ်''

''ရပါတယ် ဆရာရဲ့''

ကားပေါ်ရောက်တော့ ကောင်လေးက ကားကို ကျင်လည်စွာ မောင်းလိုက်သည်။

"ကားဂိတ်က ဖွင့်တာမကြာသေးဘူးဆို"

သစ်သစ်လွင်လွင်ရှိနေသော ကားကြီးကွင်းကို လှည့်ကြည့်ရင်းမေးတော့ -

"ဟုတ်ပါတယ် ဆရာ။ ဒီသုံးလပိုင်းကမှ ဖွင့်တာပါ။ ကားကြီးကွင်းအဟောင်းကတော့ မန္တလေးဘက်မှာပါ။ ဒီမြို့ပြင်မှာ ဖွင့်လိုက်တော့ မြို့ထဲ ကားအသွားအလာ နည်းနည်းရှင်းသွားတာပေါ့ဗျာ"

"မောင်ရင့်နာမည်က"

"ကျွန်တော့်နာမည် ရဲနောင်ပါ ဆရာ။ ဆရာလိုတာခိုင်းပါ"

"ရပါတယ်"

ကောင်လေးက တော်တော်စကားသွက်သည်။ စကားပြောရင်း လမ်း ဟိုဘက်ဒီဘက်ကို ဝေးမောခဲ့သည်။ လမ်းဘေး၌ ထီးဆိုင်ကြီးတွေ ဟီးဟီးထနေကာ မြို့အဝင် ရန်ကိုင်းအောင်ဘုရားက သပ္ပါယ်လှသည်။

ရဲနောင်က ဦးစီးမှူးရဲ့အိမ်သို့ ကားကို တောက်လျှောက်မောင်းလိုက်သည်။

"ဟော . . . ရောက်လာပြီလား"

ဦးစီးမှူးက ဖော်ဖော်ရွေရွေပင် ခေါ်သည်။ သူ ကားပေါ်မှ ဆင်းပြီး -





"ကျွန်တော့်နာမည် ဇင်မင်းထွန်းပါ ဦးစီး"

"ကိုယ်က ဒုဦးစီးအသစ် ပြောင်းလာမယ်ဆိုတော့ ကိုယ်နဲ့ မတိမ်းမယိမ်းပဲရှိမယ် အောက်မေ့တာ။ မောင်ရင်က ငယ်သေးတာပဲ"

ဦးစီးက အရပ်မြင့်မြင့်၊ တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ ထိပ်အနည်းငယ်ပြောင်ကာ ပျော်ပျော်နေတတ်သည့်လူမျိုးဖြစ်သည်။

အိမ်ထဲရောက်တော့ -

"ကဲ . . . ထိုင် ညီလေး ဗိုက်ဆာနေမှာပေါ့"

"မဆာသေးပါဘူး ဦးစီး။ ကျွန်တော်တို့ကျောက်မဲမှာ စားခဲ့ပါသေးတယ်"

"ဪ . . . ဒါဆိုလည်း ခဏနားပေါ့။ ကိုယ့်အမျိုးသမီးကလည်း ပြင်တုန်းရှိသေးဆိုတော့ စကားလေး ဘာလေးပြောပြီး စောင့်ကြတာပေါ့"

"ရပါတယ် ဦးစီး"

ဦးစီးရဲ့အိမ်က ဝန်ထမ်းအိမ်ပေမယ့် အိမ်ထဲမှာခေတ်မီပစ္စည်းတွေနှင့် လှလှပပ သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသည်။

ညှိခန်းထဲ၌ ခဲရောင်ဆိုဖာတစ်စုံနှင့် ကြမ်းပြင်၌ အခင်းကော်ဇောခင်းထားသည်။ နံရံထက်၌ မိသားစုဓာတ်ပုံမှလွဲ၍ ဘာမှ မချိတ်ဘဲ နံရံတွေကို အစိမ်းနုရောင် ဆေးသုတ်ထားသဖြင့် မြင်ရတွေ့ရတာ တိတ်ဆိတ်ငြိမ်သက်သည့် အရသာကို ခံစားရသည်။

စကားတွေ ဟိုပြော၊ ဒီပြောနှင့် ခဏကြာတော့ ဦးစီးအမျိုး

သမီး ထွက်လာသဖြင့် မိတ်ဆက်ပေးသည်။

ဦးစီးရဲ့အမျိုးသမီးသည် ဦးစီးနှင့် ဆန့်ကျင်ဘက်။ ပိန်ပိန်ပါးပါး အသားဖြူဖြူဖြစ်သည်။

မနက်စာစားပြီးမှ –

''ဪ . . . ပြောရဦးမယ်။ ပြောရဦးမယ်ဆိုတာထက် မေတ္တာရပ်ခံချင်တာ ညီလေးရဲ့''

''ဘာများလဲ ဦးစီး''

''ညီလေးလိုပဲ ထရန်စဖာနဲ့ ဒီကပြောင်းသွားတဲ့ ဒုဦးစီးက အိမ်ထောင်သည်လေ''

ဘာပြောချင်မှန်းမသိသဖြင့် အသာလေးနားထောင်မိသည်။ ကိုယ်က အခုမှပြောင်းလာသဖြင့် ဒီကအထာတွေ မသိသေးတော့ သိအောင်နားထောင်ရမည် မဟုတ်လား။

''ကလေးတွေ ကျောင်းတက်တဲ့အရွယ်ဆိုတော့ ဒီက ကျောင်းပြောင်းဖို့ကလည်း မလွယ်လို့ အဲဒါ သူ့အမျိုးသမီးနဲ့ ကလေးတွေက အဲဒီအခန်းမှာပဲ နေလက်စဆိုတော့ ဒုဦးစီးအသစ် ပြောင်းလာတော့''

''ကျွန်တော် သဘောပေါက်ပါပြီ ဦးစီး။ သူတို့မပြောင်းခင် ကျွန်တော်က စောင့်ပေးစေချင်တယ်လို့ ဦးစီးကဆန္ဒရှိတယ် ထင်တယ်''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ လွယ်တော့မလွယ်ဘူး





မဟုတ်လား''

''အဲဒီအတွက် မပူပါနဲ့ ဦးစီး။ ကျွန်တော် ဒီရုံးပတ်ဝန်းကျင်မှာ အိမ်ငှားနေလိုက်ပါ့မယ်''

''အဲဒီလိုလည်း မဟုတ်သေးဘူးလေ။ ကိုယ်တို့အိမ်မှာနေလို့လည်း ရတာပဲ''

သူ ပြုံးရင်း ခေါင်းပဲယမ်းမိသည်။ သူ အရင်တာဝန်ကျခဲ့သော မြို့မှာလည်း ဝန်ထမ်းအိမ်ရာ အခက်အခဲကြောင့် ရုံးပတ်ဝန်းကျင်မှာပဲ အိမ်ငှားနေခဲ့သည်။ ချက်ပြုတ်မနေတော့ဘဲ ချိုင့်ဆွဲစားခဲ့သည်။ ဒီမှာလည်း ထိုကဲ့သို့ အဆင်ပြေအောင် နေရပေမည်။

ကိုယ်နှစ်သက်၍ ရွေးချယ်ထားသောလမ်းကို ဘာကြောင့် ညာကြောင့်ဟု သူ ဘယ်တော့မှ မညည်းညူခဲ့ဖူးချေ။ မဟုတ်လို့ သူ့အခက်အခဲတွေကို မေမေတို့သိသွားလျှင် စောစောကတည်းက ထွက်လို့ပြောနေတာကို နားမှမထောင်ပဲဟု ပြောပေလိမ့်မည်။

''လိုအပ်တာအားလုံး ကိုယ်လည်း ကူညီမှာပါ။ ဟိတ် . . . မောင်ရဲနောင် လာဦး''

ဦးစီးက မောင်ရဲနောင်ကို လှမ်းခေါ်ပြီး အိမ်ငှားဖို့ စုံစမ်းခိုင်းသည်။

သူနေချင်တာကတော့ တိတ်တိတ်ဆိတ်ဆိတ်နှင့် လူ သိပ်မရှုပ်သောနေရာမျိုးဖြစ်သည်။

ဒီလိုနှင့် ညနေဘက်ရောက်တော့ မောင်ရဲနောင် ပြန်ရောက်

လာကာ အိမ်တစ်အိမ်ရှိကြောင်းပြောသည်။ ဘယ်လိုအိမ်လည်း သိချင်တာနဲ့ ပစ္စည်းတွေမယူသေးဘဲ မောင်ရဲနောင်ရဲ့ဆိုင်ကယ်နောက်ပဲ လိုက်ခဲ့သည်။

အိမ်လေးက ကုန်းစောင်းမှာတည်ရှိကာ မြေညှိပြီး ဆောက်ထားခြင်းဖြစ်သည်၊ ခြံဝန်းကလည်းသန့်၊ အိမ်လုံးကလည်းသန့်သည်။ ခြံခြင်းကပ်လျက်တွင်လည်း သပ်သပ်ရပ်ရပ်၊ ခြံနှင့်အိမ်များဖြစ်သည်။

"ကိုယ်သဘောကျသွားပြီ။ ဒါနဲ့ အိမ်ရှင်က ဘယ်သူလဲ မောင်ရဲနောင်"

"အိမ်ရှင်တော့မသိဘူး ဆရာ။ ဒါပေမဲ့ ဒီအိမ်မှာငှားနေတဲ့ အစ်မ မဇော်ကို ပိုင်ရှင်က အပ်ထားတာတဲ့။ အစ်မ မဇော်တို့လည်း ပြောင်းသွားတာမကြာသေးဘူး။ ကျွန်တော်တို့ရုံးကပဲ ဆရာ။ ကျွန်တော် သွားပေးရမလား"

"အေးကွာ ... ကိုယ်ငှားချင်တယ်လို့ မင်းပဲ အဆင်ပြေအောင် လုပ်ခဲ့ကွာ။ ကိုယ် မုန့်ဖိုးပေးမှာပေ့ါ"

"ဟာ ... ဒါတွေမလိုပါဘူး ဆရာရဲ့"

အိမ်က သော့ခတ်ထားတာမို့ ဘေးကနေပဲ ပတ်ကြည့်ခဲ့သည်။ လူတွေပြောင်းသွားတာ မကြာသေးသဖြင့် ပေါင်းမြက်တို့ ရှင်းလင်းနေသည်။

သူ့ကို ဦးစီးအိမ်ပြန်ပို့ပြီး မောင်ရဲနောင်က ဆိုင်ကယ်နှင့် ပြန်ထွက်သွားသည်။





ဦးစီးကလည်း ရေချိုးဖို့ ပြောနေပေမယ့် ချမ်းစိမ့်စိမ့် ဖြစ်နေသဖြင့် သူ ရေမချိုး၊ ခြေလက်ဆေးပြီး ထမင်းစားနေစဉ် မောင်ရဲနောင် ပြန်ရောက်လာသည်။

"ဆရာ အားလုံးအဆင်ပြေတယ်။ သော့လည်းပေးလိုက်တယ်"

"မဇော်တို့အိမ် ဟုတ်လား မောင်ရဲနောင်"

"ဟုတ်ပါတယ် ဆရာ"

"မဆိုးဘူး ကောင်းပါတယ်။ ကိုယ့်ညီက တစ်ယောက်တည်းနေချင်လို့ အိမ်သပ်သပ်ငှားသလား ကိုယ်တော့မသိဘူး။ ဒီမှာ မောင်ရဲနောင်က မြို့ခံလည်းဖြစ်၊ လူပျိုလည်းဖြစ်တော့ ကိုယ့်ညီအတွက် ကူညီဖို့ အဆင်ပြေတယ်"

"ကျွန်တော် မောင်ရဲနောင်ကို အားနာလို့ပါ ဦးစီး။ သူ ကျွန်တော်နဲ့နေရင် စိတ်ကျဉ်းကျပ်နေမှာစိုးပါတယ်"

"ဟာ ... ရတယ်၊ ကျွန်တော် လိုက်နေပါ့မယ် ဆရာ"

သူက လူငယ်ဖြစ်သော မောင်ရဲနောင်ကို ကိုယ်ချင်းစာကာ ပြောခြင်းဖြစ်သည်။ လူငယ်ဆိုတာက လွတ်လွတ်လပ်လပ် နေချင်သည်။ အထက်လူကြီးနှင့် အတူနေလျှင် စိတ်ကျဉ်းကျပ်ကာ အနေကျပ်နေမည်စိုးသောကြောင့် ဖြစ်သည်။

မောင်ရဲနောင်က လိုလိုချင်ချင်နှင့် နေပါ့မယ်ပြောတော့ သူ့အတွက် အဆင်ပြေသွားသည်။ တစ်ယောက်တည်းနေရမှာနှင့်စာလျှင်

နှစ်ယောက်သား စကားပြောဖော်ရှိတော့ အဆင်ပြေသည်။

“ကဲ ...ဒါဆို လုပ်တော့။ မောင်ရဲနောင် ကားထုတ်၊ ပစ္စည်းတွေတင်လိုက်။ ရှမ်းပြည်က နေဝင်ရင် တောက်လျှောက် မှောင်နိုင်သန်းတော့တာပဲ ကိုယ့်ညီရေ။ ဒါတောင် ဒီနေ့ မိုးမရွာလို့၊ မိုးရွာလို့ကတော့ ဒီချိန် လမ်းပေါ်မှာကို လူမရှိတော့ဘူး”

တကယ်ပါပဲ ပြင်ပ၌ အမှောင်ရိပ်က တော်တော်ကြီးဆိုးနေသည်။

အိမ်သို့ရောက်တော့ သူက သော့ဖွင့်ပြီး မောင်ရဲနောင်က ကားပေါ်မှအထုပ်တွေချသည်။ သူက အိမ်ထဲသို့ luggage တွေသွင်းစဉ် မောင်ရဲနောင်က ကားပြန်သွားပို့သည်။

အိမ်ထဲ မီးခလုတ်စမ်းရှာပြီး ဖွင့်လိုက်သည်။ ဖုန်တွေက သိပ်လှဲကျင်းစရာမလို၍ တော်သေးသည်။ လူက အတော်အိပ်ချင်နေပြီ။ အိပ်ချင်တယ်ဆိုမှခက်ပြီ။ ဝန်စည်စလွယ်နည်းအောင် အိပ်ရာလိပ်ကို ထားခဲ့ပြီး ဝယ်မယ်လို့ တွေးထားတာ မေ့ပြီးမဝယ်ဖြစ်။

သိပ်မကြာခင် ဆိုင်ကယ်သံကြားရပြီး –

“ဆရာ့အတွက် ဦးစီးက အိပ်ရာလိပ် ပို့ခိုင်းလိုက်တယ်ဆရာ” ဆိုပြီး ကျေးဇူးလည်း တင်၊ သက်ပြင်းလည်းချနိုင်တော့သည်။



Youth is not a time of life, it is a state of mind. The emphasis, however, is on mind and spirit, on attitude not necessarily on physical behaviour.

**The Psychologist**

နုပျိုခြင်းဆိုတာ အချိန်ကာလအပိုင်းအခြားနဲ့ တွက်လို့မရပါ။ သင့်ရဲ့စိတ်နေသဘောထားပေါ်မှာသာ တည်ပါသည်။ အထူးသဖြင့် သင့်ရဲ့စိတ်သာ ကြံ့ခိုင်နေမည်ဆိုလျှင် သင့်ရဲ့နှလုံးသားဟာ အစဉ်နုပျိုနေမှာပါ။ ခန္ဓာကိုယ်နုပျိုခြင်းနဲ့ ဘာမှမဆိုင်ပါဘူး။

# အခန်း (၆)

တနင်္လာနေ့ ရုံးပိတ်သော်လည်း အာဇာနည်နေ့မို့ အခမ်းအနား တက်ရသည်။ မိုးတွေက သည်းသည်းမည်းမည်းရွာနေသည်။

လွှတ်လပ်ရေး ကျောက်တိုင်ကွင်းရှေ့ရပ်ရင်း အတွေးတွေက ဟိုရောက် ဒီရောက်။ ဤနေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့်နေ့။ မိုးတွေ သည်းသည်းမည်းမည်း ရွာသလို ပြည်သူပြည်သားတို့ရဲ့ မျက်ရည်များ သည်းသည်းမည်းမည်းရွာသည့်နေ့။ အမှတ်မထင် ကဗျာတစ်ပုဒ်က ခေါင်းထဲရောက်လာသည်။ တစ်ပုဒ်ဆိုတာထက် ကဗျာထဲက နောက်ဆုံးစာပိုဒ်က အထိရောက်ဆုံး။

"သူငယ်ချင်း မင်း မေ့မသွားဖို့က
ဗိုလ်ချုပ်ကိုသတိတာ၊ မြန်မာနိုင်ငံသားကွ"

ဆိုသည့် စာပိုဒ်သည် ရင်ကို အထိဆုံးဖြစ်သည်။ ပန်းဆိုင်လွှ





တောင် ရဲရဲနီစွေးနေသည့် နှင်းဆီပန်း။ ဤပန်းကို ခြွေသူသည် အခြားမဟုတ်၊ မနာလိုဝန်တို မစ္ဆရိယစိတ်များလွှမ်းသည့် လူတစ်ယောက်။

ဩော် ... အခုတော့လည်း သတ်သူမှာလည်း အကျိုးမဲ့၊ သေသူမှာလည်း အကျိုးမဲ့။ ကျန်သူတွေရဲ့ရင်မှာတော့ လာမည့်အနာဂတ် ဇူလိုင် (၁၉) ရက်နေ့တိုင် မျက်ရည်စွေရဦးမည့်နေ့ ဖြစ်လေသည်။

ဌာနဆိုင်ရာဝန်ထမ်းတချို့ အလျှိုလျှိုပြန်ကုန်ကြပြီ။ မိုးရေစက်တို့ကတော့ လွတ်လပ်ရေးကျောက်တိုင်ကို အရှိန်နှင့်ရိုက်ခတ်နေသည်။ ကျောက်တိုင်ကွင်း၌ ပေါက်နေသော မြက်ပင်အချို့သည် လူတို့၏ ခြေထောက်အောက်၌ အပိပိ အပြားပြား။

"ကိုစောအောင်နေရာကို ပြောင်းလာတဲ့သူဆိုတာလား"

ဘေးနားမှာရပ်နေသည့် လူတစ်ယောက်ရဲ့ စကားကြောင့် လှည့်ကြည့်လိုက်သည်။ ဆည်မြောင်းဝန်ထမ်းဝတ်စုံကို ဝတ်ဆင်ထားသည့် လူတစ်ယောက်။

ထီးကို မြှောက်ကိုင်ထားရင်း သူ့ကိုမေးခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော့်နာမည် ဇင်မင်းထွန်းပါ"

"အစ်ကိုနာမည်က စိုးကျော်ကိုလတ်ပါ။ အခုမှ ပြောင်းလာတဲ့လူဆိုတော့ အခက်အခဲအများကြီးရှိမှာပေါ့။ လိုတဲ့အကူအညီပြောလေ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အစ်ကို"

စကားတွေ ဟိုဟိုဒီဒီပြောကြရင်း ရင်းနှီးသွားကြသည်။ သူတို့ ငှားနေသည့် အိမ်သည် ဆည်မြောင်းရုံးနှင့် သိပ်မဝေးတာမို့ နောက် လာလည်မည်ဟုဆိုသည်။

စိုင်းကျော်ကိုလတ်ပုံစံမှာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ရှေ့ကိုင်းမျက်မှန်တပ်ထားသည်။ စကားပြောသည့်အခါ ခပ်လေးလေး နှင့် အေးအေးပြောတတ်ပြီး ဆေးလိပ်ကို မက်မက်မောမော သောက် တတ်ပုံရသည်။

ခဏလေးအတွင်း ရင်းနှီးသွားကြကာ ကားလမ်းထက်၌ ဆည်မြောင်းရုံးတံဆိပ်နှင့် ဗီမ်ခံကားတစ်စီး ထိုးရပ်လာတဲ့အခါ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားသည်။

သူလည်း မောင်ရဲနောင်ကို လှမ်းမြင်လိုက်သဖြင့် ကျောက် တိုင်ကွင်းထဲမှ ထွက်လိုက်သည်။ နောက်ဘက်မှာ လွတ်လပ်ရေး ကျောက်တိုင်ကတော့ အထီးကျန်စွာ ထီးထီးကြီး ကျန်ခဲ့လေပြီ။

မနက်စာကို ဆိုင်မှာပဲ စားခဲ့ပြီး နေ့လယ်စာကိုတော့ မိုးတိတ် လျှင် ထွက်ဝယ်စားမည်။ မိုးမတိတ်လျှင်တော့ မောင်ရဲနောင်ကို သွား ဝယ်ခိုင်းရမည်။

ဆိုင်ကယ်ပေါ်ရောက်တော့ လေကတိုက်၊ မိုးကသည်းနှင့် လူက ကြွက်စုတ်လို ဖြစ်နေတော့သည်။ ချမ်းစိမ့်စိမ့်လည်း ဖြစ်လာ သည်။

မိုးလည်းသည်းမည်းမည်း ရွာနေသဖြင့် စားသောက်ဆိုင်





ဘက်၌ လူတွေရှင်းနေသည်။ သူတို့ခြံရှေ့မြောင်းမှာ ရေများ တဝေါဝေါ စီးနေသည်။ အိမ်သို့ရောက်တော့ ရေတဝုန်းဝုန်းနှင့် ချိုးပစ်လိုက်သည်။

ရေပြောင်း မြေပြောင်းမှာ အဖျားဝင်မှာစိုး၍ ဘိုင်အိုဂျက်ဆစ် တစ်လုံးသောက်ကာ အနွေးထည်ထူထူထဲထဲဝတ်၍ ဧည့်ခန်းထဲမှာ ထိုင်နေမိသည်။

မိုးက အရှိန်မသေတဲ့ ပိုလို့တောင် သည်းလာသည်။ ခေါင်မိုး ပေါ်သို့ မိုးရေကျသံ တဖြုန်းဖြုန်း။ တဒိုင်းဒိုင်းက ဆူညံစွာ ထွက်ပေါ် လာသည်။ မောင်ရဲနောင်က အိမ်ကို ကြည့်ကောင်းအောင် ရှင်းနေ သည်။

ဆေးလိပ်ကိုဖွာရှိုက်ရင်း ဤလိုအချိန်မှာ စာအုပ်ကောင်း ကောင်းတစ်အုပ် ဖတ်လိုက်ရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲဟု ချဉ်ခြင်းတက်မိသေးသည်။ နောက်တော့ အဝတ်အစား luggage ထဲက ပစ္စည်းအချို့ ထုတ်စရာရှိသေးတာကို သတိရပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။

ငြိမ်းလုလု ဆေးလိပ်ကို ထိုးချေပြီး luggage ကို ဖွင့်လိုက် သည်။ အဝတ်အစားက တစ်ကန့် စာအုပ်က တစ်ကန့်မို့ စာအုပ်တွေ ကို အကုန်လုံးထုတ်ပြီး စားပွဲပေါ် ညီညီစီစီတင်လိုက်သည်။ အမှတ် မထင် ထည့်ယူလာမိသော နှင်းဆီပန်းပုံကပ်ထားသည့် ဒိုင်ယာရီ စာအုပ်ဆီ အကြည့်ရောက်သွားသည်။

စိတ်အစဉ်က အတိတ်ကိုပြေးလွှားသွားချင်ပေမယ့် သိစိတ်

ကတော့ လက်မခံချေ။ ဖြစ်သင့်ဖြစ်ထိုက်စွာ ရွေးချယ်ခဲ့သည့်ဘဝမှာ အတိတ်ကိုမေ့ထားလိုက်တာ အကောင်းဆုံး။

ဒိုင်ယာရီစာအုပ်ကိုဖွင့်ဖို့ ပြင်နေသောလက်ကို ရုတ်ကာ အိပ်ရာပေါ်တွင် လှဲလိုက်သည်။

သူ့အတွက် အနာဂတ်လက်တွဲဖော်ဆိုတာ 'ဝတ်ရည်ချို' ဆိုသည့် မိန်းကလေးမှတစ်ပါး တခြားမဖြစ်နိုင်ချေ။

ဝတ်ရည်က သူ့အပေါ် အစ်ကိုတစ်ယောက်ထက်ပိုသည်။ မေတ္တာမိုးတွေ ရွာခဲ့လို့လည်း တစ်ဦးတည်းသောသမီးရဲ့အလိုကို လိုက်အကြိုက်ဆောင်ပေးနေသည့် ဖေဖေနှင့်မေမေက –

''မေမေတို့မိသားစုလေး အမြဲတမ်း ဒီလိုပျော်ပျော်ရွှင်ရွှင်နေရရင် သိပ်ကောင်းမှာပဲ သားကြီးရယ်''

ကျောင်းပိတ်ရက်တစ်ရက် အိမ်ကိုပြန်ရောက်တော့ မေမေတို့သို့စကားအဆန်းဆိုလာသည်။ ဖေဖေကတော့ ပြင်ပလှုပ်ငန်းခွင်မှာဘယ်လောက်ထက်မြက်မြက် ထူးချွန်ချွန် အိမ်မှာတော့ မေမေ့သဘော အကြိုက်ဖြစ်စေခဲ့တာမို့ ဘာရယ် ညာရယ် မပြော။

မြင်းခြံဘက်ကလာသည့် ဖက်ကြမ်းဆေးလိပ်ကိုသာ အားရပါးရ ဖွာရှိုက်ရင်း ငြိမ်နေခဲ့သည်။ ဆယ်တန်းကျောင်းသူဖြစ်သော ညီမလေးဝတ်ရည်ချိုကတော့ ကျောင်းကပြန်မရောက်သေး။

ဒီနေ့ သူပြန်ရောက်မယ်ဆိုတာ မသိ၍လည်းဖြစ်သည်။ သူပြန်ရောက်မယ်သိလျှင် မေမေ့ကို ခွင့်မရရအောင် တိုင်ပင်နိုင်းမှာလည်း





သူသိနေသည်။ ညီမလေးသည် မောင်နှမ နည်းရသည့်အထဲ အဝေးမှာ ကျောင်းတက်နေသည့် အစ်ကိုအပေါ် အရမ်းတွယ်တာလွန်းသည်။

ကျောင်းနှစ်လပိတ်လို့ ပြန်လာလျှင် အဲဒီနှစ်လစလုံး သူ့ရဲ့အနီးမှာပဲ အချိန်ကုန်စေသည်။ သူ့မှာ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်သွားဖို့ကိုပင် ခွင့်မပြုခဲ့။

''ကိုကို့က ဝတ်ရည်အတွက်ပဲ ဖြစ်ရမယ်''

ဘာမှန်းမသိသော အဓိပ္ပာယ်နှင့် ပြောခဲ့သောစကားကို သူကတော့ သွေးရိုးသားရိုး အောက်မေ့ကာ ညီမတစ်ယောက်အပေါ် အစွမ်းကုန် အလိုလိုက်မည့် အစ်ကိုကြီးတစ်ယောက်ပမာ အရယ်အပြုံးမပျက်ဘဲ –

''အေးလေ ... ကိုကိုက ဝတ်ရည်ရဲ့ကိုကိုပဲ ဖြစ်ရမှာပေါ့။ ဘယ်သူ့ကိုကို ဖြစ်ချင်လို့ရမှာလဲ''

သူ့ကိုယ်သူ လည်လှပြီထင်သမျှ တဖြည်းဖြည်း သူဟာ သိပ်အတုံ့ကောင် ဖြစ်နေမှန်း အချိန်အခါ နှောင်းလွန်းခါမှ သိခဲ့ရသည်။ အဲဒီအတွက် တစ်စုံတစ်ယောက်ရဲ့ မျက်ရည်၊ ဝမ်းနည်းခြင်း၊ အထီးကျန်ဆန်ခြင်းတို့ကို စတေးပစ်ခဲ့ရသည်။

''ဒါနဲ့ သားမှာကော ကျောင်းသွားတတ်တဲ့ နှစ်တွေမှာ ရည်းစားတွေ ဘာတွေ ထားနေပြီလား''

အဲဒီအချိန်တုန်းက ပညာသွားသင်ချိန် ရည်းစားထားရမလား။ ပြောခံရမှာစိုး၍ မယုတ်မလွန်ဖြင့် –

"အခုတော့ မရှိသေးပါဘူး မေမေ၊ ဘာဖြစ်လို့လဲ"

"မရှိသေးတာအကောင်းဆုံးပဲ သား။ နောက်ထပ်ရှိလာဖို့လည်း မေမေကတော့ ခွင့်မပြုဘူးနော်။ သားကို အဝေးမှာလွှတ်ပြီး ကျောင်းတက်ခိုင်းတာက ပညာရှာဖို့သက်သက်ပဲနော်။ ကြင်ရာရှာဖို့ လုံးဝမစဉ်းစားနဲ့"

"ဗျာ"

"မပီလုပ်တာနဲ့ သားက လန့်နေပြီ။ မင်းကလည်းကွာ လိုရင်းကို ထိထိမိမိ ပြောတာမဟုတ်ဘူး။ ကဲ . . . ကိုယ်ပဲပြောမယ်ကွာ၊ ဒီမှာသား"

"ဗျာ ဖေဖေ"

ဖေဖေခေါ်သံကြောင့် ထူးလိုက်ရပေမယ့် ဘာကြောင့်ခေါ်မှန်း မသိ။ ဒါပေမဲ့ အကြောင်းထူးတစ်ခုခုကြောင့်တော့ တစ်ခုခုပဲဟု ခံစားမိသည်။ ဖေဖေက ဖက်ကြမ်းဆေးလိပ်မှပြာကို ခွက်ထဲ လှမ်းခြွေပြီး။

"သားကို ဖေဖေတို့ တကယ့်သားအရင်းအခြာတစ်ယောက်လို မွေးခဲ့တာ သားသိတယ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သားဆီက တစ်နေ့အရွယ်ရောက်လာရင် ဘယ်လိုကျေးဇူးဆပ် တုံ့ပြန်လာမလဲဆိုတာ ဖေဖေတို့ လုံးဝမမျှော်ကိုးဘူး။ နောက်ပြီး သားက ဖေဖေတို့မွေးစားရကြိုးနပ်လောက်အောင်ကိုး လိမ္မာတဲ့သား။ သမီးကလည်း သူ့အစ်ကိုဆို သည်းသည်းလှုပ်ချစ်တာ"





ထိုသည်းသည်းလှုပ်ချစ်တယ်ဆိုတဲ့စကားကို ဖေဖေက မေမေကို လှမ်းကြည့်ပြီးပြောသဖြင့် သူ ခေါင်းအလိုလို ငုံ့မိသည်။ သူလည်း ညီမလေးကို ညီမလေးတစ်ယောက်လိုချစ်ပါသည်။

"ဖေဖေတို့ရဲ့ပျော်ရွှင်နေတဲ့ မိသားစုထဲ သူစိမ်းတစ်ရံကို အဝင်မခံချင်ဘူး။ ဒီအတိုင်းပဲ ထာဝရနေသွားချင်တယ်။ ရှင်းရှင်းပဲ ပြောရရင် ဖေဖေ့ဘက်ကတော့ ဗိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကပဲ ဖိတ်ချင်တယ်"

"ဗျာ"

မထင်မှတ်သောစကားကြောင့် သူ ခေါင်းငုံ့နားထောင်နေရာမှ ဖေဖေ့ကို အလန့်တကြားမော့ကြည့်မိသည်။ သူ နားကြားလွဲသွားတာများလား။ ဒါမှမဟုတ် ဖေဖေက ဘာကိုရည်ရွယ်နေတာပါလဲ။ ဖေဖေက စကားကို ထိုနေရာမှာ ရပ်လိုက်သည်။ ဖေဖေစကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသော မေမေက -

"ဟုတ်တယ် သား၊ သားက မေမေတို့သမီးလေးနဲ့ နေရာချပေးဖို့ ဆန္ဒရှိတယ်။ သမီးလေးကို ဘယ်သူ့လက်ထဲမှ ခွဲထုတ် မထည့်ရက်သလို သားကိုလည်း သူစိမ်းတစ်ယောက်အိမ်ပေါ်ခေါ်တင်လာမှာလည်း မေမေတို့ လက်မခံနိုင်ဘူး။ မေမေတို့ဘဝမှာ ဒီသားနဲ့ဒီသမီးကိုပဲ ပေါင်းဖက်စေချင်တယ်။ နောက် သမီးလေးကိုယ်တိုင်က သားအပေါ် မေတ္တာယိုဖိတ်နေတာ မိန်းမသားချင်းမို့ မေမေသိနေတယ် သား"

မဖြစ်နိုင်ပါဘူး မေမေရယ်ဟု ငြင်းဆိုဖို့ရာ သမီးကိုယ်တိုင်က သားအပေါ် မေတ္တာရှိနေတယ်ဆိုသောစကားကြောင့် သူ ငြင်းဆန်ရမည့် စကားလုံးများ လည်ချောင်းဝတွင် တစ်ဆို့နေခဲ့သည်။

အချစ်ဆုံးသမီးလေးအတွက်-မိုးပေါ်က ဓူဝံကြယ်ကိုတောင် လှမ်းဆွတ်ပေးဖို့ ဝန်မလေးသော၊ မရှိဘူးဆိုတာ မကြားစေခဲ့ရသော သမီးအတွက် ဘယ်အရာကို မဆိုရအောင် ဖန်တီးနိုင်သော မေမေတို့ရဲ့ဆန္ဒကို သူ မည်ကဲ့သို့ လွန်ဆန်ရမည်နည်း။

သားအရင်းတစ်ယောက်နှယ် ချစ်ခင် အလိုလိုက်ခဲ့သော မွေးစားမိဘတွေရဲ့ ကျေးဇူးကို သူ ဘယ်လိုပုံစံနှင့် ဆန့်ကျင်ရပါ့မလဲ။

ဝမ်းနည်းနာကျင်စွာ အတိတ်ကို မသွားပါဘူးဟု စဉ်းစားထားသည့်ကြားမှာ အတိတ်ရဲ့အပိုင်းအစ တစ်ချို့ဆီ စိတ်ရောက်သွားပြီး အိပ်ပျော်သွားခဲ့သည်။

နောက်တော့ တော်တော်ပူပူလောင်လောင်ကြီး ခံစားနေရသဖြင့် အိပ်ရာမှ နိုးသွားသည်။ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ရွာသွန်းနေသော မိုးသံလေသံများ တိတ်ဆိတ်ငြိမ်သက်နေသည်။ အလင်းရောင်ကို စူးစူးရှရှ ခံစားနေရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ –

"ဟော"

ရာသီဥတုက သူမဟုတ်သလိုနှင့် ကောင်းကင်တွင် ဖြူဖွေးသော တိမ်စိုင်အချို့သာ ထင်ကျန်နေရစ်ပြီး နေက စူးစူးရှရှ ပူလောင်နေသည်။ မိုးရွာပြီးစပေမယ့် နေလို့မကောင်းဘဲ တော်တော်ကြီးကို





အိုက်စပ်စပ်ဖြစ်နေသည်။

စကားသံတချို့ ကြားနေရသဖြင့် အိမ်ရှေ့သို့ထွက်ကာ ဝရန်တာဘက်မှ လှမ်းကြည့်လိုက်တော့ မောင်ရဲနောင်က အမျိုးသမီးကြီးတစ်ယောက်နှင့် စကားပြောနေခြင်းဖြစ်သည်။

အမျိုးသမီးက တစ်ဖက်အိမ်ရှေ့တွင် ရပ်နေသကဲ့သို့ မောင်ရဲနောင်ကလည်း ဒီဘက်အိမ်ရှေ့တွင် ရပ်စကားပြောနေခြင်းဖြစ်သည်။ မောင်ရဲနောင်က ရေမြောင်းထဲတွင် အမှိုက်များမကျန်ခဲ့ရန် အမှိုက်တွေကို မြောင်းလယ်တည့်တည့်ရောက်အောင် ထိုးချနေသည်။

သူ အိမ်ထဲပြန်ဝင်ဖို့ လှည့်လိုက်စဉ် ရိုပ်ခနဲကြောင့် လှမ်းကြည့်လိုက်သည်။ တစ်ဖက်အိမ်ရဲ့ ပြတင်းပေါက်၌ ဒီဘက်ကို ကျောပေး၍ ဖုန်းပြောနေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူ ပခုံးကိုတွန့်ကာ အိမ်ထဲလှည့်ဝင်လိုက်သည်။ မိုးတွေရွာနေသဖြင့် ဖုန်း power off ခဲ့တာ သတိရပြီး ဖုန်းပြန်ဖွင့်လိုက်သည်။

အရမ်းအေးပြီး အရမ်းပူလိုက်သည့် အခြေအနေမျိုးမှာ နေရတာ အတော်ခက်သည်။

❁

The art of being wise is the art of knowing what to overlook.

**William James.**

မည်သည့်အရာကို ဥပေက္ခာပြုရမည်ဟု သိခြင်းသည် တတ်သိလိမ္မာခြင်းပညာတစ်ရပ် ဖြစ်သည်။

# အခန်း (၇)

"အနေရခက်မနေနဲ့ဟေ့ ... duty is duty ပဲ"

"မသက်ကြီးကတော့ ဗိုလ်အောင်ဒင်ဇာတ်လမ်းထဲက ဦးဘချစ်လေသံကြီးတော့"

ဘာမှန်းမသိဘဲ ဖြတ်လျှောက်လာသည့် အောက်ရုံးမှ ဝန်ထမ်းတစ်ယောက်က ဝင်ပြောလေသည်။ မသက်က ဘာရယ် ညာရယ် မပြောဘဲ ပြုံးပြလိုက်သည်။

နိုင်ကတော့ မသက်ရဲ့စားပွဲရှေ့မှာ ရပ်ရင်း စိတ်လက်ညစ်နေသည့်ဟန်။

"ဟိတ် ... ဒါ ဘယ်လိုဖြစ်နေကြတာလဲ"

အသိတစ်ယောက်ရဲ့ ကျမ်းကျိန်လွှာကို ကူညီနေသည့် မေသူအောင်က ရုံးထဲဝင်လာပြီး မေးလေသည်။

မေးသာမေးသည် အဖြေကို နားမထောင်နိုင်သေးဟန်နှင့်

တရားသူကြီး၏ရုံးခန်းထဲသို့ ဝင်သွားသည်။

"နိုင် အနေရခက်တာ အဲဒါကိုပြောတာ မဟုတ်ပါဘူး မမသက်ရဲ့။ ဒါပေမဲ့ သူ့အမျိုးသမီးက ဘာမဆိုင် ညာမဆိုင်နဲ့ လှမ်းပြီး မျက်စောင်းထိုးတော့"

"အမယ်လေး နိုင်ရယ်။ တရားခံတစ်ယောက်ရဲ့မိန်းမက မျက်စောင်းထိုးတာများ ဘာလို့ စိတ်ထဲထည့်ထားရမှာလဲ။ ကိုယ်က မှန်ကန်တဲ့ လူဘက်က ရှေ့နေလိုက်ပေးရတာလဲ မဟုတ်ဘူး။ ဘာအနေခက်စရာရှိလို့လဲ"

နိုင် မမသက်က သူ့ရုံးစားပွဲရှေ့မှာ ပြန်ဝင်ထိုင်လိုက်သည်။ လက်ထဲတွင်တော့ စာစောင်တုန်းက ဖွင့်ပြီး ကြည့်လက်စအမှုဖိုင်တွဲဆီ အကြည့်ရောက်နေမိသည်။

"ဒီမှာ နိုင်"

ဒီဘက်သို့ ကိုယ်ကိုလှည့်ပြီး နောက်မှီကုလားထိုင်ပေါ် လက်တင်ပြီး မမသက်က လှည့်ခေါ်သည်။

"နိုင် အဲဒီလိုဖြစ်နေပုံနဲ့ဆို ရှေ့နေကောင်းတစ်ယောက် ဖြစ်ဖို့ မလွယ်ဘူးပဲကွယ်"

"အို မမသက်ကလည်း နိုင်က ဘာလို့ ရှေ့နေကောင်း တစ်ယောက် ဖြစ်မလာနိုင်ရမှာလဲ။ နိုင်က ရှေ့နေအလုပ်ကို ဒီလောက် ထိ ခုံမင်နေတဲ့ဟာကို"

"မမသက်ပြောချင်တာ အဲဒါ အဓိကမဟုတ်ဘူး။ ဒီမှာ နိုင်





တရားရေးဝန်ထမ်းတွေမှာ ဥပဒေအရ ခုခံချေပခွင့်နဲ့ အယူခံပိုင်ခွင့် အပြည့်အဝရှိတယ်ဆိုတာ မမသက်တို့ မေ့ပစ်လို့မရဘူး။ အထူးသဖြင့် ဆန္ဒကတိ ကင်းလွတ်ရမယ်။ ကိုယ်က တရားလိုဘက်ကပဲ ရှေ့နေ လိုက်လိုက်၊ တရားခံဘက်ကပဲ ရှေ့နေလိုက်လိုက် ကိုယ်လိုက်တဲ့အမှု အစွမ်းကုန်ကြိုးစားပေးရမှာက ဥပဒေဝန်ထမ်းတစ်ယောက်ရဲ့တာဝန်။ ဒါမှ တရားခံဘက်က လိုက်ခဲ့စေဦးတော့ ကိုယ့်ဘက်က အစွမ်းကုန် ခုခံချေပတယ်။ အယူခံတဲ့ကြားကမှ အမှုရှုံးရင် ကိုယ်နဲ့ ဘာဆိုင်လို့လဲ"

"ဒါပေမဲ့"

"ခဏနေဦး ... ရှေ့နေနဲ့ ဆရာဝန် မတူတဲ့အချက်က ဘာလဲ သိလား နိုင်"

"ဟင့်အင်း ... မမသက်"

ဘာကိုရည်ရွယ်ပြီး မေးသလဲမသိသဖြင့် နိုင် မသိကြောင်း ခေါင်းယမ်းပြလိုက်သည်။ အခု စိတ်အရှုပ်ဆုံးကတော့ ကိုယ် လက်ခံ ထားသည့် တရားခံမှု ရှုံးသွားခြင်းကြောင့်ပင် ဖြစ်သည်။

ကိုယ်လည်း မမသက်ပြောသလို အစွမ်းကုန် ရှေ့ဆုံးရေခမ်း ကြိုးစားခဲ့သည်။ အမှုရှုံးသွားသည့်အတွက် ဘာမှ မတတ်နိုင်။ ဆိုးတာ တစ်ခုက တရားခံဘက်မှ အင်အားတောင့်တော့ လူကို အခုပဲ သတ် တော့မှာလိုလို မျက်စောင်းတထိုးထိုး။

"ဆရာဝန်တစ်ယောက်က သူ ကုလိုက်တဲ့လူနာကို အသက် ရှင်စေချင်တာက အကြွင်းမဲ့မှန်တဲ့အမှန်တရား။ တရားခံတစ်ယောက်ရဲ့

ရှေ့နေတစ်ယောက်က သူ့အမှုသည်တစ်ယောက်ကို အပြတ်အနိုင်စေချင်တာက အမှန်တရားလို့ နိုင်လက်ခံလိုက်ရင် နိုင်က ဘယ်တရားရေးဥပဒေပညာရှင်ဖြစ်မလဲ။ မတရားရေးဥပဒေပညာရှင်ပဲ ဖြစ်တော့မှာပေါ့''

''ဟုတ်တယ်နော် ... အခု မသက်ပြောပြ ရှင်းပြမှပဲ နိုင် ကောင်းကောင်း သဘောပေါက်တော့တယ်။ အဲဒီလို သဘောပေါက်ရင် နိုင် တွေးမိသွားတာ တစ်ခုရှိတယ် သိလား''

မသက်ရဲ့မျက်ဝန်းတွေက စိတ်ဝင်စားသွားဟန်နှင့် ပြောလေဟုမေးသည်။ နိုင် ပြုံးရင်း –

''တရားခံဘက်က ရှေ့နေလိုက်မိတဲ့အခါ နိုင်တို့ဟာ ဘယ်လို ဝေဖန်ကဲ့ရဲ့မှုမျိုးကိုမဆို ကြံ့ကြံ့ရင်ဆိုင်နိုင်တဲ့သူဖြစ်ရမှာပေါ့။ မဟုတ်လို့ရှိရင် မသက် ပြောသလို နိုင်က ရှေ့နေကောင်း တစ်ယောက် ဘယ်ဖြစ်တော့မလဲနော့''

''ဒါပေါ့ ... ဒါပေါ့''

မသက်က ထောက်ခံစကားပြောသည်။ နိုင်ကလည်း အခုမှ စိတ်လက်ပေါ့ပါးသွားသဖြင့် အမှုတွဲဖိုင်ကို ဆက်လက် ကြည့်ရှုနိုင်တော့သည်။

အမှုက ခိုးရာပါပစ္စည်းကို လက်ခံသည့်အမှုဖြစ်သည်။

စောစောတုန်းကဆိုလျှင် မသက်က ဒီလိုဆို နိုင် ဘယ်တော့မှ ရှေ့နေကောင်းတစ်ယောက် မဖြစ်တော့ဘူး ဆိုလိုက်ခြင်းကို





နိုင် အတော်စိတ်ဆိုးသွားမိသေးသည်။

''ဟိတ် ဟိတ် ... အဲဒါ ဘာတွေကျိတ်ကြံပြီး ပြုံးနေတာလဲ''

ကိုယ့်အတွေးကို ကိုယ်သဘောကျကာ ပြုံးနေစဉ် မေသူအောင်က နိုင် စားပွဲရှေ့မှာ ဝင်ထိုင်ပြီး မေးလေသည်။

ကျောင်းတက်တုန်းက သိပ်မရင်းနှီးခဲ့ကြသော်လည်း ဤတောင်ပေါ်မြို့မှာပြန်ဆုံတော့လည်း အပြန်အလှန်ကူညီကြရင်း ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးသွားကြသည်။

''ဘာမှမဟုတ်ပါဘူး မေသူရယ်၊ ဒီလိုပဲ''

''အံမယ် ... ဘာဒီလိုပဲလဲ။ ဘာလဲ မောင်မောင့်ဆီ စိတ်ရောက်နေတာမဟုတ်လား။ မောင်မောင်ရေ အမယ်လေး တစ်ရက်တာ ဝေးရင်တောင်မှ တစ်သက်တာ ဝေးရသလို ထင်မိပါရဲ့နော်''

''သွားပါ ... ဘာတွေမှန်း မသိဘူး''

ဇာတ်သံနှော၍ ဆွဲဆွဲငင်ငင် ပြောနေသော မေသူ့ပုံစံက ချယ်စရာလို ဖြစ်နေတော့သည်။ နောက်တော့ ဟိုပြော ဒီပြောနှင့် စကားလမ်းကြောင်းပြောင်းသွားသည်။ နေ့လယ်နေ့ခင်းဆိုတော့ ရုံးထဲမှာ အလုပ်ကိစ္စများပါးနေသည်။

အမှုကိစ္စများပါးသည့်နေ့မျိုးဆိုလျှင် ရုံးထဲ၌ တိတ်ဆိတ်နေတတ်သည်။ တရားသူကြီးက အိမ်ပြန်သွားသဖြင့် ရုံးထဲ၌ ရှင်းနေသည်။

ခါတိုင်းဆိုလျှင် ရုံးထဲ ရဲတွေ၊ တရားလို၊ တရားခံတွေနှင့်

ပြင်ပလူများနှင့် ခြေရှုပ်နေတတ်သည်။ အဲဒီလိုနေ့မျိုးဆိုလျှင် နိုင်တို့တွေ ကိုယ်တိုင် အမှုသည်တွေနှင့် တွေ့ရ၊ အောက်ရုံးဘက်ဆင်းရနှင့် တော်တော်အလုပ်ရှုပ်နေတတ်သည်။

"ဝါး . . . အတော်ပျင်းစရာကောင်းတာပဲ၊ လက်ဖက်ရည်ဆိုင်သွားရအောင်လေ"

မမသက် လှမ်းအဖော်စပ်လေသည်။ နာရီကိုငုံ့ကြည့်လိုက်တော့ နေ့လယ် (၂) နာရီခွဲ ဖြစ်သည်။ အပြင်ဘက်၌ မိုးလေးကဖွဲဖွဲတော့ကျနေသည်။

ပျင်းစရာတော့ အတော်ကောင်းပါသည်။

"ဒီနားကဆိုင်လား မမသက်၊ အပြင်ထွက်ရမှာ ထီးကိုင်ရမှာပျင်းစရာကြီး"

မေသူက ပြောသာပြောသည် သွားဖို့ပြင်နေတာမို့ မမသက်က ပျင်းနေတဲ့မကလည်း တက်ကြွနေလိုက်တာဟု လှမ်းပြောသည်။

"သွားမယ်ဟေ့"

မမသက်က ဆော်ဩသလိုနှင့် မတ်တပ်ရပ်လိုက်တော့ နိုင်လည်း ထကာ ကုလားထိုင်နောက်မှီမှာ ချိတ်ထားသော အကျီနက်ကလေးကို ကောက်ဝတ်ကာ အပေါ်ဆုံးက တစ်ပွင့်တည်းသော ဖဲကြယ်သီးကိုတပ်လိုက်သည်။

ပြီးမှ လည်ပတ်ကိုင်နောက်၌ စုစည်းထားသောဆံပင်ကို သင်းလိုက်သည်။ နိုင်တို့ သွားဖို့ပြင်တာမြင်တော့ နွဲ့နွဲ့သီကလည်း မမသက်





က အပြင်သွားမှာတောင် မခေါ်ဖူးလို့ဆိုပြီး လိုက်ဖို့ပြင်သည်။

ဒီလိုအချိန်ဆိုလျှင် အခြားသောလူတွေလည်း ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ ဝိုင်းဖွဲ့နေသည်။

"အဲဒီပဲ သွားမလား"

နိုင်က ပြောတော့ မမသက်က ခေါင်းယမ်းကာ –

"လူ ဒီလောက်ရှုပ်နေတာ မျက်စိမအေး၊ နားမအေးနဲ့ ပန်ထိုက်သူဘက်သွားရအောင်"

"ပန်ထိုက်သူဘက်သွားချင်တာ ရှိုးမှရှိုးရဲ့လား မမသက်ရဲ့။ ဟဲ ဟဲ"

"ဟဲ့ . . . ဒီကောင်မလေး"

"ဝန်ခံလိုက်စမ်းပါ မမသက်ရယ်။ ကိုယ်ချင်းကိုယ်ချင်းတွေပဲဟာ ဘာရှက်စရာရှိလဲ။ မှန်မှန်ပြောနော်၊ မမသက်ရဲ့ကိုကိုစိုင်းကို အဖြေပေးဖို့ စဉ်းစားနေတယ် မဟုတ်လား"

"အို . . . ရှက်စရာ ကိုကိုကလဲ"

ယောက်ျားပုံစံနှင့် ခပ်တည်တည်ပြောလိုက်သော မေသူအောင်ရဲ့စကားကို နွဲ့နွဲ့သီက မမသက်ပုံစံနှင့် ခပ်ချွဲချွဲပြောသဖြင့် မမသက်က ရှက်ကိုးရှက်ကန်းနှင့် –

"မစနဲ့နော် . . . ငါရိုက်လိုက်ရ"

ဆိုပြီး မေသူအောင်ကို လက်နှင့်ရွယ်တော့ မေသူက ကိုယ်ကို နွဲ့ရှောင်ကာ နိုင့်ဘေးသို့ကပ်လိုက်သည်။

မိုးလေးက တဖွဲဖွဲဆိုတော့ ထီးက ယူမကောင်း မယူမကောင်း။ နိုင်ကတော့ စကားနည်းသူမို့ ထီးလေးကို လက်နှစ်ဖက်နှင့်စုံကိုင်ကာ ဆော့ကစားနေမိသည်။

"ဘယ်လဲ ဒီအဖွဲ့"

ရုံးရှေ့လက်ဖက်ရည်ဆိုင်၌ ထိုင်နေသော ရုံးစာရေးအဖွဲ့က မေးသဖြင့် မသက်က ပန်ထိုက်သူဘက် မေးထိုးပြသည်။

ရုံးရှေ့ဆိုင်တွင်တော့ အမြဲတမ်း အမှုသည်၊ ရှေ့နေတွေ၊ စာရေးတွေနှင့် ပြည့်နေသဖြင့် နိုင်တို့အဖွဲ့က အဲဒီဆိုင့်မှာ သိပ်မထိုင်ပါ။ တစ်ခါတလေ ပန်ထိုက်သူမှာ လူအရမ်းများလျှင်တောင် ဟိုး လမ်းကွေ့လေးမှာ ဖွင့်ထားသည့်ဆိုင်ထဲ သွားတတ်ကြသဖြင့် –

"အံ့ပါဗျာ ... ရှေ့နေတွေတဲ့၊ လူကြောက်တတ်လိုက်ပုံများ။ ဒါနဲ့ စကားမစပ် လူကြောက်လို့လား၊ ချောင်းရိုက်ခံရမှာကြောက်လို့လား"

ဟု မသက်နှင့် စနောက်သော ကိုစိုင်းက အရွှန်းဖောက်တတ်သည်။ ကိုစိုင်းကလည်း လူပျိုကြီး၊ မသက်ကလည်း အပျိုကြီး။ ချိတ်ခြင်းချိတ်လို့ရအောင် ဟိုဘက် ဒီဘက် လူတွေက ပိုင်းပြီး စနောက်လော့ကြပေမယ့် မသက်တို့ပုံစံက မှုနေကြတာလား၊ ရှက်နေကြတာလားမသိ၊ အခြေအနေက ထူးမလာ။

"နိုင် လာမယ် sunday ကျရင် ကိုယ်နဲ့ အဖော်လိုက်ခဲ့နော်"

"ဘယ်သွားမလို့လဲ မေသူရဲ့။ နွဲ့တို့ကော မလိုက်ရဘူးလား"





"ဩော် ... ဒီကလေးနဲ့၊ နေရာတကာပါချင်တယ်။ လူကြီးတွေ စကားပြောနေတယ်၊ နေရာတကာ ဝင်မပါနဲ့"

"ဟီး ဟီး ... မေမေဗိုက်ဆာတယ် ဗိုက်ဆာတယ်"

'အယ်တော် ... နွဲ့ရေ သူငယ်ပြန်သွားတာတော့ မဟုတ်ပါဘူးနော်။ ဆေးလေး ဘာလေး လှုပ်သောက်ဦးလေ သမီး"

တစ်ယောက်နှင့်တစ်ယောက် စနောက်နေသော မေသူအောင်နှင့် နွဲ့နွဲ့သီကိုကြည့်ပြီး မသက်နှင့် နိုင်က ရယ်ရုံသက်သက်။ နောက်မှ နိုင်က –

"နေပါဦး မေသူရဲ့၊ ဘယ်သွားမလို့လဲ"

ပြန်အစဖော်မှ တစ်ယောက်နှင့်တစ်ယောက် စနောက်နေမှုများအား ရပ်ကာ –

"တို့ ရန်အောင်မြင်ကိုသွားချင်လို့၊ တို့မွေးနေ့အတွက် ဆွမ်းကပ်ချင်လို့လေ"

"အောင်မယ် ... ဒါကို လျှိုထားတယ်ပေါ့လေ။ ကျွေးရမှာကြောက်လို့ပေါ့ ဟုတ်လား။ ဟိုတစ်ခါ မသက်မွေးနေ့တုန်းကတော့ ဖြင့် စားလိုက်၊ သောက်လိုက်တာများ ဗိုက်အပိုင့်ာလာရလား အောက်ခမ့်ရတယ်။ သူ့ပွဲကျတော့ ကျိတ်ပြီး ဘုန်းကြီးဆွမ်းကပ်မလို့တဲ့၊ ဒါမျိုးရမလား မိချိုသဲ"

မသက်စကားကြောင့် မေသူက လက်နှစ်ဖက် ခေါင်းပေါ်တင်ကာ –

''ကြောက်ပါတယ်ရှင်၊ ဒီအုပ်စုကို လွန်ဆန်ရဲတဲ့ဆန္ဒကျွန်တော်မျိုးမှာ မရှိကြောင်းပါ သခင်မဖုရား''

လက်ဖက်ရည်ဆိုင်နှင့် နီးလာမှ အားလုံးရဲ့မျက်နှာပိုးတွေ သတော့သည်။

ဒီအုပ်စုထဲတွင် မမသက်က အပျိုကြီးဆိုပြီး မျက်နှာတည်တည်ကြီးနှင့် မနေတတ်တဲ ပျော်ပျော်နေတတ်ကာ အများနှင့်သွားလာသည့်ကိစ္စနှင့် ဇီဇာမကြောင်တတ်ပေ။ ထို့ကြောင့်လည်း အပျိုကြီးအပျိုကြီးနှင့် စနောက်ပေမယ့် မမသက်ကို ထိခိုက်လောက်သည့်အထိမျိုးတော့ မစနောက်တတ်ကြပါ။

''ဟယ်တော် မမသက်ရေ မေသူတို့မသိအောင် ချိန်းထားတာများလား''

''ဘာလဲ''

''ဟိုမှာ ဟိုမှာ''

မေသူက ဘယ်သူလဲမပြောဘဲ ဟိုမှာ ဟိုမှာနှင့် မေးငေါ့ပြသဖြင့် မမသက်တို့နှင့်အတူ ဆိုင်ထဲသို့ ခိုင်လှမ်းကြည့်လိုက်တော့ ကိုစိုင်းကိုတွေ့ရသည်။ ခိုင်သဘောကျစွာ ပြုံးရင်း တပြည့်ပြည့်အကြည့်က ကိုစိုင်းဘေးကို ရောက်သွားသောအခါ နှုတ်ခမ်းထက်၌တင်နေသော အပြုံးတို့သည် ဖရိုဖရဲ လွင့်စင်သွားလေသလားမသိ

❁



You have become a mature person when keeping a secret gives you more satisfaction than passing it along.

လျှို့ဝှက်ချက်တစ်ခုကို သူတစ်ပါးအား ဖွင့်မပြောဘဲ နှုတ်ပိတ်နေရတာကို ပိုပြီးပီတိဖြစ်မိတယ်ဆိုရင် သင်ဟာ ရင့်ကျက်သောသူတစ်ယောက် ဖြစ်လာပါပြီ။

## အခန်း (၈)

သူတို့ရုံးကလူတွေနှင့် နေ့လယ်နေ့ခင်း လက်ဖက်ရည် ထွက်သောက်တော့ ဆိုင်ထဲတွင် ကိုစိုင်းကျော်ကိုလတ်က ရောက်နှင့်နေသည်။

သူ့ကိုမြင်တော့ ဖော်ဖော်ရွေရွေ ထနုတ်ဆက်ကာ သူ့ဝိုင်းတွင်ပဲ ဝိုင်းထိုင်စေသည်။ ဤပတ်ဝန်းကျင်တွင် ရှာနဆိုင်ရာဝင်းတွေက ဆက်တိုက်လိုဖြစ်နေတော့ ဝန်ထမ်းတွေလည်း စိမ်းသက်မနေချေ။

စားပွဲခုံများကို စွယ်တော်ပင်တန်းအောက်မှာ နေရာချထားသဖြင့် တိတ်ဆိတ်နေသည်။ သို့သော် မိုးလေးက ဖွဲဖွဲကျနေသဖြင့် ဆိုင်ထဲမှာပဲ ထိုင်ဖြစ်ကြသည်။

သူကတော့ တိတ်ဆိတ်သောပတ်ဝန်းကျင်ကို သဘောကျပါသည်။ ကိုစိုင်းတို့ကတော့ မနက်က ချယ်လ်ဆီးနှင့် လီဗာပူးအသင်းရဲ့ ယှဉ်ပြိုင်မှုများအကြောင်း အားရပါးရ ပြောနေကြသည်။ သူကတော့





သောက်ျားလေးတန်မဲ့ ဘောလုံးကို သိပ်နားမလည်သဖြင့် ဝင်မဆွေးနွေးဖြစ်ပေ။

သူတို့ပြောသမျှကိုသာ နားထောင်မိရုံသက်သက် ဖြစ်သည်။ ဘောလုံးတွင် ဝါသနာအကြီးဆုံးကတော့ သူတို့ရုံးမှ ကိုနိုင်သူဖြစ်သည်။

"ကျွန်တော် မနေ့က ချယ်လ်ဆီးဘက်က ပုံအောပစ်လိုက်တာများ ပထမပိုင်းတုန်းကဆို ချယ်လ်ဆီးဘက်က လုံးဝအသာစီး။ ဟော တဖြည်းဖြည်း ဖောက်လာတော့တာပဲဗျာ"

"ခင်ဗျားက လီဗာပူးကို အထင်သေးတာကို ကိုနိုင်သူရဲ့။ လီဗာပူးက တိုက်စစ်မှူးတွေကလည်း နယ်နယ်ရရမဟုတ်ပါဘူး"

လီဗာပူးအသင်းကို အားပေးသော ကိုမော်မော်က ဝင်ပြောသည်။

သူကတော့ ကုန်သွားသည့် စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်သည်။ အငွေ့လက်ကျန်တို့သည် လေထဲတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ချိုစိမ့်သောလက်ဖက်ရည်ကို မော့လိုက်စဉ်

"ဟယ်တော် ... အစ်ကိုစိုင်းရေ မေသူတို့ မသိအောင် ချိန်းထားကြတာတော့ မဟုတ်ပါဘူးနော်"

လူရိပ်တွေနှင့်အတူ ထွက်ပေါ်လာသောစကားသံကြောင့် မော့ကြည့်လိုက်တော့ ရှေ့နေများဖြစ်နေသည်ကို တွေ့ရသည်။

"ချိန်းမထားပေမယ့် စိတ်ခြင်းဆက်နေတယ်နော် သက်"

"အောင်မယ် . . . အသားယူလိုက်ပုံများ။ ဆည်မြောင်းရယ်လို့ မပြောရဘူးနော်၊ သိပ်ပြီးရေမြောင်းပေါက်တော်တာ။ လုပ်မနေပါနဲ့ရှင် ပင်ပန်းပါတယ်။ စောင်ခြုံကွေးနေလိုက်ပါ"

"ဟယ် . . . မမသက်ကတော့လုပ်ပြီ"

"သက်ခြုံပေးရင် ခြုံပေးလေ"

"သေလိုက်တော့လို့ ပြောတာ ရှင်ရေ"

အသက်အရွယ်တွေကြောင့်များလားမသိ ရှက်ကိုးရှက်ကန်းမရှိတော့ဘဲ အပြန်အလှန်စနောက်နေကြသည်။ သူတို့ဝိုင်းမှာက လူလေးယောက်ပဲမို့ ကိုစိုင်းက –

"ဒီမှာပဲ စားပွဲဆက်လိုက်ပါလား။ ညီလေးရေ စားပွဲဆက်ပေးပါဦး"

သူမတို့ဝင်လာကတည်းက စားပွဲထိုးလေးက အထာသိပုံနှင့် ဘေးမှာရပ်စောင့်နေခြင်းဖြစ်ပြီး ကိုစိုင်းရဲ့စကားကြောင့် စားပွဲထိုးလေးက သွက်လက်စွာ ဆက်ပေးသည်။ နေရာတကျ ဝင်ထိုင်လိုက်သည့်အခါမှ –

"ဟင်"

သူ့ဘေးမှာရှိသော တစ်ယောက်ဆီ ဘာရယ်မဟုတ် ကြည့်လိုက်မိစဉ် အံ့ဩသွားမှုက ထိန်း၍မရချေ။ တော်တော်လေးကို အလစ်အငိုက်မိသွားသလို နှုတ်ခမ်းက ဟသွားသည်။ ဒါကို ဘယ်သူမှမရိပ်မိလိုက်၍ ကံကောင်းသည်ဟုဆိုရမလား။ ကံဆိုးသည်ဟု ဆိုရ





[illegible]ား ပြောတတ်တော့ပေ။

"လူသစ်တိုးနေပါလား"

မမသက်ဆိုသည့်အမျိုးသမီးက သူ့ကိုကြည့်ပြီးပြောတော့ ကိုစိုင်းက အလိုက်တသိပင် မိတ်ဆက်ပေးသည်။

"ဇင်မင်းထွန်းတဲ့ဗျာ၊ ပြီးခဲ့တဲ့ အပတ်ကမှ ပြောင်းလာတာ။ [illegible]ရင်းက။ ဇင်မင်းထွန်း၊ သူတို့က ကိုယ်တို့တွေနဲ့ အရမ်းရင်းနှီး[illegible]ယ်။ ဒါက မမသက်တဲ့၊ ပျော်ပျော်နေတတ်တဲ့အပျိုကြီး"

"အံ့မယ် . . . မယ်၊ အပျိုကြီးဆိုလည်း ဘာဖြစ်သတုံး။ မိတ်ဆက်ပေးတာများ အဲဒါကို ထည့်ပြောစရာလားလို့။ ဒါဆို ဒီက မမသက်တို့ကလည်း မိတ်ဆက်ပေးရဦးမယ်။ မောင်လေးရေ ဟောဒါက အပျိုလေး မေသူအောင်၊ သူကလည်း အပျိုလေးနွဲ့နွဲ့သီ၊ ဟောသူကလည်း အပျိုလေး သစ္စာခိုင်။ အဲဒီလိုပြည့်ပြည့်စုံစုံမိတ်ဆက်ပေးတော့ မကောင်းဘူးလား"

"မမသက်တို့ကတော့ လုပ်ပြီ မမရေ၊ ကိုယ့်ညီမတွေအကြောင်း အဲဒီလောက်မကြော်ငြာနဲ့နော်။ ဟောဒီက စွန်တွေကဒိုးရန်အသင့်တဲ့"

ကိုမော်အောင်က ဝင်အရွှန်းဖောက်တော့ မမသက်က ရယ်လျက်နှင့် မျက်စောင်းလှမ်းထိုးလေသည်။ မိတ်ဆက်ပေးစဉ်က သူ့ဆီသို့ အကြည့်တစ်ချက် မရောက်တစ်ရောက် ရောက်လာသဖြင့် မျက်ဝန်းချင်း တွေ့တွေ့ဆိုင်ဆိုင် ဆုံခွင့်မရလိုက်ပေ။ မည်ကဲ့သို့သော

အရိပ်အယောင်မျှမှ ထင်ကျန်မနေခဲ့သဖြင့် ဤပိုင်းတွင် ကိုယ် မတွေ့မမြင်သေးခင်ကတည်းက သူမက ကိုယ့်ကို တွေ့မြင်သွားခဲ့ပုံရသည်။

စားပွဲထိုးကို အားလုံးစားချင်တာ၊ သောက်ချင်တာ အသီးသီး မှာနေကြသည်။

သူမထံမှ ဘလက်ကော်ဖီမှာလိုက်သံကြောင့် ဩော် ဒီနေ့ထက်တိုင် သူမရဲ့အကြိုက်က မပြောင်းလဲသေးပါလား။

ဟိုတုန်းကတော့ မိန်းကလေးတန်မဲ့ ဘလက်ကော်ဖီ ကြိုက်တတ်သော သူမရဲ့အကြိုက်ကို အမြဲတမ်း မှတ်မိနေကာ သူမနှင့် လက်ဖက်ရည်ဆိုင် အတူထိုင်ဖြစ်သည့်အခါတိုင်း ဘလက်ကော်ဖီဟု သူက ကြိုမှာပေးခဲ့ဖူးသည်။

နှစ်တွေကလည်း ခုနစ်နှစ် ရှစ်နှစ်လောက်ရှိပြီ။ သူမ အိမ်ထောင်မကျသေးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ သူတစ်ယောက်တည်း အတွေးတွေနှင့် ရှုပ်ယှက်ခတ်နေစဉ် မျက်နှာချင်းဆိုင်မှ မေးလိုက်သည့် အမေးတစ်ခွန်းကို ရုတ်တရက် မကြားမိပေ။

"မသက် ဘာမေးလိုက်တာလဲ ခင်ဗျာ"

သူ့ကိုယ်သူ မမသက်ဟု မိတ်ဆက်ပေးသော မမသက်ကို သူ ပြန်မေးလိုက်သည်။

"မြေစာရင်းကဆိုတော့ ... ဩော် သိပြီ မဇော်တို့အိမ်ကို ပြောင်းလာတဲ့ ဒုဦးစီးမှူးလား"

"မဇော်ဆိုတာ"





"မမဇော်ကိုပြောတာလေ"

"ဟုတ်ပါတယ် မမသက်"

"ဟယ်တော် ... မိတ်ဟောင်းဆွေဟောင်းပဲဟာ့။ နောက်ဆိုမင်းက တို့အိမ်တက် အကူအညီတွေ တောင်းရဖို့ ရှိချင်ရှိမှာ။ ဒီပိုင်းကို အကာခံလိုက်ပါ ငါ့မောင်ရယ်၊ ကုသိုလ်ရတာပေါ့နော့ နိုင်"

ပြောရုံတင်မက သူမကိုပါဆွဲထည့်လိုက်သည်။ သူမကတော့ သူ့ကို လုံးဝမကြည့်ဘဲ မမသက်ကို တံတောင်နှင့်လှမ်းတွတ်လိုက်သည်။ မျက်နှာထက်၌ ဖျတ်ခနဲ အရိပ်အယောင်တစ်ခုကို တွေ့မြင်လိုက်ရတော့ စိတ်မသက်မသာသလို ခံစားလိုက်ရသည်။

"မသက်တို့က အပျိုကြီးလို့မပြောရဘူး။ သိပ်ပြီး ဈေးတွက်တွက်တယ်နော်၊ နစ်နာနေဦးမယ်"

"အမယ်လေး ကိုနိုင်သူရယ် ... ဒါများပြောစရာလား။ အတူ့အလှည့်ပေါ့။ ကိုနိုင်သူတို့ဆို တစ်ခါတလေ မေသူတို့ကို ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ရှင်းနိုင်းခဲ့တာလေ"

"မေသူကလည်း နိုင်တို့က ကိုယ့်ဘာသာရှင်းဖို့ စဉ်းစားပြီးမှ လက်ဖက်ရည်ဆိုင် ထွက်လာတာပါနော်၊ ကိုနိုင်သူ။ မမသက်က မျှော်လင့်စေလို့စတာကို"

"ဟဲ့ ... နိုင်"

"နိုင်ကလည်းကွာ"

ဩော် ... သူမရဲ့ ဆတ်ဆတ်ကြဲစိတ်ဓာတ်လေးများ

ကလည်း ယခုထက်တိုင် မပြောင်းလဲသေးပါလား။ အခြားသော မိန်းကလေးတွေလို ဟန်တွေ၊ ပန်တွေ သိပ်မလုပ်တတ်တဲ့ သူမရဲ့ အဲဒီဆတ်ဆတ်ကြဲစိတ်ဓာတ်ကြောင့်ပဲ သူ။

ဖြစ်ပျက်သွားသည့် အခြေအနေတစ်ခုကို ကိုစိုင်းက -

''ဘယ်သူ့ကိုမှ မရှင်းနိုင်းပါဘူး နိုင်ရယ်။ မမသက်ကိုမြင်မှ တော့ ကိုယ်ပဲရှင်းတော့မှာပေါ့။ မဟုတ်ရင် ကိုယ့်ကွယ်ရာမှာ စိတ်ဆိုး နေဦးမယ်''

အခြေအနေတစ်ခုက ငြိမ်သက်သွားသည်။

သူကတော့ သူ့ကို လုံးဝမကြည့်သော သူမကို မသိမသာ ကြည့်မိသည်။

ရှစ်နှစ်နီးပါးကာလအတွင်းမှာ သူမရဲ့ နုပျိုမှုများက တစ်မျိုး ပြောင်းကာ ယခုတော့ တစ်နည်းတစ်ဖုံ လှနေသည်။ အမြဲတစေ ခပ်တင်းတင်းနှင့် သေးသွယ်သောနှုတ်ခမ်းတို့ကတော့ မပြောင်းလဲ။ သူသိရသလောက် ထိုသို့သော နှုတ်ခမ်းများသည် စွာကြသည်။

သူမက စွာတော့စွာသည်၊ ဒါပေမဲ့ မဟုတ်မခံ ဆတ်ဆတ် ကြဲဖြစ်သည်။ ယခုတော့ ထိုနှုတ်ခမ်းထက်၌ ပန်းနုရောင်ဆေးသားတို့ သည် မပြယ်တပြယ်။

ဒီလောက်နှစ်များအတွင်း ခန္ဓာကိုယ်သည် သိသိသာသာ ပြောင်းလဲသွားခြင်းမရှိချေ။ ထူးခြားလာတာ တစ်ခုက ဟန်ဆောင်မှု ကောင်းလာကာ ရင့်ကျက်နေပြီ။





ယခင်တုန်းက သိခဲ့သော သစ္စာခိုင်ဆိုတဲ့ မိန်းကလေးက သိလွယ်ရှုလွယ် ခံစားလွယ်သည့် မိန်းကလေးဖြစ်သည်။ စိတ်ဆိုးလို့ပဲ ဖြစ်ဖြစ်၊ စိတ်ကောက်လို့ပဲဖြစ်ဖြစ် မျက်နှာထက်၌ တန်းခနဲပေါ်တတ် သည်။

ယခုတော့ သူ့ကိုတောင် ဘယ်တုန်းကမှ မသိမမြင်ခဲ့ဖူးသူ တစ်ယောက်လို ပုံစံနှင့်။ မည်သည့်အသိအမှတ်ပြုခြင်းကိုမှ သူမ၏ ရုပ်သွင်၌ ထင်ကျန်မနေရစ်ခဲ့ပေ။

ရှစ်နှစ်ဆိုသည့် အချိန်ကာလ သမားတော်ကြီးက သူမကို ကုစားပေးလိုက်တာလား။ သူမကိုယ်တိုင် ပြည့်ပုံးကားချခဲ့လေသလား။

အင်းပေါ့လေ၊ သူမဘက်က မသိမမြင်ဖူးသူလို ဆက်ဆံခြင်း ကတော့ ဘယ်လွန်မလဲ။ စိမ်းကားသောအကြည့်စိမ်းတွေနှင့် ကြည့် မလာခဲ့ခြင်းကိုတောင် ကျေးဇူးတင်ရဦးမည်။ ယခုလောက်ထိ ဟန် ဆောင်နိုင်ခြင်းကို ကျေးဇူးတင်ရမည်။

အတိတ်မှာတုန်းကတော့ သူက နုနယ်သည့် နှလုံးသား တစ်စုံကို သစ်စိမ်းချိုး ချိုးခဲ့သူလေ။

''ဟောတော် ... မိုးကတော့ သည်းလာပြန်ပြီ။ စိတ်ညစ် လိုက်တာ''

နွဲ့နွဲ့သီဆိုတဲ့ အမျိုးသမီးရဲ့စကားကြောင့် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့ ဟုတ်ပါရဲ့၊ မိုးက ဖွဲဖွဲလေးရွာနေရာမှ တဖြည်း ဖြည်း သည်းလာသည်။ လေတွေမပါလို့တော်သေးသည်။ မိုးကသာ

ရှာနေသည် . . . နေက တိမ်ကြားသို့ မဝင်ချေ။

ဟိုးအရှေ့ဘက်ဆီ၌ ရောင်စုံခုနစ်သွယ် သက်တံစဉ်က တဖြည်းဖြည်းထွက်လာသည်။

"အိမ်နီးချင်းတွေဖြစ်နေပြီပဲ လိုအပ်တဲ့အကူအညီပြောလေ။ ဟိုတစ်နေ့က ရဲနောင်နဲ့စကားပြောလို့ ဒုဦးစီးအသစ် ပြောင်းလာတာ သိတယ်။ ဒီနေ့မှပဲ တွေ့တွေ့ဆိုင်ဆိုင်"

"ဟုတ်ကဲ့ပါ မမသက်"

"ဒါနဲ့ လားရှိုးကို ဒုသမ္မတလာမယ်ဆို ဟုတ်လား ကိုစိုင်း"

"ကြားတော့ကြားနေတာပဲ။ ဒီမိုးတွင်းမှာလာရင်တော့ ကျွန်တော်တို့ဆည်မြောင်းက လူတွေတော့ ဒုက္ခပဲ။ လားရှိုးမှာ ရေကြီး နေတာ နှစ်နှစ်ဆက်တိုက်လိုဖြစ်နေတာ မဟုတ်လား။ နမ့်ကျုန် ဆည် တောင် စောင့်ကြည့်နေရတယ်။ ဆည်ပေါက်လို့ကတော့ အောက်ဘက် ကရွာတွေ ဒုက္ခရောက်နိုင်တယ်။ ပြောလို့တော့မရဘူး။ ဒီနှစ်က မိုးအစ ပဲရှိသေးတယ်။ မိုးကပဲ ကြီးနေပြီ"

"ကြီးလို့သာ ကြီးနေပါတယ်ရှင်။ ဟို ပခုက္ကူလို မုံရွာလို အညာမှာတော့ မိုးမလာလို့ တောင်သူတွေ စိတ်ညစ်နေကြတယ်တဲ့။ စိုက်ဖို့ ပျိုးဖို့က မြေတွေက အဆင်သင့်။ မိုးက တစ်ပေါက်ကယ်မှ မကျတော့ တောင်သူတွေခမျာလေ သနားစရာ"

"အင်း ဒီအတိုင်းသာဆိုရင်တော့ တောင်သူတွေအတွက် ရင်လေးစရာ။ ဈေးငွေကိစ္စကလည်း ရှိသေးတယ် မဟုတ်လား"





"မေသူကတော့လေ မန်းမှတ်အတတ်ပညာရှိလို့ကတော့လေ မေသူတို့ရှမ်းပြည်မှာ ရွာနေတဲ့မိုးတွေကို မန်းမှတ်ပြီး အညာဘက်ကို မှုတ်ထုတ်လိုက်မယ် သိလား"

မေသူအောင်ရဲ့အတွေးက ကလေးအတွေးမို့ အားလုံးက သဘောကျစွာ ရယ်လေသည်။ သူမကတော့ စကားအနည်းဆုံး ဖြစ် သည်။ သို့သော် ဘယ်သူဘာပြောပြော ရယ်ပေးဖို့တော့ ဝန်မလေး ပေ။

နောက်တော့ စကားတွေက ဟိုရောက် ဒီရောက်ဖြစ်ကုန် သည်။

❀

The sorrow which has no vent in tears may make other organs weep.

မျက်ရည်မကျအောင် ထိန်းချုပ်ထားရတဲ့ ပူဆွေးသောကရောက်မှုသည် ကိုယ်တွင်းရှိ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို ငိုယိုပြီးတွားစေပါသည်။

## အခန်း (၉)

မိုးမရွာသော်လည်း ကောင်းကင်ထက်၌ တိမ်သား တိမ်လိပ်တို့သည် မည်းမှောင်လျက်။ တစ်ခါတစ်ရံ လျှပ်ရောင်တဝင်းဝင်း။ ဟိုနားဒီနားမှာ လျှပ်ပြေးလျက်။ မိုးရွာဖို့ရန် အရိပ်အရောင်ပြနေသော်လည်း –

"မိုးဖြူမဆဲ၊ မိုးမည်းမရွာ" ဆိုသည့်စကားအတိုင်း ရွာလျှင်တောင် မဆဲစတမ်း သည်းသည်းမည်းမည်း ရွာလိမ့်မည်မဟုတ်။

ပြတင်းပေါက်တံခါးပိတ်ထားခြင်းအတွက် သိပ်ပြီးစိတ်မပူ။ အို မိုးရွာမှာစိုးလို့ တံခါးပိတ်လိုက်တာမဟုတ်ပါ။ နိုင်ရဲ့အခန်း၌ လှမ်းမြင်နေရသော လူတစ်ယောက်အခန်းနှင့် မျက်နှာချင်းဆုံမှာစိုး၍ နိုင်ကိုယ်တိုင် ပိတ်ခဲ့တာပဲ။

မေ့ထားခဲ့တဲ့ အနာဟောင်းဟာ အသစ်ပြန်ဖြစ်မှာစိုးထိတ်သည့် စိတ်များနှင့် နိုင် အိပ်၍မပျော်ခဲ့ပါ။

တဖြတ်ဖြတ်နှင့် တောက်ပသော သူမျက်ဝန်းတွေရဲ့ လွှမ်းမိုးမှုကို သစ္စာနိုင်ဆိုတဲ့ သူမက ဘယ်တုန်းက ရုန်းထွက်နိုင်ခဲ့ဖူးလို့လဲ။ အဲဒီ စူးရှတဲ့ မျက်ဝန်းတွေအောက်မှာ ကျရှုံးခဲ့မှာစိုး၍ နိုင် သူနှင့် မျက်ဝန်းချင်းမဆုံအောင် ကြိုးစားခဲ့ရတဲ့အဖြစ်။

ရှစ်နှစ်တာကာလအတွင်းမှာ ပထမဆုံးဆုံတွေ့လိုက်ရတဲ့ ခဏ ရင်ခုန်သံတို့က ဟိုငယ်ငယ်တုန်းကလို အမှတ်မရှိ ခုန်မြည်နေဆဲ။

ဖြစ်မှမဖြစ်နိုင်တာပဲ။ ဘာတွေ ရူးနေတာလဲ သစ္စာနိုင်ရယ်ဟု ကိုယ့်ဘာသာ ဖြေသိမ့်ခဲ့ရတာကလည်း ခုမှမဟုတ်ဘဲကွယ်။

နောက်ဆုံးတော့လည်း သစ္စာနိုင်ဆိုတဲ့ သူမက "ကိုစွာ (ဖန်ခါးမြေ) ရဲ့ ကြိုယာအလွဲ' ကဗျာထဲကလို ထပ်တူထပ်မျှ။

"ဆုံဆည်းခွင့်မပေးတဲ့
ကံကြမ္မာရယ်
စကားလုံးတွေ ပါဝင်ခွင့်မရှိတဲ့
နှုတ်ဆက်ခြင်းတွေ။
ပျောက်ဆုံးသွားတဲ့
ဆက်သွယ်မှု ဧရိယာရယ်
တာရင်းသေထားလိုက်တဲ့
ပိုင်ဆိုင်မှု ပုဒ်မရယ်
အရောင်တွေခွဲခြားတတ်တဲ့
မျက်လုံးသေတွေရယ်





အားလုံးကို ငါမုန်းတယ်"

ဆိုတဲ့ ကဗျာစာသားတွေဟာ နိုင့်ကိုများ ရည်ညွှန်းခဲ့သလားသရောရယ်ဟု မေးလိုက်ချင်သည်။

ချစ်ဦးသူထားခဲ့တဲ့နေရာမှာ မာန သိပ်ကြီးလှပါတယ်ဆိုတဲ့ သစ္စာနိုင်ဟာ အရှုံးကြီး ရှုံးကျန်ခဲ့ရတဲ့အဖြစ်တွေက အိပ်မက်မှ မဟုတ်ဘဲကွယ်။

တစ်ခါတလေကျတော့လည်း ထိုအဖြစ်တွေဟာ အိပ်မက်သာ ဖြစ်ခဲ့လျှင် ဘယ်လောက်တောင်ကောင်းလိမ့်မလဲဟု နိုင် အကြိမ်ကြိမ်တွေးခဲ့ဖူးသည်။ အိပ်မက်ဆိုလျှင်တောင် နိုင် အင်မတန်မှ မုန်းတီးခဲ့သော အိပ်မက်ဖြစ်ပါစေတော့။

မုန်းတယ် ဟုတ်တယ်။ မချစ်တတ်သလိုလိုနဲ့ သိပ်ကို အချစ်ကြီးတတ်ခဲ့တဲ့ နိုင်ရဲ့ နှလုံးသားကို နိုင် မုန်းတယ်။

ပြန်ဆုံတဲ့အခါ ဘယ်လိုမျက်နှာထားနှင့် မျက်နှာချင်းဆိုင်ရကောင်းမလဲဟု မတွေးထားခင် တွေ့တွေ့ဆိုင်ဆိုင် လာဆုံနေသည့်အဖြစ်။ အရင်တုန်းကတော့ ဘယ်သောခါမှ ပြန်မဆုံနိုင်တော့တဲ့သူရယ်ဟု သတ်မှတ်ခဲ့တာကို။

ပြန်တွေ့လိုက်ရတဲ့ ခဏ ရင်ထဲ ထိုက်ခနဲ ဖြစ်သွားရသည့်အနေအထားကိုလည်းမုန်းသည်။

"နိုင်ရေ့ ဖုန်းလာနေတယ်လေ။ တို့က လူမရှိဘူးမှတ်နေတာ"

"ဟင်"

ခုတင်ထက်မှာ ငှုငှုကြီးထိုင်ကာ ဟိုတွေး ဒီတွေးရှိနေဆဲအချိန် အိပ်ခန်းပေါက်ဝရှေ့မှာ လာရပ်ပြီး ပြောလိုက်သည့် မမသက်ရဲ့စကားကြောင့် အသိဝင်သွားခဲ့သည်။

ဖုန်းသံကတော့ အဆက်မပြတ် မြည်နေခဲ့သည်။ ဤမျှဆူညံနေသောဖုန်းသံကို မကြားနိုင်လောက်အောင် ဘာတွေ အတွေးနယ်ချဲ့နေပါလိမ့်လို့ ကြည့်သွားသည့် မမသက်ရဲ့အကြည့်တွေနှင့်ရင်ဆိုင်လိုက်ရသည်။

"ဒါဟာ အချစ်စစ်မှန်လို့ ကိုယ်ထင်ပေမယ့်"

ဖုန်းလေးကို ကောက်ကိုင်ကြည့်လိုက်တော့ သက်လင်းထွဋ်ဖြစ်နေသည်။ အခုချိန်မှာ ဘယ်သူနှင့်မှ စကားပြောချင်စိတ် မရှိပေမယ့် သက်လင်းထွဋ်မို့ နိုင် ဖုန်းကို အလိုအလျောက် ဖွင့်လိုက်မိသည်။

ပြတင်းပေါက်အပြင်ဘက်၌ မိုးရွာနေသလားမသိ ဝါးတားတား ဖြစ်နေသည်။

"ဟယ်လို"

"ငါ ဖုန်းခေါ်နေတာ အကြာကြီးပဲ နိုင်။ ဖုန်းထားပြီး ဘယ်တွေသွားနေတာလဲ၊ ဒီမှာတော့ မိုးရွာနေတယ်"

"-----"

သက်လင်းရဲ့စကားသံတို့ကတော့ တက်ကြွစွာ ထွက်ပေါ်နေသည်။ နိုင့်လက်တွေ တဆတ်ဆတ်တုန်ရင်း မျက်ရည်တွေဝဲလို့လာခဲ့သည်။

"ဟယ်လို နိုင်၊ ဘာဖြစ်နေတာလဲ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းပါတယ်ဆိုတဲ့ အသံကိုက မဟုတ်သေးဘူး။ နိုင်နင် ဘာတွေဖြစ်နေတာလဲ။ ဘာလဲ နေရထိုင်ရတာ အဆင်မပြေတာလား။ ဘာအဆင်မပြေတာလဲ ငါ့ကိုပြောလေ"

"-------"

တယုတယ မေးခွန်းသံတွေကြောင့် မျက်ရည်တွေက ဝဲရုံတင်မက ပါးပြင်ပေါ်သို့ ကြွေကျကာ မေးဖျားထက် ခိုတွဲသွားခဲ့သည်။ ရှိုက်သံတောင် မထွက်ဘဲ ကိုယ့်ကိုယ်ကိုတောင် မျက်ရည်ကျနေလို့ကျနေမှန်းမသိခဲ့ပေ။

"ဟုတ်ပါပြီ နင်တစ်ခုခုဖြစ်နေပါတယ် နိုင်။ ငါ့ကို မပြောရင်နင် ဘယ်သူ့ကိုသွားပြောမလဲ နိုင်ရယ်။ နင် ဘာခံစားနေရရ၊ ငါ့ကိုရင်ဖွင့်ပေးလိုက်ရမှ ပေါ့သွားတယ်ဆို။ အခု နင် ဘာတွေဖြစ်နေသလဲငါ့ကိုပြောပေါ့"

ချော့မော့ပြောနေသည့်လေသံက ဟိုတုန်းကနှင့် တစ်ထေရာတည်း။ ဟိုတုန်းက ချစ်သူရဲ့ ချော့မော့မှုကို မခံခဲ့ရတဲ့နိုင်ဟာ သူငယ်ချင်းဖြစ်သူရှေ့ရောက်ရင် အလိုလို မျက်ရည်ကျခဲ့တာတွေ၊ နောက်ဆုံးသူငယ်ချင်းဖြေသိမ့်ပေးတာနဲ့ပဲ ချစ်သူအပေါ် စိတ်တို စိတ်ကောက်ပြေခဲ့ရတာတွေ။ ခြောက် ယခုထက်ထိတောင် မပြောင်းလဲသေးပါလား

သက်လင်းရယ်။

ငါ့ရင်ထဲမှာ ပြောစရာတွေ သိပ်ကိုများနေပါတယ်။ ဒါပေမဲ့ အခုချိန်မှာ အနေအထားချင်းက အတိတ်တုန်းကနဲ့ မတူတော့ဘူးလေ။ အတိတ်တုန်းက နင်ဟာ ငါ့ရဲ့သူငယ်ချင်းအရင်းခေါက်ခေါက်။ အခု လက်ရှိမှာ နင်က ငါနဲ့စေ့စပ်ထားတဲ့ သတို့သားလောင်း။ ဒီနေ့အချိန်ထိ အတိတ်အကြောင်းတွေပြောပြီး နင့်ရင်ကို ဒဏ်ရာတွေ မပေးချင်ပါဘူး သူငယ်ချင်းရယ်။

ခံစားစရာရှိရင် ငါကပဲ ခံစားတော့မယ်။ ဘယ်သူ့ကိုမှ အပူမီး မကူးစေချင်ဘူး။ နောက် အတိတ်ကိုလည်း အတိတ်မှာထားခဲ့တာ အကောင်းဆုံး။

"ငါ ဘာဖြစ်နေတယ်ထင်လို့ နင်က မေးတာလဲ"

"အခုမှ ပေါင်းလာတဲ့ သူငယ်ချင်းတွေလားနိုင်။ အရင်တုန်း ကတည်းက နင့်အတွက်ဆို ငါက အဆင်သင့်ရှိနေတဲ့သူ၊ အရိပ် တကြည့်ကြည့် ချစ်နေခဲ့တဲ့သူလေ။ နင် လေသံဘယ်လိုဖြစ်နေသလဲ ဆိုတာ ငါသိတယ်"

"အံမယ်၊ ဒါဆို ငါ အခု ဘာဖြစ်နေသလဲ ကဲပြော"

"နင် ရင်ထဲမှာ တစ်ခုခုဖြစ်ပြီး ငိုနေတာပေါ့"

"အောင်မယ်၊ ဘာလို့ ငိုရမှာလဲ"

သက်လင်းရဲ့စကားက လုံးဝ ဒက်ထိကြီးမှန်နေသဖြင့် မခံချိ မခံသာ ဖြစ်သွားကာ အော်လိုက်သည်။ လက်ကလည်း အလို





အလျောက်နှင့် မျက်ရည်တွေကို သုတ်ပစ်လိုက်မိသည်။

သက်လင်းဟာ နိုင့်မျက်နှာကို အရိပ်တကြည့်ကြည့်ရှိနေရုံ မက နိုင့်အသံကြားရုံနှင့် ဘာခံစားနေရသလဲ တန်းပြောနိုင်တဲ့အထိ ချစ်ခဲ့တာကို နိုင် ဘယ်လိုမှ ငြင်း၍မရသော အမှန်တရား။

"နင် တကယ် မငိုဘူးဆိုရင် ကျေနပ်ပါတယ် နိုင်။ နင်ငိုရင် လေ ငါ ဘာကို စိတ်တိုလို့ တိုမှန်းမသိဘူး။ လူတောင် ထသတ်ချင် တယ်၊ အဲဒီလောက်"

"ဟိုး ဟိုး ဆရာ၊ ရှင်က လူနာတွေကို ဆေးကုနေတဲ့ ဆရာဝန်လေ။ လူတွေကို ထသတ်ချင်စိတ်ပေါက်လို့ ရမလား။ စိတ် ထိန်းဆရာကြီး စိတ်ကိုထိန်း"

"အသံကိုက ပြောင်ချော်ချော်နဲ့။ အေးပေါ့လေ၊ ငါနဲ့ပေါင်း မယ့်သူပဲ အဲဒီလောက်တော့ တူရမှာပေါ့။ ဒါမှ ရှေ့သွားနောက်လိုက် ညီမှာလေ နော့"

"အောင်မာ၊ ဘာပေါင်းရမယ့်သူလဲ၊ စကားပြောတာကိုက အသားယူပြောနေတယ်"

"အခု မပေါင်းလည်း သိပ်မကြာခင် ပေါင်းရမှာပေါ့ မဟုတ် လား"

"တော်စမ်းပါ၊ စကားပြောရဲလိုက်တာ။ ဗရုတ်သုတ်ခတွေ ပြောနေရင် ငါ ဖုန်းချလိုက်မယ်"

"ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ဟာ"

ဒီလိုဆိုတော့လည်း သက်လင်းက ပျာပျာသလဲ တောင်းပန်သည်။

သူငယ်ချင်းလို့ ပြောကြဆိုကြလျှင် ပြဿနာမရှိပေမယ့် သူ့ဘက်က ချစ်စကား ကြိုက်စကားတွေ ကြားရလျှင် မကြားရဲတာလိုလို မကြားချင်တာလိုလိုနှင့် စကားလမ်းကြောင်းလွှဲလိုက်သည်။ နိုင့် ခံစားချက်ကို သက်လင်းက သိကောင်းသိမည်။

ဒါပေမဲ့ 'နင့်ဆီက အချစ်ဆိုတာကို အပြည့်အဝ မရရင်တောင် မေတ္တာတရားထားနိုင်တယ်ဆိုရင် ငါ ဘာမဆို ရင်ဆိုင်ရဲတယ် နိုင်။ တစ်ခုပဲရှိတယ်၊ နင် ငါ့ကို ခါးခါးသည်းသည်းနဲ့ ပစ်ပစ်ခါခါမလုပ်ဖို့ဘဲ ငါတောင်းပန်ချင်တယ်' ဟု ဆိုလာခြင်းကြောင့် နိုင့်ရင်ထဲ ဘာကိုမှန်းမသိ လိပ်ပြာမလုံသလို ခံစားရပါသည်။

"ဒါနဲ့ နင်အလုပ်ဝင်နေပြီဆိုတော့ အဆင်ကောပြေရဲ့လား သက်လင်း"

စကားလမ်းကြောင်းလွှဲကာ မေးလိုက်ခြင်းဖြစ်သည်။ သက်လင်းကလည်း အခုမှ သူ ဖုန်းဆက်ရခြင်းအကြောင်း သတိရသွားပုံဖြင့် -

"ဪ အေး၊ ငါ အဆင်ပြေတဲ့အကြောင်း နင့်ဆီ ဖုန်းလှမ်းဆက်တာလေ။ နောက်ပြီး ငါ နင့်ကိုပြောထားတဲ့ကိစ္စ အဲဒါ ငါ စုံစမ်းနေတာ"

"ဘာကိစ္စမို့လဲ"





ပြောထားတာတွေကအများကြီး။ ဘာပြောထားမှန်းမသိသဖြင့် ပြန်မေးလိုက်သည်။ နိုင်နှင့်သက်လင်း လူချင်းပဲတွေ့တွေ့၊ ဖုန်းထဲမှာပဲပြောပြော၊ ပြောစရာတွေက မကုန်နိုင်။ ဟိုအကြောင်းရောက် ဒီအကြောင်းရောက်ဆိုတော့ မှတ်မှတ်သားသား ထားမိတာ ဘာမှမရှိ။

"ဒီနှစ်ထဲမှာ ဌာနဆိုင်ရာက ဝန်ထမ်းတွေကို ပြည်ပ ပညာတော်သင်လွှတ်ဖို့ အစီအစဉ်ရှိတယ်တဲ့။ အပြင်တော့ မပေါက်ကြားသေးဘူး။ ငါလည်း ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းထားတာ။ အဲဒါ နင် ငါ ပြောတဲ့အတိုင်း ပြန်လေ့လာဦးနော်"

"ဪ"

"ဪ လုပ်မနေနဲ့။ ငါတောင် ကာယကံရှင်မဟုတ်ဘဲ ဘက်တက်ကြွကြွရှိနေရင် နင်လည်း ပိုတက်ကြွရမှာပေါ့။ ငါပြောတာ မမေ့နဲ့ဦးနော်။ နင်တို့ တရားရေးလည်း ပါမယ်လို့ ကြားလို့ ငါ ဖုန်းဆက်တာ"

"အဟေကျနေတာပဲ ဒါပဲလား"

နိုင်ကို နိုင်ငံခြားပညာတော်သင်သွားရဖို့ အရမ်းစိတ်အားတက်ကြွနေသော သက်လင်းကို အမြင်ကတ်စွာ ဘုတောလိုက်သည်။

နိုင်ငံခြားတစ်ခေါက်များသွားရတာမို့ပဲ အခေါက်ခေါက် အခါခါများသွားရလျှင် ဘာစိတ်တွေ ပေါက်မလဲမသိ။

"နေဦး။ နောက်တစ်ခုက နင် နိုင်ငံခြားပညာတော်သင်

သွားရဖို့ထက် ပိုပြီးအရေးကြီးတယ်''

''ဘာလဲဟ''

တကယ်ကို အရေးကြီးသည့်လေသံနှင့် ပြောသဖြင့် နိုင်က သဘောရိုးပဲ အောက်မေ့ကာ မေးလိုက်ခြင်းဖြစ်သည်။

''နင် နိုင်ငံခြားသွားဖို့ မသွားဖို့ဆိုတာ ငါနဲ့နင် လက်ထပ်ရဖို့ ထက် ဘာမှ ပိုအရေးမကြီးဘူး နိုင်''

''------''

''ငါလေ မနေ့က အိပ်မက်တွေမက်တယ်။ အိပ်မက်က နိမိတ်မကောင်းဘူးဟာ။ ငါ နင်နဲ့လွဲရရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ ငါတို့ လက်ထပ်ရက်ကို သတ်မှတ်ရအောင်လား နိုင်''

''အမယ်လေး ပိုကိုပိုတယ်။ ငါက ထွက်ပြေးမှာမို့လား။ ဒါပဲ ... ဒါပဲ''

ဖုန်းကိုချလိုက်ပေမယ့် စိတ်ကမလုံ။ 'ငါ အိပ်မက်တွေ မကောင်းဘူး နိုင်ရယ်' ဆိုတဲ့စကားက နားထဲကမထွက်။ နင် အနာ ဂတ်ကို ကြိုမြင်နိုင်တဲ့စိတ်များ ရထားသလား သက်လင်။ စိတ်ချပါ။ ငါ့စိတ်ထဲ ဘာတွေ ဘယ်လောက်ဖြစ်နေနေ ငါ လက်ထပ်မှာ နင့်ကိုပါ။

❀



Behind every successful man there is a lot of unsuccessful years.

**Bob Brown**

အောင်မြင်မှုရရှိနေတဲ့လူတစ်ဦးရဲ့အတိတ်မှာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရတဲ့ နှစ်ပေါင်းမြောက်မြားစွာ ရှိတတ်ပါသည်။

# အခန်း (၁၀)

အဝေးကပင် မမသက်ရဲ့စကားသံကို ကြားလိုက်ရသဖြင့် ရင်ထဲ ဒိတ်ခနဲ မြည်ဟီးသွားသည်။ စကားသံတွေ ကျွတ်ကျွတ်မြည် အောင်ကြားရပေမယ့် သူမရဲ့အသံက တိတ်လို့နေသည်။

"ဘယ်လိုလဲ၊ ဒီနေ့တော့ လူလျှော့လာပါလား။ ခါတိုင်း စစ်သည်အင်အား လေးသောင်း။ ကျွန်တော်တို့ကတောင် နာမည်တွေ ပေးထားသေးတယ်။ ကျန်စစ်သား။ ညောင်ဦးဖီး။ ငလုံးလဖယ်၊ ငထွေးရူးဆိုပြီးလေ ဘယ့်နှယ် အခု စစ်သည်တစ်သောင်း လျော့နေရတာလဲ"

"အိမ်။ စစ်သည်တစ်သောင်းကို ပဲခူးလွှတ်လိုက်သကွဲ့"

ကိုအောင်ဇော်ရဲ့ အရွှန်းဖောက်စကားကို မမသက်က နှင်းပြီး ပြောတော့ သူ နောက်ဘဏ်ကို ချာခနဲလှည့်ကြည့်မိသည်။ ရင်ထဲမှာ ဟာသွားသည်။ သူမ ဘာကြောင့် လိုက်မလာရတာလဲ။





စောစောက ခုန်နေသော ရင်ခုန်သံတို့သည် နှေးကျသွားသည်။ ခါတိုင်း ဘယ်သွားသွား လေးယောက်တတွဲတွဲ မြင်နေရသမျှ ယခု သူမ မပါတော့ တစ်မျိုးကြီးခံစားသွားရသည်။

စားပွဲထိုးလေးက ဘာသောက်မလဲလို့ မမသက်တို့ကို မေးတော့ 'ဘလက်ကော်ဖီ' မှာသောက်သံက တိတ်ဆိတ်ငြိမ်သက်လို့။

"နိုင်က ဘာလို့မလိုက်လာတာလဲ မမသက်။ ခွင့်ယူထားလို့လား၊ အလုပ်မအားလို့လား"

ကိုနိုင်လူရဲ့ အမေးစကားကြောင့် သူ ခေါင်းထောင်သွားကာ မမသက်ဆီ လှမ်းကြည့်လိုက်သည်။

မမသက်တို့မလာခင်က အာရှဖလားအကြောင်း ပြောနေသည်မှာလည်း ဘယ်ခေါင်းစဉ်အောက်ရောက်ပြီး စာရင်းပျောက်သွားသလဲမသိ။ ယခု ခေါင်းစဉ်က 'နိုင်'။ နိုင် ဘာကြောင့်လိုက်မလာတာလဲတဲ့။

"နိုင် ရုံးမှာရှိပါတယ်။ တို့လည်းခေါ်ပါတယ်ဟယ်။ ဒီနေ့မှ ထူးထူးဆန်းဆန်း မလိုက်တော့ပါဘူးပြောလို့ တို့တစ်တွေတောင် အံ့ဩနေတာ"

"ဟုတ်တယ်ကိုနိုင်သူရေ၊ ခါတိုင်းဆို ဒီအုပ်စုနဲ့ ဘယ်သွားသွား၊ ဘယ်လာလာ မငြင်းတဲ့နိုင်က အခုမလိုက်ဖြစ်တော့ဘူးဆိုလို့ နဲ့တို့ကတော့ နားမလည်နိုင်တော့ဘူးရှင်"

နွဲ့နွဲ့သီတို့ နားမလည်သည့်အကြောင်းအရာကို သူကတော့

နားလည်သလိုလို ရှိနေခဲ့သည်။

သူနဲ့ဆုံမှာစိုး၍ နိုင်မလိုက်လာတာဟု သူကတော့ သေချာပေါက်ကိုသိနေသည်။

ရေနွေးခွက်တွေကိုကျင်းပြီး ရေနွေးငှဲ့ထည့်နေတဲ့ မေသူအောင်က ရေနွေးခွက်ကို ဘေးချကာ –

"အင်း တစ်ခုတော့ရှိတယ်၊ နိုင် အခု စာတွေပြန်လေ့လာနေတယ်။ နောက် သင်တန်းတွေ ပြန်တက်ဖို့ရှိတယ်တဲ့။ နောက်ဆို ဒီအုပ်စုနဲ့ ဘယ်မှလိုက်ဖြစ်တော့မယ် မထင်ဘူးလို့တောင် ပြောနေတာရှင့်"

"ဘာလို့လဲဗျာ"

ကိုနိုင်သူရဲ့အမေးစကားက ပျာယီးပျာယာနိုင်နေတာမို့ သူကိုနိုင်သူကို လှည့်ကြည့်မိသည်။ အတော်ကြာအောင် တိတ်ဆိတ်နေတဲ့ ကိုစိုင်းကတော့ –

"စာတွေပြန်လေ့လာနေတယ်ဆိုတော့ ဘာလဲ ရာထူးတိုးဖြေဖို့လား"

"မဟုတ်ပါဘူး။ ဒီလိုပဲ ကြုံလေ့လာထားတဲ့သဘောပါတဲ့။ နောက် နိုင်ငံခြားပညာတော်သင်တွေခေါ်ရင် ဝင်ဖြေချင် ဖြေလို့ရအောင်တဲ့ရှင်"

"နေပါဦး၊ မနိုင်က နိုင်ငံခြားသွားဖို့ဆန္ဒရှိတယ်တဲ့လား"

ကိုအောင်ဇော်က ဝင်မေးသည်။ သူကတော့ ယခုမှ ဤနိုင်း





ထဲသို့ရောက်လာသော လူသစ်မို့ နိုင့်အကြောင်း မေး၍မကောင်းချေ။ ထို့ကြောင့် ငြိမ်နေခြင်းဖြစ်ပြီး တစ်ယောက်တစ်ပေါက် ဝင်မေးကြသောကိုအောင်မော်တို့အဖွဲ့ကို ကျေးဇူးတင်မိသည်။

မမသက်က ကော်ဖီသောက်နေရာမှ ခေါင်းယမ်းပြီး –

"အဲဒီလိုတော့မဟုတ်ဘူး။ နိုင့်သတို့သားလောင်းက တိုက်တွန်းလို့ပါ။ နိုင့်ပုံစံကတော့ သိပ်အားတက်သရော မရှိပါဘူး"

"နိုင့်သတို့သားလောင်း။ ဒါဆိုနိုင်က"

"ဟုတ်တယ်၊ ဟိုတစ်ယောက်ပြန်လာပြီဆိုတော့ ဒီနှစ်ထဲလက်ထပ်ချင်လက်ထပ်မှာ။ ကိုနိုင်သူတော့ လက်ဖွဲ့ဖို့သာပြင်ထား"

"ကျွန်တော်ကတော့ ကျွန်တော့်နှလုံးသားတစ်စုံကို လက်ဖွဲ့ဖို့အသင့်ပါ မမသက်ရယ်"

မထင်မှတ်သော ကိုနိုင်သူရဲ့စကားကြောင့် စကားဝိုင်းကရုတ်တရက် တိတ်ကျသွားသည်။

နောက်မှ ကိုနိုင်သူရဲ့တစ်ဖက်သတ်ဇာတ်လမ်းကို သိလိုက်ရတော့သည်။ ကိုနိုင်သူက နိုင့်ကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ပိုးပန်းနေသည်တဲ့။ ဒါကိုသိ၍ နိုင်က ခပ်တင်းတင်းနေကာကိုနိုင်သူကို သိပ်မျက်နှာသာမပေးဘဲ ခပ်တင်းတင်းဆက်ဆံခြင်းဖြစ်သည်။

ယခုတော့ မထင်မှတ်စွာ 'နိုင့်သတို့သားလောင်း' ဆိုတဲ့စကားက အချိန်တိုင်း နားထဲကမထွက်ချေ။ နောက်တော့ သူတို့

ခဏပြောချက်အရ နိုင့်သတို့သားလောင်းဆိုတာ သူ ရင်းရင်းနှီးနှီးကြီး သိနေခဲ့သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။

"အဲဒီလို ရင်းရင်းနှီးနှီးနေတာ ကိုယ် လုံးဝမကြိုက်ဘူး နိုင်။ သူငယ်ချင်းပဲ။ သာမန်ရင်းနှီးမှုမျိုးဆို တော်ရောပေါ့။ အခုဆို ကိုယ်နဲ့ ဘယ်ခေါ်ခေါ် နိုင့်ဘက်က ငြင်းဖို့အဆင်သင့်။ သူခေါ်ရင်တော့ ဦးပိန်ခေါ်လည်းလိုက်တယ်၊ ရေနီမြောင်းခေါ်လည်း လိုက်တယ်။ နိုင် ကိုယ့်ကိုတောင်ချစ်ဖို့မကောင်းဘူး"

ဟု သူပြောခဲ့ဖူးသည့်စကားကို ပြန်ကြားယောင်မိသည်။ နောက် အဲဒီတုန်းက နိုင်ပြောခဲ့သော စကားကို ခုထက်ထိ သူနားထဲကမထွက်။

"ကို တွန့်တိုတာ၊ သဝန်တိုတာကတော့ ဟိုဘက်ကမ်းတောင် လွန်တယ် သိလား။ ကိုကိုလည်း နိုင်ချစ်တယ်၊ သက်လင်းကိုလည်း နိုင်ချစ်တယ်၊ သက်လင်းကိုချစ်တာက မောင်နှမလို သူငယ်ချင်းလို။ ချစ်သူလို မချစ်နိုင်လို့ ကိုကိုရွေးခဲ့တာ။ ကိုသိဖို့ကောင်းတယ်။ ချစ်သူလိုချစ်နိုင်လို့ကတော့ ကိုတောင် နိုင့်ဘေးရောက်လာစရာ အကြောင်းမရှိဘူး"

ထိုစကားကြောင့် သူ့အသည်းနှလုံးတွေ ဆတ်ဆတ်အထိ မခံနိုင်လောက်အောင် နာခဲ့ရသည်။

ပြောရဲလိုက်တာ နိုင်ရယ်ဟု တွေးခဲ့ပေမယ့် သူမှ နိုင့်ကို မခွဲနိုင်ပဲလေ။ နောက်တော့လည်း အဲဒီလောက်ထိ မခွဲနိုင်အောင်





ချစ်ခဲ့တဲ့ နိုင့်ကိုပဲ သူက ဦးအောင်လမ်းခွဲခဲ့သည်။

နိုင်မဟုတ်သော မိန်းကလေးတစ်ယောက်နှင့် စေ့စပ်ခဲ့သည်။ ထိုသို့ဆိုလျှင် နိုင်ကော သူ့ဆီမှာပါ တစ်ဝက်ဆီပိုင်သော ပိုင်ဆိုင်သူတွေ ရှိနေခဲ့ပြီပေါ့လေ။

"ပြောလို့သာ ပြောရတယ်။ နိုင့်ဘက်ကတော့ တက်တက်ကြွကြွ မရှိဘူးနော် မသက်"

မသူအောင်ရဲ့ တွေးဆချက်ကြောင့် သူ ခေါင်းထောင်သွားသည်။ ရှစ်နှစ်လောက် မေ့ထားခဲ့စဉ်က ဖြစ်သင့်တဲ့လမ်းကို ရွေးခဲ့တာမို့ တမ်းတမ်းတတကြီး သတိမရမိတာ ဝန်ခံစရာ။ ကိုယ့်တာဝန်တွေနှင့် ဝတ္တရားတွေကြားမှာ လည်ပတ်ရင် အားလပ်ချိန်တချို့ကို ဝတ်ရည်က အပိုင်စားယူထားခဲ့သည်။

အခုလို နိုင့်အကြောင်းတွေပဲ ထိုင်ပြောနေရတော့ ရင်ခုန်သံတွေက နှမျိုလန်းဆန်းနေဆဲဖြစ်သည်။

"ဒါပေမဲ့ ဒီအရွယ်တွေက အချစ် အချစ် တစ်ချစ်တည်း ချစ်ချင်လို့ဆိုပြီး အော်နေရမယ့်အရွယ်တွေမှ မဟုတ်တာ၊ ဟုတ်တယ် မဟုတ်လား ကိုဇင်မင်းထွန်း"

"ဟာ . . . မသက်ကတော့ဗျာ"

သူ့ကို စကားဝိုင်းထဲ ဆွဲထည့်လိုက်တဲ့ မသက်ကြောင့် သူက မျက်နှာနီနီနှင့်သာ ရယ်နေလိုက်သည်။ ကိုစိုင်းက –

"ကိုယ့်လူဆီမှာကော ချစ်သူတွေရှိနေမှာပေါ့။ ပြောပါဦးဗျာ။

ခင်များရဲ့ လုပ်ဖော်ကိုင်ဖက်လား ဒါမှမဟုတ် တခြားကလား"

"ကိုစိုင်းကတော့ အချင်းချင်း အစ်အောက်နေပြန်ပြီဗျာ။ ကျွန်တော့်မှာ ရည်းစားတွေ၊ ချစ်သူတွေ မရှိပါဘူး"

"ဒီအရွယ်မှ အမြီးမပေါက် ဘာမျောက်လဲတဲ့။ မယုံပါဘူးနော်"

နွဲ့နွဲ့သီက ဝင်ပြောတော့ အားလုံးက ဟုတ်တယ်၊ ဟုတ်တယ်ဟု ဝိုင်းပြီးထောက်ခံကြသည်။ သူ ခေါင်းကုတ်ပြီးရယ်တော့ မမသက်က –

"အမယ်လေး အခုမှ မျောက်စင်စစ်နဲ့ တူတော့တယ်။ မေးခွန်းက Yes or No တစ်ခုခုပဲ ငါမောင်ရယ်။ ဒီလောက် အကျပ်အတည်း တွေးစရာမရှိပါဘူး"

"ကျွန်တော့်မှာ ချစ်သူတော့မရှိဘူး။ ဒါပေမဲ့ မိတ သဘောတူ စေ့စပ်ထားတဲ့ မိန်းကလေးတော့ရှိတယ်"

"အမယ်လေး ... ဒါကိုများ ဒိုင်လျှိုနေသေး။ ရှိတယ်ပေါ့၊ မဟုတ်ဘူး ဇေ့လည်ကြောင်ပတ်နဲ့ မြေစာရင်းမှာမလုပ်နဲ့သိလား။ မမတို့ တရားရုံးမှာ ရှေ့နေတစ်ယောက်လိုနေတယ် သိလား"

"အမယ်လေး အမေရဲ့"

"ဟဲ့ ဟဲ့ ... အဲဒါက ဘာဖြစ်ရတာတုံး"

ရုတ်တရက် အော်ထတလိုက်တဲ့ ကိုစိုင်းကြောင့် အားလုံးက အလန့်တကြားနှင့် မေးတော့ ကိုစိုင်းက ငိုချင်းချတော့မည့် မင်းသား





အသွင်နှင့်။

"အမေတို့ မိဘဝတ္တရား မကျေဘူးဆိုတာ အခုမှသိတော့တယ်"

"ဘာလို့လဲ"

တစ်ယောက်က ဝင်ထောက်သည်။

"မိဘဝတ္တရားမှာရှိတယ် မဟုတ်လား။ 'မကောင်းမြစ်တား ကောင်းရာညွှန်လျက်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလွှင့်၊ ဝတ်ငါးအင်' ဆိုပြီးလေ။ အခု သူများမိဘတွေကတော့ မိဘဝတ္တရားတွေ ကျေပွန်လိုက်တာ။ ပညာသင်ပေးပြီးရုံမကဘူး ဇနီးသက်လျာပါ ရှာပေးလိုက်တာ ဘယ်လောက် မိဘဝတ္တရားကျေပွန်လိုက်သလဲ။ တို့များမိဘတွေကျတော့ ပညာသင်ပေးပြီးတာနဲ့ သွားတော့ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ်ကြိုက်တဲ့မိန်းမ ကိုယ်ယူ၊ ကိုယ်ဖြစ်ကိုယ်ခံတဲ့။ ကောင်းကြသေးရဲ့လားဗျာ"

ကိုစိုင်းရဲ့ဟန်နှင့် ပန်နှင့် လုပ်နေပုံကိုကြည့်ပြီး အားလုံးက ဘဝါးဝါး တဟားဟား ရယ်နေကြပေမယ့် သူကတော့ မရယ်ဖြစ်။

မိဘကရှာပေးပေမယ့် ကိုယ်မချစ်ကြိုက်နိုင်တဲ့ မိန်းမတစ်ယောက်ကို ထိုင်ကြည့်နေရတဲ့ ဒုက္ခဟာ ကိုယ်ချစ်ခင်နှစ်သက်လို့ ယူထားတဲ့မိန်းမနှင့် ဒုက္ခခံရတာထက် ပို၍ဆိုးကြောင်း မသိကြသေး၍ပါ။

နောက်တော့ နိုင်ဟာ သီသီသာသာကြီးကို ဒီဝိုင်းထဲကနေ

ခွဲထုတ်တော့တာပါ။ မမသက်တို့ လက်ဖက်ရည်ဆိုင်ထိုင်သည့်အဖွဲ့တွင် နိုင် ဘယ်သောခါမှ ပေါ်မလာတော့သလို နိုင့်ကို တစ်ဖက်သတ်ဖြစ်နေရှာသော ကိုနိုင်သူလည်း သူတို့ဝိုင်းတွင် လာမဝိုင်းတော့တာကြာပြီ။

နိုင်သည် တကယ်ပဲ သူနှင့်မဆုံနိုင် ရှောင်ခဲ့သည်။ ကျန်တဲ့လူတွေကတော့ ဒါကိုသိမည်မဟုတ်။ မသိဆို နိုင်နှင့်သူ တစ်ချိန်က ပတ်သက်ခဲ့ဖူးတယ်ဆိုတာကို အားလုံးက သိမှမသိကြပဲကိုး။

သူကတော့ ကန့်သတ်ထားတဲ့ စည်းဘောင်တွေရှိမှန်း သိသိနှင့်ပင် နိုင်နှင့်ဆုံဖို့ ကြိုးစားခဲ့သည်။ မနက် မမသက်တို့ ရုံးသွားတိုင်း သူ မမသက်တို့နှင့် အတူလိုက်နိုင်အောင် ကြိုးစားခဲ့သည်။ တစ်ခါတလေ မိုးရွာတဲ့ရက်တွေကျတော့ ဆုံဖို့ကမလွယ်။

အတူသွားကြပြီဆိုလျှင် နိုင်က ရှောင်ဖို့ခက်ခက်နှင့်ပင် ရအောင်ရှောင်သည်။ သူ သူမဘေးမှ လျှောက်သည့်အခါ မသိမသာ နောက်ကျန်ရစ်ပြီး မမသက်ရဲ့ဘေးသို့ ကပ်သွားတာ။ ဒါကို သူတို့ ဘာသာမနေဘဲ –

"ကိုယ်က ကိုက်မစားတတ်ပါဘူး နိုင်ရဲ့"

ဟုစနောက်လျှင် နိုင့်ထံမှ မကောင်းတတ်၍ ပြုံးသောအပြုံးတစ်ပွင့်ကိုရှာကာ ထိုအပြုံး၌ အသက်မပါတာကိုသိနေသည်။ သို့သော် သူ့အတွက် သူမနှင့်အတူ လျှောက်နေရသော လမ်းကလေးဟု စိတ်ကျေနပ်မှုရနေတာက ငြင်း၍မရ။





ရုံးပိတ်ရက်များတွင် ခြံထဲအေးအေးလူလူ လမ်းလျှောက်နေတတ်တဲ့ နိုင်က သူ့ကို ရိပ်ခနဲတွေ့လျှင် အိမ်ပေါ်သို့တက်သွားကာ မြင်ရဖို့မလွယ်တော့ချေ။

အိမ်သွားလည်သည့်အခါမျိုးဆိုလျှင် နိုင်က မယောင်မလည်နှင့် အိပ်ခန်းထဲဝင်သွားကာ ပြန်ထွက်မလာတတ်။ ဒီရဲ့အဖြစ်ကို သူ မှန်းတီးပေမယ့် ဒီအဖြစ်က အမှန်တရား။

နိုင် ကင်းသလို သူလည်းကင်းနိုင်ရမည်။ ဒါကို သူ ဘာကြောင့် ရှေ့ဆက်တိုးမိတာလဲ။ နှစ်ဦးနှစ်ဖက်စလုံးမှာ ဆိုင်သူတွေကိုယ်စီရှိနေလျက်နှင့် ရှေ့ဆက်တိုးနေမိသည်။

ဖြစ်နိုင်မယ်ဆိုလျှင် ဝတ်ရည်ဆိုတဲ့မိန်းကလေးကို မေ့ချင်သည်။ မွေးစားမိဘတွေရဲ့ကျေးဇူးကို မေ့ပစ် သွေဖယ်ချင်သည်။ သို့သော် သူဟာ လူသားတစ်ယောက် ဖြစ်နေတော့။

"မိမိကို ကျေးဇူးပြုဖူးတဲ့သူကို ဘယ်တော့မှ မမေ့သင့်ပါ။ မိမိက တစ်ဖက်သားကို ကူညီပေးခဲ့တဲ့ကိစ္စကိုတော့ မှတ်မိစရာမလိုပါ"

ဆိုသည့် ဆိုရိုးအတိုင်း ဘယ်သို့သောအခြေအနေထိ ရောက်ရောက် သူ့မွေးစားမိဘတွေရဲ့ ကျေးဇူးကိုတော့ ခေါင်းထဲ နှလုံးသားထဲ ထည့်ထားရမည်သာ။ ဒါပေမဲ့ အနာမကျက်နိုင်သော နှလုံးသားတို့ကတော့ သွေးတွေ တစ်စက်စက်ယိုပေါ့။

Don't think that people are watching and criticising you. They are not.

လူများက သင့်အား စောင့်ကြည့်ပြီး ဝေဖန်ဆန်းစစ်နေကြသည်ဟု သင် မတွေးတောပါနှင့်။ သူတို့သည် သင်ထင်သလိုမဟုတ်ပါ။

## အခန်း (၁၁)

ကိုယ်ဘာသာကိုယ် ခွဲထုတ်နေတုန်းက ခွဲထွက်ခဲ့ပြီးမှ တစ်ယောက်တည်းကျန်ခဲ့သည့်အခါ အထီးကျန်ဆန်ခြင်း ဝေဒနာကို နိုင်အလူးအလဲခံနေရသည်။

အတူတူထွက်သွားကြသော မသက်တို့ မေသူတို့ရဲ့ ကျောပြင်ကိုကြည့်ပြီး ပြေး၍လိုက်သွားချင်သည်။ ဒါပေမဲ့ ကိုယ်မတွေ့မမြင်ချင်တော့သည့် လူတစ်ယောက်လည်း ထိုအုပ်စုမှာ ရှိနေမည်စိုးသောကြောင့် မလိုက်ဖြစ်။

ဓာတ်လမ်းဟောင်းကို နိုင်ပြန်ပြီး အသက်မသွင်းချင်။ ဓာတ်လမ်း ဓာတ်ကွက်တို့သည် သူ့ဘာသာသူ နေသားတကျ ရှိနေခဲ့ပြီသား။

မသက်ပြောပြ၍ သူ့တွင်လည်း စေ့စပ်ထားသည့် မိန်းကလေးရှိမှန်း သိရသည်။ အို သိရသည်ဆိုတာကလည်း အခုမှမဟုတ်ဘာ ဟိုတုန်းကတည်းက။ ရှစ်နှစ်ရောက်ရှိခဲ့ပြီးကို။ သူတို့ ဘာလို့

လက်မထပ်ကြသေးတာပါလိမ့်။

တကယ့်တကယ် စာတွေပြန်လေ့လာနေတယ်ဆိုပေမယ့် နိုင့်အတွက်တော့ အားတက်သရောမရှိလှ။ သူတို့အဖွဲ့ထဲက ခွဲထွက်လို့ ကောင်းအောင် ပြောခဲ့ရုံမျှ။ အခုကျတော့ ဖတ်လက်စ အင်္ဂလိပ်စာအုပ်ကြီးသေးချလို့ စိတ်က ဟိုဟိုဒီဒီ ပြေးနေသည်။

ညနေဘက်ရုံးအဆင်း အိမ်ပြန်လမ်းလေးက တိတ်ဆိတ်ငြိမ်သက်လို့။ မိုးတို့၏ ခြွေချခြင်းကို ခံရသော စွယ်တော်ပွင့်တို့သည် မြေပြင်ထက် ကြွေဆင်းနေသည်။

မိုးကုန်ခါနီးပြီမို့ မိုးတို့သည် လက်ပြန္တုတ်ဆောက်ဖို့ အသင့်ဟိုတောင်တန်းကြီးတွေရဲ့ နောက်ဘက်ကနေ မြောက်ပြန်လေတို့သည် တိုက်ခတ်စပြုလေပြီ။ မသက်က မှတ်မှတ်ရရဖြင့် –

"မနှစ်တုန်းက ဆောင်းရာသီတော့ အဘရေ အမေရေ တနေရတာ။ ဒီနှစ်တော့ မိုးကုန်တာစောတော့ ချမ်းနိုင်တယ်။ စောင်တွေ ဝယ်ရဦးမယ်"

ဟု မမေ့မလျော့ ပြောလေသည်။ မနှစ်တုန်းက လားရှိုးရဲ့ အချမ်းက တော်တော်ကြီးနာမည်ကြီးသွားခဲ့သည်။

ရှမ်း (မြောက်) မှာ အချမ်းဆုံး။ ကွတ်ခိုင်ထက် ကျော်လွန်ကာ လားရှိုးက ရေတွေ ဘာတွေခဲတဲ့အထိ။ နိုင်က မနှစ်က မိုးရာသီကိုလည်း မီလိုက်သေးတာမို့ ရှမ်းပြည်ရဲ့အအေးကိုလည်း အလူးအလဲ ခံလိုက်ရပါသေးသည်။





မနက်ရုံးတက်လျှင် အနွေးထည်ထူထူကြီးနှစ်ထပ်၊ သုံးထပ်ဝတ်ရသဖြင့် ရုံးကလူတွေအားလုံး ဝတုတ်တုတ်ဖြစ်နေကြသည်။ ညအခါဆိုလျှင် စောင်ထဲကွေးရုံနှင့် မလုံလောက်သဖြင့် မီးတွေဖိုပြီး ခြေလက်မီးကင်ပြီးမှ အိပ်ရာထဲ ဝင်နိုင်သည်။

ဆောင်းတွင်းတွင် နိုင်အနှစ်သက်ဆုံးက စကားပြောလျှင် ပါးစပ်မှာ အငွေ့များ တထောင်းထောင်းထတာကို နှစ်သက်သည်။ အုပ်စုဖွဲ့စကားပြောတဲ့အခါ ဟိုကလည်း အငွေ့ထွက်၊ ဒီကလည်း အငွေ့ထွက်။

တစ်မိုးကုန်၍ တစ်ဆောင်းသစ်ပေဦးမည်။

"နိုင် ဘာတွေတွေးနေတာလဲ။ အခုတလော နိုင့်ကိုကြည့်ရတာ တော်တော်ကြီးကို ငြိမ်သွားတယ်နော်"

မသက်က မှတ်မှတ်ရရ ပြောနေပြန်သည်။ နိုင်က မလုံမလဲရယ်ရင်း –

"မသက်က ဆောင်းဝင်တော့မယ့်အကြောင်းပြောတော့ နိုင်က ဆောင်းရာသီဆီ စိတ်ရောက်သွားတာ မသက်။ မနှစ်တုန်းက မသက်ပြောသလို နိုင်ကလည်း ရာသီဥတုအခြေအနေအကြောင်း ကောင်းကောင်းမသိတော့ စောင်တွေ ကြိုမဝယ်ထားခဲ့မိဘူးလေ"

"ဒီနှစ်တော့ ဝယ်ရမယ်ပေါ့"

"ဟုတ်တော့ဟုတ်တယ် မသက်။ ဒါပေမဲ့ နိုင်စဉ်းစားတာက ပစ္စည်းတွေကအများကြီးဝယ်၊ ဟော ဟိုပြောင်းဒီရွှေ့ဆိုရင် စိတ်

ညစ်ရရော့''

''အမယ်လေး . . . ပြောင်းလာတာဖြင့် နှစ်နှစ်တောင်မရှိသေးဘူး။ နောက်ထပ်ပြောင်းရဖို့က စိတ်ကူးနေ။ ဘာလဲ ကျုပ်တို့လားရှိုးက တော့်အတွက် ပျော်စရာမကောင်းဘူးလား''

''ဟင့်အင်း . . . မဟုတ်ပါဘူး''

မမသက်က စိတ်ဆိုးသလို ပြောတော့ နိုင် ပျာပျာသလဲငြင်းမိသည်။ ရှမ်းပြည်က နိုင်ကို ကြည်နူးသာယာမှုတွေ ပေးပါတယ်။ ဒါပေမဲ့ –

''ရုံးဆင်းပြီလား မမသက်''

ရင်းရင်းနှီးနှီးရှိနေသော စကားသံကိုကြားလိုက်ရသဖြင့် မတွေ့ချင်လျက် ဆုံလျက်သားဖြစ်နေသည်။

မမသက်က ရပ်နေသဖြင့် ကိုယ်က လှမ်းလျှောင်လည်း မကောင်းတော့ ခြေစုံရပ်ပြီး အသံကြားရသို့ မသိမသာ ကြည့်လိုက်သည်။ သူက သူ့စာရေးကောင်လေးကို ဘာတွေမှာနေသည်မသိ ကောင်လေးကတော့ ခေါင်းတညိတ်ညိတ်နှင့် ဆိုင်ကယ်ကိုမောင်းထွက်သွားသည်။

သူ နိုင်တို့ဆီ လျှောက်လာသဖြင့် နိုင့်အကြည့်ကို ကမျာကယာ လွှဲလိုက်သည်။

အရပ်မြင့်မြင့်၊ ခန့်သန့်နေသော သူ့ရုပ်သွင်က အာရုံမှာ ထင်ဟပ်လာသည်။ ဟိုတုန်းကထက် ပိုပြီးရင့်ကျက်လာသည့် သူ့





ရုပ်သွင်က ယခုမှ ပို၍ ကြည့်ကောင်းလာသည်။ သန့်ပြန့်ထည်ဝါမှုကတော့ ယုတ်လျော့မသွားချေ။

ထင်သည့်အတိုင်း လမ်းလျှောက်ကြတော့ သူက နိုင့်ဘေးမှာ ကပ်လျှောက်လိုက်သည်။ နိုင့်ခန္ဓာကိုယ် အလိုလို ကျုံ့သွားသည်။ သွားရလာရတာကလည်း မလွတ်လပ်တော့ချေ။ သူကြည့်နေသည့် အကြည့်ကို မသိဟန်ဆောင်ရင်း ခြေလှမ်းကို မသိမသာ လျှော့လိုက်သည်။ ဒါကို သူကလည်း သိဟန်။ သူ့ရဲ့ မသိမသာပြုံးတာက မျက်ဝန်းထောင့်မှာ တွေ့လိုက်ရဲ့။

''နိုင်က ကော်ဖီဖြတ်နေတာတော့ မဟုတ်ပါဘူးနော်''

''ရှင်''

ရယ်ရင်း ပြောလိုက်တာမို့ နိုင် ဘာပြောရမှန်းမသိ။ သူ နိုင့်ကို စကားပြောလာလိမ့်မယ်လို့ နိုင့်မှာ မတွေးမိတဲ့ သူ့ကို တစ်ချက်မော့ကြည့်ရင်း –

''မဟုတ်ပါဘူး။ နိုင်မအားလို့ အပြင်မထွက်ဖြစ်တာပါ''

သူက ဘာကိုရွယ်၍ပြောမှန်း နိုင်က သိနေတော့ မုသားသုံး၍ ပြောလိုက်ခြင်းပါ။ (၁) နှစ်လောက်ချစ်လာခဲ့တဲ့ ချစ်သူတွေပဲနော်။ တစ်ယောက်အကြောင်းတစ်ယောက် သိနေခဲ့တာ ဆန်းမှမဆန်းပဲလေ။

''မမသက်တို့အိမ်မှာ ဆိုင်ကယ်တွေ့တယ်။ ရုံးတက်ရင် ဆိုင်ကယ်နဲ့မတက်ဘူးလား''

''ဒီနားနဲ့ဒီနား ဆိုင်ကယ်ကို အိမ်ထဲက ထုတ်ရတာ၊ စက်နှိုးရတာက အလုပ်ရှုပ်ပါတယ် မောင်ဇင်မင်းထွန်းရယ်။ လမ်းလျှောက်တော့ ကျန်းမာရေးနဲ့တောင် ညီညွတ်သေး။ နောက်ပြီး ဟောဒီနိုင်က ဆိုင်ကယ်စီးရမှာ အသေကြောက်။ သိတဲ့အတိုင်း လားရှိုးမှာ ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ရင် ခြေလက်ကျိုးရင်ကျိုး မဟုတ်ရင်အသေပဲ''

''ဟုတ်တယ်နော်၊ ကျွန်တော် သတိထားမိတယ်။ ဒီမှာ တချို့က ဆိုင်ကယ်စီးသိပ်ကြမ်းတယ်''

''ငယ်တုန်းရွယ်တုန်း သွေးကြွကြွသကိုး။ နောက်တချို့ကျတော့လည်း ဆေးသုံးတယ်လေ။ သူတို့ကိုသူတို့ ဆိုင်ကယ်ပေါ်ရောက်နေတယ်မထင်ဘူး။ လေယာဉ်ပေါ်ရောက်နေသလိုပဲ လူဘေးနားက ဖြတ်မောင်းရင်း အသံသာကြားရပြီး ဆိုင်ကယ်က ရှေ့တစ်မိုင်လောက်မှာ''

''အဲဒါ တရုတ်ပြည်က ဝင်လိုက်တဲ့မအိုဆေးတဲ့''

နိုင်ဝင်ပြောတော့ သူကရယ်ပြီး မမသက်က –

''ဟုတ်ပဲ့ . . . ဟုတ်ပဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေနေကြတော့ ဘယ်အိုကြတော့မလဲ''

စကားတပြောပြောနှင့် လျှောက်လာကြရင်း အိမ်ရှေ့ဆီသို့ ရောက်မှန်းမသိ ရောက်လျက်။ မမသက်က သူနှင့် စကားပြောမပျက် သဖြင့် ကျန်နေခဲ့ပြီး နိုင်ကတော့ နှုတ်ဆက်မနေဘဲ ကိုယ့်ခြံဘက်ဆီသို့ လျှောက်လာခဲ့သည်။





နိုင့်ဘက်က ဒီလောက်ထိရှောင်နေတာကို သူ့ဘက်ကမရှောင်ဘဲ ရှေ့တိုးဖို့ ကြိုးစားလာမှာမျိုးကိုတော့ နိုင်အကြောက်ဆုံး။

နိုင့်ဘဝမှာ တစ်ခါပဲ အရှုံးကဲ့ရတာကောင်းပါတယ်။ တစ်ခါတောင် ကံကြမ္မာကြောင့်လို့ ဖြေသိမ့်ရနိုင်ပေမယ့် နှစ်ခါမြောက်ခံလိုက်ရပြီဆိုလျှင် အခြားလူတွေရဲ့အမှားမဟုတ် နိုင်ရဲ့အမှားသာ ဖြစ်ပေလိမ့်မည်။

ဟော ညနေဘက်ရောက်အောင် မမသက်က ဘာတွေစိတ်ကူးပေါက်နေသလဲမသိ။ အချစ်အကြောင်း ပြောလာသည်။ အစပိုင်း ပြောတုန်းကတော့ ငယ်ငယ်တုန်းက သူ့ရဲ့ချစ်သူနှင့် ကွဲခဲ့ရသည့်အကြောင်း။

''အခု ပြန်စဉ်းစားကြည့်တော့လည်း ငယ်ငယ်တုန်းက ရူးရူးမိုက်မိုက်လုပ်ခဲ့တာတွေက ရယ်စရာကောင်းပါလားလို့ တွေးမိတယ်။ ဟော ပြန်စဉ်းစားကြည့်လိုက်လို့ မတော်တဆ မိဘတွေမတားခဲ့လို့ငါနဲ့များ ညားရင်ဆို အိပ်မက်ဆိုးတောင်ထမက်တယ်''

''ဟောရှင်''

သူများက ရှည်းစားဦးနှင့် ပေါင်းဖက်ချင်သည်။ ဟော မမသက်က ပေါင်းများပေါင်းရလျှင် အိပ်မက်ဆိုးတောင် ထမက်တယ်ဆိုတော့ နိုင်က သဘောကျစွာရယ်မိပါသည်။

''မရယ်နဲ့ဆရာ၊ တကယ်ပြောတာ။ အခုလို လွတ်လပ်တဲ့ဘဝနဲ့ လွတ်လွတ်လပ်လပ် နေလို့ရအောင် လုပ်ပေးခဲ့တဲ့ ကိုယ့်မိဘရဲ့

ကျေးဇူးကို သိတတ်လွန်းလို့ တစ်နေ့ (၃) ခါ ရှိခိုးတယ် တော်ရေ့"

"ဘယ့်နှယ်ကြောင့်လဲ မမသက်ရဲ့"

တီဗီကိုဖွင့်ထားပြီးပြောနေတာက ဇာတ်လမ်းနှင့်မဆိုင်သည့် အတိတ်ဇာတ်လမ်းအကြောင်း။ တီဗီမှာလာနေသည့် ကိုရီးယား ဇာတ်လမ်းတွဲကလည်း သူ့ဘာသာပြောချင်ရာပြော၊ နိုင်တို့ကလည်း ရောက်တတ်ရာရာတွေပြော။

ထမင်းစားပြီးတာ သိပ်မကြာသေးပေမယ့် မမသက်က အစာ ဝိတ်ဆိုပြီး လက်ဖက်ထသုပ်တော့ လက်ဖက်တစ်ပန်းကန်၊ ရေနွေး တစ်အိုးနှင့် အလုပ်ဖြစ်နေကြခြင်း ဖြစ်သည်။ ပြောကြသည်ကလည်း သူများအကြောင်းမဟုတ်။ ကိုယ်ပေါင်ကိုယ်လှန်ထောင်း။ ဖွဖွလေး ထောင်းတော့ အနာသက်သာတာပေ့ါ။

"သူတို့က မမသက်တို့ထက် နိမ့်ပါးတယ်လို့ ဆိုရမှာပေါ့။ နိမ့်ပါးတယ်ဆိုတာကလည်း လူသားတွေအတွက် အပြစ်တော့မဟုတ် ပါဘူး။ စည်းစိမ်ဥစ္စာဆိုတာကလည်း ကိုယ့်နောက်က ကုသိုလ်ကံနဲ့ ဆိုင်သေးတယ် မဟုတ်လား"

"ဒါပေါ့"

"အခု ကိုယ့်မေမေတွေက သူနဲ့ခွဲလို့ ကိုယ်က အလူးအလဲ ခံနေရချိန်၊ သူက သိပ်မကြာပါဘူး ကောင်မလေးတစ်ယောက်ကို နိုးသွားရော။ ရင်ထဲမှာလေ ခံစားလိုက်ရတာ မပြောပါနဲ့။ တစ်ရပ်ကွက် တည်းဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်ဆိုတာ မကြား





ချင်လျက် ကြားလျက်သား မဟုတ်လား။ သူက လက်ကြောမတင်း ဘူး။ ယူထားတဲ့မိန်းမ ရှာမကျွေးဘူး။ မိန်းမရှာကျွေးတာကို ထိုင်စား နေတဲ့အပြင် အဲဒီမိန်းမကို မူးလာတိုင်း ရိုက်တယ်လေ"

"အို ... စိတ်ညစ်စရာပဲနော်။ မိန်းမတွေရဲ့ဘဝကလည်း မလွယ်ဘူးနော်။ အိမ်ထောင်ရေးကံမကောင်းလို့ကတော့ တစ်သက်လုံး ဘဝဆုံးပြီ"

"ပြီးတော့ ပတ်ဝန်းကျင်မှာတော့ အဲဒီကောင်က ဘယ်လို သတင်းလွှင့်သလဲ သိလား"

မမသက်က အဲဒီကောင်ဟုဆိုသဖြင့် နိုင်က မသိမသာ ပြုံးလိုက်ပါသည်။ ချစ်စိတ်တွေဝင်နေစဉ်အခါတုန်းကတော့ 'ကောင်' ဆိုတဲ့ စကားလုံးကိုတောင် သုံးရက်မယ်မထင်။ ထိုချစ်သူဟောင်းသာ ကြားလျှင် မစိမ်းကားကြီးရဲ့ဟု ဆိုမည်။

"အဲဒီမိန်းကလေးက သူ့မချစ်လို့ နိုင်စက်တာတဲ့။ မမသက် ကိုရရင် သူက လုပ်ကျွေးဦးမှာတဲ့"

"အို ... ဘုရားရေ"

နိုင် မျက်လုံးပြူးတော့ မမသက်က ခေါင်းညိတ်ကာ –

"အဲဒီလိုလည်းပြောရော မေမေတို့က စိတ်ပူတော့တာပေါ့။ ဒါကြောင့် တစ်မြို့တစ်ရွာမှာရှိတဲ့ အဒေါ်တွေဆီပို့လို့ အခုလို အပူအပင် ကင်းတဲ့ အပျိုကြီးဖြစ်တာ။ အပျိုကြီးဆိုတာကလည်း သူနဲ့လွဲလို့တော့ မဟုတ်ဘူး။ သူ့ကိုမြင်ပြီး ယောကျ်ားတွေကိုကြောက်သွားတာ၊ ဟော

အသက်အရွယ်ရောက်လို့ နယ်ကိုပြန်ရောက်တော့ သူ့သတင်းက မကြားချင်မှအဆုံး"

"ဘာလို့"

"မိန်းမနဲ့ကလေးတွေပစ်ပြီး နောက်မိန်းမယူသွားတယ်တဲ့လေ။ အဲဒီမိန်းကလေးလည်း ဘာတွေကြည့်ကြိုက်သလဲလို့ မမသက်တော့ မစဉ်းစားတတ်ပေါင်။ ပတ်ဝန်းကျင်မှာ လက်ရှိယူထားတဲ့ မိန်းမကို နှိပ်စက်တာ လုပ်မကျွေးတာ သိသိကြီးနဲ့ယူတာလေ"

"အဲဒီမိန်းကလေးက သူ့ဝဋ်ကြွေးဆပ်ရဖို့ကံ ပါလာတာနေမှာပေါ့ မမသက်ရဲ့"

"အင်း ... ဒီလိုလည်း မမသက် တွေးမိပါတယ်"

"ဒါနဲ့ မိဘတွေကို ထိုင်ရှိခိုးချင်စိတ်ပေါက်သွားရောပေါ့။ အဲဒါဆိုရင်တော့ အဲဒီချစ်ဦးသူကို အရင်ဆုံးကျေးဇူးတင်နော်။ မဟုတ်ရင် ကန်တော့ဖို့တွေးမိမှာ မဟုတ်ဘူး"

နိုင်က ရယ်စရာပြောတော့ မမသက်ကလည်း တဟားဟားနှင့် သဘောကျစွာရယ်ပြီး –

"ဒါကြောင့် မောင်မင်းကြီးသား ကျန်းမာပါစေလို့ ဆုတောင်းတာပေါ့"

ယခုမှပဲ မမသက် အပျိုကြီးလုပ်ရခြင်းအကြောင်း ကောင်းစွာ သိရခြင်းဖြစ်သည်။ သို့သော် မမသက်ကတော့ တချို့သောရည်းစားဦးနှင့် လွဲနေရသူတွေလို မခံစားရဘဲ လက်ရှိဘဝကို အကျေနပ်ကြီး





ကျေနပ်နေသည်။

ကိုစိုင်းနှင့် မေသူတို့စနေတော့လည်း အပြုံးမပျက် နေတတ်ပေမယ့် ရင်ခုန်၊ ရှက်ရွံ့သွားသည့် အရိပ်အယောင် လုံးဝမရှိ။ ဟော ကိုစိုင်းပုံစံကျတော့ တစ်မျိုး။ မမသက်ဘက်က မီးစိမ်းပြလျှင် ရှေ့တိုးမည့်ပုံ။

"ဒါကြောင့် အင်္ဂလိပ်အဆိုတစ်ခုကို မမသက်က သဘောကျတာ"

"ဘာအဆိုလဲ မမသက်"

"Love is the dawn of marriage and marriage is the sunset of love တဲ့"

"အဓိပ္ပာယ်က"

"အချစ်ဟာ အိမ်ထောင်ရေးရဲ့အရုဏ်ဦးဖြစ်ပြီး အိမ်ထောင်ရေးဟာ အချစ်ရဲ့ နေဝင်ချိန်ဖြစ်တယ်တဲ့"

"သိပ်ကောင်းတဲ့အဆိုပဲနော် မမသက်"

စကားကောင်းနေတာနှင့် မှောင်သွားတာကို သတိမထားမိ။ စကားခဏပြတ်သွားသည့်အချိန် နိုင် ပြတင်းပေါက်တံခါးကို ထပိတ်တော့ –

"ဟင်"

နိုင့်ကိုတည့်တည့်လှမ်းကြည့်လိုက်သော သူ့ရဲ့အကြည့်နှင့် ဆုံလိုက်ရသဖြင့် နိုင် ရင်ခုန်သွားကာ တံခါးကို လျင်မြန်စွာ ပိတ်လိုက်

မိသည်။ သူ့ရဲ့အကြည့်ကတော့ အာရုံထဲမှာ ပျောက်မသွားပေ။

နိုင် မလုံမလဲနှင့် မမသက်ကိုလှည့်ကြည့်တော့ မမသက်က အိမ်ရှေ့တံခါးမကြီးကို ပိတ်နေသည်။ နောက်ဖေးတံခါးကတော့ ညစာ စားနေကတည်းက ပိတ်ထားတာမို့ နိုင် ခြင်ထောင်ဆွဲထွန်းရင်း စောစော ကထိုင်သည့်နေရာတွင် ပြန်ထိုင်လိုက်သည်။

မမသက်ကတော့ အိပ်ခန်းထဲဝင်သွားပြီး ပြန်ထွက်လာတော့ အနွေးထည်တစ်ထည်ဝတ်ရင်း ထွက်လာသည်။ နိုင်ကတော့ အဖြူ စွတ်စွတ် လည်ကပ်အနွေးထည်ကို တစ်ခါတည်း ဝတ်ထားပြီးသား ဖြစ်သည်။

မမသက်က လက်ဖက်တစ်ဖွန်းခပ်စားကာ –

"ဘာကားတွေ လာနေမှန်းမသိဘူး။ အခုလာနေတဲ့ ကိုရီး ယားကားတွေကလည်း ဖန်တစ်ရာတော မဲပြာပုဆိုးဖြစ်နေပြီ။ ဘယ်သူ့ ကို ဘယ်လိုကောက်ကျစ်ရမလဲ၊ ဘယ်လိုယုတ်မာပြလိုက်မလဲ၊ ဒါက မပါရင်မပြီးဘူး။ ခံရတဲ့သူကလည်း ခံစရာမဟုတ်လည်း အတင်း သည်းခံနှင့် ဒါရိုက်တာတွေ ဇာတ်ကို မနာနာအောင်လုပ်နေတာ။ ကြာလာတော့ ကိုယ့်နိုင်ငံက ဟာသကားကြည့်လိုက်ရတာကမှ အမျှင်း ပြေသေး"

"မြန်မာဟာသကားကျတော့လည်း အတင်းကလိထိုး ရယ် ခိုင်းနေတဲ့ဟာသကားပါ မမသက်ရယ်"

"ဟုတ်ပါ့အေ၊ တို့တွေများ ခေတ်မီတယ် ခေတ်မီတယ်





လို့သာ ဆိုလာတယ်။ ခေတ်မီခါမှ ကြည့်စရာဇာတ်ကားကောင်းမရှိနဲ့ ဖောင်စီးရင်း ရေငတ်ဆိုတာ တို့ကိုပဲ ပြောတာနေမယ်။ လူတွေအတွက် အတုယူစရာ ဘာမှကိုမရှိတော့တာ။ နောက်ဆုံး အတုယူစရာမရှိတော့ ဘာလုပ်သလဲ သိလား။ တချို့လူကြီးတွေက လူငယ်တွေကို အတုယူ ပြီး မပေါ့တပေါ်ဝတ်နေတာလေ။ မောင်းကျောက်ထဲ ထောင်းသတ်ဖို့ ကောင်းတယ်"

"မမသက်ကတော့ ပြောတော့မယ်"

❁

You can be a romantic as you please about love; but you mustn't be romantic about life.
**သင်သည် အချစ်ရေးတွင် စိတ်ကူးယဉ်ချင်သလောက် ယဉ်နိုင်၏။ သို့သော် ဘဝရေးတွင် စိတ်ကူးယဉ်၍ မဖြစ်နိုင်ချေ။**

## အခန်း (၁၂)

"အရင်တစ်ခေါက်လာတုန်းက ကိုကို ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့၊ ဒီတစ်ခေါက်တော့ မရဘူး။ ဝတ်ရည်ကို shopping ထွက်တာလိုက်ပို့ရမယ် ဒါပဲ"

"ခဏပဲလာရတာ၊ ကိုယ့်ဘာသာထွက်ပါလား ဝတ်ရည်ရယ်"

"သားကလည်းကွယ်၊ သားညီမလေးက သားနဲ့အတူတူ သွားဖို့ ခဏခဏ ပြောနေတာ လိုက်ပို့လိုက်ပါကွယ်"

ဒီတစ်ခေါက် မလိုက်ရအောင် ငြင်းမည်ဟုတွေးထားခါမှ မေမေက ဝင်ပြောတော့ သူ ဘယ်လိုနည်းနှင့်မှ ငြင်း၍မရချေ။

ရုံးကိစ္စဖြင့် ရန်ကုန်သို့သူရောက်နေတာ တစ်ပတ်ရှိပြီ။ ရောက်သကာတည်းက ရုံးကိစ္စမပြီးပြတ်မည်စိုးသဖြင့် အလုပ်ပြီးအောင် အရင်လုပ်ရသည်။

ညနေတောင် တစ်ခါတလေ မှောင်မှ အိမ်ပြန်ရောက်သည်။ ရုံးကတည်းနိုဖို့ စီစဉ်ပေးသော်လည်း မေမေက –

"တစ်ခါတလေမှ ရန်ကုန်ရောက်တာ၊ ဟိုဟိုဒီဒီ တည်းစရာ မလိုဘူး။ ကိုယ့်အိမ်ပဲ ကိုယ်နေရမယ်"

မေမေ့စကားကြောင့် အိမ်မှာနေရခြင်းဖြစ်သည်။ ရုံးမှာ အလုပ်လုပ်နေသော်လည်း အလုပ်လုပ်ရတာစိတ်မဖြောင့်၊ ဝတ်ရည်က နာရီဝက်တစ်ခါ၊ တစ်နာရီတစ်ခါလောက် ဖုန်းဆက်နေတော့ နောက်ဆုံး ဖုန်းဆက်ကိုပိတ်ထားလိုက်ရသည်။

ဖုန်းပိတ်ထားတဲ့အခါကျတော့ ဝတ်ရည်က ရုံးထိလိုက်လာသည်။ ရုံးကလူတွေကို သူနှင့်စေ့စပ်ထားသည့်လူအဖြစ် မိတ်ဆက်သောအခါ သူ စိတ်ဆိုသွားပြီး –

"ဝတ်ရည်ကိုကို့ အလုပ်ထိ လိုက်နှောင့်ယှက်နေတာ ကိုကို မကြိုက်ဘူး"

"ဟင် ... ကိုကိုက ဘလိုင်းကြီးပါလား။ ဟုတ်တယ်၊ မိတ်ဆက်တော့ ဘာဖြစ်သလဲ။ ကိုကို့ကို တခြားမိန်းမတွေက အရာရှိဆိုပြီး အမိမဖမ်းရအောင် ဝတ်ရည်ဘက်ကတော့ ကြော်ငြာရမှာပဲ။ ဒါတောင် တချို့မိန်းမတွေက ပိုက်ကွန်ထဲ မရရအောင် တိုးဝင်နေချင်ကြတာ"

"တော်စမ်း ဝတ်ရည်၊ ကိုယ်လည်း မိန်းမသားပဲ မဟုတ်လား။ ဘာလို့ သူများအွေကိုလိုက်ပြီး မိုချိုး မျှစ်ချိုး ပြောနေရတာလဲ"





ဝတ်ရည်နှင့်သူ မျက်နှာချင်းဆိုင်မိပြီဆိုလျှင် ထိုကဲ့သို့ ပဋိပက္ခ၊ ကတောက်ကဆ မကြာခဏဖြစ်ရသည်။ ယခုလည်း shopping ထွက်တာ လိုက်ပို့ဖို့ပြောနေပြန်သည်။

ဘယ်တတ်နိုင်မည်နည်း။ ကိုယ့်ဘဝက သူ့လက်ထဲမှာကိုး။

"ကဲ ... သွားမယ်ဆိုလည်း စောစောသွားရအောင်၊ နေအရမ်းပူနေလိမ့်မယ်"

ဝတ်ရည်က အပေါ်ထပ်သို့ ပြေးတက်သွားသည်။ မေမေနှင့် ဖေဖေကတော့ ဝတ်ရည်ကိုကြည့်၍ ပြုံးနေကြသည်။ သူကတော့ အလုပ်နားရသည့်အခိုက် အေးအေးဆေးဆေးနေချင်သည်။ မနက်ဖြန် လားရှိုးသို့ ပြန်ရမှာလည်း ရှိသေးသည်။

"ဪ ... ဒါနဲ့ သားကော လားရှိုးမှာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ဖေဖေ ပြေပါတယ်"

"သွားရေး၊ လာရေးလည်း ဂရုစိုက်ဦးနော်။ အခုတလော လားရှိုးဘက်မှာ သိပ်ပြီး အခြေအနေမကောင်းဘူးတဲ့။ Online မှာလည်း သတင်းတွေ ခဏခဏတက်နေတာ။ မင့်ညီမက မင်းကို စိတ်ပူပြီး ဖုန်းဆက်တာ ဖုန်းကလည်း ဝင်တစ်ချက် မဝင်တစ်ချက်ပဲ"

"အခြေအနေကောင်းပါတယ် ဖေဖေ။ ဖုန်းလိုင်းကတော့ တစ်ခါတလေ ရာသီဥတု မကြည်လင်တဲ့အခါကျ ဖုန်းလိုင်းက ပြတ်တောက် ပြတ်တောက် ဖြစ်နေတာ"

"စားတာကျတော့ကော ဘယ်လိုစားကြသလဲ၊ အရင်လိုပဲ

ထမင်းချိုင့်ဆွဲစားသလား''

မေမေက ဝင်မေးသည်။ သူ ခေါင်းယမ်းပြကာ –

''သားရဲ့ဆန္ဒကတော့ ချိုင့်ဆွဲစားမလို့ပါပဲ။ သားနဲ့အတူနေပေးတဲ့ စာရေးလေးက ဝယ်စားတာ ကြာကြာမစားနိုင်ဘူးဆိုပြီး အခုချက်စားတော့ ကောင်းပါတယ်။ ထမင်းဟင်း ပူပူနွေးနွေးပါပဲ''

မောင်ရဲနောင်က တော်တော်လေး ဇေ့စပ်သောကောင်လေးဖြစ်သည်။ ထမင်းဟင်းချက်တော့လည်း တကယ့် အိမ်ရှင်မလို ဟင်းအစပ်တည့်အောင်ချက်သဖြင့် သူ့အတွက် အိမ်ထမင်းဟင်းနှင့် မခြားပေ။

စချင်း နှစ်ရက် သုံးရက် ချိုင့်ဆွဲစားပြီး နောက်ရက်ကျတော့ ဟင်းသီးဟင်းရွက်တွေ ဝယ်လာသဖြင့် –

''ဟ ... အသီးအရွက်စိမ်းတွေ ဝယ်လာတာ ဘာလုပ်မလို့လဲ၊ ငါ့ကောင်ရဲ့''

''ကျွန်တော် ဆိုင်ထမင်းဟင်းတွေ မစားနိုင်ဘူးဆရာ၊ အဲဒါချက်စားမလို့''

''ဟေ ... မင်းက ချက်တတ်လို့လား၊ ပရှုတ်မှုလည်း လုပ်ပါကွာ''

''ဆရာကတော့ ကျွန်တော့်ကို အထင်သေးနေပြီ၊ ချက်ပြီးတော့ ဆရာကြည့်လေ''

နောက်တော့ တကယ်ပြောနေသဖြင့် အိုးခွက်၊ ပန်းကန်တွေ





ဝယ်ဖို့ ပိုက်ဆံထုတ်ပေးလိုက်သည်။ ချက်ပြုတ်ပြီးစားကြတော့–

''တကယ်ပဲဟေ့၊ မင်းကိုတော့ ငါ ချီးကျူးတယ်။ ယောကျ်ားလေးတန်မယ့် ဒီလောက် ချက်ပြုတ်တာ အဲဒါနည်းတဲ့အရည်အချင်းမဟုတ်ဘူး။ ဘာလဲ မိန်းမယူရင် ချက်ကျွေးဖို့ ပြင်နေတာလား''

ဟုတောင် သူ စလိုက်မိသေးသည်။ ဘာပဲဖြစ်ဖြစ် ရဲနောင်သူနှင့် လာနေတာက သူ့အတွက် တော်တော်ကောင်းပါသည်။

''ဟော ... ငါးမိနစ်ရှိသာ တော်တော့တယ်''

မေမေရဲ့ ခပ်ငေါ့ငေါ့စကားကြောင့် သူ မော့ကြည့်မိတော့ ထုံးစံအတိုင်း ဝတ်ရည်ကတော့ လန်ထွက်ပုံတက်နေအောင် ဝတ်ထားသည်။ သူနှင့်သွားလျှင် အတိုအပြတ်ဝတ်မလာနှင့်ဟု ပြောထား၍ ယခုတော့ ဒူးကျစကပ်အနက်ရောင်နှင့် နေဇီပြာရောင် လည်ဟိုက်လက်စက ကိုယ်ကျပ်နှင့်ဖြစ်သည်။

အိမ်ထဲကထွက်တော့ ဝတ်ရည်က သူ့လက်မောင်းကို တွဲလိုက်သဖြင့် သူ အနေရခက်ကာ လက်ကို အသာခွာချတော့ –

''အမယ်လေး ကိုကိုရေ ... ကောက်ညှင်းကမစေး၊ ဆန်ကြမ်းက စေးမနေနဲ့။ တကယ်လည်း သိပ်အဖြစ်သည်းတာပဲ''

ဝတ်ရည်အမြင်မှာ သူ့အဖြစ်က ကဲကဲဆတ်ဆတ် ဖြစ်နေခြင်းက မဖြစ်သင့်။ မနက်ဖြန် သန်ဘက်ခါလို လက်ထပ်ရမည့်သတို့သမီးလောင်းကို သူ ဆက်ဆံပုံက သူစိမ်းဆန်နေနိုင်သည်။ သို့သော် ထိုအဖြစ်ကို သူက မသာယာနိုင်တာ မည်သို့ပြင်ရမည်နည်း။

ဝတ်ရည်နှင့်အတူ တွဲသွားတိုင်း ဝတ်ရည်က သူ့ကို ပွတ်သီး ပွတ်သပ်လုပ်တိုင်း သူ့ရင်ထဲမှာ သာယာမှုမဖြစ်ဘဲ အနေခက်ခြင်းသာ အဖတ်တင်လေသည်။ ဝတ်ရည်အပေါ် သူဟာ တာဝန်မကျေနိုင်မှန်း သိပေမယ့် သူ့ဘက်က ဒီထက်ထိ အလိုလိုက်မိသည်ဆိုတာတောင် မွေးစားမိဘရဲ့မျက်နှာကြောင့်သာ ဖြစ်သည်။

"ဟေး ဝတ်ရည် ...ဒီနေ့ ကျောင်းဖွင့်တာကို မင်းက စုံတွဲခုတ်လာတယ်ပေါ့လေ"

"နာလိုတော့ဘူးပေါ့"

"ဟိတ် ... မိတ်ဆက်ပေးလေ"

ဆိုင်တစ်ဆိုင်တည်းမှာ အတူဆုံလိုက်ရသည့်အုပ်စုကြောင့် သူ့သေချင်စိတ်တောင် ပေါက်သွားသည်။ မိန်းကလေးတွေကတော့ သွက်လက်ရုံမက ရဲတင်းပြီး သူ့ကိုပေါ်တင်ကြီးကို စနောက်နေကြသည်။

ကိုယ်က လူကြီးဆိုတော့ မသက်သာစွာ ဟန်ဆောင်နေရသည်။ ဝတ်ရည်က ခပ်ပြုံးပြုံးနှင့် လက်မောင်းကိုတွဲ၍ မိတ်ဆက်ပေးတော့ သူ တော်တော် အနေရခက်သည်။ အိမ်မှာတုန်းက ဝတ်ရည်ရဲ့ လက်ကို ဖယ်ချခဲ့ပေမယ့် အခုနေ ဝတ်ရည်ရဲ့သူငယ်ချင်းရဲ့ရှေ့ သူက လက်ဆွဲဖယ်လိုက်လို့ ဘယ်နည်းနှင့်မှ မဖြစ်သင့်။

မိတ်ဆက်ပြီးတော့လည်း ကုလားသိုက်ထဲ ကျားဝင်ကိုက်သည့်နှယ်။





"ဟိတ်လူကြီး၊ ကလေးကို မုန့်ပေးကြိုက်တာပေါ့လေ"

"အိုနိုး၊ နိုး နင်တို့မှားနေပြီ။ ငါ့ကို ကိုကိုက မုန့်ပေးကြိုက်တာ မဟုတ်ဘူး။ ငါက ကိုကို့ကို မုန့်ပေးကြိုက်တာ"

"အမယ်လေး ... ကဲလိုက်တာ ဝတ်ရည်ရယ်"

"ကိုကိုတဲ့၊ ဖြစ်နေလိုက်တာဟယ်"

"ဝတ်ရည်ကလည်း"

သူ့ မျက်နှာနီရဲသွားတာ ဝတ်ရည်ကို ဟန့်တားပေမယ့် ဝတ်ရည်က လှည့်မကြည့်ချေ။ သူကတော့ ဖြစ်နိုင်မယ်ဆိုလျှင် ဤမိန်းကလေးတွေရဲ့ဘေးက ထွက်ပြေးချင်တော့သည်။

ထိုမိန်းကလေးတွေ နှုတ်ဆက်ပြီးထွက်သွားမှပဲ သူ သက်ပြင်းချနိုင်တော့သည်။ ခြော် ကိုယ့်ထက်အသက်အရွယ် များစွာငယ်သည့် မိန်းကလေးနှင့် သူ ရာသက်ပန်လက်တွဲရမည်ဆိုတာ အိပ်မက်မျှသာ ဖြစ်လျှင် ကောင်းလေစွ။

နောက် ကလေးကို မုန့်ပေးကြိုက်နေတယ်ဆိုတဲ့ စကားကြောင့်လည်း သူ့ကို မျက်နှာပူကာ အရှက်ရသွားစေသည်။

"ကိုကို သူငယ်ချင်းတွေကို စိတ်မဆိုးနဲ့နော်။ သူငယ်ချင်းတွေက အဲဒီလိုပဲ အရမ်းစတတ်တာ"

"ရပါတယ် ဝတ်ရည်ရယ်"

ဝတ်ရည်ကတော့ သူ့ရဲ့အစိုးအကဲကို ကြည့်ပြောလေသည်။ လူကြီးဖြစ်နေတော့ လူငယ်တစ်ယောက်နှင့် ပြိုင်ပြီးပြော၍မကောင်း

သဖြင့် 'ရပါတယ်' ဆိုလိုက်ရပေမယ့် သူ စကားသံတွေတိတ်သွားတော့လည်း ဝတ်ရည်ခမျာ ငြိမ်သွားရှာသည်။

''ဝတ်ရည် ဝယ်စရာရှိတာ ဝယ်လေ၊ အချိန်ကြာနေပြီ''

သူ သတိပေးမှပဲ ပြန်လည်အသက်ဝင်သွားသည်။ ဟိုပစ္စည်းတွေ့လျှင် ကြိုက်တယ်ဆိုပြီးဝယ်၊ ဒီပစ္စည်းတွေ့လျှင်လည်းဝယ်နှင့် ဝတ်ရည် ဈေးဝယ်တစ်ခါထွက်သောပိုက်ဆံသည် သူ့တစ်လစာထက်တောင် ပို၍ ကျော်လွန်နေသည်။

သူ သက်ပြင်းချပြီး ဝတ်ရည်နောက်မှ ငြိမ်သက်စွာ လိုက်ခဲ့သည်။ မည်သို့ပဲ အသွင်မတူတူ၊ စရိုက်မတူတူ ဖင်မင်းထွန်းဆိုတဲ့ ယောက်ျား လက်ထပ်ရမည့်မိန်းကလေးမှာ ဝတ်ရည်ချိုကလွဲ၍ အခြား ဘယ်သူမှ ဖြစ်လာနိုင်စရာမရှိပေ။

အဲဒီအတွက် သူ့ရဲ့ ပျော်ရွှင်ခြင်း၊ မပျော်ရွှင်ခြင်းတွေ ပါဝင်နေဖို့မလိုချေ။

တစ်ယောက်က အေးတိအေးစက်၊ တစ်ယောက်က ခပ်သွက်သွက်။ ဤသို့ဖြင့် တစ်သက်တာ ခရီးဆက်ရမှာကလည်း သေချာပြီးသား။

ဝယ်ခြမ်းနေရင်း ဗိုက်ဆာလာတယ်ဟု ဆိုသဖြင့် အပေါ်ထပ်မှာရှိသော စားသောက်ဆိုင်ဆီသို့ ရောက်သွားရသည်။

''Seafood စားရအောင်နော် ကိုကို''

သူ ဘာမှမပြောဘဲ ဝတ်ရည်ဝင်လိုက်သည့် ဆိုင်ထဲပင်





ဝင်လိုက်သည်။ ထိုစဉ် မမျှော်လင့်စွာ –

''ဟာ . . . ဆရာ''

ဝတ်ရည်က စားသောက်နေသည့် ဝိုင်းတစ်ဝိုင်းဆီသို့ ရောက်သွားသဖြင့် သူ လျှောက်သွားတော့ –

''ဟင်''

နိုင့်ကိုမြင်လိုက်ရတော့ သူ့ရဲ့ခြေလှမ်းတွေ တန့်သွားမတတ်။ နိုင်ကတော့ သူ့ကို မျက်လွှာတစ်ချက်လှန်ကြည့်ကာ အကြည့်လွှဲသွားသည်။ သူ့အကြည့်က ဆရာဆိုသူထံရောက်သွားတော့ လက်ထဲက အထုပ်တွေ လွတ်ကျမတတ် ခံစားလိုက်ရသည်။

သက်လင်းထွဋ်။

ဟိုယခင်တုန်းကနှယ် သိပ်တော့မပြောင်းလဲစွာ။ ထို့ပြင် သူ့ကိုကြည့်လာသည့် အကြည့်ကလည်း မပြောင်းလဲချေ။ သက်လင်းထွဋ်က နိုင့်မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ လက်ကို ဆုပ်ကိုင်လိုက်တာမြင်တော့ ရင်ဘတ်ထဲမှာ နာကျဉ်စွာခံစားလိုက်ရသည်။ ကိုယ့်ရင်ကို တမင်နာကျင်စေအောင် ရည်ရွယ်လိုက်မှန်း သိသော်လည်း သူမှာ တားပိုင်ခွင့် ဘာရှိလို့လဲ။

''ဆရာ . . . ဝတ်ရည်တို့ ဒီမှာထိုင်မယ်နော်''

မျက်နှာပျက်သွားသော နိုင့်ကို တစ်ချက်လှမ်းကြည့်ပြီး–

''ဟိုဘက်မှာပဲ သွားထိုင်ရအောင် ဝတ်ရည်။ အားနာစရာ''

''အို . . . ဆရာက အဲဒီလိုကိန်းကြီးခန်းကြီး မနိုင်ပါဘူး။

ထိုင်ပါ ကိုကိုရဲ့''

ဟိုက ထိုင်ပါဟု အားနာပါးနာ မပြောတာကို မျက်နှာရိပ်မျက်နှာကဲမသိသောသူသည် ဖွတ်ရော အတင်းရော ဝင်ထိုင်လိုက်သဖြင့် ဆွဲထုတ်ခေါ်သွား၍ မရသဖြင့် မျက်နှာပူပူနှင့်ပင် ဝင်ထိုင်လိုက်ရသည်။

သူထိုင်လိုက်တော့ နိုင်နှင့်ဘေးချင်းယှဉ်လျက်။ နိုင်ကတော့ လုံးဝကို လှည့်မကြည့်လာ။ နိုင် ရန်ကုန်ကိုရောက်နေပုံထောက် ခွင့်နှင့်လား။ အလုပ်ကိစ္စနှင့်လား တစ်ခုခုတော့ တစ်ခုခုပဲ။ မသိသူ သူစိမ်းတစ်ယောက်လို နေနေသဖြင့် နှုတ်ဆက်ဖို့ အခွင့်မသာပေ။

''ကိုကို ဆရာက ဝတ်ရည်တို့ကို စာသင်ပေးတယ် သိလား။ ဆရာက ရန်ကုန်ကပြန်လာတာ သိပ်မကြာသေးဘူး။ အရမ်းလည်း တော်တယ်''

''ဝတ်ရည်ကတော့ ဆရာ့ကိုမြှောက်နေပြန်ပြီ''

''ဝတ်ရည်မမြှောက်ပါဘူး ဆရာရဲ့။ ဆရာက တကယ်ထက်တာပဲ။ ဒါနဲ့ ဆရာကို မိတ်ဆက်ပေးရဦးမယ်။ ဒါက ဝတ်ရည်နဲ့ စေ့စပ်ထားတဲ့သူပဲ။ ကိုဇင်မင်းထွန်းတဲ့။ ကိုကို ဆရာက အခု ဝတ်ရည်တို့ ဟောက်ဆင်းနေတဲ့ ဆေးရုံက ဆရာဝန်လေ။ ဒေါက်တာ သက်လင်းထွဋ်''

ဝတ်ရည်တစ်ယောက်ပဲ လေးယောက်သား ဝိုင်းမှာ ရွှန်းရွှန်းဝေအောင် မိတ်ဆက်ပေးနေပေမယ့် သူနှင့်သက်လင်းထွဋ်ကတော့ ဝတ္ထု





တွေထဲကလို လက်ဆွဲနှုတ်ဆက်ကာ တွေ့ရတာဝမ်းသာပါတယ်ဟု ဟန်ဆောင်ပန်ဆောင်မပြောပါ။ မသိမသာ ပြုံးပြရုံသာ ပြုံးပြဖြစ်ကြသည်။

ဝတ်ရည်မသိသောကိစ္စတွင် သူ၊ သက်လင်းထွဋ်၊ သစ္စာနိုင်တို့သုံးယောက် သိနေခဲ့ကြသည်ဆိုတာ ခုမှမဟုတ်ပဲလေ။

ဝတ်ရည်ပုံစံက သက်လင်းထွဋ်အပေါ် ရေပက်မဝင်အောင် စကားတွေပြောနေပေမယ့် နိုင့်ကိုတော့ ရှိတယ်လေဟု ထင်ပုံမရပေ။ သက်လင်းထွဋ်ကလည်း နိုင့်ကို ဝတ်ရည်နှင့် မိတ်ဆက်ပေးဖို့ ဆန္ဒရှိပုံမရပေ။

ဝတ်ရည်ကတော့ အထူးအပါးလည်း နားမလည်၊ အရိပ်အကဲလည်း မကြည့်တတ်သူပီပီ စားဖို့ သောက်ဖို့ကိုတောင် မှာပြီးနေပြီ။ သူကတော့ အခုချိန်မှာ နိုင့်ကိုအားလည်းနာ၊ သနားလည်းသနားနေမိသည်။

ဝတ်ရည်က သူ့အပေါ် အရမ်းကြီးကို ဂရုစိုက်နေကာ စားသောက်စရာများရောက်လာတော့လည်း ဂရုတစိုက် ထည့်ပေးနေသည်။

သူများဝိုင်းထဲမှာ ဝင်ထိုင်ပြီး နောက်မှရောက်လာတဲ့ သူတို့နှစ်ယောက်က ဗိုလ်ဝင်လုပ်နေသလို ဖြစ်သွားသည်။ နိုင်နှင့်သက်လင်းထွဋ်က ပွဲကြည့်ပရိသတ်ဖြစ်သွားတော့သည်။

''နေပါစေ ဝတ်ရည်၊ ကိုယ့်ဘာသာကိုယ် စားစမ်းပါ''

သူငေါက်လိုက်တော့ ဝတ်ရည်က မနာတတ်သူလို မျက်စောင်းထိုးကာ သက်လင်းထွဋ်ကို ရယ်ပြနေသည်။ နိုင့်ကိုတော့ ကြည့်လည်းမကြည့်၊ စကားလည်းမပြောသော ဝတ်ရည်ရဲ့သဘောထားကို သူ လိုက်လို့တောင်မမီတော့ပေ။

"ဆရာတို့ဝိုင်းကို ဝတ်ရည်ရှင်းမှာနော်"

"နေပါစေ ဝတ်ရည်။ ဆရာတို့ဘာသာ ရှင်းပါ့မယ်။ နိုင်စားလေ၊ ဘာလဲ စားလို့မကောင်းဘူးလား"

သက်လင်းက ဝတ်ရည်ကိုပြောပြီး နိုင့်ကိုမေးသည်။ နိုင်က ခေါင်းခါပေမယ့် ပန်းကန်ထဲမွှေနှောက်နေသည်။ စားတော့ မစားတော့ပေ။

ဝတ်ရည်က သက်လင်းထွဋ်ကို အရမ်းကြီး အရေးတယူလုပ်ကာ စားစရာတွေ လှမ်းထည့်ပေးတော့ သူ မျက်နှာပူကာ နိုင်ကို လှမ်းကြည့်တော့ နိုင်က ဝတ်ရည်ကို ခပ်တည်တည်စိုက်ကြည့်ပြီး သူ့ကို တစ်ချက်လှမ်းကြည့်သည်။

ထိုအကြည့်တွေကြောင့် သူ ပူထူသွားသည်။ "ရှင့်ကောင်မလေးက ဘယ်လိုလဲ" ဆိုသည့် မေးခွန်းပါသည့် အကြည့်။

"နေပါစေ ဝတ်ရည်၊ ဆရာ ဗိုက်ဝနေပြီ၊ ဒီမှာ စကားကောင်းနေလို့ မထဖြစ်သေးတာ။ ဝတ်ရည်တို့ပဲ အေးဆေးစားလေ။ နိုင်သွားရအောင်နော်"

"အင်"





နိုင်က ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ ခေါင်းညိတ်ကာ မစားဘဲကိုင်ထားသည့် ဇွန်းကိုချကာ ဘယ်သူ့ကိုမှ နှုတ်လည်းမဆက်၊ လှည့်လည်းမကြည့်ဘဲ ထွက်သွားသည်။

"ကဲ . . . ဝတ်ရည်တို့ ဆရာ့ကိုခွင့်ပြုဦးနော်"

သူ့ကိုပါကြည့်၍ ပြောလာသဖြင့် သူ ခေါင်းညိတ်လိုက်သည်။ ဝတ်ရည်မျက်နှာက ဆူပုတ်ပုတ်ဖြစ်သွားကာ ခေါင်းမညိတ်ချင် ညိတ်ချင်နှင့်ညိတ်ပြီး နိုင့်ကို မျက်စောင်းလှမ်းထိုးလိုက်တာ သူ ဘယ်လိုမှ နားမလည်နိုင်။

"ဆေးရုံမှာဆိုရင် ဆရာ့ပုံစံက အဲဒီလိုမဟုတ်ဘူး။ အခုကျမှ"

ဝတ်ရည်က မကျေမနပ်ပြောနေသဖြင့် –

"ဝတ်ရည်က သူ့ကို ဒီလောက်အရေးတယူလုပ်နေတာ သူ့ကောင်မလေးက ဘယ်ကြည့်ဖြူနိုင်မှာလဲ"

ပြောတာပြောလိုက်ရပေမယ့် သူ့ရင်ထဲမကောင်း။ နိုင်နှင့်တွေ့ရလိမ့်မယ်မထင်ဘဲ တွေ့လိုက်ရတဲ့အခါ စကားတွေပြောချင်သည်။ သို့သော် ဝတ်ရည်လုပ်လိုက်ပုံနှင့် အခွင့်မသာတော့ပေ။

ယခုကျတော့ မူလပိုင်ရှင်တွေက မကြည်ဖြူနှင့်ထွက်သွားတော့ ကျန်ခဲ့တဲ့ သူတို့နှစ်ယောက်မှာလည်း မပြေမလည်။

"အို . . . ဝတ်ရည်က ဘာဂရုစိုက်စရာလိုလို့လဲ၊ ဝတ်ရည်က ဆရာနဲ့ ဒီလို အပြင်မှာ တွေ့ခွင့်ရဖို့မျှော်လင့်ခဲ့တာ။ တွေ့တော့ ဟောဝုံတွဲခုတ်လို့တဲ့။ ကြည့်လို့ကိုမရဘူး"

"သူတာသော စုံတွဲခုတ်တာ ဘာဖြစ်လဲ။ ဝတ်ရည်က ဘာလို့ သူနဲ့ အပြင်မှာ တွေ့ချင်ရတာလဲ"

မေးလိုက်တာက သဝန်တိုရှ်မဟုတ်ပါ။ ဘာကြောင့် ဝတ်ရည်က သက်လင်းထွန်းနှင့် နှစ်ယောက်ချင်းတွေ့ရဖို့ မျှော်လင့်နေရတာလဲ။

ဝတ်ရည်ရဲ့မျက်နှာက ရဲသွားကာ –

"အဲဒါတော့ ဝတ်ရည်လည်း မပြောတတ်ဘူး။ ဒါပေမဲ့ ဆရာက ပျော်ပျော်နေတတ်တယ်။ ဟာသလည်း သိပ်ပြောတတ်တယ်။ ဝတ်ရည် ဆရာနဲ့စကားပြောရရင် ပျော်တယ်။ ဆေးရုံမှာကျတော့ ခဏတဖြုတ်ပဲ တွေ့ရတာလေ။ အခု ဝတ်ရည်တို့က ward ပြောင်းတော့ ဆရာနဲ့ မတွေ့ရတော့ဘူး။ ဆရာနဲ့ဆိုရင် အချိန်လည်းကုန်လို့ ကုန်မှန်းမသိဘူး။ မသိတာရှိရင်လည်း သင်ပေးတယ်။ တခြားဆရာတွေလိုလည်း မဆူငေါက်တတ်ဘူး"

"ဝတ်ရည် . . . ညည်းစကားတွေ ဘယ်ကိုရောက်နေသလဲ သတိထားမိရဲ့လား"

ဝတ်ရည်ရဲ့စကားတွေကို သူ သဘောမကျစွာ ဟန့်တားလိုက်သည်။

သူတို့ချင်းပြေလည်နေကြသည့် နိုင်တို့ကြားထဲ ဝတ်ရည်ဝင်ပြီး ခလောက်ဆန်မှာကို သူ့နည်းနည်းမှ အဖြစ်မခံနိုင်ပေ။ တစ်ချိန်တုန်းက သူ့ကြောင့် ခံစားခဲ့ရသော နိုင်၊ ယခု ဝတ်ရည်ကဝင်ပြီး ခလောက်





ဆန်၍ နောက်ထပ်တစ်ခါ ခံစားရဦးမည်ဆိုလျှင် သူတို့တွေဟာ လုံးဝ တရားတော့မည် မဟုတ်ပေ။

"ကိုကိုကလည်း ဖြစ်မနေပါနဲ့။ ဘယ်သူတွေနဲ့ ဘာတွေ စိတ်ကူးယဉ်ယဉ် ဝတ်ရည် တကယ်လက်ထပ်မှာ ကိုကို့ကိုပဲ"

ဘုရား . . . ဘုရား။

ဘုရားတတာတောင် ပေါ်ပေါ်ထင်ထင် မတနိုင်တော့ချေ။ ဝတ်ရည် ဘာတွေလျှောက်လုပ်နေတာလဲ၊ သူသိနေသည်။ ဝတ်ရည်ဆိုတဲ့ မိန်းကလေးက ငယ်စဉ်ကတည်းက လိုချင်တဲ့ပစ္စည်းနှစ်ခုတောင် တောင်းစရာမလိုခဲ့တဲ့ အနေအထားနှင့် နေလာခဲ့သူ။ ယခုကိစ္စတွင်လည်း သူ ဖြစ်ချင်တာကို ရအောင်လုပ်မည်ဆိုတာကိုလည်း သူ ကြိုတင်သိနေသည်။ နောက်ထပ် ဘာတွေဆက်ဖြစ်လာမလဲ ရင်တထိတ်ထိတ်နှင့်သာ။

The best proof of love is turst.

**Joyee Brother**

ချစ်ခင်မှုရဲ့အကောင်းဆုံးသက်သေဟာ တစ်ဦးနဲ့တစ်ဦး ယုံကြည်စိတ်ချမှုရှိခြင်း ဖြစ်ပါသည်။

## အခန်း (၁၃)

"နိုင် နင့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ။ ငါ့ကိုပြောနော်။ ဘာမှ အားမနာနဲ့ သိလား"

ဟိုနှစ်ယောက်သားက ထွက်လာတဲ့အချိန်။ ဒီတစ်ခါ ဘယ်သူမှ မနှောင့်ယှက်နိုင်သော အင်းလျားကန်ဘောင်ဘက်သို့ ရောက်သွားခဲ့ကြသည်။

တစ်ချိန်လုံး အရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့်နေခဲ့သော သက်လင်းက ထိုင်ခုံမှာ ထိုင်မိတာနှင့် ထိုစကားကိုပြောခြင်း ဖြစ်သည်။ သူ့စိတ်ထဲ နိုင် ယခုမှ 'သူ' ကိုတွေ့လိုက်သည့်အတွက် တွေ့တာ တောင် တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်တည်း တွဲတွေ့တာမို့ နိုင့်စိတ်ထဲ အရမ်းခံစားနေရမည်ဟု သက်လင်းက ထင်ထားလေသည်။

"ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေမှာမို့လဲ သက်လင်း"

"ဟင် ဟို သူ့ကို"

"ဆောရီး သက်လင်း။ ဒီနေ့ နင်နဲ့တွေ့ရင် ငါပြောမယ်ဆိုတဲ့ကိစ္စ သူတို့ရောက်လာတာနဲ့ ပျောက်သွားတယ်။ လားရှိုးကို သူ ပြောင်းလာတယ်လေ။ ပြီးတော့ ငါတို့ရုံးနဲ့လည်း သိပ်မဝေးဘူး အမြဲတမ်းဆုံကြတယ်"

"ဘာ"

"ဒါပေမဲ့ နင် စိတ်ပူနေသလိုတော့ မဟုတ်ပါဘူး။ ငါ သူ့ကို စကားတောင် မပြောဖြစ်ပါဘူး"

"ဟုတ်လို့လား"

ငါက ယုံရမှာလားဟု မပြောတာကိုပဲ ကျေးဇူးတင်ရဦးမည်။ သက်လင်းပုံစံက စောစောတုန်းကလို အေးတိအေးစက်မဟုတ်တော့။ ခန္ဓာကိုယ်က နိုင့်ဘက်သို့ လုံးဝလှည့်လာခဲ့သည်။

သူ့မျက်ဝန်းတွေထဲက စိုးရိမ်ပူပန်ခြင်းတွေကို တွေ့မြင်နေတဲ့ နိုင်ကတော့ နှစ်သိမ့်အားပေးသလို ပြုံးပြလိုက်ပြီး –

"နင် စိတ်ပူနေသလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ အဲဒါကိုတော့ နင် စိတ်ချထားသက်လင်း။ သူနဲ့ ငါ့ရဲ့ဇာတ်လမ်းက အတိတ်မှာကတည်းက ပြီးပါပြီ ဇာတ်သိမ်းထိုးခဲ့ပြီးသားလေ"

"ဒါပေမဲ့ ငါစိုးရိမ်တယ် နိုင်ရယ်။ ငါလေ ငါ နင့်ကို လုံးဝ အဆုံးရှုံးမခံရဲဘူး။ ဒီတစ်ခါပါ ငါ နင့်ကိုထပ်ပြီး ဆုံးရှုံးရဦးမယ်ဆိုရင် ငါသေမယ် ထင်တယ်"





ပုံမှန်အချိန်ဆို အရင်သေပြလေလို့ ပြောချင်ပြောမိမည်။ ဒါမှမဟုတ် လျှာရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့ဟု ဆိုကောင်းဆိုမိမည်။ အခုချိန်မှာတော့ သက်လင်း ခံစားသွားရအောင် ဘာစကားများနှင့်မှ မစနောက်ရက်ပေ။

ချစ်သူလို မချစ်နိုင်ပေမယ့် သူငယ်ချင်းလို၊ မောင်နှမလိုချစ်တဲ့အကြောင်း အတိတ်မှာတုန်းကတောင် ချစ်သူကို ပြောရဲခဲ့သေးသည်။

အဲဒီလို သံယောဇဉ်ရှိတဲ့ သူငယ်ချင်း ခံစားနေရတဲ့အဖြစ်ကိုတော့ နိုင် မမြင်ချင်ပေ။

"အဲဒါတွေထားပါတော့သက်လင်း။ ငါ လက်ထပ်မယ့်သူက နင်ပဲဆိုတာ အမြဲတမ်း မှတ်ထား။ ဒါပေမဲ့ နင့်ဘက်က ပြောင်းလဲသွားရင်တော့ ငါ စိတ်မကောင်းဖြစ်မိမယ်ထင်တယ်"

"ဘာ ဘာလို့ ငါက စိတ်ပြောင်းသွားစရာရှိရမှာလဲ။ ငါ့ကို အဲဒီလိုပုံစံနဲ့ စကားမခေါ်နဲ့နော်နိုင်။ ငါ လုံးဝ သည်းမခံနိုင်ဘူး"

ထင်သည့်အတိုင်း သက်လင်းက ခါးခါးသည်းသည်း သအော်လေသည်။ နိုင်က နှမ်းလျစွာပြုံး၍ အင်းလျားရေပြင်ကို ငေးကာ –

"သူနဲ့တွဲလာတဲ့ သူကောင်မလေးပုံစံက ကဲကဲသည်းသည်းနဲ့ နောက်ပြီး မိန်းမအချင်းချင်းမို့ ငါသိနေတယ်၊ သူ နင့်ကို"

"တော်စမ်းပါ နိုင်ရာ။ သူ့ဘက်က ဘယ်လိုရှိရှိ သက်လင်း

ထွဋ်ဆိုတဲ့ ငါက နင်ကလွဲရင် ဖွဲနဲ့ဆန်ကွဲပဲ''

''အသေအချာပေါ့''

''အဲဒီလိုမပြောင်လှောင်နဲ့ နှိုင်း၊ ဟုတ်တယ် . . . ပောက်ဆင်းတဲ့ ကောင်မလေးတွေထဲမှာ သူက တော်တော်ကဲတယ်။ ဆေးရုံထဲက လူတွေတောင် ငါ့ကို ဘာလိုလို စနောက်ကြတယ်။ ဒါပေမဲ့ ငါ့ အိမ်ထောင်ဘက်၊ ငါချစ်မြတ်နိုးရတဲ့သူက နင်ပဲ။ အဲဒီလို ဆတ်စလူးနဲ့နဲ့ စိန် မဖြစ်ရဘူး''

သက်လင်းထွဋ်ရဲ့ မေတ္တာတရားကို နှိုင်ယုံကြည်ကာ -

''ကျေးဇူးတင်ပါတယ် သက်လင်းရယ်။ ဒုတိယအကြိမ်ပွဲမှာ ငါ နင့်ကိုပါ ထပ်ရှုံးရဦးမယ်ဆိုရင် ငါ့ရဲ့ မနည်းအားတင်းထားရတဲ့ မာနတွေ နလန်မထူတော့မှာ ငါ အကြောက်ဆုံးပဲ။ တစ်ခုပဲ ငါ နင့်ကို မေတ္တာရပ်ခံချင်တယ်''

စကားကိုဖြတ်ချလိုက်သဖြင့် သက်လင်းက ဘာလဲဆိုသည့် ပုံစံနှင့် သေချာကြည့်နေသည်။ နှစ်များစွာနာနေသောအနာသည် ကျက်ပြီဟုထင်ခဲ့သမျှ ဒီနေ့ ဒီအချိန်ထိ မကျက်သေးမှန်း သိရတော့သည်။ ပိုင်စိုးပိုင်နင်းနှင့် စွာတာတာဖြင့် လူတောင်မမြင်ဖူးတဲ့ မိန်းမ တစ်ယောက်ကို အမိန့်အာဏာနှင့် ပြောခဲ့ဖူးသောလေသံကို ပြန်ကြားယောင်ကာ -

''ငါ လုံးဝ မရှုံးမခံရစေနဲ့။ ငါ နိုင်ပါရစေ။ ငါ နိုင်ရဖို့အတွက် နင် ငါ့အနားမှာရှိဖို့လိုတယ် သက်လင်း''





''ဒါ ပြောစရာလိုလို့လား နှိုင်။ နင်က ထားသွားမယ်ဆိုရင်တောင် ငါက ကျန်ခဲ့ရမယ့်သူပါ။ သက်လင်းထွဋ်ဆိုတဲ့ ငါက နင့်ဆန္ဒနဲ့ အသက်ရှင်နေတာပါ။ နင် ပျော်ရွှင်ကျေနပ်ဖို့ ငါ့ကို ချန်ခဲ့မယ်ဆိုရင် ငါက ကြည်ဖြူစွာနဲ့ နေခဲ့မှာပါ''

သက်လင်းရဲ့ အားငယ်တတ်သော ခံစားချက်ကို နှိုင် နားလည်ပါသည်။ အတိတ်မှာတုန်းကလည်း နှိုင့်ရဲ့ပျော်ရွှင်မှုတွေကိုမြင်ပြီး မျှဝေခံစားပေးခဲ့တဲ့သူ။

ချစ်သူနှင့် အဆင်မပြေတိုင်း အားပေးခဲ့သူ။ အဆုံးစွန် ချစ်သူက ဘာအကြောင်းပြချက်မှ မပေးဘဲ ထားသွားခဲ့တဲ့ အချိန်မှာတောင် နှိုင့်အနားမှာ ဖေးမကူညီပေးခဲ့တဲ့သူပါ။

သို့သော် မကြာသေးမီမှ ပိုင်စိုးပိုင်နင်းဆန်စွာ တစ်လောကလုံးကို ထီမထင်သည့်ဟန်နှင့် ရှေ့တက်လာသော ဝတ်ရည်ချိုဆိုတဲ့ မိန်းကလေး မည်ကဲ့သို့သော ခြေလှမ်းကိုလှမ်းနေသလဲ နှိုင် အသေအချာ မြင်နေသည်။

ဒီကောင်မလေးက နှိုင် စိတ်ဒုက္ခရောက်ဖို့အတွက်များ လူဖြစ်လာရသလားမသိ။

''ဒါနဲ့ နင်က သူ့ကို ခပ်တန်းတန်းနေမယ်ဆိုတာ ငါယုံတယ်။ သူကတော့ သူက''

သက်လင်းရဲ့စကားကြောင့် ငိုချင်သွားသည်။

ဒီနေ့အချိန်မှာ မိန်းမငယ်လေးတစ်ယောက်နှင့် ပျော်ပျော်

ရွှင်ရွှင် shopping ထွက်လာတဲ့ လူတစ်ယောက်ရဲ့ပုံစံကို မျက်လုံးထဲက မထွက်။

နောက် ဟိုမှာကျတော့ နိုင့်ကို စကားပြောချင်ပုံနှင့် ကြိုးစားလာတဲ့သူ။ လေ့နှံနှစ်ဖက်နင်းချင်တာလား၊ ဒါမှမဟုတ် ဒါတစ်ချိန်က ငါနဲ့ကြိုက်ခဲ့ဖူးတဲ့ မိန်းမပါလေပုံစံနှင့် အထင်သေးတာလား။

"သူက ထားခဲ့တဲ့သူပဲ။ သူ့ဘက်က ဘာပြန်စစဲရာရှိမှာလဲ၊ ပြန်စလို့ကော ငါက လက်ခံမှာလား"

"ဟင်း ဟင်း ဟင်း"

"အောင်မှာ ... အဲဒါ ဘာရယ်တာလဲ"

နိုင်မေးတာကို မဖြေဘဲ သက်လင်းက ရယ်ပဲရယ်နေသည်။ အဆက်မပြတ်ရယ်နေတာကိုကြည့်ပြီး အမြင်ကတ်လို့ မျက်စောင်းထိုးပစ်လိုက်သည်။

ရင်ထဲကအပူတွေ နည်းနည်းလျော့သွားသလို ခံစားရသည်။ အလုံးစုံ လျော့သွားတာတော့မဟုတ်။

"နင် သန်ဘက်ခါမှ ပြန်ပါလားနိုင်။ ဒီနေ့က off မို့လား။ မနက်ဖြန် ငါခွင့်ယူပြီး သွားလည်ကြရအောင်၊ ငါနင်နဲ့အတူ လွတ်လွတ်လပ်လပ် မသွားလာရတာကြာပြီ၊ ကြာဆို နင် အလုပ်ဝင်ကတည်းက လေ"

"အံမယ်၊ ငါအလုပ်ဝင်တုန်းကဆိုတော့ နင်က အလုပ်မဝင်တာကျလို့၊ ကိုယ့်ဘာသာ လေဘာကြီးပြီး အလုပ်ဝင်ရုံနဲ့ အားမရဘူး။





နိုင်ငံခြားတောင်သွားလိုက်ပြီးတော့။ နေ့ဖို့ကတော့ မဖြစ်ဘူး။ သန်ဘက်ခါရောက်မှဖြစ်မှာ။ တနင်္လာနေ့ ရုံးတက်ရမှာလေ။ ဘယ်အစိုးရဝန်ထမ်းက တာဝန်တွေရှားကို ကျော်လွှန်ပြီး နေချင်သလိုနေလို့ရလို့လဲ။ Duty is duty ပဲ"

"Duty ဆိုတဲ့စကားကို နားခါးလာပြီ၊ တစ်ခါတလေ စိတ်ရှုပ်လို့ပါဆိုတာ အဲဒီ duty ကြီးကရှိနေတော့ မထမ်းချင်ပဲ ထမ်းနေရတာ။ တစ်ခါတလေ အစိုးရအလုပ်ကတောင် ထွက်ပစ်ချင်လာတယ်။ မေမေကတော့ ငါ့သဘောတဲ့။ မန္တလေးမှာပဲ ဆေးခန်းလာဖွင့်ရင်တောင် သဘောကျသေးတဲ့။ ဒါပေမဲ့ ငါ ပြန်စဉ်းစားကြည့်တာက အစိုးရက ငွေကုန်ကြေးကျ အကုန်ခံပြီး ပညာတော်သင်ပို့ခဲ့တာ။ ဟော ပြန်လာတော့ ငါက သူတို့သတ်မှတ်ထားတဲ့နှစ်ထိပဲ အလုပ်ဝင် ပြီး ဒီအလုပ်ကထွက်ရင် ငါ သင်ထားတဲ့ပညာတွေကို အားနာတယ်"

"အဲဒီတော့"

"အဲဒီတော့လေ နင်ပြောသလို duty is duty ပဲပေါ့ နိုင်ရယ်"

တခြားဆီသို့ စကားလမ်းကြောင်းပြောင်းတော့ 'သူတို့' အကြောင်း အလိုလိုမေ့သွားကြသည်။ မေ့သွားကြတယ်ဆိုတာထက် သတိမရသင့်တာကပိုမှန်သည်။

ဟိုသီချင်းတစ်ပုဒ်ထဲကလိုဆိုလျှင် 'ဆိုင်သူတွေကိုယ်စီနဲ့ တို့ခြားနားခြင်းက သိပ်ခက်နေလို့' ဆိုတဲ့ သီချင်းလို ဖြစ်နေသည်။

ကိုယ်စီ ကိုယ်စီ အသီးသီးမှာ ဘဝလက်တွဲဖော်ကိုယ်စီရှိနေတာက အမှန်တရား။ ထိုအမှန်တရားမှာ ဖောက်ထွက်ခြင်းက သစ္စာဖောက်တာ။ သစ္စာကို အလေးထားတဲ့ သစ္စာရှိဝင်က သစ္စာဖောက်သူ ဘယ်တော့မှမဖြစ်စေရဟု သန္နိဋ္ဌာန် ချထားမိသူပါ။

❀

The three hardest tasks in the world are :

(1) to return love for hate.

(2) to include the exclude and

(3) say "I was wrong".

**Sydney - J.Harries.**

လောကကြီးမှာ ပြောဖို့ ခက်အလေးဆုံးအချက် (၃) ချက်ကတော့ အမုန်းကို မေတ္တာနဲ့ တုံ့ပြန်ဖို့ရယ်၊ ကျဉ်ဖယ်ထားသူကို ပြန်လက်တွဲခေါ်ဖို့ရယ်၊ ဒီနေရာမှာတော့ ကျွန်တော် မှားသွားပါတယ်လို့ ပြောဝံ့တဲ့ သတ္တိတွေ ဖြစ်ပါတယ်။

# အခန်း (၁၄)

''တော်ပြီ၊ တော်ပြီ။ အဲဒီလောက်ထိ တတွတ်တွတ် လာပြောနဲ့။ ငါ ကလေးမဟုတ်ဘူး''

ခုထက်ထိ မှာတမ်းခြွေမပြီးသော သက်လင်းကို ခပ်ငေါက်ငေါက် ပြောပြီး နိုင် နှုတ်မဆက်တော့ဘဲ ကားပေါ်တက်လိုက်သည်။ နောက်ဘက်မှ သက်လင်း ဘယ်လိုကျန်ခဲ့မလဲမသိ။

ကားပေါ်မှာ တက်တဲ့သူတွေ သိပ်မရှိသေး။ နိုင်က ပြတင်းပေါက်ရဲ့ဘေးမှာ ထိုင်ခြင်းဖြစ်သည်။ ဒါတောင် မနေ့က လက်မှတ်ဖြတ်တော့ ပြတင်းပေါက်ဘေးမှာ မရနိုင်ဘူးဆိုလို့ မရ မရအောင် အတင်းအကူအညီတောင်း၍ ဘယ်သူနဲ့ လက်မှတ်လဲပေးလိုက်သလဲ မသိပေ။

လက်မှကိုင်ထားသော ဖုန်းဆီမှာ ဒီးခနဲတုန်ခါသွားသဖြင့် ဖုန်းဖွင့်ကြည့်လိုက်တော့ –





''Goodbye sweetheart''

''အမယ်လေး ကောင်စုတ်၊ ကဗျာက ဆန်နေလိုက်သေးတယ်။ ဟွန်း အမြင်ကတ်စရာ''

နိုင်က ရေရွတ်ပြီး ဖုန်းပြန်ပိတ်ပြီး သိပ်မကြာခင် ဖုန်းမြည်လာသည်။ ကားက ထွက်တော့မည်ဖြစ်သဖြင့် ကားပေါ်သို့ လူများ တဖြည်းဖြည်း တက်လာသည်။

''ဟဲ့ ... ဘာလို့ဖုန်းပြန်ဆက်နေရတာလဲ၊ နင့် message ငါဖတ်ပြီးပြီ''

''ကို့ကို သတိရနေနော်။ သတိရရင် ကိုယ့်ဓာတ်ပုံ အာဘွားပေးလိုက်၊ စိတ်မဆိုးဘူး''

''အံမာ ... ကောင်စုတ်၊ နင် နစ်နာနေဦးမယ် သိလား''

အမြင်ကတ်စွာ ပြောနေသောကြောင့် ပြတင်းပေါက်တံခါးမှ ခါးကိုင်းပြီး အပြင်ကိုခေါင်းထွက်ကာ ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ သက်လင်းက နိုင့်ကို လက်လှမ်းပြပြီး –

''ငါ နစ်နာမယ်ဆို နစ်နာပါစေ၊ အဲဒီလိုမျိုး နစ်နာလို့ကတော့ အခါတစ်ရာ နစ်နာပလေ့စေ''

သူမဘေးမှ ခရီးသည်ရောက်လာသဖြင့် ထိုင်ခုံမှာ မတ်အောင် ပြင်ထိုင်ပြီး –

''တော်ပြီ ... တော်ပြီ၊ ပေါမနေနဲ့တော့ ပြန်တော့။ Duty ရှိသေးတာကို။ သွား ပြန်တော့၊ ငါ ဟိုရောက်ရင် ဖုန်းပြန်ဆက်မယ်''

"အေးပါ၊ ဒါဆို ဒါပဲနော် နိုင်"

နိုင်ကတော့ နှုတ်မဆက်ဘဲ ဖုန်းကိုချလိုက်သည်။ ဖုန်းကို ဘယ်ဘက်အိတ်ကပ်ထဲထည့်ပြီး ထိုင်ခုံမှာ နေသားတကျ ဖြစ်စေရန် ထိုင်လိုက်သည်။ ဘေးမှာရှိနေတဲ့သူက ယောကျ်ားလေးမို့ ခပ်တည်တည်နှင့် ရှေ့ဘက်သို့ မျက်နှာမူထားစဉ် ကားက ကားကြီးကွင်းထဲမှ ထွက်ခဲ့ပြီ။

"Good evening နိုင်"

"အို"

ဘေးနားက ရင်းနှီးနေသောအသံနှင့် နှုတ်ဆက်လိုက်သံကြောင့် နိုင် အံ့သြတုန်လှုပ်စွာ လှည့်ကြည့်လိုက်မိသည်။ သူ နိုင့်ဘေးနားမှာရှိနေတဲ့သူက သူ။

"ရှင်"

"ဘာဖြစ်သွားတာလဲ နိုင်၊ စောစောကတည်းက နှုတ်ဆက်မလို့ဘဲ၊ နိုင် အနှောင့်အယှက်ဖြစ်မှာစိုးလို့"

သူကတော့ အတိတ်မှာတုန်းက ဘာဆိုဘာမှ မဖြစ်ခဲ့သည့်ဟန်နှင့် အေးဆေးသက်သာစွာ ပြောနိုင်ပေမယ့် နိုင်ကတော့ ကြွက်ကိုကြောင်ကစားနေသလို ခံစားရကာ –

အနှောင့်အယှက်ဖြစ်မှာစိုးရင် အခုလည်း မမြင်ချင်ယောင်ဆောင်ပြီး စကားလာမပြော၊ နှုတ်မဆက်ရင် သိပ်ကောင်းမှာပဲ။ အခုတော့ အနှောင့်အယှက်တောင် ရိုးရိုးအနှောင့်အယှက် မဟုတ်ဘူး





ကြီးစွာသော အနှောင့်အယှက်ပဲ။

"အရင်တုန်းက နိုင်နဲ့ အခုနိုင်က မတူပါလား"

"အလိုတော်၊ ရှင်က အရင်တုန်းက နိုင့်အနေနဲ့ ရှိစေချင်ဘာလား။ အံ့ပါရဲ့ရှင်။ မဆီမဆိုင် ဘာတွေလာရောနေတာပါလိမ့်။ ရှင်နဲ့ကျွန်မက ဘယ်တုန်းက အသိမိတ်ဆွေတွေ ဖြစ်ခဲ့တာပါလိမ့်"

နိုင်က ခနဲ့ခနဲ့နှင့် ရွဲ့တဲ့တဲ့ပြောတော့ သူ့ပုံစံက မချိသလိုနှင့်ပြုံးသည်။ ကားကြီးကတော့ တဖြည်းဖြည်း ရန်ကုန်မြေကို စွန့်ခွာလာခဲ့ပြီ။

ခရီးသည်တွေလည်း အတူတူလာတဲ့လူတွေက စကားပြောရင်း အချို့လူတွေက ကားပေါ်က တီဗီကိုကြည့်ရင်း လိုက်ပါလာကြသည်။

လမ်းဘေးမှာထိုင်နေတဲ့ စုံတွဲလိုတော့ ဘယ်သူကမှ တကူးတက စပ်စပ်စုစု ကြည့်မနေကြ၍ တော်သေး၏။ နိုင်ကိုယ်တိုင်လည်း သူနှင့် တစ်ခုံတည်း အတူကျခဲ့မှန်းသိလျှင် လက်မှတ်လဲပေးဖို့ သွားပြောမိမည် မဟုတ်ပေ။ အခုတော့ သူနှင့်အတူ ထိုင်ရဖို့ကံက စီမံလာသည်။

"နိုင်နဲ့ သက်လင်းထွန်း လက်ထပ်သွားပြီထင်နေတာ။ လက်မထပ်သေးဘူးပဲနော်"

သူက နိုင်ရဲ့ မကြည်ဖြူမှုများကို ဘာမှ ဂရုမစိုက်ဘဲ သူပြောချင်ရာကို ပြောနေသည်။ သူ့ပုံစံက ဘာမှမဆိုင်တော့သည့်ကိစ္စကို

အရေးတယူလုပ်ပြီး သိချင်နေပုံ။ နိုင်ကတော့ အခုရှုပ်မှ နောင်ရှင်း ဆိုသလို –

"ဒီနှစ်အတွင်းမှာ ကျွန်မတို့လက်ထပ်ကြတော့မှာပါ။ ဒီကြား ထဲမှာ ရှင့်မဟေသီ ကျွန်မသတို့သားလောင်းကို မနှောင့်ယှက်ဖို့အတွက် တော့ ရှင် တာဝန်ယူပေးပါ"

"နိုင် ဘာတွေပြောနေတာလဲ"

သူ အလန့်တကြားပုံစံနှင့် ပြောနေပေမယ့် နိုင်ကတော့ ဒါ ဟာ ဟန်ဆောင်မာယာတွေပဲဟု စွပ်စွဲချင်ကာ –

"ဟုတ်တယ်၊ ဘာမှမသိချင်ယောင်ဆောင်မနေနဲ့။ ရှင်က လည်း ကျွန်မကို နှောင့်ယှက်၊ ဟိုကောင်မလေးကလည်း သက်လင်း ကို နှောင့်ယှက်နဲ့ ရှင်တို့ တော်တော်တရားလွန်နေပြီ။ ကျွန်မတို့နဲ့ လွတ်ကင်းအောင် ရှင်တို့ မနေနိုင်ကြဘူးလား"

"နိုင်"

"ဘာမှဆင်ခြေပေးဖို့ မစဉ်းစားမနေနဲ့။ ကျွန်မတို့က ရှင်တို့ ကို ဘာတွေလုပ်နေလို့ ကျွန်မတို့ စိတ်အနှောင့်အယှက်ဖြစ်အောင် အတင်းအဓမ္မ လိုက်ကြံနေရတာလဲ။ ဘာလို့လဲ၊ ဘာအပြိုးတွေကြောင့် လဲ"

"နိုင် မင်းထင်နေတာ တစ်ခုမှမဟုတ်ဘူး။ မင်းတို့ကို နှောင့်ယှက်ဖို့ ကိုယ် လုံးဝစိတ်မကူးပါဘူး။ စိတ်အနှောင့်အယှက် ဖြစ်သွားစေတယ်ဆိုရင်တော့ ကိုယ် တောင်းပန်ပါတယ်"





သူက မျက်နှာညှိုးငယ်စွာနှင့် တောင်းပန်နေပေမယ့် နိုင်က ဘာမှမပြောတော့ဘဲ မျက်နှာကို ပြတင်းပေါက်ဘက်သို့ လွှဲပစ်လိုက် သည်။

ဆယ်ကျော်သက်အရွယ် တက်ကြွရွှင်မြူးနေသော ချာတိတ် နှင့် ပျော်ပျော်ရွှင်ရွှင် စားသောက်ဆိုင်ထဲ ဝင်လာသည့်ဟန်က အမြင် အာရုံထဲမှမထွက်။ အို ဒါ ငါနဲ့ဘာဆိုင်လို့လဲဆိုပြီး အတွေးထဲကနေ မောင်းထုတ်ပစ်လိုက်သည်။

ရှစ်နှစ်လောက် သတိမရအောင် မေ့ထားနိုင်ခဲ့ပြီးမှ ယခုကျ တော့ ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက်လို လှုပ် လှုပ်ခတ်ခတ် ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်။ ဝေးကွာ ခဲ့တာကြာပြီဖြစ်တဲ့ သူမတို့နှစ်ဦးရဲ့ ဇာတ်လမ်းကို ပြန်လည်ပတ်သက်ဖို့ (သူမအထင်) ကြိုးစားနေတဲ့ ဇင်မင်းထွန်းကိုလည်း မကျေနပ်။ လွန်ခဲ့ တဲ့ ရှစ်နှစ်က အရွယ်နှင့်မလိုက်အောင် လျှာစောင်းထက်ခဲ့သည့် ဝတ် ရည်ချိုကိုလည်း မကျေနပ်။ ဤလူသားနှစ်ယောက်သည် သူမအား ရုပ်ပိုင်းဆိုင်ရာအားဖြင့် မထိခိုက်သော်လည်း စိတ်ပိုင်းဆိုင်ရာအားဖြင့် ဘုံးဘုံးလဲကျအောင် လုပ်ဆောင်ခဲ့သူများ။ ဤသူများနှင့်ပတ်သက်နေ မည့် သက်လင်းကိုလည်း မကျေနပ်။ အို တစ်လောကလုံးကို သူမ မကျေနပ်ပါ။

သစ္စာနိုင်ဆိုတဲ့ မိန်းမဟာ အချစ်ကြီးပေမယ့် အမျက်ကြီးတဲ့ ရူးသွပ်ဘဲ့ဒွါလည်းမဟုတ်ပါ။ ဒါပေမဲ့ သစ္စာတရားကိုတော့ တန်ဖိုးထား

တတ်ကြောင်း အနီးလူသားတွေ သိဖို့ကောင်းရဲ့။

အခုတော့ သူတို့က သူမကို ကြောင်ကြီးက ကြွက်ကလေးကို ဆော့ကစားသကဲ့သို့ ဆော့ကစားဖို့ ကြိုးစားနေသည်ဆိုလျှင်တော့ တဆိတ် လွန်လွန်းပြီ။

"နိုင်"

ဘေးနားမှာပါလာသည့်သူနှင့် စကားပြောရမည်စိုးသဖြင့် ထိုင်ခုံနောက်မှီမှာ ကျောကပ်ပြီး မျက်စိစုံမှိတ်ထားစဉ် သူ့ရဲ့ခေါ်သံကို ကြားရသည်။ နိုင် မထူးဘဲ ငြိမ်နေတော့ သူလည်း နိုင် စကားမပြောချင်၍ ငြိမ်နေမှန်းသိတော့ သက်ပြင်းချလိုက်သည်။

အစတုန်းကတော့ နိုင် အစီအစဉ်ထဲမှာ ရန်ကုန်ကထွက်ကတည်းက ကားပေါ်မှာ မျက်စိစုံမှိတ် ငြိမ်လာဖို့ အစီအစဉ်မပါပါ။ မိုင်တစ်ရာကျော် နှစ်ရာနီးပါး ခရီးအတွက် အချိန်ကို အကျိုးရှိရှိ အသုံးချဖို့ နိုင့်မှာ ဖတ်စရာ ဥပဒေစာအုပ်တွေ တစ်ပုံကြီးထည့်လာပါသေးသည်။

ဒါ့အပြင် ရန်ကုန်ရောက်သခိုက် တစ်ခါတည်းထည့်ပေးလိုက်သည့် သက်လင်းရဲ့ အင်္ဂလိပ်စာ စာအုပ်တွေကလည်း ခပ်များများ။

ယခုတော့ ထိုစာအုပ်များသည် နိုင့်ရဲ့ လက်ဆွဲအိတ်ထဲမှ ထွက်ခွင့်မရကြချေ။

စိတ်ကလည်း ဒီစာအုပ်တွေကိုဖတ်ဖို့ထက် ပြေးချင်ရာပြေး ဝေးချင်ရာဝေး။ ဘေးနားမှာ ပျံ့လွင့်လာသော အမျိုးသားသုံး ရေမွှေးနံ့





က ရင်းနှီးနေဆဲ။ ဤရနံ့ကို ရှူရှိုက်မိတိုင်း သူများဖြစ်နေမလားဟု ရှစ်နှစ်တာကာလပတ်လုံး ရှူးသွပ်ခဲ့ဖူးပါသေးသည်။

ပြန်တွေ့ကြတော့လည်း သူစိမ်းဆိုတာထက်ကို စိမ်းသက်သွန်းကာ ခါးသီးမှုများပါ ပါဝင်နေသေးသည်။ နောက် စဉ်းစားမိတာတစ်ချက်က ဟိုးတုန်းကသာ ခရီးသည်များ ယောကျ်ားလေး မိန်းကလေးရောထိုင်ခဲ့ရတာ ဖြစ်ပြီး ဒီဘက်နောက်ပိုင်း နှစ်များမှာတော့ စိတ်က မိန်းကလေး၊ မိန်းကလေးချင်း၊ ယောကျ်ားလေး ယောကျ်ားလေးချင်း တွဲပေးတာဖြစ်ပြီး သူနှင့်ကျမှ ဘာကြောင့် အတူလာထိုင်ရသလဲ စဉ်းစားမိရသည်။ ဒါ့အပြင် ဒီကိစ္စရပ်ထဲမှာ မရိုးသားမှုတွေ ပါဝင်နိုင်သလား နိုင် မဆန်းစစ်ရဲချေ။

နောက်တော့ နိုင် မျက်စိမှိတ်အိပ်နေရာမှ အမှန်တကယ် အိပ်ပျော်ခြင်းသို့ရောက်သွားသည်။ တကယ်တော့ နိုင် ခရီးသွားလျှင် ကားပေါ်မှာအိပ်ခြင်း၊ ငိုက်ခြင်း လုံးဝမရှိခဲ့ဖူးပေမယ့် ယခု အိပ်ပျော်သွားခြင်းကတော့ မသိစိတ်ထဲမှ 'သူ' ဘေးနားမှာရှိခြင်းကြောင့် စိတ်ချလက်ချ ဖြစ်မိတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

အိပ်ပျော်သွားရင်း နိုင် အိပ်မက်ထဲမှာ 'သူ' နှင့် စကားများရန်ဖြစ်နေခဲ့သေးသည်။

"ကိုယ်က နိုင့်ရဲ့ချစ်သူစစ်စစ်ပါ နိုင်။ အခုကျတော့ မင်းက ချစ်သူမဟုတ်တဲ့ကောင်နဲ့ လက်ထပ်မယ့် လက်ပွန်းတသီးနေတယ်။ သူများစကားနဲ့ ဆိုရင် ငါ မယုံဘူး၊ သည်းခံမိမှာ။ ဟော . . . ဒီမှာ ဒီမျက်စိနှစ်လုံးနဲ့

တပ်အပ်မြင်တာကွ၊ တပ်အပ်မြင်တာ''

ချစ်သူ့တို့သဘာဝ စိတ်ဆိုးစိတ်ကောက်မှုများ အပြန်အလှန် ရှိကြပေမယ့် 'ကို' ယခုလို ဒေါသဖြစ်နေခြင်းကိုတော့ နိုင့်ဘဝမှာ ပထမဆုံး မြင်ဖူးခြင်းရယ်ပါ။ နောက်ပြီး သဝန်တိုစရာမဟုတ် ကြဲဖန် သဝန်တိုနေသော 'ကို' ကိုလည်း ရယ်ချင်လာသည်။

''ငါ အမြဲတမ်း ပြောတယ်။ အရင်တုန်းက သက်လင်းထွန်း နဲ့ ဘယ်လိုတွဲတွဲ ငါမပြောလိုဘူး။ အခု မင်းက ငါ့ရဲ့ချစ်သူ၊ ငါမဟုတ် တဲ့ ယောကျ်ားတစ်ယောက်နဲ့ သွားတာလာတာ ငါ လုံးဝမကြိုက်ဘူး။ ငါ့ကို နွားလုပ်ဖို့ မကြိုးစားနဲ့ သစ္စာနိုင်။ ငါ လုံးဝခွင့်မလွှတ်ဘူး''

''ကို''

နိုင် အံ့သြစွာခေါ်လိုက်ရင်း 'ကို' ကို မမြင်ဖူးသူတစ်ယောက် လို ကြည့်နေမိခဲ့သည်။

ကို့စကားတွေ ဘယ်လိုအဓိပ္ပာယ်သက်ရောက်သွားသလဲ။ နိုင့်အပေါ် ဘယ်လောက်ထိ အထင်သေးလိုက်သလဲ။ နိုင့်သိက္ခာကို ဘယ်လောက်ထိ ပျက်ရယ်ပြုလိုက်သလဲကို လုံးဝ မစဉ်းစားတော့ဘူး လား။

စိတ်ကူးတွေထဲမှာသာ မေးခွန်းတွေထုတ်နေခဲ့ပေမယ့် လက် တွေ့မှာတော့ ကိုယ့်ကို အံ့သြကြီးစွာ ငေးမပျက်ခဲ့။ နိုင့်အမြင်အာရုံမှာ သိပ်ချောသိပ်လှခဲ့သော 'ကို' တစ်ယောက် ယခုတော့ သူ့ဒေါသနှင့်သူ အကျည်းတန်နေခဲ့သည်။





''အရင်တုန်းကလည်း ဒီကောင်နဲ့ပတ်သက်ပြီး မင်းနဲ့ငါ မကြာခဏ စကားများခဲ့ရတယ်။ ဒီနေ့အချိန်ထိလည်း စကားများနေရ ဆဲပဲ။ ဒီတော့ နောင်အနာဂတ်နဲ့ ပတ်သက်ပြီး ဒီကောင်နဲ့ပတ်သက် ပြီး မင်းနဲ့ငါ အပြတ်အသတ် ရှင်းလင်းမှ ဖြစ်တော့မယ် သစ္စာနိုင်''

''ဘာ . . . ဘာရှင်းမှာလဲ ကို''

နိုင့်စကားတွေ ထစ်ငေါ့စွာ ထွက်သွားခဲ့ပြီး ကို့အပြုံးကတော့ အကြင်နာကင်းမဲ့သူတစ်ယောက်ရဲ့ ရက်စက်တတ်သောအပြုံး။ ချစ်သူ ဘဝတစ်လျှောက်လုံးမှာ ကို့ရဲ့အပြုံးတွေကို ချစ်ခင်နှစ်သက်မိခဲ့ သလောက် ခုချိန်မှာတော့ ကို့နှုတ်ခမ်းထက်က အပြုံးတွေက နိုင့်ကို သေမိန့်ပေးစေနိုင်တဲ့ အပြုံး။

ကိုက လက်နှစ်ချောင်းထောင်ပြသည်။ နိုင် သွယ်လျစွာနှင့် အနုပညာသမားတစ်ယောက်ရဲ့ လက်လို ရှည်လျားသော ကို့လက် ချောင်းတွေကို ငေးပြီး ကို့မျက်နှာကို လှမ်းကြည့်လိုက်သည်။

''မင်းမှာ ရွေးချယ်စရာ နည်းလမ်းနှစ်ခုပဲ ရှိတယ်။ အဲဒါက do or die ပဲ သစ္စာနိုင်''

နိုင် တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့သည်။ ပြတ်သားပါ မရက် စက်ပါနဲ့လို့ ရင်ထဲမှာ တဖွဖွ ရေရွတ်နေခဲ့ပေမယ့် အပြင်ပန်းမှာတော့ မတုန်လှုပ်သူတစ်ယောက်လို့ ကို့ကို ငေးကြည့်နေခဲ့သည်။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြတာတော့ မဟုတ်ပါ။ ဒီ အတွက် ဘယ်အရာကမှလည်း ဘာအကြောင်းကြောင့်နှင့်မှ မြေစာ

မြက် ဖြစ်စရာမလိုပေ။

ရင်ထဲမှာတော့ ချစ်သူတစ်ယောက်ထက် ပြိုင်ဘက် တစ်ယောက်လို ဆက်ဆံနေသော ကိုအကြည့်၊ ကိုအပြောတွေကတော့ နှုတ်ခမ်းထက်က ဓားသွားမဟုတ်နိုင်ပေမယ့် အသည်းနှလုံးထက်မှာ ခုတ်ပိုင်းဖို့ ပြင်နေတဲ့ အသွားထက်လှသော ဓားတစ်ချောင်း။

"မင်းကို သက်လင်းထွဋ်နဲ့ အဆက်အသွယ်ဖြတ်မလား ဒါမှမဟုတ် ငါ့ကို လက်တွဲမလား။ ဒါပဲ Yes or No တစ်ခွန်းတည်း ပဲဖြေလိုက်"

သိသားပဲလေ၊ ဘယ်လောက် သဘောထားကြီးတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ဖြစ် နောက်ဆုံး သူများက ဘယ်လောက်ပင် ရိုးသားတယ်အော်ပြပြ လက်တွေ့သက်သေပြပြ နောက်ဆုံးတော့ သူတို့ရဲ့ သဝန်တိုမှု၊ ပတ်ဝန်းကျင်ရဲ့ သွေးထိုးမှုတွေကို မခံနိုင်တဲ့ ယောကျ်ားတစ်ယောက်က သူ့ရဲ့ဇာတိအမှန်ကို လှစ်ဟပြနေပြီပဲ။

နိုင်က သဘောကျစွာ တဟားဟားရယ်ရင်း မျက်ဝန်းထက် ခိုတွဲလာသည့် မျက်ရည်တွေကို ဂရုမစိုက်မိ။ ရင်ဘတ်ထဲမှာတော့ သူ ထက်ခြမ်းခြမ်းလိုက်သည့် နှလုံးသားတို့ကတော့ သွေးစိမ်းရှင်ရှင် ထွက်လျက်။

"ကိုက အဖြေသိပြီးသားပုစ္ဆာကို ထပ်ပြီး အဖြေညှိချင်နေတာ ကို။ ကိုနဲ့နိုင် ချစ်သူမဖြစ်ခင်ကတည်းက နိုင်က သက်လင်းကို ချစ်သူတစ်ယောက်လို ဘယ်တော့မှ ခံစားမရလို့ ချစ်တဲ့ယောကျ်ား





တစ်ယောက်ကို ရွေးခဲ့တာ ကို သိပြီးသား။ ဒါကို Do or Die ပြောနေတော့ ကို လွန်တာပေါ့။ နိုင့်ဘက်က ဒီထက်ရှင်းတဲ့အဖြေ ပေးပြီးပြီမို့ နောက်ထပ် ဘာမှ ထပ်ရှင်းပြစရာမလိုဘူး။ ကို့ဘက်က ဒီရဲ့ သံသယကို မဖယ်ရှားနိုင်လို့ နိုင့်ကို စွန့်လွှတ်လည်း နိုင်က သက်လင်းကို ဘယ်တော့မှ ချစ်သူလို ချစ်လာမှာမဟုတ်ဘူး။ ဒီတော့ နိုင်နဲ့ သက်လင်း မပတ်သက်ရဘူးဆိုတဲ့ ကို့ ဆုံးဖြတ်ချက်ကိုပဲ ပြန်ပြင်လိုက်ပါ"

နောက်ဆုံးတော့လည်း ယောကျ်ားတကာ ယောကျ်ားထဲမှာ အသေးသိမ်ဆုံးသောစိတ်ဓာတ်ရှိခဲ့သူတစ်ယောက် (မရှိခဲ့ဖူးလို့ ယုံကြည်ခဲ့ပေမယ့်) ကတော့ နိုင့်ကိုကျောခိုင်းသွားခဲ့သည်။

အပြင်ပန်းအဆင်းကိုသာ ကြည့်သွားခဲ့ပြီး သစ္စာတရားကြီးတဲ့ နှလုံးသားတစ်ခုကို လျစ်လျူရှုခဲ့တဲ့ ချစ်သူကို မုန်းဖို့ ကြိုးစားခဲ့ရင်း နိုင် ရင်ထဲမှာ နာကျဉ်မဆုံး။

"ဒုန်း"

"အမယ်လေး"

ရုတ်တရက် နဖူးကို တစ်စုံတစ်ရာနှင့် အရှိန်ပြင်းစွာ ခိုက်မိလိုက်သဖြင့် လူက အိပ်ပျော်နေရာမှ မျက်လုံးပွင့်သွားခဲ့သည်။ ကားချင်း ကားချင်း ပွတ်မိသွားသလားဟု ထိတ်ထိတ်ပျာပျာ လန့်သွားပေမယ့် –

"ကားက ချိုင့်ခွက်ထဲ ပြုတ်ကျသွားတာ တော်တော်

နာသွားသလား''

နဖူးကိုအုပ်ကိုင်ကာ ဟိုကြည့် ဒီကြည့်ဖြစ်နေသော သူမကို သူက ဂရုတစိုက်မေးကာ နဖူးကို ငုံ့ကြည့်ဖို့ပြင်တော့ နိုင် တံခါးပေါက်ဘက်သို့ ကိုယ်ကိုရှိုလိုက်ကာ ခပ်စိမ်းစိမ်းယင် –

''ရပါတယ်''

''နိုင်ရယ်''

ဒဏ်ရာအကြီးအကျယ်ရနေသူတစ်ယောက်လို ညည်းတွားလိုက်ပေမယ့် နိုင် သူ့ကို လှည့်မကြည့်ဘဲ ကားပြတင်းပေါက်မှန်ကို ငေးနေလိုက်သည်။

ခဏလေး အိပ်ပျော်သွားရင်း လူက အိပ်မက်မက်ဖြစ်အောင် မက်လိုက်သေးသည်။ အို မဟုတ်ဘူး။ ခေါင်းကိုလျှင်မြန်စွာ ယမ်းခါလိုက်သည်။ ထိုအဖြစ်အပျက်သည် အိပ်မက်မဟုတ် သူ နိုင့်ကို နောက်ဆုံး အကြောင်းမရှိ အကြောင်းရှာ ချန်ထားခဲ့သည့် နောက်ဆုံးသောအချိန်။

အမှန်တကယ် ဖြစ်ခဲ့သော အတိတ်ပေမယ့် အမှန်တရားလို့ လက်မခံနိုင်တဲ့ နိုင်ကတော့ ထိုအဖြစ်အပျက်တွေကို အိပ်မက်လို့သာ သဘောထားခဲ့မိသည်။

သူကတော့ –

ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားကာ သတိထားမိခြင်းမရှိဘဲ မျက်ရည်တွေက ပါးပြင်ပေါ်မှ အလုအယက် ခုန်ဆင်းသွားခဲ့ကြသည်။





''အတိတ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုဆိုပေမယ့် မေ့ထားနိုင်ရင် အကောင်းဆုံးပေါ့ နိုင်ရယ်''

လို့ သူငယ်ချင်းကောင်းပီသစွာ အားပေးခဲ့တဲ့ သက်လင်းရဲ့ စကားတွေကို ကြားယောင်မိပေမယ့် ကာယကံရှင် သူမကိုယ်တိုင်က အတိတ်ကို 'စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်း' ဆိုသလို အတိတ်ကို ဖက်တွယ်နေမိချင်တော့။

❀

## "အလွမ်း"

ငါ့အချစ်ကို အလေးမနိုး
ဆေးမဆိုးဘဲ ရှေးရိုးရိုးနဲ့
ရောင်းလိုက်ရာ သူ့လက်အောက်မှာ
ရင်ကိုခွဲ အသည်းကိုနှုတ်
တစ်စစီ ဖြစ်ခဲ့ပါရောလား။

ညာပြောလည်း ယုံကြည်
လိမ်ပြောလည်း ကြည်ဖြူ
ချစ်ခြင်းတရားတွေနဲ့
မေတ္တာမိုးတွေ ရွာချင်လည်း
အပြင်မတတ် မဆင်တတ်၍
အလွမ်းသင့်ဘဝသို့ ရောက်ခဲ့လေခြင်း။

ချစ်သူရေ . . .
အလွမ်းမိုးတွေ ရွာချင်သလောက်ရွာ
အဓွေမိုးတွေ ဓွေချင်သလောက်ဓွေလည်း
ဒဏ်ရာရ ငါ့နှလုံးသားက
သွေးတွေ တစ်စက်စက် ကျလို့ပေါ့။

# အပိုင်း (၂)

"ကို့ကိုကော သက်လင်းကိုပါ နိုင်ချစ်တယ်။ သက်လင်းကို ချစ်သူလို ချစ်နိုင်ခဲ့ရင် ကိုတောင် နိုင့်ဘေးနား ရောက်လာစရာ မရှိပါဘူး"

သစ္စာနိုင်

# အခန်း (၁၅)

"ငါက ကိုယ့်လမ်းကြောအတိုင်း ကိုယ် စက်ဘီးမောင်းလာတာပါယ်။ အဲဒီကောင်က လမ်းပေါ် လူအသွားအလာကြည့်ပြီးမှ စက်ဘီးကိုဖြတ်ကူးရမယ့်ဟာ စည်းကမ်းဖောက်ပြီး လမ်းပြောင်းပြန် မောင်းတာ။ ငါ့စက်ဘီးက ဘရိတ်လွတ်နေတော့ ထိန်းလို့မရဘဲ တိုက်မိရော"

"ဖတ်လမ်းက အဲဒီမှာစတာ"

ညည်းညည်းညူညူနှင့် တံတောင်ကို လက်နှင့်အုပ်ကာ ခပ်ဖြည်းဖြည်း လျှောက်နေသော မိမိလေးကို စံပယ်အေးက ပြောင်စပ်စပ်နှင့် ပြောတော့ မိမိလေးက မျက်စောင်းထိုးကာ မနာသော တံတောင်နှင့် တွတ်ပစ်လိုက်သည်။

"စည်းကမ်းဖောက်ဖျက်မှုအခနေနဲ့ ဥပဒေအရ တရားစွဲလို့ရနေပြီ။ ဒါနဲ့ နင်က ဘာမှမပြောလိုက်ဘူးလား"





"ဘယ့်နှယ် မပြောဘဲနေရမှာလဲ။ ပြောသမျှ တတွတ်တွတ် ပြောလွှန်းလို့ အဲဒီကောင်တောင် နားမီးတောက်နေပြီထင်တယ်။ ဘကယ်ဆို ပါးတောင်ရိုက်ပစ်ချင်တာ၊ ကျောင်းသားတွေအများကြီး ရှိနေလို့"

"အမယ်လေး သွားမလုပ်နဲ့နော်၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုနဲ့ သူ့အပြစ်ကနေ ကိုယ့်အပြစ် ဖြစ်သွားလိမ့်မယ်"

"ကဲ ... ဟုတ်ပါပြီ၊ ရှေ့နေမဖြစ်သေးတဲ့နောက်နေရယ်။ ကျွန်မတို့ ဘာဆက်လုပ်ရမလဲ၊ လက်ဖက်ရိုး ကွမ်းရိုးကမ်းရဦးမလား"

မအိက တစ်ခါလာလည်း ဘာကိစ္စက ဘယ်ရာဇဝတ်ကြီးမနဲ့ ညီတာ၊ ဘာကိစ္စက ဘယ်ဥပဒေနှင့်ညီတာ သိပ်ပြောလွှန်းသော ခိုင့်ကို အမြင်ကပ်စွာ ခပ်ရွဲ့ရွဲ့မေးတော့ စံပယ်အေးက –

"ဟဲ့ မအိ ... အခုခေတ်မှာ လက်ဖက်တစ်ရိုး ကွမ်းတစ်ရိုးခေတ်က ကုန်ပြီ။ ပေးရင်တောင် လူမြင်သူမြင်တဲ့ အထုပ်အထည်ကြီးကို စိတ်မဝင်စားဘဲ သေးနိုင်သမျှသေးတဲ့ တန်ဖိုးအရှိဆုံး၊ လူမမြင်သူမမြင်ပေးလို့ရတဲ့ ကျောက်သံပတ္တမြားကိုမှ လက်ခံတာမဟုတ်လား နောက်နေရယ်"

"အဲဒီ ကျောက်သံပတ္တမြားတွေကို လက်မခံခင် လာဘ်ပေး လာဘ်ယူမှုနဲ့ တရားရင်ဆိုင်ဖို့ အရင်ပြင် စံပယ်အေး"

ခပ်တည်တည်နှင့်ပြောလိုက်သော သစ္စာနိုင်ကို စံပယ်အေး သိပ်အမြင်ကတ်တာပဲ'ဟု ပြောပြီး ကျောကုန်းကို အုံးခနဲမြည်အောင်

ထုသဖြင့် နိုင်က မျက်နှာရှုံ့မဲ့သွားကာ 'အမယ်လေး'ဟုအော်ပြီး စပယ်အေး မခံချင်အောင် –

"သူတစ်ပါးကို နာကျဉ်စေမှုတစ်မှုပါ တိုးလာပြီနော်။ ဟဲဟဲ မိမိလေး။ နင် မြက်ခင်းပေါ် ဘာလို့ဖြတ်နင်းရတာလဲ။ ဟိုမှာ မြက်ခင်းပေါ် လမ်းမလျှောက်ရလို့ ရေးထားတာမတွေ့ဘူးလား။ အဲဒါ ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးမှုပဲနော်"

"ဟင်း . . . ငါနော်"

သူတာသာသူ ဒဏ်ရာအနာတရနှင့် ရှုံ့မဲ့နေသော မိမိလေးကို ပြောဖြစ်အောင် ပြောလိုက်တော့ မိမိလေးက နိုင့်ကို လှမ်းရိုက်ဖို့ လက်ပြင်ပြီးမှ အနာကို သတိရသွားကာ ရှုံ့မဲ့သွားသည်။

နိုင်က သဘောကျစွာ ရယ်လိုက်သည်။

"အခုမှ ပထမနှစ်ပဲသင်ရသေးတယ်။ နောက်လေးနှစ် သင်ပြီးတော့ မိနိုင်တစ်ယောက် တံတားလေးပို့ရင်ပို့နေရတော့မယ်။ နင် ရှုံးတာကလေ ဥစ္စာရှုံး။ ယဉ်ယဉ်းလေးရှုံးဖြစ်မှာမဟုတ်ဘူး ရှေ့နေရှုံး ရှုံးနေလို့ ကုရာနတ္တိ ဆေးမရှိ ဖြစ်မှာနော် မိနိုင်"

မအိက အမြင်ကတ်ကတ်နှင့် ပြောပေမယ့် နိုင်ကတော့ မနာတတ်သူလို ခပ်ပြုံးပြုံး။ အားလုံး ပြောချင်ရာပြောကြ။ နိုင်ကတော့ ရှေ့နေအလုပ်ကို စိတ်ဝင်စားရုံသက်သက် မဟုတ်တဲ့ အသွေးအသားထဲကနေကို ဝါသနာပါတာမို့ ဘယ်သူ ဘယ်လိုပြောပြော စိတ်မနာတတ်ပါ။





နိုင့်ကို မှိုချိုးမျှစ်ချိုးပြောနေတဲ့ ဒီမိန်းကလေးတွေက တခြားနေရာက မဟုတ်ခဲ့။ သူတို့လည်း ဥပဒေကျောင်းသူများ ဖြစ်ကြသည်။

နိုင်တို့အုပ်စုက တက္ကသိုလ်ရောက်မှ တွဲမိကြသည်ဆိုပေမယ့် တကယ့်ငယ်ပေါင်း သူငယ်ချင်းအရင်းကြီးတွေ လိုလို၊ မီးရထားလို တွဲတွဲ။

ငါးယောက်ထိုင်၍ မဆန့်သောခုံကိုပင် မရရအောင် ထိုင်တတ်သဖြင့် အားလုံးက ဆလ်သကြသည်။ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် သူ့အားနည်းချက်ကို ဝေဖန်လိုက်၊ ကိုယ့်အားနည်းချက်ကို ဝေဖန်လိုက် ရှိနေပေမယ့် တကယ် စိတ်ပါလက်ပါနှင့် ကွဲရှဲလိုက်သလားဆိုတော့လည်း မဟုတ်ပါ။

စာသင်ဆောင်ရှိတဲ့အပေါ်ထပ်လှေကားပေါ် တက်တော့လည်း တစ်ယောက်ချင်း တန်းစီမတက် စုအုပ်ပြီးအတူတူတက်ကြကာ စကားတွေကလည်း ပေါက်ပေါက်ဖောက်သလို ဆူညံလို့၊ အောင်မြင်စပြုနေပြီဖြစ်သော ဟိုမင်းသမီးရဲ့ သတင်းတွေအကြောင်းလည်း ပါသည်။

ရပ်ကွက်ထဲမှာ သူ့လင်နှင့်သူ့မယား ဘာဖြစ်ဖြစ် အေးအေးမနေဘဲ သတင်းလုပ်ကာ အတင်းလည်း တုတ်လိုက်ကြပါသေးသည်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သိတာတွေကော မသိတာတွေပါ ရောချကာ ပြောနေကြသည်။

အပေါ်ဆုံး လှေကားကိုအရောက် မိမိလေးက ခြေတစ်လှမ်း

သာသွားကာ ခြေအလှမ်း မထင်မှတ်သော တိုက်ကွက်က နိုင်တို့ မြင်ကွင်းထဲ အော်တိုမက်တစ် ကျရောက်လာသည်။

မိမိလေးတစ်ယောက်က အပေါ်ထပ်သို့အရောက် ချိန်သား ကိုက်စွာ ဗီးကြမ်းငှက်ပျောသီးခွံတစ်ခုက လေထုပ်စီး၍အကျ မိမိလေး က ခြေအချ –

''ရှိုး''

''ဝုန်း''

''ဒုန်း''

''အမယ်လေး,လေး သေပါပြီ''

ဒီနေ့တော့ တွတ်ပီကံမကောင်းပါ မဟုတ်။ မိမိလေး တစ် ယောက် ကံမကောင်းပါ။ မနက်က ကျောင်းအလာ စက်ဘီးကို လမ်းပြောင်းပြန်နင်းလာသည့်လူတစ်ယောက်က စက်ဘီးနှင့် ဝင်တိုက်ခဲ့ သဖြင့် ဒဏ်ရာရကာ ရှုံ့မဲ့နေခဲ့ရသလို ယခုလည်း ဘယ်ကလွှင့်လာမှန်း မသိတဲ့ ငှက်ပျောသီးခွံလေးတစ်ခွံကြောင့် သမံတလင်းထက် ဘိုင်းခနဲ နေအောင် ပက်လက်လန်ကျလေတော့သည်။

အသံကြီးက တော်တော်ကြီးကျယ်သလို ကျောင်းသား ကျောင်းသူတွေလည်း တော်တော်များသဖြင့် အားလုံးက ဝိုင်းကြည့် ဝိုင်းရယ်နေသလောက် မိမိလေး ဒီတစ်ခေါက် တော်တော်ကြီးနာသွား တာ သိရသဖြင့် တစ်ဖွဲ့လုံး ဒေါသထွက်သွားကြသည်။ မအီနှင့် စံပယ်အေးက မိမိလေးကို ဝိုင်းထူနေကြသလို နိုင်ကတော့ –





''ဟော့ . . . ဘယ်လက်ကမြင်းတဲ့ကောင်က လူသွားလမ်းမှာ ငှက်ပျောသီးခွံ လွှင့်ပစ်ရတာလဲ။ ထွက်ခဲ့စမ်း . . . တော်တော် ညည်း တမ်းမဲ့တဲ့ ကောင်တွေ''

လူလေးက သေးသေးလေးနှင့် စွာတာတာ အော်ဟစ်စိန် ခေါ်လိုက်သော နိုင့်ကိုကြည့်ပြီး တချို့က ရှဲခနဲဖြစ်သွားသလို မိမိလေး ကို ဝိုင်းထူနေတဲ့ စံပယ်အေးနှင့် မအီမှာလည်း မျက်လုံးပြူးသွားရှာ သည်။

နိုင်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ –

''ကိုယ့်ပစ်တုန်းကပစ်ပြီးမှ အခုကျတော့ မသိသလို လုပ်နေ ဘယ်။ ဟော့ . . . ကိုယ့်အပြစ်ကိုယ်ဝန်ခံရဲတဲ့သတ္တိရှိရင် ထွက်ခဲ့ပါလား။ ကိုယ့်ကြောင့် ဒီမှာမိန်းကလေးတစ်ယောက် ဘယ်လောက်ထိ ဖြစ်သွား သလဲ မြင်တယ်မဟုတ်လား''

အလှတွေကို လှတပတပြင်ကာ ပဲပေးတတ်သလောက်၊ ယောကျ်ားလေးတွေရှိနေတဲ့ ကော်ရစ်တာမှာ ငှက်ပျောသီးစားနေရ အောင် ဘယ်မိန်းကလေးမှ မလုပ်တတ်တာကို နိုင်က ခန့်မှန်းပြီး ယောကျ်ားလေးတွေ စုနေသလိုဖြစ်သော ကော်ရစ်တာရဲ့ ဘယ်လက် ခြမ်းစီ မျက်နှာမူပြီး အော်နေခြင်းဖြစ်သည်။

''ဟော့ နိုင် . . . မိမိလေးရဲ့လက်ယောင်နေပြီ၊ ဖောင်းတောင် ဖောင်းလာပြီ''

''ကျိုးပြီလားမသိဘူး''

မိမိလေးက ဘာမှမပြောနိုင်လောက်အောင် ရှုံ့မဲ့နေပြီး မိမိလေးကိုတွဲထူသော မဒီနှင့် စံပယ်အေးရဲ့အသံကြောင့် ကျောင်းသားအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ကူဖို့ လှမ်းလာကြချိန်။

"ကြားတယ်နော်၊ ဟော့ . . . အဲဒါ နင်တို့ယောကျ်ားလေးတွေထဲက တစ်ယောက်ယောက်လုပ်တာနော်။ ဝန်မခံလို့ကတော့ ငါ ဒီမှာရှိတဲ့ ကျောင်းသားအားလုံး မော်ကွန်းထိန်းဆီ သွားတိုင်ပစ်မှာ"

"ဟာ . . . ငါတို့နဲ့ ဘာဆိုင်လဲ"

"အေးလေ . . . အဲဒီလောက် သေချာသိလည်း ဘယ်သူဆိုပြီး ကိုယ့်ဘာသာ ဆွဲထုတ်ပါလား"

"မဆီမဆိုင် ငါတို့ကို ဆွဲထည့်မလာနဲ့"

နိုင်ရဲ့ခြိမ်းခြောက်စကားကြောင့် ယောကျ်ားလေးတွေဆီမှ ကြွက်ကြွက်ညံအောင် စကားသံတွေ ထွက်လာသည်။ တချို့က မဆီမဆိုင် အားလုံး မော်ကွန်းထိန်းဆီတိုင်မည်ဟု ပြောသောနိုင့်ကို ဒေါသထွက်နေကြသည်။

ကိုယ့်အုပ်စုနှင့်ကိုယ် ခအေးအေးဆေးဆေး နေတတ်သော နိုင်က ဘယ်ယောကျ်ားလေးနှင့်မှ ပြဿနာမဖြစ်တတ်သော်လည်း ယခုကိစ္စမှာတော့ တမင်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ သူများနိုက်မိတာမြင်လျက်သားနှင့် ထွက်မလာသော အနီးယောကျ်ားကို စိတ်တိုကာ ဘာကိုမှမမြင်တော့ပေ။

သေချာတာတစ်ခုက အော်ဟစ်ဆူပူနေသော ယောကျ်ား





လေးအချို့မှာ ငုက်ပျောသီးခွံ ပစ်လိုက်သူကို မြင်ဟန်မတူ။ မြင်လျှင်တော့ သူတို့ကို မော်ကွန်းထိန်းဆီ ပို့မည့်နိုင့်ကို စိတ်တိုပြီး ဂုတ်ကဆွဲပြီး ခေါ်ထုတ်လာမှာ သေချာသည်။

"နိုင်ရယ် တော်ပါတော့၊ မတော်တဆဖြစ်တာကို၊ လာ မိမိလေးကို ဆေးခန်းပို့ကြရအောင်"

စံပယ်အေးက စကားနည်း ရန်စဲနေရန်ပြောသည်။ လက်ကိုသည်း လှမ်းဆွဲထားသဖြင့် နိုင် မိမိလေးတို့ဘက် လှည့်လိုက်သည်။

တချို့ကျောင်းသူကျောင်းသားတွေက ကူညီဖို့၊ တချို့ကျောင်းသူကျောင်းသားတွေကတော့ အမှုပတ်မှာစိုးလို့လားမသိ အလျှိုလျှိုထွက်သွားကြသည်။

"ဒီမှာ . . . ဒီမှာ"

နိုင်တို့ ဆေးခန်းရောက်ပြီး မိမိလေးကို ဆရာဝန်စမ်းသပ်စစ်ဆေးပေးသည်။ နိုင်တို့က ဆေးခန်းလေးထဲမှာ ပြုံအုံနေမည်ဆိုးတာကော မပြောသင့်တာတွေ ပြောမိမှာဆိုးတာတွေကြောင့်ကော စံပယ်အေးက –

"မိလေးကို ငါပဲ ကူပေးလိုက်မယ်။ မဒီက နိုင်နဲ့အတူအပြင်မှာ စောင့်နေလေ။ ဪ . . . တခြားကျောင်းသူ ကျောင်းသားတွေကို ပြန်နိုင်းလိုက်ဦးနော်။ အတန်းပျက်နေရင် ဆူခံရလိမ့်မယ်။ ငါတို့အတွက်တော့ တစ်ယောက်ယောက်နဲ့ ခွင့်တိုင်ခိုင်းလိုက်လေ"

"ကဲပါ . . . ကိုယ့်ဘာသာကိုယ် လုပ်စရာရှိတာလုပ်ပါ"

နိုင်တို့ ဆေးခန်းရှေ့ရောက်တော့ အချို့ကျောင်းသားတွေကို အားနာစွာ ပြန်နိုင်းလိုက်ချိန် မပြန်သေးဘဲ ကျန်နေသည့် သုံးယောက်ကိုကြည့်ပြီး မအိက ဘာပြောရမှန်းမသိစွာ ငြိမ်နေစဉ် ထိုအုပ်စုထဲမှ တစ်ယောက်က နိုင့်ကိုလှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

နိုင်က ခေါ်တဲ့သူကို လှည့်ကြည့်လိုက်သည်။ ထိုသူမှာ မိန်းကလေးတွေနှင့်ယှဉ်လျှင် အရပ်ပုသည်ဟု မထင်ရသော်လည်း ယောကျ်ားလေးတွေနှင့်ယှဉ်လျှင်တော့ အရပ်ပုသူဟု ဆိုနိုင်သည်။ အသားဖြူဖြူနှင့် မျက်မှန်တပ်ထားသည်။ လွယ်အိတ်ကိုထုံးပြီး ကျော်သူတို့ခေတ်က လွယ်သလို လွယ်ထားသည်။

ထိုတစ်ယောက်ဆီမှ နောက်တစ်ယောက်ကို အကြည့်ပြောင်းလိုက်သည်။ ထိုသူမှာ ယောကျ်ားတွေထဲတွင် ခံ့ညားချောမောသူလို့ ဆိုနိုင်လောက်သည့် ရုပ်ရည်ရှိသူဖြစ်သည်။ အရပ်မြင့်မြင့် အသားဝင်းဝင်းနှင့် မည်းနက်သောမျက်ခုံးတို့က ပေါ်လွင်ထင်ရှားသည်။ သူကတော့ လွယ်ဆန်ဆန် ဝတ်ထားပြီး ပခုံးတစ်ဖက်ထက်၌ ကျောပိုးအိတ်ကို လက်တစ်ဖက်လျှိုသွင်းပြီး ခပ်လျောလျော လွယ်ထားခြင်းဖြစ်သည်။ ပုံစံကတော့ 'Giorenzo, Tri' ကျောပိုးအိတ်ကြော်ငြာကြော်ငြာနေသည့် မင်းသားတစ်ယောက်နှယ်။

နောက်တစ်ယောက်ကတော့ နှာခေါင်းကြီးကြီးနှင့် အရပ်မြင့်ကာ ပုံစံက ပျော်ပျော်နေတတ်သူမှန်း မြင်ရုံနှင့် သိသာပါသည်။ သို့သော် နိုင်က မရယ်ဘဲ သုံးယောက်စလုံးကို အပြန်ပြန်အလှန်လှန်





ကြည့်ကာ နောက်ဆုံး "ဒီမှာ ဒီမှာ" လို့ခေါ်တဲ့ ပုပုနှင့်လူဆီ အကြည့်ပို့ကာ –

"ဘာလဲ"

"ငှက်ပျောသီးခွံ ငါပစ်လိုက်တာ။ တမင်ရည်ရွယ်ပြီး ပစ်တာ မဟုတ်ပါဘူးဟာ။ နောက်ဘက်မှာ လူရှိတယ်ဆိုပြီး"

"အဲဒီက စတာပဲ။ တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်နေပြီး ကျောင်းက အမှိုက်မပစ်ရလို့ တားမြစ်ထားတဲ့နေရာမှာ ရှင်က အမှိုက်ပစ်လိုက်တော့ ရှင့်အပြစ် ဘယ်လောက်ကြီးသလဲ သိလား။ နောက်ပြီး လူလစ်တယ်ထင်ပြီး လုပ်တတ်တဲ့ ရှင့်အကျင့်ကြောင့် ကျွန်မသူငယ်ချင်းမဟုတ်လည်း တခြားသူကို ထိခိုက်စေမှာပဲ"

"ဟုတ်ပါတယ်"

"ကျွန်မ ကျောင်းပေါ်မှာ မေးတုန်းကတော့ ရှင် ထွက်မလာဘူး။ အဲဒါကကော ဘာသဘောလဲ"

"ဒီမှာမိန်းကလေး။ မင်း အဲဒီတုန်းက ပြောလို့ထွက်ခဲ့ရင်လည်း ပြဿနာသေးသေးလေးကို ပုဆိန်နဲ့ထွင်းဖို့ ကြိုးစားသလိုဖြစ်နေမှာပေါ့။ ငါတို့က အခု ကိုယ့်အပြစ်ကိုယ်သိလို့ သူ့ကို အစစအရာရာ ကူညီဖို့ နေခဲ့တာလေ"

နှာခေါင်းကြီးကြီးနှင့် တစ်ယောက်က မခံနိုင်သလို ဝင်ပြောသည်။ မအိက နိုင့်လက်ကိုလှမ်းဆွဲကာ ဆက်မပြောနဲ့တော့ဟု အသံတိတ် တားမြစ်သည်။

"မင်း ဒီလောက်ထိနဲ့ မကျေနပ်နိုင်မှန်း ကိုယ်တို့ သဘော ပေါက်ပါတယ်။ အဲဒီအတွက် ကိုယ်ကပဲ သူငယ်ချင်းတွေကိုယ်စား တောင်းပန်ပါတယ်။ သူတို့ကလည်း တောင်းပန်ချင်ကြပါတယ်။ အဲဒီ တုန်းက မင်းလည်း ဒေါသအရမ်းကြီးနေတော့ မဖြစ်သင့်တာ မဖြစ်ရ အောင် ကိုယ်တို့ငြိမ်နေခဲ့တာပါ"

"တမင် ဒီလိုကြီးဖြစ်သွားစေဖို့ မရည်ရွယ်ပါဘူး"

မင်းသားလိုချောသောသူက ပြေရာပြေကြောင်း ဝင်ပြော ကာ တောင်းပန်စကားဆိုလေသည်။ နိုင် သက်ပြင်းချကာ မျက်နှာလွှဲ လိုက်သည်။

ကျေအေးကြောင်း မပြောသေးပေမယ့် တစ်ဖက်က ကိုယ့် ကိုယ်ကိုယ် သိ၍ တောင်းပန်စကားဆိုနေတာကို လက်မခံနိုင်ပါဘူးဟု ငြင်းပယ်ရလောက်အောင် နိုင်က မရိုင်းသေးပါ။ သို့သော် ကိုယ်က 'come on' လို့စိန်ခေါ်ပြီးမှ တစ်ဖက်က ဘာဒေါသမှမပြဘဲ ဝန်ချ တောင်းပန်တော့လည်း ကိုယ့်ကိုယ်ကိုယ် ရှက်မိသွားခြင်းကြောင့်ဖြစ် သည်။

အမှန်တကယ်အားဖြင့် နိုင်က အဲဒီလောက်ထိ စွာတေးလန် သော မိန်းကလေးတစ်ယောက်တော့မဟုတ်ပါ။ မနက်က နိုက်မိထား၍ နာနေသော မိမိလေးကို နောက်ထပ်တစ်ခေါက် ကံကြမ္မာက မျက်နှာ သာမပေးတာကို စိတ်ဆိုးခြင်းဖြစ်ပါသည်။

"အိတို့ ဘယ်လိုမှ သဘောမထားပါဘူး။ တောင်းပန်စရာ





သည်း မရှိပါဘူး။ ရှင်တို့နဲ့အိတို့က အခုမှ တွေ့ဖူးကြတာဆိုတော့ ဘာမင်လုပ်တာလို့လည်း အိတို့ မစွပ်စွဲပါဘူး။ မတော်တဆဖြစ်တာပဲ ရပါတယ်"

မျက်နှာလွှဲနေသော နိုင့်ခါးကို ဆွဲဆိတ်ကာ မအိက ပြုံး၍ ထိုသုံးယောက်ကို ပြောလေသည်။ နိုင်က မအိရဲ့လက်ကို ပုတ်ထုတ် လိုက်ကာ ခုံမှာ ဝင်ထိုင်လိုက်သည်။

"တော်သေးတယ်ဟေ့။ အရိုးမကျိုးပေလို့။ ကျတဲ့အရှိန် များသွားလို့တဲ့။ ယောင်တာတော့ တော်တော်လေး ယောင်နေတယ် တဲ့။ အဲဒါ တို့ (၃) ယောက် အလှည့်ကျ ရေခဲဝတ်အုပ်ပေးရမှာ"

စံပယ်အေးက မိမိလေးကိုတွဲပြီး ရှုံ့ရှုံ့ထွက်လာတာ မဟုတ်။ ပေါက်ပေါက်ဖောက်သလို ပါးစပ်ကစကားသေနတ်ပစ်ပြီး ထွက်လာခြင်း ဖြစ်သည်။

နိုင်တို့နှစ်ယောက် မိမိလေးကို ဝင်တွဲနေရင်း ဟိုသုံးယောက် ဘယ်အချိန်က ပျောက်သွားသလဲ သတိမထားမိချေ။ သေချာတာ တစ်ခုကတော့ မိမိလေးကို အကြောင်းပြု၍ နိုင်တို့သုံးယောက်ပါ တစ်ပတ်လုံး ကျောင်းပြေးခဲ့ကြသည်။

## အခန်း (၁၆)

"သူများတွေပြောပြလို့ ငါပြန်သိတာ။ နင် တော်တော်ရဲပါလား နိုင်ရယ်။ ယောက်ျားလေးတွေကို နင် ဘာထင်လို့ သွားစိန်ခေါ်တာလဲ။ မဟုတ်တဲ့သူတွေက နင့်ကို ရန်ငြိုးဖွဲ့နေမှဖြင့်ဟာ"

သက်လင်းက နိုင့်ကို အဖေကြီးတစ်ယောက်လို စိတ်ပူစွာ ပြောနေပေမယ့် နိုင်က ပခုံးကို လှုပ်ခါစွာတွန့်ပြီး ဘာမှမပြောသေးပေ။

"နင် ဟုတ်နေလိမ့်မယ်လို့ ငါ လုံးဝမထင်ထားဘူး။ နင်က ဟုတ်တယ်ပြောမှ ကိုယ့်ကိုယ်ကိုယ် သတ္တိရှင်ကြီးလို့ အောက်မေ့နေသလား နိုင်"

"ဟာ ... အဘိုးကြီးကျနေတာပဲ ပါးစပ်ကိုပူတယ်။ ဆယ်တန်းစာမေးပွဲရဲ့အဆုံးအဖြတ်ကြောင့် နင် ငါ့ထက်မြင့်တဲ့ ဆရာဝန်လိုင်း ရသွားပေမယ့် ငါ့ကို ဆရာလုပ်ဖို့တော့ မဟုတ်ဘူးနော် သက်လင်း"





နိုင်က အမြင်ကတ်ကတ်ဖြင့် သက်လင်းရဲ့ လက်မောင်းကို ဖြန်းခနဲ မြည်အောင်ရိုက်ပြီး ပြောတော့ မနာဘဲနှင့် သက်လင်းရဲ့ မျက်နှာက ရှုံ့မဲ့ပြသည်။

ပြီးတော့ နှစ်ယောက်သား ဘာရယ်မဟုတ် ရယ်လိုက်မိကြသည်။

နိုင်နှင့်သက်လင်းက ငယ်စဉ်ကတည်းက အတူကြီးလာခြင်းဖြစ်သည်။ နှစ်အိမ့်တစ်အိမ်လို နေလာခဲ့ကြခြင်းဖြစ်သည်။ ပြီးတော့ လကြီးလငယ်မို့ နင်နဲ့ငါ ပြောဖြစ်ကြသည်။

ထူးခြားတာတစ်ခုက သက်လင်းကိုမွေးပြီး သိပ်မကြာ၊ သူ့အမေက ဆေးရုံတက်ရသည်။ အစပိုင်းတုန်းက နို့မှုန့်ဖျော်တိုက်သော်လည်း နို့မှုန့်နှင့်မတည့်၍လားမသိ သက်လင်းက ချူချာလာသည်တဲ့။ နောက်တော့ မေမေကပဲ သက်လင်းကို နို့ခေါ်တိုက်မှ ပြန်လည်ကျန်းမာလာခြင်း ဖြစ်သည်။

နိုင် ငယ်ငယ်တုန်းက သိပ်ဆိုးသည်တဲ့။ နိုင့်ကို နို့ဝအောင်တိုက်ပြီး ဘေးချကာ သက်လင်းကို နို့တိုက်တော့ နိုင်က သက်လင်းကို ဆွဲဆွဲချကာ အော်ငိုတတ်သည်တဲ့လေ။

ဒါကြောင့် နိုင်က သက်လင်းကို –

"နင်နဲ့ငါက နို့တိုက်မဟုတ်ဘူး။ နို့လုဘက်" ဟု ပြောကာ အနိုင်ယူတတ်သည်။

သို့သော် တစ်မအေတည်းက နို့ကို အတူသောက်သုံးခဲ့ရလို့

လားမသိ နိုင်နှင့်သက်လင်းက သူများသူစိမ်းတွေထက် ပို၍ ချစ်ခင်ကြကာ မောင်နှမလည်းမဟုတ်၊ သူငယ်ချင်းလည်းမကျနှင့် တစ်ယောက်ကို အခြားသူက ထိလျှင် တစ်ယောက်က မခံတတ်ပေ။

အတူတကွကြီးပြင်းလာတဲ့ သက်တမ်းတစ်လျှောက်မှာလည်း နှစ်ယောက်သား အခြားသောသူငယ်ချင်းတွေထက် ပို၍ စည်းလုံးကာ အမြဲတမ်း တတွဲတွဲ ဖြစ်နေတတ်သည်။

နိုင် ဆယ်တန်းစာမေးပွဲဖြေခါနီး နိုင့်အဖေက အိမ်ပေါ်နောက်မိန်းမခေါ်တင်လာတုန်းကလည်း နိုင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကာ စာမကျက်နိုင်ဖြစ်တော့လည်း သက်လင်းပဲ အားပေးဖြောင်းဖြကာ အာရုံမရသည့်ကြားက စာ မရရအောင် ရှင်းပြတတ်ခဲ့သည်။

ယခုလို အောင်ခဲ့ခြင်းတောင် သက်လင်းရဲ့ကျေးဇူးတွေ ရာနှုန်းများစွာ ပါဝင်နေပေမယ့် သူမတို့နှစ်ဦးကြားမှာ ကျေးဇူးတင်လိုက်တာ ဆိုတဲ့စကားက အပိုသက်သက်မို့ ဘာမှ ပြောစရာမလိုပေ။

"အန်တီ . . . အန်တီ့ကို တိုင်ရဦးမယ် သိလား"

နှစ်ယောက်သား အိမ်ထဲသို့ ဝင်လာတော့ သက်လင်းက မေမေ့ကို ထိုသို့ပြောသည်။ နိုင်ကတော့ ပြောပေါ့ဆိုသည့်ပုံစံနှင့်ကြည့်ကာ အိပ်ခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။

မေမေက အိမ်နေရင်း ဂါဝန်ဝတ်ခွင့်ပြုသော်လည်း ဟိုအိမ်နှင့် ဒီအိမ် ကူးတာကအစ မြို့ထဲသွားသည့်အဆုံး ဂါဝန်ကို လုံးဝ (လုံးဝ) ဝတ်ခွင့်မပြုဘဲ ထဘီ ဒါမှမဟုတ် ထဘီစကပ်တို့လို လုံလုံခြုံခြုံ





ညည်ရှည်လေး ဝတ်သွားစေတတ်သဖြင့် ဝတ်ထားသောဂါဝန်ကို ဝင်လဲရခြင်း ဖြစ်သည်။

အပေါ်မှာ စိမ်းပြာရောင် တီရှပ်ခါးရှည်ကိုဝတ်ပြီး အနက်ရောင် လုံခြည်စကပ်ကို ဝတ်လိုက်သည်။ လင်းတာနှင့် ပခုံးကျော်ကျော်ရှည်သော ဆံပင်ကို ဆံမြီးနှစ်ခွ ကျစ်နေကျဖြစ်သဖြင့် ဆံပင်ကဘာကူးတာက ဖြီးသင်စရာမလိုချေ။

အိပ်ခန်းထဲမှ ထွက်လာပြီး –

"သွားရအောင်လေ"

"နေပါဦး သမီး။ မောင်သက်လင်းပြောလို့ မေမေ သိပြီးပြီ။ ဘာလို့ လူရွှာလုပ်နေတာလဲ။ သမီးက ငယ်တော့တဲ့ကလေး မဟုတ်ဘူးနော်။ ယောက်ျားလေးတွေနဲ့ ဖက်မဖြစ်ချင်စမ်းပါနဲ့အေ"

"ဟုတ်ကဲ့ပါ မေမေရဲ့။ တစ်ခုပဲ ရှိတာက နိုင်ရှေ့မှာ မတရားဘာလာလုပ်ရင်တော့ နိုင်က လက်ပိုက်ကြည့်မနေနိုင်တာက ခက်တယ်"

"ကဲ"

မေမေက ဆင်ခြင်ကန်ပလားဆိုသည့်ပုံစံနှင့် ကဲ လုပ်နေပေမယ့် နိုင်က –

"မတော်တဆ အဲဒီနေရာမှာ မိမိလေးက ယောင်သွားရုံမဟုတ်လို့ သမံတလင်းနဲ့ ခေါင်းရိုက်မိရင် သေတောင်သေနိုင်တယ် မေမေရဲ့။ နောက်တစ်ခါ အဲဒီလိုမဖြစ်ရအောင်လို့ တမင် သမီးကို

ပြောလိုက်တာ''

''တော်ပါ မိနိုင်ရယ်။ ကျုပ်က တော့်ရဲ့တရားခံလည်း မဟုတ်ဘူး။ တရားလိုလည်း မဟုတ်ဘူး။ ဘာမှ လျှောက်လဲချက်တွေ ပေးမနေနဲ့။ နောက်တစ်ခါသာ ဒါမျိုးမဖြစ်စေနဲ့ ကြားလား''

''ဟုတ်ကဲ့ပါ မေမေ . . . ဒါပေမဲ့''

''ဗျာ . . . တော်ပြီလေ၊ ဘာ . . . ဒါပေမဲ့နေတာလဲ''

နိုင် ပါးစပ်ဟလိုက်တော့ မေမေက မျက်လုံးပြူးပြီး ကြည့်နေသလို သက်လင်းက မေမေ့ဒေါသသိနေသဖြင့် နိုင့်လက်ကိုဆွဲကာ ဟောက်လိုက်သည်။

''အဲဒါကြောင့် နင် ခုချိန်ထိ ရိုက်ခံနေရတာနေမှာ သိလား နိုင်''

''အံမယ် . . . ဘာဆိုင်လို့လဲ''

သက်လင်းက စက်ဘီးနင်းပြီး နိုင်က နောက်မှာထိုင်လိုက်လာခြင်းဖြစ်သည်။ သက်လင်းက နိုင်ကို လှည့်မကြည့်ဘဲ စက်ဘီးကို အေးအေးဆေးဆေး မောင်းနေကာ –

''ဆိုင်တာပေါ့၊ အန်တီ ဒေါသဖြစ်နေမှန်းသိသိနဲ့ နင်က မိကျောင်းသမီးလို့ ဆင်ခြင်ကန်နေတာလေ။ ငါသာဆိုရင် နင့်အမေလို မျက်လုံးပြူးပြီး ကြည့်မနေဘူး။ ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်ပစ်တယ် သိလား''

''အံမာ . . . နင်က ငါ့ကိုဟုတ်လား။ သေချင်နေတာလား





[?]ကောင်စုတ်။ စက်ဘီးကို အခုရပ်လိုက်ရင် ငါဝိတ်ထိုးပြီးသားနော်။ အခုနေထိုးရင် ငါပါ စက်ဘီးပေါ်က ပြုတ်ကျမှာစိုးလို့ သက်သာသွားတယ်မှတ် . . . ဟွန့်''

နိုင်က မဲ့ကာရွဲ့ကာနှင့် ပြောတော့ သက်လင်းက သဘောကျ[?]စွာ ရယ်လေသည်။

နိုင်က နောက်မှာ ထိုင်ပြီး လက်တစ်ဖက်က သက်လင်းရဲ့ [?]ခုံပေါ် ထိန်းထားရင်းနှင့် –

''အဲဒါကြောင့် နင်တို့တွေက သိပ်ခက်တာသိလား သက်လင်း''

''ဟ . . . ဘာဆိုင်လို့လဲ ဘလိုင်းကြီးပါလား''

''ဘာမှဘလိုင်းကြီးမဟုတ်ဘူး။ ဒွဲပါ။ အခု အလကားနေ [?]ခံလိုက်ရတဲ့ ငါ့သူငယ်ချင်းဘက်က မခံနိုင်လို့ ငါက ဝင်ပြောမိတာနဲ့ [?]ငါ့ကို လူမိုက်ကြီးဝင်လုပ်တယ်လို့ ပြောတာလေ။ ဒီနေရာမှာ ငါ့ [?]သူငယ်ချင်းမဟုတ်လည်း ငါက ဝင်ပြောမိမှာပဲ''

''အဲဒါ နင့်အမေသွားပြောပါလား။ ဘာလို့ ငါ့ကိုလာပြောနေ [?]တာလဲ။ သူ့အမေကို မပြောရဲတိုင်း ငါ့ကိုလာပြောနေတယ်။ မှားပါ [?]တယ်။ ဒီလိုမှန်းသိ နင်က အိမ်ဘက်ခဏလာပါဦးဆိုကတည်းက [?] သဘောပေါက်သင့်တယ် မိနိုင်''

''ဘာမိနိုင်လဲ . . . ကဲ''

နိုင်က စိတ်တိုတိုနှင့် သက်လင်းရဲ့ကျောကုန်းကို ထုပစ်ကာ

"ငါ တောသူမ မဟုတ်ဘူး။ ငါ့ကို နှိမ်ပေါက်နဲ့ မိနိုင်လို့ လာမခေါ်နဲ့။ နောင်တရရင် မီသေးတယ်။ အခု စက်ဘီးပေါ်ကဆင်း"

နိုင် တကယ် စိတ်တိုသွားမှန်းသိတော့ တဟဲဟဲနှင့်ရယ်ကာ

"နင်ကလည်း အချင်းချင်းတွေကို။ ဒီလောက်စတာလေး မရဘူးလား။ နင် ညနေဘက် ခေါ်လိုက်ကတည်းက ငါ့ကို တစ်ခုခု လိုက်ကျွေးမလို့ဆိုတာ ငါသိပါတယ် သူငယ်ချင်းရဲ့။ ဟဲ ဟဲ"

"ဘာမှ ဟဲ ဟဲ လာလုပ်မနေနဲ့ ကျွေးရမှာ စေတနာတောင် မရှိတော့ဘူး"

နိုင် တကယ် စိတ်ဆိုးသွားမှန်းသိတော့လည်း သက်လင်းက နိုင် စိတ်ဆိုးပြေအောင် ဟိုဟာပြော ဒီဟာပြောနှင့် ရယ်စရာတွေ လျှောက်ပြောနေတော့လည်း ကြာကြာ စိတ်မဆိုးတတ်တဲ့နိုင်က အလို လို စိတ်ပြေသွားခဲ့ပါသည်။

ဘယ်မှာရယ်လို့ မပြောရဘဲ သက်လင်းက စားနေကျ မုန့်ဟင်းခါးဆိုင်ရှေ့မှာ အလိုက်တသိနှင့် ရပ်ပေးပါသည်။

"ထုံးစံအတိုင်းပဲ ဒေါ်ဒေါ်"

စားပွဲမှာဝင်ထိုင်တော့ သက်လင်းက လှမ်းပြောသည်။ ခဏ နေတော့ မုန့်ဟင်းခါးတစ်ပွဲ၊ နန်းကြီးသုပ်တစ်ပွဲ လာချသည်။

နိုင်က နန်းကြီးသုပ်စားပြီး သက်လင်းက မုန့်ဟင်းခါးမှာခြင်း ဖြစ်သည်။

"ဟ ... ငရုတ်သီးတွေ အဲဒီလောက်ထိ အများကြီးမစားနဲ့





သေး။ အဲဒါ ... နင် အစာအိမ်မြန်မြန်ဖြစ်မှာနော်"

"ဟဲ့ ... ဖယ်စမ်းပါ နင့်လက်က"

ငရုတ်သီးမှုန့်ဇွန်းဖြင့် ငရုတ်သီးတစ်ဇွန်း မောက်မောက်ခပ် ထားသော နိုင့်လက်ကို လှမ်းဆုပ်ကိုင်ကာ ဇွန်းထဲမှ ငရုတ်သီးမှုန့်တွေ ကို နည်းသွားအောင် ခါချလေသည်။

နိုင်က အားနေသောလက်တစ်ဖက်နှင့် သက်လင်းရဲ့လက်ကို ဆွဲထုတ်ကာ တစ်ဇွန်းပြည့်အောင် ခပ်ပြီး နန်းကြီးသုပ်ပေါ် ဖြူးလိုက် တော့ သက်လင်းက ရှုံ့မဲ့ကာ –

"အမယ်လေး ကြည့်ရုံနဲ့တင် ဟိုဟာပူ၊ ဒီဟာပူ ပူလာပြီ။ နင် အဲဒီလောက်အစပ်စားပုံနဲ့တော့ ရောဂါမြန်မြန်ရတော့မှာပဲ နိုင်။ စားနဲ့လို့တော့ မပြောပါဘူး။ ဒါပေမဲ့ တန်ဆေးလွန်ဘေးဆိုတာ သိတယ်မဟုတ်လား။ တော်ရုံ သင့်ရုံစားပေါ့။ အခုဟာက ပိုက်ဆံပေး ပြီး ရောဂါဝယ်နေသလို ဖြစ်နေပြီ"

"တော် ... တိတ်"

နန်းကြီးသုပ်ကိုမွှေကာ ပါးစပ်ထဲ အလုတ်ကြီးကြီးထည့်လိုက် ပြီး အော်တော့ သက်လင်းက ဇက်ပုသွားသည်။ နိုင်က ပါးစပ်ထဲမှာ ထည့်ထားသော နန်းကြီးသုပ်ကို ပြီးအောင်ဝါးပြီးမှ –

"ဒီမှာ နင် အခုမှ ဆေးကျောင်းတက်ခါစကျောင်းသားပဲ ရှိသေးတယ်နော်။ ဆရာဝန်တောင် မဟုတ်သေးဘူး။ ငါ့ကို ဆရာ လာလုပ်နေသေးတယ်။ ဆရာလုပ်ချင်ရင် နင့်ရဲ့လူနာတွေကို သွားလုပ်။

ငါ့ကိုလာမလုပ်နဲ့။ အခုမှ ရေတ်သီးစားပြနေတာ မဟုတ်ဘူး။ မွေး ကတည်းက ရေတ်သီးနဲ့ ဖက်မွေးလာတာ။ ဘယ်အတိုင်းအတာထိ စားလို့ရသလဲ ငါသိတယ်။ လာပြီး ဆရာမလုပ်နဲ့''

''အဲဒါကြောင့် ရှေးလူကြီးတွေက ပြောတယ်''

''ဘာလဲ''

ပြောတယ်လို့ပြောပြီး စကားရပ်ထားတော့ နိုင်က မွန်ကုပ် ကုပ်နှင့် မေးတော့ သက်လင်းက မုန့်ဟင်းခါးကို ဟိုမွှေ ဒီမွှေလုပ်ရင်း

''မျက်နှာသိ ငါးပိမဝယ်နဲ့တဲ့''

''ဘာဆိုင်လို့လဲ''

''ဟ . . . ဆိုင်တာပေါ့။ သူများတွေရှေ့မှာသာ ဆရာဝန်၊ ဆရာဝန်နဲ့ ဖြစ်နေရတာ။ ဟော နင့်ရှေ့ရောက်ရင် ငါက သာမန်လူလို ပဲ ပညာဂုဏ်ကိုလည်း လေးစားရကောင်းမှန်းမသိ၊ သမားဂုဏ်ကို လည်း အားနာရကောင်းမှန်း သိမှာမဟုတ်ဘူး''

''ဘာဖြစ်လဲ''

''အဲဒါကြောင့် အမြင်ကတ်တယ်လို့ ပြောတာပေါ့''

''ကောင်စုတ်နော် . . . ငါ ထိုးလိုက်ရလို့''

သက်လင်းက ဘုဂလန့်ဖြေသော နိုင့်ရဲ့ ကျစ်ဆံမြီးနှစ်ဖက်ကို ဆွဲစသဖြင့် နိုင်က လက်သီးထောင်ပြလိုက်ခြင်း ဖြစ်သည်။

အပြန်လမ်းတွင် သက်လင်းက –

''နိုင် . . . ဟော ဟိုရှေ့မှာ မောင်းသွားတဲ့ ဆိုင်ကယ်ပေါ်က





ကောင်တွေက နင့်ကို တကြည့်ကြည့်နဲ့၊ နင်သိလား''

''ဘယ်မှာလဲ''

နိုင်ကမေးပြီး ကိုယ်ကို ရှေ့သို့ကိုင်း၍ ရှေ့ဘက်ကို လှမ်း ကြည့်တော့ မော်တော်ဆိုင်ကယ်နောက်မြီးကိုသာမြင်ရပြီး ဘယ်သူ ဘယ်ဝါမှန်း မသိ။

''အဲဒါ ငါ့ကို စောစောကမပြောဘူး''

''ဆိုင်ထဲမှာကတည်းက ကြည့်နေတာ။ ငါလည်း ပြောမလို့ ဘဲ၊ နင်က အစားပုတ်နေတာကို''

''ပုတ်မှာပဲ ဘာဖြစ်လဲ။ အလကား ငါ့ကိုသတ်သက် လာ နောက်မနေနဲ့၊ ရင်မခုန်ဘူး''

''နင် ရင်ခုန်လို့လည်း မရဘူး ဟိုကသွားပြီ''

''သေလိုက်ပါလား''

## အခန်း (၁၇)

''အဲဒါ သူ့ရဲ့သူငယ်ချင်းတဲ့၊ ဆေးကတဲ့ကွ''

''သူငယ်ချင်းလို့သာဆိုတယ် အရမ်းရင်းနှီးတာပဲနော်''

စိုးထက်က သူစုံစမ်းလို့ရသမျှကို ပြန်ပြောတော့ မင်းကျော်က ဝင်ပြောခြင်းဖြစ်သည်။

ဇင်မင်းထွန်းကတော့ လူတွေ အုတ်အော်သောင်းနင်းဖြစ်အောင် ရှပ်ယှက်ခတ်နေသည့်အချိန်မှာ မကြောက်မရွံ့နှင့် အော်နေသော မိန်းကလေးကို ထိုစဉ်က အတော်ကို အံ့ဩနေမိခဲ့ပါသည်။

လူပုံစံကြည့်တော့ ကျစ်ဆံမြီးကို နှစ်ဖက်ခွဲကျစ်ထားကာ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားခြင်းကြောင့် ခပ်အေးအေးနေတတ်သည့် သူဟာထင်ပေမယ့် သတ္တိရှိရှိနှင့် ဘယ်သူ့ကိုမှ မကြောက်တတ်သော သူမပုံစံကိုမြင်ပြီး အံ့ထင်တော့ကြီးသွားသည်။

သူမပုံစံက လူကြောက်တတ်ပုံမရချေ။ ဒီကြားထဲ ကိုယ့်ကို





လာမထိလျှင် ငြိမ်နေသလောက် ကိုယ့်ကိုထိလို့ကတော့ မြွေပွေးလို ပေါက်သတ်ဖို့အဆင်သင့်ရှိနေပုံကိုလည်း သဘာဝကျသည်။

''တော်သေးတယ်၊ ငါတို့လူအုပ်ကြားထဲမှာ ဇန်မခံလိုက်လို့နော်။ မဟုတ်လို့ ငါကတော့ ငါတို့ကိုတကယ်ပဲ မော်ကွန်းထိန်းဆီ ပို့မယ့်မိန်းကလေးပဲ''

မင်းကျော်က ကြောက်သလိုလိုနှင့် ပြောတော့ စိုးထက်က မျက်နှာမကောင်းလှချွာ။

''ငါတော့ ဟို နိုက်မိသွားတဲ့ မိန်းကလေးကိုပဲ သနားတယ်ကွာ''

''ဟာ ... မင်းကလည်း စိတ်ထဲမထားစမ်းပါနဲ့ကွာ၊ မတော်တဆပဲ''

''မတော်တဆ တစ်နေ့တည်းမှာ နှစ်ခါကြီးများတောင်ဆိုတော့ မလွန်ဘူးလားကွာ''

''ဟော''

''ဘယ်လို''

သူတို့နှစ်ယောက် အံ့ဩသွားသလိုကြည့်တော့ စိုးထက်က အပြစ်မကင်းသူတစ်ယောက်လို ခေါင်းငုံ့၍ အကြောင်းစုံရှင်းပြနေသည်။

လူပုသလောက် မျက်လုံးပြူးသော မင်းကျော်ရဲ့မျက်နှာထား က အမျိုးမျိုးပြောင်းလျက် မျက်လုံးပြူးလိုက်၊ ပါးစပ်ဟလိုက်နှင့်

အုံ့ညြဖွယ်ကောင်းသော ဇာတ်ကားကိုကြည့်နေသူတစ်ယောက်နှယ်။

"အဲဒီမနက်က ငါ ကျူတိုရီရယ်စာအုပ် မေ့ခဲ့တာကွ။ ဖြစ်ချင်တော့ အဲဒီဘာသာကို သင်တဲ့ဆရာက နည်းနည်းမှ အမှားမခံတဲ့ ဆရာဦးတင်ကိုကွ။ ငါလည်း ဆရာ့ကိုကြောက်လို့ အဆောင်ပြန်ပြီး ကျူတိုရီရယ်စာအုပ် ပြန်ယူတဲ့အချိန်မှာ သူ့လမ်းကြောင်းအတိုင်း မောင်းလာတဲ့ စက်ဘီးကို ကားတွေ ဆိုင်ကယ်တွေ ရှင်းရှင်းကြီးနဲ့ ဝင်တိုက်မိတယ်ကွာ"

"ဟ . . . အဲဒါ ငါတို့လည်း မသိရပါလား"

"ငါလည်း ပြောမလို့ပဲလေ၊ ပြောလိုက်ချိန်မှ မရတာ"

စိုးထက် ကျူတိုရီရယ်စာအုပ်ကို ပျာယီးပျာယာ ပြန်ယူပြီး ပြန်လာဖြေခြင်းဖြစ်သည်။ သူတို့က ဦးစွာ ဖြေနေကြပြီမို့ စကားပြောလိုက်ချိန် မရ။ ကျူတိုရီရယ်ဖြေပြီး အခန်းထဲကထွက်လာတော့ စိုးထက်က –

"မနက်က အိပ်ရာထနောက်ကျရတဲ့အထဲ ကျူတိုရီရယ်စာအုပ် ပြန်ယူရလို့ ဗိုက်က ပိုဆာနေပြီ။ ကန်တင်းသွားရအောင်"

"စာသင်ချိန်တစ်ချိန် ရှိသေးတယ်နော်။ ဒီဆရာက ဆရာဦးတင်ကိုထက် ပိုဆိုးတယ်။ ဒီတစ်ချိန်တော့ အောင့်အီးစောင့်လိုက်ကွာ"

သူပြောတော့ စိုးထက် မျက်နှာရှုံ့မဲ့သွားသည်။

သူတို့က ဘွဲ့မဲ့ဗေဒကျောင်းသားများဖြစ်ကြသည်။ ဌာနမှာ





ဆရာမဆိုလို့ ရှားရှားပါးပါး နှစ်ယောက်သာရှိပြီး ကျန်သည့်ဆရာများမှာ အမျိုးသားဆရာများဖြစ်ကြသည်။

ထိုဆရာမနှစ်ယောက်က သူတို့လို ဒုတိယနှစ် ကျောင်းသားတွေကို မသင်ရဘဲ နောက်ဆုံးနှစ်နှင့် ဂုဏ်ထူးတန်းကျောင်းသားများကိုသာ သင်ကြရသည်။ ဆရာတွေမို့ ဆရာမတွေထက် ကြောက်ရပြီး သူတို့ဆရာအားလုံးက စာအုပ်သမားများမို့ ပိုဆိုးသည်။

အချို့သောမေဂျာတွေမှာတောင် လစ်ချင်သည့်အချိန် လစ်၍ ရသော်လည်း သူတို့မေဂျာကတော့ လုံးဝ လုံးဝ မရချေ။ အားကစားလုပ်သူများဆိုလျှင် အနည်းငယ်လွတ်လပ်သော်လည်း အားကစားမလုပ်သူများအဖို့ စာသင်ချိန်ပျက်၍မရပေ။

အရပ်ရှည်သော သူနှင့် စိုးထက်က ဘောလုံးနှင့်ပိုက်ကျော်ခြင်း၊ တင်းနစ်တို့တွင် အမြဲတမ်း ကစားနေသဖြင့် အနည်းငယ်လွတ်လပ်သော်လည်း ပေမဒီ ဒေါက်မဒီဖြစ်သော မင်းကျော်ကတော့

"အမယ်လေး အမေရဲ့ . . . မွေးမှမွေးတတ်ပလေ့။ သားရဲ့အဖြစ်ကို လာကြည့်ပါဦးလား။ ဒါမှမဟုတ်လည်း သားက ဗိုက်ထဲပြန်ထည့်ပြီး နောက်တစ်ခေါက် မွေးပါဦးတော့လား"

ဟု ငိုချင်းချတတ်သည်။ ဘယ်အားကစားကိုမှ ကစားလို့မရသော မင်းကျော်မှာ အားကစားပွဲတွေနီးလို့ သူနှင့် စိုးထက် ထရိန်နင်ဆင်းရပြီဆိုလျှင် အတန်းကို တစ်ယောက်တည်း မတက်ချင်တက်ချင်နှင့် တက်ရသည်။

သူတို့နှစ်ယောက်ရဲ့စာအုပ်ထဲမှာ စာရိုရန် စာကူးပေးရသည်။ အားကစားဘက်မှာ အဖြစ်မရှိ မင်းကျော်မှာလည်း ခေသူတစ်ယောက် တော့မဟုတ်။ လက်ရေးလက်သား အလွန်လှကာ စာပေများ စိတ်ဝင်စားကာ ကျောင်းတွင်းမှာပြုလုပ်သော အထိမ်းအမှတ်နေ့ စာစီစာကုံး ပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေမှာ အမြဲတမ်း ဆုရနေကျဖြစ်သည်။

"ဒီနေ့တော့ ဆူချင်ဆူကွာ၊ ငါ မနေနိုင်တော့ဘူး။ ထစ်ခုခု သွားစားရအောင်၊ မီသလောက် လာတက်ရအောင်ကွာ"

စိုးထက်က သူတို့နှစ်ယောက်ကို သေဖော်ညှိနေလေသည်။

မင်းကျော်က သူလွယ်အိတ်ထဲကို လက်နှိုက်လိုက်တော့ ဝိုးကြမ်းငှက်ပျောသီးတစ်လုံး ထွက်လာသည်။ ပြီးတော့ စိုးထက်ကို ဟဲခနဲရယ်ပြကာ မျက်နှာချိုသွေးပြီး –

"လောလောဆယ် ငှက်ပျောသီး ခဏစားထားကွာ။ ဒီတစ်ချိန်ပြီးရင် သေချာပေါက် ကန်တင်းသွားတာပေါ့။ ရောပါ"

"ဒီငှက်ပျောသီးတစ်လုံးနဲ့ ဘယ်လိုလုပ် ဗိုက်ဝမလဲကွ"

ယူမစားတာလည်းမဟုတ်ဘဲ စားနေရင်းတန်းလန်းနှင့် ဂျီကျ နေလိုက်သေးသည်။

"ကန်တင်းရောက်ရင် ငါ မင်းတို့ကို ပြောစရာရှိတယ်ကွာ။ ရိုးထဲ ဒီနေ့ တွတ်ပီကာမကောင်းပါလား။ ကဲ ဒါဆို အတန်းထဲပြန်ဝင် ရအောင်"

စိုးထက်က ငှက်ပျောသီးကို သုံးလုတ်အပြီးစားကာ အခွံကို





နောက်ပြန်လွှင့်ပြီး အတန်းထဲဝင်ဖို့ ခေါ်ညှိလေသည်။ တစ်ချိန်တည်း မှာ မမျှော်လင့်တဲ့ဖြစ်ရပ်တစ်ခုက အချိန်ကိုက်ဖြစ်ပွားလာခြင်း ဖြစ် သည်။

ထိုကတည်းက လှကလေးလှသလောက် စွာတာတာနှင့် အော်နေခဲ့သော မိန်းကလေးကို သူမျက်စိထဲကမထွက်။ သူငယ်ချင်း တွေ ဆုံမိလိုက်တိုင်း ထိုမိန်းကလေးအကြောင်း ဆိုင်ဆိုင် မဆိုင်ဆိုင် ဆွဲထည့်ပြောသောသူ့ကို မင်းကျော်က မျက်မှန်းကျိုးနေတာကြာပြီ။

စိုးထက်ကတော့ သူ့ကြောင့် တစ်နေ့တည်းမှာ နှစ်ခါ ကံ မကောင်းရှာသော၊ သူလည်း နှစ်ခါကံမကောင်းသူမို့ ဘဝတူတွေဆိုပြီး စေတနာတွေ ရေစီးကမ်းပြိုနေလေရဲ့။

သူငယ်ချင်းဖြစ်သူနှစ်ယောက်ကို ကြည့်ပြီး –

"ငါ့သာမက်ယ်လျှင်သေဖွယ်ရာရှိတဲ့ အနိုးလှသားနှစ်ယောက် အတွက်" ဟု ကြွေးကြော်ပြီး ခင်ရာမင်ရာတွေဆီမှာ သွားစုံစမ်းပြီး–

"အဲဒီ စွာစိမနာမည်က သစ္စာနိုင်တဲ့။ နိုင်ဆိုတဲ့နာမည်ကို မြင်ကတည်းက ဒီမိန်းကလေး စွာတာမလွန်ပါဘူးလို့ ငါတွေးမိသာ။ ငါမြင်တွေ့ဖူးတဲ့ နိုင်ပါတဲ့ မိန်းကလေးတိုင်းက စွာရင်စွာ၊ မစွာရင် အာပြဲတယ်ကွ"

"ဟာကွာ . . . မင်းကလည်း။ သူလေးကို အဲဒီလိုမပြောပါနဲ့။ သူ့ပုံစံက အသားလွတ်ကြီး စွာတဲ့ပုံတော့ မပေါက်ပါဘူး"

သူက ကာဆီး,ကာဆီး ဝင်ပြောတော့ မင်းကျော်က

ပွန်းနော် ဆိုပြီး –

"စိုးထက်ကြောင့် ဒဏ်ရာပါမယ့် ဖူးစာကောင်မလေးကတော့ မိမိလေးတဲ့။ အသားညိုညိုနဲ့ မျက်လုံးပြူးပြူး ကောင်မလေး။ အယ် ... ငါနဲ့ ဖူးစာဆုံရင်ဆုံမယ့် ကောင်မလေးကတော့ စံပယ်အေးတဲ့။ နောက်ဆုံးတစ်ယောက်ကတော့ မအိတဲ့"

"ပြောပုံက မင်းအတွက် အများကြီးနစ်နာနေဦးမယ်နော်"

စိုးထက်က ခပ်ရွှဲ့ရွှဲ့ပြောတော့ မင်းကျော်က ပြုံးဖြီးဖြီးနဲ့ –

"ဒါမျိုး နစ်နာလို့ကတော့ အခါတစ်ရာ နစ်နာပါစေကွာ။ ကိုယ်တို့က နစ်နာတယ်လို့ ထိုင်အော်မနေပါဘူး"

ဒီလိုတွေ မစားရဝခမန်း ပြောနေကြတုန်း ဟိုစွာစီမလေးက သူမနှင့်ရွယ်တူ ကောင်လေးတစ်ယောက်နှင့် အတူတကွ ဝင်လာလို့ သူတို့တွေ စားလက်စမုန့်ပန်းကန်တွေ ဘေးရွှေ့ကာ တစ်ယောက်နှင့် တစ်ယောက် လက်ကုတ်၍ အချက်ပေးလိုက်ခြင်းဖြစ်သည်။

သူမတို့နှစ်ယောက်ပုံစံက မင်းကျော်ပြောသကဲ့သို့ အတော် လေး ရင်းနှီးလွန်နေသည့်ပုံစံ။ သို့သော် ပြောနေသည့်စကားများကို ကြားရသလောက် မရိုးမသား စကားတွေ တစ်ခွန်းတလေမှ မပါချေ။

နောက်တော့ သူက စိတ်မြန်လက်မြန်ရှိသည့်အတိုင်း ခုတင် ပေါ် လှဲနေရာမှ ငေါက်ခနဲထထိုင်ကာ –

"မဖြစ်ဘူး ... မနက်ဖြန် သူတို့မရှာဘက် ငါတို့သွားရအောင် စိုးထက်"





"ဘာလဲဟ"

"ဘယ်သူတို့မရှာလဲ"

ညကြီးသန်းခေါင် တိတ်ဆိတ်နေသည့်အချိန် ထပြောလိုက် သော ဇင်မင်းထွန်းရဲ့စကားကြောင့် စိုးထက်နှင့် မင်းကျော်က နဝေတိမ် တောင် ဖြစ်ကာ မေးလေသည်။

သူငယ်ချင်းနှစ်ယောက်ရဲ့အသံကြားမှ သူ စိတ်လွတ်လက် လွတ် ထထိုင်ပြောလိုက်မိသည့်အတွက် ဇင်မင်းထွန်း နည်းနည်းတော့ ရှက်သွားပါသည်။

သူက အိပ်ရာပေါ်တွင် ပက်လက်ကြီးလှဲနေပြီး စိုးထက်က ခုတင်ခြေရင်းမှာထိုင်ကာ ဂစ်တာကို တဒေါင်ဒေါင်ခေါက်နေသလို မင်းကျော်က ကဗျာစာအုပ်တစ်အုပ်ကို သည်းကြီးမည်းကြီး ဖတ်နေချိန် ဖြစ်သည်။

"နိုင်တို့ မေရှာလေ"

"နိုင် ဘယ်သူ့ ပြော် ... ဟိုစွာစီမလေးတို့ဆီလား"

"ဒေါင် ဒေါင် ဒေါင်"

မင်းကျော်က စာအုပ်ဖတ်နေရာမှ ရုတ်တရက် ဘယ်သူမှန်း မသိပုံနှင့် ပြီးမှ 'စွာစီမလေး' တို့ဆီလားဆိုတော့ စိုးထက်က ဂစ်တာ ကြိုးကို တစ်ချက်ဆွဲချလိုက်ကာ 'ဒေါင် ဒေါင်' ဆိုပြီး ထောက်ခံလေ သည်။

"ငါက ကျောချမ်းတယ်မောင်၊ တော်ကြာ သူတို့မရှာဘက်

ရောက်ရင် ငါတို့ကို မော်ကွန်းထိန်းဆီ ခေါ်သွား ဘယ့်နှယ်လုပ်မလဲ"

မင်းကျော်က စိုးရိမ်မကင်းသလို မေးတော့ သူက –

"ဟာ ... မင်းကလည်း သူတို့ပုံစံတွေက အဲဒီလိုပုံစံတွေ မဟုတ်ပါဘူးကွ။ သဘောကောင်းမယ့်ပုံတွေပါ"

"ဒေါင် ဒေါင် ဒေါင်"

"ဩော် ... ဒီကောင်ကလဲ"

စကားတစ်လုံးမှ မဆိုဘဲ ဂစ်တာသံနှင့် သဂေါ်တာပြုနေသော စိုးထက်ကို မင်းကျော်က ထဆဲလေတော့သည်။ စိုးထက်က အပြုံး မပျက်နိုင်။

"ဒေါင် ဒေါင် ဒေါင်"



## အခန်း (၁၈)

သုံးယောက်သား စက်ဘီးအပ်ပြီး ကျောင်းထဲသို့ ဝင်လိုက်တော့ စိုးထက်က အော်ကြီးဟစ်ကျယ်နှင့်။

"အသက်ရှည်ဦးမယ်ဟေ့"

"ဘာလဲကွ"

"ဟိုမှာ ဟိုမှာ"

မင်းကျော်က အလန့်တကြား ထအော်ရသလားပုံစံနှင့် အမြင်ကတ်သလိုမေးတော့ စိုးထက်က 'ဟိုမှာ ဟိုမှာ' ပဲ မေးထိုးနေပြသဖြင့် နှစ်ယောက်သား စိုးထက်မေးထိုးပြရာဆီသို့ လှမ်းကြည့်မိကြသည်။

သူ့နှလုံးသားထဲ လှိုက်ခနဲတုန်သွားသည်။ ချိန်းထားလျှင်တောင် လွဲဦးမည်။

နိုင်ဆိုတဲ့ သူမကတော့ ဘယ်သူ့ကိုမှ မကြည့်ဘဲ မျက်နှာတည်တည်နှင့် သူမတို့အတန်းဘက်ဆီသို့ လျှောက်သွားခြင်းဖြစ်သည်။

မြင်နေကျစတိုင်လ်တစ်ခုလိုဖြစ်နေသော သူမရဲ့ ဆံမြီးကျစ်တွေက မပြောင်းလဲ။ ဆံမြီးမှာချည်ထားသည့် ဖဲပြားတို့၏ အရောင်သာ အဝတ်အစားကို လိုက်၍ ပြောင်းလဲသွားသည်။

ဒီနေ့မှာ သူမက ပိတောက်ခြောက်ရောင်နှင့် အစိမ်းနုတို့ ရောယှက်နေသည့် ဝမ်းဆက်ကို လှလှယဆန်ဆန် ဝတ်ထားကာ ဆံပင်ထက်၌ ဖဲကြိုးအဝါရောင်ကို ဆင်မြန်းထားသည်။

ပခုံးထက်မှာတော့ အနက်ရောင်မွေးပွ လွယ်အိတ်ရှည်ကို လွယ်ထားပြီး လက်ထဲမှာတော့ စာအုပ်သုံးလေးအုပ်ထက်မနည်းကို ပွေ့ထားသည်။

"ဇင်မင်း လိုက်ကွာ လိုက်"

"ဟာ မင်းတို့လည်းလိုက်ခဲ့လေကွာ"

နှစ်ယောက်သား တခြားနေရာမှာသာ မတည့်ကြတာ ဒီလို နေရာမှာတော့ အကြိတ်ကာ သူကျောကိုတွန်းလွှတ်ကြသည်။ သူက ကိုယ်ကိုတောင့်ထားရင်းကနေ –

"မင်းတို့ကလည်း ငါ့ကို လက်ဝါးစားမိစေချင်လို့ သေတွင်းထဲ ပို့နေကြသလားကွာ။ မိတ်ဖြစ်ဆွေဖြစ်တောင် မမိတ်ဆက်ရသေးဘဲ ငါ သူ့နားကပ်သွားရင် ဆော်ထည့်လိုက်မှာပေါ့"

"အေး ဒါလည်း ဟုတ်သား"

"နေဦး။ ဒါဆိုရင် သူ အတန်းထဲသွားပုံထောက်ဆို သူတို့အုပ်စု အတန်းထဲမှာ ချိန်းထားပုံရတယ်။ ပြီးမှ ကန်တင်းသွားရင်





သွားမှာ။ အခြေအနေကြည့် လှုပ်ရှားရအောင်"

"ဒါနဲ့ မိလေးလည်း အတန်းပြန်တက်လောက်ပါပြီနော်"

သူ့ရဲ့မိလေးကိုတော့ မမေ့မလျော့ မေးနေသော စိုးထက်ကို င်းကျော်က ဇက်ပိုးအုပ်ပစ်ကာ –

"မင့်မိလေး မရှိလည်း မအိရှိပါသေးတယ်။ ပူမနေနဲ့"

"ဟင့်အင်း ... များတို့က တစ်ယောက်ဆိုတစ်ယောက် ိတောက်ဆိုပိတောက်"

စိုးထက်က အခြောက်လို မူနွဲ့ပြောတော့ သူက –

"ဘာလဲ ... ပိတောက်ခြောက်မှ နောက်တစ်ယောက် ပြောင်းမှာလား"

"အို ... ဒါကတော့ တစ်ပင်လဲရင် တစ်ပင်ထူရတဲ့ထုံးစံ ိုသားနဲ့ မေးစရာလားလို့ မေးစရာလား"

"သောက်မြင်ကတ်လာပြီကွာ။ ငြိမ်ငြိမ်နေစမ်း အရူးမ"

မင်းကျော်က အတော်လေးအမြင်ကတ်သည့်ဟန်နှင့် ထ အော်မှ စိုးထက် မျက်နှာတည်တော့သည်။

"ဟော ... ဟိုမှာတွေ့လား။ ငါထင်ရင် လွဲခဲပါတယ်ဆိုတာ"

မင်းကျော်ရဲ့ ထင်မြင်ချက်မှာ မှန်ကန်နေလေသည်။ သူမတို့ ုပ်စုက လွယ်အိတ်ကိုယ်စီလွယ်၍ ပြန်ဆင်းလာခဲ့လေသည်။

လောလောဆယ်မှာ သူတို့ကို သူမတို့ မမြင်စေရန် တစ်ဖက် ွဲနေပြီ သူမတို့ သူတို့ရှေ့ကျော်သွားမှ သုံးယောက်သား အချက်ပြကာ

သူမတို့နောက်မှ ခပ်ခွာခွာ ပြုံး၍ လိုက်လာသည်။

စိုးထက် စိတ်ပူသလို မဖြစ်ပါ။ မိမိလေးလည်း အတန်းပြန်တက်နေပါပြီ။

သူမတို့နောက်မှလိုက်ရင်း သူမတို့ ပြောသမျှ နားထောင်လာခဲ့ကြသည်။ သူမတို့က ဘာမှမဟုတ်တဲ့လည်း အပြင်းအခုန်လုပ်ကြသည်။ ရပ်ကွက်ထဲက အကြောင်းလည်း ပြန်ဖောက်သည်ချနေသည်။ အဆောင်နေတဲ့သူတွေက မနေ့ညက သူတို့အဆောင်ရှေ့ ဂစ်တာလာတီးတဲ့သူတွေကို ပညာပြန်ပေးပုံအကြောင်း ပြန်လည်ဖောက်သည်ချနေသဖြင့် စိုးထက်က –

"အမယ်လေး ကြောက်စရာပါလား။ သူတို့အဆောင်ရှေ့ ဂစ်တာတောင်သွားမတီးရဲစရာပါလား"

ဟု ကျောချမ်းသည့်ပုံစံနှင့် ပြောလေသည်။ ကန်တင်းသို့ ရောက်တော့ သူတို့က သူမတို့အုပ်စုနှင့် တစ်စုတည်းဖြစ်သွားအောင် ဝင်ရောလိုက်တော့ စားပွဲထိုးလေးက ခုံနှစ်ခုံ ဆက်ပေးဖို့ပြင်လေသည်။ သူမတို့ကလည်း ခုံနှစ်ခုံဆက်ပြီးထိုင်နေကျထင်သည်။ သို့သော်လည်း သူတို့ပါ ဝင်ထိုင်လိုက်တော့ –

"ဟင်"

"ဟယ်"

"အို ... ရှင်တို့"

သူမတို့ထဲမှ နှစ်ယောက်က မသိသေးသော (သူတို့အချင်း





ချင်းတော့ ပြောထားလျှင် ပြောထားနိုင်) သောကြောင့် မျက်လုံးပြူးကာ အံ့သြနေကြသည်။ ကျန်သည့် နှစ်ယောက်ထဲမှ သူမက အာမေဋိတ်မှမထွက်တဲ့ မျက်လုံးပြူး၍ကြည့်ပြီး မဒီကတော့ 'ရှင်တို့' ဆိုတော့ ဒေါ်မိသွားသည့်ဟန်။

"ဟိုတစ်နေ့က တောင်းပန်ရုံပဲ တောင်းပန်ရပြီး မရှင်းပြမိလို့ ကျွန်တော်တို့ ရှင်းပြချင်လို့ပါ"

သူ့ရဲ့စကားကြောင့် အားလုံးက လှုပ်လှုပ်ရွရွဖြစ်သွားကာ မျက်နှာလွှဲသူလွှဲ စားစရာမှာသူမှာနှင့် စိတ်မဝင်စားသည့်ဟန် လုပ်လိုက်ကြသည်။

သူတို့ စိတ်ရှည်သည်းခံ ဖွဲ့ရှိစွာ သူမတို့လုပ်စရာရှိတာ ပြီးအောင်လုပ်စေပြီးမှ စိုးထက်ကို မျက်ရိပ်ပြလိုက်သည်။ စိုးထက်က မိမိလေးရဲ့မျက်နှာကို လှမ်းကြည့်ပြီး သေချာရှင်းပြနေသည်။

စံပယ်အေးက နားထောင်သလိုနှင့် စိုးထက်ကို ကြည့်သော်လည်း မိမိလေးက ခေါင်းငုံ့ငြိမ်နေသည်။ နိုင်ကတော့ ကိုယ်နှင့်မဆိုင်သလိုနှင့် စားပွဲထိုးလေး လာချပေးသော ဘလက်ကော်ဖီကို ခပ်နာနာမွှေနေလေသည်။

"အဖြစ်အပျက်ကတော့ ဒီလိုပါဗျာ။ အဲဒီအတွက် ကျွန်တော်တို့လည်း တော်တော် စိတ်မကောင်းဖြစ်မိပါတယ်။ လာ တောင်းပန်ချင်ပေမယ့် ဘယ်မှာနေမှန်းမသိလို့ ဒီလောက်ထိ ကြာသွားတာပါ။ အဲဒီအတွက်လည်း တောင်းပန်ချင်ပါတယ်"

စိုးထက်က တကယ် စိတ်မကောင်းဖြစ်သည့်ဟန်နှင့် တောင်း
ပန်တော့ မိမိလေးက တစ်ချက်လှမ်းကြည့်သည်။ သူကပါ ဝင်ပြီး–

''အားလုံးက အပြစ်မကင်းသလို ခံစားရလို့ တောင်းပန်
ချင်တာပါ''

''အို . . . မဟုတ်ပါဘူး''

မအိက ဝင်ပြောပြီးမှ သူ့သူငယ်ချင်းတွေရဲ့ မျက်နှာဆီ တစ်
ချက်လှမ်းကြည့်ပြီး –

''အိတို့ စိတ်ထဲမထားပါဘူး။ စချင်းတုန်းကတော့ တကယ်
ဒေါသဖြစ်ပါတယ်။ ဒါပေမဲ့ ဖြစ်တတ်တဲ့သဘောပါပဲ''

''မိလေးလည်း ဘယ်လိုမှ သဘောမထားပါဘူး။ အဲဒီ
အတွက် ဒီလောက်တောင်းပန်ရုံနဲ့ ကျေနပ်ပါပြီ။ ကိုယ့်ကျောင်းသား
အချင်းချင်းတွေပဲလေ''

''ဟုတ်ပါတယ်၊ ရှင်တို့လည်း ဒီကိစ္စကို ပြဿနာတစ်ခု
အနေနဲ့ စိတ်ထဲမထားပါနဲ့ရှင်''

အားလုံး အသီးသီးပြောနေကြသော်လည်း သူမကတော့
တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသဖြင့် –

''အားလုံးက ခွင့်လွှတ်ပေမယ့် ဒီက ခွင့်မလွှတ်ချင်ဘူး
တူတယ်''

သူမရဲ့နာမည်ကို သိနေသော်လည်း ဘာကြောင့်သိသလဲ
မေးခွန်းတွေ ထွက်ပေါ်လာမည်စိုးသဖြင့် သူက မသိသူတစ်ယောက်





ဖြင့် သူမဆီ မေးဆတ်ပြောလိုက်သည်။

သူမရဲ့သူငယ်ချင်းတွေက သူမရဲ့ခါးကို တို့လိုက်တာမြင်ရ
သည်။ သူမက ဟိုတစ်နေ့ကနှင့် ဘာမှမဆိုင်သည့် ခပ်အေးအေး
မျက်နှာနှင့် သူ့ကိုမော့ကြည့်ကာ –

''ခိုင့်ဘက်က ခွင့်မလွှတ်စရာမရှိပါဘူး။ ပြီးတော့ အဲဒီနေ့က
ခိုင်လည်း မဆင်မခြင် ပြောမိသေးတာကို ရပါတယ်။ တောင်းပန်နေ
တာကို ပြောင်းဆန်အောင် ခိုင်မလုပ်ပါဘူး''

''နာမည်က ခိုင်တဲ့လား''

သူ့မေးခွန်းကြောင့် မင်းကျော်က အဟမ်းအဟမ်းလုပ်သဖြင့်
စိုးထက်က မသိမသာ မျက်စောင်းလှမ်းထိုးသည်။ ပြီးမှ –

''ဟိုလေ . . . ဘယ်လိုမှ စိတ်ထဲမထားဘူးဆိုရင် ကျွန်တော်
တို့က ခင်ဗျားတို့ရဲ့မိတ်ဆွေ ဖြစ်ခွင့်ပေးပါလား''

''ရပါတယ်''

''မိတ်ဆွေတိုးမှာကို အိတို့ကလည်း wellcome ပါပဲ''

သူတို့က သူတို့ရဲ့နာမည်တွေကို သူမတို့သိအောင် မိတ်ဆက်
ပေးပြီး သူမတို့မိတ်ဆက်ပေးသည့် နာမည်တွေကို ရင်းနှီးနေသော်
လည်း ထပ်မံအတည်ပြုလိုက်လေသည်။

''ဪ . . . ဘူမိကလား''

''ဗျာ . . . ကျွန်တော်တို့ကို သိလို့လား''

စံပယ်အေးရဲ့စကားကြောင့် သုံးယောက်သား အံ့သြစွာ

မေးတော့ သူမတို့က ပြုံး၍ ခေါင်းညိတ်ကာ –

''ရှင်တို့ကို လူမမြင်ဖူးပေမယ့် နာမည်တော့ ရင်းနှီးနေတာ ကြာပြီလေ။ ဘူမိမှာ ရှင်တို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကျော်ကြားနေကြတာကို။ ဒီက ကိုဇင်မင်းထွန်းတောင် ပထမနှစ်က ဘူမိကင်းဖြစ်ခဲ့သေးတယ်လို့ သိရပါတယ်နော်''

မိမိလေးက သွက်လက်စွာ ပြောသဖြင့် သူ ရှက်ရယ်ကာ–

''ဟောဗျာ ••• အဲဒါ မယုံနဲ့ သိလား။ ဘူမိမှာ ကင်းရွေးရလောက်အောင် ချောတဲ့သူတွေ ပေါတယ်သိလား။ ကျွန်တော်က တချို့ချောလှတဲ့သူတွေ အရွေးလာမခံလို့ ကြက်ကန်းဆန်အိုးတိုးပြီး ကင်းဖြစ်သွားတာဗျ''

''ဒါနဲ့ ကင်းဆိုတာ ဘာလဲ၊ စံပယ်အေးက သိလို့လား''

မင်းကျော်ရဲ့အမေးစကားကြောင့် စံပယ်အေးက ရယ်ရင်း–

''ကင်းဆိုတာ အလှဘုရင်ကို ရည်ညွှန်းမှန်း တက္ကသိုလ်ကျောင်းသူကျောင်းသားတိုင်း သိပါတယ်ရှင်''

''အဲဒါကိုက လွဲတာ။ စံပယ်အေးတို့သိတဲ့ကင်းနဲ့ ကျွန်တော်ပြောမယ့်ကင်းက တခြားစီပဲ''

''ဟုတ်ကောင်''

ဒီကောင် ဘာချွန်တော့မလဲဆိုတာကို သိနေတဲ့သူက မင်းကျော်ကို လှမ်းတားဆိုက်သော်လည်း မင်းကျော်က ဆက်ပြီး–

''သူတို့ကို ကင်းဘွဲ့ပေးလိုက်တာက တခြားတော့မဟုတ်ဘူး။





သောက်ကျူးလေးကင်းဆိုရင် သူနဲ့ ကင်းကင်းရှင်းရှင်းနေကြပါ။ မိန်းကလေးကွင်းဆိုရင် သူမကို ကွင်းသွားကြပါဆိုပြီး ရှာပြင်ထုတ်လိုက်တဲ့ သဘောပဲဗျာ။ အဲဒါကို အဓိပ္ပာယ်မသိတဲ့သူတွေက ကင်းတွေ ကွင်းတွေ ဖြစ်ရတာပျော်နေတာ''

''ဟော့တော်''

''ကိုမင်းကျော်ကတော့ တော်တော်ပြောတတ်တာပဲနော်''

''အဟင်း ဟင်း''

မိန်းကလေးအားလုံးက မင်းကျော်ရဲ့စကားကို သဘောကျကာ ရယ်ကြသဖြင့် သူလည်း မင်းကျော်ကို ဒေါသဖြစ်နေရာမှ ရောယောင် ရယ်လိုက်မိတော့သည်။

ပြုံးရယ်လိုက်မှ ပိုရှုံချစ်စရာကောင်းသော သူမရဲ့မျက်နှာကို ခိုးကြည့်ရင်း သူ့ရင်ခုန်သံတွေ မမှန်ချင်တော့ပေ။

အပြန်လမ်းတစ်လျှောက်မှာ သူတို့သုံးယောက်ရဲ့ကြား ပြောရေစကား အသစ်အဆန်းတွေ ပလုံစီနေတော့သည်။

ရေချိုးဆောင်မှာ ရေချိုးတော့ တစ်ခါမှ သီချင်း ဟုတ်တိပတ်တိ မညည်းဖူးသော မင်းကျော်ရဲ့သီချင်းကို အသံဝါဝါကြီးနှင့် အော်ဆိုသဖြင့် –

''ဆေးစားမှားသလား။ မင်းကျော်''

''ဒီနေ့တော့ အဆောင်မှာ ဘယ်နာနာဘာဝမှကပ်လို့မရတော့အောင် မောင်းထုတ်နေတာလားဗျို့''

အခြားသော ရေချိုးနေသူကျောင်းသားများကြောင့် မင်းကျော်ရဲ့ ဆဲသံနှင့် ကျောင်းသားအချို့တို့၏ ရယ်သံကို ကြားရသည်။

ညဘက် ထမင်းစားသောက်ပြီးတော့ မင်းကျော်က ဖတ်နေကျ စာအုပ်တွေကို လှန်တောင်လှန်မကြည့်တော့ဘဲ ကုလားထိုင်မှာ နောက်ပြန်ခွထိုင်ကာ နောက်မှီဘက် လက်နှစ်ဖက်တင်ပြီး –

"စိုးထက် သီချင်းကောင်းကောင်းတစ်ပုဒ်တော့ လုပ်ပါဦး"

"ပြောတော့ ဂစ်တာသံ တဒေါင်ဒေါင်နဲ့ နားငြီးတယ်ဆို။ အခု ဘယ်လိုဖြစ်ရတာလဲ"

"ဒေါင် ဒေါင် ဒေါင်"

သိလျက်နှင့် မသိသလို မေးသော သူ့မေးခွန်းကို စိုးထက်က ထောက်ခံကာ ဂစ်တာကို လက်ချောင်းနှင့် တစ်ချက်ခတ်လိုက်သည်။

မင်းကျော်ရဲ့မျက်နှာက ရှုံ့မဲ့သွားကာ –

"ဟိတ်ကောင်တွေ ရှေးလာမကိုင်နဲ့နော်။ ငါ့ကိုများ သီချင်းမဆိုတတ်ဘူး အောက်မေ့နေသလား။ အမေမွေးကတည်းက သားချော့တေးနဲ့ ကြီးခဲ့တာကွ။ စိုးထက် တီးကွာ၊ ငါဆိုမယ်"

စိတ်တိုသလို ပြောသော မင်းကျော်ကိုကြည့်ပြီး နှစ်ယောက်သား ဝါးခနဲ ရယ်ပြီးမှ စိုးထက်က မျက်နှာပိုးသတ်ကာ –

"မလုပ်ပါနဲ့ မင်းကျော်ရာ၊ မင်းအသံကြောင့် လောကကို စောင့်ရှောက်နေတဲ့နတ်တွေ ထွက်ပြေးကြပါလိမ့်မယ်"

"ရှီးထဲမှ"





"ကဲပါ ... စိတ်လျှော့ပါ၊ ဖင်မင်း မင်းဆိုကွာ"

ခါတိုင်းဆို ကိုယ့်ကာသာ အိပ်ရာပေါ်မှာလှဲကာ ငြိမ်နေတတ်သော သူလည်း စိတ်လက်ပါနေတာမို့။

"မလာပါနဲ့ ဆိုမယ်ကွာ"

"ဘွား ... လွဲပါစေ, ဖယ်ပါစေ"

"အေးလေ ... မင်းနှယ် နိမိတ်မရှိ နမာမရှိနဲ့။ ဒီက လာချေချင်လို့ပါဆိုတာကို မလာပါနဲ့လုပ်နေ။ သွား ... မင်းပါးစပ်မြောင်းပုပ်ရေနဲ့ သွားဆေး"

နှစ်ယောက်သား ဝိုင်း၍ ဩဘာပေးလေသည်။

# အခန်း (၁၉)

သက်လင်း အိမ်ကိုရောက်တော့ သက်လင်း ကျောင်းက ပြန်မရောက်သေးဘူးဆိုတော့ နိုင် အိမ်ကိုပြန်မနေဘဲ ဆက်စောင့်နေလိုက်သည်။ သက်လင်းရဲ့အိမ်က နိုင့်အတွက် စိမ်းသက်မနေသဖြင့် ဘာမှ အနေခက်စရာမရှိပါ။

“ထမင်းစားပြီးမှ ပြန်ပေါ့ သမီးရဲ့”

“စိတ်ချပါ အန်တီရဲ့။ အန်တို့အိမ်ရောက်ရင် နိုင်က ဘယ်တော့က ထမင်းမစားဘဲ ပြန်ဖူးလို့လဲ။ ထမင်းမလောက်မှာပဲ နိုင်က စိုးရိမ်တာ”

လို့ နိုင်က ခပ်ချွဲချွဲပြောလိုက်တော့ အန်တီဝေက သဘောအကျကြီးကျသွားသည်။

သက်လင်းရှိလျှင်တော့ ‘နင်ကလည်း သိပ်ပြီး ညာစားတတ်တာပဲနော်’ ဟု ပြောပေလိမ့်ဦးမည်။





သက်လင်းရဲ့အဖေနှင့်အမေသည် နိုင့်ကို သက်လင်းနှယ် ချစ်ခင်သူဖြစ်သည်။ အထူးသဖြင့် ဖေဖေရဲ့ လုပ်ရပ်များကြောင့် နိုင့်ဘဝ လေလွင့်ရင်း တက်ကျိုးလုလု အခြေအနေဖြစ်ခဲ့ရတာကိုလည်း စိတ်မကောင်းနိုင်ချေ။

နိုင်ကတော့ မနှစ်ကနှင့် ဆန့်ကျင်စွာ ဒီနှစ်မှာတော့ ခံစားချက်တို့သည် အနည်ထိုင်သွားခဲ့သည်။ ရေစက်ကုန်သွားတာပဲဟု သဘောထားနိုင်ပေမယ့် မေမေကတော့ –

“ငါ့မျက်နှာကို မထောက်ရင်တောင် သမီးလေးရဲ့မျက်နှာကို ထောက်ပါလို့ မေမေ သူ့ခြေလှမ်းပျက်ကတည်းက ပြောခဲ့တာ။ ဟော သူတို့စိတ်တွေ မွန်ထူနေတော့ ကိုယ့်သမီးရဲ့ဘဝမှာ အရေးအကြီးဆုံး ဘဝ စာမေးပွဲဖြေမှာကို မစောင့်နိုင်ဘဲ လုပ်ချင်လာတာကို မေမေ့ဘဝမှာ အခံစားရဆုံး၊ အမုန်းဆုံးပဲသမီး”

ဟု နာကြည်းစွာ ပြောတတ်သည်။ ဖေဖေ့အိမ်ပေါ်က ဆင်းသွားခဲ့ပေမယ့် တရားရုံးမှာ ဦးတိုက်လျှောက်ထားပြီး ကွာရှင်းခဲ့၍ မေမေမှာ ဘာမှခြေလွတ်လက်လွတ် ဖြစ်မသွားခဲ့ပါ။

လင့်ပစ္စည်း မယားတစ်ဝက်ပိုင်သည့်ဆိုတဲ့ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ခဲ့၍ မေမေက ခြံတစ်ခြံ၊ လုပ်ငန်းအချို့နှင့် ပိုက်ဆံအချို့။ နောက် လက်ဝတ်ရတနာများမှာ မေမေ့ရဲ့နာမည်နှင့်သာ ဝယ်ခဲ့သော ပစ္စည်းများဖြစ်သဖြင့် နိုင်တို့ အခြေအနေက ယိမ်းယိုင်သွားခြင်းတော့ မရှိပါ။ ဒီ အဖေဆိုတဲ့ အရိပ်အာဝါသမရှိတော့တာကလွဲလို့ပေါ့။

ဖေဖေနှင့်မေမေ ကွာရှင်းဖို့အတွက် တရားရုံးကို ခဏခဏ သွားရင်း နိုင် တရားရုံးနှင့် စတင်ရင်းနှီးခဲ့ရသည်။ အပေါ်ထပ်အကျီ အနက်ကလေးနှင့် ရှင်းသန့်နေသော ရှေ့နေမလေးတွေကို လည်း ကောင်း၊ တိုက်ပုံအနက်နှင့် တည်ကြည်သော ရှေ့နေလေးတွေကို လည်းကောင်း။ မြင်ရ တွေ့ရတာများတော့ နိုင် ရည်မှန်းချက်တွင် ရှေ့နေဖြစ်ချင်သည့်စိတ်များ မသိမသာ ကိန်းအောင်းနေခဲ့သည်။

နောက်တော့ ထိုကွာရှင်းမှုကိစ္စအတွက် လိုက်ပါလုပ်ဆောင် ပေးသည့် မေမေ့ရဲ့သူငယ်ချင်း မြို့နယ်တရားသူကြီး ဒေါ်ခတ္တာနွယ်ကို ကြည့်ပြီးတော့မှ ထိုရည်မှန်းချက်တို့သည် ပို၍ ခိုင်မာလာခဲ့သည်။

ဒေါ်ခတ္တာနွယ်သည် တကယ့်ကို သမာသမတ်ရှိသော တရား သူကြီးဖြစ်သည်။ အမှုကိစ္စကို အိမ်တွင် ဘယ်တော့မှ လက်မခံဘဲ လာဘ်ပေးလာဘ်ယူလုပ်ဖို့ ဝေးစွ ခင်လို့ပါဆိုပြီး ပေးလာသော လက်ဆောင်ပဏ္ဏာများကိုတောင် အားမနာစတမ်း ငြင်းပစ်တတ်သူ ဖြစ်သည်။

"အောင်မယ် . . . ငါ့အိမ်မှာလာပြီး နှက်နေပါလား။ မလာစဖူး အလာထူးလို့ ဘာကိစ်"

နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ လှဲပြီး မဂ္ဂဇင်းတစ်အုပ် ဖတ် နေရာမှ သက်လင်းရဲ့အသံကြားတော့ –

"နင် အတန်းနောက်ကျတဲ့အကြောင်း ငါ လာတိုင်ပြောတာ လေ"





"ဘာလဲဟ"

"အတန်းတွေရှိတယ် လိမ်လိမ်ပြီး အတန်းလစ်နေတဲ့ အကြောင်းပေါ့။ အန်တီဝေ့ကိုသာ နင် လိမ်လို့ရချင်ရမယ်။ ငါ့တော့ လိမ်လို့မရဘူး။ ဒီမှာ ဘယ်နှစ်နာရီရှိပြီလဲ။ ညနေခြောက်နာရီခွဲတောင် ရှိပြီ။ စာသင်ချိန်တွေက အဲဒီလောက်ရှိလို့လား။ လာမဖြီးနဲ့"

နိုင်က လှဲနေရာမှထပြီး လက်ကနာရီကိုမြင်အောင် သက် သင်းကိုပြပြီး ခပ်တည်တည်ပောက်တော့ သက်လင်းရဲ့မျက်နှာက ဘာကယ့် ပျာယီးပျာယာ ရှင်းပြဖို့ လိုအပ်သူတစ်ယောက်လိုနှင့်။

"အတန်းလစ်ပြီး ငါ ဘယ်မှသွားစရာ မရှိပါဘူး။ အတန်း လစ်ပြီး အဆောင်မှာ ဖဲသွားရိုက်တဲ့ ကျောင်းသားထဲ ငါမပါဘူး။ ဒီနေ့က တကယ်အတန်းရှိလို့ ညနေ လေးနာရီမှာ ယူမယ့် ဆရာက အစည်းအဝေးသွားလို့ ပြန်လာတော့ ငါးနာရီ၊ ငါတို့တောင် အတန်း သင်းပြီးဟာကို ဆရာက ဒီနေ့သင်မယ့်စာက အရေးကြီးတယ်ဆိုပြီး အချိန်ပိုလိုဖြစ်သွားတာ။ စောပြန်သွားတဲ့သူတွေတောင် ရှိသေး"

"နင်ပြောတိုင်း ငါက ယုံစရာမို့လား"

"ဟာ . . . တကယ်မယုံဘူးလား။ မယုံရင် ဒီမှာကြည့်၊ အခု သင်တဲ့စာ ငါကူးခဲ့တာ"

ကျောပိုးအိတ်ထဲကစာအုပ်ကို ထုတ်ဖို့ပြင်နေသော သက် လင်းရဲ့ပုံစံက ရယ်စရာဖြစ်နေတာမို့ နိုင် သဘောကျစွာ ရယ်မိသည်။

သက်လင်းသည် တကယ့်ကို ရိုးသားသူတစ်ယောက်

ဖြစ်သည်။ သူ့ကို စလို့စမှန်းမသိ၊ နောက်လို့နောက်မှန်းမသိနှင့် တကယ်ပဲ စာအုပ်ကို လှန်ပြဖို့ ကြိုးစားရှာလေသည်။

ထိုသို့ ရိုးသားလွန်းသဖြင့် နိုင် သက်လင်းကို အခြားသော ယောက်ျားလေးသူငယ်ချင်းများထက် ပိုစွာ မောင်လေးလို၊ အစ်ကိုလို သံယောဇဉ်ရှိပါသည်။ ဆိုရသော် သက်လင်းအပေါ် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာနှင့် အပြည့်ချစ်နိုင်ပါသည်။

"တော်ပါပြီ . . . တော်ပါပြီ။ ငါက နင့်ကို တမင်စနောက်နေတာကို နင် မသိဘူးလား သက်လင်းရယ်"

"ဘယ်သိမလဲ၊ နင်က မျက်နှာတည်ကြီးနဲ့ ပြောနေတာကိုး။ နင်တစ်မျိုးထင်သွားမှာကို ငါ နည်းနည်းမှ လက်မခံနိုင်ဘူး"

"ဘယ်လို တစ်မျိုးထင်သွားမှာကို စိုးရိမ်တာလဲ"

နိုင် မသိသဖြင့် မေးတော့ သက်လင်းက ဟက်ခနဲ တစ်ချက် ရယ်ကာ ခေါင်းယမ်းပြီး ကျောပိုးအိတ်ကို လက်တစ်ဖက်နှင့်ဆွဲကာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

သူ့ဘာသာသူ ဘာတွေအထာပေါက်ပြီး ရယ်သွားလဲမသိဘူး။ သက်လင်း လုပ်ပြသွားသည့်ပုံစံကို သဘောကျစွာ နိုင်လည်း ရယ်မိပါသည်။

သက်လင်း အဝတ်အစားလဲပြီး ပြန်ဆင်းလာတော့ နိုင်တို့ ထမင်းအတူစားကြပါသည်။ သက်လင်းရဲ့ ဖေဖေကတော့ ရုံးမှာ အစည်းအဝေးရှိ၍ဆိုပြီး ပြန်ရောက်မလာသေးပေ။





"သမီးတို့အိမ်မှာ ဘာချက်သလဲ"

ထမင်းစားနေရင်း အန်တီဝေမေးတော့ နိုင်က ရယ်ပြီး–

"နိုင်လည်း လွယ်အိတ်ထားပြီး ချက်ချင်းထွက်လာတော့ မေမေ ဘာဟင်းချက်ထားသလဲ မသိဘူး အန်တီဝေ"

"ကိုယ့်အိမ်အကြောင်း အဲဒီလောက်ထိ စိတ်မဝင်စားနဲ့ သိလား။ မိုးကြိုးတွေပစ်၊ မြေတွေပြိုနေဦးမယ်"

"သားကလည်းကွယ်"

သက်လင်းက မဲ့ကာ ရွဲ့ကာပြောတော့ နိုင်က တကယ်ပဲ အပြစ်ရှိနေတာမို့ ရယ်ရုံပဲရယ်သည်။ အန်တီဝေက သက်လင်းကို ဟန့်ပြီး –

"ပြန်ရင် သမီးမေမေအတွက် ဟင်းထည့်ပေးလိုက်ဦးမယ်"

ဟုပြောလေသည်။ စားသောက်ပြီးတော့ မှောင်နေပြီမို့ မထိုင်တော့ဘဲ အိမ်တန်းပြန်လာသည်။ သက်လင်း လိုက်ပို့ခြင်း ဖြစ်သည်။

သက်လင်းတို့အိမ်တွင် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီး၊ စက်ဘီး (၂) စီးရှိသည်။ မော်တော်ဆိုင်ကယ်ဝယ်ထားတာကတော့ သိပ်မကြာသေးပေ။ ယခုဆို မန္တလေးတွင် မော်တော်ဆိုင်ကယ် ခေတ်စားစပြုနေသော်လည်း စက်ဘီးစီးသည့်ခေတ်ကတော့ မပျောက်သေးပါ။

နိုင်တို့ငယ်ငယ်တုန်းကလိုတော့ ဘယ်သူ့ကိုကြည့်လိုက်

ကြည့်လိုက် စက်ဘီးနှင့်ဆိုသည့် ခေတ်ကတော့ ကုန်နေပြီ။ သို့သော် တက္ကသိုလ်တက်နေသူ များသောအားဖြင့်ကတော့ စက်ဘီးနှင့် တက်ကြတာကများသည်။ မော်တော်ဆိုင်ကယ်နှင့် တက်သူတွေလည်း ရှိတော့ရှိနေပါပြီ။

သက်လင်းကတော့ ကျောင်းသွားရင်သာ မော်တော်ဆိုင်ကယ်စီးခွင့်ရပြီး ကျန်သည့်အချိန်တွင်သာ စက်ဘီးစီးရသည်။

"မေမေ မသိအောင် ကျောင်းပိတ်ရက်တစ်ရက် မော်တော်ဆိုင်ကယ်နဲ့ ငါတို့ ပြင်ဦးလွင်ဘက် သွားလည်ရအောင်"

"အမယ်လေး မလုပ်ပါနဲ့၊ ငါ အသက်ရှည်ရှည်နေပါရစေ"

"ငါ့ကို အဲဒီလောက်တောင် ယုံတယ်ပေါ့လေ ဟုတ်လား။ ဒီလောက်ယုံကြည်မှုရှာကိုပဲ သေပျော်ပါပြီ"

သက်လင်း ဘယ်လိုပဲပြောပြော နိုင် သက်လင်းစီးတဲ့ မော်တော်ဆိုင်ကယ်နောက်ကို တစ်ခါမှ မလိုက်ခဲ့ပါ။ ကြောက်လို့လား ဆိုတော့ ထိုသို့လည်းမဟုတ်ပါဘဲ ဘာကြောင့်မှန်းမသိ သက်လင်းက လမ်းကြုံခေါ်လျှင်တောင် အကြောင်းအကန် ငြင်းတတ်ခဲ့ပါသည်။

ယခုလို စက်ဘီးနှင့်ဆိုတော့ စိတ်ချကာ စိတ်အေးလက်အေး စီးရဲသည်။ စကားလေးတပြောပြောနှင့် မော်တော်ဆိုင်ကယ်စီးရတာထက် အန္တရာယ်ကင်းတာကိုတော့ ငြင်း၍မရချေ။

❀



# အခန်း (၂၀)

"ဒီနေ့ ကျောင်းလာကောလာပါ့မလားမသိဘူးလို့ ပြောနေတာ"

"အတန်းရှိတာသိလျက်နဲ့ ဘာလို့ နှစ်ချိန်တောင်ပျက်နေရတာလဲ၊ ရိုးမှရိုးရဲ့လား"

"အဲဒီလက်ညှိုးကို ဖယ်ပစ်လိုက်စမ်းပါ။ ကိုယ့်သူငယ်ချင်း ဘာဖြစ်သလဲဆိုတာ အရင်မမေးဘဲ ပြောချင်ရာတွေ စွတ်ပြောနေသလား"

အတန်းနှစ်ချိန်ပြီးမှ အခန်းထဲဝင်လာသော နိုင့်ကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောသဖြင့် နိုင် မျက်နှာအိုအိုနှင့် ပြောတော့မှ

"ဘာဖြစ်လို့ အတန်းပျက်ရတာလဲ"

မအိက အတည်လိုမျက်နှာတည်တည်နှင့်မေးတော့ နိုင် ဖယ်အေးရဲ့ဘေးမှာ ကပ်ထိုင်လိုက်ကာ –

"ဖျားနေတာ"

"ဟင် . . . တကယ်လား"

"ဖျားနေတာကို ကျောင်းလာရသလားနိုင်ရယ်။ ပိုပြီး အဖျားတက်အောင်"

"မှန်း"

ခပ်တိုးတိုးဖြေလိုက်သောကြောင့် အားလုံး တစ်ယောက်တစ်ပေါက်ပြောကာ မိမိလေးက နိုင့်နဖူးကို စမ်းလိုက်သည်။

"ဟယ် . . . ကိုယ်ကတော်တော်ပူနေတာနော် နိုင်။ နင်ဒီမနေနဲ့"

တော်ရုံတန်ရုံ အနွေးထည်ဝတ်ခဲလှသော နိုင်က အဝါရောင်ဖျော့ဖျော့သိုးမွေးအနွေးထည်ကို ရင်စေ့ကြယ်သီးတပ်ကာ ဝတ်ထားသည်။ ဆံပြီးနှစ်ဖက်ကျစ်ထားတာ မပြောင်းလဲပေမယ့် အနည်းငယ်ပွယောင်းယောင်းဖြစ်နေသည်။

မျက်နှာကလည်း ခါတိုင်းလို လန်းလန်းဆန်းဆန်း မရှိဘဲ အနည်းငယ် နီရဲနေသည်။

စံပယ်အေးက လက်ဖျားတွေကို လှမ်းဆုပ်ကိုင်တော့ အပူရှိန်သည် တစ်မဟုတ်ချင်း ကူးစက်လာသည်။

"ဟိတ်ကောင် . . . နင် ကျောင်းလာရမယ့်အခြေအနေမဟုတ်တော့ဘူးနော်။ ငါတို့ ခွင့်တိုင်ပြီး နင့်အိမ်ကိုပြန်ပို့ပေးမယ်။ အိပ်ရာထဲမှာ ဆေးသောက်ပြီး လှဲနေသင့်တယ်"





"မနက်ကတည်းက ကိုယ်ပူနေတာ။ ဒါပေမဲ့ ကျောင်းသွားဖို့ပြင်ပြီးမှ မေမေက နေမကောင်းဘူး ကျောင်းမသွားနဲ့လို့တားတာ။ မေမေသွားတော့ ငါတစ်ယောက်တည်း အိပ်ရာထဲမှာ ဟိုတွေး ဒီတွေးနဲ့ သိပ်အားငယ်တာပဲဟာ။ အဲဒီလို တစ်ယောက်တည်းရှိတဲ့အခြေအနေကို ငါ အရမ်းကြောက်တယ်"

မာချင်သယောင် ဟန်ဆောင်နေသော နိုင်ဟာ တကယ်တော့ အားငယ်တတ်သောသူတစ်ယောက် ဖြစ်နေတာကို သိသောသူငယ်ချင်းအားလုံးက နိုင့်ကို ကိုယ်ချင်းစာနာကြပါသည်။

စံပယ်အေးက နိုင့်လက်ကို ဆုပ်ကိုင်ထားတာကို မလွှတ်ဘဲအားပေးသလို ဖျစ်လိုက်သည်။

"အဲဒါကြောင့် အိပ်ရာထဲက အတင်းထပြီး ကျောင်းကိုလာခဲ့တာ။ အတန်းနှစ်ချိန်တော့လွတ်သွားတယ်နော်"

"အတန်းချိန်လွတ်သွားတဲ့အတွက်တော့ စိတ်ထဲမထားပါနဲ့နိုင်ရယ်။ စာတွေ ငါတို့ကူးပေးမှာပေါ့။ အခုလည်း ဆရာမစာသင်ရင်လိုက်နားထောင်ရုံပဲ နားထောင် ငါကူးပေးမယ်"

"ကျေးဇူးတင်ပါတယ် မိလေးရယ်"

"ဟဲ့ . . . ငါတို့ သူငယ်ချင်းတွေရဲ့ကြားမှာ ကျေးဇူးဆိုတဲ့စကား လိုလို့လား နိုင်ရာ။ နင်ကလေ အားကြီးအပိုလုပ်တယ်"

မိမိလေးက နိုင်ရဲ့ကျေးဇူးတင်စကားကြောင့် မကျေနပ်သလိုပြောသည်။ သို့သော် စိတ်ဆိုးစိတ်ကောက်သည့်ဟန်တော့မရှိချေ။

"ဒါနဲ့ နင် မနက်ကတည်းက နေမကောင်းဘူးဆိုတော့ နင့်အမေက ဆေးတော့တိုက်ခဲ့မှာပါ။ ဆေးရှိန်ကရှိသေးတယ်ဆိုတော့ ဆရာမ မလာခင် ခဏအိပ်ချင်အိပ်ပါလား။ မဟုတ်ရင် ဆေးသောက်ပြီး အနားမယူရင် လူက ပိုပြီးနုံးတယ်"

"ဟုတ်တယ် နိုင်၊ ခဏအိပ်လိုက်ပါ"

"အဟင်း"

စံပယ်အေးနှင့် မအိရဲ့စကားကို သဘောကျစွာ နိုင် နှမ်းနေသည့်ကြားမှ သဘောကျစွာရယ်လိုက်မိပါသည်။ နိုင်ရယ်တော့ သူတို့က နားမလည်သည့်ဟန်နှင့် နိုင့်ကိုကြည့်ကြသည်။

"နင်တို့ နိုင့်အကြောင်း မသိကြသေးဘူးနဲ့တူတယ်။ နိုင်က မေမေကိုယ်တိုင် အနားမှာထိုင်ပြီး ဆေးတိုက်မှ ဆေးက ဗိုက်ထဲဝင်တာ။ မေမေက အလုပ်မအားလို့ဖြစ်ဖြစ်၊ သွားစရာရှိလို့ဖြစ်ဖြစ် သမီး ဆေးယူသောက်လိုက်ဦးနော်ဆိုရင် နိုင်က ဘယ်တော့မှမသောက်ဘူး သိလား"

"ဟင်"

"ဟုတ်တယ်လေ၊ မေမေလာလို့ စစ်မှာစိုးရင် နိုင်က အဲ့ဒီ ဆေးတွေပြ မေမေမသိအောင် လွှင့်ပစ်ခဲ့တာချည်း"

"နင် တော့်တော်ဆိုးပုံရပါလား နိုင်။ နင့်ပုံစံကြည့်ရင် လူက ဖြူဖြူသေးသေးနဲ့ အဲဒီလောက် ကျွတ်ကပ်ကပ်နိုင်လိမ့်မယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူးနော်"





"အဲဒီလို နင်လုပ်ရင် ဘယ်သူ အရင်ထိခိုက်မလဲ၊ နင် သိလားနိုင်။ နင့်ကိုပဲ အရင်ထိခိုက်မှာ"

"ဟင့်အင်း ... ဘာမှမထိခိုက်ဘူး"

"ဘယ့်နှယ်ကြောင့်လဲ"

နိုင်က ခပ်ပြုံးပြုံးနှင့် ခေါင်းယမ်းပြောတော့ မအိက နားမလည်သလိုနှင့် မေးလေသည်။ တစ်ယောက်တည်း လှဲအိပ်နေစဉ်က ရောဂါပိုတိုးပြီး ကိုယ်တွေ ပိုပြီးပူလာသလို ခံစားနေရပေမယ့် သူငယ်ချင်းတွေနှင့်အတူ ရှိနေချိန်ကျတော့ စကားပြောနေသဖြင့် ကိုယ့်ရောဂါကို ကိုယ်မေ့သွားကာ ချွေးလေးတွေတောင်စို့လာသည်။

"နိုင် နေမကောင်းရင် နိုင်သိပ်ပျော်တယ်သိလား"

"အဲ့ပါအေ ... နေမကောင်းတာများ ပျော်စရာလား နိုင်ရဲ့"

"ပျော်တာပေါ့။ နိုင်နေမကောင်းရင် သက်လင်းကို စားချင်တာတွေ၊ မေမေတို့မသိအောင်နိုးမှာ။ တကယ်လို့ ဝယ်မလာရင် သူ့ကို စိတ်ကောက်တာပေါ့။ ဒါပေမဲ့ မှာတိုင်းဝယ်မလာတာတော့ မရှိဘူး။ ညည်းညည်းညူညူနဲ့တော့ ဝယ်လာတာချည်းပဲ။ ပြီးရင် ဖွက်ထားတဲ့ ဆေးတွေ တိုက်တယ်လေ"

"ဩော် ... ဩော် ... ရှင်က ကိုယ့်အကြိုနဲ့ကိုယ်ကိုး"

"ယောင်းမရယ် ... ဒီလောက် ကြင်နာတတ်တဲ့အစ်ကိုကို သေးပါလား"

"နင်က သက်လင်းကို နိုင်သလို သက်လင်းရဲ့စကားတွေကျ

တော့လည်း သိပ်နားထောင်ပါလား''

''ဟေ့ ဟေ့ ... နင်တို့ ငါ့ကို အဲဒီလိုပုံစံနဲ့ မစကြနဲ့သိလား။ ငါနဲ့သက်လင်းက မောင်နှမလိုပဲ။ ငါတို့စိတ်ထဲမှာ ဘယ်အရာနဲ့မှ အရောင်ဆိုးလို့မရဘူး။ ငါတို့နှစ်ယောက်ကြားက အဖြူရောင်မေတ္တာကို အရောင်ဆိုးဖို့ ကြိုးစားတဲ့သူက ငါတို့ရန်သူပဲ''

နိုင့်ရဲ့စကားကြောင့် ပြုံးစိစိနှင့် စနောက်နေကြသော သူငယ်ချင်းတွေ အသံတိတ်သွားလေသည်။

သက်လင်းထွဋ်ဆိုတဲ့ ပိန်ပိန်ရှည်ရှည် မျက်မှန်နှင့်ကောင်လေးကို သူမတို့ရဲ့ ငယ်သူငယ်ချင်း မဟုတ်ပေမယ့် နိုင် မကြာခဏ ပြောပြောနေ၍ အခါတစ်ရာမှာ အခါရှစ်ဆယ်လောက်ပါနေသော သက်လင်းထွဋ်ကို အားလုံးက ရင်းနှီးနေကြပါသည်။ နိုင့်ရဲ့စကားလုံးတွေထဲမှာ ဟန်ဆောင်မှုပိုကာ ပြောဆိုသောစကားများ မပါသဖြင့် အားလုံး ယုံကြည်ကြပါသည်။

''ဩော် ... ဟေ့ ရှေ့အပတ်မှာ တို့ wellcome နီးပြီနော်''

''အဲဒါနီးတာ အရေးမကြီးဘူး။ ဖိုင်နယ်က အစ်မတွေက ဖလက်ရှာဝဲလ်ကမ်းမှာ အမှုစီရင်ချက်ချပုံအကြောင်း သရုပ်ပြတင်ဆက်မှာတဲ့''

''ဟုတ်တယ်၊ အဲဒီပွဲနီးလို့လည်း ငါဖျားနေတဲ့ကြားက အတန်းမပျက်ချင်တာ။ အဲဒီလို အမှုစီရင်ချက်ချတာမျိုး ငါလေ့လာချင်တယ်''





''အီးစီက မိမိလေးကို တရားခံနေရာမှာ သရုပ်ဆောင်ဖို့ ပြောနေတာ''

''ဟာ ... ငါမလုပ်ချင်ပါဘူး။ အီးစီက လူမရှိတိုင်း ဘာပွဲရှိရှိ ထစ်ခနဲဆို ငါ့ပဲထည့်ချင်နေတာ၊ မပါချင်ပါဘူး''

စံပယ်အေးရဲ့စကားကို မိမိလေးက စိတ်မရှည်စွာ တုံ့ပြန်လေသည်။

''ဒါနဲ့ ဇာတ်လမ်းသရုပ်ဆောင်ရမှာမို့ မိမိလေးကို အီးစီက တရားခံနေရာမှာ ပါနိုင်းတာပဲ''

နိုင်က အီးစီတို့လုပ်သော အစည်းအဝေးကို မတက်ရသဖြင့် မေးခြင်းဖြစ်သည်။

အစည်းအဝေး မတက်ရတာခြင်းအတူတူဖြစ်သော စံပယ်အေးနှင့် မအိက မသိဘူးဟုပြောသည်။ ကိုယ်တိုင်မတက်ရပေမယ့် အီးစီပြော၍ သိရသော မိလေးကတော့ –

''လူကုန်ကူးမှုအကြောင်းဆိုလား။ မူးယစ်ဆေးဝါးအကြောင်းဆိုလား ဘာမှ သေချာတော့မသိသေးဘူး''

''ဒါဆို မိမိလေးကတော့ စင်ပေါ်တက်ရမှာပေါ့။ ငါတို့အုပ်စုထဲက မင်းသမီးမိမိလေး နင် အဲဒီအခွင့်အရေးကို မငြင်းရဘူးနော်။ စင်ပေါ်တက်ရတယ်ဆိုတာ နည်းတဲ့အခွင့်အရေးမဟုတ်ဘူး''

''သွားသေလိုက်ပါလား။ ဒါဆို နင်လည်း ကွင်းရွှေးတဲ့အခါ ဘာရင်းပေးလိုက်လေ။ ငါတို့အုပ်စု ဂုဏ်တက်အောင်''

"ငါက ဟို ကိုမင်းကျော်ပြောကတည်းက ဘယ်သောအခါမှ ကွင်း ဝင်ရွေးခံလိမ့်မည်မဟုတ်"

လူကသာ နေမကောင်းတာ၊ နေမကောင်းသည့်ကြားမှ သူများ မခံချင်အောင်ပြောနေသော နိုင့်ကို မိမိလေးက မျက်စောင်း ထိုးလိုက်သည်။

"ဟိတ် . . . ဒါနဲ့ ဟိုလူတွေလည်း ပျောက်ချက်သားကောင်း နေတယ်နော်"

"ဒီတစ်ပတ်တော့ မသိဘူး၊ သောကြာနေ့က ဘောလုံးပွဲရှိ တယ်တဲ့။ ကိုဇင်မင်းထွန်းနဲ့ ကိုစိုးထက်က ဘယ်အားမလဲ"

"ဘယ်အသင်းနိုင်သွားလဲ"

"မသိဘူး၊ ဆရာမတွေပြောနေတာတော့ ဗိုလ်လုပွဲတက်တာ ဘူမိနဲ့ ဓာတုတဲ့။ တို့ဥပဒေကတော့ ဝိဇ္ဇာပေါင်းကူးထဲ ပါနေတော့တာ၊ ငါတော့ ဘောလုံးပွဲသွားကြည့်ရတာ ပျင်းလွန်းလို့"

တိုက်ဆိုင်စွာပင် အတန်းပြီး၍ အခန်းထဲမှထွက်တော့ ဟို သုံးယောက်ရောက်လာသည်။ ကန်တင်းထိုင်မိကြတော့ ဘောလုံးပွဲ စိတ်မဝင်စားဘူးဟုဆိုသော မအိက အငမ်းမရနှင့် –

"ဟော့ . . . ရှင်တို့ နိုင်ခဲ့ကြလား"

"ဘာလဲဗျာ"

ဇင်မင်းထွန်းက နားမလည်စွာနှင့်မေးတော့ မအိက ရှေ့ကိုင် နေလိုက်တာဆိုသည့်ပုံစံနှင့် မျက်စောင်းထိုးကာ –





"ဘောလုံးပွဲလေ"

"ဒါများ မေးစရာလိုလို့လား။ ဘူမိက ဘယ်တုန်းက ရှုံးခဲ့ဖူး လို့လဲ"

"အမယ်လေး . . . မေးမိတဲ့ကျွန်မ သေသင့်ပါတယ်ရှင်"

ခပ်ကြွားကြွား ပြောနေသော စိုးထက်ကိုကြည့်ပြီး မအိက နာခေါင်းရှုံ့ကာပြောတော့ မင်းကျော်က အဆင်းဘီးတက်ပေးလိုက် သည်။

"ပြောမနေနဲ့ မအိရေ၊ ကျွန်တော်တို့အားလုံးကတော့ ဘဝင် မှ ရူးနေတဲ့ စိုးထက်ကို လက်မြှောက်ထားတာ ကြာပြီ"

"သွားသေပါလား"

"နိုင်က အနွေးထည်တွေ ဘာတွေ ဝတ်ထားလို့ပါလား။ မျက်နှာကလည်း နွမ်းနေတယ်၊ နေမကောင်းဘူးလား"

"အဟမ်း . . . ဟမ်း"

စိုးထက်က လုပ်ချောင်းကြီး လုပ်ဆိုးလိုက်သဖြင့် နဂိုက တည်းက အဖျားသွေးနှင့် မျက်နှာရဲနေသော နိုင်မှာ ပို၍ပင် ရဲသွား သည်။

မိမိလေးက စိုးထက်ကို မျက်စောင်းထိုးလိုက်ကာ –

"ဟုတ်တယ် နေမကောင်းဘူး။ နေမကောင်းရဲ့သားနဲ့ ကျောင်းလာလို့ မိလေးတို့တောင် ဆူနေရသေး"

"ဆေးကောသောက်ပြီးပြီလား"

"အို . . . မပူနဲ့ ခိုင့်ကို အိမ်ရောက်ရင် ဆေးတိုက်ဖို့ အဆင်သင့် စောင့်နေတဲ့သူက ရှိပြီသား"

"စံပယ်အေး"

ခိုင်က မလိုတဲ့နှင့် သူစိမ်းတွေရှေ့မှာ အပိုပြောလိုက်သော စံပယ်အေးကို လှမ်းဟန့်လိုက်သည်။

"ဆေးကျောင်းသား သက်လင်းထွန်း ဆိုတဲ့ နာမည်တစ်ခုက မစဉ်းစားဘဲနှင့် အလိုလို ရောက်လာသောကြောင့် ဇင်မင်းထွန်းက ဟန်မဆောင်နိုင်စွာ မျက်နှာ ကွက်ခနဲပျက်သွားသည်။

ထိုအခြေအနေတစ်ခုကို လျင်မြန်စွာထိန်းလိုက်သူက မင်းကျော်ဖြစ်သည်။

"အဟဲ . . . ဒါနဲ့ ကျွန်တော်တို့ရောက်မလာတဲ့ တစ်ပတ်အတွင်းမှာ ထူးခြားတဲ့ အဖြစ်အပျက်လေး ဘာလေး မရှိဘူးလား စံပယ်အေး"

"ဩော် . . . ရှိတာပေါ့ရှင်"

စံပယ်အေးကလည်း ဖြစ်ပျက်သွားသည့် အခြေအနေတစ်ခုကို လျင်မြန်စွာထိန်းကာ –

"ရှေ့အပတ်မှာ စံပယ်တို့ရဲ့မေဂျာ wellcome ရှိတယ်။ ကိုမင်းကျော်တို့ ဝဲလ်ကမ်းကကော ဘယ်နေ့လဲ"

"ဘယ်နေ့လဲတော့မသိဘူး။ အတန်းထဲကလူတွေတော့ စိစဉ်နေကြတာပဲ။ ဒါပေမဲ့ . . . လိုတော့လိုဦးမယ် ထင်တယ်"





"ကျွန်တော်တို့ကတော့ wellcome ဆိုရင် အတန်းလစ်တာဒီဇာ ဒ်ပေါက်ဘူးလာယူပြီး အဆောင်ပြန်"

"ဖဲရိုက်တာလား"

"ဟာဗျာ"

စိုးထက်ရဲ့စကားကို မအိက ဝင်ပြောတော့ စိုးထက်က မိမိလေးကို လှမ်းကြည့်ပြီး ရှက်သွားသည်။ မိမိလေးကတော့ အပြုံးမပျက်မြင် –

"ဟာဗျာ မလုပ်ပါနဲ့ မိလေးတို့လည်း အဆောင်သူတွေပါနော်။ အဆောင်သားတွေ ဘာလုပ်တတ်သလဲ သိပ်သိတယ်။ ယောက်ျားလေးဆောင်ကတဲ့ လူလစ်ရင် ခွက်ပုန်းခုတ်တယ်တဲ့၊ လူစုမိရင် ကုလားကားကြည့်တယ်တဲ့။ ဒီထက် အဆင်ပြေရင်တော့ ဟိုနေရာ"

"ဟိုး stop stop ဟိုနေရာသွားတဲ့ထဲမှာတော့ ကျွန်တော်တို့ညီးယောက် လုံးဝ (လုံးဝ) မပါကြောင်း သစ္စာရေသောက်ပြီး ကျိန်ရဲဘယ်ဗျာ။ ယောက်ျားလေးဆိုတော့ အရက်နဲ့မကင်းတဲ့အခါလည်းခိုင်ရှိမယ်။ အပျင်းပြေလောင်းကစားလေး လုပ်မိချင်လုပ်မိလိမ့်မယ်။ တိုက်စွမှာတော့ ဝါသနာပါသူ တစ်ယောက်မှမရှိ"

"အဲဒီမိလေးကလည်း ဘာမှန်းမသိဘူး"

ခိုင်နှင့်မအိက မျက်နှာပူစွာ လှမ်းမျက်စောင်းထိုးလိုက်သည်။ စိုးထက်နှင့် မင်းကျော်က အလုအယက် ဝင်ရှင်းလေသည်။

"မိလေး သိပါတယ်၊ ကိုစိုးထက်တို့သုံးယောက်ကိုကြည့်ပြီး လူတော်လူကောင်းဆိုတာ သိပါတယ်နော်"

"အဲဒီလိုတော့ မထင်နဲ့နော်။ ကျွန်တော်တို့က လူတော်တွေတော့မဟုတ်ဘူး။ ဒါပေမဲ့ လူဆိုးတွေလည်း မဟုတ်ပါဘူး။ ဒီလိုပဲ လူငယ်သဘာဝအရ လွတ်လွတ်လပ်လပ်နေမိ၊ ပြောမိတဲ့အခါ အချို့က ရမ်းကားတယ်လို့ ဆိုတယ်ဗျာ"

"ဒီလိုပွင့်ပွင့်လင်းလင်း ဝန်ခံတတ်တာကို ကြည့်ခြင်းအားဖြင့် ကိုဇင်မင်းထွန်းတို့ တကယ်ဆိုးသွမ်းတဲ့ လူငယ်တွေမဟုတ်တာ စံပယ်တို့ အသေအချာသိပါတယ်"

"ဩော် မအိ . . . ဟိုကိစ္စပြောလိုက်ပါလား"

"ဘာလဲ နိုင်"

အားလုံးပြောသမျှကို ငြိမ်၍ နားထောင်နေရာမှ နိုင်က မအိကိုလှမ်းပြောသဖြင့် ဇင်မင်းထွန်းက နားမလည်နိုင်စွာမေးသည်။ နိုင်က မရှင်းပြဘဲ ပြုံးပြပြီး စံပယ်အားက –

"Wellcome နေ့ကျရင် စံပယ်တို့ကျောင်းမှာ အမှုစီရင်ပုံစီရင်နည်း သရုပ်ပြပွဲရှိတယ် ကိုဇင်မင်းထွန်းရဲ့။ အဲဒီနေ့ကျရင် လက်မှတ်လာရောင်းမယ်၊ ဝယ်ရမယ်နော်။ ပြီးရင် စံပယ်တို့နဲ့အတူ လာကြည့်ရမယ်"

"ဟာ . . . လာကြည့်မှာပေါ့ဗျာ။ စိတ်ချ သေချာပေါက် လာမှာ"





"လက်မှတ်ရောင်းမှာဆိုတော့ ဘာကျွေးမှာလဲ စံပယ်"

"အဲဒါတော့ မသိသေးဘူး။ နီးရင်တော့ သိရမှာပေါ့။ သွားကြားထိုးတံနဲ့ ရေ မဟုတ်တာတော့ သေချာပါတယ်ရှင်"

"ဟာဗျာ . . . နိုင်ကလည်း။ တော်တော်နောက်တတ်သားပဲ။ ကျွန်တော်က အကောင်းမှတ်လို့ နားထောင်နေတာ"

❋

# အခန်း (၂၁)

အမှုစီရင်ပုံ စီရင်နည်း သရုပ်ပြပွဲတွင် ထင်တာထက်ကို လူတွေများခဲ့သည်။ ကိုယ့်မေဂျာထဲကလူတွေသာမက စိတ်ဝင်စားတဲ့ အခြားမေဂျာကလူတွေပါ တက်ရောက်ကြသဖြင့် ဥပဒေရဲ့ ဖလက်ရှာ ဝဲလ်ကမ်းနှင့်တောင် မတူတော့ပေ။

အစောပိုင်းက ပြောခဲ့သလို မိမိလေးက စင်ပေါ်တက်ရပါသည်။

နိုင်တို့သူငယ်ချင်းတစ်သိုက်ကတော့ စင်အောက်မှာ သောင်းသောင်းဖြဖြ အားပေးကြပါသည်။ ခုံလက်မှတ်က ဘယ်လိုစီလိုက်သလဲမသိ။ နိုင်နှင့်ဇင်မင်းထွန်းက ခုံချင်းကပ်လျက်တွင် အတူထိုင်ရသည်။ ထိုအရာကို နိုင်က လုံးဝ သတိမထားမိဘဲ စင်ပေါ်သာ အာရုံစိုက်နေမိပါသည်။ အစပိုင်းတွင် တောရွာတွင် ရွာသူ ရွာသားတွေ လယ်လုပ်နေသည့်အကြောင်း ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသား





တွေက သရုပ်ဖော်ပါသည်။

''အမယ်လေး နေကလည်း ပူလိုက်တာနော်''

''ငါတို့ အခုချိန်မှာ ပိုက်ဆံအများကြီးရတဲ့အလုပ် လုပ်ရရင် ကောင်းမှာပဲနော်''

''ဟေး''

''ဘာမှလည်း မဆိုင်ဘူးဟေ့''

စင်ပေါ်မှာ တောသူတစ်ယောက်နှင့် တောသားတစ်ယောက် အပြန်အလှန် ပြောနေတာကို စင်အောက်မှာ နားထောင်နေတဲ့သူတွေက ဝိုင်းအော်တော့ ထိုကောင်လေးနှင့် ကောင်မလေးက ကျိတ်ရယ်ကြသည်။

''ဟိုဘက်ရွာမှာရောက်နေတဲ့ အမျိုးသမီးတစ်ယောက်က တရုတ်ပြည်ဘက်မှာ အဆက်အသွယ်ကောင်းတွေ ရှိတယ်တဲ့''

''ဟုတ်တယ်၊ ငါလည်းကြားတယ်။ ပိုက်ဆံလည်းအများကြီး ရမယ်၊ အလုပ်ကလည်း သက်သာမယ်တဲ့''

''အလုပ်သက်သာမယ်၊ ပိုက်ဆံအများကြီးရမှာဆိုရင်တော့ ငါတို့ သတိထားရလိမ့်မယ်။ တီဗီမှာ မကြာခဏလာနေတဲ့ လူကုန်ကူးမှု သတင်းတွေ ငါတို့သိနေတာပဲ''

တောင်ယာလုပ်နေသောအဖွဲ့ထဲမှ ကောင်လေးတစ်ယောက်က တွေးဆဆနှင့်ပြောတော့ စင်အောက်ဘက်မှ ပရိသတ်က သဘောကျစွာ လက်ခုပ်တဖြောင်းဖြောင်း ထတီးကြလေသည်။

"ကောင်းတယ်နော် ကိုဇင်မင်းထွန်း"

နိုင်တစ်ယောက် သဘောကျတာ ကိုယ့်ဘာသာမနေဘဲ ဇင်မင်းထွန်းကို အဖော်စပ်လိုက်သေးသည်။ ဇင်မင်းထွန်းကတော့ စင်ပေါ်ကို စိတ်ဝင်တစားရှိနေသော နိုင်က ခေါင်းညိတ်ပြပြီးမှ နိုင်က သူ့ကိုကြည့်မနေတာကိုသတိရပြီး –

"ကောင်းတယ်ဗျာ"

ဟု ထောက်ခံလိုက်သည်။ စင်ပေါ်ကလူတွေက လက်ခုပ်သံစဲအောင် ခဏစောင့်ပြီး ဆက်ပြောကြသည်။

တစ်ခါတလေ ပွင့်လွင့်လာသော ကိုယ်သင်းရနံ့ကို နိုးရှူရှိုက်ရင်း သူ နိုင့်ကို မသိမသာ ကြည့်မိသည်။

ပြောင်တင်းနေသော နိုင့်ပါးပြင်ထက်၌ သနပ်ခါးတို့သည် မပြယ့်တပြယ် ရှိနေပါသည်။ ဝတ်ထားသော အပြာနုရောင်ဝမ်းဆက်နှင့် လိုက်ဖက်စွာ ကျစ်ဆံမြီးထက်၌ ဖဲပြားအပြာကို စည်းထားသည်။

နိုင့်ကိုမြင်လိုက်တိုင်း ဆံမြီးနှစ်ဖက်ကျစ်ထားတာပဲမြင်ရတတ်ပြီး မအိတို့ မိမိလေးတို့ ပြင်ဆင်သလို ဆံပင်ကို ကောက်လိုက်ဖြောင့်လိုက်၊ ဖြန့်ချထားလိုက်၊ အနောက်မှာစည်းနှောင်ထားလိုက် လုပ်တာမျိုး တစ်ခါမှကို သူ မမြင်ဖူးပါ။

သူမကိုကြည့်ရနေသောသူ့ကို သတိမထားမိစွာ စင်ပေါ်ကိုသာ အာရုံရောက်နေပေမယ့် သတိထားမိတဲ့ စိုးထက်ကတော့ အသံတိုးတိုးဖြင့် –





"အသက်ကလေးဘာလေး ရှူဦးဆရာ၊ အသက်ရှူမှားလို့ သမ်းကြောင်းလွဲသွားဦးမှာ"

"ဟင် ... ဘာပြောတာလဲ"

စိုးထက်က သူကြားအောင် တိုးတိုးပြောသော်လည်း နားစွန်နားဖျားကြားလိုက်သော နိုင်က မသိသာဆိုးဝါးစွာ ဘာလဲဟုမေးလေသည်။ သူ နိုင်မမြင်အောင် စိုးထက်ရဲ့ပေါင်ကို ဆွဲဆိတ်ပြီး –

"ဘာမှမဟုတ်ပါဘူး နိုင်ရဲ့"

"ဟိတ် ... ဒီကလေးတွေ အိမ်ရောက်မှ ရန်ဆက်ဖြစ်ကြဝမ်း။ အဲဒါကြောင့် မင်းတို့ကို သွားလေရာ မခေါ်ချင်တာ"

မင်းကျော်က အမေပုံစံနှင့် ပြောတော့ နိုင်တို့ မိန်းကလေးတွေက ကျိတ်ရယ်ကြသည်။ နောက်မှ အနောက်ဘက်ကလူတွေကို အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် မျက်နှာပိုးသတ်ကာ စင်ပေါ်အကြည့်ပို့ကြပါသည်။

အပြောချိုချိုနှင့် လူကုန်ကူးမည့်အမျိုးသားနှင့် အမျိုးသမီးမှာ နိုင်နယ်မှ ကင်းနှင့်ကွင်း ဖြစ်နေတာက ဆန်းလှသည်။

"အစ်မတို့ရုပ်ရည်နဲ့ ညီမတို့ကို လိမ်ညာစရာလားကွယ်။ အစ်မတို့က ညီမလေးတို့ကို တကယ်သနားလို့ ကိုယ်ချင်းစာပြီး ကူညီချင်တာ။ အစ်မတို့လည်း ညီမတို့ဘဝက တက်လာတာပဲလေ"

ဟု အမျိုးသမီးက အမျိုးသမီးအချင်းချင်း စည်းရုံးသလို အမျိုးသားကလည်း အမျိုးသားအချင်းချင်း စည်းရုံးလေသည်။ အမျိုး

သားက ဟန်ပါပါနှင့် မျက်မှန်အမည်းကို ဆွဲချွတ်တော့ စင်အောက်မှ မိန်းကလေးတွေရဲ့ ဟေးခနဲအော်သံ ကြားရသည်။

ယောကျ်ားလေးတွေနှင့် ပတ်သက်လျှင် အေးဆေးငြိမ်သက်သော လုံးဝရှော့မရှိသော ခိုင်တို့တွေတောင် –

"ကင်းပုံစံက မင်းသားကျနေတာပဲနော်"

"အစောန မျက်မှန်ချွတ်ပုံက စိုးသူကျနေတာပဲ။ ငါသာ ကင်မရာပါလို့ကတော့ အဲဒီပုံကို ဓာတ်ပုံရိုက်ထားပါတယ်"

လို့ စံပယ်အေးကပြောတော့ မင်းကျော်က မနာလို မရှုစိမ့် ဟန်နှင့် လူသုံးယောက်ကျော်နေတာကိုတောင် –

"အဲဒါ အရေပြားတစ်ထောက်စာပဲ စံပယ်ရဲ့။ တကယ်တော့ လှတယ် ချောတယ်ဆိုတာ တပ်မက်မှုပါ"

"ဩော် ... ကိုမင်းကျော်ရယ် အဲဒီလောက်တောင် တရား ပေါက်နေရင်လည်း စစ်ကိုင်းချောင်သွားပါလား။ ဘယ့်နှယ် ဒီမှာ လာပြောနေရတာလဲ"

လို့ပြောလိုက်တော့မှ မင်းကျော် ပါးစပ်ပိတ်သွားသည်။ ခိုင် ထက်နှင့် ဇင်မင်းထွန်းက ခိုးရယ်တော့ ဘာရယ်တာလဲဆိုပြီး ပတ်ယမ်း လိုက်သေးသည်။

အခုကျတော့ မူဆယ် တစ်ရာ့ငါးမိုင်မှာ ရှောင်တခင် ဝင် ရောက်စစ်ဆေးသဖြင့် လူကုန်ကူးသူအမျိုးသားနှင့် အမျိုးသမီး ၃ အပြင် လိုက်ပါလာသော ရွာသူရွာသားတို့ကို ဖမ်းမိလိုက်သည်။





ရဲတွေက လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကြသည်။

"ရဲအုပ်လုပ်တဲ့အစ်ကိုကြီးက ဂုဏ်ထူးတန်းကနော်။ ကြည့် ဝမ်း၊ အဲဒီအစ်ကိုကြီးက ရဲဝတ်စုံနဲ့လိုက်လိုက်တာ"

ဟု အချို့က တီးတိုးပြောကြသည်။

တရားသူကြီး၊ အစိုးရရှေ့နေ၊ တရားခံအချို့ ရဲ့ရှေ့နေကတော့ တကယ့်တရားရုံးက ရှေ့နေတွေက ဝင်ရောက် သရုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။

အမှုစီရင်ပုံက နောက်ပိုင်းတွင် ပို၍ကြည့်ကောင်းလာသည်။ တရားခံတွေရဲ့ ရှေ့နေတွေက ချက်ကျလက်ကျ စေ့စပ်သေချာစွာ မေးမြန်း၊ လျှောက်လဲချက်ပေးပုံ၊ အစိုးရရှေ့နေက ပြန်လည်မေးခွန်း ထုတ်ပုံများမှာ တော်တော် ပညာသားပါသည်။

ဒါ့အပြင် မေးမြန်းချက်များကို ဖြေကြားသည့်အခါတွင် တရားလိုကနေ တရားခံမဖြစ်သွားစေရေးအတွက်လည်း သေချာစွာ ဖြေရပါသည်။

"မဟုတ်ဘူး မဟုတ်လား"

ဆိုသည့် မေးခွန်းကိုမေးမှ ကြောက်စရာကောင်းလှပါသည်။ ထိုသို့မေးလျှင် ရှေ့နေက သူလိုချင်သည့်အဖြေသို့ ရောက်အောင် သိမသာ ဆွဲခေါ်သွားခြင်း ဖြစ်ပါသည်။

တရားခံများကလည်း ဖြေသည့်အခါ ရှည်ရှည်ဝေးဝေး ရှင်းပြစရာမလိုပါ။ ဟုတ်လျှင် ဟုတ်ကြောင်း၊ မှန်လျှင်မှန်ကြောင်း

ဖြေရုံသာ။ ဥပမာ ရှေ့နေတစ်ယောက်က ...

"ဤအမှုတွင် မပါဝင်ပတ်သက်ခြင်း မရှိဆိုသည်မှာ မှန်ပါ သလား"

"မှန်ပါတယ်"

ဟု တိုတိုတုတ်တုတ် ဖြေကြားရပါသည်။ ဒါ့အပြင် တရားလို ရဲ့ရှေ့နေကပဲဖြစ်ဖြစ်၊ တရားခံရဲ့ရှေ့နေကပဲဖြစ်ဖြစ် အမှုနှင့်မသက်ဆိုင် သည့် မေးခွန်းမျိုးဖြစ်စေ၊ အဖြေကို လမ်းကြောင်းပေးနေသည့် မေးခွန်းများကိုဖြစ်စေ ဒါမှမဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် မေးခွန်းမျိုးမေးလျှင် ဖြစ်စေ –

"ကန့်ကွက်ပါတယ်"

ဟု ရှေ့နေက ထပြောလျှင် တရားသူကြီးက ကန့်ကွက်မှုကို လက်ခံကြောင်း အသိအမှတ်ပြုပြီး မေးခွန်းကို ပြန်လည်ပြင်ဆင် မေးမြန်းစေပါသည်။

နောက်တော့ အမှုကို ရက်ချိန်းပြောင်းကာ သက်သေထွက် ဆိုချက်များ ကွဲလွဲမှု လုံးဝမရှိသည့် နောက်ဆုံးအကြိမ်မှ တရားသူကြီး က ဘယ်နေ့ဘယ်ရက်မှာ အမှုစီရင်ချက်ချမည်ဟုပြောပြီး အမှုစီရင် ချက်ချသည့်အခါမှာ စစချင်းမှုစီရင်သည့်နေ့ အကြောင်းကာစပြီး နောက် ပိုင်း အကြောင်းအရာများကို အတိုချုံ့ပြောကာ စီရင်ချက်ချခြင်း ဖြစ် သည်။

"ငါတို့အတွက် တကယ်ပညာရတယ်ဟေ့"





ခန်းမထဲက ထွက်တဲ့ ကျောင်းသူကျောင်းသားအားလုံးက ဟင်းမှထွက်သော စကားတွေကတော့ ဝမ်းသာအားရပါပဲ။

နိုင်တို့က ဇင်မင်းထွန်းတို့ဝယ်သော လက်မှတ်တွေစုပြီး ဒံပေါက်ဘူးနှင့် အချိုရည်တွေ သွားထုတ်ပါသည်။ အားလုံးကို ခွဲဝေ ကိုင်ပြီး လူရှင်းတိတ်ဆိတ်သည့် သစ်ပင်အောက်မှာ စုထိုင်ကာ အားလုံး အားရပါးရ စားကြပါသည်။

"မိလေးတော့ စင်ပေါ်သာ တက်လိုက်ရတယ်၊ ဘာစကားမှ သည်း မပြောလိုက်ရပါလား"

"ဟန်ပြမယ်ပါဆိုနေမှ ဘာပြောစရာလိုလို့လဲ"

စိုးထက်ရဲ့စကားကို မကျေနပ်စွာ မိမိလေးက ဘုနှင့်ဘောက် ပြောလေသည်။ မအိက ကြက်သားတုံးကို အားရပါးရ ကိုက်တော့ လိုပြင်ပြီးမှ –

"မိလေးက စင်ပေါ်မတက်ချင်ဘူး ကိုစိုးထက်ရဲ့။ အိတို့က အတင်းတက်ခိုင်းလို့ မကျေနပ်တာလေ"

ဟု ဖောက်သည်ချပြီး ကြက်သားကို အားရပါးရ ကိုက်စား လေသည်။ နိုင်က ဒံပေါက်ကို ခပ်စားပြီး ကြက်သားကို ဖွန်းနှင့်ဖိတော့ ဖွန်းက ကော်ဖွန်းဖြစ်နေသဖြင့် ဖဲ့ရွဲ့၍မရချေ။

"ဒီဖွန်းကလည်း ငါလုပ်လိုက်ရသေတော့မယ်"

လို့ နိုင် ကြိမ်းမောင်းပုံကို ဇင်မင်းထွန်းက သဘောကျစွာ ရယ်ပြီး –

"လက်နဲ့ဖွဲ့စားလေ နိုင်ရဲ့။ ဒီလူ ဒီလူတွေပဲရှိတာ ဘယ်သူ့ကိုမှ အားနာစရာ၊ မျက်နှာပူစရာမှမရှိဘဲ"

"လက်နဲ့ဖွဲ့စားရတာကို နိုင်က မရှက်ပါဘူး။ အဲဒီကြက်သားမှာ ကပ်နေမယ့် မဆလာနံ့ စွဲမှာစိုးလို့"

"အမယ်လေး ကိုယ့်ပါးစပ်ထဲ ထည့်မယ့်ဟာကိုပဲ ... ပေးပေး"

မဒီက စိတ်မရှည်သလို ပြောပေမယ့် နိုင် ဒံပေါက်ဘူးထဲက ကြက်သားတုံးကိုယူသွားပြီး အသားလေးတွေ ဖွဲ့ပေး ခွာပေးကာ ဒံပေါက်ပေါ်မှာ ပုံပေးလေသည်။

ယောကျ်ားလေးတွေကတော့ ကြက်သားတုံးတွေကို လက်နှင့်ဆုပ်ကိုင်ကာ အားရပါးရစားပြသည်။ စားလည်းစားချင်သည်၊ အနံ့စွဲမှာလည်းကြောက်သည့်နိုင်၊ စံပယ်အေးနှင့် မိမိလေးက မဒီဖွဲ့ပေးသည့် ကြက်သားတွေကိုသာ လှလှပပစားပြလေသည်။

"ဒါနဲ့ စားပြီးရင် ခင်ဗျားတို့မှာ ဘာအစီအစဉ်ရှိသလဲ"

မင်းကျော်က အဆုံးသတ် ကြက်ရိုးကိုကိုက်ပြီး မေးလေသည်။ ပြီးတော့ ရှေ့မှာ ချထားသည့် တစ်ရှူးနှင့် လက်ကို ပြောင်စင်အောင်သုတ်ပြီး အအေးသောက်ပြီး အေးအေးဆေးဆေး မေးလေသည်။

ဒံပေါက် အားလုံးစားပြီးကြပြီမို့ –

"ဘာအစီအစဉ် ရှိရမှာလဲ ကိုမင်းကျော်ရဲ့။ ထုံးစံအတိုင်းပဲ





အတန်းလည်း ရှိမှမရှိတာ။ အဆောင်ပြန်မယ့်သူက အဆောင်ပြန်မယ်၊ အိမ်ပြန်မယ့်သူက အိမ်ပြန်မယ်။ ဒါပဲလေ ဘာအစီအစဉ်ရှိရမှာလဲ"

"ဪ ... ဒီနေ့ကတော့ တခြားနေ့နဲ့ မတူဘူးလေ။ ရက်ထူး ရက်မြတ်ဆိုတော့ အမှတ်တရဖြစ်အောင် တစ်နေရာရာသွားလည်ကြရင် မကောင်းဘူးလားလို့"

"သွားမယ်ဆိုရင်တော့ နိုင်လိုက်ဖြစ်မယ်မထင်ဘူးနော်၊ နိုင်သွားစရာရှိသေးလို့"

"အမယ်လေး နိုင်ရယ် ... ငါတို့ကလည်း သွားလည်မယ်လို့ ပြောမိလို့လား။ နင်ကလည်း ခွဲခြား, ခွဲခြားနဲ့"

သုံးယောက်သား စိတ်ကူးနှင့်ရှုံးခဲ့ရသမျှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကာ အသံတိတ်ဖြင့် –

"ဒီနေ့ တွတ်ပီကံမကောင်းပါလား" ဟု ရေရွတ်မိလိုက်သည်။

❀

# အခန်း (၂၂)

ဈေးချိုထဲက ထွက်လိုက်စဉ် နေက အတော်ကိုပူနေကြောင်း သက်သေပြနေလေရဲ့။

တော်သေးတာပေါ့။ မေမေက ထမင်းလာပို့နိုင်းလို့ မျက်နှာတွင် သနပ်ခါးထူထူကြီးလိမ်းခဲ့ပေလို့။ မဟုတ်လို့ကတော့ ယခုတလော တီဗီမှာကြေညာနေတဲ့ ခရမ်းလွန်ရောင်ခြည်သင့်ပြီး အသားရေတွေ ပျက်စီးလိုက်မည့်ဖြစ်ခြင်း။

သက်လင်းရှိလျှင်တော့ နေပူထဲသွားလျှင် ထီး သို့မဟုတ် ဦးထုပ်ဆောင်း။ မျက်နှာမှာ နေလောင်ခံခရင်တွေလိမ်း၊ အကျီလက်ရှည်တွေဝတ်ဟု မိန်းမတစ်ယောက်လို တတွတ်တွတ်မှာပေလိမ့်မည်။

ကျောင်းပိတ်တော့ နိုင်တစ်ယောက်တည်း အတော်ကို ပျင်း ကျန်နေခဲ့ရသည်။ *မန္တလေးကနေ ကျောင်းတက်တာဆိုလို့ နိုင်နှင့် မိမိလေးသာရှိပြီး စံပယ်အေးနှင့် မအိတို့ကတော့ အခြားမြို့ကနေ





သာတက်ခြင်း ဖြစ်သည်။ ကျောင်းနှစ်လပိတ်ထားတော့ သူတို့က နေရပ်ကို ပြန်သွားကြသည်။

မိမိလေးကျတော့ သူ့အဒေါ်တွေနှင့် ဘုရားဖူးလိုက်သွားသည်။ နိုင့်ကိုတော့ လိုက်ဖို့ခေါ်သာ။ သူတို့အမျိုးတွေနဲ့တင် ကားက ပြည့်နေပြီမို့ နိုင်က မလိုက်သွားခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သက်လင်းနှင့် စကားပြောဖော်ရှိသေးတယ်ဟု တွေးထားသမျှကလည်း –

"ဒါတို့ ကျောင်းပိတ်ရက်အတွင်း community ဆင်းရမှာ တဲ့"

သက်လင်းတို့ စာမေးပွဲဖြေပြီး ခရီးထွက်သွားတော့ နိုင် တစ်ယောက်တည်း ပျင်း၍ ကျန်ခဲ့ရတော့သည်။

နေပူထဲသို့ မထွက်မီ ထီးကိုဖွင့်လိုက်သည်။ ခါတိုင်း ဟိုနား ဒီနားသွားတာကအစ စက်ဘီးယူသွားတတ်သော်လည်း ဒီနေ့တော့ နေ အရမ်းပူလွန်းသဖြင့် စက်ဘီးမနင်းချင်သောကြောင့် လမ်းလျှောက် သာခြင်းဖြစ်သည်။

"ထမင်းတော့ စားလာခဲ့ပြီး သား။ ဘာစားရရင်ကောင်းမလဲ"

ပျင်းနေရင်းကနေ စားချင်တာလိုလို၊ ဆာနေသလိုလို ဖြစ် သာ စားသောက်စရာ ရောင်းသည့် ဈေးတန်းဘက် လှမ်းကြည့်လိုက် သည်။

"မုန့်စိမ်းပေါင်း စားရရင်ကောင်းမယ်"

ကိုယ့်တာသာ တစ်ယောက်တည်း ပြော၊ တစ်ယောက်တည်း ယောက်ခံနေသမျှ ခြေလှမ်းတို့က မှန့်ဆိုင်တန်းဘက်သို့ အော်တိုမတ်တစ် လှမ်းချိုးသွား ဖြစ်သွားသည်။

"နိုင်"

"အမယ်လေး"

လက်ကို နောက်နေ စာစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သဖြင့် ထိတ်လန့်သွားရင်း နောက်ဒေါသဖြစ်သွားရင်းနှင့် လှည့်ကြည့်လိုက်သည်။

"ဩော်"

မြင်လိုက်ရသည်ကြောင့် ဩော်ဟု ရေရွတ်ပြီး ခေါင်းကိုင့်သွားပြီး သူ ဆုပ်ကိုင်ထားသော လက်ဆီ အကြည့်ပို့လိုက်ကာ သူ့ကို ခပ်တည်တည် ပြန်မော့ကြည့်လိုက်သည်။

"ဆောရီးဗျာ ... ကျွန်တော်က နိုင့်ကို လှမ်းတွေ့လိုက်တာ အော်ခေါ်မလို့ပဲ မကြားမှာစိုးလို့"

သူက ဆုပ်ကိုင်ထားသည့်လက်ကို လွှတ်ပေးရင်း ဖြေရှင်းချက်ထုတ်လေသည်။ နိုင်ကတော့ သူ ဆုပ်ကိုင်လိုက်သည့် လက်ကနေ ဓာတ်လိုက်သလို ကျဉ်ရှသွားခြင်းကို ခံစားရပါသည်။ ခါတိုင်းလွှတ်လွှတ်လပ်လပ်၊ ရဲရဲဝံ့ဝံ့ ပြောနိုင်ခဲ့သမျှ ယခုတော့ ဆွံ့အသွားသည်။

"ဒါနဲ့ နိုင် ဘယ်ကိုလာတာလဲ၊ ဈေးထဲလာတာလား"





သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသော အထုပ်အပိုးတွေဆီ အကြည့်ရောက်သွားပြီးမှ –

"ဟုတ်တယ် ... နိုင့်မေမေရဲ့ဆိုင်ရှိတယ်လေ။ မေမေ့ကို သမင်းလာပို့တာ။ အဲဒါ ပျင်းနေလို့ တစ်ခုခုစားချင်စိတ်ပေါက်နေတာ။ ဩော် ... မုန့်စိမ်းပေါင်းသွားဝယ်မလို့ဟာ နေဦးနော်"

သူ့ကိုပြောပြီး မုန့်စိမ်းပေါင်းသည်နားဆီ ခပ်သွက်သွက် လျှောက်လာစဉ် သူကလည်း နောက်မှ ပါလာခဲ့သည်။

"အချိန်ရတယ်ဆိုရင် နိုင့်ကို အအေးတိုက်ချင်တယ်။ နေကလည်း ပူပူနဲ့ အအေးသောက်ရရင် သိပ်ကောင်းမှာ လိုက်ခဲ့ပါလား"

သူကလည်း ဈေးလည်ပြီးပြန်ဆင်းလာကာ စားသောက်ဖို့ တစ်ယောက်တည်းမို့ ပျင်းနေပုံနှင့် အဖော်စပ်တော့ နိုင့်အတွက် ဒီကေသွားသည်။

ဒီကလည်း အိမ်ပြန်တော့ ဘာမှ လုပ်စရာမရှိ။ ကျောင်းကလည်း ပိတ်နေတော့ ပျင်းနေတာနှင့် အတော်ဖြစ်သွားသည်။

"သွားလေ"

ဟုပြောပြီး နေပူထဲထွက်လာသည်။ ဒီတော့မှ သူ့မှာ ထီးမပါ း သတိထားမိတော့သည်။ ကိုယ်ဆောင်းနေသော ထီးကို မော့ကြည့်လိုက်သည်။ မိုးရွာနေတာ မဟုတ်၍ နှစ်ယောက်ဆောင်းလျှင်တော့ ခေါင်းလုံနိုင်ပါသည်။

သို့သော် သူက ကိုယ်နှင့်သက်လင်းလို ငယ်ပေါင်းကြီးဖော်

ပမာ ရင်းနှီးနေသူမဟုတ်ပေ။ နှစ်ယောက်သား ထီးအတူဆောင်း၍ မသင့်တော်သလို ကိုယ်တစ်ယောက်တည်း မျက်နှာပြောင်တိုက် ထီးဆောင်းဖို့ကျတော့လည်း နိုင် ကိုယ့်အတွေးနှင့်ကိုယ် ထီးကို ပိတ်ပစ်လိုက်သည်။

"နေပူနေတာကို ထီးပိတ်ပစ်လိုက်တယ်။ ဘာဖြစ်လို့လဲ နိုင်"

"ဪ . . . နိုင်တစ်ယောက်တည်း ထီးဆောင်းနေပြီး ရှင်ကတော့ နေပူထဲမှာ လမ်းလျှောက်နေရတာ ဘယ်တရားမလဲရှင်"

"နိုင်ရယ်"

ဖင်မင်းထွန်း ကိုယ့်ဘာသာ အဓိပ္ပာယ်ကောက်ပစ်ကာ ကျေနပ်လိုက်သည်။ ဒါက အနာဂတ်မှာ ဖြစ်တည်လာမယ့် 'အေးအတူ ပူအမျှ' သဘောတရားကို ဦးတည်နေတာဟုတွေးပြီး ပီတိဖြစ်နေမိသည်။

သို့သော် ထိုသို့ ပြောလိုက်သည့် စကားလေးတစ်ခွန်းနှင့်တင် နေပူနေသည်ဟု မထင်ဘဲ လေအေးလေးတွေ တိုက်ခတ်နေတယ်ဟု မှတ်ထင်ကာ . . .

"ကျွန်တော်က ယောကျ်ားလေးပါ။ ဒီလောက် နေပူတာလောက်ကတော့ အေးဆေးပါ။ နိုင်က မိန်းကလေး၊ တော်ကြာ အပူရှပ်တာ ခေါင်းကိုက်တာတွေ ဖြစ်နေပါဦးမယ်၊ ပြန်ဆောင်းထားလိုက်ပါ"

သူ့စကားကို နိုင်က အပြုံးနှင့် တုံ့ပြန်ပြီး ဘာမှမပြောချေ။





ချေ့တွင် အအေးဆိုင်ကလည်း မြင်နေရပြီမို့ ဆက်မပြောဖြစ်ကြတော့ချေ။ ဤဆိုင်တွင် လက်ဖျော် သစ်သီးဖျော်ရည်တွေပဲ ရောင်းတာမို့ နိုင်က လာသောက်နေကျပါ။

နိုင်က စတော်ဘယ်ရီသီးဖျော်ရည်နှင့် သူက နာနတ်သီးဖျော်ရည်မှာလေသည်။

ဆိုင်ထဲမှာ အဲကွန်းတပ်ထားတာမို့ နေပူထဲကဝင်ဝင်ချင်း အေးမြသွားသလို ခံစားလိုက်ရသည်။ နိုင်က ရှေ့မှာချထားသော ဘစ်ရှူးဘူးထဲမှ တစ်ရှူးကို လိုသလောက်ဖြတ်ယူပြီး ချွေးတွေကို ဘိုတို့ ဒီတို့ဖြင့် သုတ်လိုက်သည်။

သူက ဘာစကားမှမပြောဘဲ နိုင့်ကိုပဲ ကြည့်နေသဖြင့် မနေဘတ် မထိုင်တတ် ဖြစ်သွားသည်။ ထူးဆန်းလေစွ။ သက်လင်းနှင့် ဟိုသွား ဒီသွား ဘယ်သွားသွား အတူတူရှိနေခဲ့ဖူးတာတောင် ဒီလို အနေခက်ရတာမျိုး ရှိုးတိုးရှန့်တန့် ဖြစ်ရတာမျိုး မရှိခဲ့ဖူးပါ။ ယခုကျမှ သူနှင့် အကြည့်ချင်းဆုံရမှာ ကြောက်သလိုလို ခံစားနေရသည်။

တိတ်ဆိတ်နေသည့် အခြေအနေတစ်ခုကို ကြောက်လည်း ကြောက်၊ ကြိုက်လည်း မကြိုက်သဖြင့် –

"ရှင်က မန္တလေးကတော့ မဟုတ်ပါဘူး။ ကျောင်းပိတ်တာ အိမ်မပြန်ဘူးလား။ ဒါနဲ့ ကိုမင်းကျော်တို့ကော ပြန်သလား"

"ဪ . . . ဟုတ်ကဲ့၊ မင်းကျော်နဲ့စိုးထက်ကတော့ ပြန်ကြပါတယ်။ ကျွန်တော်က ဒီမြို့သားမဟုတ်ပေမယ့် ဒီမြို့သားလုပ်ရင်

ကောင်းမလားလို့"

"အောင်မယ် ... မန္တလေးသူတွေကို ဟင်းရွက်ကန်စွန်းရွက် များ မှတ်နေသလား"

"အဲဒီလိုတော့ မပြောပါဘူးဗျ။ ကျွန်တော်က ကျွန်တော့် ကျွန်တော်လို့ပြောတဲ့ မန္တလေးသူတွေကို သဘောကျတယ်။ ဒါနဲ့ နိုင်က မန္တလေးသူလို့သာဆိုတယ် ကျွန်တော်လို့ မပြောဘူးနော်"

နိုင်က ဇင်မင်းထွန်းကို အလာကြီးပါလားပုံစံနှင့် ကြည့်ကာ အတွင်းစိတ်ကနေ ကျိတ်ရယ်လိုက်သည်။ တော်တော် စကားပြော တတ်တဲ့လူပဲဟု၍လည်း စိတ်ထဲကနေ ချီးကျူးလိုက်ပါသည်။

"အဲဒါက အလေ့အထနဲ့ ဆိုင်မယ်ထင်တယ်။ နိုင့်မေမေ ကိုယ်တိုင်က ရွှေခြေကျင်းဝတ်တဲ့ မန္တလေးသူစစ်စစ်ပါ။ နိုင့်ဖေဖေက သာ ရန်ကုန်သား"

"ဟ ... စိတ်ဝင်စားစရာပါလား။ ရန်ကုန်သားနဲ့မန္တလေးသူ ဇာတ်လမ်းပေါ့။ အဲ ... ကျွန်တော်ကလည်း ရန်ကုန်သားစစ်စစ်များ ဟဲ ဟဲ ... နိုင်လည်း မန္တလာသူစစ်စစ်ဆိုတော့"

"အံမယ် ... ကိုယ့်ဘက်ကိုယ်ယက်တဲ့လိပ်ပဲ။ နိုင်က မန္တလေးသူပေမယ့် ရန်ကုန်သားတော့ စိတ်ကူးနဲ့တောင် စိတ်မဝင်စား ဘူး သိလား။ ရန်ကုန်သားတွေက သစ္စာမရှိဘူး။ အကြင်နာတရား ခေါင်းပါးတယ်။ ကိုယ့်ဖို့ပဲကိုယ်သိတယ်"

"ပေါဗျာ၊ အဲဒီလိုတော့ တစ်ဖက်စောင်းနင်း မပြောနဲ့လေ





ဗျ။ ရန်ကုန်သားတွေက သစ္စာမရှိတာ၊ အကြင်နာတရား ခေါင်းပါး တာ မဟုတ်ပါဘူး။ အဓိက,က လူနဲ့ပဲဆိုင်တာပါ"

"ဟင့်အင်း ... နိုင်ကတော့မသိဘူး။ နိုင်သိတာတော့ ရန်ကုန် သားဆိုရင် စိတ်ကူးကို ယဉ်လို့မရတာ"

ဘယ်တုန်းက ဒီလောက်ထိ ပွင့်လင်းသွားကြတာပါလိမ့်။ ကျောင်းမှာတုန်းကတော့ မပွင့်တစ်ပွင့် ပြုံးပြ၊ စကားပြောရုံလောက် သာ ရှိခဲ့ပြီး ယခုကျတော့ ကိုယ့်အတွင်းရေး စိတ်ခံစားချက်တွေကို တောင် ဖွင့်ပြောမိလိုက်ပါရောလား။

ရန်ကုန်သားရဲ့အကြည့်တွေ အပြောတွေကို သတိထားမိလို့ ကြိုတင်ကာကွယ်တဲ့အနေနှင့် ဘုကလန့်ပြောလိုက်တာတော့ မဟုတ်ပါ။

ရန်ကုန်သားစစ်စစ်ဖြစ်သော ဖေဖေ့ကိုကြည့်ပြီး နိုင် ရန်ကုန် သားတွေကို တကယ်ကြောက်သွားတာပါ။ သူပြောသလို သူနဲ့ ဆိုင် ဘယ်လို ဘယ်လိုပဲပြောပြော နိုင်က တစ်ယူသန်တဲ့သူဆိုတော့ အမှန် တရားကို လျစ်လျူရှုထားမိလိုက်ပါသည်။

"နိုင့်အယူအဆကလည်း တစ်မျိုးပဲနော်။ ဒေသစွဲမှန်းတီးနေ တာနဲ့ပဲ စိတ်ခံစားချက်ကို လျစ်လျူရှုထားတော့တာပဲ"

"ဩော် ... လူဆိုတာ ကိုယ့်ယူဆချက်နဲ့ကိုယ် မှန်နေတာပဲ မဟုတ်လား ကိုဇင်မင်းထွန်းရဲ့။ နိုင်ကတော့ နိုင့်ခံယူချက်ကို မှန်တယ် လို့ လက်ခံတယ်"

"ဟုတ်ပါပြီ ... လက်ခံတာလည်း လက်ခံပါ။ အအေးလေး

သောက်လိုက်ပါဦး။ အအေးတွေ ပူသွားပါဦးမယ်''

ယူဆချက်မတူလျှင် ထတောင်သတ်နိုင်တာမို့ သူက စကားလမ်းကြောင်းလွှဲသည့်အနေနှင့် နိုင့်ကို အအေးသောက်ဖို့ ပြောလေသည်။

နိုင်က ရှေ့နေလောင်းလျာမို့ ငြင်းခုန်ရတာ ဝါသနာပါသလို သူကကျတော့ သည်းခံစိတ်ရှိသူမို့လားမသိ ငြင်းခုန်နေသူ စိတ်ချမ်းသာအောင် မှန်မှန်မှားမှား လျှော့ပေးလေသည်။

ထိုအခါ ငြင်းခုန်နေသူမှာ ရှုံး၍ သည်းခံနေသူမှာ အနိုင်ရသွားသည်ဆိုတဲ့ အဆိုကမှန်သလို ရှိသွားသည်။

ကျောင်းမှာခင်ခဲ့တာထက် ယခုကျတော့ ပို၍ ပွင့်လင်းကာ တစ်ယောက်အကြောင်းတစ်ယောက် စိတ်သိမိသလိုလို ရှိသွားလေသည်။ ကျောင်းမှာ သူဟာ မင်းသားလို ချောပေမယ့် မိန်းကလေးတွေနဲ့ ရောလား ထွေးလားမရှိ။ အေးအေးဆေးဆေးနှင့် ကျောင်းစာအားကစားဘက်တွင်သာ စိတ်နှစ်ထားသဖြင့် မိန်းမနှင့်ပတ်သက်သည့် သူ့ရဲ့ကိုယ်ကျင့်တရားက လေးစားစရာကောင်းနေတာတော့အမှန်။

❀



# အခန်း (၂၃)

''ဟိတ်ကောင် ... ဒါနဲ့တော့ မရဘူးနော်''

''ဒါကြောင့် ကျောင်းပိတ်လို့ ငါတို့က အချိန်တန် အိမ်ပြန်တာ။ ဒီကောင်က ဒီလိုအကွက်တွေထွင်ပြီး အိမ်မပြန်တာကိုးကွ''

''ညော် ... လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်ဘက် နေ့ရတယ်ဆိုသလိုပေါ့ကွာ''

''ဘာဆိုင်လို့လဲ ... ဒါလား တောင်တက်နေ့တဲ့ပလောင်။ ဘက်သွက်လိုက်တာမှ လူပျိုလက် ဝက်ခြံဆိုသလို''

''ဘာတွေလျှောက်ပြောနေတာလဲ။ ငါတို့က အရင်ထက်ပိုဆင်းနိုးလာတာ မှန်တယ်။ ဒါပေမဲ့ မင်းတို့ထင်နေတဲ့ အခြေအနေထိ မရောက်သေးဘူးကွ''

စကားကို တောင်မြောက်လျှောက်ပြောနေသဖြင့် သူ ခေါင်းအုံးနှင့် စိုးထက်ကိုလှမ်းပေါက်ကာ ပြောလိုက်ခြင်းဖြစ်သည်။

စိုးထက်နှင့် မင်းကျော်မှာ ခရီးရောက်မဆိုက် သူပြောလိုက်သည့် စကားအတွက် ဝမ်းသာသွားရသလိုနှင့် နောက်ဆုံး မနာလိုနိုင်သလို တစ်ယောက်တစ်ပေါက် အပြစ်တင်နေကြသည်။

သူတို့မှာပါလာသည့် အဝတ်ထုပ်တွေ၊ အစားအသောက်တွေကိုတောင် ထုတ်ဖို့သတိမရသေး။ ရောက်ရောက်ခြင်း သူ့ရဲ့ခုတင်ပေါ်မှာ လှဲပြီး သူပြောသမျှစကားတို့ကို နားထောင်ပေးနေခြင်း ဖြစ်သည်။

သူတို့ပြောသလို ဒီတစ်ခေါက် ကျောင်းပိတ်ရက် အိမ်မပြန်တာ မှန်သလိုရှိသွားသည်။ နိုင်နှင့် သူ့ရဲ့အခြေအနေမှာ ဒုတိယတသင်နှစ်ကလို မပွင့်တစ်ပွင့်ပုံစံ မဟုတ်တော့တဲ ရန်ကုန်စကားနှင့် ပြောရလျှင် –

''တိုးတက်နေပြီ ဘတ်စ်ကားပေါ်'' ဖြစ်နေလေသည်။

တစ်ယောက်အိပ်ခုတင်ပေါ် သုံးယောက်လှဲအိပ်လို့မရတာကို အတင်း မရရအောင် ဝင်တိုးနေသဖြင့် –

''ဟိတ်ကောင်တွေ ... ထထိုင်ရင်ထိုင်ကွာ။ မင်းတို့ ကိုယ်တွေက ပူလိုက်တာ။ မီးခဲကပ်ထားတဲ့အတိုင်းပဲ ... ရှီး''

''အံမယ် ... ငါတို့ကိုယ်က ပူတယ်၊ ဟုတ်တာပေါ့၊ အေးတော့ မင်းက ဒီစကားပြောမှာပေါ့။ နိုင်နဲ့ကျတော့''

''မင်းကျော် ... အဲဒီလိုမပြောနဲ့၊ ငါနဲ့နိုင်က မင်းတို့ထင်သလို အဆင့်မရောက်သေးဘူးကွ''

''ဟေ''





''ဒါ ... တကယ်လား''

သူ့ကို အထင်ကြီးစွာ နိုင်နှင့်ကိစ္စကိုပဲ ထပ်တလဲလဲ ပြောနေသဖြင့် သူ ဟန့်တားနေရသည်။ ဒီတော့မှ ဒီကောင်တွေရဲ့ပုံစံက ယုံတယ်မျက်နှာထားနှင့် မေးလေသည်။

''တကယ် နှစ်ကယ် သုံးကယ်ကွာ''

''ဒါဆို မင်းက နိုင့်ကို ဖွင့်မပြောရသေးဘူးပေါ့''

''မင်းနဲ့နိုင်က ချစ်သူတွေ မဖြစ်ကြသေးဘူးပေါ့''

နှစ်ယောက်စလုံးရဲ့အမေးကို သူ တူညီသောအဖြေတစ်ခုဖြစ်သည့် ခေါင်းညိတ်ခြင်းနှင့် ထောက်ခံလိုက်သည်။ တကယ်ပဲ နိုင့်ကို သူ ဖွင့်ပြောဖို့ အကြိမ်ကြိမ် စဉ်းစားဖူးခဲ့သော်လည်း၊ အခွင့်အရေးယူတယ်ဟု ပြောခံရမှာ ကြောက်၍ ဟိုတွေ ဒီတွေ စဉ်းစားရင်း သခု ကျောင်းတော်ပြန်ဖွင့်ခဲ့ပြီ။

''ဟ ... ဟာ ဘာလုပ်ကြတာလဲကွ၊ အဲဒါ ဘာလုပ်ကြတာ

စိုးထက်က သူလှမ်းပေါက်လိုက်သော ခေါင်းအုံးနှင့် တမုန်းမြည်အောင် ရိုက်နေသလို မင်းကျော်ကလည်း လည်ပင်းကို ညှစ်နေသဖြင့် သူ အတင်းရုန်းရင်း ဖယ်ရင်း မေးလိုက်ခြင်း သည်။

ဒီကောင်တွေက ဘာစိတ်ရူးပေါက်သွားသလဲဆိုတာကို နားလည်နိုင်အောင်ရှိနေရင်း –

"ဟိတ်ကောင်တွေ ... တော်တော့နော်။ ငါနာလာရင် မင်းတို့နှစ်ကောင်လုံးကို ပိတ်ထိုးမိတော့မယ်။ ဘာတွေ ရှူးနေတာလဲ"

"ရှူးနေတာက ငါတို့မဟုတ်ဘူး။ မင်း မင်း ရှူးနေတာ"

"ငါးကြော်မကြိုက် ကြောင်မိုက်ဆိုတာ မင်းပဲ"

"ဟ ... ဘာလိုင်းကြီးပါလား"

နှစ်ကောင်သား သူ့ကို အစိမ့်တော့မည့်ဟန်နှင့် ကြိမ်းမောင်းနေကြသည်။

"ဒီကောင် ခုထက်ထိ ကိုယ့်အပြစ်ကို မသိသေးဘူး" ဆိုသည့်ဟန်နှင့် ကြည့်နေကြကာ မင်းကျော်က စားပွဲပေါ်မှာတင်ထားသည့် ဆေးလိပ်ကို မီးညှိကာ ခုတင်ခြေရင်းမှာ တင်ပျဉ်ခွေထိုင်ပြီး ဖွာရှိုက်နေသလို စိုးထက်က ခုတင်ပေါ်မှ ဆင်းလိုက်သည်။

"ငါတို့ကတော့ ငါတို့သူငယ်ချင်း လူပျိုလက် ဝက်မြီးဆိုပြီး ဂုဏ်ပြုတော့မလို့၊ မင်းကတော့ ပါးစပ်ထဲမှာရှိတဲ့ အသားတစ်ကို စားဖို့ စိတ်ကူးမရှိတဲ့ ကျီးကန်းကျနေတာ"

"ဟုတ်ပျိ၊ မင်းကို အထင်ကြီးနေတာလေ၊ အော့"

အနိုသလိုလုပ်ပြနေသော မင်းကျော်ရဲ့နှာရင်းကို ခပ်နာနာ အုပ်ပစ်ကာ –

"လူလိုနားလည်အောင် လူစကားပြောကွာ။ မင်းတို့ ဘာတွေ ပြောနေတာလဲ၊ ငါ လုံးဝ နားမလည်ဘူး"

"စိတ်ချ၊ လူတောင် ရိုးရိုးလူမဟုတ်ဘူး။ လူပြိန်းနားလည်း





အောင်ပြောမှာ။ ဘယ့်နှယ် နှစ်လကြီးတောင် အချိန်ရှိနေတာကို ညည်းစားဖြစ်ဖို့မပြောနဲ့ ချစ်ရေးဆိုဖို့တောင် မလုပ်သေးဘူးဆိုတော့ ဘာလဲ မင်းရဲ့စိတ်ကို သမာဓိ ကောင်း၊မကောင်း မှတ်ကျောက်အတင် ခံမလို့လား"

"မင်းပြောတဲ့အခြေအနေကလည်း မီးစိမ်းပြနေတဲ့ အခြေအနေ။ ဟော မင်းကကျတော့ မီးစိမ်းနေတာကို လမ်းမကူးဘဲ လမ်းသယ်ခေါင်မှာ ရပ်နေတာ ငါသာသစ္စာရှိုင်ဆို ဂုတ်ပိုးကို ကိုင်ဆောင့်ပြီး အင်္ဂလိပ်ပေါ် လွှတ်တင်လိုက်တယ်"

"မင်းက ငါ့ကို ... ဟဲ ဟဲ"

"အံမာ ... အဲဒါ လူကို လူပြောင်ချင်တာပေါ့။ ကဲကွာ ... မှတ်ပလား ကဲကွာ"

မင်းကျော်ရဲ့ဗလကိုကြည့်ပြီး သူက သဘောကျစွာ တဟားဟားရယ်နေစဉ် မင်းကျော်က စိတ်ဆိုး မာန်ဆိုးဟန်နှင့် သူ့လက်ဖဝါးပေါ် သူ့ရိုက်ပြီး မှတ်ပလား မှတ်ပလား မေးမေးရိုက်နေလေသည်။

"ကဲ ကဲ ... ပေါမနေကြနဲ့၊ ဒီမှာဇင်မင်း"

စိုးထက်က သူတို့ရယ်သလို လိုက်မရယ်ဘဲ စကားအတည်ပြောမလိုလိုနှင့် သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ မင်းကျော်က ခုတင်ခြေရင်းတိုင်ပေါ်မှာ တင်ထားသည့် ဆေးလိပ်ကို ပြာခြွေကာ ဖွာရှိုက်နေသည်။ သူက မျက်နှာတည်တည်နှင့် အလေးအနက်စကားပြောတော့မည့် စိုးထက်ရဲ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"မင်း နိုင့်ကို တကယ်ချစ်သလား"

"ချစ်တယ်ဆိုတာ တကယ်ချစ်တာ၊ အလကားချစ်တာရှိလို့လား စိုးထက်ရ။ ချစ်ခြင်းတရားဆိုတာ ခံစားချက်ကွ။ အတင်းလုပ်ယူ ဖန်တီးလို့မရဘူး"

"အလကားချစ်လို့ရတာပေါ့။ တချို့ ကျောင်းတက်တုန်း သွားလာလည်ပတ်ဖော်ရအောင် ချစ်သူရည်းစား ထားကြတယ်ကွ။ ကျောင်းတက်တုန်းတော့ ဘယ်သွားသွား အတူတူပဲပေါ့။ ဟော ကျောင်းလည်းပြီးရော တချို့က မိဘကသဘောတူတဲ့လူကို ယူပြီး ချစ်သွားနိုင်တယ်။ တချို့က လုပ်ငန်းခွင်မှာ ချစ်သူရည်းစားပြန်ရှာတယ်"

"တကယ်ချစ်တယ်ဆိုတာကကော"

"ဟ ... စိတ်နှလုံးနဲ့ရင်းပြီး တကယ်ချစ်နေမှတော့ ကိုယ့်ချစ်သူနဲ့ ဝေးရဖို့ ဘယ်သူစဉ်းစားမလဲ။ နှစ်ကိုယ်တူ တဲအိုပျက်မှာ နေရနေရဆိုပြီး အတူနေရဖို့ ကြိုးစားကြရမှာလေ"

"ငါ နိုင့်ကို တကယ်ချစ်တာပါ"

သူပြောတော့ နှစ်ယောက်သား တိုင်ပင်ထားခြင်းမရှိဘဲ မဲ့တွန့်လိုက်သည်။

"ချက်ချင်းကြီး ချစ်ကြိုက်စကားပြောရင် အထင်သေးသွားမှာ စိုးလို့ ဒီကျောင်းပြန်ဖွင့်မှ ပြောမယ်လို့ စဉ်းစားထားတာ။ ဒုတိယနှစ်ကတည်းကစပြီး ရင်းနှီးကြတယ်ဆိုပေမယ့် အဲဒီလောက်ကြီး





ရင်းနှီးကြတာမှ မဟုတ်တာ"

မင်းကျော်က ကြမ်းပြင်ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး အဝတ်အစားအိတ် ဇစ်ဖွင့်နေရာမှ မော့မကြည့်ဘဲ ...

"စဉ်းစား ... စဉ်းစား။ သူတို့အတွက် စာသင်နှစ်က သုံးနှစ်တောင်ကျန်သေးတယ်။ မင်းအတွက် ဒီနှစ်စာသင်နှစ်ဟာ နောက်ဆုံးနှစ်ဆိုတာလည်း မမေ့နဲ့ဦး ကိုယ့်လူ"

"အဲဒါအမှန်ပဲဟ၊ တော်သေးတယ် အီဖေကိုယ်တို့က စာမေးပွဲနောက်ဆုံးနေ့က အဖြေတောင်းခဲ့လို့။ တစ်ရက်နေ့ကျရင် မိမိလေးက ငါ့ကို အဖြေပေးမယ်တဲ့ ... ဟေး ဟေး"

"မင်းက ဝက်ပြီးအစစ် စိုးထက်"

စိုးထက် မိမိလေးကို ဖွင့်ပြောတာ သူတို့မသိလိုက်။ ယခု ဖွင့်ပြောမှသိရသဖြင့် မင်းကျော်က စိုးထက်ကို အမြင်ကတ်သည့် ဟန်နှင့် လှမ်းပြောတော့ စိုးထက်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကွေးအောင်ကနေသည်။

"မင်းအတွက် ဒီနှစ်စာသင်နှစ်က နောက်ဆုံးနှစ်ဆိုတဲ့ မင်းကျော်ရဲ့စကားက ဦးနှောက်ထဲ ဝင်ရောက်လာတဲ့အခါ စိတ်တွင်း ထိတ်လန့်သွားရသည်။ တွေ့ဆုံရမည့်အချိန်တွေက ခဏလေးပါလား ဆိုသည့် အသိနှင့် လူက ပူလောင်သွားခဲ့သည်။

ကျောင်းပြင်ပမှာလည်း တွေ့နိုင်ကြတယ်ဆိုပေမယ့် ကျောင်းမှာလိုတော့ အမြဲတမ်း တတွဲတွဲ တွေ့နေနိုင်တာမျိုး မဟုတ်ပေ။

"ငါ့ကိုတော့ပြောနေ၊ မင်းကကော စံပယ်အေးကို ဖွင့်ပြောပြီးပလား မင်းကျော်"

"ဒီနေ့ဟာ ဘာခေတ်လဲ စိုးထက်"

"အင်တာနက်ခေတ်လေ"

"ဒါပေါ့၊ ငါတို့က ကျောင်းဆိုက်ရက်အတွင်းမှာ လူသားမတွေ ဖြစ်ကြတာ အင်တာနက်ကနေ တစ်ချိန်လုံးဆုံနေကြတာ။ ငါက သူ့ကို အင်တာနက်ထဲကနေ အဖြေတောင်းသလို သူက ငါ့ကို အင်တာနက်ထဲကနေ အဖြေပြန်ပေးပြီးသား"

"ဟေ ... ငါ့ထက်တောင် တော်လှချည်လား ... ကဲ"

"အမယ်လေး"

"ဒီလောက် လက်သွက်ခြေသွက်နိုင်လို့ ဆုချီးမြှင့်တာ"

စိုးထက်က မင်းကျော်ကို ချီးကျူးနားသပ်စမွေးကို ဆွဲလိုက်ရာ မင်းကျော်မှာ အမေရေ အဘရေ တနေတော့သည်။

သူငယ်ချင်းနှစ်ယောက်၏ ပြေလည်နေသော အနေအထားကို မြင်ပြီး သူ မုဒိတာ ပွားမိပါသည်။

"'မင်းတို့နှစ်ယောက်စလုံး ပြေလည်နေတယ်ဆိုလို့ ငါ ဝမ်းသာပါတယ်၊ တကယ်ပါကွာ"

"ငါတို့လည်း မင်းကို အားမလိုအားမရဖြစ်လွန်းလို့ ပြောမိဆိုမိကြတာပါကွာ။ စိတ်ထဲမထားပါနဲ့"

"ရပါတယ်"





"မင်းအတွက် ငါတို့နှစ်ယောက် သက်စွန့်ဆံဖျား ကြိုးစားပေးမယ်။ ဘာမှမပူနဲ့ သူငယ်ချင်း။ ပျော်ပျော်နေစမ်းပါ"

"ငါက စိတ်ညစ်နေတယ်လို့ မင်းတို့ကိုပြောလို့လား"

"မသိဘူးလေ၊ မင်းမျက်နှာက အီးမှန်ထားတဲ့မျက်နှာလို ဖြစ်နေတာကိုးကွ။ ကဲဟေ့ ချွေးလည်းတိတ်ပြီဆိုတော့ ရေလေး ပြေးချိုးလိုက်ဦးမယ်။ ခဏနေ မိမိလေးတို့အဆောင်ဘက် သွားရအောင်"

မင်းကျော်က အင်္ကျီကိုလှန်ချွတ်ပြီးပြောတော့ စိုးထက်က မျက်နှာရှုပုတ်ပုတ်နှင့် -

"မင်းက မိလေးနဲ့ ဘာဆိုင်လို့လဲ။ မိလေးအဆောင်သွားရအောင်"

မင်းကျော်က ချွတ်ပြီးသောအင်္ကျီနှင့် ပခုံးကို တဖတ်ဖတ် ရိုက်ကာ စိုးထက်ကို သနားပါတယ်ပုံစံနှင့်ကြည့်ပြီး -

"မိလေးတို့ စံပယ်တို့က တစ်ဆောင်တည်းနေတာ။ စံပယ့်ဆီ ရောက်လည်း မင်းမိလေးဆီရောက်တာပဲ ဘာထူးလို့လဲ"

"ဟိတ်ကောင် ရောမချန်နဲ့နော်။ မင်း ဘာပြောသလဲ ငါ မသိဘူးထင်သလား"

"မသိပါ ခင်ဗျား၊ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ"

မင်းကျော်က စိတ်ဆိုးဒေါသထွက်နေသော စိုးထက်ကို မခံ ချင်အောင်ပြောပြီး ရေချိုးခန်းဘက်ပြေးသွားသည်။ စိုးထက်ရဲ့မျက်နှာ

မှာ ရှုံ့မဲ့နေသည်။

ပြီးတော့ ခုတင်ခြေရင်းမှာ ထောင်ထားသော ဂစ်တာကို ဆွဲယူလိုက်သည်။ သူကတော့ ဂစ်တာမတီးတတ်သဖြင့် စိုးထက်တို့ ပြန်သွားကတည်းက ဂစ်တာမှာ နှစ်လတိတိ အနားယူလိုက်ရသည်။ စိုးထက်က ဂစ်တာကို တစ်ချက်တီးခတ်ပြီး လက်ကို ငုံ့ကြည့်လိုက်သဖြင့် ဖုန်တွေက ခါထုတ်လိုက်သလို ပျံလွင့်လာသည်။

"မင်းကော ရေမချိုးသေးဘူးလား"

ခေါင်းအုံးကို ခေါင်းရင်းမှာပြန်ထားကာ အိပ်ရာခင်းတွေ သန့်ပြန့်အောင်ပြင်ပြီးမေးတော့ –

"ပြန်လာမှချိုးမယ်ကွာ။ ဒါနဲ့ မင်း အရမ်းကြီးအချိန်ယူမနေနဲ့တော့ ဇင်မင်း။ အချိန်နဲ့ဒီရေက လူကိုမစောင့်တဲ့။ မင်းက လက်နှေးနေရင် ခွက်ဆေးနေရဦးမယ်။ ငါတို့ မင်းကျော်တို့ရဲ့ ကောင်မလေးတွေက free ပဲ။ မင်းရဲ့နိုင်နာမှာက ဟိုဆေးကျောင်းသားကောင် တစ်ချိန်လုံး ရှိတယ်ကွ"

"သူတို့က သူငယ်ချင်းတွေပါ စိုးထက်ရာ။ အဲဒီအတွက် ငါ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး"

"သူငယ်ချင်းကနေ ရည်းစားဖြစ်ခွင့်မရှိဘူးလို့ မင်းကို ဘယ်သူပြောလဲ၊ သူငယ်ချင်းရည်းစားတွေ တစ်ပုံကြီး။ နိုင့်ဘက်က စိုးရိမ်စရာမရှိရင်တောင် ဟိုကောင်က နိုင့်ကို ကျွတ်မကြိုက်နေနိုင်ဘူးလားဆိုတာ မင်း အာမခံနိုင်သလား"





"အာမခံရအောင် ငါမှ သူမဟုတ်ဘဲ"

"အေး . . . အဲဒါပြောတာ"

"ဒေါင် ဒေါင် ဒေါင်"

ယခုမှ စိုးထက်ရဲ့ဂစ်တာသံက နားထဲ ပြန်ယဉ်ပါးလာသည်။ တစ်ယောက်တည်း အဆောင်မှာ ယောင်ချာချာရှိနေချိန်က သတိရနေခဲ့သည့်အထဲမှာ စိုးထက်ရဲ့ မတီးတတ် တီးတတ်နှင့် တီးသော ဂစ်တာသံလည်းပါသည်။

"အဲဒါကြောင့် မင်းကို လှုပ်ရှားတော့လို့ပြောတာ"

"အေးပါကွာ၊ ဒါနဲ့ မင်းတို့ ဘာစားစရာတွေပါလဲ"

"ဟာ . . . ဟုတ်သားပဲ၊ မိမိလေးတို့ကို ပေးဖို့ အစားအသောက်တွေပါတယ်"

ယခုမှ အိတ်ထဲက အစားအသောက်ထုပ်တွေကို ထုတ်ဖို့ သတိရပုံနှင့် စိုးထက်က ဂစ်တာကိုချပြီး မိုးကာအိတ်နှင့် ထုပ်ထားသော အိတ်ကို သွားဖွင့်နေသည်။

"ငါတို့ဒေသကထွက်တဲ့ ပဲကြော်ကဲ သိပ်ကောင်းတယ်လို့ပြောတာ မိမိလေးက လက်ဖက်သုပ်စားရအောင် ယူလာခိုင်းတာ။ ဒီတစ်ခေါက်တော့ နောက်ဆုံးနှစ်မို့လားမသိဘူး အိမ်က အကြော်အလျှော်လုပ်ပေးလိုက်တာလည်း တော်တော်စုံတယ်။ ဒါနဲ့ မင်း အိမ်မပြန်တာ မင်းအိမ်က ဘာမှမပြောဘူးလား"

သူ အိပ်ရာပေါ်မှာ ပက်လက်လှန်ချကာ –

''ဆုတော့ဆုတာပေါ့၊ ကျောင်းဝိတ်တုန်းလေး တွေ့ရတာဆိုတော့။ ညီမလေးက အခုဆယ်တန်းဆိုတော့ မေမေလည်း ငါ့ကို သတိရချိန်မရပါဘူး''

''မင်းကိုတော့ အံ့တယ်။ ရန်ကုန်သားက မန္တလေးမှာ တက္ကသိုလ် လာတတ်တာလေ''

ကိုယ့်အကြောင်းနှင့်ကိုယ်မို့ သူက ရှင်းပြမနေဘဲ ပြုံးရုံပြုံးလိုက်သည်။

ရေချိုးခန်းဘက်ဆီမှ မင်းကျော်ရဲ့အသံဝါဝါကြီးနှင့် သီချင်းဆိုသံကြောင့် စိုးထက်က –

''စိတ်ပျက်ရတဲ့အထဲမှာ အဲဒါတွေလည်း ပါတယ်'' ဟု ဆိုလေသည်။

❁



## အခန်း (၂၄)

''ငါမရှိတဲ့ အတောအတွင်းလေးမှာ နင်ခြေလှမ်းပျက်လိုက်ဘယ်ပေါ့ ဟုတ်လား''

''အောင်မာ ... ငါ့ကိုများ ခြေလှမ်းပျက်တယ် ပြောရသေး''

''ပြောတာပေါ့၊ ပြန်လာတော့ ဟိုလူက ဟိုလိုပြော၊ ဒီလူက ဒီလိုပြောနဲ့ ငါ ဘယ်လောက်ထိ ရင်ပူသွားရသလဲ နင်သိလား နိုင်''

''တော်စမ်းပါဟယ် ပုံစံကိုက''

ဖီးလ်လေးအပြည့်နှင့်ပြောနေသော သက်လင်းကို ပောက်ပိုက်ပြီး သူ့လက်ထဲကမုန့်ထုပ်အိတ်ကို ဆွဲယူလိုက်သည်။

''ဒါက ကရေကရာ၊ ငါတော့သိပ်မကြိုက်ဘူး။ မေမေတော့ကြိုက်တယ်။ အမယ်လေး ပဲကြီးလှော်တဲ့။ ငါ့နယ် မပြောချင်ဘူး။ ဘယ် ... ဖီးယိုတွေလည်း ပုလင်းနဲ့ပါလာတယ်။ အတော်ပဲ အချဉ်စားချင်နေတာနဲ့၊ နေဦး ... ငါ ဖွင့်သွားယူလိုက်ဦးမယ်''

''ကြွ ကြွ နင် ဇီးယိုမစားချင်ဘူးဆိုရင်လည်း ငါက နင့် ပါးစပ်အတင်းဖြဲပြီး ဇီးယိုကျွေးဖို့ စဉ်းစားပြီးသား။ နင် စိတ်ငြိမ်အောင် လို့လေ''

သက်လင်းရဲ့လေသံမှာ တော်တော်ကြီး မကျေနပ်သည့် လေသံနှင့် ဖြစ်နေသော်လည်း နိုင်ကတော့ ရှိလေသည်ထင်မနေဘဲ အိမ်နောက်ဘက်မှာ လက်ဖက်စားဇွန်းနှစ်ချောင်း ပြေးယူလိုက်သည်။

လက်ထဲမှာ ဆွဲလာသည့် အထုပ်ထဲမှ ဇီးယိုပုလင်းကိုထုတ်ပြီး ကရေကရာနှင့် တခြားစားသောက်စရာတွေကိုတော့ ကြောင်အိမ်ထဲ ထည့်လိုက်သည်။

အိမ်ရှေ့ပြန်ထွက်လာတော့ ဒန်းပေါ်မှာ ခြေထောက်နှင့် လွှဲ၍ထိုင်နေသော သက်လင်းရဲ့မျက်နှာက မကြည်။ နိုင်က ဇီးယိုကို တစ်ဇွန်းခပ်စားကာ သက်လင်းဘက်သို့ ထိုးပေးပြီး –

''စားဦးလေ''

''ကိုယ့်ဘာသာမျို၊ ငါ့စိတ်က နဂိုကတည်းက ကောင်းပြီးသား။ နင်သာ အဲဒီတစ်ပုလင်းလုံး ကုန်အောင်စားပြီး စိတ်ငြိမ်အောင် လုပ်''

''အံမယ် . . . ငါ့ကိုများ အရွှေးလို့ သွယ်ဝိုက်ပြောတယ်ပေါ့လေ။ မျက်နှာကလည်း အမြင်ကတ်စရာဟာ၊ ဖြစ္စာတို့မျက်ရည်မြေမကျကောင်းဘူးတဲ့''

ခါတိုင်းဆိုလျှင် နိုင်တစ်ချက် နှစ်ချက် ချော့လိုက်လျှင် လိုက်





လေယံတတ်၊ ပြုံးတတ်သော သက်လင်းမှာ ယခုကျတော့ မရယ်သည့်အပြင် ဝိုလို့တောင် မျက်နှာပျက်လာကာ –

''သိပ်ပျော်နေတယ်ပေါ့လေ ဟုတ်လား၊ သိပ်ပျော်နေလား''

''ဟဲ့ . . . တိုးတိုးအော်ပါဟာ''

အတင်းကုန်အော်ပစ်လိုက်သော သက်လင်းကြောင့် နိုင့်မှာ အတော်လန့်သွားကာ စားလက်စ ဇီးယိုတောင် ပါးစပ်ထဲ ဘယ်ချောင်ကပ်သွားသလဲမသိ။

ခါတိုင်းဆိုလျှင် သက်လင်း ဒေါသထွက်တိုင်း –

''သက်လင်း နင့်မျက်နှာမည်းတက်လာပြီ၊ မည်းတက်လာနေပြီ'' ဟု စနောက်နေကျဖြစ်သော်လည်း ယခုချိန်တော့ ပြောတောင် မပြောရဲ။

ဒီကောင် ဘာတွေဖြစ်တာလဲ၊ သူပြန်ရောက်တာ သိလျက်နှင့် သူ့ အိမ်ကိုမသွားလို့လား။ အင်း ဟုတ်ရင်လည်းဟုတ်မည်၊ သက်လင်းက သူ့ကို ဦးစားပေးတာ သိပ်ကြိုက်။ ယခု နိုင်က သူ့ဆီမသွားမိသည့်အပြင် ယူလာသော လက်ဆောင်ကိုတောင် ချေမျှားလိုက်သေးသည် မဟုတ်လား။

''အဲဒါကလေ ဟို နင်ပြန်ရောက်တဲ့နေ့က ငါ မေမေ့ကို ဆိုင်သွားထိုင်ပေးရတာ သက်လင်းရဲ့။ နင်လာမှာတော့ ငါသိတာပေါ့။ ဒါပေမဲ့''

''တော်တော့''

"ပတ္တတ် ပတ္တတ်"

"မျက်နှာက ပြောင်စပ်စပ်နဲ့"

နိုင့်မှာ စကားဆုံးအောင် ပြောခွင့်မရလိုက်ချေ။ ကိုဒေါသအိုးက အော်ငေါက်လိုက်သဖြင့် လန့်သွားသလို လုပ်ပြလိုက်တော့ ကလေးတစ်ယောက်ကို ဆူငေါက်လိုက်တဲ့ လူကြီးဟန်နဲ့ –

"ငါကတော့ ဟိုမှာ လူရောက်နေတယ်။ စိတ်က နင့်ဆီမှာ။ ဘယ်သွားလည်လည် ခြေဘ် နိုင်နဲ့အတူတူဆိုပြီး နင်ကတော့ ငါ မဟုတ်တဲ့သူနဲ့"

"နေ ... နေပါဦး။ နင် ငါ့ကို အခုစိတ်တိုနေတာက နင့်ကို လာမကြိုလို့ စိတ်ဆိုးနေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ငါ ဟိုသွားနေတုန်း နင် ဒီမှာ ကောင်တစ်ကောင်နဲ့လည်ပတ်နေတာလေ။ လူကသာ နင့်နားမရှိတာ သတင်းတွေကတော့ ငါ့နားရောက်လာပြီးသားနော်"

"ဘယ်သူတွေများ အားအားယားယား ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်ရွှေး ကျောင်းနေရတာလဲ မသိဘူး။ အဲဒီလို လူတကာပြောတာနဲ့ပဲ နင်က ယုံလိုက်ရရောလား ကဲ"

"ဒါဆို သူတို့က လျှောက်ပြောတာလား"

ယခုမှ မျက်နှာကြည်လာကာ ဝမ်းသာအားရမေးသော သက်လင်းကို နိုင် သေချာကြည့်လိုက်သည်။ ရွာတွေဘက်သွားပြီး community ဆင်းရတယ်ဆိုတော့ နေပူဒဏ်ကြောင့် နဂိုကတည်းက





အသားညိုသော သက်လင်း ပို၍ အသားညိုကာ မည်းလာသည်။

"လျှောက်ပြောနေတာတော့ မဟုတ်ဘူး။ တကယ်တော့ တကယ်ပဲ"

"ဘာ ... ဒါဆို"

"ဟဲ့ ... နင်ကလည်း ငါ့စကားကို ဆုံးအောင်နားထောင်ပါဦး"

ချက်ချင်း မျက်နှာထားပြောင်းသွားတဲ့ သက်လင်းကို တားပြောကာ –

"အဲဒါ ဘာဒေါသဖြစ်စရာရှိလို့လဲ သက်လင်းရဲ့။ သူက ဒီတို့ကျောင်းမှာကတည်းက ခင်တဲ့သူငယ်ချင်း။ သွားစရာ လာစရာ အပေါ်ခေါ်ရမယ့်ကိစ္စမျိုးမှာ နင်မရှိတော့ ရှိတဲ့သူခေါ်သွားရတာလေ"

"ခေါ်စရာလား။ နင့်ကို မန္တလေးမှာ မွေးတာ။ မနေ့တစ်နေ့ကမှ မန္တလေးရောက်လာတဲ့လူမှ မဟုတ်တာ။ ဘယ်မသွားရဲ မလာရဲ တော့ရှိလို့လဲ"

"ဒါပေါ့ ဒါပေါ့ဟဲ့။ ဒါပေမဲ့ ခေါ်သွားတော့ ဘာဖြစ်လဲ။ …သားသား သွားလာကြတာကို စောင့်ကြည့်ပြောနေလဲ မတတ်နိုင်ဘူးဟယ်။ တကယ်တည်း သတင်းထောက်တွေထက်ကို ဆိုးတယ်"

နိုင်ကပါ တစ်ပြန်ဒေါသဖြစ်ပြလိုက်တော့ သက်လင်း မျက်နှာထားပြောင်းသွားသည်။ နိုင် စိတ်ဆိုးလျှင် ကြည့်မနေတတ်တာ သက်လင်းရဲ့ ငယ်အကျင့်ပဲ။ ဒါကို သိနေတဲ့နိုင်က ချက်ကောင်းကို

ကိုင်လိုက်ခြင်းဖြစ်သည်။

“သူတို့ပြောတိုင်းကိုလည်း ငါမယုံပါဘူး။ ငါ့သူငယ်ချင်းရဲ့ အကြောင်း ငါကလွဲရင် ဘယ်သူက ပိုသိနိုင်မှာလဲ”

ငြိမ်းချမ်းရေးရသွားသည့် အထိမ်းအမှတ်နှင့် သက်လင်းက ဗီးယိုကိုခပ်စားသည်။

“ဒါပေမဲ့ဟာ အဲဒီလို ကြားလိုက်ရတော့လည်း ငါ့စိတ်ထဲ ဘယ်လိုဖြစ်သွားသလဲ မသိဘူး။ နင် ငါ့ထက်ပိုပြီး ခင်ရတော့မယ့်လူ ရှိနေပြီလားဆိုပြီး နေလို့ထိုင်လို့ မရဘူး”

“ရှိစရာလား။ နင်က ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းပဲ။ ကမ္ဘာကြီး သာ ပြောင်းသွားရင် ပြောင်းသွားမယ်။ အဲဒီအမှန်တရားက ထာဝရ မပြောင်းလဲနိုင်တဲ့ အမှန်တရားပဲ သက်လင်း”

ကွက်ခနဲ ပျက်သွားသည့်သက်လင်းရဲ့မျက်နှာကို နိုင် သတိ မထားမိပေ။

“အခု ငါပြန်ရောက်ပြီဆိုတော့ နင် အဲဒီကောင်နဲ့ မသွားနဲ့ တော့ သိလား”

“အေးပါ … အေးပါ။ ဒါနဲ့ ရွာသွားရတာ နင်ပျော်လား သက်လင်း”

ဤစကားနှင့်တင် တိုင်ပတ်နေကာ ဖြစ်နေ ပြောနေရမည် စိုးသဖြင့် နိုင်က သက်လင်းရဲ့ခရီးစဉ်ကို မေးလိုက်ခြင်းဖြစ်သည်။ နိုင် မေးခွန်းကြောင့် သက်လင်းရဲ့မျက်နှာက ရှုံ့မဲ့သွားကာ –





“ဘယ်လိုလုပ်ပြမှာလဲ၊ လူကိုပဲကြည့်ပါလား။ နေကပူသေး ခြင်ကကိုက်သေး”

ညည်းညည်းညူညူ ပြောနေသော သက်လင်းကိုကြည့်ပြီး နိုင်က သဘောကျစွာ ရယ်ကာ –

“နင့်အဖြစ်ကလည်း အိမ်နေအမေရိုက်၊ လမ်းနေ ပုရွက် ဆိတ်ကိုက် ဖြစ်နေပါပေါ့လား”

“အဲဒီထက်တောင် ဆိုးသေး။ နင်မရှိတဲ့ အတောအတွင်း နင် ငါ့ကို သတိမရဘူးလား နိုင် ဟင်”

“ဟဲ့ … ရတာပေါ့”

“နင် ဘယ်လိုသတိရသလဲ ငါသိတာပေါ့”

“ဩော် … ရှင်က ဘယ်လိုသတိရစေချင်တာလဲ။ ဘာလဲ ဒါက နင့်ကို သတိရတယ်၊ သက်လင်းထွဋ်ကို သတိရတယ်လို့ တစ်နေ့ တစ်ရာ့ရှစ်ခေါက် ရွတ်နေရမှာလား။ မရွတ်နိုင်ပေါင်၊ တိုက်ဆိုင်မှုရှိရင် တော့ သတိရတာပေါ့”

သူပြောချင်တာကတခြား နိုင်က ပြောနေတာက တခြား။

တကယ်ဆို သစ္စာနိုင် ခပ်ချောချောကောင်တစ်ကောင်နဲ့ တွဲသွားတွဲလာ လုပ်နေတယ်ဆိုတဲ့သတင်း ရောက်လာတော့ နေပူတာ ခြင်ကိုက်တာထက်ဆိုးနေကြောင်း နိုင်သိအောင် သူ ဘယ်လိုပြောပြ ရမှာလဲ။

“ခပ်ချောချောကောင်” ဆိုတာနဲ့တင် ရင်ဘတ်ပေါ် မီးတင်

ရှိနေသလို ခံစားနေရသည်။

နိုင့်ပုံစံကတော့ ဘာမှ မခံစားနေရသူလို ပေါ့ပေါ့ပါးပါး။

နိုင်ရယ်၊ နင့်လိုပဲ ရိုးသားဖြူစင်တဲ့စိတ် ငါ ပိုင်ရရင် ပိုင်ရ အဲဒီလိုမှ မပိုင်ရရင် ငါ့လိုပဲ နင့်ရင်ဘတ်ထဲမှာ ငါ့ကို မရိုးမသားစိတ် ရှိနေရင် သိပ်ကောင်းမှာပဲဟာ။ ဒါမှ သာတူညီမျှရှိနေမှာပေါ့။

အခုကျတော့ မပမ္ဘာလို ခံစားနေရတဲ့သူက ငါတစ်ယောက်တည်း။ ငါ့ရင်ဘတ်ထဲမှာ ခံစားချက်အချင်းချင်း စစ်တိုက်နေကြတယ် သိလား။

ပြောလိုက်၊ မပြောလိုက်၊ ချစ်လိုက် မချစ်လိုက်နဲ့ အမြင်နှစ်ခု ရဲ့ တိုက်ခိုက်မှုတွေကြား လွန်ဆွဲပွဲပြီးတဲ့အခါ ငါကတော့ မောပြီး ကျန်ခဲ့ရတာပေါ့။

နိုင်ရေ ငါလေ နင့်ကို။

"ဪ . . . မေ့တော့မလို့၊ သက်လင်း နင်ထိုင်ဦး။ ငါ နင့်ကို ပေးစရာရှိတယ်"

သူ့လက်ထဲ ဗီးယိုပုလင်းထည့်ပေးကာ အိမ်ထဲပြန်ဝင်သွား သော နိုင့်ကြောင့် သူ သက်ပြင်းပဲချနိုင်တော့သည်။

အရင်တုန်းက သွေးအေးနေတာက ကိစ္စမရှိ။ နိုင့်ဘေးမှာ သူကလွဲရင် အထီးဆို့လို့ ကြောင်ထီးတောင်မကပ် (နိုင်က ကြောင် မချစ်လို့ ပြောပါတယ်)။ ယခုကျတော့ အထီးတောင်မှ ရိုးရိုးအထီး မဟုတ်။





"ဘူမိကကွင်းကွ။ သစ္စာနိုင်ရဲ့ဘေးနားမှာ တွေ့နေတာတော့ ကြာပြီ။ အခုတလောကျမှ တော်တော်လေးတွဲပြီးတွေ့နေတာ"

ဟု သူငယ်ချင်းတစ်ယောက်က သတင်းပေးသည်။ နောက် တခြားသူငယ်ချင်းကလည်း –

"အဲဒီကောင် ခပ်ပွေပွေတော့မဟုတ်ဘူး။ အခု သစ္စာနိုင်နဲ့ ပတ်သက်မှ တကပ်ကပ်နဲ့မခွာနိုင်အောင် ဖြစ်နေတာ။ ဒီတော့လည်း သစ္စာနိုင် ကံကောင်းတာပေါ့ ဟုတ်ဖူးလား"

ပြောနေတဲ့သူငယ်ချင်းက ဖုန်းထဲကမို့ပဲ မျက်နှာချင်းဆိုင်မှာ ဆိုင်ပြီးပြောလျှင်တော့ "ဘာကံကောင်းတာလဲ၊ ဘာကံကောင်းတာ လဲ" ဟု မေးမေးပြီး ထိုးပစ်မည်။

"ဒီမှာလေ၊ နင့်အတွက်လက်ဆောင်။ ဒီဂျာကင်လေးကို မြင်လိုက်ကတည်းက နင့်ကိုငါ တန်းမြင်လိုက်တာ"

နိုင့်လက်ထဲမှာဖြန့်လျက်သားရှိနေသော ဂျာကင်လေးကို ကြည့်ပြီး သူ သဘောကျသွားသည်။ အညိုရောင်သားရေဂျာကင်က အရည်အသွေး တော်တော်ကောင်းသည်။ ပုံစံကလည်း ယခုခေတ်ပေါ် နေသော ပုံမို့ –

"ဈေးတော့ တော်တော်ကြီးမှာပဲ၊ ဘယ်လောက်လဲ"

"အောင်မာ၊ မွေးနေ့လက်ဆောင်ပေးတာ ဈေးမေးစရာ လား"

"မွေးနေ့လက်ဆောင်"

"အင်း"

သူ အံ့ဩစွာမေးတော့ နိုင်က ခေါင်းညိတ်၍ အဖြေပေးသည်။ ပြီးတော့ သူ့လက်ထဲမှာကိုင်ထားသော သားရေဂျာကင်ရဲ့ ကြယ်သီးတွေဖြုတ်ပြီး ပြန်ကမ်းပေးကာ -

"ဝတ်ကြည့်လေ၊ နင်နဲ့တော်မှာပါ"

နင်နဲ့သေချာပေါက်တော်အောင် ဇင်မင်းထွန်းကို ခေါ်သွားပြီး အကျီကို စမ်းဝတ်ခိုင်းကြည့်တာဆိုသည့်စကားကိုတော့ နိုင်မပြောဖြစ်တော့ပါ။

တော်ကြာ ပြီးပြီးတာပြဿနာသည် အသစ်ကပြန်စနေဦးမည်။ နိုင်နှင့်ပတ်သက်လျှင် ကဲကဲဆတ်ဆတ်ဖြစ်တတ်သော သက်လင်းရဲ့အကြောင်းကို သိ၍လည်း မပြောဖြစ်တော့ပါ။

သက်လင်း ဂျာကင်ဝတ်နေတာကိုကြည့်ပြီး လည်ပင်းက ကော်လံတွေပြင်ပေးရင်း -

"ခါတိုင်း နင့်မွေးနေ့ဆို နင်ဘုရားသွားရင် ငါ အဖော်လိုက်ပေးနေကျ မဟုတ်လား။ ဒီနှစ် နင်မရှိတော့ ငါ နင့်ကိုယ်စား သွားပြီး ရှိခိုးကန်တော့ပေးတယ် သိလား သက်လင်း"

နိုင့်ရဲ့စကားတွေက သူ့ရင်ထဲ ပီတိအလုံးတွေ ဝင်ဆောင့်နေသလို တငြိမ့်ငြိမ့်နှင့် ကြည်နူးနေပါသည်။ သူနှင့်ပတ်သက်လျှင် သင်းတရရှိနေခြင်းကတော့ ယခုထက်တိုင် မပြောင်းလဲသေးပါ။

"အဲဒါ နင့်ကိုယ်စား ငါလုပ်ပေးရတဲ့အတွက် ငါ့ကိုမုန့်ဖိုးပေး"





ရှေ့ဖြန့်လာသော လက်ဖဝါးဖြူဖြူလေးကို ကြည့်ကာ -

"ထောင့်ငါးရာပေးမယ်လေ"

"သေလိုက်ပါလား။ နင့်ထောင့်ငါးရာနဲ့ ငါ ဘာဝယ်စားရမှာလဲ။ ဒီဂျာကင်တစ်ထည်ဖိုးတောင် ခုနစ်သောင်း ရှစ်သောင်းရှိတယ်ဆရာ"

သူ့ရဲ့ မရိုးမသားစကား လုံးဝသတိပြုမိခြင်းမရှိဘဲ ပြောနေသော နိုင့်ရှေ့မှာ ကြာကြာထိုင်နေရဖို့အတွက် သူ လိပ်ပြာမလုံတော့ချေ။ မရနိုင်သေးတဲ့ ချစ်ခြင်းတရားအတွက်တော့ နေပါဦး။ ရပြီးသား မေတ္တာတရားကိုတော့ အပျောက်ပျက်မခံနိုင်ပါ။ ထို့ကြောင့် -

"အေးပါ . . . အကြွေးမှတ်ထား။ မေမေ့ဆီက မုန့်ဖိုးတောင်းပြီးတော့ လိုက်ကျွေးမှာပဲ၊ တာ့တာ တာ့တာ"

"ဟဲ့ . . . အကျီကိုချွတ်ဦးလေ။ ရော့ . . . အိတ်နဲ့ထည့်သွား"

နိုင့်ရဲ့စကားကို ဘာမှမတုံ့ပြန်တဲ့ လက်ကာပြကာ ဆိုင်ကယ်ပေါ်တက်မောင်းလိုက်သည်။

နင့်မေတ္တာခြုံသလို နွေးထွေးနေတဲ့ ဒီဂျာကင်ကို ငါ ဘယ်တော့မှ မချွတ်တော့ဘူး နိုင်၊ အဲဒါ နင်ယုံ။

## အခန်း (၂၅)

"ဟဲ့ . . . ဟိုမှာ သူတို့အတန်းမရှိဘူးထင်တယ်"

"ဣန္ဒြေရရနေစမ်းပါ မိလေးရယ်၊ ဆရာမစာသင်တာ နား ထောင်နေတာကို အမြင်ကတ်အောင်"

"အခုချိန်က ကြားလေသွေးရင်တောင် ဝေးတယ်လို့ထင်နေ တဲ့အချိန်လေ။ နင်ကလည်း ခွင့်လွှတ်ပေးလိုက်စမ်းပါ"

ဖင်မင်းထွန်းတို့အုပ်စုကိုမြင်ပြီး လှုပ်လှုပ်ရွရွဖြစ်နေသော မိလေးကို သူမက ဟောက်လိုက်သည်။ ထိုအရာကို မအိက ခွင့်လွှတ် လိုက်ပါလို့ ပြောင်စပ်စပ်နှင့်ပြောတော့ သူမက ဟွန်းနော်ဆိုပြီး မျက်စောင်းထိုးလိုက်သည်။

"ကျွတ် . . . မျက်စိနောက်လာပြီ"

သူက နောက်ဘက်ခပ်ကျကျ ကော်ရစ်တာဒေါင့်မှာ ရပ်နေ ပြီး စိုးလင်းနှင့်မင်းကျော်က အတန်းရှေ့မှ ခေါက်တုံ့ခေါက်ပြန်





လျှောက်နေလေသည်။ စာကို စိတ်ပါလက်ပါ သင်နေသော ဆရာမ ကတောင် လှမ်းကြည့်နေပြီ မဟုတ်လား။ ဆရာမက တစ်ချက်ရပ်ပြီး စိုက်ကြည့်လိုက်တော့မှ ဟိုနှစ်ယောက် ခြေလှမ်းအမှားမှားနှင့် ဆက်လျှောက်ရမှာလိုလို ရပ်နေရမှာလိုလို ဖြစ်နေလေသည်။

စံပယ်အေးက ဟီးခနဲ ကျိတ်ရယ်တော့ မအိက ပေါင်ကို သွဲဆိတ်လိုက်သည်။

ဒုတိယနှစ်ကျောင်းပြန်ဖွင့်သည့်ရက်မှာ စာသင်ရဖို့ထက် အဲဒီ အုပ်စုနှင့် တွေ့ရဖို့ ပိုစိတ်ပါနေပုံရသည်။ ရောက်ကတည်းက ဣန္ဒြေ မရသဖြင့် -

"နေပါဦး . . . အရင်တုန်းကလည်း အဲဒီလောက်ထိ ရင်းနှီး လှတယ် မဟုတ်ဘူး။ အခုမှ ဘယ့်နှယ်ကြောင့် သူတို့အကြောင်း ဘပြောတည်းပြောနေရတာလဲ"

ဟု မေးခဲ့သည်မှာတောင် သိပ်မကြာသေးပေ။ မအိက တောင် -

"ဒီနှစ်ယောက် မရှိုးသားလို့နေမှာပေါ့" ဟု စံပယ်အေးနှင့် မိမိလေးကို မေးငေါ့ပြောတော့ မိမိလေးနှင့် စံပယ်အေးက မလုံမလဲ ဟန်နှင့် ရန်တွေ့ခဲ့ကြသေးသည်။

ဆရာမစာသင်ပြီးသွားတော့မှ စံပယ်အေးတို့က ထိုင်ရာမှ ထလိုက်၍ -

"နောက်တစ်ချိန် ရှိသေးတယ်နော်၊ အဲဒါ ဘယ်သွားမလို့လဲ"

"အဲ . . . ဟို ကန်တင်းဘက် ခဏသွားရအောင်လေ၊ ငါ ဗိုက်ဆာလို့"

"ဟင် . . . ငါ နင့်ကို အဆောင်မှာ ဝင်ခေါ်တော့ နင် ထမင်းစားနေတာ မဟုတ်လား"

"အဲ . . . ဒါက"

"ကဲပါ နိုင်ရယ် . . . နင်ကလည်း စမနေစမ်းပါနဲ့။ ဒီ လောက်ဆို သဘောပေါက်လိုက်တော့"

"ငါက ဘာကိုသဘောပေါက်ရမှာလဲ"

မအိရဲ့စကားကို နိုင်က နားမလည်စွာ ပြန်မေးလိုက်သည်။ မအိက ဒီလောက်တောင် နဝေတိမ်တောင်ဖြစ်နေရသလားဆိုသည့် မုံစံနှင့် နားနားကပ်ပြီးမှ အကျယ်ကြီး –

"သူတို့မှာ ဟိုဟာရှိနေပြီ"

"ဟယ်"

"ကောင်မစုတ်၊ နင်ဟိုဟာ ရှင်းရှင်းလင်းလင်းပြောစမ်းပါ။ ငါတို့ကို လူအထင်လွဲအောင် ဘာဟိုဟာရှိနေပြီလဲ"

"အေးလေ . . . ရည်းစားရနေပြီလို့ ပြောရင်တောင် ကြား ကောင်းသေး၊ ဟိုဟာရှိနေပြီဆိုတော့ ကြက်သီးတောင်ထသွားတယ်"

မအိရဲ့စကားကို မကျေနပ်သဖြင့် စံပယ်အေးနှင့် မိမိလေးက ကျီးအာသလို ဝိုင်းအော်ကြသည်။ ပြီးတော့ ပခုံးကို တဖတ်ဖတ်ရိုက်ပြီး စိတ်ဆိုးနေသည့်ဟန်။





နိုင်က ကိုယ့်ကိုပါ မဆီမဆိုင် ဝင်ရိုက်နေမှာစိုး၍ သူတို့ သုံးယောက် နောက်ဘက်မှာ ကပ်လိုက်ပြီး ပါးစပ်ပိတ်ကာ ရယ်မိ သည်။ မအိက ခေါင်းကို လက်နှစ်ဖက်နှင့်အုပ်ကာ –

"ဟုတ်တယ်လေ၊ မရိုးမသားလုပ်တာ အမြင်ကတ်လို့။ နင် တို့ ဘာဖြစ်နေသလဲ ငါသိသားပဲ။ အဲဒါ ပွင့်ပွင့်လင်းလင်း မပြောလို့ ပြောတာ ဘာဖြစ်လဲ . . . ဘာဖြစ်လဲ"

"ကောင်မစုတ်"

"ဒီအဖွဲ့တွေ ဘာဖြစ်နေကြတာလဲ။ ဒီဘေးက နှစ်ယောက် က မျောက်တွေလား။ ခုန်ဆွ . . . ခုန်ဆွနဲ့"

"ကိုဇင်မင်းထွန်းနော်"

ဇင်မင်းထွန်းက စံပယ်အေးနှင့်မိမိလေးကို ပြောတော့ နှစ် ယောက်သား နှုတ်ခမ်းစူ မျက်စောင်းထိုးကြသည်။

"ဒီနေ့ ရှင်တို့အတန်းမရှိလို့လား။ ဒီရှေ့မှာ ထီးဖြူဖိနပ်ပါး အောင် လမ်းလျှောက်နေတယ်။ သတိထားနော်၊ အခုတလော ခြေ အေးဝမ်းရောင်ရောဂါတွေ ဖြစ်နေတယ်တဲ့"

"ဟင် . . . ဘာဆိုင်လို့လဲ"

နိုင်မေးတော့ မအိက မျက်စိတစ်ဖက်မှိတ်ပြကာ အသာနေ စမ်းပါဟုဆိုသည်။ သူက ဘာစကားဆိုရမလဲ မသိသည့်ပုံစံနှင့် ခေါင်း ကုတ်တော့ ကိုမင်းကျော်က –

"အခုထက်ထိ ကျောင်းမအပ်ရသေးတဲ့ ကျောင်းသားတွေ

ကျွန်တော်တို့မေဂျာမှာ အများကြီး။ အချိန်ဇယားကလည်း တနင်္လာနေ့မှ ကပ်မယ်ဆိုတော့ ဒီတစ်ပတ်လုံး အီမေကိုယ်တို့အတွက် freeday လေ''

''အမယ်လေး ... ရုပ်ကိုက အမြင်ကတ်ချင်လာပြီနော်။ ဘယ်တုန်းက ပြောင်စပ်စပ် ဖြစ်သွားတာပါလိမ့်။ ကျွန်မတို့က လူပေါ်တွေဆို မခင်ရဲဘူးနော်''

''အတည်လေးတွေပါဗျာ''

''ဒါနဲ့ အခု ဘယ်သွားမလို့လဲ''

တစ်ယောက်က မေးလိုက်သဖြင့် နှစ်ဖွဲ့လုံး ခြေစုံရပ်သွားကြသည်။ မိမိလေး၊ စံပယ်အေး၊ စိုးထက်နှင့်မင်းကျော်တို့ရဲ့ပုံစံကြောင့် တစ်စုံတစ်ရာကို သဘောပေါက်သလို ရှိသွားရင်း မအိကပဲ –

''ဒီလိုလုပ်ပါလား။ အိတို့သုံးယောက်က ကန်တင်းသွားပြီး ဇိုက်ဖြည့်ကြရအောင်လေ။ ဒီလေးယောက်ကတော့ ကန်တင်းထဲ ဝင်မယ့် ရုပ်တွေ မဟုတ်ဘူး။ မျက်စိထဲ ပန်းခြံပဲမြင်ရင် မြင်နေမှာ''

''ဟဲ့ ... မအိ အစတ်ပလုတ်မ''

''မအိကလည်း''

လေးယောက်သား ရှက်ကိုးရှက်ကန်းနှင့် မအိကို ဘာတွေပြောနေမှန်းမသိ။ သူမတို့ကတော့ သဘောကျစွာ ရယ်မိကြသည်။ မအိက ဒါတွေဟာ သဘာဝတရားကြီးအရဆိုသည့်ဟန်နှင့် ခပ်တည်တည်ကြီးလုပ်ကာ –





''ဒီတော့ တို့တွေ နောက်တစ်ပတ်ယချိန်ကျရင် အတန်းမှာ ပြန်ဆုံမယ်။ ဒါနဲ့ ကိုစိုးထက်တို့ အိတို့က သူငယ်ချင်းနှစ်ယောက်ကို ထားပဲ ငှားထားတာနော်။ အပြီး မ,သွားဖို့ မစဉ်းစားနဲ့''

''ဟုတ်တယ်၊ မ,သွားလို့ကတော့ နိုင်တို့နှစ်ယောက်က သက်သေလုပ်ပြီး အချစ်ခုံရုံးမှာ တရားစွဲမှာနော်''

''သွားသေလိုက်ပါလား''

စံပယ်အေးက နိုင်တို့နှစ်ယောက်ကို မျက်စောင်းထိုးပြီး သွားကြသည်။ နိုင်တို့သုံးယောက်ကတော့ ဟိုအကြောင်းပြောလိုက်၊ ဒီအကြောင်းပြောလိုက်နှင့် ကန်တင်းသို့ရောက်လာသည်။ နိုင်တို့ကို ခင်းနီးနေသောစားပွဲထိုးလေးက –

''ဒီနေ့ စားပွဲနှစ်ဝိုင်း ဆက်စရာမလိုတော့ဘူးလား အစ်မ''

''အေး ... နောက်တစ်ဝိုင်းကိုတော့ ပန်းခြံထဲသွားချပေးလိုက်''

ဆိုပြီး မအိက သူ့စကားသူ သဘောကျစွာ ရယ်လိုက်သည်။

နောက် စားကြသောက်ကြတော့ သူက နိုင့်ကို အစစအရာရာ ဂရုစိုက်နေတော့ မအိကို နိုးကြည့်ပြီး နိုင်တောင် မလုံမလဲဖြစ်မိသေးသည်။

ထိုစဉ်တုန်းကတော့ မအိက မသိတာလိုလို၊ မရိပ်မိတာလိုလိုနှင့် ခပ်တည်တည်လုပ်နေခဲ့ပြီး အတန်းဆီပြန်ရောက်တော့မှ အာကျယ်အာကျယ်နှင့်ပြောတော့သည်။ စံပယ်နှင့် မိလေးတို့ကလည်း မရှေး

မနောင်း ရောက်လာတော့ ဟိုနှစ်ယောက် ဘယ်တွေသွားခဲ့ကြသလဲ မေးဖို့ သတိမရသေးဘဲ –

"ဟော့ . . . ငါ နှင်တို့ကို အထူးလျှို့ဝှက်ချက်အနေနဲ့ ပြောစရာ ရှိတယ် သိလား"

"ဘာ လျှို့ဝှက်ချက်လဲ"

မိလေးက စကားဝင်ထောက်သည်။ အဲဒီအချိန်က ကိုယ့်အကြောင်း ပြောလိမ့်မယ်လို့ မထင်တဲ့နိုင်ကလည်း စိတ်ဝင်တစား လှမ်းကြည့်မိခဲ့သည်လေ။

"အဟမ်း . . . အဲဒီစကားမပြောခင် တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါလို့ အရင်ပြောထားချင်ပါတယ်။ အဟမ်း ဟမ်း . . . အဟွတ် အဟွတ်"

"သေတော့မှာပဲ။ ဒီမှာ တံတွေးတွေစင်ကုန်ပြီ"

မအိတစ်ယောက် လုပ်ချောင်းဆိုးရင်း တကယ် တံတွေးသီးပြီး ချောင်းဆိုးတော့ စံပယ်အေးက နောက်ဘက်သို့ ဆုတ်ကာ ပြောလေသည်။

"နောက်ဆို နှင်တို့သုံးယောက်လုံး ဟိုသုံးယောက်နောက် လိုက်သွားကြတော့ ငါက ဆေးရိုးသည်ကန့်လန့်ကန့်လန့်နဲ့ ပဲလှော်ကြား ဆားညှပ်သလို ဖြစ်နေလိမ့်မယ်။ ဘယ်သူမှ လက်ရှောင်ဘေးကိုလို့ မပြောခင် အလိုက်တသိ ဘေးထွက်တာကမှ တော်ကာကျမယ် မဟုတ်လား"





"အံမာ . . . အဲဒါက အလကားပဲ၊ ငါ့ကိုပါ ဘာလို့ ဆွဲသည့်နေရတာလဲ၊ ငါနဲ့ဘာဆိုင်လို့လဲ"

နိုင်က စိတ်တိုသလို ကက်ကက်လန်အောင် ပြောလိုက်သည်။ ဟိုနှစ်ယောက်က ဘာမှမသိသေးတော့ နိုင်နှင့်မအိကို ဟိုကြည့် ဒီကြည့်လုပ်ကာ မျက်လုံးလေး ကလယ် ကလယ် ဖြစ်နေလေသည်။

"အခု မဟုတ်သေးပေမယ့် မကြာခင် ဟုတ်တော့မှာလေ"

"မအိနော် . . . ငါ စိတ်တိုလာပြီ။ အဲဒီလို မစနဲ့၊ ငါ မကြိုက်ဘူးသိလား"

"စနေတာ မဟုတ်ဘူး။ ဟိုဇင်မင်းထွန်းဆိုတဲ့လူက နှင့်ကို အနေနဲ့အမြန် ချစ်ရေးဆိုတော့မှာကို ငါက ဆဌမအာရုံနဲ့ ကြိုမြင်နေလို့ပြောတာ။ မယုံရင် စောင့်ကြည့်လိုက်"

"အို . . . ဘာမှ စောင့်ကြည့်စရာမလိုဘူး"

"ဟဲ့ မအိ . . . အဲဒါ တကယ်ဟုတ်လို့လား"

"အေး . . . မယုံရင် နှင်တို့လည်း စောင့်ကြည့်"

"မအိ ကောင်မစုတ်။ ငါ့ကိုများ ယောကျ်ားလေး အသံကြားတာနဲ့ ရင်တုန်တတ်တဲ့ မိန်းမ အောက်မေ့နေသလား မသိဘူး။ နှင် နော်၊ နှင် ငါ့သူငယ်ချင်းမို့ သက်သာနေတယ်မှတ်"

ထိုစဉ်တုန်းက နိုင် မအိကို စိတ်ဆိုးလွန်း၍ ကြိမ်းမောင်းခဲ့လိုက်သေးသည်။ တစ်နေကုန်လည်း စာသင်ခန်းထဲမှာရှိနေရင်း တစ်ချက်တစ်ချက် မအိပြောတာ တကယ်များလားလို့ စဉ်းစားမိတော့

ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ ပူထူနေလာသည်။

မင်းသားတစ်ပါးနှယ် ချောရှုံသာမကာ တည်ကြည်လေးနက်သော သူ့ဟန်ပန်ကို မြင်ယောင်ရင်း မလုံမလဲ ဟိုသုံးယောက်ကို နိုးကြည့်ခဲ့မိသေးသည်။ ဟိုသုံးယောက်ကတော့ ပြောပြီး ပြီးရော့ပုံစံနှင့် မေ့မေ့လျော့လျော့ ဖြစ်သွားကြသည်၊ မေမေ့လျော့လျော့ထားလိုက်နိုင်တဲ့ နိုင်က မှားလေသလား။

ညနေအိမ်ပြန်ချိန်ရောက်တော့ လမ်းမှာ သူ့ကိုတွေ့လိုက်ရသဖြင့် နိုင် ကိုယ့်ဘာသာကိုယ် မလုံမလဲ ဖြစ်မိသွားရသည်။ သူကတော့ ထုံးစံအတိုင်း ပြုံးပြရင်း –

"ကျွန်တော်က အတန်းချိန်မရှိလို့ ပျင်းနေတာ။ အဲဒါ ဟိုနစ်ကောင်ကိုလည်း အဖော်စပ်မရလို့၊ ဒီချိန် နိုင် ကျောင်းဆင်းချိန်လို့ တွေးပြီး လာစောင့်နေတာ"

"ဟို . . . ဘာကိစ္စရှိလို့လဲ"

ဝါနယ်နော်။ သူစိမ်းယောက်ျားတစ်ယောက်ရဲ့ရှေ့မှာ ကိုယ့်ဘာသာ တစ်ဖက်သတ်အတွေးနှင့် ရင်တုန်ပန်းတုန် ဖြစ်နေရတယ်လို့။ ကိုယ့်ကိုယ်ကိုယ် အားတင်းကာ ခပ်တည်တည်မေးလိုက်သည်။

"ဟိုမှာတွေ့လား။ အဲဒီဘုရားမှာ ကျွန်တော် ယကြာချေစရာရှိလို့"

"ယကြာချေစရာ"

"ဪ . . . ကျွန်တော်ကလည်း ဒီလိုဗျာ။ ကျွန်တော်အိမ်က





န်းလှမ်းဆက်ပြီး ယကြာချေနိုင်းတာလေ။ ဒီလအတွင်းမှာ ကျွန်တော့်ကြမှာက တော်တော်ညံ့နေတယ်တဲ့။ အဲဒါ အမေတို့က ယကြာချေခိုင်းတာလေ"

ယခုမှ သူမြှောက်ပြသည့် သူ့လက်ထဲမှ အမွှေးတိုင်၊ ယောင်းတိုင်တွေနှင့် အရွက်တွေ၊ အညွန့်တွေ စုကိုင်ထားတာ မြင်ရတော့သည်။

"ရပါတယ်၊ ဒါနဲ့ ဗေဒင်က သောကြာသမီးနဲ့ယကြာချေလို့ တယ်လို့ ပြောလို့လား"

"အဲဗျာ . . . အဲဒါတော့ ကျွန်တော်လည်းမသိဘူး။ ရမှာပါဗျာ။ ်င်က ဘေးကစောင့်နေမှာပဲဟာ။ ကျွန်တော်က ကာယကံရှင်လေ"

သူပြောနေတာလည်း ဟုတ်တုတ်တုတ်လို့ ခေါင်းညိတ်ကာ င်နေရသော ဘုရားငယ်ဆီသို့ လျှောက်လာသည်။ စေတီသေးသေး သေးက ဘုန်းကြီးကျောင်းဝင်းအပြင်ဘက်မှာ ရှိနေသည်။

နိုင်က စက်ဘီးကိုမစီးဘဲ တွန်းလာခဲ့သည်။ သူက တွန်းပေး ယ်ဟုဆိုသော်လည်း သူ့လက်ထဲမှာ ယကြာချေမည့် ပစ္စည်းတွေနှင့် ည်ယှက်ခတ်နေသဖြင့် ပေးမတွန်းဖြစ်ပါ။

"ဒါနဲ့ နိုင်ကတော့လေ၊ ဗေဒင်တွေ ယကြာတွေ သိပ်မယုံဘူး ကိုဖင်မင်းထွန်းကျတော့ အပြင်ပန်းကြည့်ရင် ဗေဒင်တွေယုံတတ် ည့်ပုံ မဟုတ်ဘူးနော်။ အခုကျတော့"

နိုင် စကားရှေ့မဆက်ဘဲ သူ့လက်ထဲက ယကြာချေမည့်

ပဗ္ဗည်းတွေပေါ် အကြည့်ပို့တော့ သူက အနေခက်သွားသည့်ဟန်နှင့် မျက်နှာနီရဲသွားကာ လက်ထဲကပဗ္ဗည်းတွေကို ဆက်ကိုင်ထားရိုးနိုးနှင့်

"ဟိုလေ ... အဲဒါက အမေက နိုင်းတော့လည်း ငြင်းလို့ ဘယ်ရမလဲနော့"

သူက အဖော်စပ်ပြောတော့ နိုင်က ပခုံးတွန့်ကာ –

"ဘယ်သိပါ့မလဲ" ဟုဆိုတော့ သူ့မျက်နှာက ရှက်ကိုးရှက်ကန်းနှင့် နီရဲသွားခဲ့သည်။ စွာလှပါတယ်ဆိုတဲ့ သစ္စာနိုင်က ထိုအချိန်က ဤအမျိုးသားလေးသည် ကိုယ့်ကို သမီးရည်းစားစကားပြောဖို့ ဘုရားကို ညာခေါ်ခဲ့တယ်ဆိုတာ ဘယ်သိပါ့မလဲ။

သူ ယကြာချေနေတော့လည်း ကိုယ်ကရှင် သူ ယကြာတွေ ပျက်သွားမှာစိုးလို့ ဘုရားကိုဦးချပြီး လျှောက်ပတ်ကြည့်နေခဲ့သည်။

ကိုယ်ကြားဖူးတာက ယကြာချေလျှင် ရွတ်ဖတ်ရမည့်ဂါထာ မန္တန်တွေက သက်စေ့ဖို့ အတော်ကြာမည်လို့ထင်ခဲ့သည်ကို။ ဟို လျှောက် ဒီလျှောက်နှင့် ငါးမိနစ်၊ ဆယ်မိနစ်ခန့်ကြာတော့ –

"ပြီးသွားပြီ"

"ဟင် ... ခဏလေး။ ဟို ... ဘာမှမရွတ်တော့ဘူးလား"

"ဘာရွတ်ရမှာလဲ"

သူကပါ အူကြောင်ကြောင် ပြန်မေးနေသဖြင့် ဒီလူတော့ မအေမှာသည့်အတိုင်း သေချာမလုပ်ဘူးဟု နိုင်က အတင်းတုတ်လိုက် ပါသည်။





"စိုးထက်တို့တော့ အဆင်ပြေသွားကြပြီ"

သူက ထိုသို့ပြောတော့ နိုင်က သူ့စကားကိုနှင်ပြီး ဘာလိုက် ပြောရမှန်းမသိ ဖြစ်နေလေသည်။ ငြိမ်နေတော့ သူက –

"ကျွန်တော်တို့က ဒီတစ်နှစ်ပြီးရင် ဘွဲ့ရပြီ။ နိုင်တို့ကတော့ နောက်ထပ် နှစ်နှစ်တောင်ကျန်သေးတယ်နော်"။

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လဲဆိုတော့ နိုင့်ကို ကျွန်တော်ချစ်လို့"

"ရှင်"

မိနိုင် ညည်းတော်တော် အပို့ နုံပါ့ဟယ်။ ကိုယ့်ကသာ အသာငြိမ်မနေဘဲ မေးခွန်းပြန်ထုတ်လိုက်တော့ ဟိုလူက သူ့ခွင်ထဲ ရောက်ပြီဆို ဖိုးပြောချင်နှင့် ကွက်တိဖြစ်သွားပြီပေါ့။

ဒီလူ နင့်ကို အနေးနဲ့အမြန် ချစ်ရေးဆိုလိမ့်မယ်လို့ မအိပြော ခဲ့တဲ့ စကားတွေကို ပြန်ကြားယောင်ပြီး ခြေဖျား၊ လက်ဖျားတွေ အေးစက်လာခဲ့သည်။

နောက် သူ ယကြာချေဖို့ဆိုတာကကော တကယ်ဟုတ်ရဲ့ သား။ သူမကို စကားပြောချင်လို့ ခေါ်လာတာနေမှာဟု အခုလွန်မှ တွေးမိပေမယ့် နောင်းသွားလေပြီ။

"နိုင့်ကို ကိုယ်ချစ်တယ်၊ ဟို ကျောင်းပိတ်ခါနီးကတည်းက ။ ချက်ချင်းဖွင့်ပြောရင် နိုင် မယုံမှာစိုးလို့"

"နိုင်ပြန်တော့မယ်"

နိုင် ရှက်ရှက်နှင့် လှည့်ထွက်တော့ သူက နိုင့်ရှေ့မှာ ထုပ်ဆီးတိုးဆော့သလို ကာပြီး စိုးရိမ်ပူပန်နေသည့် မျက်နှာထားနှင့်။

''အဲဒီလိုတော့ ထွက်မသွားပါနဲ့နိုင်ရယ်။ ကိုယ့်ကို စိတ်ဆိုးပြီး ထွက်သွားမှာမျိုးကို မလိုလားလို့ပါ''

ပြောနေရင်း ဘုရားရင်ပြင်ပေါ်သို့ စုံတွဲတစ်တွဲတက်လာသဖြင့် သူက ကာဆီးထားသည့် လက်ကို အောက်သို့ချလေသည်။ နိုင်ကိုယ်တိုင်လည်း ရှက်နေတာမို့ သူ့ကိုမော့မကြည့်ဘဲ ခေါင်းငုံ့ထားမိသည်။

လက်ထဲမှာ ဆုပ်ကိုင်ထားသည့် လွယ်အိတ်ကြိုးကလည်း ရှေ့သွစ်လျှင်တောင် တောက်တောက်ကျတော့မည်။

''ကိုယ် နိုင့်ကို တကယ်ချစ်တာပါ။ မိတ်ဆွေသူငယ်ချင်းအဆင့်ကနေ အခွင့်ကောင်းယူတယ်လို့လည်း သဘောမထားစေချင်ပါဘူး။ အခွင့်ရေးယူတယ်လို့ထင်ရင်လည်း တောင်းပန်ပါတယ်။ ကိုယ့်ဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံးချစ်တဲ့ မိန်းကလေးက နိုင်ပါ''

နိုင့်မျက်နှာ အနည်းငယ်မော့သွားပေမယ့် သူ့မျက်နှာကိုတော့ မကြည့်ဘဲ စပို့ရှပ်အဖြူရောင်ဆီ အကြည့်ပို့ထားကာ -

''အဲဒါကတော့ မယုံချင်စရာပဲ။ ကိုဇင်မင်းထွန်းလို ရုပ်ရည်နဲ့ဆိုရင် နိုင်က အချစ်ဦးဖြစ်မယ်ဆို မယုံချင်စရာပဲ။ နိုင့်အရင်တုန်းက တခြားကောင်မလေးတွေကိုလည်း လိုက်ဖူးရင်လိုက်ဖူးမှာပါ''

နိုင့်ဘဝမှာတော့ ယောကျ်ားတစ်ယောက် ရည်းစားစကား





ပြောခံရတာ ဒါ ပထမဆုံးပဲဟု မကြွေးကြော်ပါ။

ဟိုအရင်တုန်းကလည်း နှစ်ယောက် သုံးယောက်လောက် နိုင့်ကို ရည်းစားစကား ပြောဖူးသည်။ အဲဒီတုန်းကတော့ ရှက်ရွံ့အနေခက်တာ လုံးဝမရှိဘဲ ကတ်ကတ်လန်အောင် ရန်တွေ့သည်။ ပေးလာသည့် ရည်းစားစာတွေကို ဗရုတ်သုတ်ခပြင်ရေးကာ နို့တစ်ဘုတ်မှာ သွားကပ်ဖူးသည်။

ထိုလူတွေက အသေအလဲ ကြွေပြလျှင် ကျိတ်ရယ်တတ်ခဲ့သည်။ ယခုကျတော့ ဘယ့်နှယ် သူပြောလျှင် ကိုယ်ပြန်တုံ့ပြန်ပြောဖို့ တွန့်ဆုတ်နေရတာလဲ။

နိုင့်စကားကြောင့် သူက ပြုံးပြုံးပြောပြောဖြစ်သွားကာ -

''တကယ် ဘုရားစူး။ ဘုရားပေါ်မှာပဲ ကျိန်ရဲတယ်။ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ ချစ်ဖို့မပြောနဲ့ စိတ်တောင် မဝင်စားခဲ့ဖူးပါဘူး။ နိုင့်ကိုသာ''

''အစ်ကိုကြီး သနားပါတယ် အစ်မရယ်''

ဘေးနားမှဖြတ်သွားကြသည့် ကောင်မလေးအုပ်စုဆီမှ မကြားတကြားပြောသံနှင့် ကျိတ်ရယ်သံကြောင့် နိုင့်မျက်နှာ နီရဲထူပူသွားခဲ့သည်။

ထို့ပြင် ထိုမိန်းကလေးတွေ မကြားပေမယ့် သူကြားအောင် မပွင့်တစ်ပွင့်ဖြင့် -

''သနားရင် ညည်းတို့ကြိုက်လိုက်ကြပါလား''ဟုပြောတော့

သူ့ရဲ့မျက်နှာက ပြုံးတော့မည့်ပုံလို ဖြစ်သွားသည်။ နိုင်ကတော့ ပြောပြီး ကိုယ့်စကားကိုယ် သဘောကျကာ အော်ရယ်လိုက်မိသည်။

"ကဲ ကဲ . . . မှောင်တော့မယ် ပြန်ကြရအောင်လေ"

"နိုင် . . . ကိုယ်တို့"

"အဖြေတောင်းပြီး အဖြေချက်ချင်းပြန်ရတယ်လို့ ကိုဇင်မင်းထွန်းက ကြားဖူးလို့လား"

"ဗျာ"

"ဘဝနဲ့ယှဉ်ရမယ့်အရေးပဲလေ။ ခေါင်းအေးအေးနဲ့တော့ စဉ်းစားရဦးမှာပေ့ါ။ ဘယ်တော့လည်းဆိုတာ မပြောခင် ကိုဇင်မင်းထွန်း ဖွဲ့ရှိတယ်ဆိုရင် စောင့်ပေ့ါ။ မစောင့်နိုင်ပါဘူးဆိုရင်လည်း ရတယ်နော်။ နိုင် လုံးဝ စိတ်မဆိုးဘူး"

"ဟာ . . . မဟုတ်ပါဘူး။ စောင့်မှာပေ့ါ။ နိုင် ကြိုက်သလောက် စဉ်းစား။ ဒါပေမဲ့ တစ်ခုပဲရှိတာက ကိုယ်တို့က ဒီတစ်နှစ်ပဲ ကျောင်းတက်ရတော့မှာဆိုတော့ အရမ်းအကြာကြီးတော့ မစဉ်းစားပါနဲ့နော်"

နိုင် ခေါင်းငြိမ့်ညိတ်ပြလိုက်သည်။ ယခုမှ ပတ်သင်ညိုဖြစ်နေသော ကိုယ့်ကိုယ်ကိုယ် အံ့ဩနေမိသည်။ သေချာတာတစ်ခုက သူ့ကို အခြားသောယောကျ်ားတွေလို ပြစ်ပြစ်ခါခါ မငြင်းနိုင်ခဲ့တာတော့ နိုင့် အားနည်းချက် ဖြစ်နေပြီလား။

❁



# အခန်း (၂၆)

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မို့ တီဗီမှာလာနေသည့် ရုပ်ရှင်ဇာတ်ကားကို ကြည့်နေခဲ့သည်။

"ကလင် . . . ကလင်"

ထိုစဉ် အိမ် ဖုန်းမြည်လာသဖြင့် နားထောင်လိုက်တော့ သက်လင်းဖြစ်နေသည်။ တစ်ခါမှ ဖုန်းမဆက်တတ်တဲ့ အိမ်ကိုသာ သာတတ်တဲ့ သက်လင်းက . . .

"နင် အိမ်မှာရှိလား"

လို့ ဖုန်းဆက်မေးနေလေသည်။ နိုင်က ဖုန်းခွံကို ဆိုဖာဘက် ရွှေ့နိုင်သမျှ ရွှေ့ပြီး ဆိုဖာပေါ် လှဲလိုက်ကာ –

"ရှိသားပဲ နေ ဒီလောက်ပူနေတာ ငါက ဘယ်သွားရမှာလဲ"

"နင့်အမေကော"

"ဟဲ့ . . . ငါ့အမေက ဆိုင်မှာလေ။ ဘာလဲ အတိတ်မေ့နေတာ

လား။ ရွှေမျောက်နေတာလား''

''ဒါဆို နင့်အမေ အိမ်မှာမရှိဘူးပေါ့ သေချာတယ်နော်''

''ဟဲ့ လဒ ... ဘာဖြစ်နေတာလဲ။ လူကိုမေးပုံက မသက်သာ သလိုနဲ့။ မယုံရင် ဆိုင်သာ ပြေးကြည့်လိုက်ပေါ့''

''ဒါဆို ငါ နင့်ဆီအခုလာမယ်''

''ဘာမှလည်းမဆိုင်ဘူး။ နင်မေးတာက ငါ့အမေရှိလား မရှိလားလို့ မေးတာ၊ အခု နင်လာသင့်တာ ငါ့ဆီမဟုတ်ဘူး။ ငါ့အမေ ဆီကို''

''နင်ကလဲ ... ဟဲ ဟဲ''

''ဘာဟဲ ... ဟဲ ဟဲ''

''ချောက်''

အမြင်ကတ်ကတ်နှင့် နှုတ်ဆက်မနေဘဲ ဖုန်းကို ငွက်ခနဲ အသံမြည်အောင် ချပစ်လိုက်သည်။

သက်လင်းသည် တစ်ခါတလေတော့လည်း ထိုသို့ ကြောင် တောင်တောင်နိုင်သူတစ်ယောက် ဖြစ်သည်။ တစ်ခါတလေ နိုင်က တော့ –

''နင့်လို ဝေါက်တောက်တောက်နိုင်ပုံနဲ့ အထွေထွေရောဂါကု တဲ့ ဆရာဝန် မဖြစ်သင့်ဘူး။ စိတ်ပိုင်းဆိုင်ရာကို ကုတဲ့ စိတ်ရောဂါကုတဲ့ ဆရာဝန်ပဲဖြစ်သင့်တာ''

လို့ အားမနာတမ်းပြောလိုက်သည်။ နိုင် ဘာပြောပြော





မနာတတ်တဲ့ သက်လင်းကတော့ အရယ်မပျက်ဖြင့် –

''ငါက သာမန်အထွေထွေရောဂါကုတဲ့ ဆရာဝန်လုပ်မယ့်သူ မဟုတ်ဘူး။ နိုင်ငံခြားထိ ပညာသွားသင်မယ့်သူ''

''ဒါကြီးက ဟုတ်လား''

သူတစ်ကိုယ်လုံးကို ရှုံ့မဲ့ကြည့်ပြီး ပြောလည်း အရယ်မပျက် ချေ။

အခုလည်း 'ငါ နင့်ဆီလာမလို့' လို့ ပြောရင်ဖြစ်တဲ့ကိစ္စ အမေရှိသလား။ ဆိုင်သွားတာသေချာသလားနှင့် ဘာဝေါက်နေမှန်း မသိ။ ထိုသို့ စိတ်ထဲကပြောနေသော်လည်း ဒီလို နေ့လယ်နေ့ခင်း အချိန်ဆိုလျှင် သူက ပဲခွေကို ကြက်သွန်နီနှင့် ခရမ်းချဉ်သီးနှင့်သုပ်တာ ကြိုက်သဖြင့် သုပ်ဖို့ပြင်လိုက်ပါသည်။

သုပ်နေရင်း အိမ်ရှေ့မှာ ဆိုင်ကယ်ရပ်သံကြောင့် ဘယ်သူလဲ ဆိုပြီး ပဲခွေကို ဖွန်းနဲ့နယ်နေရာမှ ထွက်ကြည့်တော့ ...

''ဟင် ... ဆိုင်ကယ်နဲ့လာတာ။ ငါက နင် စက်ဘီးနဲ့လာ မယ် မှတ်တာ''

သက်လင်းက ဘာမှမရှင်းပြဘဲ ဆိုင်ကယ်ဦးထုပ်ကို ခွဲချွတ် လိုက်သည်။ ချွတ်ထားသည့်ဦးထုပ်ကို စီဒီပေါ်လှမ်းတင်ရင်း –

''ဟူး ... ပူလိုက်တာ၊ ပြင်ပကအပူတွေက ငါ့ရင်ဘတ်ထဲက အပူကို ဖိုပြီးပူစေတယ်''

''အံမယ် ... အံမယ်''

"ဟုတ်တယ်၊ ဘယ်လိုမှ ထိုင်နေမရလို့ ထထွက်လာတာ။ ဒီနေ့ ကျောင်းကဆရာနဲ့သွားတွေ့ရမှာတောင် စိတ်မပါလို့ နေမကောင်းဘူးဆိုပြီး ခွင့်တိုင်လိုက်တာ"

"ဆေးကျောင်းသားက နေမကောင်းဘူး"

"ဆေးကျောင်းသားကလည်း လူပဲ နေမကောင်းဖြစ်မှာပေါ့။ အေး အပြင်ပန်းနေမကောင်းရင် ဆေးသောက်လိုက်ရုံနဲ့ ပျောက်တယ်။ ဘယ်ဆေးသောက်ရင်ပျောက်နိုင်သလဲ ငါသိတယ်။ စိတ်နေမကောင်းတာ ဘယ်လိုစမ်းသပ်ပြီး ဘာဆေးကုရမလဲ နိုင်"

"ဟဲ့ . . . နင့်စကားတွေက အဆန်းပါလား။ နင့်အိမ်မှာ ဘာတွေဖြစ်လာတာလဲ၊ နင့်မိဘတွေက ဆူပေါက်လိုက်လို့လား။ ဟုတ်တော့ မဟုတ်နိုင်ပါဘူး။ အန်တီဝေတို့က နင့်ကို ဘယ်တုန်းက ဆူပေါက်ဖူးလို့ လဲ"

"ထပ်သေချီး အိမ်နဲ့ကို ဘာမှမဆိုင်တာ"

နိုင် ခေါင်းပဲယမ်းလိုက်မိသည်။ ဒီလိုဆိုလျှင် မလျှောက်တတ်တော့ပေ။ သူ့ရှေ့မှာ ပဲခွေသုပ်ပန်းကန်ချကာ –

"စားဦး . . . ပြီးမှ အေးဆေးပြော"

"အဲဒီစားစရာကိစ္စ ခဏထားပါဦး နိုင်ရာ"

သူနှင့်အဝေးကြီးဖြစ်နေသော ပဲခွေသုပ်ပန်းကန်ကို အဝေးဆုံးရောက်အောင်တွန်းပြီး ပြောနေသော သက်လင်းရဲ့ပုံစံမှာ အမှန်တကယ် စိတ်ရှုပ်စရာ၊ စိတ်အနှောင့်အယှက်တွေ့စရာနှင့် ကြုံလာရသူနှယ်။





"ကဲ ကိုယ်တော် . . . ခဏလေး စိတ်ငြိမ်အောင်ထားပါ။ ငါ လက်တော့ ခဏသွားဆေးပါရစေဦး"

"ဘယ်လိုမှ ငြိမ်မှာမဟုတ်ဘူး" လို့ မကြားတကြားပြောလိုက်သံက ကျောနောက်မှာ ကပ်ပါလာသည်။

တကယ်ပဲ သက်လင်း ဘာဖြစ်နေသလဲဆိုတာ နိုင် လုံးဝ မစဉ်းစားတတ်တော့ပါ။ လက်သုတ်ပြီး ပြန်ထွက်လာတော့ အစောက ထိုင်နေသည့်ပုံစံအတိုင်း လုံးဝ မပြောင်းလဲစွာ ထိုင်နေလေသည်။

"ကဲ ပြော . . . နင် ဘာတွေဖြစ်နေသလဲ၊ ငါ ဘာကူညီပေးရမလဲ"

ဟု သူ့ ရှေ့ကခုံမှာဝင်ထိုင်ပြီးမေးတော့ –

"စိတ်ချ . . . နင် သေချာပေါက်ကို ကူညီရမယ့်ကိစ္စပဲ"

"ငါက"

နိုင် ကိုယ့်ကိုယ်ကိုယ် လက်ညှိုးညွှန်ပြတော့ သက်လင်းက ဟုတ်မှန်ကြောင်း ခေါင်းညိတ်လေသည်။ သက်လင်းပုံစံက သေချာကြည့်တော့မှ အတော်စိတ်ရှုပ်နေသည့်ပုံ။

သက်လင်းက ရုပ်မချောသော်လည်း သပ်သပ်ရပ်ရပ်နေတတ်သဖြင့် ကြည့်ကောင်းသူတစ်ယောက်ထဲတွင် ပါသည်။ ယခုကျတော့ သပ်သပ်ရပ်ရပ်နေဖို့ မပြောနှင့် ခေါင်းတောင်ဖြီးဖို့ သတိရရဲ့လားမသိ။

ရုပ်အင်္ကျီလက်ရှည်ကို ဖြစ်သလို လက်ခေါက်ထားပြီး အင်္ကျီ

အနားစကို ခါးထဲထည့်မဝတ်ဘဲ ဘောင်းဘီအပြင်ဘက်မှာ ထုတ်ထားသည်။

"ငါ့ရင်ဘတ်ထဲမှာ မီးလိုပူနေတယ် နိုင်။ အဲဒီမြင်ကွင်းကို ပြန်မြင်တိုင်း ငါ ပိုခံစားရတယ်။ တခြားသူတွေပြောရင်တော့ တစ်မျိုးပေါ့။ ငါကိုယ်တိုင် မြင်ရတော့"

ယခုထက်ထိ သူပြောနေတာ ကိုယ်နားမလည်သေး၍ သူ့မျက်နှာကိုပဲ သည်းသည်းမည်းမည်း ကြည့်နေစဉ် -

"နင့်ကို ငါချစ်တယ်နိုင်"

"ဘာ ... သေနာကျ၊ အဲဒါ နင် ငါ့ကိုစရောလား"

မထင်မှတ်ထားသောစကားကြောင့် နိုင် ကိုယ်နောက်သို့တွန့်သွားကာ ချက်ချင်းမဆိုင်း ရန်တွေ့ပစ်လိုက်သည်။

သူ့မျက်နှာထက်၌ နိုင်စိတ်ဆိုးသွားတာကိုလည်း ဂရုမစိုက်နိုင်သူ တစ်ယောက်နှယ်။

"ဟုတ်တယ် နိုင်၊ ငါ စနောက်နေတာမဟုတ်ဘူး။ နင်နဲ့ လူတစ်ယောက် အတူတူတွဲလာတာကို မြင်ကတည်းက ငါလည်း ငိုချင်သလိုတောင် ဖြစ်လာတယ်"

"ဘယ်လူတစ်ယောက်လဲ"

"မနေ့ကလေ၊ နင်နဲ့ လူတစ်ယောက် ဘုရားပေါ် အတူတူ တွဲတက်သွားတာ။ နင်က ငါ့ကို မမြင်နိုင်လောက်အောင် ကြည်နူးနေတာကိုး"





သက်လင်းစကားကြောင့် နိုင့်မျက်နှာ နီရဲကာ သူ့ကို လှမ်းရိုက်ပစ်လိုက်ပြီး -

"ကြည်နူးစရာလား။ နင်က တွေ့ရင်အော်မခေါ်ပဲနဲ့ ကိုယ့်ဘာသာကိုယ် မခေါ်တာ၊ နေပေါ့"

သက်လင်းက နိုင်ရိုက်သောလက်ကို ဆုပ်ကိုင်လိုက်သဖြင့် ချက်ချင်း ရုန်းထွက်ပစ်လိုက်သည်။ ခါတိုင်းအချိန် ထိမိ၊ ခိုက်မိ၊ ကိုင်မိတယ်ဆိုတာက ရိုးသားစိတ်အပြည့်နှင့် ဖြစ်သည်။ ယခု သူ့စိတ်က မရိုးသားနိုင်တော့ဘူးလို့ ဆိုလာမှတော့ နိုင်က ဘာလို့ အကိုင်ခံရတော့မှာလဲ။

"နင်တို့အတွက် အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပေါ့ နိုင်။ ငါလည်း လမ်းတစ်လျှောက်လုံး နင်တို့နှစ်ယောက်လုံးကိုပဲ မြင်နေလို့ ငါ ဆိုင်ကယ်မှောက်တယ်"

"ဘာ ... နင် ဆိုင်ကယ်မှောက်တယ် ဟုတ်လား"

ဒီလိုတော့လည်း နိုင်က ပစ်ပစ်ခါခါ မလုပ်နိုင်ပါ။ ဒီလောက်ထိ ချစ်ခင်ရင်းနှီးနေကြတဲ့ သူငယ်ချင်းနှစ်ယောက် ကိုယ့်ကြောင့် သူမှာ တစ်စုံတစ်ရာ ထိခိုက်နစ်နာသွားလျှင်တော့ နိုင် ဘယ်တရားမလဲ။

ဒဏ်ရာဘယ်မှာလဲဟု သူ့ လက်ခြေတို့ကို မျက်လုံးနှင့် အပြေးအလွှားရှာမိတော့ သက်လင်းက ကြေမွနေသည့် ပန်းတစ်ပွင့်နယ် ပြုံးကာ -

''အဲဒီဒဏ်ရာတွေက ငါ့ရင်ထဲမှာ ခံစားနေရတဲ့ ဒဏ်ရာတွေကို မဒီနိုင်ပါဘူး''

''အရေးထဲ အဲဒါ နောက်စရာမဟုတ်ဘူး သက်လင်း။ ဆိုင်ကယ်မှောက်ရင် ဒဏ်ရာတစ်ခုမဟုတ် တစ်ခုရမှာ။ ဘာလဲ နင် ငါ့ကို လိမ်နေတာလား''

နိုင့်စကားကြောင့် သက်လင်းက ဆတ်ခနဲဖြစ်သွားကာ –

''ငါ နင့်အပေါ် ဘယ်တုန်းက လိမ်ညာဖူးလို့လဲ နိုင်။ နင်မယုံရင် အိမ်ရှေ့ထွက်ကြည့်လိုက်။ ဆိုင်ကယ်က တော်တော်ပျက်စီးသွားတယ်။ ငါပဲ ဘာမှမဖြစ်တာ''

''သက်လင်းရယ် ... နင့်ဘာသာနင် မခေါ်ဘဲနေပြီး သွားတာ ငါ့ကို မမေးမစမ်းပဲနဲ့။ ဆိုင်ကယ်မှောက်ရင် သေနိုင်တယ်ဆိုတာတော့ နင်သိတယ်နော်''

''နင်တို့ ဘုရားပေါ်သွားတာက''

နိုင်ပြောတာကို မဖြေဘဲ သူက မေးချင်ရာမေးသည်။ နိုင့်ပဲခွေပန်းကန်ကို ဖွန်းနှင့်မွှေပြီး သူ့ရှေ့ပြန်ပို့ကာ –

''မနေ့က အဲဒီသူငယ်ချင်းက ယကြာချေဖို့ အဖော်ခေါ်လို့ ငါလိုက်သွားပေးတာ''

''ဒါဆို ငါထင်သလိုတော့ မဟုတ်ဘူး မဟုတ်လား။ အမလေး အခုမှ တော်သေးရဲ့''

''နင်က ဘာထင်လို့လဲ''





သက်လင်းရဲ့မျက်နှာက တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ မျက်နှာကို မသိမသာလွှဲကာ ဘာမှမဟုတ်တော့ဘူးလို့ဆိုတဲ့ နိုင်ကသည်း ဒီကောင် ဘာထင်သွားတာလဲဆိုတာ သိချင်၍ အတင်းမေးတော့ သက်လင်းက ခပ်တိုးတိုး ဆိုလာသည်။

''နင်တို့ကို ဟိုချစ်သူလို''

''တော်စမ်းပါဟယ်၊ ငါ ရည်းစားထားရင် ပထမဆုံးသိရမယ့်သူက အရင်ဆုံးနင်ပဲ။ ငါ့မှာ ရှားရှားပါးပါး ဒီသူငယ်ချင်းလေးတစ်ယောက်ရှိတာ။ ငါ နင့်ကို ပြောမှာပေါ့။ အခုလည်း သူ ငါ့ကို ဘုရားပေါ်ခေါ်ပြီး ယကြာချေတယ်ဆိုတာ လျှောက်ပြောတာ။ ငါ့ကို ရည်းစားစကားပြောတာလေ''

''နိုင်''

''သူ့အကြံကို ငါသိနေတာကြာပြီလေ။ ရယ်လည်း ရယ်ချင်၊ သူ့ဉာဏ် တစ်ထွာတစ်မိုက်နဲ့ ငါ့ကို ယကြာချေဖို့ အကူအညီတောင်းဘာတဲ့လေ။ ဟင်း ဟင်း''

နိုင်ကပြောရင်း သဘောကျလာကာ ရယ်မိတော့သည်၊ မနေ့က အပြန်လမ်းတစ်လျှောက် ပြန်လာရသည့် ခရီးက ခါတိုင်းနှင့်သုံးဝမတူဘဲ သာယာနေသလို ခံစားရသည်။

အမြဲတမ်း လျှောက်နေကျလမ်းဖြစ်ပေမယ့် မနေ့က အိမ်ရှေ့ထိ လိုက်ပို့ပေးခဲ့လို့ အတူတူလျှောက်ရတဲ့လမ်းလေးကို ထိုနေ့ကမှ၍ ချစ်သွားခဲ့သည်။

“နင် စိတ်မဆိုးဘူးလားနိုင်”

“ဒါ စိတ်ဆိုးစရာလား”

“ဒါဆို အဲဒီလိုစကားမျိုး ငါ နင့်ကိုပြောမယ်ဆိုရင်ကော နိုင်”

“ဘာရယ်”

“ဟုတ်တယ်၊ သူနဲ့နင်တွေ့ကြတယ်ဆိုတာက အခုမှပါဟာ။ ငါနဲ့နင်ဆိုတာက ငယ်ငယ်ကတည်းက စားအတူ၊ သွားအတူ။ ငါကော နင့်အပေါ် ချစ်ခွင့်မရှိဘူးလား”

“ဟင့်အင်း”

“အဲဒီလို ခေါင်းမယမ်းလိုက်နဲ့နိုင်။ မနေ့တစ်နေ့ကမှ တွေ့ရတဲ့လူကိုတောင် ခေါင်းမယမ်းရက်ရင် ငါ့ကိုနင် ပိုပြီးစဉ်းစားပေးရမှာပေါ့။ ငါ မနေ့က တစ်ညလုံး အိပ်မပျော်ဘူး။ နင်နဲ့ အဲဒီတစ်ယောက်ကို မျက်လုံးထဲမှာ မြင်နေလို့။ ငါလည်း နင့်ကိုချစ်နေခဲ့တာ အခုမှ မဟုတ်ဘူး။ ဟိုးအရင်ကတည်းက”

“ဩော် ... နင်က ငါ့ကို မရိုးမသားစိတ် ရှိနေခဲ့တာကိုး”

နိုင်က စိတ်ဆိုးသလို ခပ်အေးအေးမေးတော့ သက်လင်းက ပျာပျာသလဲဖြစ်သွားကာ တောင်းပန်ခယသောမျက်နှာထားနှင့် –

“အဲဒီလိုမကြည့်နဲ့ နိုင်။ ငါ့ဘက်မှာ ဘယ်လောက်ပဲ မရိုးမသားစိတ်ရှိရှိ ငါ နင့်ကို ဘယ်တုန်းက အခွင့်အရေးယူပြီး ထိခိုက်နစ်နာအောင် ငါလုပ်ခဲ့ဖူးလို့လဲ။ မဆိုင်တဲ့သူစိမ်းတစ်ယောက်တောင်





ပန်းကုံးစွပ်ခံခွင့်ရှိရင် ငါကကော ပန်းကုံးစွပ်ပွဲ ဝင်ပြိုင်ခွင့်ရှိရမှာပေါ့ မဟုတ်လား”

“မဟုတ်ဘူး”

“နိုင်”

နိုင် ခေါင်းယမ်းကာ မတ်တပ်ထရပ်လိုက်တော့ သက်လင်း ပုံစံက သေမိန့်ကျခံရသော သုံ့ပန်းတစ်ယောက်နှယ်။ တွေ့မြင်နေကျ သူငယ်ချင်းရဲ့ မျက်ဝန်းတွေထဲမှာ ပြောရက်လေခြင်းဆိုသည့် ဝမ်းနည်းသည့်အရိပ်အယောင်တွေကို မြင်လိုက်ရသည်။

နိုင် ကယောင်ကတမ်းနှင့် ခေါင်းကို ခပ်သွက်သွက်ယမ်းကာ

“ငါ ငါ နင့်ကိုမမုန်းချင်ဘူး သက်လင်း။ ငါ့ဘဝမှာ နင်ဟာ မုန်းတီးရမယ့်လူတစ်ယောက် ဘယ်တော့မှ မဖြစ်ရဘူး”

“အဲဒါဆို နင် ငါ့ကို ချစ်လိုက်ပေါ့နိုင်ရယ်”

မရဲတရဲ ပြောလိုက်သည်။ နိုင် ထိုင်ခုံမှာ ပြန်ထိုင်ချကာ သက်လင်းနှင့် မျက်နှာချင်းဆိုင်ကြည့်ကာ –

“သူများတွေ ဘယ်လိုခံယူထားသလဲ ငါမသိပေမယ့် ငါ ခံယူထားတာကတော့ အချစ်ရဲ့နောက်ကွယ်မှာ အမုန်းရှိတယ်။ မမြင်ရတဲ့ ကံကြမ္မာကြောင့် သိပ်ချစ်ရတဲ့သူက သိပ်မုန်းတဲ့သူ ဖြစ်သွားကောင်း ဖြစ်သွားနိုင်တယ်။ အဲဒီ မုန်းရတဲ့သူ နင် မဖြစ်စေချင်ဘူး သက်လင်း”

“ဘာတွေပြောနေတာလဲ နိုင်”

သက်လင်းထွဋ်ကတော့ နိုင့်ရဲ့စကားကို အမှန်တကယ်ကို နားမလည်နိုင်တော့တာ ဖြစ်သည်။ လူတွေက ချစ်တယ်ဆိုပြီးတဲ့နောက် မုန်းရမှာကိုကြောက်ကာ အမုန်းဆိုတဲ့စကား မကြားပါရစေနဲ့ဟု ဆိုတတ်ကြသည်။ ဘယ့်နှယ် သူမက ချစ်သူဟာ မုန်းသူဖြစ်နိုင်တယ်လို့ ဆိုရတာလဲ။

"နင် ငါ့ကို နားမလည်သလို ဘယ်သူမှလည်း ငါ့ကို နားလည်ကြမှာမဟုတ်ဘူး။ ငါကတော့ ငါ့ကိုယ်ငါ နားလည်တယ်။ တို့တစ်တွေဟာ ငယ်ငယ်လေးကတည်းက ခုထက်ထိ အတူတူခင်လာကြတာပဲ သက်လင်းရယ်။ ငါလေ အစ်ကို မောင် ဝတ်ခဲ့ရလို့လားမသိဘူး။ နင့်ကို ငါ့ရဲ့အစ်ကိုတစ်ယောက်၊ မောင်တစ်ယောက်လို ချစ်တယ်။ အဲဒီထဲမှာ နင့်လိုတော့ မရိုးမသားစိတ် တစ်စွန်းတစ်စမှ မရှိကြောင်း ငါ ကျိန်ရဲတယ်"

"နိုင်"

"နင့်ကိုငါ အပြစ်တင်နေတာတော့ မဟုတ်ပါဘူး။ နင် မရိုးသားချင်စိတ်ဖြစ်အောင် ငါကလည်း အနေအထိုင်မတတ်ခဲ့ဘူးနဲ့ တူပါရဲ့"

"တော်တော့နိုင်"

နိုင်ရဲ့ တွေးဆဆနှင့် ပြောသောစကားကို သက်လင်းက နားနားကြည်းကြည်းနှင့် အော်ဟစ်တားမြစ်လေသည်။ အို ဘုရားရေ သက်လင်းရဲ့မျက်ဝန်းတွေမှာ မျက်ရည်စတွေ ခိုတွဲလို့ပါလား။ ဖြစ်ရလေ





သူငယ်ချင်းရယ်။ ငါတော့ နင့်ကို နာကျဉ်စေခဲ့ပြီနဲ့တူပါရဲ့ဟယ်။ သက်လင်းကတော့ သူ့ကိုယ်သူတောင် ဘာဖြစ်နေသလဲ ဂရုမပြုနိုင်ဘဲ

"အနေအထိုင် မတတ်ခဲ့လို့ ချစ်တယ်ဆိုတော့ ငါက နာဘူးလား။ တကျော့ချလား"

"ဟဲ့ ... တိုးတိုးပြောစမ်းပါ။ ငါက အဲဒီလို ရည်ရွယ်ပြောတာ မဟုတ်ပါဘူး"

နိုင် ဘာပြောပြော သက်လင်းက ခေါင်းပဲယမ်းကာ –

"နင့်ကို အစ်ကို မောင်လိုချစ်သလို ငါက နင့်ကို ညီမလေးလို ဖြူဖြူစင်စင်လည်း ချစ်တယ်။ ချစ်သူတွေရဲ့ တောင့်တရာနဲ့လည်း ချစ်တယ်။ အဲဒီထဲမှာ အခွင့်အရေးယူလိုက်မဟဲ့ဆိုတဲ့ မရိုးမသားစိတ် မြူတစ်မှုန်မှမပါတာ ငါ ကျိန်ရဲတယ်"

"အေးပါဟယ် ... အေးပါ။ ငါ အပြောအဆို မှားယွင်းတဲ့အတွက် ငါ နင့်ကို တောင်းပန်ပါတယ်"

❀

# အခန်း (၂၇)

"ကို့ကို နိုင်ချစ်တယ်"

လို့ ပြဿနာတွေဖြစ်ပြီး သိပ်မကြာခင် နိုင် သူ့ကို အဖြေပေး ခဲ့သည်။ ပြုံးရယ်သွားတဲ့ သူ့မျက်နှာကိုကြည့်ရင်း နိုင်လည်း ရင်ခုန် ကြည်နူးရပါသည်။

ကမ်းလင့်လာသော သူ့ရင်ခွင်ထဲ ခိုဝင်ရင်း အစတုန်းကတော့ ဒီလောက်ထိ မြန်မြန်ကြီးအဖြေပြန်ပေးဖို့ မစဉ်းစားခဲ့ပါ။ သို့သော် ပဝါဖြူတစ်ထည်လို ဖြူစင်သော ချစ်ခြင်းမေတ္တာတရားပေါ်မှာ အမည်း စက်တွေ စွန်းထင်းသွားမည့်အဖြစ်မျိုးကို နိုင် မလိုလားပါ။ နိုင်နှင့် သက်လင်းကြားမှာရှိတဲ့ ချစ်ခြင်းတရား တစ်နည်းဆိုသော် မေတ္တာ တရားဟာ အပြစ်ကင်းကြောင်း နိုင် သက်သေပြလိုက်ခြင်းဖြစ်သည်။

တစ်နေ့တော့ သက်လင်း နိုင့်အပေါ် နားလည်နိုင်မှာပါ။ နောင် နှစ်ပေါင်းများစွာ လျှောက်လှမ်းကြရမည့် ဘဝခရီးလမ်းထက်မှာ





ချစ်သူဆိုတာက ကိုယ့်ရဲ့အားကိုးရာ။ ဒါကတော့ ဘယ်လိုအရာနှင့်မှ အစားထိုး၍မရသောအရာ သူက မချစ်ခင်ကတည်းက ကိုယ်က ချစ်မိ နေသလားမသိ။ ယခုတော့ ထိုချစ်သူကလည်း အနားမှာ။

သူငယ်ချင်းဆိုတဲ့သူကတော့ ကိုယ် ဘာမဆို လိပ်ပြာသန့် သန့်နှင့် တိုင်ပင်ချင်သူ။ ဤလူကိုလည်း ကိုယ့်ဘဝလက်တွဲဖော်တွေ့ ခါမှ နေခဲ့တော့။ ဒါမှမဟုတ် ကြိုရာလူနဲ့ လိုက်ခဲ့တော့ဟု ဖြတ်မချ ရက်ခဲ့ပေ။

သူ ဘယ်လိုမိန်းကလေးမျိုးကို လက်တွဲဖော်အဖြစ် ရွေးချယ် လာလာ ကိုယ်ကတော့ ညီအစ်မအရင်းလို သဘောထားပေးမှာ ဖြစ် ပြီး ကိုယ်တို့နှစ်ယောက်နှင့်အတူ သူတို့နှစ်ယောက်နှင့် ထာဝရ မိတ်ဆွေဖြစ်သွားဖို့ နိုင့်ဘက်က ဆန္ဒရှိပါသည်။ အများအမြင်မှာ နိုင်က သိပ်စိတ်ကူးယဉ်တဲ့ ကောင်မလေးတစ်ယောက် ဖြစ်နေနိုင်ပေ မယ့် နိုင်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးပီတိ ဖြစ်ရပါသည်။

'တို့' ဘက်က နိုင့်ကို သက်လင်းနှင့် မရိုးမသား စိတ်လေး တွေ ရှိခဲ့သလားလို့ စိတ်လေးထင်လျှင်တောင် ဘယ်လောက်ထိ နိုးသားခဲ့ကြောင်း နိုင့်ဘက်က သက်သေပြဖို့ ဝန်မလေးပါ။

"ကိုယ်က နိုင့်ကို ဖွင့်သာပြောရတာ သိပ်မမျှော်လင့်ရဲခဲ့ဘူး။ လူတိုင်း လူတိုင်းက ပြောကြတယ်။ နိုင့်ရဲ့ဘေးမှာ ကိုယ့်အရင် သတ်တော်စောင့်တစ်ယောက် ရှိနေပြီးသား။ မင်း သူ့ကို အရင်ဖြိုနိုင်မှ နိုင့်ဆီရောက်မှာတဲ့"

''လူတွေက ဒီလိုပဲပြောချင်ရာပြောတတ်ကြတယ်။ ကိုယ့်စကားကြောင့် သူများသိက္ခာကျသွားမလား။ ထိခိုက်နစ်နာသွားမလား နည်းနည်းလေးမှ တွေးမပေးကြဘူး''

''အင်းပါ၊ ကိုယ်က နိုင့်ကိုယုံပါတယ်။ နောက်ပြီး ကိုယ်သွားမယ့်လမ်းမှာ ဥပမာဆိုကြပါစို့။ ဆူးညှောင့်ခလုတ်တစ်ခု ရှိနေတယ်ဆိုပါတော့၊ စဉ်းစားကြည့်တယ်။ ကိုယ်သွားချင်တဲ့နေရာအတွက် နောက်ထပ်လမ်း မရှိတော့ဘူးလား။ ရှိတယ်ဆိုရင်တော့ အဲဒီလမ်းက နေ သွားမှာပေါ့။ လုံးဝ နည်းလမ်းမရှိဘူး။ ဒီ ဆူးညှောင့်ကိုဖယ်မှ ရမယ်ဆိုရင်တော့လည်း စိတ်မကောင်းစွာနဲ့ ဖယ်ရမယ်ပဲလေ။ သူက ကိုယ်သွားမယ့်လမ်းမှာ ဆူးညှောင့်ခလုတ်ဖြစ်နေတာကို။ ဒီအတွက် သက်လင်းထင့်ဆိုတဲ့ နိုင့်သူငယ်ချင်းကို ကိုယ် ဆူးညှောင့်ခလုတ်အဖြစ် မသတ်မှတ်ပါဘူး''

''ကျေးဇူးတင်ပါတယ် ကိုရယ်''

''ဘာပဲဖြစ်ဖြစ် နိုင့်သူငယ်ချင်းက ကိုယ့်သူငယ်ချင်းပဲလေ။ ကိုယ်တို့တစ်နေ့ ဆုံကြဦးမှာပါ''

ကို့ဘက်က သက်လင်းနှင့်ဆုံရဖို့ ဆန္ဒရှိပေမယ့် ကို့ကို တွေ့ချင်တဲ့ဆန္ဒ လုံးဝ (လုံးဝ) မရှိသော သက်လင်းရှေ့သို့ 'ဒါ ငါ့ချစ်သူ' လို့ခေါ်သွားရက်ပါ။ နိုင်ဟာ စာနာစိတ် လုံးဝမရှိတဲ့ မိန်းမတစ်ယောက်အဖြစ် အသတ်မှတ်မခံနိုင်ပါ။

နိုင့်ကြောင့် ခံစားနေရသော သက်လင်းကို နောက်ထင်





''နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း'' ဖြစ်အောင် မလုပ်ရက်ပါ။

တစ်နည်းဆိုတော့ ကိုနှင့်သက်လင်းဆိုတာ နိုင့်အတွက် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဖြစ်နေသည်။ တစ်ခါတလေ ကို့ရဲ့အချစ်တွေကြောင့် နိုင့်မှာ ပင်ပန်းရသည်။ အမြဲတမ်း အတူတူသွားလာနေသည့် အခြေအနေကို မစွန့်လွှတ်သော နိုင့်ကို ကိုက မကျေနပ်။

''ကိုနဲ့ ချစ်သူတွေဖြစ်နေကြပြီပဲနိုင်။ နိုင့်ဘေးမှာ သူကရှိနေဖို့ သင့်သေးလို့လား။ ထားတော့၊ နိုင်က မလာပါနဲ့လို့ ပြောရမှာအားနာနေရင်တောင် သူက အလိုက်သိရမှာပေါ့''

ဆိုတာမျိုး။ တစ်ခါတလေ နိုင့်ကိုသက်လင်းက ကျောင်းလိုက်ပို့တာမျိုးဆိုလျှင် –

''ကျောင်းတောင်ရောက်နေပြီပဲ။ နင့်ချစ်သူနဲ့ ငါ့ကို မိတ်ဆက်ပေးဆိုရင် ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် စကားပြောကြည့်ကြရင် မိတ်ဆွေတွေလို ခင်သွားနိုင်တာပဲ။ အခု နိုင်ပြောသလိုဆိုရင် သူက ကိုယ်နဲ့မခင်ချင်သလိုချိုးတော့၊ ဒါ သူ့ဘက်က မရိုးသားတာပဲ''

ဟု တစ်မျိုးမဟုတ်တစ်မျိုး ပြောနေတတ်ခဲ့သည်။ သမီးရည်းစားဘဝမှာ အခြားကိစ္စများနှင့် ပြဿနာမဖြစ်ရဘဲ သက်လင်းနှင့်ပတ်သက်၍ ပြောရဆိုရ ရှင်းပြရတာက အခါခါ။

ကို့ရုပ်ကို့ရည်နှင့် နိုင့်ကို မြတ်မြတ်နိုးနိုး ချစ်သည့်အတွက် နိုင် ကြည်နူးရပါသည်။ ပီတိဖြစ်ရပါသည်။ ဒါပေမဲ့ သက်လင်းနှင့်

ပတ်သက်လာလျှင်တော့ -

"သူက ငါနဲ့ မပတ်သက်စေချင်မှန်းသိရင် နင်လည်း မပတ်သက်နဲ့ပေါ့ နိုင်။ ငါ့ကြောင့် နင်တို့နှစ်ယောက်ကြားမှာ ဘာမှ အဖုအထစ် မရှိစေချင်ဘူးနိုင်"

သက်လင်းကတော့ တစ်ခါလေးပဲ မရိုးမသားပြောခဲ့သည်။ နောက်ထပ် ဘာစကားမှ ထပ်မပြောတော့ဘဲ နိုင်စိတ်ချမ်းသာအောင် ကူညီပေးမတတ်သည်။ ထိုသို့ သက်လင်းဘက်မှ အလိုက်တသိ ပြောလာတော့လည်း -

"ငါ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်။ ဒါပေမဲ့ ချစ်သူက မကြိုက်လို့ပါဆိုပြီး မင်းသူငယ်ချင်းနဲ့ မဆက်သွယ်နဲ့တော့လို့ သူ့နှုတ်က အတိအလင်းပြောလာရင်တော့ ငါ စိတ်မကောင်းစွာနဲ့ပဲ လမ်းခွဲရတော့မှာပဲ"

"နိုင်"

သက်လင်းက နိုင့်ကို အလန့်တကြားခေါ်ကာ -

"နင် အဲဒီလို ဆုံးဖြတ်လိုက်ဖို့ ငါခွင့်မပြုဘူး။ နှလုံးသားနဲ့ ရင်းပြီး ချစ်ရတဲ့သူဆိုတော့ ဘဝမှာတစ်ကြိမ်တစ်ခါပဲ ရှိခဲ့မှုမှာပဲ။ အဲဒီလို နင်ချစ်ရတဲ့သူကို ဘာအတွက်ကြောင့်နဲ့မှ နင် စွန့်လွှတ်စရာ မလိုဘူး။ ငါ့ကိုတော့ နင် အတိတ်မှာပဲ ထားခဲ့လိုက်ပါ နိုင်။ ငါက အစကတည်းက ဘေးထွက်သူပဲ"

သက်လင်းရဲ့စကားတွေကလည်း တရားနည်းလမ်းတော့





ကျပါသည်။ နိုင်ပဲလေ၊ နိုင့်စိတ်ကိုက တခြားသောမိန်းကလေးတွေနဲ့ လုံးဝမှမတူတာ။

"နင်ပြောတာက သာမန်အားဖြင့် မှန်သင့်သလောက် မှန်တယ် သက်လင်း။ ဒါပေမဲ့ နင့်စကားတွေက ငါ့အတွက် အလုံးစုံ မမှန်ဘူး။ ကိုယ့်ချစ်သူတစ်ယောက်ကို ယုံကြည်မှုမပေးနိုင်ဘူးဆိုရင် တစ်ဘဝလုံးလက်တွဲသွားတဲ့အခါ သံသယစိတ်နဲ့ ကြည့်နေတော့မှာ။ အဲဒီအခါကျမှ ငါ့ဘဝက ချစ်သောသူနဲ့တော့ လက်တွဲခဲ့ရပါရဲ့ နေရာတကာ သံသယစိတ်နဲ့ ကြည့်နေလို့ ရှင်လျက်နဲ့သေရမယ့်ဘဝ ဘာပျော်စရာကောင်းမှာလဲ"

"နင် ဘာတွေပြောနေတာလဲ။ နင့်အတွေးတွေကို ငါ လိုက်မမီတော့ဘူးနိုင်။ နင့်အတွေးတွေက တစ်ဖက်စွန်းရောက်နေပြီ။ ဘဝမှာ တစ်လှေတည်းစီး တစ်ခရီးတည်း အတူသွားရမယ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် ရည်မှန်းချက်ချင်းမတူဘူး။ ပန်းတိုင်ချင်း မတူဘူး။ ကိုယ်နဲ့ ခရီးချင်းတူတဲ့လှေတွေ့ရင် အဲဒီအပေါ်တက်ပြီး လှေဟောင်းကို စွန့်ခဲ့ရတာ သဘာဝပဲ"

သက်လင်းရဲ့အတွေးအခေါ် ယူဆချက်တွေက မထင်မှတ်လောက်အောင် ပြောင်းပြောက်နေသည်။

ကိုကလည်း နိုင့်ကို အပြစ်ပြော၊ သက်လင်းကလည်း နိုင့်ကို အပြစ်ပြောနှင့် တကယ်ပဲ မှားယွင်းနေတဲ့သူက နိုင်တစ်ယောက်တည်းလား။

ဒါပေမဲ့ နိုင့်အတွက် စွန့်ပယ်လို့မရတဲ့ အတွေးဆိုးကြီးကတော့ ချစ်သူရလို့ သူငယ်ချင်းနှင့် ပတ်သက်စရာမလိုဆိုတာ ဘာဆိုင်လို့လဲ။ ချစ်သူကချစ်သူ၊ သူငယ်ချင်းက သူငယ်ချင်း။ ချစ်သူဟာ သူငယ်ချင်းဖြစ်မလာနိုင်သလို သူငယ်ချင်းက ချစ်သူမဖြစ်နိုင်တဲ့ ကိုယ့်ယူဆချက်က အမှန်တရားဆိုရင်ကော။

"နင်ပြောတဲ့ ပန်းတိုင်မတူဘူးဆိုတဲ့စကားကို ငါ လက်မခံဘူး သက်လင်း။ ငါတို့တွေက ဘာလို့ ပန်းတိုင်မတူရမှာလဲ။ နင့်ရဲ့ ပန်းတိုင်က ငါတို့နှစ်ယောက်ထက် ချွန်ထွက်ပြီး သမ္မတဖြစ်ချင်တာလား။ ဟင့်အင်း ... ငါ နင့်ကို ဖြုတ်ချမထားခဲ့နိုင်ဘူး။ နင်လည်း အိမ်ထောင်ကျ၊ ငါလည်း အိမ်ထောင်ကျ၊ သားတွေ သမီးတွေ၊ မြေးတွေ မြစ်တွေရတဲ့အထိ သူငယ်ချင်းတွေ။ ငါ့သားသမီး မြေးမြစ်တွေကို ဒါ ဘွားရဲ့အချစ်ဆုံး ငယ်သူငယ်ချင်းလို့ ငါ ပြောခွင့်ရချင်တယ် သက်လင်း။ အဲဒီအတွက် ငါ့ချစ်သူကို လက်တွဲဖြုတ်စရာမလိုသလို နင့်ကိုလည်း ထားခဲ့စရာမလိုဘူး မဟုတ်လားဟင်"

ဘာဝမှာ ဒီလောက်ထိ ရှုပ်တွေးနက်နဲသည့်ပုစ္ဆာ ဖြေရှင်းရလိမ့်မည်ဟု စိတ်ကူး စိုးစဉ်းမှ မရှိပေ။

သူမအတွေးကတော့ ရိုးရိုးလေးမှ ရိုးရိုးလေး။ သူများတွေ ပြောကြသလို ကျောသားရင်သား ခွဲပြီးသားဆိုလျှင်တောင် ချစ်သူက ရင်ဘတ်မှာ၊ သူငယ်ချင်းက ကျောဘက်မှာ။ ဒါတွေက အသိသာကြီး။ ဘာလို့ အရောင်ဆိုးကြဖို့ ကြိုးစားနေကြသလဲ။





"အေး ... နင် အဲဒီလောက်ထိ ပြောရခက်နေရင် ငါ တစ်ခု မေးမယ် နိုင်။ အဲဒီလေ့ဟာ လူနှစ်ယောက်ပဲဆန့်မယ်ဆိုရင် နင့်ရဲ့ ချစ်လှရချည်ရဲ့ဆိုတဲ့ ချစ်သူကို တင်ခေါ်သွားမလား။ နင့်သူငယ်ချင်း ငါ့ကို တင်ခေါ်သွားမလား။ ကဲ ... ဖြေလေ၊ နင် ဘယ်သူ့ကို တင်ခေါ်သွားမလဲ"

မထင်မှတ်သော မေးခွန်းကြောင့် နိုင် ဆွံ့အသွားခဲ့သည်။ ကိုယ့်အတွက် မခက်ခဲသော အကြောင်းအရာက ဘာလို့ သူတို့အတွက် ခက်ခဲနေရတာလဲ။ နေရာတကာမှာ ကွန့်ပြီး မတွေးကြပါနဲ့ ရိုးရိုးလေး တွေးကြပါဟု အော်ပြောချင်တော့သည်။

"ငါ့ကို ချောင်ပိတ်တဲ့မေးခွန်းတွေ မမေးပါနဲ့ သက်လင်းရယ်"

## အခန်း (၂၈)

"အချိန်တွေက ကုန်မြန်လိုက်တာနော် ကို၊ နိုင်တို့ ခွဲရမယ့်အဖြစ်ကို အိပ်မက်တောင် မမက်ရဲဘူး"

"နှစ်လတည်းကိုများ နိုင်ရယ်"

"ဟော ... ကြည့် ကြည့်၊ ကိုရယ်နေပုံထောက်ရင် ကိုက ခွဲနိုင်တဲ့သူပေါ့လေ ဟုတ်လား။ ရန်ကုန်သားက ထားခဲ့တာကို မန္တလာသူက လွမ်းကျန်ရစ်ရတဲ့အဖြစ် နိုင် မုန်းတယ်နော် ကို"

"နိုင်ကတော့ ပြောပြီ။ ကိုက နိုင့်ကို ဘာလို့ထားခဲ့ရမှာလဲ။ နိုင်က ထားခဲ့ရင်တောင် ကိုက နိုင့်လုံချည်ကို အတင်းဆွဲပြီး"

"ဟာ ... ဟိတ်လူကြီး ဘာတွေပြောနေတာလဲ"

နိုင် မျက်နှာနီနီနှင့် အော်တာကိုကြည့်ပြီး သူက တဟားဟားရယ်လေသည်။ နိုင်ကတော့ မျက်စောင်းတထိုးထိုးပေါ့။ သူ အရယ်ရပ်ကာ –





"ဟုတ်တယ်လေ၊ တချို့မိန်းကလေးတွေ ပြောကြတယ်မဟုတ်လား။ ချစ်သူက ထားခဲ့ရင် ပုဆိုးစကို ဆွဲထားပြီး မထားခဲ့ပါနဲ့ မောင်ရယ်ဆိုသလို ကိုယ်ကတော့ ကိုယ့်ကိုမထားခဲ့ပါနဲ့ နိုင်ရယ်ဆိုပြီး ဆွဲသင့်ဆွဲရမှာပေါ့"

"သွားစမ်းပါ အပိုတွေ။ ကိုလား အဲဒီလိုပြောမှာ။ အခုဘာမှမဟုတ်တဲ့ကိစ္စလေးတွေမှာတောင် နိုင့်ဘက်ကပဲ စချော့ရတာ။ ကိုက ဘယ်နှစ်ခါများ ချော့ခဲ့ဖူးလို့လဲ။ အဲဒီလို ထဘီစကိုင်ဖို့မပြောနဲ့ ပါးစပ်နဲ့ တောင်းပန်ဖို့တောင် ဝေးစွခြောက်ပါး"

နိုင့်စကားက သူ့ရင်ထဲ အတော်ကြီးထိခိုက်သွားစေသည်။ နိုင့်ဘက်က သူ စတင်ချော့မလာသည့် အခြေအနေများကို အသေအချာမှတ်ထား၍သော ဤကဲ့သို့ ပိုင်နိုင်စွာ ပြောနိုင်ခြင်းဖြစ်မည်။ အဲဒါကို နိုင့်အမြင်၌ သူက ချစ်သူအချင်းချင်းတောင် မာနကြီးသူအဖြစ် ရာဇဝင်တွင်သွားသည်။

တကယ်တော့ နိုင့်ကိုပြောချင်တဲ့စကားတွေက အများကြီး။ ဒါပေမဲ့ နိုင်နားလည်လက်ခံအောင် ဘယ်လိုပြောရမလဲ။ နိုင်က စိတ်ဆိုး စိတ်ကောက်လို့မခေါ်လျှင်တောင် ငါ့ကိုအကြောင်းရှာဖြတ်တောက်ဖို့ ကြိုးစားနေပြီထင်ပါရဲ့ဆိုတဲ့ အတွေးဆိုးကြီးတွေ နေလို့ထိုင်လို့မရ၊ အိပ်လို့မပျော်ခဲ့ရတဲ့အကြောင်းတွေ နိုင် နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။

ကိုယ့်ဘက်က အားနည်းချက် ရှိနေလို့ပါ နိုင်ရယ်ဆိုလျှင်

နိုင်က သူ့ကို သံသယရှိရကောင်းလားဆိုပြီး စကားများရမှာ သေချာနေသည်။

စည်သူလွင်ရဲ့ ဒုတိယလူဆိုတာ ကောင်းနိုင်ချင်ကောင်းနိုင်ပေမယ့် ဘယ်သူမဆို ဒုတိယလူနေရာမှာ ဝင်ရောက်ခံစားကြည့်လျှင် နေရထိုင်ရတဲ့အဖြစ်အပျက်ဟာ ခါးသီးနာကြည်းစရာကောင်းလှပါသည်။

တစ်ခါက –

"ကိုယ်ဟာ ဒုတိယလူပါ"

လို့ပြောခဲ့တုန်းက နိုင်ဟာ မျက်ရည်လည်ရွှဲနှင့် သည်းသည်းမည်းမည်း ငိုခဲ့ကာ –

"နိုင် ဒီလောက်ထိ ပြောထားလျက်နဲ့ နိုင့်အပေါ် မယုံကြည်တာ ဝမ်းအနည်းဆုံးပဲကို၊ နိုင်တို့လူငယ်ချင်းနှစ်ယောက်နဲ့ပတ်သက်ပြီးကို ဘယ်တော့မှ သံသယမဖြစ်နဲ့လို့ ကိုကို နိုင် အခါခါ တောင်းပန်ခဲ့ဖူးပါတယ်ကို၊ ကိုက နိုင့်အတွက် ပထမလူ၊ ဘယ်သောအခါမှ ဒုတိယလူ၊ တတိယလူဆိုတာ မရှိလာစေရဘူး"

နိုင်စကားအတွက် သူ ဝမ်းသာရပါသည်။ ဒါပေမဲ့ သူငယ်ချင်းဆိုတာ ချစ်သူဘဝ ကူးပြောင်းဖို့ အလွယ်လေးလို့ တွေးမိတဲ့သူ ရင်ပူနေရပါသည်။ နိုင့်ကို ယုံပေမယ့် ကံကြမ္မာကိုတော့ မယုံရဲပေ။

"ပြီးခဲ့တဲ့နှစ်ကလို ကို အိမ်မပြန်ဘဲ အဆောင်မှာနေပါလားကို၊ အဲဒါဆို ကျောင်းပိတ်ပေမယ့် နိုင်တို့ ဝေးသလို မခံစားရဘူးလေ"





"အဲဒီလို ဘယ်ဖြစ်မလဲနိုင်ရယ်။ ပြီးခဲ့တဲ့လေးလပတ်ကလည်း အိမ်မပြန်၊ အခုလည်း အိမ်မပြန်ဘူးဆို မေမေတို့က ကိုယ့်ကို ဘယ်စိတ်ချမလဲ။ သူတို့လည်း ကိုယ့်ကို သတိရနေမှာပေါ့။ ပြီးတော့ ကိုညီမလေးကလည်း ပြီးခဲ့တဲ့ကျောင်းပိတ်ရက်က အိမ်မပြန်လို့ နေမကောင်းဘူးတဲ့။ ခုတစ်ခေါက် မပြန်ရင် မရဘူးလေ"

"ကိုညီမက ကိုကိုအရမ်းချစ်တာပဲနော်။ နိုင်ကလည်း မောင်နှမတော်လို့လားမသိဘူး။ ကိုနဲ့နိုင် လက်ထပ်ကြရင် ကိုညီမက နိုင့်ညီမပဲဆိုပြီး အရမ်းချစ်မှာသိလား"

နိုင့်စကားက သူ့ဘဝကို နိုက်သွားစေတာမို့ နိုင့်မျက်နှာထက် အနမ်းမိုးရွာချမိသည်။ နိုင်က သူ့ခါးကိုဖက်ကာ နားနားသို့ကပ်ကာ–

"ကိုကို နိုင်သိပ်ချစ်တယ် သိလား"

"ဟိုတစ်ယောက်ကကော"

"ဘယ်တစ်ယောက်လဲ"

"ဘာမှမဟုတ်ဘူး။ ဘာမှမဟုတ်ဘူး စတာ"

ကြည်လင်နေသည့် အနေအထား ဂယက်ထသွားမည်စိုးသဖြင့် သူ စကားလျှော့ချပစ်လိုက်သည်။ နိုင်ကတော့ သတိထားမိဟန်မတူဘဲ သူ့ဗိုက်ကို လက်သီးနှင့်ဖွဖွထိုးကာ –

"အသည်းယားတယ်၊ သူများက အသည်းယားရင် ဖက်ထားချင်တယ်။ နိုင်က အသည်းယားရင် ကိုက်ပစ်လိုက်ချင်တယ်"

"နိုင်က ခွေးမလေးပေါ့ ဟုတ်လား၊ ကိုယ်က လူမလေး

မှတ်နေတာ''

''ကိုနော်''

နူးညံ့နွေးထွေးသော နိုင့်ကိုဖက်ထားရင်း သဘောကျစွာ ရယ်မိသည်။ သက်လင်းထွဋ်ဆိုတဲ့လူ အတွေးထဲ ရောက်မလာလျှင်တော့ နိုင်ဟာ သူ့အတွက် သိပ်ကိုချစ်စရာကောင်းလွန်းသော ချစ်သူ ဖြစ်သည်။

ထိုသို့ သူငယ်ချင်းတွေကို ရင်ဖွင့်မိသောအခါ စိုးထက်နှင့် မင်းကျော်က -

''ဒါဆိုလည်း သက်လင်းထွဋ်အကြောင်း မတွေးနဲ့ပေါ့ကွာ။ မင်းကိုက ကိုယ့်အပူကို ကိုယ်ရှာနေတာ''

''စံပယ်တို့ပြောနေတာ သက်လင်းထွဋ်နဲ့ နိုင် ချစ်သူရည်းစား ဖြစ်ဖို့ တွန်းပို့ပေးနိုင်တဲ့ အဖြစ်အပျက်ကအများကြီးရှိတယ်တဲ့။ ချစ်သူ ဖြစ်မလာဘဲ သူငယ်ချင်းကို ခင်နေတာကို မင်းအရောင်သွားမဆိုးနဲ့''

''ဟုတ်တယ်၊ ကိုယ်က အစိုးရိမ်ကြီးလွန်းလို့ တားမြစ်တဲ့အခါ သူ့ဘက် တွန်းလွှတ်ရာကျနေဦးမယ်''

စိုးထက်နှင့်မင်းကျော်ရဲ့ အားပေးစကားကြောင့် အနည်းငယ် ဖြေသာနေသေးသည်။ တကယ်ပဲ သူတို့ပြောသလို ထာဝရ ဖြစ်နေပါစေလို့တော့ ဆုတောင်းမိပါသည်။

''မကြာခင်ဆို ကျောင်းပြီးတော့မှာဆိုတော့ မင်း ဘာလုပ်မယ်လို့ စဉ်းစားထားသလဲ''





စိုးထက်ရဲ့အမေးစကားကြောင့် သူတစ်ချက်ငြိမ်သွားသည်။ ဖေဖေ့မှာ ပြင်ပစီးပွားရေးလုပ်ငန်းတွေအများကြီးရှိတော့ ထိုအလုပ်ကိုပဲ သူ ဝင်ကူရမလားမသိ။ သူကတော့ စီးပွားရေးကို သိပ်စိတ်မဝင်စားဘဲ တည်ငြိမ်တဲ့ဘဝရပ်တည်ချက်ရှိသည့် လုပ်ငန်းကို စိတ်ဝင်စားသည်။

ကိုယ့်အကျိုးရဖို့အတွက် စီးပွားရေး စားကျက်လုနေရတာ စိတ်မဝင်စားလျှင်တော့ သူ စီးပွားရေးလုပ်ငန်းလုပ်၍လည်း တိုးတက်ပြောင်ယောင်မည့်အနေအထားမရှိချေ။

''မသိသေးဘူးကွာ။ တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ ငါ အလုပ်တစ်ခုခုအခြေကျပြီး နိုင်ကျောင်းပြီးရင်တော့ ငါ လက်ထပ်တော့မယ်''

''မင်း အိမ်ကို အသိမပေးသေးဘူးလား''

''နောက်တော့ပေးမှာပေါ့။ စောပါသေးတယ်။ မင်းတို့ကော ကျောင်းပြီးရင် ဘယ်လိုစီစဉ်ထားသလဲ''

သူ့မေးခွန်းကြောင့် စိုးထက်က မတီးဖြစ်တာကြာပြီဖြစ်သော ဂစ်တာကိုငေးကာ -

''ငါကတော့ ကျောင်းပြီးရင် နိုင်ငံခြားထွက်ဖို့စဉ်းစားပြီးသား။ ငွေများများရမယ့် အလုပ်ပဲ စိတ်ဝင်စားတယ်။ ငါတို့မေဂျာက အစိုးရအလုပ်မရှားပေမယ့် ငါက အစိုးရလစာလောက်နဲ့ တင်းတိမ်မယ့်ကောင် မဟုတ်ဘူးလေ။ နိုင်ငံခြားမှာ ငွေအများကြီးရအောင်ရှာပြီးမှ မိလေးနဲ့ ခမ်းခမ်းနားနားကြီးကို လက်ထပ်မယ်''

စိုးထက်က သူ့စိတ်ကူးကို သူ့ဘာသာသဘောကျကာ

ဂစ်တာကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ သူတို့တွေ သမီးရည်းစားရေးရောကီစွတွေနှင့် ရှုပ်နေတော့ ဂစ်တာတီးတာ၊ အပန်းဖြေတာ မလုပ်ဖြစ်။

စိုးထက်က စာသားမပါသော သံစဉ်သက်သက် ဂစ်တာတီးရင်း စိတ်ကူးထဲမှာ ခမ်းနားကြီးကျယ်သော မင်္ဂလာပွဲကို ဆင်နွှဲနေလေသည်။ မိလေးကလည်း တစ်သက်မှာ တစ်မင်္ဂလာပဲကျင်းရတာဟု ဆိုခဲ့သည် မဟုတ်လား။

မိလေးနှင့် မင်္ဂလာဆောင်လျှင်တော့ အနောက်တိုင်းလိုဆောင်မှုဖြစ်မည်။ မိလေးက ပုပုသေးသေးလေးဆိုတော့ မြန်မာလိုထိုင်မသိမ်းနှင့်ဆောင်လျှင် ဝတ်ထားသော မင်္ဂလာဝတ်စုံကို အားနာနေရဦးမည်။ ထို့သို့ဝတ်လည်း မိလေးပုံစံက ကလေးဟန်ပျောက်မှာမဟုတ်။

"ငါကတော့ ဘာကိုဇောက်ချလုပ်ရမလဲ မသိသေးဘူး။ စိုးထက်လိုတော့ နိုင်ငံခြားမသွားချင်ပါဘူး"

"သိပြီးသား ထပ်မပြောနဲ့။ ကျောင်းမှာလေ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်တုန်းကလို နိုင်ငံရေးလုပ်ခွင့်ပေးရင် မင်းက ရှေ့ဆုံးကပါမှာ ငါ သေချာပေါက်ပြောရဲတယ်။ ဘယ့်နှယ်ကွာ ကိုယ်ရောက်နေတဲ့ခေတ် ဘာခေတ်လဲ သေချာမစမ်းစစ်ပဲ ဝံသာနုစိတ်ဓာတ်အပြည့်ပင်နီအင်္ကျီနဲ့ စတန့်ထွင်နေတာ။ ဟော့ … ဒီမှာ တစ်ခုတော့ပြောလိုက်ပါရဲ့ မောင်မင်းကျော်။ မင်းကျောင်းပြီးလို့ နိုင်ငံရေးများလုပ်မယ်ဆိုရင်လေ အတိတ်ကိုပဲ လှည့်ကြည့်မနေနဲ့သိလား။ ခေတ်နဲ့ မျက်ခြေ





မပြတ်အောင် ရှေ့လေးလည်း လှည့်ကြည့်ဦး"

"မင်း ဆရာလုပ်စရာမလိုပါဘူး။ ကျွန်သဘောကရဲ့"

"အံမာ … ငါ့ကိုများ ကျွန်သဘောကတဲ့"

စိုးထက်က ဂစ်တာကို အနိုးကာကိုင်ပြီး အိပ်ရာပေါ်မှာ မှောက်ဝါးတိုးနေသော မင်းကျော်ရဲ့ဖင်ကို ဂစ်တာကိုယ်ထည်နှင့် တဖတ်ဖတ်ရိုက်နေလေသည်။

"ကို"

"ဘာလဲ နိုင်"

"အိမ်ပြန်ရောက်ရင် နိုင့်ဆီ စာရေးဖို့ ဖုန်းဆက်ဖို့ မမေ့နဲ့နော်"

နိုင်က စိတ်မချသလို မှာနေလေသည်။ သူက နိုင်ပါးပြင်ဖောင်းဖောင်းလေးကို အသာလေး ဆွဲလိမ်ကာ –

"မေ့စရာလားကွာ။ ကိုယ့်မှာ ဒီချစ်သူလေးတစ်ယောက်ကိုခဲရာခဲဆစ် ရထားတာ"

"သိနိုင်ဘူးလေ၊ ကိုတို့ ယောကျာ်းတွေက တစ်ချိုကွယ်တစ်မယ်မေ့တဲ့။ ကိုယ့်နေရပ်ကို ပြန်ရောက်တော့ နေရပ်က ရည်းစားဦးလေးနဲ့ နှစ်ပါးကြည်နေရင် ကြည်နေမှာပေါ့"

"ဟော့ ဟော့ … ရန်မရှာနဲ့နော်။ ကိုယ့်မှာ ဘယ်က ရည်းစားဦးမှမရှိဘူး။ ကိုယ့်ဘဝမှာ နိုင်က ရည်းစားဦး, အချစ်ဦး"

"ယုံချင်ပါတယ် ကိုရယ်။ နိုင်ကလေ နိုင့်မေမေနဲ့ဖေဖေနဲ့ကို

ကြည့်ပြီး တစ်ရွာသားကို လက်တွဲဖို့ သိပ်ကြောက်မိတယ်။ နိုင့်ဘဝမှာ အစိုးရိမ်ဆုံးက မေမေနဲ့မေမေ့လို ဖြစ်မှာစိုးတာ။ နောက် တစ်ရွာသားကို ရည်းစားလုပ်မိလို့ လက်တွဲတဲ့အခါ သူ့နယ်မှာနေမယ်။ ငါ့နယ်မှာနေမယ်ဆိုတဲ့ နယ်မြေလုရင်း ဝေးရတဲ့ အဖြစ်မျိုးကိုလည်းကြောက်တယ်"

"နိုင်ကလည်း"

"နိုင်က မလဲနဲ့။ ပြော . . . ကိုကကော လက်ထပ်တဲ့အခါ ဘယ်မှာနေချင်တာလဲ"

နိုင်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသည်။ မချော သော်လည်း ချစ်စရာကောင်းသည့် နိုင့်မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း

"နိုင်က ဘယ်မှာနေစေချင်တာလဲ"

သူ့မေးခွန်းကို နိုင်က ကျွတ်ခနဲသပ်ကာ မျက်စောင်းထိုး သည်။

"ကိုကိုမေးနေတာယ်လေ။ နိုင့်ကို ပြန်မေးစရာလား။ ကိုယ့်ကို ညီမလေးက အရမ်းချစ်လို့၊ မေမေတို့က အရမ်းချစ်လို့ သူတို့တွေနဲ့ မခွဲပါရစေနဲ့ဆိုရင်လည်း အားမနာနဲ့ ပွင့်ပွင့်လင်းလင်း ပြောနော်။ နိုင် စိတ်မဆိုးဘူး"

စိတ်မဆိုးဘူးလို့ပြောပြီး မျက်နှာမကြည်သောနိုင့်ကို ကြည့်ပြီး သူရယ်ကာ –

"စိတ်မဆိုးပေလို့ပဲ။ နိုင့်ဆန္ဒကို မေးတာက နိုင်နေချင်တဲ့ နေရာ ကိုက နေမှာလေ။ နိုင်က ရန်ကုန်မလိုက်ချင်ဘူး မန္တလေးမှာ





ဆိုရင်လည်း ကိုယ်က မန္တလေးသားဖြစ်အောင်နေမှာ"

"ကျေးဇူးတင်ပါတယ် ကိုရယ်။ နိုင် အဲဒီလောက်ထိ အတ္တ မကြီးပါဘူး"

နိုင့်မျက်နှာထက်က အပြုံးဟာ ရွှန်းလဲ့တောက်ပနေသည်။ အတော်ကြာတော့ မျက်နှာလေးညှိုးကျသွားသည်။ ချစ်သူရဲ့မျက်နှာကို အရိပ်တကြည့်ကြည့် ကြည့်နေတဲ့သူက ပျာပျာသလဲနှင့်။

"နိုင် ဘာဖြစ်လို့လဲ"

"နိုင် ဘာမှမဖြစ်ပါဘူး ကို။ ဒါနဲ့ ကို ရန်ကုန်ပြန်ရင် နိုင် ကားဂိတ်လိုက်မပို့တော့ဘူးနော်။ ကိုက ခဏပြန်သွားတာကို နိုင်က ထာဝရပြန်သွားသလို ခံစားရပြီး ငိုမိမှာစိုးလို့။ နိုင်ပိုရင် ပြန်ရတဲ့ကိုလည်း ဘယ်စိတ်ဖြောင့်မလဲ"

"နိုင်ရယ်"

နိုင့်ကို ရင်ခွင်ထဲ တင်းနေအောင် ဖက်ထားလိုက်သည်။ ချစ်သူရဲ့ခံစားချက်ကို ဖွင့်မပြောပါဘဲ ဒီလောက်ထိ သိနေသည်။ အေးလေ ဒီလောက်ထိချစ်နေကြတဲ့ ချစ်သူနှစ်ဦး ဘာကြောင့် ဝေးရ မှာလဲ။

❁

# အခန်း (၂၉)

နေ့ရက် လတို့ကို ရွက်စုတ်ပြက္ခဒိန်လို ဆွဲစုတ်ပစ်လို့ရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

သက်လင်းကတော့ –

"နင် ဒီလောက်ထိ မခွဲနိုင်အောင် ဖြစ်နေမယ်မှန်းသိရင် သူ့ ကားဂိတ်ကိုမသွားခင် ငါသွားပြောပေးပါတယ်။ ခင်များ မပြန်နဲ့ ခင်ဗျားပြန်ရင် ကျုပ်သူငယ်ချင်း ရင်ကွဲနာကျသေလိမ့်မယ်လို့"

"သွားသေလိုက်ပါလား"

ပြောင်စပ်စပ်ပြောနေသော သက်လင်းကို နိုင် စာအုပ်နှင့် ကောက်ပေါက်ပစ်လိုက်သည်။

"နင်က ရည်းစားမှမရှိတာ ဘယ်ခံစားဖူးမလဲ"

"ဘယ်ကလာ ရည်းစားမရှိရမှာလဲ။ ကိုယ်ချစ်နေတဲ့ မိန်းမ တစ်ယောက်ကို ရှေ့မှာထားပြီး မဆိုင်သလို နေရတာက ရင်ဘတ်ချင်း





နီးပြီး မိုင်တစ်ရာဝေးနေတာထက် ပိုခံစားရတယ်"

"သက်လင်း"

သူ့ဘာသာ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ကိစ္စကို လျှာရှည် ပြီး ပြန်လည်အစဖော်မိသည့်ကိုယ့်ပါးစပ်ကိုပဲ ပိတ်ရိုက်ပစ်လိုက်ချင် သည်။

"နင် အဲဒီလိုပြောရင် ငါ နင်နဲ့ စကားမပြောချင်ဘူး သက် လင်း။ အဲဒီလိုစကားတွေကို မပြောစမ်းပါနဲ့။ နင့်ကို ဖြူဖြူစင်စင် ပြောဆိုနေတဲ့ ငါ့စကားသံတွေ ရုပ်သွားအောင် မလုပ်စမ်းပါနဲ့ သူငယ် ချင်းရယ်"

သက်လင်းမျက်နှာက ဖျတ်ခနဲ ညှိုးသွားပြီး ချက်ချင်း ပြန် တည်ကာ ကရော် ကရော်လုပ်၍ –

"ငါက စနေတာကို နင်က အတည်ထင်တယ်။ ရုက်ပါ တယ်။ နင့်လို ရုပ်ဆိုးမ၊ စွာစိမလေးကို ဖင်မင်းထွန်းမို့ ကြိုက်တာ"

"အဲဒါ ဘာဖြစ်လဲ"

နင့်ရဲ့ခံစားချက်တွေကို မမြင်ချင်ယောင်ဆောင်နေရတဲ့ ငါ့ကို ခွင့်လွှတ်ပါသက်လင်းရယ်။ နင့်ရင်ကို နာကျည်းပါစေလို့ မရည်ရွယ်ပါ ဘူး။ ငါနဲ့ပတ်သက်နေတဲ့ နင် အဖျားခတ်ခံရတဲ့အတွက်လည်း ငါ စိတ်မကောင်းပါဘူးဟယ်။

သက်လင်း လှေလာရေးခရီးသွားတော့ နိုင်တစ်ယောက် တည်း အိမ်မှာမနေချင်။ ကိုကိုသတိရတဲ့စိတ်နှင့် ဘာလုပ်၍ဘာကိုင်

ရှုမှန်းမသိ။ သက်လင်းရှိလျှင်တော့ သူ့ကို ရင်ဖွင့်ရ၍ နေသာထိုင်သာ ရှိသေး။

ဒီတော့ မိလေးတို့အိမ်ဘက် ခြေဦးလှည့်မိသည်။ မိလေးကတော့ သူ့အိမ်က ကုန်စုံဆိုင်မှာ တစ်နေကုန်လုံးရှိနေတတ်သည်။ တစ်ယောက်တည်း ပျင်းရိစွာ ထိုင်စောင့်နေရတဲ့ မိလေးကလည်း နိုင်လာတော့ စကားပြောဖော်ရသဖြင့် လက်ဖက်သုပ်ကျွေး၊ မုန့်လုပ်ကျွေးနှင့် –

"နင်လည်း အိမ်မှာ ဘာလုပ်စရာရှိတာမှတ်လို့ပါယ်။ နင့်အမေကို ထမင်းပို့ပြီးတာနဲ့ ငါ့ဆီပဲဝင်ခဲ့။ ငါ မုန့်ကျွေးမယ်"

ဟုခေါ်ရာသည်။ ဒီကလည်း ပျင်းနေတဲ့သူ ဟိုကလည်း ပျင်းနေတဲ့သူဆိုတော့ အံကိုက်ဖြစ်သွားသည်။

နေ့စဉ်နေ့တိုင်း သွားလည်၊ သူငယ်ချင်းတွေအကြောင်း၊ ရည်းစားတွေအကြောင်း ပြောပြီး ရိုးအီသွားတယ်မရှိ၊ အကြောင်းအရာ ထပ်သွားတယ်မရှိပေ။

"ဟဲ့ ... မနွေညက စံပယ်အေး ငါ့ဆီဖုန်းဆက်တယ် သိလား"

"ဒီကောင် ဘာတွေလုပ်နေတာလဲ"

"သူ့အစ်မရဲ့ ကျောင်းသားတွေကို စာကူသင်ပေးနေတာတဲ့။ ပြောတာကတော့ စုံနေတာပဲ၊ ရွှေအပတ်ထဲ ရွာအလှူအတွက် မန္တလေး တက်လာစရာရှိသေးတယ်တဲ့"





"အံမာ ... အဲ့ကောင်က ငါ့ကျတော့ ဖုန်းမဆက်ဘူး။ တွေ့မယ် တွေ့မယ် ညကျရင် ဖုန်းဆက်ပြီး ရန်တော်ပစ်ဦးမယ်။ မန္တလေးမှာ မိမိလေးဆိုတဲ့သူငယ်ချင်းတစ်ယောက်ပဲ ရှိသလားမသိ"

နိုင်က မမြင်ရသေးတဲ့ စံပယ်အေးကို ရန်တွေ့တော့ မိမိလေးက ရယ်ပြီး ကော်ဖီထဖျော်ကာ –

"ဒီနွေညှ နင့်ဆီဆက်ရင် ဆက်မှာပါ။ ငါ သူ့ကို ပြောလိုက်ပါသေးတယ်။ နိုင်လည်း တစ်ယောက်တည်း ပျင်းနေတာ၊ ဖုန်းလေး ဘာလေးဆက်ဆိုတော့ မယ်တော်က ဘာပြောတယ်မှတ်လဲ"

"ဘာပြောတာလဲ"

နိုင့်အမေးကို မဖြေသေးဘဲ မိလေးက ဟီးခနဲရယ်လိုက်သေးသည်။ ဗီရိုထဲမှာ ရောင်းဖို့ထည့်ထားသော ဘီစကွက်မုန့်ထုပ်ကို ဆွဲယူဖောက်ကာ အထုပ်လိုက် နိုင့်ရှေ့ချလိုက်သည်။ ပြီးမှ ကော်ဖီခွက် ကမ်းပေးသည်။

"ဟဲ့ ... အဲ့ဒါက အရေးကြီးသလား။ စံပယ်က ဘာပြောတာလဲလို့"

မိမိလေး ပြုံးစိစိဖြစ်နေသဖြင့် စံပယ် အကောင်းပြောတာမဟုတ်နိုင်တာကို နိုင် ခန့်မှန်းမိသည်။

"နိုင်ကတဲ့ ညတိုင်းညတိုင်း ကိုဇင်မင်းထွန်းကြီးနဲ့ ပြောနေဘာတဲ့။ ငါတို့ကိုတောင် ပြောချင်ပါ့မလား မသိဘူးတဲ့"

"အံမာ ... ဒါ ငါ့အတင်းတုတ်တာပေါ့လေ။ နေဦး ည

ဒီကောင် ဖုန်းဆက်ရင် ငါ ပြောလိုက်မယ်။ နင် ညတိုင်းညတိုင်း ဖုန်းဆက်နိုင်ရင် ငါ ကိုဇင်မင်းထွန်းကို ဖုန်းမပြောဘူးလို့"

"မလုပ်ပါနဲ့တော်၊ တော်ကြာ ကိုဇင်မင်းထွန်းက ငါတို့ကို ဟိုတောင်တွင်းရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းထဲက စာသားနဲ့ ကျိန်စာတိုက်နေဦးမယ်။ ငါတို့ချစ်ခြင်းခွဲသောသူသည် ရေလိုခမ်းခြောက်ကုန်းမအိုတွေဆိုပြီး"

"သေနာမ၊ နင်သာ အဲဒီလိုပြောမှာ ငါက ဘယ်တော့မှ မပြောဘူး"

ခိုင် ကို့ကို အရမ်းသတိရသော်လည်း ကိုကားညတိုင်း ဖုန်းခေါ် စကားပြော၍ တော်သေးသည်။ မဟုတ်လျှင် အသံမကြားရတာနဲ့တင် ခိုင် သေနိုင်သည်။

ဪ . . . အချစ်ဆိုတဲ့ နတ်ဆိုးဟာ လူပြစားခံရတာထက်ကို ဆိုးပါလား။ မချစ်ရခင်တုန်းက ကိုယ်ကသာ တစ်ယောက်တည်း နေရနေရ တစ်ဖွဲ့တည်း နေရနေရ နေနိုင်ခဲ့သလောက် ချစ်ခင်မိသွားတော့လည်း မင်းအသံကိုမှ မကြားရရင် သေရပါတော့မယ် ဖြစ်နေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် သဘောကျပြီး ရယ်တော့ မိမိလေးက ဘာလဲ ဘာလဲ အတင်းမေးနေသဖြင့် ခိုင် ပြန်ဖောက်သည်ချတော့ သူလည်း ရယ်သည်။

"နင်ကမှ ကိုဇင်မင်းထွန်းနဲ့ ညတိုင်း ဖုန်းပြောရသေး။ ကိုစိုးထက်ကတော့ နှစ်ရက်ခြား၊ သုံးရက်ခြားတစ်ခါမှ ဆက်တာ





တစ်ခါတလေ ငါက ဆက်ရင်တောင် မရှိဘူး။ ဘာပြောပေးရမလဲ၊ မှာခဲ့လေနဲ့"

"ဪ . . . ယောကျ်ားလေးကိုး"

"ဪ . . . ကိုစိုးထက်က ယောကျ်ားလေးကိုးဆိုတော့ ကိုဇင်မင်းထွန်းက ယောကျ်ားလေးမဟုတ်လို့လား"

"ငါက အဲဒီလိုပြောတာလေ၊ အဟမ်း . . . လူချင်းတူပေမယ့် မှုချင်းမတူတာကို မယှဉ်နဲ့လေ ကလေးမရဲ့"

"သောက်ရူးမ"

မိမိလေးက ပြစ်ပြစ်နှစ်နှစ် ပြောပြီးမှ သူ့အမေကြားသွားမှာစိုးသလိုနှင့် ဖက်ပုသွားသည်။ လက်ထဲမှာ အပူဓာတ် အနည်းငယ်လျော့နေပြီဖြစ်သော ကော်ဖီကို ငုံသောက်လိုက်သည်။

ဈေးဝယ်တစ်ယောက်လာနေသဖြင့် မိလေးက ထရောင်းသည်။ ဈေးဝယ်ပြန်သွားမှ ပိုက်ဆံကို ပုံးထဲထည့်ပြီး –

"ဒါနဲ့ သက်လင်းထွဋ်တို့တောင် ပြန်လာတော့မယ်နော်"

တစ်ကျောင်းတည်းအတူတက်ခဲ့ဖူးသဖြင့် မိလေးက သက်လင်းနှင့် မရင်းနှီးသော်လည်း သိတော့သိသည်။ သက်လင်းကတော့ ခိုင့်ရဲ့သူငယ်ချင်းတွေကို –

"နင်တို့အုပ်စုကလေ စုလည်းစုမိတတ်ကြတယ် သိလား။ ရှုးရှူးပေါ်ပေါ်အုပ်စု"

ဟု ထောပနာပြုသည်။

"ဟုတ်တယ် . . . နောက်တစ်ပတ်လေ။ ကိုတော့ ကျောင်းမဖွင့်ခင် စောလာခဲ့မယ်တဲ့"

"နှင့်အတွက်တော့ ကောင်းတာပေါ့"

မိလေးက နိုင့်ကို မုဒိတာပွားပေးသည်။ ညဘက် ကိုနှင့်ဖုန်းပြောဖြစ်တော့ –

"ကို ကျောင်းမဖွင့်ခင် လာမယ်ဆိုရင် စောစောလာနော်။ ကို့ကို သတိရနေတာ"

"ချွဲနေ တွေ့ရင်တော့ ချွဲနေ"

"အံ့မယ် . . . ဘယ်မှာတွေ့နေရလို့လဲ။ တကယ်သတိရလို့ပြောတဲ့ဟာကို။ အဲဒါဆို သတိမရတော့ဘူးကွာ။ မလာလေ ကောင်းလေလို့ပြောရမှာလား၊ ကဲပြော"

နိုင့်စကားကြောင့် ကိုက တဟားဟားရယ်သည်။ ပြီးမှ အသံတိုးကာ –

"မေ့သွားလို့ မေမေတို့က တီဗီကြည့်နေကြတာ။ ကိုယ်က နိုင်မျှော်နေမှာစိုးလို့ ဖုန်းခိုးဆက်တာ။ နိုင့်ကိုလည်း ကိုယ် အရမ်းသတိရတယ်"

သူကလည်း သတိရတယ်ဆိုတော့ ဝမ်းသာသွားရသည်။ ဘယ်သူမဆို ကိုယ့်ချစ်သူရဲ့ရုပ်ကို မမြင်ရရင်တောင် သတိရတယ်ကွာလို့ပြောလျှင် လွမ်းတာလည်း ပြေသွားရသည်။

"ကို့မရှိတော့ ဟိုတစ်ယောက်က နိုင့်အနားမှာ တကပ်ကပ်





ရှိနေမှာ နာလိုဘူးကွာ"

"နာလိုလိုက်ပါ၊ သက်လင်းက ကျောင်းပိတ်ကတည်းက လေ့လာရေးခရီးသွားတာ ခုထက်ထိတောင် မလာသေးဘူး"

"တော်ပါသေးရဲ့"

"ဟွန်း . . . အမြင်ကတ်တာ။ သူရှိနေလည်း နိုင်က ကို့ကို သတိမရဘူးများ အောက်မေ့နေသလား။ ထမင်းစားလည်း ကို့ကို သတိရတယ်၊ အိပ်လည်း ကို့ကို သတိရတယ်"

"အပြောနဲ့တင် နားထဲကြည်နူးသွားတာပဲ"

ကိုနှင့်ဖုန်းပြောပြီးမှ အိပ်ပျော်သွားတာလည်း အကျင့်ဖြစ်နေသည်။ သို့သော် သက်လင်းကိုတော့ နိုင်မမေ့ခဲ့ပါ။ သက်လင်းကတော့ ခရီးသွားလျှင် ဖုန်းမဆက်တတ်။ ပြန်လာမှသာ ဘယ်နေ့မှာ ဘာတွေလုပ်တယ်၊ ဘာတွေဖြစ်တယ်ဆိုပြီး ရေပက်မဝင်အောင် ပြန်ဖောက်သည်ချတတ်သည်။ နောက်တစ်ပတ်ကျတော့ နိုင် မမျှော်လင့်ထားသောဖုန်းက ဝင်လာခဲ့သည်။

"ကလင် . . . ကလင်"

"ဟယ်လို"

"သမီးနိုင်လား . . . အန်တီဝေပါ"

"ဟင် . . . အန်တီဝေ"

ထူးထူးခြားခြား အန်တီဝေဆီက ဖုန်းလာလို့ နိုင် အံ့ဩသွားရသည်။

"သက်လင်း . . . ပြန်ရောက်ပြီလား အန်တီဝေ။ ဒီတစ်ပတ်တည်း ပြန်ရောက်မယ်ဆိုတော့"

"အဲဒါပဲ အန်တီပြောချင်တာ။ သားလေ အခု ဆေးရုံမှာကွဲ့။ ပြန်လာရမယ့်ရက်ကတော့ လိုပါသေးတယ်။ မိုက်အောင့်ပြီး သတိလစ်သွားတာတဲ့။ အခု သတိမရသေးဘူး"

"နိုင် အခုလာခဲ့ပါမယ် အန်တီ"

နိုင် ဖုန်းချပြီး အဝတ်အစား ကမန်းကတန်းလဲလိုက်သည်။ ကားငှားပြီး ဆေးရုံကြီးလိုက်သွားတော့ သက်လင်း အရေးပေါ်ခွဲစိတ်ဖို့ လိုအပ်သည်တဲ့။

"အူအတက်ပေါက်တာလို့တော့ ပြောတယ်။ ခွဲခန်းဝင်ရ မယ်ထင်တယ်"

သက်လင်းတော့ မာလကာသီးတွေ မတည့်ဘဲနဲ့ စားပြန်ပြီထင်တယ်။ သူက မာလကာသီးစားရင် မိုက်အောင့်တတ်တာ"

"ဟုတ်မှာပေါ့ကွယ်၊ အန်တီတော့ စိုးရိမ်တာပဲ သိတယ်"

"အူအတက်ဆိုရင်တော့ သိပ်စိုးရိမ်စရာမလိုပါဘူး အန်တီရယ်။ ဟို ့ နိုင်စောင့်နေရမလား။ ဆေးရုံတက်ရမှာဆိုတော့ ပစ္စည်းတွေလိုမှာဆိုတော့"

"ဪ . . . အေ . . . ဟုတ်တယ်၊ သမီးပြောမှ အန်တီသတိရတယ်။ ဘာမှမပြင်ရသေးဘူး။ အဲဒါဆိုရင် အန်တီ အိမ်ပြန်ဦးမယ်။ သမီးပဲ စောင့်ပေးပါဦး"





"စိတ်ချပါ အန်တီ"

အန်တီဝေက နိုင်ရောက်လာပြီမို့ စိတ်ချလက်ချ ပြန်သွားသည်။ နိုင်ကတော့ ခုံမှာပဲ ငြိမ်သက်စွာထိုင်ရင်း ဘုရားစာရွတ်နေမိသည်။ ကိုယ်က စိတ်ပူစိုးရိမ်နေလည်း သူ့ သက်သာအောင် ဘာမှလုပ်ပေးနိုင်မည်မဟုတ်။ ဆရာဝန်၊ သူနာပြုတွေပဲ လုပ်နိုင်မှာမို့ ကိုယ်က ငြိမ်ငြိမ်လေးထိုင်နေတာက တာဝန်ဝတ္တရားတွေ ထမ်းဆောင်နေသူအတွက် ကူညီခြင်းပင်။

အဲဒီနေ့က သက်လင်းကို အရေးပေါ်ခွဲစိတ်လိုက်ကြသည်။

နိုင်လည်း အန်တီဝေနှင့်အတူ လူနာစောင့်လုပ်ပေးလိုက်သည်။ သက်လင်းကတော့ မေ့ဆေးအရှိန်နှင့် သတိမရချေ။

"မဝေတစ်ယောက်တည်း သမီးအတူစောင့်ပေးတော့ သူ အားရှိတာပေါ့၊ အိမ်မှာတော့ ပူမနေနဲ့"

မေမေက စီမံပေးသဖြင့် ထိုည အန်တီဝေနှင့်အတူ လူနာစောင့်လုပ်ပေးလိုက်ရသဖြင့် ကိုနှင့် ပထမဆုံး ဖုန်းမပြောဖြစ်သောညဖြစ်သည်။

အစပိုင်းတုန်းက ကိုနှင့်ဖုန်းပြောရမှာ သတိမရသော်လည်း ဖုန်းပြောနေကျအချိန်က ရောက်တော့မှ ကိုတော့ မျှော်နေတော့မှာပဲဟု စိုးရိမ်မိသည်။ သို့သော် နိုင် ဘာမှ မတတ်နိုင်ပေ။ နောက်ရက်ကျမှ ကို စိတ်ဆိုးပြေအောင် ချော့ရမည်။

# အခန်း (၃၀)

နှစ်ရက် သုံးရက်ကြာသော်လည်း ခွဲစိတ်ထားသဖြင့် ဆင်း၍ မရသေးချေ။ နဂိုကတည်းက ပိန်ပါတယ်ဆိုနေမှ ယခုကျတော့ ပို၍ မည်းပိန်ကျသွားသည်။

"နင်ဟာလေ ဆရာဝန်လောင်းမို့သာပဲ။ သိပ်ပေတာပဲ။ ဒီမှာ နင့်အမေဆို စိတ်ပူလွန်းလို့ ငိုနေတာ။ တော်သေး ... သေကံမပါလို့"

"နင်ကော စိတ်မပူဘူးလား နိုင်"

"သူငယ်ချင်းပဲ စိတ်ပူတာပေါ့။ ကိုယ်ကုပေးလို့ရတဲ့ ဒဏ်ရာ မဟုတ်လို့ နို့မို့ဆို ကုပေးတယ် သိလား"

"အေးပါ ... အပြောနဲ့တင် ရောဂါက သက်သာနေပြီ ဟား ဟား အား ... ကျွတ် ကျွတ်"

"ဟဲ့ ... ဘာဖြစ်တာလဲ"





ရယ်နေရင်း ကုန်းသွားကာ မျက်နှာရှုံ့မဲ့သွားသဖြင့် နိုင် စိုး ရိမ်တကြီးမေးလိုက်သည်။ သက်လင်းက မျက်နှာရှုံ့မဲ့ပြီး လက်ကာပြ သည်။

"အဲဒီလောက် ရယ်မနေနဲ့၊ ချုပ်ရိုးပြေသွားလို့ ငါ့အပြစ်ဖြစ် နေဦးမယ်"

သက်လင်းလည်း သက်သာသွားသဖြင့် စိတ်အေးရသလို ကိုလည်း မန္တလေးသို့ ထွက်လာပြီဆိုသဖြင့် နိုင့်အတွက် ရွှေအိုးထမ်း လာကိန်း ဖြစ်နေသည်။

ကို့ကိုတော့ သက်လင်း အူအတက်ပေါက်လို့ ဆေးရုံတက် နေရသည့်အကြောင်း ပြောပြဖြစ်သေးသည်။ ကိုက မကျေနပ်သော် လည်း –

"အေးလေ ... ကျန်းမာရေးဆိုတော့ မသွားနဲ့၊ မပြောနဲ့ ပြောလို့ ဘယ်ကောင်းမှာလဲ။ သိပ်တော့မသွားနဲ့နော်"

"အင်းပါ ကိုရဲ့"

ဟုပြောပြီး မနက်ကသွားလျှင် ညနေမှပြန်ရောက်ဖြစ်သည့် အကြောင်း မပြောဖြစ်တော့ပေ။ သက်လင်းက –

"အိမ်မှာနေလည်း ဘာအလုပ်မှလုပ်တာမဟုတ်ဘဲ၊ ဆေးရုံ မှာ ငါနဲ့လာပြီး စကားပြောဖော်လုပ်စမ်းပါ။ ငါ မပြောနိုင်လည်း နင်ပြော ပေါ့။ ဥပမာ ... နင်နဲ့ ဟိုတစ်ယောက်အကြောင်းပြောပေါ့။ ငါ နား ထောင်ပေးမယ်လေ"

ဟုပြောတော့လည်း ခဏတဖြုတ်သွားဖို့ အစီအစဉ်က အလို လို ပျက်သွားခဲ့သည်။ ကိုမြင့်ကွယ်ရာပဲဆိုပြီး မလိမ်ချင်ပေမယ့် ကို စိတ်ဆိုး စိတ်အနှောင့်အယှက်ဖြစ်သွားမှာကို နိုင် မလိုလားပေ။

"ငါ ထမင်းစားလို့ ရပြီလား"

"ဘယ်စားလို့ရဦးမှာလဲ။ ဒီမှာ နင့်အမေက နင့်အတွက် ကြက်သားစွပ်ပြုတ်လုပ်ပေးလိုက်တယ်။ နည်းနည်းအေးရင် သောက် လိုက်ပေါ့"

"သေပြီ၊ စွပ်ပြုတ်ဆိုတာနဲ့ လူနာစော်နံနေပြီ။ အမယ်လေး အမေရေ ဆရာဝန်သာဖြစ်တာ လူနာဖြစ်ရမှာတော့ အံသေကြောက် သွားပြီ၊ သား၊ သား ကြောက်ကြောက်"

"ရုပ်ကိုက ပြောင်စပ်စပ်နဲ့ ဘာလဲ ဆေးရုံတက်လိုက်ရတာ ပျော်နေတယ်ပေါ့ ဟုတ်လား"

"ဒီရုပ်လား ပျော်နေတဲ့ရုပ်"

သက်လင်းက နံရံမှာ ခေါင်းအုံးခံပြီး သက်သောင့်သက်သာ မှီနေသည်။ နိုင်က လက်မှာ ပတ်ထားသောနာရီကို တစ်ချက်ကြည့်ကာ

"စွပ်ပြုတ်သောက်လိုက်တော့လေ။ ငါပြင်ပေးမယ်"

ချိုင့်ဆင့်တွေဖြုတ်ပြီး နိုင် အောက်ဘက်ကို တစ်ရှူးစနှင့် သုတ်လိုက်သည်။

"ရော့ ... ဘီစ်မပူတော့ဘူး"

"တစ်ခါတလေမှ လူနာဖြစ်ရတာ နင် ငါ့ကို လူနာလို သဘောထားပြီး ငါ့ကို အဲဒီစွပ်ပြုတ်တိုက်ပါလားနိုင်"

"အံမာ ... လူနာဖြစ်သွားတာနဲ့ နင်က အခွင့်ထူးခံပုဂ္ဂိုလ် ဖြစ်သွားရရောလား။ ငါ ဒီနေ့ အိမ်စောစောပြန်ရမှာဟ။ ဒီနေ့ သူ ရောက်ချင်ရောက်မှာ၊ တော်ကြာ အိမ်ကို ဖုန်းဆက်လို့ လွဲနေမှာစိုးလို့"

သက်လင်းက မျက်နှာပျက်သွားသော်လည်း ဂျိမတိုက်ရှာတဲ

"အခုတိုက်လည်း နာရီဝက်ထက် ပိုမကြာပါဘူး။ မတိုက်ချင် လည်း ငါ့ဘာသာငါ သောက်မယ် ပေးပေး"

ထိုသို့ စိတ်ဆိုးသွားတာမျိုးကျတော့လည်း နိုင် အဖြစ်မခံနိုင် ပေ။ ထို့ကြောင့် လက်ထဲမှာကိုင်ထားသော ချိုင့်ကို မလွှတ်ပေးပဲ -

"ကဲ ကဲ ... ငါတိုက်ပါ့မယ်။ ယောက်ျားတန်မဲ့ စိတ်ကောက် တာလည်း မြန်တာ၊ ပါးစပ်ဟ"

"ဟာ ... စေတနာပါပါ တိုက်စမ်းပါ။ ဒီမှာ ပေကုန်ပြီ ကြည့် ... အင်္ကျီစိုကုန်ပြီ"

"နင်မှ ပါးစပ်မဟဘဲ"

စွပ်ပြုတ်ရေတွေက သက်လင်းရဲ့ပါးစပ်ထဲ တည့်တည့် မရောက်ဘဲ ဖိတ်တစ်ဝက် စင်တစ်ဝက် စီးကျသွားသော အရည်တွေက အင်္ကျီထိစိုရွှဲကုန်သည်။

"ဆောရီး ... ဆောရီး၊ ဖယ် ဖယ် ... ငါလုပ်ပေးမယ်"

စားပွဲပေါ်မှ တစ်ရှူးစကို ဆွဲယူပြီး သက်လင်းရဲ့ပါးစပ်မှာ ပေနေသော စွပ်ပြုတ်ရည်တွေကို သုတ်ပေးနေစဉ် -

"ဟင်"

"ဘာလဲ . . . အလန့်တကြား"

မျက်လုံးပြူးနေသော သက်လင်းကို အမြင်ကတ်သဖြင့် မေးတော့ သက်လင်းက ပါးစပ်ကမဖြေဘဲ တစ်နေရာကို ကြည့်နေသဖြင့် နိုင် လှည့်ကြည့်တော့ –

"အို"

နိုင် လက်ထဲမှာလုံးထွေးဆုပ်ကိုင်ထားသော တစ်ရှူးတွေ အောက်သို့ပြုတ်ကျသွားသည်။ သူ ချာခနဲလှည့်ထွက်သွားသဖြင့် သက်လင်း ဘယ်လိုပုံစံနှင့် ကျန်ခဲ့သလဲ နိုင် မစဉ်းစားနိုင်တော့ဘဲ သူ့နောက် အပြေးတစ်ပိုင်းလိုက်ခဲ့သည်။

"ကို"

သူက ခပ်သွက်သွက်သွားနေသည်။ နိုင်က အပြေးလိုက်နေသဖြင့် မီတော့မည်။ ကောင်လေးတစ်ယောက်နောက် ကောင်မလေးတစ်ယောက် အပြေးတစ်ပိုင်းလိုက်နေခြင်းက အားလုံးအတွက် စိတ်ဝင်စားစရာဖြစ်နေသည်။ နိုင့်အတွက်တော့ ယခုချိန်မှာ ပတ်ဝန်းကျင်ကို မမြင်နိုင်။ ဆေးရုံအထွက်ရောက်မှ ကိုကိုမီတော့သည်။

"ကို . . . နေပါဦး နိုင် ရှင်းပြပါရစေဦး"

"မင်း ငါ့နောက် ဆက်မလိုက်ခဲ့ရင် ကောင်းမယ် သစ္စာနိုင်"

သူ့အသံက ခက်ထန်စွာ ထွက်ပေါ်လာသည်။ သူ့မျက်နှာထက်၌ အပြုံးတစ်စက်မှမရှိဘဲ နီရဲတင်းမာနေသည်။ နိုင် သူ့လက်





မောင်းကို လွတ်ထွက်သွားမှာကြောက်သလို ခပ်တင်းတင်းဆုပ်ကိုင်ကာ . . .

"နိုင်ရှင်းပြတာ နားထောင်ပါဦး ကိုရယ်။ သူ လက်နဲ့မကိုင်သောက်နိုင်လို့ နိုင်က တိုက်ပေးတာပါ။ ကို အထင်လွဲသွားသလို မဟုတ်ပါဘူး"

"ဖယ်စမ်းပါ"

သူက နိုင်ဆုပ်ကိုင်ထားသည့် လက်ကို အတင်းရုန်းထွက်သွားကာ –

"ဒီနေ့မှ ငါရောက်တယ်၊ အဆောင်မှာ အဝတ်ထုပ်တွေ ဖြစ်သလိုထားပြီး မင်းနဲ့တွေ့ချင်လွန်းလို့ နားတောင်မနားနိုင်ဘဲ လာခဲ့တာ။ ငါ မနက်ကတည်းက မင်းအိမ်မှာ သွားစောင့်တယ်။ မင်းလာနိုးလာနိုးပေါ့။ မင်း ဆေးရုံသွားတာ သိပေမယ့် အဲဒီကောင်နဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ငါ လိုက်မလာတာ။ နေ့လယ်စာစားချိန်ရောက်တဲ့အထိ မနေနိုင်လွန်းလို့ လိုက်လာတော့ မင်းတို့က ဖြစ်ချင်သလို ဖြစ်နေတယ်"

"မဟုတ်ပါဘူး။ ကိုထင်နေတာတွေ မဟုတ်ဘူး"

မဟုတ်ဘူးဆိုသည့်စကားကလွဲ၍ လတ်တလော နိုင့်မှာ ပြောစရာ ရေလည်စွာ ရှင်းပြစရာမရှိ။ ကိုမြင်သွားတဲ့မြင်ကွင်းက လည်း ကို့အတွက် အရှုပ်ဆိုး အကျည်းတန်သွားစေလိမ့်မည်။

"ကိုယ်က မင်းရဲ့ချစ်သူစစ်စစ်ပါ သစ္စာနိုင်။ အခုကျတော့

မင်းက ချစ်သူမဟုတ်တဲ့ကောင်နဲ့ လက်ပွန်းတသီး နေတယ်။ သူများ စကားနဲ့ဆိုရင် ငါမယုံဘူး ဘူးခံမိမှာ။ ယော . . . ဒီမှာ ဒီမျက်စိနှစ်လုံးနဲ့ တပ်အပ်မြင်တာကွ၊ တပ်အပ်မြင်တာ''

ချစ်သူတို့သဘာဝ စိတ်ဆိုးစိတ်ကောက်မှုများ အပြန်အလှန် ရှိကြပေမယ့် ကို ယခုလို ဒေါသဖြစ်နေခြင်းကိုတော့ နိုင့်ဘဝမှာ ပထမဆုံး မြင်ဖူးခြင်းရယ်ပါ။ နောက်ပြီး သဝန်တိုစရာမဟုတ် ကြံဖန် သဝန်တိုနေသော ကိုကိုလည်း ရယ်ချင်မိသည်။

''ငါ အမြဲတမ်းပြောတယ်။ အရင်တုန်းက သက်လင်းထွဋ်နဲ့ ဘယ်လိုတွဲတွဲ ငါမပြောလိုဘူး။ အခု မင်းက ငါ့ရဲ့ချစ်သူ။ ငါမဟုတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ သွားတာလာတာ ငါ လုံးဝမကြိုက်ဘူး။ ငါ့ကို နွားလုပ်နိုင်းဖို့ မကြိုးစားနဲ့ သစ္စာနိုင်။ ငါ လုံးဝခွင့်မလွှတ်ဘူး''

''ကို''

နိုင် အံ့သြစွာ ခေါ်လိုက်ရင်း ကိုကို မမြင်ဖူးသူတစ်ယောက်လို ကြည့်နေခဲ့သည်။ ကို့စကားတွေ ဘယ်လိုအဓိပ္ပာယ် သက်ရောက်သွားသလဲ။ နိုင့်အပေါ် ဘယ်လောက်ထိ ပျက်ရယ်ပြုလိုက်သလဲ ကို လုံးဝ မစဉ်းစားတော့ဘူးလား။

စိတ်ကူးတွေထဲမှာသာ မေးခွန်းတွေ ထုတ်နေပေမယ့် လက်တွေ့မှာတော့ ကိုကို အံ့သြကြီးစွာ ငေးမျက်ခဲ့။ နိုင့်အမြင်မှာ သိပ်ချော သိပ်လှသောကိုတစ်ယောက်က ယခုတော့ သူ့ဒေါသနှင့် သူ အကျည်းတန်နေခဲ့သည်။





''အရင်တုန်းကလည်း ဒီကောင်နဲ့ပတ်သက်ပြီး မင်းနဲ့ငါ မကြာခဏ စကားများခဲ့ရတယ် ဒီနေ့အချိန်ထိလည်း စကားများနေရ ဆဲပဲ။ ဒီတော့ နောင်အနာဂတ်နဲ့ပတ်သက်ပြီး ဒီကောင်နဲ့ပတ်သက်ပြီး မင်းနဲ့ငါ အပြတ်အသတ် ရှင်းလင်းမှုဖြစ်တော့မယ် သစ္စာနိုင်''

''ဘာ . . . ဘာရှင်းရမှာလဲ ကို''

နိုင့်ရဲ့စကားတွေ ထစ်ငေါ့စွာ ထွက်သွားခဲ့ပြီး ကို့အပြုံးက တော့ အကြင်နာကင်းမဲ့သူတစ်ယောက်ရဲ့ ရက်စက်တတ်သောအပြုံး။ ချစ်သူဘဝတစ်လျှောက်လုံးမှာ ကို့ရဲ့အပြုံးတွေကို ချစ်ခင်နှစ်သက်မိခဲ့ သလောက် ခုချိန်မှာတော့ ကို့နှုတ်ခမ်းထက်က အပြုံးတွေက နိုင့်ကို သေမိန့်ပေးစေနိုင်သည့် အပြုံး။

ကိုက လက်နှစ်ချောင်းထောင်ပြသည်။ နိုင် သွယ်လျစွာနှင့် အနုပညာသမားတစ်ယောက်ရဲ့ လက်လို ရှည်လျားသော ကို့လက် ချောင်းတွေကိုငေးပြီး ကို့မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဒီအချိန်မှာ ပတ်ဝန်းကျင်ဆိုတာကို မသိစိတ်နှင့် ခဏမေ့ လျော့ထားလိုက်သည်။

''မင်းမှာ ရွေးချယ်စရာနည်းလမ်း နှစ်ခုပဲရှိတယ်။ အဲဒါက do or die ပဲ သစ္စာနိုင်''

နိုင် တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့သည်။ 'ပြတ်သားပါ မရက်စက်ပါနဲ့' . . . လို့ ရင်ထဲမှာ တဖွဖွရေရွတ်နေခဲ့ပေမယ့် အပြင်ပန်း မှာတော့ မတုန်လှုပ်သူတစ်ယောက်လို ကိုကို ငေးကြည့်နေခဲ့သည်။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြတာတော့ မဟုတ်ပါ။ ဒီအတွက် ဘယ်အရာကမှလည်း ဘာအကြောင်းကြောင့်နှင့်မှ 'မြေစာမြက်' ဖြစ်စရာမလိုပေ။

ရင်ထဲမှာတော့ ချစ်သူတစ်ယောက်ထက် ပြိုင်ဘက်တစ်ယောက်လို ဆက်ဆံနေသော ကိုအကြည့်၊ ကိုအပြောတွေကတော့ နှုတ်ခမ်းထက်ကစားသွားမဟုတ်နိုင်ပေမယ့် အသည်းနှလုံးထက်မှာ ခုတ်ပိုင်းဖို့ပြင်နေတဲ့ အသွားထက်လှသော ဓားတစ်ချောင်း။

"မင်း သက်လင်းတွင့်နဲ့ အဆက်အသွယ်ဖြတ်မလား၊ ဒါမှမဟုတ် ငါ့ကို လက်တွဲမလား။ ဒါပဲ Yes or No တစ်ခွန်းတည်းပဲ ပြောလိုက်"

သိသားပဲလေ၊ ဘယ်လောက်သဘောထားကြီးတဲ့ယောကျ်ားတစ်ယောက်ဖြစ်ဖြစ် နောက်ဆုံး သူများက ဘယ်လောက်ပင် ရိုးသားတယ် အော်ပြပြ လက်တွေ့သက်သေပြပြ နောက်ဆုံးတော့ သူတို့ရဲ့ သဝန်တိုမှု၊ ပတ်ဝန်းကျင်ရဲ့သွေးထိုးမှုတွေကို မခံနိုင်တဲ့ ယောကျ်ားတစ်ယောက်က သူ့ရဲ့ ဇာတိအမှန်ကို လှစ်ဟပြနေပြီပဲ။

နိုင်က သဘောကျစွာ တဟားဟားရယ်ရင်း မျက်ဝန်းထက်နိုတွဲလာသည့်မျက်ရည်တွေကို ဂရုမစိုက်မိ။ မျက်ရည်တို့ကတော့ မင်းအရင်ခုန်ဆင်းမလား ငါအရင်ခုန်ဆင်းရမလား အားပြိုင်လျက်။ ရင်ဘတ်ထဲမှာတော့ သူ ထက်ခြမ်းခြမ်းလိုက်သည့် နှလုံးသားတို့ကတော့ သွေးစိမ်းရှင်ရှင် ထွက်လျက်။





"ကိုက အဖြေသိပြီးသားပုစ္ဆာကို ထပ်ပြီး အဖြေညှိချင်နေတာကိုး။ ကိုနဲ့နိုင် ချစ်သူမဖြစ်ခင်ကတည်းက နိုင်က သက်လင်းကို ချစ်သူတစ်ယောက်လို ဘယ်တော့မှ ခံစားမရလို့ ချစ်တဲ့ယောကျ်ားတစ်ယောက်ကို ရွေးခဲ့တာ ကိုသိပြီးသား။ ဒါကို do or die ပြောနေတော့ ကို လွန်တာပေါ့။ နိုင့်ဘက်က ဒီထက်ရှင်းတဲ့အဖြေပေးပြီးပြီမို့ နောက်ထပ် ဘာမှထပ်ရှင်းပြစရာမလိုဘူး။ ကိုဘက်က ဒီရဲ့သံသယကို မဖယ်ရှားနိုင်လို့ နိုင့်ကို စွန့်လွှတ်လည်း နိုင်က သက်လင်းကို ဘယ်တော့မှ ချစ်သူလိုချစ်လာမှာမဟုတ်ဘူး။ ဒီတော့ နိုင်နဲ့သက်လင်း မပတ်သက်ရဘူးဆိုတဲ့ ကို့ ဆုံးဖြတ်ချက်ကိုပဲ ပြန်ပြင်လိုက်ပါ"

❀

## အခန်း (၃၁)

"ငါ့ဘက်က လွန်သလိုဖြစ်သွားခဲ့တာ ဟုတ်တယ်။ အဲဒီအတွက် ငါ တောင်းပန်ဖို့ ကြိုးစားခဲ့တယ်။ ငါသာမကဘူး ... သက်လင်းကတောင် ကြိုးစားခဲ့ပါတယ်။ ဒါကို သူက"

နိုင် ဆက်မပြောနိုင်တော့သလို အသံတွေဆို့နစ်သွားကာ ဝမ်းနည်းမှုကို မထိန်းနိုင်ဘဲ စားပွဲပေါ်မှာ မျက်နှာမှောက်အပ်ပြီး ကိုယ်လေး သိမ့်သိမ့်တုန်အောင် ငိုရှိုက်နေမိပါတော့သည်။

"တောက်"

"ဒါ လူမဆန်တဲ့ လုပ်ရပ်ပဲ"

"ဒီကောင် တော်တော် တရားလွန်နေပြီ။ ဒါပါနဲ့ဆို သုံးခေါက်ရှိနေပြီ"

တစ်ယောက်သောသူက တောက်ပြင်းပြင်းခေါက်ကာ နိုင့်လက်ကို အားပေး၍ ဆုပ်ကိုင်ပြီး မိမိလေးကတော့ မကျေမနပ်နှင့် ပြောနေ





လေတော့သည်။ မအိရဲ့ 'ဒါပါနဲ့ဆို သုံးခေါက်ရှိပြီ' ဆိုတဲ့စကားကို မော့မကြည့်ဘဲ နိုင်သိနေခဲ့သည်။ မျက်ရည်တို့က ပို၍ အားကောင်းနေခဲ့သည်။

"ကိုရယ် ရက်စက်လိုက်တာ"

နိုင်တို့အတန်းရှေ့ဘက်သို့ သူတို့မေဂျာက ကောင်မလေးနှင့် တွဲသွားတွဲလာ လုပ်နေသည်မှာ တစ်ပတ်မကတော့။

ဆေးရုံရှေ့မှာ သမီးရည်းစားနှစ်ယောက် စိတ်ဆိုးစိတ်ကောက်တာနှင့် မတူ၊ စကားရည်လုပွဲတစ်ခု ဆင်နွှဲလိုက်ရသလို တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေးချင်စွာနှင့် အကျိတ်အနယ် ပြောခဲ့ကြသည်။

အဲဒီတုန်းက ကို နိုင့်ကို စူးစူးရဲရဲ အကြာကြီးကြည့်ပြီး လှည့်ထွက်သွားခဲ့သည်။ နိုင်လည်း အတော်ကြာမှ စိတ်ဆိုးပြေပြီး ညနေကျလျှင် ကို စိတ်ကျေနပ်အောင် တောင်းပန်မယ်ဟု ဆုံးဖြတ်ကာ သက်လင်းကိုနှုတ်ဆက်ပြီး ပြန်ခဲ့သည်။

သက်လင်းက ဘာဖြစ်ကြတာလဲမေးတာတောင် ပြေလည်အောင် မဖြေနိုင်ခဲ့ဘဲ ခေါင်းယမ်းပြီး ပြန်ခဲ့ခြင်းဖြစ်သည်။ အိမ်ရောက်တော့မှ စိတ်ကို အငြိမ်သက်ဆုံးထားပြီး အစကနေ အဆုံးထိ ပြန်စဉ်းစားမိသည်။

နိုင်နှင့်သက်လင်း ဖြစ်နေပုံက သူ့အတွက် အတော်နာကျဉ်းတန်သွားစေမှာပဲဟု စဉ်းစားရင်း ပေါ်လာသဖြင့် နိုင် ချက်ချင်း

တောင်းပန်ချင်စိတ်ဖြစ်သွားသည်။

နိုင် မှားပါတယ် ကိုရယ်။ နောက် သက်လင်းနဲ့ပတ်သက်ပြီး နိုင် အနေအထိုင် ဆင်ခြင်ပါ့မယ်။ သိက္ခာတွေ၊ မာနတွေချပြီး မရ ရအောင် တောင်းပန်မည်ဟု ဆုံးဖြတ်ကာ စိတ်မြန်လက်မြန်နှင့် ကား ငှားပြီး ကိုအဆောင်ရှေ့ ရောက်ခဲ့သည်။

"ကိုဇင်မင်းထွန်းနဲ့ တွေ့ချင်လို့ပါ"

အဆောင်မှာရှိနေသော အမျိုးသားတစ်ယောက်က နိုင့်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ယောက်ျားလေးဆောင်မှာ ကျောင်း မဖွင့်သေးဘဲ အမျိုးသမီးတစ်ယောက် အမျိုးသားတစ်ယောက်ကို လာမေးနေတာ လူအထင်သေးစရာဖြစ်နေသော်လည်း လတ်တလော ထိုထက်အရေးကြီးနေတာရှိ၍ ဂရုမစိုက်နိုင်။

"သူ မရောက်သေးဘူးလားရှင်"

"ရောက်တော့ရောက်တယ်။ မနက်ကလေ၊ အစောနက အဝတ်အိတ်တွေအားလုံး သယ်ပြီး ပြန်ထွက်သွားပြီ"

"ရှင် ဘယ်ထွက်သွားတာလဲ အစ်ကို။ တစ်ချက်လောက် ပြောပြပါရှင်၊ အရေးကြီးလို့ပါ"

မျက်ရည်လည်ရွဲနှင့် မရမက မေးနေသော နိုင့်ကို ထိုလူက ဘာတွေအတွေးပေါက်သွားသလဲမသိ သနားသလိုကြည့်ပြီး –

"ဒီလူ သိပ်ခက်တယ်ဗျာ။ ကျွန်တော်လည်း သိရင်ပြောပြ ချင်ပါတယ်။ မေးတော့မေးသား၊ ဘာမှပြောမသွားဘူး။ ကျောင်းဖွင့်





ရင်တော့ တစ်ခေါက် ပြန်လာခဲ့လေဗျာ။ အဲဒီအချိန်ဆိုရင်တော့ ပြန် လာလောက်ပါပြီ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

နောက်ဆုံး နိုင် တစ်ခေါက်ပြီး လှည့်ပြန်ခဲ့ရသည်။ ဆေးရုံ မှာနေပြီး ဘယ်လိုသိသွားသလဲမသိတဲ့ သက်လင်းကတော့ –

"ငါ သန့်ဘက်ခါဆို ဆေးရုံကဆင်းရမှာ။ ငါ့ကြောင့် ဖြစ်ရ တာ ငါရှာဖြစ်အောင်ရှာပြီး တောင်းပန်ပေးပါ့မယ်"

"နင့်ကြောင့် မဟုတ်ပါဘူး။ ငါ အပြောမတတ်လို့ပါ"

နောက်တော့ မနက်ဖြန်လို သန်ဘက်ခါရောက်တော့ ကျောင်းဖွင့်ခါနီးပြီမို့ သူငယ်ချင်းအားလုံး တဖွဲဖွဲရောက်လာကြသည်။

နိုင်ကတော့ မရှက်နိုင်ဘဲ မိမိလေးတို့အားလုံးကိုပြောပြလိုက် သည်။

ထိုစဉ်တုန်းကတော့ သူတို့အားလုံးက နိုင့်ကို တစ်ယောက် တစ်ပေါက် အပြစ်တင်ကြသည်။

"နေရာတကာမှာ မာနထားတိုင်း ကောင်းတယ်လို့ထင်နေ သလား။ အခု နင်ရဲ့ပြိုင်ချင်ဆိုင်ချင် အနိုင်လိုချင်စိတ်က နင့်ကို ဒုက္ခပေးပြီလေ"

"ဟုတ်ပါတယ် . . . ငါ့အပြစ်ပါ။ ငါ့အပြစ်တွေပါ မိလေးရယ်"

နိုင် အရူးမလို တငိုငို၊ တရယ်ရယ် ဖြစ်နေတော့လည်း အပြစ်တင်နေသော သူငယ်ချင်းတွေမှာ စိတ်မကောင်းနိုင်ကြပါ။

သူတို့လည်း ဖင်မင်းထွန်းရဲ့ အဆောင်ဆီရောက်သွားခဲ့ပြီး စုံစမ်းခဲ့ကြသည်။ စိုးထက်နှင့် မင်းကျော်ကတော့ အဆောင်တွင် ပြန်ရောက်နေပြီဖြစ်သော်လည်း သူကတော့ ရောက်မလာပေ။

သူတို့လည်း သူတို့တွေရဲ့ သက်ဆိုင်သူများမှတစ်ဆင့် နိုင်နှင့် သက်လင်းအကြောင်း သိပြီး နိုင့်ကိုအပြစ်တင်ချင်နေကြသည်။ သို့သော် နိုင်ကိုယ်တိုင် တကယ်ခံစားနေရတော့လည်း အပြစ်မတင်ရက်ပေ။

သို့သော် ကျောင်းပြန်ဖွင့်ပြီဖြစ်သော်လည်း ကိုသည် ကိုစိုးထက်တို့ရဲ့အဆောင်မှာ ပြန်မနေချေ။ အစပိုင်းတုန်းကတော့ ကိုစိုးထက်တို့က –

"ဒီကောင် နိုင့်ကိုစိတ်ဆိုးတာနဲ့ ကျွန်တော်တို့ကိုပါ အဆက်အသွယ်ဖြတ်တာ လုံးဝမဖိုက်ဘူး"

ဟုပြောပြီး သိပ်မကြာခင် ကိုသည် သူတို့မေဂျာမှ အတန်းဖော် ချမ်းမြတ်နိုး ဆိုသည့် မိန်းကလေးနှင့် ချစ်သူတွေဖြစ်သွားကြသည်တဲ့။ ဒီရဲ့သတင်းကို သယ်ဆောင်လာသူက မိမိလေး။

"နိုင် . . . နင် ဖင်မင်းထွန်းကို မေ့ပစ်လိုက်"

ကိုတွေ ဘာတွေ တပ်မခေါ်နိုင်ဘဲ ဖင်မင်းထွန်းကို မေ့ပစ်လိုက်ဟု တုံးတိတိကြီး ပြောလာစဉ်က နိုင် မျက်စိမျက်နှာပျက်စွာနှင့်။

"ငါ ကို့ကိုမမေ့နိုင်ဘူး။ ကို့ကို ငါ ချစ်တယ်။ တစ်နေ့ ကို ငါ့ သစ္စာကိုယုံပြီး ငါ့ဆီ ပြန်ရောက်လာမှာပါ မိလေးရယ်"





"ဟော"

ယခင်တုန်းကတော့ ငိုဖို့နေနေသာသာ အမေရိုက်လို့ တန်ဆောင်ပန်ဆောင်တောင် မျက်ရည်မကျတတ်တဲ့ နိုင်က အလွမ်းမင်းသမီးဖြစ်နေတော့သည်။

သူ့အကြောင်းလေး နည်းနည်းပြောလိုက်သည်နှင့် မျက်ရည်က မနိုင်တော့။ ဒီတော့လည်း သူငယ်ချင်းတွေက တတ်နိုင်သမျှ သူ့အကြောင်းမပါအောင် ပြောကြသည်။

"နင်ကလည်း"

နိုင် မျက်ရည်ကျတော့ စံပယ်အေးက မိလေးကို မျက်စောင်းထိုးပြီး ဆိုလေသည်။ မိလေးကတော့ စံပယ်အေးရဲ့မျက်စောင်းကို ဂရုမစိုက်ဘဲ –

"နင်သိလား။ နင်ကတော့ ဒီမှာ လွမ်းလို့ငိုလို့ ကောင်းနေတာသိလား။ ဟိုက နောက်တစ်ယောက်ရနေပြီ"

"ဘာ မဟုတ်တာမပြောနဲ့ မိလေး၊ ကိုက အဲဒီလိုလူစားမဟုတ်ဘူး"

"အေး . . . ဟုတ်လား။ မဟုတ်လား နင်သိချင်ရင် သက်လင်းထွန်းကိုမေးကြည့်လေ။ ဒါပေမဲ့ သက်လင်းထွန်းကတော့ နင် စိတ်ဆိုးမှာစိုးလို့ ပြောမှာမဟုတ်ဘူး။ ဒီထက်သေချာအောင် ပြောမယ်၊ ဖင်မင်းထွန်းနဲ့ ကိုစိုးထက်တို့နှစ်ယောက် ရန်ဖြစ်ကြတာကော နင်သိရဲ့လား"

"ဘာ"

"ဟင် . . . သူတို့ ဘာဖြစ်လို့"

"သေချာလို့လား မိလေးရယ်"

အားလုံးက အံ့ဩ မယုံကြည်နိုင်စွာ မိလေးကိုမေးတော့ မိလေးရဲ့မျက်နှာ၌ အပြုံးလုံးဝမရှိဘဲ ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းတွေနှင့် ငေးကြည့်နေသောနိုင့်ကို စူးစိုက်ကြည့်ကာ –

"ကိုစိုးထက်တို့က နင့်ဘက်က မခံနိုင်လွန်းလို့ ရန်ဖြစ်ကြတာ။ အစပိုင်းတုန်းကတော့ နင်က တောင်းပန်ချင်တဲ့အကြောင်းနဲ့ ပြေလည်အောင်ပေါ့။ ဒါပေမဲ့ ဇင်မင်းထွန်းဆိုတဲ့ကောင်က ဘယ်လောက် မိုက်ရိုင်းသလဲ နင်သိအောင်ငါပြောလိုက်မယ်။ နင်က မျက်နှာများတဲ့မိန်းမတဲ့။ သက်လင်းထွဋ်နဲ့ ဘယ်လိုအခြေအနေလို့ တပ်အပ်မပြောနိုင်တဲ့ မိန်းမတစ်ယောက်ကို သူ လက်မတွဲနိုင်ဘူးတဲ့"

"ဘာရယ်"

"ဟာ . . . ဒီလူ တော်တော်အောက်တန်းကျတဲ့လူပဲ"

"အဲဒါ နိုင်နဲ့သက်လင်းထွဋ်ကို ညားနေပါတယ်လို့ မစွပ်စွဲရုံတမယ်ပဲပေါ့"

"တော်ကြပါတော့၊ တော်ကြပါတော့။ ငါ မကြားရဲတော့လို့ပါ"

နိုင် ခေါင်းယမ်းကာ နားကို ခပ်တင်းတင်းပိတ်ပြီး နာနာကြည်းကြည်း မျက်ရည်ကျမိပါသည်။ မဒီရဲ့စကားက နားထဲက လုံးဝမထွက်။





"တော်ပါတော့ဆိုတိုင်း ငါတို့မတော်နိုင်ဘူး။ အဲဒီစကားကို မခံနိုင်လို့ သူတို့က စကားများကြတာ။ ထိုးကြနှက်ကြတဲ့အထိ။ ဟော အဲဒီအကြောင်းတွေကို ဘယ်လိုသိသွားသလဲ မသိတဲ့ သက်လင်းထွဋ်က ဇင်မင်းထွန်းတို့မေဂျာထိ သွားပြီး ရှင်းပြဖို့ကြိုးစားတယ်လေ"

"အဲ . . . အဲဒါ . . . ငါလည်း မသိရပါလား"

နိုင့်စကားကြောင့် ဒါရိုက်တာ မိမိလေးက မဲ့လိုက်ကာ–

"နင်က ဘယ်သိမလဲ။ သစ္စာမရှိတဲ့ယောကျာ်းအတွက် မျက်ရည်ကျပြနေတာကိုး။ နင့်ရဲ့ကောင်က ဘယ်လောက်မိုက်ရိုင်းသလဲဆို သက်လင်းကို ရှင်းပြခွင့်မပေးဘဲ ထိုးလွှတ်လိုက်သတဲ့လေ"

"ဘာ"

ဟိုတစ်နေ့က သက်လင်းရဲ့မျက်နှာမှာ အမာရွတ်စွဲနေတာကို နိုင် မြင်တော့မြင်ခဲ့သား။

ကိုယ်ကလည်း ကိုယ်ရဲ့ပူပင်သောကတွေနဲ့ ဆိုတော့ သူ့ကို အရင်လို စကားကောင်းကောင်း မပြောနိုင်ပေ။

ဒါတောင် သက်လင်းက ဆေးရုံကဆင်းရသည်မှာ မကြာသေး။

အဲဒီ တုန်းကလည်း 'ငါနဲ့ဇင်မင်းထွန်း တွေ့ကြသေးတယ်' လို့ သူ့နှုတ်က လုံးဝမထွက်။

"ဒါဆို အခု ကိုစိုးထက်တို့နဲ့ ဟိုတစ်ယောက်က ခွာပြီလေသတည်းပေါ့ ဟုတ်လား မိလေး"

စံပယ်အေးရဲ့မေးခွန်းကို မိလေးက ခေါင်းညိတ်ကာ –

"ဒါပေါ့။ အခုဆို အဆောင်လည်း မတူသလို ကျောင်းမှာ တောင် မတွဲဖြစ်ကြတော့ဘူးတဲ့။ ဟိုလူကတော့ မိန်းကလေးတွေ တရုန်းရုန်းနဲ့ပေါ့"

"ငါ ထင်တော့ထင်သားပဲ။ ဒီလူရဲ့ရုပ်ရည်နဲ့ နိုင့်ထက် အဆ တစ်ရာလှတဲ့ မိန်းကလေးတွေကို ရည်းစားထားနိုင်တာပဲ။ သူက နိုင့်ကို အပျင်းပြေကစားသွားတာပေါ့လေ။ ခွာပြချင်စိတ်ကတော့ ရှိနေ လောက်ပြီ။ အကြောင်းအရာ ရှာမရဖြစ်နေတုန်း နိုင်နဲ့သက်လင်းကို မြင်တော့ အကြိုက်တွေ့သွားမှာပေါ့"

မဒီက တွေးဆဆနှင့် ကောက်ချက်ချနေသည်။ ဘယ်သူ တွေ ဘယ်လိုပဲ တစ်ယောက်တစ်ပေါက် ပြောနေကြပါစေ ကိုဟာ အဲဒီလိုလူသားမဟုတ်ဘူးဆိုတာ နိုင် အလိုလိုသိနေသည်။

ဟော . . . အခုတော့ ကိုက နိုင့်ရဲ့ရင်ကို အကြိမ်ကြိမ်အခါခါ နာကျည်းစေသော ရည်ရွယ်ချက်ဖြင့် သူ့ကောင်မလေးကို ခေါ်ပြီး နိုင်တို့အတန်းရှေ့ဘက်ကနေ ခဏခဏ ဖြတ်လျှောက်ပြနေတာပါ လား။

ရက်စက်လိုက်တာ ကိုရယ်။

"နိုင် ဘယ်လဲ"

"နိုင်"

"အတန်းချိန် ရှိသေးတယ်လေ နိုင်"





ပါးပြင်ထက်၌ ပေလူးနေသော မျက်ရည်များကို ဖြစ်သလို သုတ်ပြီး နိုင် အတန်းထဲမှ ထွက်လိုက်တော့ သူငယ်ချင်းအားလုံးက တစ်ယောက်တစ်ပေါက်နှင့် တားကြသည်။ နောက်တော့ နိုင့်ကို တစ် ယောက်တည်းလွှတ်ထားလို့မရဘူးဆိုတဲ့ အသိနှင့် တစ်ယောက်ပြီး တစ်ယောက် ထလိုက်လာကြသည်။

အတန်းရှေ့ရောက်တော့ နိုင့်ရဲ့ခြေထောက်အစုံက ခဲနှင့် ဆွဲခံသူလို တုံ့ခနဲရပ်တန့်သွားသလို နောက်မှာလည်း သူငယ်ချင်းတွေ က ရပ်တန့်သွားသလို ဖြစ်သွားရသည်။

နိုင်က ကိုယ့်ရှေ့မှာ အတူလက်တွဲပြီးဖြတ်သွားသူနှစ်ယောက် ကို မမြင်ဖူးသူလို နောက် အနေးပြကွက်နှင့် ပြနေသလို ထင်းထင်းကြီး မြင်နေကာ သူတို့တွေကျော်လွန်သွားမှတော့ နိုင့်ဆီမှာကျစရာမျက်ရည် တွေ မရှိတော့သလို ဖြစ်သွားသည်။

"ဟဲ့ . . . လုပ်ပါဦး"

"နိုင်"

ပြေးထွက်လာသော နိုင့်ရဲ့နောက်မှာ သူငယ်ချင်းတွေလည်း အရူးတွေလို အပြေးတစ်ပိုင်း လိုက်ခဲ့ကြသည်။

ယခုတော့ နိုင့်နားမှာ ဘယ်သူမှမရှိတော့။ သက်လင်းက လည်း သူ နိုင့်နားမှာရှိနေလျှင် ဖင်မင်းတွန်း ဒီထက်မက အထင်လွဲ စရာ ဖြစ်မည်စိုးသောကြောင့် နိုင်နှင့် ခပ်ခွာခွာ အဝေးဆုံးမှာနေဖို့ ကြိုးစားခဲ့သည်။

ကိုကလည်း –

ယခုတော့ သစ္စာတရားတွေ ဘယ်လောက်ရှိုင်မာတဲ့ မိန်းမပဲ ဖြစ်ဖြစ်၊ နောက်ဆုံးတော့ သစ္စာရှိုင်ဟာ တစ်ယောက်တည်းပါပဲလေ။

❁



# အပိုင်း (၃)

## "မေ့မရတဲ့အကြောင်း"

မမေ့နိုင်သေးတာ သေချာရဲ့လား။
မနေ့က ရေးခဲ့တဲ့ ဒိုင်ယာရီထဲ
မင်းအကြောင်း တစ်စွန်းတစ်စ။
သူငယ်ချင်းတွေနဲ့ အတူထိုင်မိချိန်
မင်းအကြောင်း တချို့တလေ။
နောက်ဆုံးကုန်ကုန်
ငါ့ရဲ့အချစ်တော် ကစ်တီကတောင်
မင်းကိုအောက်မေ့လို့။
ငါ မမေ့နိုင်သေးတာ သေချာပြီပဲ။

အဲဒီ လရာသီတစ်ခုလုံး
ငါ့ရဲ့အရုဏ်တက်ချိန်
ငါ့ရဲ့ မွန်းတည့်ချိန်
ငါ့ရဲ့ ညနေချမ်းအားလုံး
မင်းကို အပိုင်စားပေးခဲ့ဖူးတယ်လေ။
ငါ မမေ့နိုင်တာသေချာပြီပဲ။

Blue eyes says, "Love me or I die". Black eyes says, "Love me or I kill thess".

အပြာရောင်မျက်လုံးတွေက ပြောတယ်၊ ငါ့ကိုချစ်ပါ။ မချစ်ရင် ငါ သေလိမ့်မယ်တဲ့။ အနက်ရောင် မျက်လုံးတွေက ပြောတယ်၊ ငါ့ကိုချစ်ပါ မချစ်ရင် မင်းကို ငါ သတ်မယ်တဲ့။

"ကိုယ်ချစ်သလို ချစ်ပါ့မလားဆိုတဲ့ ပူလောင်စိတ်တွေ၊
ကိုယ့်ကို အရင်လိုချစ်သေးရဲ့လား စိုးရိမ်စိတ်တွေကြောင့်
ကိုယ်ဟာ အပင်ပန်းဆုံး လူသားဖြစ်နေရပါပြီ"

**ဇင်မင်းထွန်း**

## အခန်း (၃၂)

''ကိုကို မုန်းတယ်၊ ကိုကိုမုန်းတယ်''

''နိုင် သတိထားလေ''

နိုင် နှုတ်က ကယောင်ကတမ်းထွက်နေသောစကားတို့သည် သူ့ရင်ထဲ မြားတွေနှင့် လာစိုက်နေသလို ခံစားရသည်။

မမသက်က အဖျားကြီးပြီး သတိလစ်နေသော နိုင့်ကို ထိန်းရင်း သူ့ဘက်သို့လှည့်ကာ –

''နိုင့်ရဲ့အဖျားက ကျသွားတယ်မရှိဘူး။ ဆေးရုံတင်ရမယ် ထင်တယ် မောင်ဇင်မင်းထွန်း။ မမသက်ကို တစ်ခုလောက်ကူညီပါလား''

''ရပါတယ်မမသက်ရယ်၊ ဒါ ပြောနေရမယ့်လူတွေမှ မဟုတ်တာ။ ကျွန်တော် လုပ်ပေးရမှာပေါ့''

မမသက်က နိုင့်ကိုစောင့်ရင်း ကျန်ခဲ့သည်။ သူက မောင်ရဲ

နောင်ကို ရုံးကကားတစ်စီးသွားယူခိုင်းလိုက်သည်။

ကားဂိတ်ကိုရောက်တဲ့အထိ စကား ဟက်ဟက်မပြောသော နိုင့်ကြောင့် သူလည်း နိုင်စိတ်ချမ်းသာစေရန် ငြိမ်သက်ပေးနေခဲ့ခြင်း ဖြစ်သည်။ တစ်သက်မှာတစ်ခါ နှလုံးသားနှင့်ရင်းပြီးချစ်ရမယ့်ချစ်သူ တစ်ယောက်တည်းရှိခဲ့သော်လည်း အဲဒီချစ်သူကို ခရီးဆုံး မခေါ်သွားနိုင်၍ လမ်းတစ်ဝက်မှာ ထားပစ်ခဲ့ရသည်။

ဘာမှ အပြစ်မရှိပါဘဲ အပြစ်တစ်ခု အတင်းပြုလုပ်ကာ ထားခဲ့သူက ကိုယ်ရယ်ပါ။ သို့သော် ကျေးဇူးတရားကို ဆပ်ဖို့ရာ အခြားနည်းလမ်းမရှိသူအဖို့ သူတို့တောင်းဆိုသလို လက်ခံလိုက်ခြင်း က အမှန်တရား၊ အမှန်ကန်ဆုံး ကျေးဇူးဆပ်နည်းဖြစ်သည်။ ဒီအတွက် ဘယ်တော့မှ နောင်တမရချင်ပေ။

သို့သော် မျက်စိမဖွင့်နိုင်သည့်ကြားမှ မျက်ရည်တွေကျနေရင်း နှင့် 'ကိုကိုမုန်းတယ်' လို့ တွင်တွင်အော်နေသော နိုင့်စကားလုံးတို့က သူ့ရင်ကို နာကျဉ်စေရပါသည်။

မုန်းလက်စနဲ့ အမုန်းကြီးသာ မုန်းလိုက်ပါတော့နိုင်ရယ်။ ကိုယ်ဟာ နိုင့်ရဲ့လက်တွဲဖော် ဘယ်တော့မှ ဖြစ်မလာနိုင်တော့တဲ့ အတွက် နိုင့် မြင်ကွင်းရှေ့ထိ ရောက်လာခဲ့မိတဲ့ ကိုယ့်ကို မုန်းလိုက်ပါ တော့ နိုင်ရယ်။

"ဆရာ ဆရာ"

"တီ တီ တီ"





"ဟင် ဩော် မောင်ရဲနောင်။ မင်း မမသက်တို့အိမ်ဘက် မောင်းသွား၊ ကိုယ် နောက်ကလိုက်ခဲ့မယ်"

မောင်ရဲနောင်ကို မမသက်တို့ အိမ်ဘက် အရင်သွားခိုင်းနှင့် ပြီး ခဏထိုင်လိုက်သည်။ အနည်းငယ် ငြိမ်သက်သွားမှ သူ မမသက်တို့ အိမ်ဘက် လျှောက်ခဲ့သည်။

ဒီနေ့ပဲ ရန်ကုန်ကရောက်ဆိုက်ရှိသေး နိုင်ကတော့ သူ့ကို နှုတ်မဆက် လှည့်မကြည့်ဘဲ ကားငှားပြီးပြန်နှင့်သည်။ သူက မောင် ရဲနောင်ကို ဖုန်းဆက်ပြီးမှ ပြန်ရောက်သည်ဆိုတော့ အတူပြန်ရောက် သည်ဟု မဆိုနိုင်။

ကားပေါ်မှာ တစ်မေ့မှ အိပ်မလာခဲ့ရသဖြင့် ခြေလက်မျက်နှာ တောင် မသစ်နိုင်ဘဲ အိပ်ပျော်နေတုန်း မမသက်ဆီက ဖုန်းလာခဲ့ခြင်း ဖြစ်သည်။

ဆေးရုံကိုရောက်တော့ သူပဲ လိုအပ်တာအားလုံး လိုက်လုပ် ပေးလိုက်သည်။ မမသက်ကတော့ သူ့မနားမှာရှိနေရမည် မဟုတ် လား။

"မမသက် ရှုံးသွားလို့မရတော့ဘူး ထင်တယ်"

"ဟုတ်တယ်၊ ရပါတယ်၊ အဲဒါ ကိစ္စမရှိပါဘူး။ မမသက် မေသူအောင်ကို ဖုန်းလှမ်းဆက်ပြောလိုက်ပါ့မယ်။ လိုအပ်တာတွေ သူတို့ကိုပဲ ယူခိုင်းရမှာ။ ဒါနဲ့ မောင်ဇင်မင်းထွန်းက ရုံးတက်စရာ ရှိသေးတယ်မဟုတ်လား။ သွားလေ မမသက် ကျေးဇူးတင်ပါတယ်

ကွယ်။ အခုလို အရေးရယ် အကြောင်းရယ်ဆို ကူညီမယ့်သူ အဆင်သင့်ရှိတာ နည်းတဲ့ကုသိုလ် မဟုတ်ပါဘူး"

မမသက်ရဲ့စကားကြောင့် သူ မျက်နှာမထားတတ်အောင် ဖြစ်သွားရင်း –

"အဲဒီလိုလည်းမဟုတ်ပါဘူး မမသက်ရယ်။ ကျွန်တော် ရုံးက အပြန် ဝင်ခဲ့မယ်လေ။ အဲဒီတော့မှ မမသက် လိုတာမှာလိုက်ပေါ့၊ သယ်စရာရှိရင် သယ်ပေးလို့ရအောင်"

"အေး အေး"

မမသက်က ခေါင်းညိတ်သည်။ နိုင့်ကို တစ်ချက်လှမ်းကြည့်ပြီး လှည့်ထွက်လိုက်သည်။

အတိတ်မှာတုန်းက ကျစ်ဆံပြီးနှစ်ဖက်ခွဲကျစ်တတ်သည့် သူမရဲ့ စတိုင်လ်လည်း ယခုတော့ မရှိတော့ပေ။ နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်တော် တဆိတ်ဟိုင်းဆိုသည့် စကားနှင့် ဆန့်ကျင်စွာ အသက်နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ် မိန်းမတစ်ယောက်ရဲ့ ရင့်ကျက်တည်ငြိမ်မှုနှင့် တစ်မျိုးလှနေခဲ့သည်။

သူ့အာရုံထဲ နိုင်နှင့် ဝတ်ရည်ကို ယှဉ်လိုက်တိုင်း အမြဲတမ်း နိုင့်ဘက်ကို အလေးသာသွားခဲ့သည်။ ဝတ်ရည်ရဲ့ ချွဲနွဲ့မှုတွေကို မပျော်ဝင်နိုင်သည့်အပြင် စိတ်တောင်ညစ်မိခဲ့ပြီ။ အတိတ်တုန်းက နိုင့်ရဲ့ ချွဲနွဲ့မှုတစ်ခုနဲ့တင် ဒေါသတွေ သောကတွေ မေ့သွားခဲ့ဖူးသည်။

သူ ခေါင်းကို ခပ်ပြင်းပြင်း ယမ်းမိသည်။ အခုချိန်မှာ ဒါမျိုး





မစွေးသင့်တော့ပေ။ သူမမှာလည်း ဆိုင်သူနှင့်၊ ကိုယ့်မှာလည်း ဆိုင်သူနှင့်၊ 'ဆိုင်သူတွေ ကိုယ်စီနှင့် တို့ခြားနားခြင်းက သိပ်ခက်နေလို့' ဆိုလျှင် သူတို့ ထိုအရာကို ခက်ခဲခြင်းလို့ နာမည်မတပ်နိုင်ပါ။

ချစ်တိုင်းမညား။ ညားတိုင်းမချစ်ဆိုသည့် စကားအတိုင်း ချစ်တိုင်း ပေါင်းဖက်ရမယ်လို့ ဘယ်သူတရားသေ သတ်မှတ်ခဲ့လို့လဲ။ ပြီးတော့ ကိုယ်က ချစ်နေရတာ ပင်ပန်းတယ်။ ချစ်ခံရတဲ့ဘဝဟာ ကောင်းပါတယ်ဆိုလျှင် နိုင့်ကို သက်လင်းက ချစ်နေပြီး သူ့ကို ဝတ်ရည်ကချစ်သည်။ ဒါဆို ဒီဘဝဟာ ကောင်းတယ်ပေါ့။

ရုံးကိုရောက်တော့ စိတ်က ဆေးရုံမှာဖြစ်နေသည်၊ တစ်ပတ်လုံး ခရီးထွက်နေရပြီး ယနေ့မှ ရုံးစတက်တယ်ဆိုတော့ အလုပ်တွေ အားလုံးက သူတစ်ယောက်တည်း ပုံနေသလို။

ဦးစီးအခန်းထဲမှာလည်း လူတွေ ကျိတ်ကျိတ်တိုး၊ ရုံးဝန်ထမ်းတွေအားလုံးလည်း ကိုယ့်တာဝန်နဲ့ကိုယ် ရှုပ်နေကြသည်။ သူတောင် ရန်ကုန်က ဖုန်းဆက်လာတာ မကိုင်နိုင်လို့ စက်ပိတ်ထားလိုက်ရတော့သည်။

ဝတ်ရည်ဆီကပဲဖြစ်သည်။ ရောက်မရောက်သိချင်၍ ဖြစ်မည်။ ဖုန်းက မပိတ်၍မဖြစ် ခဏခဏ အဆက်မပြတ် ခေါ်နေသော ဖုန်းကြောင့် ဝန်ထမ်းတွေက သူ့ကို စနောက်ချင်သလိုလိုနှင့် ပြုံးစိစိ ကြည့်ကြသေးသည် မဟုတ်လား။

"ဆရာကလည်း တော်ကြာ ဘာဖြစ်နေသလဲ၊ ဘာလို့များ

မကိုင်တာလဲ စိတ်ပူနေဦးမယ်။ အဲဒီလို မလုပ်ကောင်းဘူးဆရာရဲ့ ကိုင်လိုက်ပါ''

ဟု မြေတိုင်းစာရေးတစ်ယောက်က စတော့ ကျန်တဲ့သူတွေက ဝိုင်းရယ်ကြသည်။ သူလည်း လိုက်ရယ်ရင်း ဘာမှတော့ ပြန်မပြောဖြစ်။

ရုံးမှာ လူပါးတုန်း အပေါ်ဘက်လက်ဖက်ရည်သွားသောက်ဖြစ်တော့ ကိုစိုင်းတောင် ရောက်နှင့်နေပြီဖြစ်သည်။ သူနှင့်အတူပါသူက ကိုမော်အောင်ဖြစ်သည်။ ကိုနိုင်သူကတော့ သူတို့နှင့်မလိုက်တာ တော်တော်ကြာပြီ။

''အေးဗျာ၊ ဒီလူကလည်း နိုင်နဲ့ ရှေ့ဆက်လို့မရတာနဲ့ ကျုပ်တို့နဲ့ပါ ဖာတ်လမ်းဖြတ်ပစ်လိုက်တာ လွန်တယ်ဗျာ''

ကိုစိုင်းရဲ့စကားကြောင့် ကိုမော်အောင်က ခေါင်းယမ်းသည်။ စားပွဲထိုးရောက်လာသဖြင့် သောက်နေကျလက်ဖက်ရည်ကို အားလုံးအတွက် မှာပေးရင်း -

''သူ့မှာ လတ်တလော ကျုပ်တို့အတွက်ပေးဖို့အချိန်မရှိဘူးလေ။ ဒီအရွယ်တွေက မင်းကလွဲ ဖွဲ့နဲ့ဆန်ကွဲပြောနေရမယ့်အရွယ်တွေမှ မဟုတ်တာ။ စိတ်ဝင်စားသလို အကဲခတ်ရင်း တစ်ဖက်က ဘာမှမတုံ့ပြန်ရင် သူလည်း နောက်တစ်ယောက်ပြောင်း စိတ်ဝင်စားမှာပေါ့။ အရွယ်တွေက အချိန်ဆွဲရမယ့်အရွယ်မှ မဟုတ်တာ''

''တော်ပါသေးရဲ့ ကိုမော်အောင်ရယ်။ ခင်ဗျားဟာလည်း





အိမ်ထောင်သည်တစ်ယောက် ဖြစ်ပေလို့သာပါ။ မသိတာ ဘာမှမရှိဘူးနော်။ ဘာလဲ နောက်တစ်ယောက်ရှာတော့ တွေ့သွားရောလား''

''ထင်တာပဲ၊ ဒီလူ အခုတလော မင်းကြီးဘက်မှာ ရောက်နေတာကြာပြီ''

''ဗျို့ ကိုယ့်လူ အသံတိတ်လှချည်လား။ စကားလေး ဘာလေး ပြောပါဦး။ ဘာလဲ မဒီလေးကို မထားချင် ထားချင်နဲ့ ထားခဲ့ရလို့ ရွှေစိတ်တော် မကြည်မလင်ဖြစ်နေတာလား''

''မဟုတ်ပါဘူး ကိုစိုင်းကလည်း။ ကျွန်တော်ပြောမလို့ပဲ ကိုစိုင်းတို့ စကားကောင်းနေလို့''

''ဘာများလဲ''

ကိုစိုင်းက စိတ်ဝင်စားသလိုမေးသည်။ ကိုမော်အောင်က စီးကရက်တစ်လိပ်ကို မီးညှိရင်း ကြည့်သည်။

''သစ္စာနိုင် ဆေးရုံတက်နေရတယ်ဗျ''

''ဟေ''

''မောင်ရင်က ဘယ့်နှယ်သိတာလဲ''

ကိုမော်အောင် ဆေးလိပ်ကိုခပ်နာနာရှိုက်ပြီး ဟောခနဲ ဖြစ်သွားပြီး ကိုစိုင်းက မယုံနိုင်သလိုမေးတော့ သူလည်း အတိုချုံးပြောပြပြီး -

''အဲဒါပဲ၊ ကျွန်တော်လည်း မမသက်ကို ကူညီချင်ပါတယ်။ ဒီနေ့မှ ရုံးကိုရောက်တော့ ရုံးက မတက်လို့လည်း မဖြစ်ဘူးလေ''

''ဟုတ်တာပေါ့၊ အဲဒါဆို ညနေရုံးဆင်းရင် သွားကြည့်ကြမယ်လေ။ မောင်ရင်က နိုင်တက်နေတဲ့ဆေးရုံသိတော့ ကိုယ်တို့နဲ့အတူ သွားရအောင်''

''ဩော် ... ဒါကြောင့် ဟိုနှစ်ယောက်လည်း ပျောက်ချက်သား ကောင်းနေတာပေါ့''

''ဘယ်နှစ်ယောက်လဲ၊ မေသူအောင်နဲ့ နွဲ့နွဲ့သီလား''

ခဏနေ ရုံးပြန်တက်ကြသည်။ ညနေ (၅) နာရီလောက်ကျတော့ ဟောလစ်တွေ၊ မုန့်ပုံးတွေနှင့် လူမမာစာတွေ တွေ့လိုက်ရသည်။

သူနှင့် ရဲနောင်က ဆိုင်ကယ်တစ်စီး၊ ကိုစိုင်းနှင့် ကိုမော်အောင်က ဆိုင်ကယ်တစ်စီးဖြစ်သည်။

''နေ့ခင်းတုန်းက မမေသူတို့ သုံးဘီးနဲ့ အိပ်ရာလိပ်တွေ လာသယ်သွားတယ် ဆရာ''

ဟု မောင်ရဲနောင်က သတင်းပေးသည်။ မသက်ကလည်း ဆေးရုံမှာဆိုတော့ စားရေး သောက်ရေး အဆင်ပြေပါ့မလားမသိ။ ဒီနေ့တော့ထားတော့ နောက်နေ့ မောင်ရဲနောင်ကိုပဲ ပို့ချက်နိုင်းရမည်။

ဆေးရုံထဲရောက်တော့ မမသက်တို့အုပ်စုနှင့် စကားထိုင်ပြောနိုင်ပြီဖြစ်သော နိုင့်ကို စိတ်ချမ်းသာစွာ တွေ့လိုက်ရသည်။

''ဟောတော် ... လူမမာက ထတောင်ထိုင်နိုင်ပြီပဲ။ ဒီတစ်ယောက်ပြောတော့ တကယ် စိုးရိမ်ရတယ်မှတ်ပြီး ပြေးလာတာ''





''ဘာလဲ ကိုမော်အောင်ကြီး၊ ဝိုင်းကောင်းကောင်း ထောင်မလို့လား''

''နင်ကလည်း သိသားနဲ့ ... အဟီး''

''ဟဲ့ ... နင်ကလည်း''

မမသက်က နွဲ့သီကို လှမ်းဝေါက်လိုက်ကာ သူတို့တွေကို ထိုင်ဖို့ နေရာပြင်ပေးသည်။ တစ်ဖက် လူနာခုတင်ဘေးမှာရှိသော သစ်သားခုံတန်းရှည်ကို ဆွဲထုတ်ပြီး နိုင် ခုတင်နားမှာ ချပေးသည်။ နွဲ့နွဲ့သီနှင့် မေသူအောင်က –

''ကဲ ... ရှိုင်းတယ်လို့လည်း သဘောမထားနဲ့။ ကျွန်မတို့တော့ အမြင့်ပေါ်မှာ ထိုင်တော့မယ်''

''ရပါတယ်''

''မစိုးရိမ်ရဘူးတော့ ဘယ်ဟုတ်မလဲ ကိုစိုင်းရဲ့။ ဒီကောင်မောင်ဇင်မင်းထွန်းတို့အိမ်နဲ့ နီးပေလို့သာပေါ့။ မဟုတ်ရင် သတိလစ်နေတဲ့ လူနာကိုရှေ့မှာထားပြီး ကျွန်မတော့ ဘာလုပ်လို့ ဘာလုပ်ရမှန်းသိမှာမဟုတ်တော့ဘူး''

''ဒါဆို ဇင်မင်းထွန်းကို ကျေးဇူးတင်ရမှာပေါ့ မဟုတ်လားနိုင်''

''ဩော် ... ဒီလိုကျေးဇူးတင်လို့ ဘယ်ရမလဲ''

''ဒီလောက်နဲ့တော့ ဘယ်ဟုတ်မလဲ။ ရှင်တို့ပေးတဲ့ မုန့်နဲ့ နှင်တို့ကို ပြန်ညှိခံမယ်လေ''

"ဟာ ... မလုပ်နဲ့ ရဲ့ပြီ မမသက်"

သူတို့ပေးသောမုန့်ဘူးကို ဖောက်ဖို့ပြင်နေသော မမသက်ကြောင့် သူ တားမိသည်။ သူမတော့ စကားသိပ်မပြောဘဲ အားလုံးကိုပဲ ကြည့်နေသည်။ သူ့ဆီကိုတော့ အကြည့်မရောက်လာအောင် ထိန်းနေလေသည်။

"ဘယ့်နှယ်လဲ၊ နေလို့ကောကောင်းရဲ့လား နိုင်"

"ဟုတ်၊ နည်းနည်းတော့ ကောင်းပါပြီ။ နိုင်က မနက်ဖြန်တောင် ဆေးရုံက ဆင်းချင်ပြီ။ ကိုယ်က ခွဲစိတ်ခံထားရတဲ့ ဝေဒနာသည်ကြီးမှ မဟုတ်တာ၊ ဆေးရုံပေါ်မှာ ဒီတိုင်းကြီး"

"ဆရာဝန်တွေက ဘာပြောလဲ"

သူမေးတော့ နိုင်က တစ်ချက်လှမ်းကြည့်သည်။ နောက် တခြားလူတွေဆီ အကြည့်ပို့ထားကာ –

"ဒီနေ့ည အပူကျရင်တော့ မနက်ဖြန်ဆင်းချင်ဆင်းလို့ရပါပြီတဲ့"

"အနည်းဆုံး သုံးရက်လောက်တော့ နေရမယ်ထင်တယ်နော်"

"အဲဒါပြောနေတာ ကိုမော်အောင်ရေ။ သန်ဘက်ခါလောက်မှ ဆင်းပါဆိုတာ အဲဒီ ဒေါ်သစ္စာနိုင်တို့များ လူကသာမလှုပ်တလှုပ်ရယ် ခေါင်းကြောက ဘာမှာသလဲမမေးနဲ့။ ဘူးဆိုရင် ဖရုံမသီးဘူး"

"မမသက်ကလည်း"





ရပ်ဝေးမြေမှ တစ်ယောက်တစ်နယ်မှလာကြပြီး ဒီမှာ စုမိတဲ့အခါ တကယ့်သွေးသားရင်းခြာတွေလို အပြန်အလှန် ဂရုစိုက်မှုများက အစိုးရဝန်ထမ်းတွေအတွက် အားဆေးဖြစ်ကောင်းဖြစ်မည်။

အစိုးရဝန်ထမ်းတွေမှာ "ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း" လုပ်နေကြသူစစ်စစ်ဖြစ်သည်။

❀

# အခန်း (၃၃)

နိုင် နေမကောင်းဘူး။ ဆေးရုံတက်နေရတယ်လို့ ဖုန်းဆက်လာတော့ သက်လင်းထွန်းမှာ ဣန္ဒြေရရနှင့်ပင် မထိုင်နိုင်။ ဒီက ပြန်ကတည်းက ခရီးပန်းတာကော စိတ်ပင်ပန်းတာကော စုပေါင်းကာလူက မကြည်မလင်ဖြစ်နေတာမြင်၍ –

"ငါ ဆေးတွေ ထည့်ပေးလိုက်တယ်၊ လမ်းမှာ တစ်ခုခုစားပြီး ဆေးသောက်အိပ်လိုက်။ ခရီးသွားရင် မအိပ်တတ်ဘူး လုပ်မနေနဲ့။ ဟိုရောက်ရင် ရုံးကတက်ရဦးမှာ"

ဟု အတန်တန်မှာလိုက်လျက်နှင့် နိုင်ကတော့ မိန်းမ မဟီသစွာ ပေနေသည်။ မှာတုန်းက ငြိမ်ပြီးရော ခေါင်းညိတ်တာနေမှာပေါ့။

"ငါ စိတ်ပူတယ်"

"ပူမနေနဲ့ မနက်ဖြန်ဆင်းမှာ"

"ဟာ ... ဒီနေ့ ဆေးရုံတက် မနက်ဖြန် ဆေးရုံဆင်းမယ်၊





မရဘူး။ နိုင် ဆန်ဘက်ခါမှဆင်း။ နေဦး နင့်ကို ပြောလို့ရတာ မဟုတ်ဘူး။ ငါ ဟိုအစ်မကို ဖုန်းဆက်ပြီးပြောရမယ်"

"အံမာ ... နင်က မမသက်ဖုန်းနံပါတ် သိလို့လား"

"သိတာပေါ့၊ နင်တစ်ခုခု အပြစ်လုပ်ရင် တိုင်လို့ရအောင်လေ။ ကဲပါ ငါစတာပါ။ ဒါပေမဲ့ မနက်ဖြန်တော့မလုပ်နဲ့၊ သန်ဘက်ခါမှဆင်းပါ နိုင်ရယ်။ မဟုတ်ရင် ငါ ဒီကအလုပ်တွေ ဘာဖြစ်ဖြစ် ပစ်ထားလိုက်တော့မှာနော်"

ဟု ခြိမ်းခြောက်လိုက်၍ အေးပါ အေးပါဟု ဆူပုတ်ပုတ်လေသံနှင့်ပြောခြင်းဖြစ်သည်။ ဒါတောင် စကားကို နားထောင်ဖို့မသေချာ။ ထို့ကြောင့် နိုင်မသိအောင် ဟိုအစ်မကြီးဆီ ဖုန်းဆက်ပြီးလှမ်းအပ်ရသည်။

"အစ်မတို့လည်း သန်ဘက်ခါမှဆင်းဖို့ ပြောထားပါတယ်။ စိတ် သိပ်မပူပါနဲ့ကွဲ့"

"အားကိုးပါရစေ အစ်မရယ်။ နိုင်က ခေါင်းသိပ်မာတာ။ ပြောလို့မရရင် ကျွန်တော့်ကိုဖုန်းဆက်" ဟု ပြောပြီး ကိုယ့်စကားလည်း ဘယ်တုန်းက ဟုတ်တိပတ်တိ နားထောင်လို့လဲဟု စဉ်းစားပြီး ရယ်ချင်မိသွားသည်။

ဆရာဝန်ကြီး ရောင်း (round) ဖို့ အချိန်နီးတော့ သူလည်း ဆေးမှတ်တမ်းစာအုပ်နှင့် မှတ်စုစာအုပ်ကိုယူပြီး မတ်တတ် ထရပ်လိုက်သည်။

ဆရာဝန်ကြီးကိုစောင့်ကြိုပြီး လူနာဆောင်ထဲသို့ဝင်လာစဉ် ဂျူတီကုတ်အဖြူရောင်နှင့် ဟောက်ဆင်းသည့် ဆေးကျောင်းသားတွေက လေးငါးဆယ်ယောက်ထက် မနည်းပေ။

မျက်ဝန်းတွေ စူးရှတောက်ပကာ စကားတွေ ကြွက်ကြွက်ညံအောင်ပြောနေသော ဝတ်ရည်ချိုတို့ကို A.S အစ်မက ဆရာကြီးမသိအောင် မျက်မှောင်ကုတ်ပြလိုက်သည်။

ဒါလည်း မရပေ။ ခဏတော့ ခေါင်းပုသွားပြီး ပြီးတော့လည်း ပြုံးစိစိနှင့် ခေါင်းချင်းဆိုင်သွားကြပြန်သည်။ အခြား စိတ်ဝင်တစား မှတ်နေသူတွေအတွက် အနှောင့်အယှက်ကြီးစွာဖြစ်စေသည်။

ယခုခေတ်လို့ပဲ ဆိုပါတော့။

သူတို့ခေတ်တုန်းက ဆေးကျောင်းသားတွေဆိုလျှင် ဒီလို မထိတထိရယ်ဖို့မပြောနှင့် အလုပ်ကိစ္စနှင့်မဆိုင်သည့်ကိစ္စကိုတောင် တီးတိုးမပြောရဲပေ။

ဆရာဝန်ကြီး ရှေ့ကပြောသွားသမျှကို တစ်ခွန်းမှ မလွတ်စေရန် မှတ်စုစာအုပ်ထဲ လိုက်မှတ်ကြသည်။ တစ်ခါတလေ ဆရာကြီးက round နေရင်း လူနာရောဂါဇာစ်မြစ်နှင့် ပတ်သက်ပြီး သူတို့ကို ရှင်းပြပေးသဖြင့် စာတွေ၊ လက်တွေ့ကျကျ ပိုပြီး နားလည်သဘောပေါက်လွယ်သည်။

နောက် ကိုယ့်အခန်းကိုရောက်မှ ဆရာဝန်ကြီးရှင်းပြသွားသည့် အကြောင်းကို စာအုပ်ထဲမှာရှာပြီး ပြန်လေ့လာသည်။ ကိုယ်





ကိုယ်တိုင် မြင်ရသဖြင့် တော်ရုံမမေ့တော့ပေ။

ယခု ဤမိန်းကလေးတွေကျတော့ ဆရာကြီးရှင်းပြတာ နားထောင်ဖို့ထက် သူတို့ပြောချင်ရာသာ ပြောနေကြသည်။ သူက စိတ်ရှည်သည်းခံတတ်သူပါ။ သို့သော် ကိုယ့်ဆရာသမားတစ်ယောက်ကို ပမာမခန့် မလေးမစားပြုမူနေသော သူတို့ကို ခွင့်မလွှတ်ချင်တော့ပေ။ ဆရာကြီးက တစ်ခါတလေ နောက်သို့ လှည့်ကြည့်လာတတ်သည် မဟုတ်လား။ လက်ထောက်ဆရာဝန်အစ်မကလည်း လှည့်ကိုမကြည့်တော့။

ဆရာဝန်လောင်းတွေကို လူနာတွေရှေ့တွင် lecture room ထဲမှာ ဆူသလိုဆူ၍လည်း မသင့်တော်ပေ။ လှည့်ကြည့်မိလျှင်လည်း ပြောမိမည်စိုး၍ထင် လူနာခုတင်ခြေရင်းဘက်ဆီသို့ပဲ လျှောက်သွားသည်။

ကံကောင်းချင်၍လားမသိ၊ ဆရာကြီးဆီသို့ အရေးတကြီး ဖုန်းဝင်လာသည်။ ဆရာကြီးက ဖုန်းမဖွင့်ခင် သူ့ကို –

"မောင်သက်လင်း။ သူတို့ကို ဆက်ရှင်းပြလိုက်ပါ"

ဟုမှာပြီး ထွက်သွားသည်။ ဆရာကြီး ထွက်သွားမှ သူတို့အတွက် ပို၍ လွတ်လပ်ရေးရနေသလားမသိ။ အခြားသူတွေကတော့ မသိ ဝတ်ရည်ချိုဆိုတဲ့ မိန်းကလေးကတော့ အကဲဆုံး၊ အဆိုးဆုံး။ ငွေကြေးချမ်းသာတာတစ်ခုတည်းနှင့် ဆရာတွေကို ခါးစောင်းတင်၍ ရမယ်ထင်နေသလားမသိ။

"ကဲ . . . ဟုတ်ပြီ၊ မင်းတို့လည်း ကျောင်းတောင်ပြီးတော့မယ်ဆိုတော့ တကယ့်လည်း သိနေတတ်နေလောက်ပါပြီ။ ကိုယ် မင်းတို့ကို စာနည်းနည်းလောက် မေးချင်တယ်။ လက်တွေ့နဲ့ယှဉ်ရင် မင်းတို့ ဘယ်လောက်သိသလဲဆိုတာ"

တီးတိုးစကားသံတွေ ထွက်လာတာကို ဂရုမစိုက်ဘဲ သူ လူနာခြေရင်းက လူနာမှတ်တမ်းကို ယူလိုက်သည်။ A.S မမကတော့

"သိပ်မမေးနဲ့နော် သက်လင်း။ တော်ကြာ"

"စိတ်ချပါ မမရဲ့ . . . အဲဒီအတွက် မပူပါနဲ့။ ကဲ မောင်မင်းမင်းစိုး လူနာရဲ့ရောဂါက ဘာလဲ"

ကောင်လေးက သူ့လက်ထဲက ဆေးမှတ်တမ်းကို ယူပြီး ကြည့်ကာ –

"အမြွှေးရောင်ရောဂါပါ ဆရာ"

"သေချာလား။ ဘာလို့လဲ ကိုယ့်ကို တစ်ချက်လောက် ရှင်းပါလား"

ဆေးကျောင်းသားလေးက သူ့အဖော်တွေဘက် တစ်ချက် လှမ်းကြည့်ပြီး လူနာနားသို့ ကပ်သွားသည်။ လူနာကို သေချာကြည့်ပြီး

"အခုလို အရေပြားပေါ်မှာ သွေးခြည်ဥတာ၊ အနီစက်၊ အနီကွက်တွေ ဖြစ်နေလို့ပါ ဆရာ"

"ဟုတ်ပြီ . . . ထားပါတော့"

သူက ခေါင်းညိတ်ပြီး အနောက်ဘက်က အုပ်စုဆီ





လှမ်းကြည့်လိုက်သည်။ သူလှမ်းကြည့်သဖြင့် မျက်နှာပိုးသပ်လိုက်ကြသော်လည်း ပြုံးစိစိနှင့် ဖြစ်နေကြသည်။

"ဝတ်ရည်ချို"

သူခေါ်တော့ ဝတ်ရည်ချိုက ရှေ့သို့တက်လာသည်။

"ဒီရောဂါဖြစ်ပွားပုံအကြောင်း တစ်ချက်လောက် ရှင်းပါလား"

"ဆရာကလည်း ဝတ်ရည်တို့က ကျောင်းသားပဲရှိသေးတာလေ။ ဆရာမေးသလောက် သိနေရင် ဆေးတက္ကသိုလ်မှာပေါ့"

"ဟ"

မထင်မှတ်သော အဖြေတစ်ခုကြောင့် သူမျက်နှာပျက်သွားရသည်။ ကျောင်းသားကျောင်းသူတွေရှေ့မှာ ယခုလို ပြန်ပြောခံလိုက်ရသဖြင့် သူကိုယ်တိုင်လည်း အရှက်ရသွားမိသည်။ ဟုတ်ပါတယ်၊ စာသင်တဲ့ဆရာ မဟုတ်သော မေးမိသူက အမှား။

"သက်လင်း"

မမက ဟန့်တားသလို ခေါ်သည်။ သူတို့နောက်ဘက်၌ ဟောက်ဆောဂျင်တို့ လိုက်ပါလာခဲ့သည်။ စောစောတုန်းကလိုတော့ ကြွက်ကြွက်မညံရဲတော့ပေ။

ဝတ်ရည်ချိုရဲ့မျက်နှာ နီရဲနေသည်။

"မင်းတို့ ကျောင်းသားဘဝမှာတောင် ကိုယ့်ကိုသင်ကြားပေးနေတဲ့ ဆရာတွေကို လေးစားရကောင်းမှန်းမသိရင် မင်းတို့ဆီမှာ

ရောက်လာမယ့် ဟောက်ဆာဂျင်လေးတွေကို မင်းတို့ ဘယ်လိုသင်ပေးမလဲ''

''ကျွန်မတို့ မှားသွားပါတယ်ဆရာ၊ နောက်တစ်ခါ အဲဒီလို မဖြစ်စေရပါဘူး''

တချို့ကျောင်းသူလေးတွေက တောင်းပန်သည်။ သူကိုယ်တိုင်လည်း စာသင်ပေးနေတဲ့ ဆရာမဟုတ်သဖြင့် –

''ရပါတယ်၊ ကိုယ်လည်း ပြောမိတဲ့အတွက် စိတ်မကောင်းပါဘူး။ နောက်တစ်ခါတော့ အဲဒီလိုမဖြစ်ပါစေနဲ့''

ဝတ်ရည်ချိုကတော့ သူ့ကို လူပုံအလယ်မှာ ဆူခေါက်ခဲ့သည့် သူ့ကို လုံးဝ မတောင်းပန်။ သူကလည်း လုံးဝ လှည့်မကြည့်ဘဲ နားနေခန်းဘက်သို့ လျှောက်လာသည်။ အနောက်ဘက်မှ –

''အစ်မကတော့ လန့်သွားတာပဲ။ အဲဒီကောင်မလေးက ကျောင်းမှာတောင် တော်တော် ပြောရခက်တယ်တဲ့။ တော်သေး နှင့်ကို မချေမင် ပြန်မပြောပေလို့''

''ဘယ်ပြောလို့ရမလဲ အစ်မရယ်။ အဲဒီနေရာမှာ သူ ကျွန်တော့်ကို ပြန်ပြောလိုက်ရင် လူနာတွေရှေ့မှာ သူ့ရဲ့သိက္ခာတွေ ကျကုန်မှာပါ။ နို့မို့ဆို ကျွန်တော်မေးဖို့ဆန္ဒ လုံးဝမရှိပါဘူး။ ဒါပေမဲ့ ဆရာကြီးကိုလည်း အနှောင့်အယှက်ဖြစ်စေ၊ တခြားကျောင်းသားတွေကိုလည်း အနှောင့်အယှက်ဖြစ်စေနဲ့ ကိုယ်ကိုယ်တိုင်လည်း လိုက်မှတ်သလားဆိုတော့ ဘာမှမမှတ်ဘူး။ ကျွန်တော်တို့တုန်းကနဲ့ ကွာတယ်ဗျာ''





''ခြော် . . . ငါတို့ခေတ်နဲ့ယှဉ်ရင်တော့ ဘယ်ရမလဲ။ အခုခေတ်ကလေးတွေက ဒီလိုပါပဲဟယ်''

မမကတော့ ခပ်အေးအေးနေတတ်သူမို့လားမသိ။ ကျောင်းသူတွေကို အပြစ်လည်းမပြော၊ စကားလည်းများများ မဆိုပေ။ သူလည်း ဂျူတီကုတ်ကိုချွတ်ပြီး အပြင်သို့ပြန်ထွက်ဖို့ပြင်စဉ် –

''ဆရာ''

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အဖြူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။ သူ့ခြေလှမ်းတွေ ပျက်သွားပေမယ့် သူ့မကိုတော့ အကြည့်မပျက်ဘဲ –

''ဘာပြောစရာရှိလို့လဲ ဝတ်ရည်ချို''

''ပြောစရာမရှိပါဘူး ဆရာ၊ မေးစရာရှိတာပါ''

တစ်ချိန်လုံး ခပ်ပြုံးပြုံးရှိနေသော မိန်းကလေးရဲ့မျက်နှာထက်တွင် မကျေလည်သည့် အစိုင်အခဲတချို့ကို သူ တွေ့မြင်လိုက်ရသည်။

သူ့ဘက်ကတော့ စိတ်ရှင်းသည်။ ဤမိန်းကလေးကို သိက္ခာကျပါစေရယ်လို့ ရည်ရွယ်ပြီး တမင်မေးခဲ့တာမဟုတ်။ နောက်နောင် ဆရာကြီး round လှည့်သည့်အခါ စကားမများရဲအောင် ပညာပြလိုက်ရုံသက်သက် ဖြစ်သည်။

ထို့အတွက်လည်း သူ့မှာ ဘာဖြေရှင်းရ ဖြေရှင်းရ စိတ်ရှင်းတာမို့ –

"ကောင်းပြီလေ၊ မင်း အောက်ဘစ်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေပါ။ ကိုယ်ဆင်းခဲ့မယ်"

❁



## အခန်း (၃၄)

"ဆရာထင်သလို ဝတ်ရည် ဆရာ့ကို စိတ်မဆိုးပါဘူး။ ဒါပေမဲ့ ဝတ်ရည် ဝမ်းနည်းတယ်။ ဝတ်ရည်က ဆရာနဲ့ အဆင်ပြေချင်တဲ့သူပါ။ ဒါပေမဲ့ ဝတ်ရည်လုပ်လိုက်တဲ့အရာတိုင်းဟာ ဆရာနဲ့ အဆင်မပြေချင်စရာတွေပဲ ဖြစ်ဖြစ်သွားတယ်။ အဲဒါ ဘာကြောင့်လဲ ဝတ်ရည်သိချင်တယ်ဆရာ"

သူ ထင်မှတ်ထားသော စကားမဟုတ်သဖြင့် သူမထံမှ စကားသံတိတ်သွားပေမယ့် သူ ဘာစကားမှ မဆိုဖြစ်သေးချေ။ ကျောင်းချိန်ပြင်ပမှာဆိုလျှင် ဆရာဝန်လောင်းတစ်ယောက်ပါလို့ ကျိန်ပြောလို့ ယုံစရာမရှိသော ဝတ်ရည်ရှိသည် ယခုတော့ ဂျူတီကုတ်အဖြူနှင့် ငြိမ်သလိုတော့ရှိသည်။

"မင်းထင်လို့ပါ။ ကိုယ်နဲ့မင်းရဲ့ကြားမှာ အဆင်ပြေဖို့ မပြေဖို့ ဘာလိုအပ်သလဲ။ အခု မင်းက ဒီ ward မှာ ပောက်ဆင်းနေလို့

ကိုယ်နဲ့တွေ့ရတာ၊ ပြီးရင်ပြီးသွားတာပဲလေ''

''ဆရာ့ဘက်က ပြီးနိုင်ပေမယ့်၊ ဝတ်ရည်ဘက်က မပြီးနိုင်ဘူး ဆရာ''

''ဘာ''

''ဟုတ်တယ်၊ ဆရာ့ကို ဝတ်ရည် စိတ်ဝင်စားတယ်။ အဲဒါ ဝတ်ရည်မှာ အပြစ်ရှိသလား''

''တော်စမ်း ဝတ်ရည်ချို''

''ဟင့်အင်း ... ဝတ်ရည် မတော်နိုင်သေးဘူးဆရာ။ ဟိုတစ်နေ့က ဆရာ့ကို အမျိုးသမီးတစ်ယောက်နဲ့ တွဲတွေ့လိုက်ရတုန်းက ဝတ်ရည် ဘယ်လောက်ခံစားရသလဲ ဆရာသိလား။ ပြီးတော့ အဲဒီတစ်ယောက်ကိုကြည့်တဲ့အကြည့်၊ အပြောတွေကြောင့် ဝတ်ရည် ဘယ်လောက် ဝမ်းနည်းရသလဲ ဆရာ့ကို သိစေချင်တယ်''

''ကျွတ်''

နိုင်ပြောခဲ့သော ဒီကောင်မလေးရဲ့ စရိုက်ဟာ ထိုမျှဆိုးလိမ့်မည်ဟု သူ မထင်ခဲ့ချေ။

''နင် စဉ်းစားကြည့်။ ကိုယ့်ပြိုင်ဘက်တစ်ယောက် ကိုယ်နဲ့ တန်းတူဖြစ်စေဦး ရတယ်။ ကိုယ့်ထက် အသက်ကြီးသူဖြစ်ရှေဦးတော့ ကျေနပ်တယ်။ အခုကျတော့ ဆယ်တန်းဖြေမယ့် မိန်းမငယ် တစ်ယောက်က ငါ့ကို ရည်းစားလုဘက်ပုံစံနဲ့ ရန်တွေ့ခဲ့တာ ငါ ဘယ်လောက်ထိ သိက္ခာကျသွားသလဲ''





ထိုစဉ်တုန်းက ကိုယ်နှင့်ယှဉ်လျှင် ကလေးတစ်ယောက်ပဲ နင်က ဒါကိုစိတ်ဆိုးစရာလားဟု မေးခဲ့သမျှ ယခုကျတော့ အရွှေ အရွှေနှင့် အိမ်ဦးတက် ချေးပါမယ့်ကိန်းဆိုက်နေပါလား။

မိန်းကလေးကစပြီး ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားတယ်လို့ပြောတာ ကြားဖူးပေမယ့် လျှောက်ပြောတာ၊ ချဲ့ပြောတာနှင့် ထင်ခဲ့ဖူးသည်။

ယခုကျတော့ ကိုယ့်ကို စိတ်ဝင်စားတယ်ဟု မျက်နှာချင်းဆိုင် ထိုင်ကြည့်ပြောတော့ ရင်ခုန်စိတ်လှုပ်ရှားရမည့်အစား မျက်သွားသည်။

ကိုယ့်ညီမသာဖြစ်ကြည့် ဆွဲငေါက်ပစ်လိုက်မည် တွေးသော်လည်း သူမသည် ကိုယ့်ညီမ,မဟုတ်။ ဘာမှပြောစရာမလို။

သက်လင်းထွန်း မင်းသေသင့်တယ်ဟု ကိုယ့်ကိုယ်ကိုယ် ပြောလိုက်ချင်သည်။ သူသာ ဒီနေ့မှာ ဝတ်ရည်ချိုကို အမြင်ကပ်စိတ်နှင့် စာမမေးခဲ့လျှင် ယခုဇာတ်လမ်း ဖြစ်လာစရာအကြောင်းမရှိ။ ကိုယ့်ရဲ့ လုပ်ရပ်ကပဲ ကိုယ့်ကို ကြိုးကွင်းစွပ်လိုက်သူနှယ်။

သူ့ရှေ့က မိန်းမငယ်ကလေးကို ကြည့်လိုက်သည်။ ငွေကြေးဥစ္စာ ပြည့်စုံသည်၊ ဆရာဝန်လောင်းဆိုသည့် ဂုဏ်ပြုဂ်ရှိသည်၊ နောက်ဆုံး ယနေ့ခေတ် မော်ဒယ်တစ်ယောက်လို ချောသောရုပ်ရည်ရှိသူ ဖြစ်သည်။ ထိုသို့သောမိန်းကလေးက ယောကျ်ားလေးကို ကိုယ်ကစပြီး စိတ်ဝင်စားစကားပြောစရာမလိုတဲ့ လာသမျှယောကျ်ား ခေါင်းခေါက်

ရွေးရသည်။

"ဆရာ ဝတ်ရည်ကို ဆရာအထင်သေးချင်သေးပါ။ ဝတ်ရည် ဆရာ့ကို"

"တော်စမ်း ဝတ်ရည်ချို။ မင်းစကားတွေ ဒီမှာရပ်လိုက်ရင် ကောင်းမယ်။ ဒါ မူးမူးရူးရူးနဲ့ ကခုန်နေတဲ့ နိုက်ကလပ်ထဲမဟုတ်ဘူး။ ဆေးရုံပုရဂ္ဂိုဟ်ထဲမှာဆိုတာ မင်းသတိရပါ"

သူမက ဘာကိုမှ ဂရုမစိုက်တတ်ပေမယ့် ကိုယ်ကတော့ ဂရုစိုက်မှုဖြစ်မည်။ ကိုယ့်ဂုဏ်သိက္ခာကို စွန်းထင်းမည့်ကိစ္စ ဘာဆို ဘာမှ အဖြစ်မခံနိုင်ပေ။

နိုင့်ရဲ့ခန့်မှန်းချက်များမှာ လမကူးခင် ဒက်ထိမှန်နေခဲ့သည်။ နိုင်ရေ နင်ပြောခဲ့တဲ့စကားတွေ အကုန်မှန်တယ်ဟာဟု ဖုန်းဆက်ပြောလျှင် ငါ ထင်သားပဲဆိုကာ မျက်ရည်ကျလေမလားမသိ။

"ဒုတိယအကြိမ်ပွဲမှာ ငါ နင့်ကိုပါ ဆပ်ရှုံးရဦးမယ်ဆိုရင် ငါ့ရဲ့ မနည်းအားတင်းထားရတဲ့ မာနတွေ နလန်မထူတော့မှာ ငါ အကြောက်ဆုံးပဲ။ တစ်ခုပဲ ငါ နင့်ကို မေတ္တာရပ်ခံချင်တယ်။ ငါ လုံးဝ မရှုံးပါရစေနဲ့ ငါ နိုင်ပါရစေ။ ငါ နိုင်ရဖို့အတွက် နင် ငါ့အနားမှာ ရှိဖို့လိုတယ် သက်လင်း"

လို့ နိုင် ပြောခဲ့တာကို နားနှင့်ဆတ်ဆတ်ကြားယောင်မိလိုက်သည်နှင့် သူ မျက်နှာတင်းသွားသည်။ မိန်းမငယ်တစ်ယောက်ကို နင်ပဲငါ့စတော့ မပြောချင်ပါ။





သို့သော် မီးဆိုသည်မှာ မလောင်ခင်တားထားကာမှ တော်ကာကျမည်။ ပူမယ်မှန်းသိသိနှင့်တိုးလျှင်တော့ ပိုးဖလံသာ ဖြစ်ပေလိမ့်မည်။

"ဒီမှာ ဝတ်ရည်ချို ...မင်းကို ကိုယ့်ရဲ့ညီမအရင်းတစ်ယောက်လို သဘောထားပြီး ပြောလိုက်မယ်။ ကိုယ့်ကြောင့် သူများရဲ့ချစ်ခြင်း ပြိုကွဲရမယ်ဆိုရင် ဘယ်ကောင်းမလဲ"

"ရှင် ဆရာနဲ့"

"ဟုတ်တယ်၊ ကိုယ်နဲ့မင်းတွေ့ခဲ့တဲ့ သစ္စာနိုင်ဆိုတဲ့ မိန်းကလေးက စေ့စပ်ထားတဲ့ချစ်သူတွေ။ ဒီနှစ်အတွင်းမှာ မင်္ဂလာဆောင်ကြတော့မှာ။ သူ့ကွယ်ရာမှာ သူ စိတ်ပူပန်ရမယ့်ကိစ္စမျိုး လုံးဝ အဖြစ်မခံနိုင်ဘူး"

မျက်ရည်တွေနှင့် ခေါင်းငုံ့သွားသော သူမကိုကြည့်ပြီး သူ စိတ်တော့မကောင်းချေ။ တော်သေးရဲ့ ဆိုင်ထဲ လူအနည်းငယ် ရှင်းနေပေလို့။

သူတို့နှစ်ယောက်ကြားမှာ ပြောစရာစကား မရှိသလို တိတ်ဆိတ်သွားခဲ့သည်။ ဝတ်ရည်ချိုက ကျဆင်းနေသော မျက်ရည်စများကို လူမသိအောင် ငုံ့ပြီးသုတ်နေသည်။

သူ နားမလည်နိုင်တာက ဇင်မင်းထွန်းနှင့် ဝတ်ရည်ချိုသည် စေ့စပ်ထားကြသည် မဟုတ်လား။ ဘာကြောင့် ဝတ်ရည်ချိုက ကိုယ်နှင့် စေ့စပ်ထားသူအပေါ်မှာ သစ္စာမထိန်းနိုင်ရတာလဲ။ အခြားသော

ကျောင်းသူတွေပြောနေ၍ သူမတို့လည်း ဒီဝါကျွတ်လျှင် လက်ထပ်ကြတော့မည်ဟု သတင်းထွက်နေသေးသည်။

သူကတော့ ဆန်းကြယ်လှသော သူတို့လေးယောက်ရဲ့ ကံကြမ္မာကို အံ့ဩနေမိပါသည်။ ဖင်မင်းထွန်းနှင့် စေ့စပ်ထားသည့် မိန်းကလေးနှင့်မှ တော့တော့ဆိုင်ဆိုင် လာဆုံခွင့်ရနေသည်။ ထို့ပြင် ထိုမိန်းကလေးက သူမမှာ စေ့စပ်ထားသူရှိနေပါလျက်နှင့် သူ့ကို စိတ်ဝင်စားပါတယ်ဟု ဆိုလာသည်။

အကယ်၍ ယုတ်ညံ့သော၊ အမြိုးကြီးသော ယောကျ်ား တစ်ယောက်ဆိုလျှင်တော့ ဤအခြေအနေကို အခွင့်အရေးတစ်ရပ် အနေနှင့် အသုံးချကာ သူမကို လှည့်စား၍ရသည်။

ထိုမိန်းကလေးကြောင့် အတိတ်မှာတုန်းက သူချစ်လှစွာသော နိုင် ရင်ကွဲလုအောင် ခံစားခဲ့ရလေသည်။

နေ့စဉ်နှင့်အမျှ နိုင့် မျက်ရည်တွေကို ထိုင်ကြည့်နေခဲ့ရပြီး ချစ်သူရဲ့မျက်ရည်ဟာ နူးညံ့သူကိုတောင် ကြမ်းတမ်းသွားစေတတ်သည်။

သို့သော် သူသည် အခွင့်အရေးယူတတ်သော၊ ယုတ်မာသော ယောကျ်ားမဟုတ်ခြင်းက ဝတ်ရည်ချိုအတွက် များစွာကံကောင်းသွားခဲ့သည်။

''ဝတ်ရည်ဟာ အစစအရာရာမှာ ကံကောင်းခဲ့ပါလျက်နဲ့ အချစ်ရေးမှာ ဘာကြောင့် ကံဆိုးရတာလဲ''





သူ့ကိုပြောသလိုလိုနှင့် တစ်ယောက်တည်း နှုတ်သံနှင့် ပြောသော်လည်း သူ အသာငြိမ်နေမိသည်။ ''မင်းဟာ အချစ်ရေးမှာ သိပ်ကံဆိုးတယ် ဟုတ်စ'' ဟုမေးချင်သော်လည်း လူတိုင်း လူတိုင်းမှာ ကိုယ့်အကြောင်းတရားနှင့်ကိုယ် ရှိတတ်သည်မဟုတ်လား။

ဝတ်ရည်ချိုက ဆိုင်ထဲ လူတချို့ဝင်လာသဖြင့် မျက်ရည်များ မကျအောင် ထိန်းနေရှာသည်။ သို့သော် ဆက်လက်ငိုချင်နေသည့် နီရဲသောမျက်လုံးတွေကိုတော့ ထိန်း၍မရနိုင်ပါ။

အမှန်အတိုင်းဆိုရလျှင် တစ်ယောက်နှင့်တစ်ယောက် ပြောနေကြသော စကားလုံးတွေမှာ ဘယ်သူ့အတွက်မှ အကျိုးရှိစေသော စကားမပါသဖြင့် သူ ဒီနေရာက အမြန်ဆုံး ထသွားချင်ခဲ့သည်။ နိုင့်အတွက် မျက်ရည်တွေကိုသာ သယ်ဆောင်ခဲ့သော မိန်းကလေးရဲ့ ရှေ့မှာ ထိုင်နေရခြင်းအတွက်လည်း လိပ်ပြာမလုံ။

''လူအားလုံးရဲ့အမြင်မှာ ဝတ်ရည်ဟာ လိုတိုင်းတရနိုင်တဲ့ ကလေးတစ်ယောက်ပါဆရာ။ ငယ်စဉ်တုန်းက တစ်ယောက်တည်း တုန်းကလည်း လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့ပါတယ်။ နောက် ဝတ်ရည် မှုလတန်းကျောင်းသူဘဝမှာ ဖေဖေတို့က ကိုကို့ကို အမွေစား အမွေခံ မွေးစားခဲ့ကြတယ်''

ကိုယ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော စကားများဖြစ်သော်လည်း လူယဉ်ကျေးတစ်ယောက်အနေနှင့် တစ်ဖက်သားက ပြီးပါပြီဟု အဆုံးမသတ်ဘဲ ထသွားဖို့ မသင့်သဖြင့် သူ ငြိမ်နေမိသည်။

အခုချိန်မှာ သူမပြောချင်တာတွေ ပြောချင်သလောက် ပြောပါတော့ဟု ဆုံးဖြတ်ထားပါသည်။ ဒါကလည်း ကိုယ့်ကို စိတ်ဝင်စားပါတယ်ဟုပြောသော မိန်းကလေးတစ်ယောက်ကို အားနာသောအားဖြင့် တတ်နိုင်သလောက် လိုက်လျောထားခြင်းဖြစ်သည်။

"ကိုကို့ကြောင့် ဝတ်ရည်မှာ ပျော်ရွှင်ခဲ့ရတဲ့အချိန်တွေ အများကြီးပါ။ ကိုကိုက ဝတ်ရည်ကို ညီမလေးအရင်းတစ်ယောက်လို သိပ်ချစ်တယ်။ ဝတ်ရည်ကတော့ ကိုကို့ပေါ်မှာ အနိုင်ယူခဲ့တာများပါပြီ။ ဘယ်လောက်ထိတောင် အနိုင်ယူခဲ့သလဲဆိုရင် ကိုကို့ချစ်သူ မိန်းကလေးဆီ ဖုန်းလှမ်းဆက်ပြီး ကိုကို့နဲ့မပတ်သက်ဖို့ ပြောခဲ့မိတဲ့အထိပါ ဆရာရယ်"

"ဘာရယ်"

မသက်သာ၍ နားထောင်ရသည့်ဟန်နှင့် ထိုင်ခုံနောက်မှီမှာ ကိုယ်ကို ခပ်လျောလျော မှီထားရာမှ သူ့ရဲ့ကိုယ်က မတ်ခနဲဖြစ်သွားပြီး ရှေ့ကိုကိုင်းသွားသည်။ စားပွဲကိုဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်ကလည်း တင်းခနဲ။

သူ့ခံစားချက်နှင့်သူ ပြောနေသော ဝတ်ရည်ကတော့ သူ ဘာတွေဖြစ်ပျက်သွားသလဲမသိဘဲ မမြင်ရတဲ့ တစ်နေရာကို ငေးရင်း–

"ဝတ်ရည်ရဲ့ လုပ်ကြံမှုကြောင့် ကိုကို့ကိုတော့ ရခဲ့ပါရဲ့။ ဒါပေမဲ့ ဝတ်ရည်လိုချင်တဲ့ချစ်ခြင်းမျိုး ကိုကို့ဆီကမရခဲ့ဘူးဆရာ။ ဟောအခုကျတော့ ဝတ်ရည် ကိုကို့ရဲ့ ဝဋ်တွေ ကောင်းကောင်းကြီးလည်နေပါပြီ ဆရာ။ ဆရာ့ကိုမြင်တော့မှ ဝတ်ရည် ကိုကို့ကိုချစ်တယ်ဆိုတာ





အစ်ကိုတစ်ယောက်ကိုချစ်သလိုမျိုးပါလားလို့ သိမိတယ်။ ဒါပေမဲ့ လွန်ကုန်ပြီဆရာ"

ဝတ်ရည်ရဲ့မျက်ဝန်း၌ ယူကြုံးမရသော မျက်ရည်တွေဝဲကာ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကို အတင်းဖိကပ်ထိန်းချုပ်ရင်းကနေ ခေါင်းငုံ့သွားသည်။

နောက် ကြည့်နေရင်း ပါးပြင်ဆီမှ စားပွဲဆီသို့ တိုက်ရိုက်သက်ဆင်းသွားသော မျက်ရည်တွေကြောင့် သူ ထိုင်နေရမလို ထသွားရမလို ဖြစ်နေသည်။

မိန်းကလေးတစ်ယောက်ရဲ့မျက်ရည်ကို ရင်မဆိုင်ရဲစွာ မျက်နှာလွှဲသက်ပြင်းချမိသည်။

လွန်ကုန်ပြီတဲ့။ ဘာတွေလွန်သွားတာလဲ။

သူ့ရဲ့မေးခွန်းကို မမေးပါဘဲနှင့် –

"ကိုယ့်ကို မချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို စေ့စပ်ခြင်းဆိုတဲ့ကြိုးနဲ့ ချည်ပြီး ကိုယ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်မှာလည်း စေ့စပ်ခြင်းဆိုတဲ့ ကြိုးက ချည်နှောင်ပြီးသားပါ"

"နေဦး ဝတ်ရည်"

သူ တစ်ခုခု ဝင်ပြောမှ သင့်တော့မှာမို့ ပါးစပ်ဟလိုက်စဉ် ဝတ်ရည်က လက်ကာပြရင်း ခေါင်းအတင်းယမ်းရင်းနှင့် –

"ဆရာ့အတွက်ကတော့ လိုလိုချင်ချင်နဲ့ ချည်နှောင်ခဲ့ချင်တဲ့ ကြိုးဆိုတာ ဆရာ,မပြောဘဲ ဝတ်ရည် သိပါတယ်။ အခု ဝတ်ရည်ဖြစ်

နေတာက ဘာနဲ့တူသလဲသိလား ဆရာ။ သူများကို လောင်ကျွမ်းစေချင်လို့ မီးရှို့တဲ့အခါ ကိုယ်တိုင် အဲဒီမီးစက်ကွင်းက မလွတ်ခဲ့ဘူး။ ဒီစေ့စပ်ခြင်းအတွက် တစ်ခါမှ နောင်တမရခဲ့ဖူးပေမယ့် အခုကျတော့ ကိုကို့ကိုလည်း လောင်ကျွမ်းစေခဲ့တယ်။ ကိုယ့်ရဲ့စိတ်ခံစားချက်အမှန်ကို ဆန့်ကျင်မိခဲ့တဲ့ ဝတ်ရည်လည်း လောင်ကျွမ်းခံနေရပါတယ် ဆရာ''

''ဆောရီးဝတ်ရည်၊ အဲဒီအတွက် ကိုယ်နဲ့ လုံးဝမသက်ဆိုင်ပေမယ့် စိတ်တော့မကောင်းပါဘူး''

''စိတ်မကောင်းမဖြစ်ပါနဲ့ဆရာ။ ဒါဟာ ဘယ်သူ့မှမြ မိမိမှုပါ။ နောက်တစ်ခု တောင်းပန်ချင်တာက ဟုတ်ပါတယ်၊ ဆရာပြောသလို ကိုယ့်ကြောင့် သူတစ်ပါးရဲ့ချစ်ခြင်း ပြိုကွဲရတာ ဘယ်ကောင်းမလဲလို့ ဆရာပြောခဲ့တယ်နော်''

အစပိုင်းတုန်းက သူမကို တော်တော်ကြီး အထင်သေးရဲ့ ထိုစကားကို သူပြောခဲ့မိသည်။ ထို့အတွက် မျက်နှာပူအနေခက်စွာ သူမကို တည့်တည့်ရင်မဆိုင်ရဲဘဲ လက်ဖက်ရည်ခွက်အလွတ်ကိုသာ စိုက်ကြည့်နေမိသည်။

သူမက ပိုက်ဆံအိတ်ကိုဖွင့်နေရင်း –

''ဝတ်ရည် ဆရာ့ကို မိန်းကလေးတန်မဲ့ စိတ်ဝင်စားပါတယ်လို့ ပြောမိတာက ဒီဆိုင်အတွင်းမှာပါ''

သူမက လက်ဖက်ရည်ဖိုးကို ဖန်ခွက်နှင့်ဖိပြီး ခပ်ဖြည်းဖြည်းထရင်း –





''ဒီဆိုင်ရဲ့အပြင်ရောက်တာနဲ့ ဆရာစိတ်ပူသလို ဆရာ့နောက် ဝတ်ရည် တကောက်ကောက် ဘယ်တော့မှမလိုက်ပါဘူး။ အဲဒါ ဝတ်ရည်ရဲ့ကတိပါ။ နောက်ပြီး ဝတ်ရည်မှာ ပြောမှားဆိုမှားရှိခဲ့တယ်ဆိုရင် ဆရာ့ကို တောင်းပန်ပါတယ်''

နှုတ်ဆက်ခြင်းမရှိဘဲ စကားစကိုဖြတ်ချလိုက်ကာ သူမ ထွက်သွားခဲ့သည်။ သူကတော့ စားပွဲပေါ်ကိုသာစိုက်ကြည့်ရင်း သက်ပြင်းချမိသည်။ သူနှင့်နိုင်ရဲ့ အနာဂတ်သည် မည်သို့ရှိနိုင်သနည်း။

❀

## အခန်း (၃၅)

"ဒီနေ့ ဆရာဝန်ကြီး round ပြီးရင် ဆေးရုံက ဆင်းလို့ ရပြီတဲ့ နိုင်"

"ဟုတ်ကဲ့"

ထိုင်ခုံမှာမထိုင်ခင်ပြောလိုက်သော သူ့ရဲ့စကားကို နိုင်က ခေါင်းငုံ့မျက်လွှာချရင်း တိုးတိတ်စွာပြောသည်။ နိုင့်ပုံစံက ဆေးရုံက ဆင်းရမည်ဆိုသော်လည်း မင်ပန်းစွမ်းနယ်ဟန်ကို မပျောက်၊ မျက်နှာက အတော်ချောင်ကျနေသည်။

ခန္ဓာကိုယ်က အနည်းငယ်ပိန်ကျသွားသည်။

မမသက်က သူကမ်းပေးသော ချိုင့်ကို လှမ်းယူရင်း –

"ဘာတွေဝယ်လာသလဲ မောင်ဇင်မင်းထွန်း။ အရေးရယ် အကြောင်းရယ်ဆို ကူညီပေးနိုင်တဲ့အတွက်ကိုပဲ ကျေးဇူးတင်လှပါပြီ။ မင်းက မနေ့ကတည်းက မနက်စာတစ်ခုခု ဝယ်လာမယ်၊ ဘာမှ





မလုပ်ထားနဲ့ဆိုလို့သာ"

"ရပါတယ် မမသက်ရယ်။ ကိုယ့်အချင်းချင်းတွေပဲ၊ ဘာ အားနာစရာရှိလို့လဲ။ ကြေးအိုးပြုတ်ကို နိုင်က ကြိုက်တတ်တော့"

"အို"

"ဟယ်တော် ... နိုင် ကြေးအိုးပြုတ်ကြိုက်တတ်မှန်း ကိုဇင်မင်းထွန်းကြီးက ဘယ်တုန်းက သိလိုက်တာလဲ"

မေသူအောင်ရဲ့စကားကြောင့် နိုင့်မျက်နှာ ပို၍နီရွေးသွားတော့သည်။ ငုံ့ထားသော ခေါင်းကလည်း မော့မလာတော့ချေ။

သူကလည်း အမှတ်မထင် ပြုလုပ်လိုက်မိသည့် အပြုအမူအတွက် အတော်ကြီး အနေရခက်သွားပါသည်။ စိတ်ထဲ သူမနှင့် ယခုမှ ပြန်တွေ့ကြသည်၊ ယခု ပတ်ဝန်းကျင်က သူတို့ပတ်သက်မှုများကို မသိဟုဆိုသည့်အကြောင်းအရာကို မေ့လျော့နေခဲ့သည်။ ထို့ကြောင့် ဘာစားစား ကုန်အောင်မစားနိုင်ဘဲ ခံတွင်းမတွေ့ရှာသော သူမအတွက် သူမကြိုက်တတ်သော ကြေးအိုးကို သူသတိရကာ ဝယ်ခဲ့ခြင်းဖြစ်သည်။ ယခုကျတော့ အားလုံးအတွက် စစရာဖြစ်သွားခဲ့ပြီလား။

"ဟိုလေ ... အဲဒါက ဟို ဒီလိုပဲ ကြိုက်တတ်မယ်ထင်လို့ ပြောလိုက်တာ။ ဘာလဲ မှားနေလို့လား။ နိုင်က ကြေးအိုးမကြိုက်ဘူးတဲ့လား"

မျက်နှာပျက်စရာ အခြေအနေကနေ ချက်ချင်းရုန်းထွက်ပြီး သူ မေးခွန်းတစ်ခု ကောက်မေးလိုက်သည်။ မေသူအောင် ပြုံးစိစိ

ဖြစ်နေပြီး မမသက်က -

"မှားနေလို့ မဟုတ်ဘူးဟော့၊ သိပ်ကိုမှန်နေလွန်းလို့၊ အေးပါ ... ဘာပဲဖြစ်ဖြစ် နိုင်ကြိုက်တတ်တဲ့ ကြေးအိုးဆိုတော့ နိုင် ဒါလေး ကုန်အောင် သောက်ရမယ်နော်"

"ဟုတ်တယ် ... ဝယ်လာတဲ့သူ စိတ်ချမ်းသာအောင် ကုန်အောင်သောက်နော်"

ကိုစိုင်းကပါ ဝင်ပြောသည်။ မမျှော်လင့်ဘဲ အခြေအနေတစ်ခုကနေ ရုန်းထွက်နိုင်သဖြင့် သက်ပြင်းချမိသည်။

နိုင် မစားနိုင်၊ မသောက်နိုင်ဖြစ်နေရသည်ကိုလည်း ကာယကံရှင် နိုင့်ထက် ပို၍ သူက စိတ်ပူနေမိတတ်သည်။

ရုံးတက်နေရလျှင်လည်း စိတ်က နိုင့်ဆီမှာ။ နိုင်တော့ တစ်ယောက်တည်း စကားပြောဖော်မရှိ၊ လူနာစောင့်မရှိနဲ့ ပျင်းနေတော့မှာပဲဟုတွေးပြီး ဘာအလုပ်မှ ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်ခဲ့ပေ။

ရုံးကဆင်းလို့ အိမ်ရောက်တာနှင့် ရေကမန်းကတမ်းချိုး၊ အဝတ်အစား ခပ်မြန်မြန်လဲပြီဆိုလျှင် မောင်ရဲနောင်က ဘာမှမသိသူတစ်ယောက်ကဲ့သို့ -

"ရုံးကပြန်လာတာ မကြာသေးဘူး ဆရာရယ်။ အေးအေးဆေးဆေးနားပြီး မိုးချုပ်မှ ခဏတဖြုတ်ထွက်ပါလား"

ဟု မသိသာဆိုရှားစွာ အကြံပေးနေသေးသည်။ သူ့ဆရာဇင်မင်းထွန်းက မိုးသွားချင်ဖြစ်နေတာကို သတိပြုမိဟန် မတူချေ။





ဆေးရုံရောက်၍ မြင်လိုက်ရသောမျက်နှာတစ်ခုကြောင့် အမောပြေကာ စိတ်အေးချမ်းသွားရသည့်အဖြစ်လောက် ကြည်နူးစရာကောင်းတာ ဘာမှမရှိ။

ဆက်ထုံးဟောင်းကို ပြန်ဆက်လျှင်လည်း နောက်ထပ်ထုံးရသာ အဖက်တင်မည်။ ယခင်တုန်းကလိုတော့ ဖြောင့်ဖြူးသည့် ဆက်ဆံရေးမျိုး ပြန်မရနိုင်မှာ သေချာသည်။

သူ့ကို စကားမပြောချင်သလိုလို ရှောင်ဖယ် ရှောင်ဖယ်လုပ်နေသည့် နိုင့်ရဲ့အပြုအမူတွေက သက်သေပဲလေ။ အတိတ်တုန်းက နိုင့်အပေါ်မှာ သူ အကြွေးတွေ တင်နေခဲ့သည်။ အခု အဲဒီအကြွေးတွေကို ပြန်ဆပ်ချင်နေတာလား။

ကိုယ့်အတွေးကိုကိုယ် ခေါင်းခပ်တင်းတင်းယမ်းမိသည်။ မွေးစားမိဘတွေအတွက် ယခုဘဝမှာ ရာသက်ပန် ကျေးဇူးကြွေးဆပ်စရာကျန်သေးသည်။ နိုင့်အပေါ်တင်နေသည့် ကြွေးတွေကိုတော့ နောက်ဘဝမှာသာ ဆပ်နိုင်ပေတော့မည်။

ထို့အတွက်ကြောင့်လည်း နိုင် ခွင့်လွှတ်ပေးသနားမည့်အဖြစ်ကို မလိုလား၍ တောင်းပန်ပါသည်ဟု စကားမဆိုခဲ့ခြင်းဖြစ်သည်။ ပြန်လည်ပြေလည်သွားသည့်အဖြစ်ကနေ နောက်ထပ် သံယောဇဉ်ကြိုးတွေ ရစ်ပတ်ခံရမှာကြောက်သည်။

ထားရစ်ခဲ့ပြန်ပြီလို့ ထင်ခံရမှာလည်း ကြောက်သည်။

နိုင်ရယ်၊ ကို့ကိုခွင့်လွှတ်ပါ။ မင်းကို ချစ်ချင်တဲ့စိတ်တွေ ရှိ

နေပါလျက်နဲ့ ချစ်ခွင့်မပေးတဲ့အခြေအနေတစ်ခုက မင်းနဲ့ ကိုယ့်ရဲ့ကြားမှာ မဟာတံတိုင်းကြီးထက်မြင့်မားစွာ ခြားနားနေခဲ့တာပါ။ ကိုယ့်ကြောင့် နာကျဉ်နေရတဲ့မင်း ကိုယ့်ကို ခွင့်မလွှတ်သင့်ပါဘူး။ မင်းအပေါ် ထာဝရနားလည်ခွင့်လွှတ်ပေးမယ့် သက်လင်းထွန်းဆိုတဲ့လူကို လက်တွဲပြီး 'ကို' ကို အတိတ်မှာပဲထားခဲ့ပါ နိုင်ရယ်။

မင်းကို ပိုင်ဆိုင်ခွင့်မရခဲ့ပေမယ့် အတိတ်တုန်းက မင်းဟာ ကိုယ့်ချစ်သူဆိုတဲ့အသိနဲ့ ထာဝရကြည်နူးခွင့်ရရင် ကိုယ်ကျေနပ်ပါပြီ။

"ကိုဇင်မင်းထွန်း"

"---"

"ဟိတ်လူ . . . ဘာတွေများ ဒီလောက်ထိ စဉ်းစားနေတာလဲ"

"ဟင်"

တစ်ယောက်ယောက်က ပခုံးကိုတွန်းထုတ်လိုက်သဖြင့် လန့်ဖျပ်ကာ အသိဝင်သွားခဲ့သည်။ တော်သေးရဲ့ ထိုင်ခုံပေါ်မှာ ခြေထောက်အောက်ချထိုင်နေ၍။ ခြေထောက်သာ ထိုင်ခုံပေါ်တင်ပြီး တင်ပျဉ်ခွေထိုင်နေလျှင် အောက်သို့ ဘုတ်ခနဲ ပြုတ်ကျနိုင်သည်။

အားလုံးက သူ့ကို စိတ်ဝင်တစားကြည့်နေကြသည်။ သူ့မျက်နှာ နီရဲသွားကာ –

"ဟို ဘာပြောလိုက်တာလဲ"

"ဟောတော် . . . ဒီက ပြောနေတာ နားထောင်နေတယ်





မှတ်လို့ ပြောနေတာ။ ဘာပြောလိုက်သလဲတဲ့။ ကဲ အစ်ကိုစိုင်း . . . ကိုယ့်လူကို ပြောပါဦး"

"နေဆေးနဲ့ ညဆေး မှားသောက်လာသလား မသိဘူး။ လူက ဆေးရုံမှာ စိတ်က . . . ဟဲ ဟဲ ဘောဘီလေးဆီမှာ၊ ဟုတ်တယ်မဟုတ်လား မှန်မှန်ပြောနော်"

"ဟာဗျာ . . . မေသူအောင်ကလည်း ကျွန်တော့်စိတ် ဘယ်သူ့ဆီမှ မရောက်ပါဘူး။ ကျွန်တော် တွေးနေတာကတခြား"

မျက်နှာတည်သွားကာ တစ်ဖက်သို့လှည့်သွားသည့်နိုင့်ကို ကြည့်ပြီး ပျာပျာသလဲနှင့် ပြောမိသည်။

တကယ်လည်း သူတစ်ယောက်တည်းရှိနေသည့်အချိန်တွေမှာတောင် ဝတ်ရည်ဆီ စိတ်နည်းနည်းလေးမှ မရောက်တာက အံ့ဩထူးဆန်းစရာကောင်းသည်။ ကိုယ်နဲ့လက်ထပ်ကိုထပ်ရမည်ဆိုသည့်အသိကလွဲ၍ သူ့မှာ တခြားမရှိ။ ရင်ခုန်ကြည့်၍ မရ။ ဒါတွေကိုကိုယ်ပဲ နားလည်ပြီး ဘယ်သူ့ကိုမှ ပါးစပ်အညောင်းခံပြီး ရှင်းပြမနေချင်ပါ။

အများအမြင်မှာတော့ ဇင်မင်းထွန်းသည် အသက်ငယ်ငယ်ရွယ်ရွယ်၊ ချောချောလှလှ မိန်းကလေးတစ်ယောက်နှင့် စေ့စပ်ထားသည်။ မကြာခင် လက်ထပ်ကြတော့မည်။ အတွင်းကျကျသိသူဆိုလို့ သူတစ်ယောက်တည်း။

"Ear တော့လည်း။ hear ရတာပေါ့"

"ကဲပါ မေသူရယ် . . . အချင်းချင်းတွေ အဲဒီလောက် မစပါနဲ့။ ဟိုမှာ မောင်ဖဝင်မင်းထွန်းမျက်နှာ ရဲလာပြီ"

မမသက်က လှုကြီးပိပိ ဝင်ထိန်းပြောသည်။ နိုင်က သိပ်မပူတော့သော ကြေးအိုးကို ငြိမ်သက်စွာ ခပ်စားနေသည်။ ကိုစိုင်းက–

"ဒီလိုကွ . . . ဟိုးတောင်ပေါ်ကျောင်းမှာ တို့တွေစုပေါင်းပြီး ဆွမ်းကပ်ချင်လို့။ ဝေးလည်းဝေး လူသူလည်းပြတ်တော့ ဆွမ်းကွမ်းရှားပါးတယ်လေ။ ကိုယ်တောင် အသိတစ်ယောက်အလှူလုပ်လို့ အဖော်လိုက်သွားရင်းသိရတာ။ ကိုရင်လေးတွေနဲ့ ဆရာတော်ပေါင်းမှ ဆယ်ပါး။ ဆယ့်ငါးပါး အလွန်ဆုံးရှိတာ"

"ဆွမ်းကပ်ချင်တယ်ဆိုတော့ ကိုစိုင်းက ဟိုမှာသွားချက်ပြီး ကပ်မှာလား။ ဒီကပဲ ချက်ပြီးကပ်မှာလား"

မမသက်က ဝင်မေးသဖြင့် အားလုံး ကိုစိုင်းကို စိတ်ဝင်တစားကြည့်ကြသည်။

"ဟိုမှာချက်ဖို့ ပစ္စည်းတွေသယ်သွားရမှာ ရှုပ်တယ်ဗျ။ ရှုပ်တယ်ဆိုတာက ချက်ဖို့ ပြုတ်ဖို့ ပစ္စည်းမစုံလင်မှာစိုးလို့လေ။ ဒီက ချက်ပြုတ်ပြီး တစ်ယောက်ငါးဆင့်ချိုင့် တစ်ချိုင့်ဆီ သယ်ရင်တောင် အဆင်ပြေနေပြီပဲ"

"အစ်ကို့အစီအစဉ်က ကောင်းသားပဲ။ ဘယ်နေ့လဲ အစ်ကို"

"နိုင် ဆေးရုံကဆင်းပြီး တစ်ပတ်လောက်နေရင်ဆို လိုက်နိုင်ပြီ မဟုတ်လား"





"အို . . . ဒီနေ့ ဆေးရုံက ဆင်းရမှာပဲဥစ္စာ၊ အခု အပြေးပြိုင်ရမလား ရတယ်"

"အမယ်လေး မမနိုင်ရယ် . . . လှုကသာ ပြေးလိုက်ရမလား ရတယ် လုပ်မနေနဲ့။ လူကဖြင့် လေတိုက်ရင် ပစ်လဲတော့မယ်။ တော်ကြာ တစ်ခုခုဖြစ်နေလို့ တော့မောင်တော်က ကျုပ်ကို လှမ်းပြောနေပါဦးမယ်"

"ဟာ . . . မမသက်ကလည်း ကိုယ့်အချင်းချင်းပြောနေတဲ့ ကိစ္စမှာ ဘယ်ကလူပါလာရတာလဲ"

"ဘယ်က လူမှမဟုတ်ဘူး။ နိုင့်ရဲ့လူ နိုင့်ရဲ့လူ"

"မေသူနော်"

နိုင်ကသောက်ပြီးသွားသော ကြေးအိုးချိုင့်ကို အစီစဉ်တကျဆင့်ရင်း မေသူကို လှမ်း မျက်စောင်းထိုးသည်။

တော်သေးရဲ့။ ဒီနေ့က ရုံးပိတ်ရက်ဖြစ်နေလို့။

"နိုင်ရေ . . . ခဏနေခဲ့ဦး။ မမသက်တို့ ဈေးဘက်ခဏဆင်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ . . . ရပါတယ် မမသက်"

"ရှင်တို့ကော လိုက်ကြမလား။ ဘာလေးညာလေးမှာရအောင်"

မမသက် ပစ္စည်းတွေကို စုသိမ်းရင်း သူတို့ဘက်ကို လှည့်မေးသည်။

"မီးပူတစ်လုံးလောက်တော့ မှာချင်တယ်ဗျာ။ ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက မီးပူက လောင်သွားတာ။ ဈေးမရောက်ဖြစ်တော့ နဲ့ အင်္ကျီတွေ မီးပူမတိုက်ဖြစ်ဘဲ ဝတ်နေရတယ်"

"သိတယ် ဒီပုံစံမြင်ကတည်းက မသိတဲ့သူတွေအဖို့ မီးရိုးထဲ မှာ မနားတမ်းချက်နေရတဲ့ အိမ်ရှင်မလို ဖိုသီဖတ်သီ ဖရိုဖရဲနဲ့"

မမသက်က ကြိတ်ပြုံးနေ ကိုစိုင်းကို ဖုံဖြစ်အောင် ဖုံ့လိုက်သည်။ မမသက် စကားတစ်ခွန်းပြောလျှင် လိုက်နင်းပြီးပြောနိုင်သော ကိုစိုင်း က အပြုံးမပျက်စွာနှင့် –

"ဖရိုဖရဲဖြစ်ရတာပေါ့။ မိန်းမက မိုးလင်းတာနဲ့ အလုပ်ပြင်ပြီး ဈေးဝယ်ထွက်ဖို့ပဲ တတ်တာကိုး"

ဟု မမသက်ကို မေးငေါ့ပြောတော့ မမသက်က ခေါက်ထီး ထောင်ပြကာ မျက်စောင်းထိုးပြီး –

"စကားကောင်းပြောရင် ဖောက်ပြီ မောင်ဖင်မင်းထွန်းကော ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး မမသက်"

မမသက်နှင့် မေသူအောင် ဆေးရုံကထွက်ပြီး ဈေးဘက်ဆင်း သွားတော့ သူရယ်၊ နိုင်ရယ်၊ ကိုစိုင်းရယ်။

သူနှင့်ကိုစိုင်းက စကားပြောသူဖြစ်ပြီး နိုင်ကတော့ ငြိမ်၍ နားထောင်နေသည်။ တစ်ခါတလေမှသာ အလိုက်သင့်ဝင်ပြောခြင်းမျိုး ဖြစ်သည်။





စကားပြောနေရင်း ကိုစိုင်းထံမှ ဖုန်းဝင်လာတော့ ကိုစိုင်းက အပြင်ဘက်ထွက်ကာ ဖုန်းသွားပြောတော့ သူနှင့်နိုင်ပဲ ကျန်ခဲ့တော့ သည်။ နိုင်က နံရံဘေးမှာ ခေါင်းအုံးလေးနှစ်ဆင့်မှီပြီး ထိုင်နေသည်။ သူက ခုတင်ဘေးကခုံတန်းလျားထက်မှာ ဖြစ်သည်။ နှစ်ယောက်သား အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေခဲ့သည်။ သူကတော့ နိုင့်ကို စကားများများ ပြောချင်လှသော်လည်း နိုင့်စိတ် အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် ဘာစကားမှ မဆိုဖြစ်။

"ကျွန်မကို အစစအရာရာ ကူညီခဲ့တဲ့အတွက် ကျေးဇူးတင် ပါတယ်"

နိုင့်ထံမှထွက်လာသောစကားကြောင့် သူ မော့ကြည့်မိသည်။ ဘယ်တော့မှ ကျွန်မဟု ပြောလေ့မရှိသော သူမက သူ့ကိုတော့ ခြားနားထားခဲ့သည်မှာ သေချာသည်။

သူ သက်ပြင်းချကာ ခေါင်းယမ်းလိုက်သည်။ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ပြီး ကျောနိုင်းဖုန်းပြောနေသော ကိုစိုင်းရဲ့ကျောပြင်ကို လှမ်းငေးရင်း –

"ကိုယ်နဲ့နိုင့်ကြားမှာ ကျေးဇူးဆိုတဲ့စကားက မလိုအပ်ပါဘူး။ သူစိမ်းတွေမှန်း သိသိနဲ့ သူစိမ်းဆန်တဲ့စကားတွေ မပြောပါနဲ့လို့ ပြောပါ ရစေ။ နိုင့်ကို ကူညီခွင့်ရတဲ့အတွက် ကိုယ့်ဘက်ကတော့ ဖော်မပြနိုင် အောင် ဝမ်းသာပါတယ်"

နိုင် စိတ်ဆိုးသွားမလားဟု တွေးထားသော်လည်း စကားတို့

ကတော့ ဆိုမိသွားခဲ့ပြီ။ စကားသံတွေလည်း ထွက်မလာ။ စိတ်ဆိုးဒေါသလည်းမကြာရ။ အဆုံးစွန် တောက်ခေါက်သံလေးကိုမှ မကြားရသဖြင့် လှည့်ကြည့်လိုက်မိတော့ –

"ဟင်"

သူ့မျက်နှာကို ငေးကြည့်၍နေသော နိုင့်မျက်ဝန်းတွေထဲမှာ ပျော်ဝင်နေသော စကားလုံးတွေ ပြောမထွက်ကြပေမယ့် သိနေခဲ့ပါသည်။ ဝမ်းနည်းကြေကွဲမှုတွေနှင့် ပျော်ဝင်နေသော နိုင့်မျက်ဝန်းလေးတို့သည် သူ့မျက်နှာကို အကြာကြီးငြိမ်သက်စွာ ကြည့်နေခဲ့ပြီး ဘာစကားမှမဆိုဘဲ မျက်ဝန်းကို မှိတ်ချလိုက်သည်။ မျက်ခွံတွေနှင့် နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်နေသော်လည်း မျက်ရည်တွေတော့ ကျမလာ။ သူမ ဝမ်းနည်းမှုတွေကို ထိန်းချုပ်နေဟန်တူသည်။

❁



# အခန်း (၃၆)

တစ်မိုးအောက်ထဲမှာ အတူတူနေရတာ မဟုတ်ပေမယ့် တစ်ဖက်ခြံထဲမှာ နိုင်ရှိနေတယ်ဆိုသောအသိနှင့် ရင်ကို ငြိမ်းအေးစေပါသည်။

တစ်ခါတစ်ရံကျတော့လည်း သူ့လုပ်ရပ်တို့သည် ဝတ်ရည်အပေါ် မတရားသလို ခံစားနေရပါသည်။ ဝတ်ရည်ရှေ့ရောက်လျှင် ဘယ်လိုပုံစံနှင့် ဆက်ဆံဆံ မတုန်လှုပ်တတ်သော စိတ်က နိုင့်ရှေ့သို့ရောက်လျှင် နှလုံးခုန်သံတို့က မြန်မြန်လာတတ်သည်။

ပြန်စဉ်းစားကြည့်တော့လည်း ရုပ်နာမ်ကိုသာ ထိန်းချုပ်၍ရချင်ရမည် စိတ်ဝိညာဉ်ကိုတော့ ထိန်းချုပ်၍ မရနိုင်ပေ။ ရုပ်နာမ်ကတော့ ဝတ်ရည်ဆန္ဒအတိုင်းဟု လည်စင်းပေးနေပေမယ့် စိတ်ဝိညာဉ်ကတော့ သေသူနှင့်မခြား။

ကိုယ့်ကိုယ်ကိုယ် တတ်နိုင်သလောက် ရအောင်ထိန်းထား

သော်လည်း အသေလိုဖြစ်နေတဲ့ ဝိညာဉ်ကို မညှဉ်းဆဲချင်ပေ။ စိတ်ခံစားချက်ဆိုသည်မှာ စေလိုရာစေညွှန်လို့ ရတာမှမဟုတ်ဘဲ ရှိစေတော့လေ။

"ဆရာ မှောင်နေပြီလေ ... အထဲဝင်ပါတော့လား"

ခြံဘေးကခုံတန်းထက်မှာ တစ်ယောက်တည်း ထိုင်နေသည်မှာ အတော်ကြာပြီ။

ဆောင်းတွင်းမို့ အချမ်းဓာတ်ကတော့ ဆောင်းဝိသနေပြီသည်။ သူ့ရှေ့တွင် သစ်မြစ်ဆုံကြီး သုံးလေးခုနှင့် ဖိုထားသော မီးဖိုရှိနေသည်။ ရှေ့ဘက်တွင် မအေးလှသော်လည်း ကျောဘက်ကတော့ ဆစ်ရှုပြနေသည်။ မင်း ကျောသား ရင်သား ခွဲခြားလှချည်လားတဲ့။

"လာ ... ခဏထိုင်ပါဦး မောင်ရဲနောင်ရယ်။ မင်းကလည်း အမြဲတမ်း အိပ်နေရတာ တစ်ရက်တလေ မအိပ်ရတော့ ဘာဖြစ်သွားမှာလဲ"

"ဟာ ... ဆရာကလည်း"

သူ့စကားကြောင့် ကောင်လေးက ဝင်ထိုင်လိုက်ပေမယ့် –

"အိပ်ချိန်မှာ အိပ်ရတာကတော့ သဘာဝပဲလေ။ အမြဲတမ်း အိပ်နေရလို့၊ စားနေရလို့ မအိပ်မစားပါဘူးဆိုရင် ကျွန်တော်တို့က သဘာဝတရားကြီးကို ဆန့်ကျင်ရာကျနေမှာပေါ့"

"ဟော ... မင်းတောင် တော်တော်စကားတတ်နေပြီပဲကွ။ ကိုယ် စရောက်ခါစက မင်း ဒီလောက်စကားမတတ်သေးပါဘူး"





"အဲဒါ ဆရာ့ကျေးဇူးပေါ့"

"နိုး နိုး"

မောင်ရဲနောင်ကို သူ ခေါင်းယမ်းပြလိုက်သည်။ ယခုလို တိတ်ဆိတ်ငြိမ်သက်နေသည့် အချိန်မှာ မောင်ရဲနောင်ပြောသလို သဘာဝတရားကြီးကို ဆန့်ကျင်တယ်လို့ပြောပြော သူ ဒီနေ့ညကို အိပ်ပစ်လိုက်ဖို့ နှမြောသည်။

မီးမစွဲသေးတဲ့ ထင်းစကို မီးစွဲသွားတဲ့အခါ မီးက တဖျစ်ဖျစ်မြည်အောင် ထတောက်၊ မီးရှိန်ကျူး၍ ထင်းတွေတရဲရဲ ဖြစ်တာ၊ မီးရှိန်တွေ ပြန်တက်နေတာ အစရှိတာတွေကြည့်ပြီး တွေးချင်ရာတွေးနေရတာကိုပဲ ကျေနပ်ချင်သည်။

ဒီလိုအချိန်မှာ ဝတ်ရည်ဆိုတဲ့ မိန်းကလေးလည်း မပါတဲ့အတွက် ကျေနပ်ပါသည်။

"ဆရာ့ကိုကြည့်ရတာ တစ်မျိုးပဲနော်"

မောင်ရဲနောင်ရဲ့စကားကြောင့် မီးပုံကိုငေးကြည့်နေရာမှ မောင်ရဲနောင်ဆီ လှမ်းကြည့်မိသည်။

အသက်နှစ်ဆယ်မပြည့်တပြည့် မောင်ရဲနောင်ရဲ့မျက်နှာထက်၌ ကလေးရုပ်မပျောက်တပျောက်။ မီးရောင်တို့ဖြင့် ဝင်းလက်နေသော မောင်ရဲနောင်ရဲ့မျက်နှာတွင် သောကရိပ်ဆိုသည်မှာ မြူတစ်မှုန်စာတောင် တင်ကျန်မနေခဲ့ပေ။

"ဟို ... ကျွန်တော်အထင်မှားသွားရင် တောင်းပန်ပါတယ်

ဆရာ''

သူ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် မောင်ရဲနောင်က သူ စိတ်ဆိုးသွားပြီမှတ်ထင်ကာ တောင်းပန်စကားဆိုလေသည်။

သူ ပြုံး၍ ခေါင်းယမ်းကာ မောင်ရဲနောင်၏ပခုံးကို တစ်ချက်ပုတ်ကာ –

''ကိုယ့်မျက်နှာမှာ မင်းကိုစိတ်ဆိုးတဲ့ အမူအရာပေါက်နေလို့လား။ ဒါနဲ့ မင်း အိပ်ချင်နေပြီလား''

''မအိပ်ချင်သေးပါဘူး ဆရာ''

''ဒါဆို ကိုယ်တို့ ဒီနေ့ည စကားတွေ အေးအေးဆေးဆေး ပြောကြတာပေါ့။ မင်းကလည်း ကိုယ် စိတ်ဆိုးသွားမလားဆိုတဲ့ အတွေး မဝင်နဲ့ပေါ့ကွာ''

မောင်ရဲနောင်က သူ့မျက်နှာကို စိတ်ဝင်စားစွာ လှမ်းကြည့်သည်။ သူကတော့ တိတ်ဆိတ်ငြိမ်သက်နေသော နိုင်တို့အိမ်ဘက်ကို လှမ်းကြည့်မိပါသည်။

မီးပုံရဲ့အလင်းရောင်ကြောင့် နိုင်တို့အိမ်ဘက်ကို ထင်ရှားစွာ မြင်နေရသော်လည်း အိမ်ထဲ မီးမှိတ်တိတ်ဆိတ်နေသည်။ ည (၁၀) နာရီဆိုတော့ သူမတို့တစ်တွေ အိပ်ပျော်နေလောက်ကြပြီပေါ့။ အိပ်မပျော်လျှင်တောင် ချမ်းအေးသဖြင့် စောင်ပုံထဲ ကွေးနေလောက်ပြီ။

ထိုသို့ကွေးနေရင်း နိုင် ဘယ်သူ့အကြောင်း တွေးနေနိုင်သလဲ။ သူမနှင့် မကြာခင်လက်ထပ်တော့မည့် သက်လင်းထွန်း





အကြောင်းလား။ သူနှင့်ပတ်သက်ခဲ့ဖူးတဲ့ အတိတ်အကြောင်းလား။ သေချာတာတစ်ခုကတော့ သူမ သူ့ကို နာကြည်းနေဆဲပါ။

''မောင်ရဲနောင်က ကိုယ့်ကို တစ်မျိုးပဲလို့ ပြောတယ်နော်။ ဘယ်လိုတစ်မျိုးပဲလဲ၊ ပြောကြည့်။ ကိုယ်စိတ်မဆိုးဘူး''

''ဘာမှမဟုတ်တော့ပါဘူး ဆရာ''

''ဟေ့ ... ကိုယ် အဲဒီလိုစကားကိုလျော့ချလိုက်တာ မကြိုက်ဘူးနော်။ မင်းစောစောကပြောတဲ့ တစ်မျိုးပဲဆိုတာ ဘာလဲ။ ပြောရင်ပြော၊ မပြောလို့ကတော့ ကိုယ် သေချာပေါက် စိတ်ဆိုးမှာ''

သူ့ရဲ့ အကျပ်ကိုင်စကားကြောင့် ကောင်လေးက စိတ်ရှုပ်သလိုနှင့် ခေါင်းကုတ်သွားရှာသည်။ နောက် မီးညွန့်မကျိုးသေးသည့် မီးပုံထဲသို့ ဘေး၌ပုံထားသည့် သစ်ကိုင်းတချို့ ဆွဲယူထည့်နေသည်။

သူ တိတ်ဆိတ်စွာ စောင့်နေပေးလိုက်ပါသည်။ ခြောက်သွေ့သော ထင်းချောင်းငယ်မို့ မီးက တရှိန်ထိုး ထတောက်ပါတော့သည်။

ဘာမှလုပ်စရာမရှိသောအခါ လက်နှစ်ဖက်ကို မီးပုံဘေးမှာ ဖြန့်ကျက်ကာကာ –

''ဆရာ့ပုံစံကြည့်ရတာ ပုံမှန်အားဖြင့်ဆို ပြောဆို ပြုံးရယ်နေတာ ဘာပူပင် သောကမှ မရှိသလိုပဲ။ ကျွန်တော်ကတော့ ဆရာနဲ့ အနီးကပ်နေနေရလို့လားမသိဘူး ပိုပြီးမြင်နေရတယ်''

''ဘာမြင်နေရတာလဲ''

သူမေးခွန်းကြောင့် ကောင်လေးက မှုတ်ခနဲလှည့်ကြည့်ကာ

"ဆရာ ဟန်ဆောင်နေတာ ဆရာ့ပုံစံက ငိုချင်နေတာ"

"ဟေ ... ဟာ ဟာ မင်းပြောမှပဲ။ ကိုယ် တကယ်ငိုချင်လာပြီ"

သူ ကောင်လေးရဲ့စကားကြောင့် သဘောကျစွာ တဟားဟား ရယ်မိတော့ ကောင်လေးက လိုက်မရယ်ပါ။ သူ့ကိုသာ မျက်ခြေမပြတ် စူးစိုက်စွာကြည့်ပြီး –

"တကယ်ပါ၊ ဆရာ့မှာ သောကတွေရှိနေတယ်။ အဲဒါက ဘာလဲလို့တော့ ထပ်ပြီးအကျယ်မကိုင်ပါနဲ့။ ကျွန်တော်ပြေမှာထက် ပိုပြီး ဆရာက ကိုယ့်ကိုယ်ကိုယ် ပိုသိမှာပေါ့"

သူ့ရဲ့အရယ် ရပ်သွားသည်။ ကောင်လေးကိုတော့ သူ အထင်မသေးရဲတော့ပေ။

လက်နှစ်ဖက်ကို ခေါင်းနောက်ဘက်မှာ ချိတ်ဆက်ပြီး ဒူးပေါ်မှာ ထိုလက်နှစ်ဖက်တင်ပြီး ခေါင်းကိုငုံ့လိုက်သည်။ သူ့တစ်ပါးကိုသာ လိမ်ချင်လိမ်လို့ရမည်တဲ့။ မိမိကိုယ်ကိုတော့ လိမ်၍မရပါ။

"ဒီလိုပေါ့ကွာ ... လောကကြီးထဲမှာ ဖြစ်ချင်တာနဲ့ ဖြစ်နေတာ တစ်ထပ်တည်းမကျတာ သဘာဝပဲကွ။ မင်းငယ်ပါသေးတယ် မောင်ရဲ့နောင်ရယ်။ မင်း ဘာမှမသိပါဘူး"

"ဆရာကလည်း ကျွန်တော်က အသက်သာငယ်ပါတယ်။ သူများတွေလို မိဘဝိုက်ဆံ လက်ဖြန့်တောင်းသုံးပြီး ကျောင်းတက်နေရတဲ့ သူမှ မဟုတ်တာ။ သိတာပေါ့။ ဆရာပြောသလိုပဲ ကျွန်တော့်မှာ





လည်း ဖြစ်ချင်တာနဲ့ ဖြစ်နေတာ တစ်ထပ်တည်း မကျဘူးဗျာ"

"အံမယ် ... မင်းက"

သူက အံ့ဩသလိုပြောတော့ ကောင်လေးက ခေါင်းညိတ်သည်။ လူငယ်တစ်ယောက်ရဲ့မာန်နဲ့ တဖွတ်ဖွတ်ထိုးဆန်ချင်သည့် မျက်နှာဖြင့် –

"ကျွန်တော်ဖြစ်ချင်တာနဲ့ ကျွန်တော်ဖြစ်နေတာကတခြား"

"ဟေ ... မင်းက ဘာဖြစ်ချင်တာလဲ"

"ကျွန်တော် အစိုးရဝန်ထမ်းအလုပ်ကို လုံးဝ ဝါသနာမပါဘူးဗျာ။ အမေတို့က ကျွန်တော်ဆယ်တန်းအောင်တော့ ဒီရုံးမှာ အတင်းဝင်လုပ်ခိုင်းတော့တာပါပဲ။ အလုပ်ဝင်ကတည်းက ကျွန်တော့်ရဲ့ လူငယ်ဘဝ ပျောက်ဆုံးခဲ့ရတော့တာပဲ ဆရာ။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ကလွဲပြီး မနက်ရှစ်နာရီကနေ ညနေ လေးနာရီအထိ ကိုယ့်ဘဝကို ကိုယ်မပိုင်ဘူး။ ဟော ပြန်ရောက်တဲ့အချိန် ရေမိုးချိုးစားသောက်နဲ့ ဘယ်မှာလဲ ကျွန်တော့်လွတ်လပ်ခွင့်"

ကောင်လေးက ပြောရင်းပြောရင်း အရှိန်တက်လာဟန်နှင့် သူ့ကို မေးခွန်းပြန်ထုတ်သည်။ သူ ဘာပြောရမှန်းမသိသဖြင့် ငြိမ်နေလိုက်သည်။ သေချာတာတစ်ခုက ဒီနေ့ညဟာ သူ့အတွက် အဓိပ္ပာယ်မဲ့စွာ ကုန်ဆုံးမယ့်ည မဟုတ်တော့ပေ။

ယနေ့ခေတ်လူငယ်တစ်ယောက်ရဲ့ စိတ်ခံစားမှုများကို အနီးကပ်ဆုံးတွေမြင်ခံစားပေးနိုင်သည့်နေ့လည်း ဖြစ်သည်။

ဟုတ်ပါတယ်၊ တာဝန်သိသူတချို့အတွက် လွတ်လပ်မှုတွေ ပျောက်ဆုံးနေပြီး တာဝန်မဲ့သူတချို့အတွက် တရားလွန်လွတ်လပ်မှုတွေ ဖြစ်တည်နေသည်။ ဆိုလိုချင်သည့် တာဝန်သိမှုဆိုသည်မှာ ကိုယ့်ကိုယ်ကျိုးအတွက်သော်လည်းကောင်း၊ ကိုယ့်မိတအတွက်သော်လည်းကောင်း ဆိုလိုသည်။ ယနေ့ခေတ်မှာ တာဝန်သိလေလေ သိသူအဖို့ ပင်ပန်းလေလေ။ အဘယ့်ကြောင့်ဆိုသော် တာဝန်မသိသူများသောကြောင့်။

"ကျွန်တော်ဖြစ်ချင်တာက ပင်လယ်ထဲမှာ ရွက်လွှင့်သွားရတဲ့ သင်္ဘောသားတစ်ယောက်။ သင်္ဘောသားတွေလောက် လွတ်လပ်တာ မရှိဘူး"

"ဒါက မင်းထင်လို့ပါကွာ။ သူတို့တွေမှာလည်း သောကတွေနဲ့ လူမနီး သူမနီး ပင်လယ်ထဲမှာ ချစ်သူခင်သူတွေနဲ့ တကွဲတပြား။ ကြည့်စရာ ရှုစရာဆိုလို့ အပြောကျယ်တဲ့ ပင်လယ်ကြီးပဲရှိတာ။ သူတို့ကလည်း သူတို့ကိုသူတို့ အထီးကျန်ဆန်သူတွေအဖြစ် သတ်မှတ်ကြမှာပဲကွ"

သူ့စကားကြောင့် ကောင်လေးက ပခုံးတွန့်ကာ -

"လူတွေက တစ်ယောက်နဲ့တစ်ယောက် တွေးခေါ်ပုံခြင်းမှ မတူတာ ဆရာ"

"ဟုတ်ပါပြီ၊ မင်းကို ကိုယ်မငြင်းပါဘူး"

သင်္ဘောသားအလုပ်ကိုမှ ဝါသနာပါသူကို သင်္ဘောသား





တစ်ယောက်ရဲ့ဒုက္ခကို ပြောနေ၍လည်း နားဝင်မည်မဟုတ်။ သို့သော် ဖြစ်ချင်တာတွေ၊ ဖြစ်သင့်တာတွေအတွက် စိတ်ရှုပ်နေရသော ထိုကောင်လေး နားလည်လက်ခံစေရန် တစ်ခုခုပြောဆိုမှ သင့်တော်ပေလိမ့်မည်။

"ကိုယ်သိတဲ့အသိတစ်ခု မင်းကိုမျှဝေချင်တာပါ။ မင်း နားထောင်ချင်ရဲ့လားမသိဘူး"

"နားထောင်မှာပေါ့ ဆရာကလဲ"

ကောင်လေးက စိတ်ပါဝင်စားစွာနှင့် မေးသဖြင့် သူ့စကားပြန်ဆက်လိုက်သည်။

"ပါမောက္ခတစ်ယောက်က စာသင်ခန်းတစ်ခန်းထဲမှာ စာသင်နေခဲ့တယ်ဆိုပါတော့။ ကျောက်သင်ပုန်းမှာရေးပြီး သင်နေတာမျိုးတော့ မဟုတ်ဘူးနော်။ သူ့ရဲ့စာသင်ခြင်းကို လက်တွေ့ သရုပ်ပြဖို့ ပြင်ဆင်နေတာ။

ဆရာကြီးရဲ့ရှေ့စားပွဲပေါ်မှာ ဘာမှမထည့်ရသေးတဲ့ ဖန်ခွက်အလွတ်ကတစ်လုံး။ ဂေါက်သီးလုံး၊ ကျောက်စရစ်ခဲ၊ သဲနဲ့ ကော်ဖီတွေ ရှိတယ်။ အဲဒါ ဘာလုပ်မယ်လို့ မင်းထင်လဲ"

ငြိမ်သက်စွာနားထောင်နေစဉ် သူ့မေးခွန်းကြောင့် ကောင်လေးက ခေါင်းယမ်းပြသည်။ ပြီးတော့ မီးရှို့နည်းစပြုနေပြီဖြစ်သော ထင်းကို ရှေ့သို့တိုးပြီး ထင်းချောင်းတွေ ထပ်ထည့်သည်။ သူက အားလုံးပြီးအောင် စောင့်ကြည့်ပြီးမှ -

"အရင်ဆုံး ဆရာကြီးက ဖန်ခွက်အကြီးကြီးထဲကို ဂေါက်သီးလုံး အရင်ဦးဆုံး ထည့်လိုက်တယ်တဲ့။ ပြီးတော့ ကျောင်းသားတွေကို ဖန်ခွက်ပြည့်ပြီလားလို့ မေးတယ်။ ကျောင်းသားတွေက ဘယ်လို ဖြေမယ်ထင်လဲ"

"ဖန်ခွက်ထဲ ဂေါက်သီးလုံးတွေထည့်တယ်၊ အင် . . . ပြည့်ပြီလို့ ဖြေမယ်ထင်တယ်"

"ဟုတ်တယ်၊ ကျောင်းသားတွေက အဲဒီလိုဖြေတယ်။ ဒါပေမဲ့ ဆရာကြီးက ဘာမှမပြောဘဲ အဲဒီခွက်ထဲ ကျောက်စရစ်ခဲတွေ ထည့်ပြီး ဖန်ခွက်ကို ညင်သာစွာလှုပ်ယမ်းလိုက်တော့ ကျောက်စရစ်တွေက ဂေါက်သီးလုံးတွေကြား ဝင်ရောက်သွားတယ်တဲ့။ အဲဒီအချိန်မှာ ရှေ့နည်းတူစွာမေးတော့ ကျောင်းသားတွေကလည်း ပြည့်ကြောင်း ဖြေတယ်လေ"

သူ စကားစဖြတ်ပြီး ကောင်လေးကို အကဲခတ်ကြည့်ကြည့်လိုက်သည်။ ကောင်လေးက စိတ်ဝင်တစား နားထောင်နေခြင်း ဖြစ်သဖြင့် –

"ဒါနဲ့ ဆရာကြီးက သဲတွေကို အဲဒီခွက်ထဲ လောင်းဖြည့်ပြန်တယ်တဲ့။ ပြီးတော့ ပြည့်သလားလို့ မေးတော့ အားလုံးက သဘောတူညီစွာနဲ့ ပြည့်ကြောင်းဖြေကြတယ်။ ဆရာကြီးက နောက်ဆုံးကျန်နေတဲ့ ကော်ဖီခွက်နှစ်ခွက်ကို လောင်းထည့်လိုက်မှ အမှန်တကယ် ပြည့်သွားတော့တာပေါ့"





"စိတ်ဝင်စားစရာပဲ ဆရာ၊ အဲဒါ ဘာအဓိပ္ပာယ်လဲ။ ဆရာ့အတွက် ဘယ်လိုအသိတွေ ရခဲ့တာလဲ"

ယခုလို မေးမှမေးပါ့မလားဟု စိတ်ပူနေရသမျှ စိတ်ပါလက်ပါ မေးလိုက်သည့်အတွက် ကျေးဇူးပင် တင်ရပါသေးသည်။

"နောက်နေ့မှာ အဲဒီအဖြေကို ပေးမယ်လေ။ ညလည်း အတော်နက်နေပြီ"

"ဒီတစ်ခုပဲပြောပြပါ ဆရာ။ ကျွန်တော် အဲဒီအဖြေကို သိချင်လို့ပါ။ ဆရာကြီးက စာသင်ချိန်မှာ စာတစ်လုံးမှ မသင်ဘဲ ဘာလို့ အဲဒီလိုသရုပ်ပြသွားရတာလဲ"

"ဟုတ်ပြီ . . . မင်းတွေးတတ်သားပဲ။ ဆရာကြီးက စာမသင်ဘဲနဲ့ အဲဒီအပြုအမူတွေကို အဓိပ္ပာယ်ဖော်ပြီး သင်ကြားပေးတာ။ အဲဒီဖြစ်စဉ်အစအဆုံးဟာ ကိုယ်တို့မင်းတို့ရဲ့ဘဝကို ဖော်ညွှန်းနေတာ။ ပထမဦးဆုံး ဖြည့်လိုက်တဲ့ ဂေါက်သီးဆိုတာက ကိုယ်တို့တွေရဲ့ဘဝမှာ အရေးအကြီးဆုံးအရာ။ အဲဒါတွေက ဘာတွေဖြစ်နိုင်သလဲဆိုတော့ မင်းတို့ရဲ့ ကိုးကွယ်ရာ၊ မိဘ၊ မိသားစု၊ ကလေးတွေ၊ ကျန်းမာရေး မိတ်ဆွေတွေ၊ အနှစ်သက်ဆုံး စွဲလမ်းမှုတွေလို့ ဆရာကြီးက ရှင်းပြတယ်"

"ကျောက်စရစ်ခဲတွေကကော ဆရာ"

"ကျောက်စရစ်ခဲတွေကတော့ ကိုယ်တို့ရဲ့အလုပ်ကိစ္စ၊ အိုးအိမ်တွေနဲ့ တခြားကိစ္စတွေပေါ့။ သဲတွေကတော့ သေးငယ်တဲ့ကိစ္စ

ရပ်လေးတွေ ဆိုပါတော့။ နောက်ဆုံးတစ်ခုကို မရှင်းခင် တစ်ခုလောက် မေးချင်တယ်။ အကယ်၍ ခွက်အလွတ်ထဲကို ဦးဆုံး ဂေါက်သီးမထည့်ဘဲ သဲတွေထည့်ရင် ဘယ်လိုဖြစ်မယ်လို့ မင်းထင်လဲ''

သူ့မေးခွန်းကြောင့် ကောင်လေးက တွေးဆဆဖြစ်နေသည်။ သူ့မြင်ကွင်းထဲမှာ ပေါ်လာအောင်လို့ အသေးစိတ်ပြောပြထားသည်မို့ သူ့ဘာသာသူ ထည့်ကြည့်ပါစေ။

သူကတော့ ကောင်လေးစဉ်းစားနေစဉ် ဖိနပ်ချွတ်ပြီး ခြေထောက်တွေကို မီးကင်နေပါသည်။ ညနက်လေလေ အချမ်းဓာတ်လွန်ကဲလေလေ ဖြစ်သည်။ ချမ်းပင်ချမ်းသော်လည်း ကိုယ့်အတွေးနှင့်ကိုယ်ဆိုတော့ ချမ်းရကောင်းမှန်းမသိပေ။

''ဂေါက်သီးမထည့်ဘဲ သဲအရင်ဖြည့်မယ်ဆိုရင် ဘာမှ ထပ်ထည့်လို့ မရတော့ဘူးထင်တယ်၊ ဟုတ်လား ဆရာ''

သူ့ကိုလည်း လှမ်းမေးလိုက်သေးသည်။ သူ ပြုံးပြီး –

''ဟုတ်ပြီ ... မင်းရဲ့အဖြေကို မှတ်ထားဦး။ နောက်ဆုံးကျန်တဲ့ ကော်ဖီ (၂) ခွက်။ အဲဒါက ကိုယ့်ချစ်သူနဲ့ အပန်းဖြေတာတဲ့။ သူရှင်းတဲ့အတိုင်း ပြောရမယ်ဆိုရင် သဲကိုသာ အရင်ဆုံးထည့်လိုက်မယ်ဆိုရင် ဂေါက်သီးနဲ့ကျောက်စရစ်ခဲအတွက် နေရာမရှိတော့ဘူးတဲ့။ ဘဝမှာလည်း ထိုနည်းလည်းကောင်းပဲ။ မင်းတို့ရဲ့အချိန်၊ စွမ်းအားတွေ အကုန်လုံး သေးငယ်တဲ့ကိစ္စတွေအပေါ်မှာ သုံးပစ်လိုက်မယ်ဆိုရင် မင်းတို့ရဲ့အရေးကြီးတဲ့ကိစ္စအတွက် နေရာလုံးဝမရှိတော့ဘူးတဲ့။





ကိုယ့်အတွက်ရလိုက်တဲ့အသိကတော့ လက်ရှိ မလုပ်ချင်ဘဲ လုပ်နေရတဲ့အရာတွေက အရေးကြီးတဲ့အရာတွေ၊ လုပ်ချင်လို့ဆိုပြီး အသေးအမွှားကိစ္စတွေအတွက်ပဲ လိုက်လုပ်ကြမယ်ဆိုရင်''

သူ ဆက်မပြောတော့ဘဲ ထိုင်နေရာမှထလိုက်သည်။ ဒါဟာ အဖြေပဲလို့ ပြောလိုက်တာထက် ကျန်တာကိုယ့်ဘာသာ ဆက်စဉ်းစားပါစေ။ သူကတော့ ဒီနေ့မှ အကျိုးရှိသောအလုပ်တစ်ခုကို လုပ်နိုင်ခဲ့သည့်အတွက် ကျေနပ်နေပါသည်။

## အခန်း (၃၇)

"ဆရာရေ ... ဆရာ့ဖုန်းလာနေတာကြာပြီ ခဏ ခဏပဲ"

အိမ်ပေါ်သို့တက်တက်ခြင်း မောင်ရဲနောင်က သူ့ရဲ့လက်ထဲက ပစ္စည်းတွေကို ကူသယ်ပြီး ပြော၏။

ညနေ ရုံးဆင်းတုန်းက မောင်ရဲနောင်နှင့်သူ နှစ်ယောက် အတူ ပြန်လာခြင်းဖြစ်ပြီး ထမင်းစားနေတုန်း ရုံးမှာ အရေးတကြီးကိစ္စ ပေါ်လာလို့ဟု ဖုန်းဆက်သဖြင့် ဖုန်းမယူဘဲ သူသွားခြင်းဖြစ်သည်။

"အိမ်ကပဲ နေမှာ၊ ရေချိုးလိုက်ဦးမယ်ကွာ။ ပြီးမှ ပြန်ခေါ် တော့မယ်"

"ဆရာ ... ရေနွေးဘူးထဲမှာ ရေနွေးအပြည့်ရှိတယ်။ အပူ အအေး စပ်ပေးရမလား"

"နေပါစေ ... အဲဒါမျိုးက အညောင်းအညာမပြေဘဲ ပိုပြီး အပူကာန်တတ်တယ်"





သူ အင်္ကျီချွတ်နှင့် ရေလဲပုဆိုးကို ပခုံးပေါ်တင်ပြီး ရေတိုင်ကီ သို့ လျှောက်သွားတော့ ခြံထဲမှာ ပန်းပင်တွေကို ရေလောင်းနေသည့် နိုင့်အား တွေ့ရသည်။

နိုင်သည် အစတုန်းက သူ့ကို သတိမထားမိသော်လည်း ရေတစ်ဖျောဖျောကျသံကြောင့် လှမ်းကြည့်ပြီး အိမ်ပေါ် ခပ်သုတ်သုတ် တက်သွားသည်။

ယောကျ်ားလေးတစ်ယောက် ရေချိုးနေသည့်နား၌ မရှိသင့် ဟု စဉ်းစားလေသလားမသိ။ သူ သဘောကျစွာ ရယ်ပြီး ချမ်းနေသည့် ကြားမှ ရေတွေ တဗွမ်းဗွမ်းလောင်းချိုးလိုက်သည်။ အေးလွန်းသဖြင့် ကြာကြာမချိုးနိုင်ပါ။

ရေချိုးပြီး အနွေးထည်ထူထူထဲထဲဝတ်ပြီးချိန် မောင်ရဲနောင်က ကော်ဖီတစ်ခွက်ဖျော်ပြီး လာပို့သည်။

"ဆရာ ထမင်းစားဦးမလား"

ထမင်းစားနေရင်း ထထွက်သွားရသဖြင့် မေးခြင်းဖြစ်သည်။

"တော်ပြီ မစားတော့ပါဘူးကွာ၊ မနေ့က တို့တွေ အိပ်ရေး ပျက်ထားတာ စောစောအိပ်ကြစို့ရဲ့"

ကော်ဖီခွက်ကိုယူပြီး အိပ်ခန်းထဲဝင်လာခဲ့သည်။ ဖုန်းကို ဖွင့်ကြည့်လိုက်တော့ 'miss called' တွေ အများကြီးတွေ့ရသည်။ မေမေတို့ဆီကမို့ ပြန်ခေါ်လိုက်သည်။ သိပ်မကြာပါ -

"ဟယ်လို ... သားလား"

"ဟုတ်ပါတယ် မေမေ၊ သား ရုံးကိစ္စရှိလို့ ပြန်ထွက်သွားရလို့ပါ"

"သား ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့မေမေ"

မေမေအသံကတစ်မျိုးဖြစ်နေသည်။ ထမင်းစားပြီးပြီလား မေးဖို့သက်သက်နှင့်တော့ မေမေ ဖုန်းဆက်မည်မဟုတ်ပေ။ အိမ်မှာ ဘာတွေ ဖြစ်နေသလဲ သူ စိတ်ပူသွားကာ –

"မေမေ ဖေဖေ . . . ဘာဖြစ်လို့လဲ"

အလောတကြီးမေးမိသည်။ သူ ဒီတစ်ခေါက်ပြန်လာတုန်းက ဖေဖေရဲ့ကျန်းမာရေးအခြေအနေ သိပ်မကောင်းပေ။ တကယ်တော့ ဖေဖေက သူ့ရဲ့ကျေးဇူးရှင်အစစ် ဖြစ်သည်။

သူ့မိဘအရင်းတွေက ဖေဖေတို့ ဆန်စက်က အလုပ်သမားတွေဖြစ်သည်။ ထိုစဉ်တုန်းက ဖေဖေတို့သည် မန္တလေးတိုင်းနယ်တစ်ပိုက်နှင့် ဆန်စက်များစွာ ပိုင်ခဲ့သည်။ မေမေနှင့်ဖေဖေကတော့ ဆန်စက်မှာ အတူတူအလုပ်လုပ်ကြရင်း ဖူးစာပါခဲ့ကြသည်။

သူ့အမေအရင်းကတော့ သူ့ကိုမွေးပြီး မီးတွင်းထဲမှာ ဆုံးပါးခဲ့သည်။ သူ့ဖခင်အရင်းကတော့ မိတဆိုးသားလေးကို သူပဲ အမိသူပဲအဖ သဘောထားကာ အသောက်အစားကင်းကင်းနှင့် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

သို့သော်လည်း သူ ဆယ့်လေးနှစ်သားအရွယ်မှာ ကံကြမ္မာက သူ့ကို မျက်နှာသာမပေးခဲ့ပါ။ တစ်ခုသောနွေရာသီမှာ ဆန်စက်မီးလောင်ခံရသည်။ ဖေဖေက ဆန်စက်ထဲမှ သယ်နိုင်သမျှပစ္စည်းတွေသယ်ထုတ်ရင်း နောက်ဆုံးအကြိမ် ဝင်သယ်ရင်းမှ မီးထဲကထွက်မလာတော့ချေ။





မွေးစားမိဘတွေရဲ့အမြင်မှာ အသက်ကိုရင်းပြီး ဆန်စက်ကိုစောင့်ရှောက်ဖို့ကြိုးစားခဲ့သည့် ဖေဖေ့ရဲ့ကျေးဇူးကို တစ်ပြန်သိတတ်ကာ သူ့ကိုမွေးစားခဲ့သည်ဆိုပေမယ့် တကယ့်သားရင်းနှင့်မခြား ချစ်ခဲ့တာကိုတော့ သူ အကြွင်းမဲ့ယုံပါသည်။ ထို့ကြောင့် ဖေဖေ ဘာဖြစ်သလဲဟု စိတ်ပူစိုးရိမ်စွာ အလောတကြီးမေးမိခြင်းဖြစ်သည်။

"မေမေ"

မေမေရဲ့ ငိုရှိုက်သံကြောင့် ပို၍ စိတ်ပူသွားရသည်။ အိမ်မှာတော့ တစ်ခုခုဖြစ်နေပြီဆိုသောအသိနှင့် လူက နေမရချင်တော့ပေ။

"သား"

"မေမေ"

"မင်းဖေဖေ အစတုန်းက နေပြန်ကောင်းလုလုပါကွယ်။ အခုမင်းညီမဝတ်ရည်ကြောင့် ဖြစ်တဲ့ မင်းအဖေရဲ့ရောဂါက ပိုဆိုးတယ်"

"ဝတ်ရည်ကြောင့်၊ ဝတ်ရည် ဒီကောင်မလေး မိဘစိတ်ဆင်းရဲရအောင် ဘာလုပ်နေတာလဲ မေမေ"

သူ့မေးခွန်းကြောင့် မေမေရဲ့ ရှိုက်သံ ပို၍များလာသည်။

ဝတ်ရည်က တစ်ဦးတည်းသောသမီးပီပီ ဘယ်သူ့စကားကိုမှ

မကြည့်တဲ့ သူ့ကိုယ်သူသာ ကြည့်သည်။ သူ စိတ်ချမ်းသာရဖို့ဆိုလျှင် ဘယ်သူဘာဖြစ်ဖြစ် နည်းနည်းလေးမှ ဂရုမစိုက်ပေ။ ကျန်တဲ့အချိန် ဂရုမစိုက်တာ ခွင့်လွှတ်နားလည်ပေး၍ ရပေမယ့် မိဘက နေမကောင်း ဖြစ်နေချိန်မှာတော့ လိမ္မာသင့်သည်။

ထိုသို့ အရိပ်အကဲနားမလည်သူနှင့် (လူ့ဘဝသက်တမ်း ပျမ်းမျှရှစ်ဆယ်ဖြင့်တွက်လျှင်တောင်) အတူနေရမှာ နှစ်ပေါင်းငါးဆယ်။

"သားဟာ မေမေတို့အပေါ် အရမ်းသိတတ်လိမ္မာတဲ့သားပါ ကွယ်။ သမီးကိုလည်း သားရဲ့တစ်ဝက်လောက် မိဘအပေါ် ကျေးဇူး သိတတ်ရင် ဘယ်လောက်ကောင်းမလဲ"

ဝတ်ရည် ဘာတွေလုပ်နေသလဲ မေးခွန်းထပ်မေးစရာမလို မေမေဖြေမှာပဲမို့ သူ ငြိမ်၍ နားထောင်နေရပါသည်။

"သား ကျောင်းတုန်းက သားမှာချစ်သူရှိခဲ့မှန်း မေမေတို့ လုံးဝမသိခဲ့ပါဘူး သားရယ်"

"မေမေ"

"သားနဲ့စေ့စပ်ပြီးမှ သား ညီမလေးပြောလို့ သိရတာပါ"

ဝတ်ရည်က သူ့မှာရည်းစားရှိတယ်ဆိုတာ ဘာကြောင့်သိရ တာလဲ။ မေမေတို့ ဝတ်ရည်နှင့်သဘောတူတယ်ဟုပြောခဲ့စဉ် သူ့မှာ ချစ်သူရှိတယ်ဟု သူမှမပြောခဲ့ပဲ၊ နောက် အခြားသောယောကျ်ားလေး တွေလိုပဲ သူက ချစ်သူနှင့်ပတ်သက်သည့် ဒိုင်ယာရီသီးသန့်ရေးခဲ့ခြင်းမှ မရှိတာ။ ဒါကို ယခုကျမှ ဝတ်ရည်က ဘာကြောင့် မေမေတို့ကို ပြန်ပြော





ပြရသလဲ။ မေမေတို့ကကော သူ့ကို ဘာကြောင့်ပြန်ပြောပြရတာလဲ။

"စေ့စပ်ပွဲမတိုင်ခင်က ဝတ်ရည်ဖြစ်စေ၊ သားဖြစ်စေ သားမှာ ချစ်သူရှိခဲ့ပါတယ်လို့ ပြောခဲ့ရင် မေမေတို့ အဲဒီစေ့စပ်ပွဲကို လုပ်ပေးခဲ့ မှာမဟုတ်ဘူးသား"

"အခု အိမ်မှာ ဘာတွေဖြစ်နေလို့ အဲဒါတွေ ပြောနေရတာလဲ မေမေရယ်။ ပြီးပြီးသားကိစ္စ ပြီးပါစေလား"

မေမေတို့ကို ဘာ့အတွက်နှင့်မှ စိတ်မရှုပ်စေချင်ပေ။ လက် လွှန်သွားသည့်ကိစ္စက ရှစ်နှစ်ကျော်ပြီ။ ယခုမှ ဘွာတေးလို့ပြော၍ မရတော့။ လောကမှာ ဖြစ်ချင်တိုင်းသာ ဖြစ်ခွင့်ရမည်ဆိုလျှင် စိတ် ဆင်းရဲခြင်းဆိုသည်မှာ ဘယ်မှာရှိနိုင်မည်နည်း။

လူတစ်ယောက်အတွက် အရင်ဘဝဟောင်း ပြုလုပ်ခဲ့သည့် ကံ အကျိုးပေးအတိုင်း ခံစား၊ စံစားနေကြရတာမို့ ဘယ်သူ့ကိုမှ အပြစ်တင်၍မရ၊ ဘယ်သူမပြု မိမိမှု မဟုတ်လား။

"ကိုယ့်သမီးဘက်က ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့လို့ အသည်းအသန်ဖြစ်နေတော့လေ၊ မျက်နှာမပူနိုင်ဘဲ လက်ခံဖို့ပြောခဲ့ရ တယ်။ အဲဒီအတွက် သားဘက်က မွေးစားမိဘတွေအတွက် ကျေးဇူး ဆပ်ပေးခြင်းကြောင့်လက်ခံတယ် သိရပေမယ့် အမှန်အတိုင်းပြောရရင် အဲဒီလို ကျေးဇူးဆပ်နည်းမျိုး မေမေကော မင်းဖေဖေပါ လက်မခံချင် ခဲ့ဘူး"

"အဲဒီလိုသဘောမထားပါနဲ့ မေမေရယ်။ အဲဒီအတွက်

ကြောင့် မေမေတို့တွေ စိတ်ဆင်းရဲနေရတယ်ဆိုရင် ကျွန်တော်လည်း စိတ်မကောင်းဖြစ်မိနေရမှာပါ''

''အဲဒီအတွက်ကြောင့်ဆိုရင် မေမေတို့က လုံးဝစိတ်မဆင်းရဲပါဘူး။ အများအမြင်မှာ မွေးပြီးစားတယ်လို့ ပေမနှက်ခဲ့ရဲ့လည်း ကိုယ့်သမီး စိတ်ချမ်းသာရေးအတွက် ခေါင်းမော့နိုင်ခဲ့တယ်။ အခု အဲဒီသမီးကြောင့်ပဲ မေမေတို့ လူပုံအလယ်မှာ အရှက်ကွဲရပြီ''

ဘယ်သောအခါမှ ဝတ်ရည်ကိုမကောင်းမမြင်တတ်၊ မပြောတတ်သော မေမေက ယခု ဝတ်ရည်အပြစ်တွေ တစ်ခုပြီးတစ်ခု ထုတ်ဖော်ပြောနေရလောက်အောင် ဝတ်ရည် ဘာတွေပြသနာရှာထားပြန်ပြီလဲ။

''မင်း မင်းညီမ ယောကျ်ားနောက် လိုက်သွားပြီ သား''

''ဗျာ ... မေမေ''

မထင်မှတ်သောစကားကြောင့် သူ အံ့ဩမင်သက်သွားခဲ့သည်။ လက်ထဲကဖုန်း လွတ်ကျမသွားခြင်းက တော်သေးသည်။ မေမေတို့ဘက်မှ ဤမျှလောက်ထိ စီကာပတ်ကုံးပြောနေသမျှ ဤသို့ဖြစ်လာလိမ့်မည်ဟု နည်းနည်းမှ မျှော်လင့်မထားချေ။

''ဖေဖေ ... ဖေဖေ''

''ဟုတ်တယ် သား။ မင်းဖေဖေ အဲဒီစိတ်နဲ့ အိပ်ရာထဲလဲနေတာ''

''ဝတ်ရည် သိပ်မိုက်တယ် မေမေ''





''_____''

''ကျွန်တော့်မျက်နှာမထောက်ရင် နေပါ။ နေသိပ်မကောင်းသေးတဲ့ ဖေဖေ့ကိုတော့ ထောက်ထားရမှာပေါ့။ အခု ဘယ်လိုဖြစ်ပြီး''

သူ ဆက်မပြောနိုင်တော့ချေ။ မွေးစားမိဘတွေကို ကိုယ့်မိဘအရင်းလိုသဘောထားခဲ့သူမို့ ခံပြင်းစိတ်က ပိုများလာသည်။ ဝတ်ရည်ကို ရိုက်သတ်ချင်လောက်အောင် ဒေါသဖြစ်နေရသည်။

ယခုချိန်မှာဖြစ်နေသော ဒေါသက ကိုယ်နှင့် အတိအလင်းစေ့စပ်ထားပါလျက်နှင့် အခြားသောယောကျ်ားတစ်ယောက်နှင့် နိုးပြေးသွားခြင်းကြောင့်ဖြစ်နေသောဒေါသ မဟုတ်ပါ။

ဖေဖေတို့ မေမေတို့သည် ငွေကြေးနေရှင်များဖြစ်သည်။ လူဂုဏ်ထံကြီးရတာက် အသိုင်းအဝိုင်းထဲကမို့ ယခု ဝတ်ရည်လုပ်ရပ်သည် မိဘတွေကို အရှက်တကွဲ အကျိုးနည်းဖြစ်စေသည်။ ပိုက်ဆံရှိအသိုင်းအဝိုင်းထဲ၌ ကောင်းသတင်းသည် မှန့်လုံးရေပေါ်ကဲ့သို့ ခဏလေးသာ ပြန့်ပေါ်နိုင်သော်လည်း ဆိုးသတင်းကတော့ ရေမျက်နှာပြင်ထက်၌ ရှိနေသော ဆီကဲ့သို့ပင် ဘယ်လောက်ခပ်ထုတ်ထုတ်၊ ဖယ်ထုတ်ထုတ် ဘယ်တော့မှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။

ငိုရှိုက်နေသည့် မေမေရဲ့အသံကကိုလည်း နားလည်မိပါသည်။ ငါ အချုပ်အနှောင်တစ်ခုက လွတ်မြောက်ပြီပဲဟု ဝမ်းသာအားရဖြစ်မိဘဲ မေမေတို့တော့ ဒုက္ခပါပဲဟု တွေးပေးမိတာကအရင်။

''မင်းညီမ အခုတလော တော်တော်ပျက်လာတယ်။ စိတ်

ညစ်လို့ဆိုပြီး ဘီယာသောက်လာတဲ့ညကများဆို မင်းအမေပေသိမှာစိုးလို့ မပြောရဲ မဆူရဲနဲ့ တိုးတိုးကျိတ်ကျိတ်မေးတော့ စိတ်ညစ်လို့သောက်သတဲ့၊ စိတ်ညစ်လို့ အရက်သောက်လိုက်တာ စိတ်ညစ်ပြေသွားသလားဆိုတော့ စိတ်ညစ်တဲ့အပြင် မူးတဲ့ဒုက္ခပါ ခံရသတဲ့''

''အဲဒါတော့ တော်တော်ကိုလွန်နေပြီ။ မြန်မာမိန်းကလေးတစ်ယောက်က မိတရှေ့မှာတောင် ဒီလိုမဟာမခန့် ပြောပြီးသောက်လာတယ်ဆိုကတည်းက သူ့စိတ်ဓာတ်တွေ ဘယ်လောက်ပျက်စီးနေသလဲ မေမေ စဉ်းစားကြည့်''

''ဟုတ်ပါတယ် သားရယ်၊ ဟုတ်ပါတယ်။ မေမေတို့ ချစ်လို့အလိုလိုက်ထားခဲ့သမျှ ချစ်ရာမကျဘဲ နှစ်ရာကျခဲ့တာလည်း မေမေတို့ အပြစ်ပါ''

''သားက မေမေတို့ကို အပြစ်တင်နေတာမဟုတ်ပါဘူး။ မေမေ့သမီး အပေါင်းအသင်းမှားနေပြီ။ ကိုယ်ကိုယ်တိုင်လည်း သာမန်လူတစ်ယောက်မဟုတ်ဘူး။ ဆရာဝန်လောင်းတစ်ယောက်ဖြစ်လျက်နဲ့''

''လိုက်ပြေးတဲ့သူက ဘယ်သူမှတ်နေသလဲ၊ သူတို့အပေါင်းအသင်းထဲကပဲ။ သားပြောသလို မှားတဲ့အပေါင်းအသင်းပဲ ဆိုပါတော့ကွယ်''

''ဗျာ''

သူထင်နေခဲ့တာက သက်လင်းထွဋ်။ မထင်ကောင်း ထင်ကောင်းနှင့် ထင်နေခဲ့တာမဟုတ်။ သက်လင်းထွဋ်ကို စိတ်ဝင်စားပါ





တယ်ဟု ဝန်ခံရဲသဖြင့် တစ်နေ့ ဒီလိုဇာတ်လမ်း ဖြစ်ချင်ဖြစ်လာနိုင်သည်ဟု သူတွေးခဲ့ဖူးသည်။

သက်လင်းထွဋ်ကို အထင်သေး၍ မဟုတ်ပေမယ့် ဝတ်ရည်ချိုဆိုတဲ့ မိန်းကလေးက လိုချင်တာကို မရရအောင် ယူတတ်သူဖြစ်သောကြောင့်တည်း။ ယခုကျတော့ သူ လုံးဝမထင်မှတ်ထားသောသူမရဲ့အပေါင်းအသင်း ဖြစ်နေသည်။

''ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မလဲဆိုပြီး မေမေတို့က သားကို အားနာနာနဲ့ သူတို့ကိုလက်ထပ်ပေးမလို့ပါ''

''မိသားစုအချင်းချင်း ဘာအားနာစရာရှိလို့လဲ မေမေရာ။ ဖြစ်သင့်တဲ့ကိစ္စပဲ။ ပေးစားလိုက်တာပေါ့။ သားလာဖို့လိုတယ်ဆိုရင်လည်း လာခဲ့ပါ့မယ်''

''မလာချင်ပါဘူးဆိုရင်တောင် လာအောင်လုပ်ရတော့မယ့်အဖြစ်ပါ။ တစ်ရက်ကနေ နှစ်ရက်မဟုတ်ဘူး။ နှစ်ရက်ကနေ သုံးရက်ဖြစ်နေပြီ။ ဝတ်ရည်ချို မိုက်တွင်းနက်ပုံက တွင်းတူးပြီးမိုက်တာ။ ဟိုကောင်လေးနဲ့လိုက်ပြေးပြီး တစ်ပတ်ကြာတော့ အိမ်ပေါ်ပြန်တက်လာတယ်။ ကောင်လေးကိုခေါ်မလာဘူး။ ကောင်လေးက လာခေါ်ရှာပါတယ်။ သူ့ကို ဘာပြောတယ်မှတ်လဲ၊ လက်ထပ်ဖို့ဆန္ဒ လုံးဝကိုမရှိဘူးတဲ့''

''တောက် ... တော်တော်ကို တရားလွန်တယ်''

## အခန်း (၃၈)

''ဝတ်ရည်က တရားလွန်တယ် ဟုတ်လား။ ဘာဖြစ်လဲ ဝတ်ရည်ဘာသာ ဝတ်ရည်လွန်တာ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ''

''တော်စမ်း ဝတ်ရည်''

''မတော်နိုင်ဘူး။ ဘာလို့တော်ရမှာလဲ။ ပြောချင်လွန်းလို့ ဒီရင်ဘတ်ထဲမှာ ပြောစရာတွေများလွန်းလို့ သေတော့မယ်''

''သေလေ၊ မိဘမျက်နှာကို အိုးမည်းသုတ်နေမယ့်အစား အံ့ဒီနေရာမှာ သေနေတာကမှ ကောင်းသေး''

''ဒါပေါ့၊ ဒီလိုအချိန်မှာ သမီးအရင်းဖြစ်တဲ့ ဝတ်ရည်ချိုက တော့ အဆိုးပေါ့။ မွေးစားသားဖြစ်တဲ့ ကိုကိုကတော့ လူလိမ္မာလေး လုပ်နေပေါ့''

''နင် ငါ့ကို မစော်ကားနဲ့။ နင်သာ ဒီလိုမလုပ်ခဲ့ရင် မေမေ တို့ ဒီလောက်ထိ စိတ်ဆင်းရဲရမှာမဟုတ်ဘူး။ ငါ့ကို မငဲ့ရင်တောင်





မေမေတို့ကို ငဲ့ပြီး''

''ကိုယ့်ကို ငဲ့မယ့်သူတောင်မရှိတာ ကိုယ်က ဘယ်သူ့ကို ငဲ့ရမှာလဲ''

''ဒီလောက်တောင် ပြန်ပြောတတ်နေတာ . . . ရော့ကွာ''

''ဖြန်း''

''အမေ့''

သေးသေးတင်မခံ ပြောနေသော ဝတ်ရည်ကို သူ စိတ် မထိန်းနိုင်စွာ လက်ပြန်ရိုက်ချလိုက်သည်။ ဝတ်ရည်သည် ထိုင်နေ လျက်မို့ ဆိုဖာမျက်နှာနှင့် ခေါင်းအပ်သွားသည်။

စိတ်မထိန်းနိုင်စွာ လုပ်လိုက်ပြီးမှ သူ မှားသွားမှန်း တွေး လိုက်မိသည်။ ယခင်တုန်းကတောင် ဝတ်ရည်ကို နာကျင်အောင် မလုပ်ခဲ့တာ၊ ယခုချိန်မှာ ပို၍ မလုပ်သင့်။

ယောကျ်ားတစ်ယောက်နှင့် တစ်ပတ်တိတိ လိုက်ပြေးပြီး အိမ်ပေါ်ပြန်တက်လာသည့် ဝတ်ရည်ကို အမြန်ဆုံးလက်ထပ်ဖို့ ဖျောင်းဖျပြရမည့်ကိစ္စမှာ သူက လက်ပါမိသွားခဲ့သည်။

ရုတ်တရက် ရှိုက်ငိုလိုက်သော ဝတ်ရည်ကြောင့် သူ စိုးရိမ် စိတ်တွေနှင့် ဝတ်ရည်ရဲ့ဘေး သွားရပ်တော့ -

''ညီမလေး ဆောရီး။ ကိုကို မှားသွားတယ်''

''-----''

မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်၍ ငိုနေသဖြင့် သူ့လက်

နှစ်ဖက်ကိုဆွဲရင်း တောင်းပန်ပေမယ့် ဝတ်ရည်က အထိမခံဘဲ ငိုပဲ ငိုနေသည်။

တော်ရုံဆို မငိုတတ်သော ဝတ်ရည်အကြောင်းကို သူသိသည်။ ဘဝမှာ လိုချင်သည့်ပစ္စည်းအတွက် ငိုယိုတောင်းစရာမလိုခဲ့သည့် ဘဝကို။

မျက်ရည်ကျဖို့မဆိုနှင့် ခြေဆောင့် ဆိုးနွဲ့လိုက်လျှင်ပင် လိုအင်ဆန္ဒ ပြည့်ဝသွားတတ်ခဲ့သည်။ ယခုကျတော့ မျက်ရည်ကျရုံသက်သက်မဟုတ်ဘဲ အသံထွက်၍ ဝမ်းနည်းတကြီး ငိုနေခဲ့သည်။

"ကိုကို တကယ်တောင်းပန်ပါတယ် ညီမလေးရယ်။ ညီမလေးကို တမင်နာကျဉ်စိတ်နဲ့ ကိုကို ရိုက်တာမဟုတ်ပါဘူး။ ကရုဏာဒေါသနဲ့ ရိုက်မိတာပါ"

"____"

"အခုဆို ညီမလေးကြောင့် ဖေဖေနဲ့မေမေတို့ ဘယ်လောက်စိတ်ဆင်းရဲနေရသလဲ။ ကိုယ်လုပ်ချင်တာလုပ်ခဲ့ပြီးပြီ မဟုတ်လား။ ဒီတစ်ကြိမ်မှာတော့ မိဘရဲ့ဆန္ဒအတိုင်း လိုက်လျောလိုက်ပါ ညီမလေးရယ်"

"ဟုတ်တာပေါ့။ အခုချိန်မှာ ကိုကိုက ဒီရဲ့စကားကို ပြောနိုင်ခဲ့ပြီပေါ့။ ကိုကို့ကိုချည်နှောင်ထားတဲ့ပိုက်ကွန်မှ မရှိတော့တာ"

"ဝတ်ရည်"

မျက်နှာမှာ အုပ်ထားသောလက်နှစ်ဖက်ကို ခွာကာ မျက်ရည်





တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။ ပြီးတော့ စိမ်းတောက်နေသည့် မျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ ပြောသဖြင့် သူ အံ့ဩမှင်တက်သွားသည်။

ဝတ်ရည် အခဲမကြေနိုင်တဲ့သူကသူလား။

"ကိုကို့ဘက်က လိမ္မာပြလေလေ ဝတ်ရည်ရဲ့မလိမ္မာမှုတွေက ထင်ပေါ်လေလေ။ ကိုကို့ဘက်က သိတတ်ပြလေလေ ဝတ်ရည်ရဲ့ မသိတတ်မှုတွေက ထင်ပေါ်လေလေပေါ့"

"နင် ဘာတွေပြောနေတာလဲ။ အခုပြောနေတာတွေနဲ့ ဘာဆိုင်လို့ အဲဒီစကားတွေကို ပြောနေရတာလဲ။ ကိုကိုက တမင်လိမ္မာပြနေတယ်လို့ ဆိုလိုချင်တာလား"

"မဆိုလိုပါဘူး"

ဝတ်ရည်က ထိုင်နေရာမှ ဆတ်ခနဲထပြီး ကျောခိုင်းရပ်နေသည်။ သူကတော့ ထိုင်နေရာမှ ဝတ်ရည်ရဲ့ကျောပြင်ကို ကြည့်ပြီး ဘာဆို ဘာမှ နားမလည်နိုင်။

သူမှာ ဒီနေ့ပဲ ရန်ကုန်သို့ရောက်သည်။ တစ်ညလုံး စီးခဲ့ရသည့်ခရီးကို ပင်ပန်းလှချည်ရဲ့ဆိုပြီး အနားမယူနိုင်ဘဲ ဝတ်ရည်နှင့် စကားပြောရဖို့ ကြိုးပမ်းခဲ့ရသည်။

အိပ်ခန်းထဲမှမထွက်ဘဲ အရင်လို တီတီတာတာ မပြောဆိုတော့ဘဲ အခန်းအောင်းနေသည်ဟု မေမေတို့ ပြောခြင်းကြောင့် ထမင်းစားချိန်လေးမှာ အမိအရဖမ်းပြီး စကားပြောခွင့်ရဖို့ကြိုးစားခဲ့ခြင်း

ဖြစ်သည်။

မေမေတို့ ရှေ့ညှေ့ခန်းထဲမှာ ပြောကြလျှင် အဆင်မပြေမှုတွေ ဖြစ်လာမည်စိုးသဖြင့် ဝတ်ရည်ရဲ့အခန်းထဲသို့ ဝင်လာခဲ့ရခြင်း ဖြစ်သည်။ ဝတ်ရည်ကတော့ အစတုန်းက သူနှင့်စကားပြောရဖို့ ငြင်းဆန်ခဲ့ပြီးမှ တစ်ခုခု ပြောစရာရှိနေသည့်ပုံစံနှင့် လက်ခံခဲ့ခြင်းဖြစ်သည်။

"ကိုကိုက ဘယ်လောက်ထိ လိမ်မှာခဲ့သလဲ! မြတ်နိုးတွယ်တာတဲ့သူရှိနေတာတောင် မိဘကျေးဇူးဆပ်ရမယ်ဆိုတဲ့အသိနဲ့ ချစ်သူကို စွန့်၊ မချစ်နိုင်သူကို မျက်စိစုံမှိတ် စေ့စပ်ခဲ့တာလေ"

"မဟုတ်ဘူး"

"နေပါဦး . . . ကိုကို ဝတ်ရည်စကားဆုံးအောင် ပြောခွင့်ပြုပေးပါ။ ဆရာသက်လင်းထွဋ်နဲ့ မတွေ့ခဲ့ခင်အချိန်ထိ ကိုကို့ကို ချစ်သူတစ်ယောက်လို ချစ်နိုင်တယ်ထင်ပြီး ဝတ်ရည် ကိုကို့ရဲ့ မကြင်နာမှုတွေကို သည်းခံနေတာ။ ကိုကိုက ဝတ်ရည်ကို ချစ်လို့မှမဟုတ်ဘဲ မိဘကျေးဇူးကို ဆပ်ချင်ရုံသက်သက်နဲ့ လက်ခံခဲ့တာကို။"

ပြောချင်သလိုသာ ပြောပါစေတော့ရယ်ဟု လက်မှိုင်ချလိုက်တော့သည်။ ဒါတွေကလည်း တကယ်မှန်နေတဲ့ အမှန်တရားတွေမို့ သူမှာ 'မဟုတ်ပါဘူးရယ်' ဟု ဟန်ဆောင်ပန်ဆောင် ငြင်းဖို့ရာ ခွန်အားမရှိပါ။

အခန်းထောင့်ဘက်ဆီသို့ အကြည့်ရောက်သွားတော့ ဘီယာဘူးခွံအချို့ တွေ့ရသည်။ အိပ်ခန်းထဲက အပြင်သို့မထွက်ဘဲ စိတ်ညစ်





ခြင်းကို ဤအရာတွေနှင့် ဖြေဖျောက်နေသတဲ့လား။ ကိုယ်တိုင်ပညာတတ် အသိဉာဏ်ရှိသူတစ်ယောက် ဖြစ်လျက်နှင့် မိုက်မဲသောအလုပ်ကို လုပ်နေတဲ့ ဝတ်ရည်ကိုလည်း သူ နားမလည်နိုင်တော့။

ညစဉ်ညတိုင်း စွဲစွဲလမ်းလမ်း ကြည့်ခဲ့သည့် ကိုရီးယားကားထဲက ဇာတ်လိုက်တွေဆီက မိန်းကလေးဘက်ကစပြီး ချစ်ရေးဆိုဖို့ အသည်းကွဲပါတယ် အကြောင်းပြပြီး အရက်သောက်ဖို့ စတာတွေကိုပဲ အတုယူနေခဲ့သလား။

တကယ်ပဲ ဝတ်ရည်ရဲ့ခံစားချက်တွေဟာ ဘာဆိုတာလဲ နားမလည်နိုင်တော့ပေ။

"အသက်မဲ့တဲ့ ကိုကို့ကိုထိုင်ပြီး အလှကြည့်နေရလောက်အောင် သည်းခံနိုင်တဲ့ ခန္တီတရား ဝတ်ရည်မှာပါမလာဘူး ကိုကိုရဲ့။ ကိုကိုရဲ့အသည်းနှလုံးတွေကို နှုတ်ယူသွားတဲ့ မိန်းမကို ဝတ်ရည်သေအောင်မုန်းတယ်။ အို ဝတ်ရည်ဘက် နည်းနည်းလေးမှ မတွေးပေးတဲ့ ကိုကို့ကိုလည်း မုန်းတယ်"

"နေပါဦး။ ကိုကို့မှာ ချစ်သူရှိခဲ့ပါတယ်ဆိုတဲ့အကြောင်း ဝတ်ရည်ကို ကိုကို တစ်ခါမှ မပြောခဲ့ဖူးပါလား။ ဝတ်ရည် ဘယ်လိုသိတာလဲ"

"အခုချိန်မှာ ဒါတွေသိနေလည်း ဘာမှမထူးတော့ဘူးကိုကို။ ပြီးတော့ ဝတ်ရည်သိနေတာက အမှန်တရားဆိုတာတော့ ကိုကို့ကိုယ်ကိုကိုသိမှာပေါ့။ ဆရာကျတော့လည်း သစ္စာရှင်ကြီး။ သူ့ချစ်သူက

လွဲရင် ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးတဲ့။ ဝတ်ရည် ဘယ်လောက် ကံဆိုးခဲ့သလဲ။ ရည်းစားရှိတဲ့သူတွေကိုမှ တစ်ဖက်သတ်သွားသွား ဖြစ်မိတဲ့ ဝတ်ရည် ဘယ်လောက်ထိ ကံဆိုးခဲ့သလဲ။ ချစ်တတ်တဲ့ အသည်း နှစ်ခါအကွဲမခံနိုင်ပေမယ့် နှစ်ခါတော့ ကွဲခဲ့ရပါတယ်''

''ညီမလေးရယ်''

မျက်ရည်တွေကျနေရင်းမှ စကားသံတွေ ပီသအောင်ပြောနေတဲ့ ဝတ်ရည်ကြောင့် သူ့ရင်ထဲတွင်လည်း တကယ် ခံစားခဲ့ရပါသည်။ ဝတ်ရည် မလိမ္မာဖို့ဖြစ်ရသည့်အကြောင်းရင်းတွေ အဓိကတရားခံဟာ သူဖြစ်နေခဲ့သည်ပေါ့။

ဝတ်ရည်ကို သူ အသာဖက်ပြီး နှစ်သိမ့်လိုက်တော့ ဝတ်ရည်က သူ့ရင်ခွင်ထဲ တိုးဝင်ကာ လှိုက်လှိုက်လှဲလှဲ ငိုကြွေးရှာသည်။ ရင်နှင့်မဆန့်အောင် ခံစားနေရရှာသော ဝတ်ရည်ရဲ့အဖြစ်ကိုလည်း သူ မကြည့်ရက်ပါ။

ပြောချင်သည့် အဓိကအကြောင်းရင်းတွေထဲမှာ ဒါတွေက အဓိကမကျ။ ကိုယ် တစ်ပတ်တိတိ လိုက်ပြေးသွားခဲ့ဖူးသည့် လူတစ်ယောက်နှင့် လက်မထပ်နိုင်လို့ပါဆိုပြီး အိမ်ပေါ်ပြန်တက်လာသည့် မိန်းကလေးကို နားချဖို့ဖြစ်သည်။ တစ်ဖက်ယောကျ်ားလေးကလည်း ဤအဖြစ်ကို လုံးဝမခံနိုင်ဘဲ ဝတ်ရည်နှင့် လူသိရှင်ကြား လက်ထပ်ချင်နေသည်။

တခြား မည်ကဲ့သို့သောအဖြစ်ကိုမဆို ခွင့်လွှတ်အလိုလိုက်၍





ရပေမယ့် မချစ်လို့ပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါ ပြုလုပ်ခဲ့သည့် အိမ်ထောင်ရေးမှာတော့ ထင်သလို လုပ်ခွင့်မပြုနိုင်ပေ။ ဘဝမှာ ဖျက်မရသည့် အမည်းစက်ဖြစ်သွားရမည့် အခြေအနေမျိုးကိုတော့ အလိုမလိုက်နိုင်ပေ။

''အခု သူနဲ့လိုက်သွားမိတဲ့ထဲမှာ ဝတ်ရည်ရဲ့ဆန္ဒ တစ်ခုမှ မပါခဲ့ဘူး ကိုကို။ ဝတ်ရည်က သူ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာ။ သူ့ဘက်ကတော့ ပိုတာပေါ့။ ဆရာသက်လင်းထွဋ်မြင့်ပြီးတဲ့နောက်မှာ ဝတ်ရည် စိတ်လေလေနဲ့ မလုပ်သင့်တာတွေလုပ်ခဲ့မိတယ်။ သူတိုက်ခဲ့တဲ့ အချိုရည်ကိုသောက်ပြီး ဝတ်ရည်''

ဆက်မပြောဘဲ တရှိုက်ရှိုက်ငိုနေတော့သည်။ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားသော သူ့ရဲ့ ရုပ်အင်္ကျီတို့သည် ဝတ်ရည်ရဲ့ တင်းကျပ်စွာ ဆုပ်ကိုင်ထားမှုကြောင့် မွမွကြေနေခဲ့သည်။

အသွားမတော် ခြေတစ်လှမ်းဆိုသည့်အတိုင်း မှားခဲ့သည့် ခြေလှမ်းအတွက် ဘာနှင့်မှ အစားထိုး ဖျောက်ဖျက်၍မရနိုင်တော့ပေ။

''သူက ဝတ်ရည်ကို ချစ်တယ်၊ ဝတ်ရည်က သူ့ကိုမချစ်ဘူး။ ဒီလိုလူနဲ့ တစ်သက်လုံး အတူနေသွားရမယ်လို့စဉ်းစားတိုင်း ဝတ်ရည် ဘယ်လိုမှ လက်မခံနိုင်ဘူး။ မချစ်မနှစ်သက်သူရဲ့မျက်နှာကို တစ်သက်လုံး ထိုင်ကြည့်နေရရင် ဝတ်ရည် စိတ်ဆင်းရဲလို့သေမှာ။ ဒါကြောင့် ဝတ်ရည်ကို ဝတ်ရည်ကို မချစ်မနှစ်သက်ဘဲ လက်ခံခဲ့တဲ့ ကိုကို့ကို ဝတ်ရည် ကိုယ်ချင်းစာမိတယ်။ ဝတ်ရည် ကိုကိုနဲ့ပတ်သက်ပြီး မတရား

သက်သက် အနိုင်ယူခဲ့တာ အမှားကြီးပါ ကိုကို။ အဲဒီအတွက် ဝတ်ရည့်ကို ကြိုက်တဲ့အပြစ်ပေးပါ"

ပြောနေရင်း သူ့ခြေရင်းမှာ ထိုင်ကျသွားကာ ရှိုးကန်တော့တောင်းပန်နေသော ဝတ်ရည့်ကြောင့် သူ ဘာမှ ဖြေသိမ့်၍မရ။ အလာကောင်းပေမယ့် အခါနှောင်းသွားပြီဆိုတဲ့ စကားလိုပါပဲ ဝတ်ရည်ရယ်ဟု ပြောမထွက်။

ဝတ်ရည်က သူ့ခြေရင်းမှာ ပုံ့ပုံ့လေးကန်တော့နေရာမှ မတ်မတ်ပြန်မရပ်နိုင်တော့ဘဲ သူ့ခြေထောက်နှစ်ဖက်ကို ခပ်တင်းတင်းဖက်ထားရင်းနှင့် –

"ဝတ်ရည့်ကို သူနဲ့လက်ထပ်ဖို့ နားမချပါနဲ့လားကိုကိုရယ်။ ဝတ်ရည်ရဲ့ဆန္ဒအတိုင်း လိုက်ပြောသွားခဲ့တာမှမဟုတ်တာ။ သူကသာ ယုတ်မာပြီး ဝတ်ရည့်ကို မတရားသဖြင့်နည်းနဲ့၊ အဟင့်"

သူ ဝတ်ရည်ရဲ့လက်နှစ်ဖက်ကို ညင်သာစွာဖယ်ပြီး ထိုင်ချလိုက်သည်။ မျက်ရည်တွေ ရွှဲနေသည့် ညီမဖြစ်သူရဲ့အဖြစ်ကို မကြည့်ရက်နိုင်။ ရင်ထဲမှာ ဆို့ကျပ်နေသည်။

သနားစရာကောင်းလိုက်တာ ညီမလေးရယ်။ ညီမလေးဘက်မှာ ဒီလို လက်လွန်ခြေလွန်တွေ ဖြစ်မထားခဲ့ဘူးဆိုရင် ဘာပဲဖြစ်ဖြစ် ကိုကိုလက်ထပ်မှာပါ။ ဒါပေမဲ့ –

"ဝတ်ရည်"

"ကိုကို"





သူ့ခေါ်သံကြောင့် ဝတ်ရည်ကမော့ကြည့်ပြီး ထူးသည်။ ဝတ်ရည်ရဲ့မျက်ရည်တွေကို သူသုတ်ပေးနေရင်းမှ မျက်နှာလေးကိုကြည့်မိသည်။ စိတ်ဆင်းရဲမှုတွေ ဘယ်လောက်ထိများပြားနေခဲ့သလဲ မသိ။ မျက်နှာတစ်ခုလုံး ချောင်ကျကာ မျက်ကွင်းတွေ ညိုမည်းနေသည်။

အင်းပေါ့လေ၊ 'မချစ်မနှစ်သက်သူနှင့် ထာဝရ' လို့ တွေးမိရုံနှင့် ညသန်းခေါင် အိပ်မက်ဆိုးဆိုတာ သူ ကိုယ်ချင်းစာတတ်တာပဲ။

"မချစ်မနှစ်သက်လို့ပါဆိုတဲ့ အတွေးကြောင့်နဲ့ အပျိုပြန်မဖြစ်တော့တဲ့ ကိုယ့်ဘဝ ဘယ်ဟာအရေးကြီးသလဲ"

တစ်ခုခုပြောဖို့ ပြင်နေသော ဝတ်ရည်ရဲ့နှုတ်ခမ်းထက် လက်နှင့်အသာအုပ်ကာခေါင်းယမ်းပြပြီး –

"မယူနိုင်တော့ပါဘူးလို့ ဘူးခံနေတာကို ညီမလေးကို ပိုင်ဆိုင်သွားပြီဖြစ်တဲ့ ဟိုကလေးကကော လက်ပိုက်ကြည့်နေမှာမို့လား"

"ကြံ့သင့်ကြံ့ရမှာပေါ့၊ ဒါ သူလုပ်ခဲ့တဲ့အပြစ်ပဲ"

"သူလုပ်ခဲ့တဲ့အပြစ်ဆိုပေမယ့် သူက အခုလို ညီမလေးရဲ့အိမ်ရှေ့မှာ လက်ခံနိုးနိုး လာမစောင့်ဘဲ ကျောရရုံကြီးသွားရင်ကော ဘယ်သူနစ်နာမှာလဲ၊ ဘယ်သူ မျက်နှာပျက်ရမှာလဲ၊ ဘယ်သူ အရှက်ရရမှာလဲ"

"ဝတ်ရည်မှားပြီ ကိုကို ဝတ်ရည်မှားပြီ"

"ဟုတ်တယ် . . . ဝတ်ရည်မှားခဲ့ပြီ။ အဲဒီအမှားကို ဒီနည်းနဲ့

လွှဲပြီး တခြားဆက်စရာနည်းလမ်း မရှိတော့ဘူး။ ကိုယ်က ချစ်နေရတဲ့ ဘဝက ပင်ပန်းပါတယ် ညီမလေးရယ်။ ကိုယ်ချစ်သလို ချစ်ပါ့မလား ဆိုတဲ့ ပူလောင်စိတ်တွေ၊ ကိုယ့်ကို အရင်လိုချစ်သေးရဲ့လား စိုးရိမ်စိတ်တွေကြောင့် ကိုယ်ဟာ အပင်ပန်းဆုံးလူသား ဖြစ်နေရပါပြီ၊ ဒါကြောင့် ချစ်ခံရတဲ့ဘဝမှာ ညီမလေးကို အေးအေးချမ်းချမ်း ရှိနေစေချင်တယ်။ နောက် နောက်တော့ ညီမလေး အဲ . . . အဲဒီဘဝမှာ ပျော်သွားမှာပါ''

''ကိုကိုရယ်''

သူ့ရဲ့အသံတွေ တိုးတိတ်ပျောက်ကွယ်သွားရသလို ဝတ်ရည်က သူ့ရင်ခွင်ထဲ တိုးဝင်ငိုရှိုက်နေရှာသည်။

မချစ်မနှစ်သက်သူနှင့် လက်တွဲမသွားစေချင်သော်လည်း။

❀



# အခန်း (၃၉)

''အဲဒါတွေ ငါ့ကိုဘာလို့ပြောပြနေရတာလဲ သက်လင်း''

ပြောပြနေသည့် အကြောင်းအရာကို အစအဆုံး နားထောင်နေကာ ဘာမှဝင်မပြောခဲ့၍ ကျေးဇူးတင်နေမိသည်။ ပြောလည်းပြောပြီးရော ဘုဆတ်ဆတ်နှင့် ပြန်မေးနေသဖြင့် သက်လင်း ပါးစပ်ကြီးဟသွားကာ ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။

ဝတ်ရည်ချို မင်္ဂလာဆောင်သွားသည်ဆိုတုန်းက သူ အဲဒီလောက် မအံ့သြ။ လက်ထဲတွင်ထည့်ပေးလာသည့် ဖိတ်စာကိုဖတ်ရင်းနှင့်မှ အံ့သြရသည်။

ဝတ်ရည်ချိုရဲ့ သတို့သားလောင်းနာမည်နေရာမှာ ဇင်မင်းထွန်းရဲ့နာမည် ရှိမနေပေ။ ဝတ်ရည်ချိုစေ့စပ်ထားသူမှာ ဇင်မင်းထွန်းသို့ လူသိရှင်ကြား ရှိနေခဲ့ပြီးမှ စေ့စပ်ဖျက်သိမ်းခြင်းပါမလာဘဲ လက်ထပ်တော့ အခြားတစ်ယောက်တဲ့။

ရွှေပဒေသာစာပေ

ဘာတွေဖြစ်ကုန်သလဲဟုတွေးရင်း အံ့သြရပါသည်။ စိုးထိတ်ရပါသည်။

ယခုချိန်မှာ ဖင်မင်းထွန်းသည် နိုင်နှင့် အနီးကပ်ဆုံးသော နေရာမှာ ရှိနေသဖြင့် သူ့ရင်ထဲ အရမ်းပူလောင်နေရသည့်အကြောင်း နိုင် နားလည်လာအောင် မည်သို့ ရှင်းပြရမည်နည်း။

ဘယ်လောက်မှန်းပါတယ် မကြည့်ချင်ပါဘူးပြောပြော၊ ငယ်ချစ်ဟာ လွတ်လပ်သူဆိုတဲ့အသိနှင့် နိုင့်ရဲ့ခံစားချက်တွေ မပြောင်းလဲသွားနိုင်ဘူးလို့ ဘယ်သူပြောနိုင်သလဲ။

နိုင်ရေ ... ပထမတစ်ခေါက်တုန်းက ငါ နင့်ကို ဆုံးရှုံးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ငါ အဲဒီလောက်မခံစားခဲ့ရဘူး။ နင်ပျော်နေတယ်ပဲဆိုတဲ့အသိနဲ့ ငါ ကျေနပ်တတ်ခဲ့တယ်။ အခြေအနေတစ်ခုက မမျှော်လင့်စွာ ပြောင်းလဲသွားခဲ့ပြီ။

နင်နဲ့ငါ ဇာတ်ပြဖြစ်ခဲ့ကြတယ်။ အရှုံး အမဲသားကျွေးသလိုပဲဆိုဆို ငါ့လက်ထဲမှာ ရောက်နေပြီဖြစ်တဲ့ နင့်ကို ဆုံးရှုံးရမှာကိုတော့ ငါ သေလုအောင် ကြောက်တယ်နိုင်။ သူတို့ လက်ထပ်မင်္ဂလာသတင်းကိုကြားပြီး ဝမ်းမသာနိုင်ဘဲ စိုးရိမ်စိတ်တွေနဲ့ ပူလောင်နေတဲ့သူက ငါပဲ နိုင်ရယ်။

"နင် ဘယ်လိုမှ မခံစားရဘူးလား နိုင်"

သူ့မေးခွန်းကြောင့် နိုင့်ဘက်မှ အသံတိတ်သွားသည်။ ဖုန်းနှင့် ပြောနေရတာမို့ နိုင့်မျက်နှာ ဘယ်လိုရှိနေသလဲ မခန့်မှန်းတတ်။





မျက်နှာချင်းဆိုင်ထိုင်ပြီး နိုင် ငိုနေသလား။ နိုင်ပျော်နေသလား။ စောင့်ကြည့်ချင်သည်။

"ငါက ဘာကိုခံစားရမှာလဲ"

"ဖင်မင်းထွန်း လက်မထပ်ဖြစ်တော့ဘူးလေ"

"သက်လင်းထွန်း"

နိုင့်ရဲ့ခေါ်သံက ဘယ်လောက်ထိ ကျယ်လောင်သွားသလဲ မသိ။ သူ့နားစည်အတွင်းသို့ တုန်ခါနှုန်းမြန်စွာ ရောက်ရှိလာသည်။

"သစ္စာနိုင်ဆိုတဲ့ မိန်းမကို နင် ဘာထင်နေသလဲ။ ဟိုကိုင်းကူးလိုက်၊ ဒီကိုင်းကူးလိုက်နဲ့ ကူးနေတတ်တဲ့ မျောက်မလို့ ထင်နေသလား။ အခုမှ လွတ်တဲ့ငါးကြီးနေတယ်လို့ စွပ်စွဲချင်တာလား"

"ဆောရီးဟာ"

"လွယ်လွယ် ဆောရီးမလုပ်ပစ်နဲ့ သက်လင်း။ နင့်ဆီက အဲဒီလိုစကားထွက်လာတာနဲ့ နင့်ရင်ထဲမှာ ဘာတွေရှိသလဲ ငါ ခန့်မှန်းမိလိုက်ပြီ။ နင်နဲ့ငါက အခုမှ ပေါင်းလာကြတဲ့ သူငယ်ချင်းမှမဟုတ်တာ"

"တကယ်တောင်းပန်ပါတယ်ဟာ။ ငါ နင့်ကို စွပ်စွဲချင်လို့ ပြောလိုက်တာ မဟုတ်ပါဘူး နိုင်ရာ။ ဖြစ်တည်လာမယ့် ကံကြမ္မာကို မယုံရဲလို့ စိုးရိမ်စိတ်နဲ့ ငါ လွှတ်ခနဲ ပြောလိုက်မိတာပါ။ နင့်သိက္ခာကို မယုံတာလည်း မဟုတ်ဘူး။ ဟိုတစ်ယောက်ကို အထင်သေးတာလည်း မဟုတ်ဘူး။ မမြင်ရတဲ့ကံကြမ္မာကို ငါ ကြောက်တာပါ"

သူ တကယ်စိုးရိမ်စွာနှင့် ပြောမှန်း သဘောပေါက်သွားတဲ့ နိုင်က ဆက်လက်စိတ်မတိုတော့တာကိုပဲ ကျေးဇူးတင်ရမည်။

နိုင်ဟာ ဟိုငယ်စဉ်ကလေးဘဝကနည်းက နို့လုနို့တက်ဆိုပြီး သူ့ကို ရန်သူလို သဘောထားခဲ့သူမဟုတ်။ သူငယ်ချင်းထက်ပိုစွာ မောင်နှမအရင်းလို ချစ်ကြောင်း အကြိမ်ကြိမ် အခါခါ ပြောရဲသည်။

သူက နိုင်စိတ်ညစ်အောင် နိုင်ကလည်း သူစိတ်ထိခိုက်အောင် ဘယ်တော့မှ မလုပ်။ ညည်းစားထား၍ သူ စိတ်ဆိုးသွားမလား အသိနှင့် သူ့ကိုလည်း ဟိုအရင်အတိုင်း အခင်အမင်မပျက်ခဲ့တာက သူမတို့ရဲ့ အချစ်ရေးလမ်းကြောင်းမှာ အက်ကြောင်းထင်စေခဲ့ဖို့ ဖြစ်သည်။

အဓိကတရားခံ သူဖြစ်ခဲ့သည်။ သို့သော် နိုင်ကတော့ သူ့ကို စလို့နောက်လို့တောင် အပြစ်မတင်ဘဲ ထားရစ်ခဲ့ရက်သော ချစ်သူကို သာ မုန်းတီးမဆုံး ဖြစ်နေခဲ့သည်။

"အလုပ်သည်ကံ၊ ကံသည်အလုပ်" ဆိုတဲ့စကားကို နင် လက်ခံနိုင်ရင် အဲဒီလို စိုးရိမ်ပူပန်စရာမရှိပါဘူး သက်လင်း။ နင် ဘာကို စိတ်ပူနေတာလဲ၊ ငါက သူ့ဘက်ကို ပြန်လည်စိတ်ယိုင်သွားမှာ စိုးတာကိုလား။ သူက ငါ့ဘက်ကို ပြန်လည်စိတ်ဝင်စားလာမှာစိုးတာ လား။ အဲဒီလို စိုးရိမ်နေပါတယ်ဆိုရင်တော့ ငါ့မှာ အာမခံစရာတစ်ခု ရှိတယ်"

"ဘာလဲ"





"သစ္စာနိုင်ဆိုတဲ့ ငါက သစ္စာကို သိပ်အလေးထား တန်ဖိုး ထားတဲ့သူဆိုတာ နင်မမေ့နဲ့။ ကိုယ်နဲ့စေ့စပ်ပြီးသား ယောကျ်ားတစ် ယောက် လူ့ပုံအလယ်မှာ အရှက်တကွဲ ကျန်ခဲ့ရမယ့်အဖြစ်မျိုး ဖြစ် လာအောင် ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး"

"ငါသိပါတယ် နိုင်ရယ်။ ဒါပေမဲ့ အဲဒီစိတ်တစ်ခုနဲ့ နင့်ကို ဖိစီးနှိပ်စက်မှာစိုးလို့ ငါ စိုးရိမ်တယ်"

"နင် ဘာကိုဆိုလိုတာလဲ"

နိုင်က နားမလည်သလိုနှင့် ခပ်ဆတ်ဆတ်မေးသည်။ သူ သက်ပြင်းချလိုက်မိသည်။

နင်က နင့်သစ္စာတွေ မဖျောက်ပျက်ဖို့ ဆန္ဒရှိသလို ငါက လည်း ငါ့ကြောင့် ငါချစ်မြတ်နိုးတဲ့ သူ့ကို စိတ်မဆင်းရဲစေချင်ဘူး နိုင်။

"သိပ်တာဝန်ကျေချင်လွန်းတဲ့သူက အဲဒီတာဝန်ကျေချင်တဲ့ စိတ် ဖိစီးလို့ နလန်မထူနိုင်ဘူး။ ကတိသစ္စာကို မပျက်ချင်ရုံသက်သက် နဲ့ ကိုယ့်စိတ်ကို ချောင်မပိတ်ပါနဲ့"

"ဘာလဲ ... နင်က ငါ့ကို ရွှေပြည်အေး လေချိုသွေးတာရား တွေဟောပြီး လမ်းခွဲကြလေသတည်းလို့ ပြောချင်တာလဲ"

"ဟာ ... ဝေးပါ့။ ငါလိုကောင်က နင့်ကို လမ်းခွဲကြပါစို့လို့ ပြောထွက်ပါ့မလား။ နင်က ထားသွားရင်တောင် ငါ ကျေနပ်ကြည်ဖြူ စွာနဲ့ နေနိုင်ပါတယ်လို့ ပြောနေတာ"

"တော်စမ်းပါ။ ကိုယ့်ကိုယ်ကိုယ်တော့ သူ တော်ကောင်းကြီးလို့ ဟစ်ကြွေးမနေစမ်းပါနဲ့။ ဒါမျိုးတွေ ရိုးနေပြီ။ တောမှာသွားပြော။ သစ္စာနိုင်တို့ကတော့ ချိတက်ပြီဆို နောက်ကြောင်းပြန်လှည့်တတ်တဲ့ သူ မဟုတ်ဘူး နားလည်လား"

"နိုင် ... နင် ငါ့ကိုချစ်လား"

"ဟင်"

မဆီမဆိုင် ကောက်မေးလိုက်သည့်မေးခွန်းကြောင့် နိုင့်ထံမှ မပွင့်တစ်ပွင့် အာမေဋိတ်သံတစ်ခုနှင့် တိတ်သွားခဲ့သည်။

အချိန်နာရီစက္ကန့်တို့သည် တရွေ့ရွေ့။ ချစ်ခြင်းဆိုတဲ့ စကားကလွဲ၍ သူ ဘာပြောပြော နောက်ကလိုက်ပြောရဲလောက်အောင် အာသွက်လျှာသွက်နိုင်သော နိုင်သည် ချစ်သလားလို့ မေးတိုင်း အသံတိတ်သွားတတ်သည်။

"ဒီမေးခွန်းမေးတိုင်း နင် အသံတိတ်သွားတတ်တာကို ငါ သဘောမကျဘူး နိုင်"

"အံမယ် ... သဘောမကျရင် သေလိုက်ပါလား။ အဲဒီမှာ ရေမရှိတဲ့ချောင်းထဲ နှာခေါင်းဖော်ပြီးသေလိုက်။ ဒီမေးခွန်းမဖြေနိုင်လို့ နင်နဲ့ငါ လမ်းခွဲကြစို့ဆိုရင် အချိန်မရွေး ဝဲလ်ကမ်း"

"ဟာ ... စကားကောင်းပြောနေလျက်နဲ့ ဘာလို့ခွကားကျားစကားတွေ ပြောနေရတာလဲ။ တကယ် အတည်မေးတာပါ နိုင်ရယ်။ နင် ငါ့ကို နည်းနည်းလေးတောင် ဟိုလိုမချစ်နိုင်ဘူးလား"





"ဘာ ... ဟိုလို ဒီလိုတွေ လာမမေးနေနဲ့"

နိုင့်ဆီကအချစ်ကို မရနိုင်ပေမယ့် မေတ္တာတရားနဲ့တင် ကျေနပ်ဖို့ ကြိုးစားနေတဲ့ကောင်ပါ။

"နိုင်"

"ဘာလဲ ... စကားကောင်းပြောနေ၊ ပြောနေရင်း ဖောက်လာလို့ကတော့ ငါ ဖုန်းချပစ်လိုက်မှာ"

သူ့ရဲ့ နူးညံ့သောခေါ်သံကို နိုင်က ဘုဆတ်ဆတ်လေသံနှင့် တုံ့ပြန်သည်။ ရင်ခုန်ဖို့တော့ ကောင်းလေစွ။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးပြီး -

"သင်္ကြန်မတိုင်ခင် တို့တွေ လက်ထပ်ကြရအောင်လေ"

သင်္ကြန်မတိုင်ခင်ဆိုတော့ နှစ်လကျော် သုံးလပဲလိုတော့သည်။ ယခင်တုန်းကတော့ လက်ထပ်ကြရအောင်လို့ပြောလျှင် နိုင်က ဟိုရက်ရွှေ့ ဒီရက်ရွှေ့။ ယခု ပြောသာပြောလိုက်ရသော်လည်း အားကတော့ သိပ်မပါပေ။

အတော်ကြီးကြာအောင် တိတ်ဆိတ်သွားပြီးမှ သက်ပြင်းချသံတစ်ခုနှင့်အတူ -

"နင်က ဘယ်ရက်ဖြစ်ချင်တာလဲ"

"ဟာ ... နိုင်"

မထင်မှတ်ထားသော တုံ့ပြန်မှုကြောင့် သူ ဝမ်းသာအံ့ဩသွားရကာ ဘာပြောရမှန်းမသိ ဖြစ်သွားခဲ့သည်။

"ဟုတ်တယ်လေ၊ ရက်တစ်ခုခုတော့ နင် ခန့်မှန်းပြီး သတ်မှတ်ထားရမှာပေါ့။ ပြင်မှာဆင်မှာနဲ့ဆိုတော့"

"နေပါဦး နိုင် . . . နင်က သဘောတူပြီလား"

သူ့မေးခွန်းကြောင့် နိုင့်ဘက်က ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ပြီးတော့ ဆောင့်အောင့်သောလေသံနှင့် –

"သဘောမတူဘဲနဲ့ ငါ့ဘက်က ရက်သတ်မှတ်ဖို့ ပြောပါ့မလား ကောင်စုတ်ရဲ့။ ဘာလဲ မိန်းကလေးဘက်က ရက်သတ်မှတ်နိုင်လို့ ဘဝင်လေတွေဟပ်ပြီး ကျွမ်းသုံးလေးပတ် ထိုးချင်နေတာလား။ ထိုးချင်ရင်လည်း ထိုးလိုက်"

"ဟာ . . . မဟုတ်ပါဘူး။ ငါ မယုံနိုင်လွန်းလို့ ဝမ်းသာလွန်းလို့ပါ၊ ဒီနေ့တော့ အိပ်လို့တောင် ပျော်တော့မှာမဟုတ်ဘူး။ ကျေးဇူးပဲ နိုင်။ သိပါတယ် နင်က ငါစိတ်ဆင်းရဲနေရင် ဘယ်လိုမှ မနေတတ်တာ"

"ကိုယ့်ဘက်ကိုယ်ယက်မနေနဲ့ လိပ်ကြီးရဲ့"

"အဲဒါကြောင့်လည်း ငါက နင့်ကို အရမ်း အရမ်းချစ်တာ"

"တော်စမ်းပါ အပိုတွေ"

"ရှောက်"

နိုင့်ဘက်က ဖုန်းချသွားခဲ့ပေမယ့် သူကတော့ ဖုန်းမချဖြစ်နိုင်လောက်အောင် အပျော်တွေ စီးနေခဲ့သည်။

❀



# အခန်း (၄၀)

"ဒါ . . . တကယ်လား မမသက်"

ခရီးရောက်မဆိုက် ကြားလိုက်ရသောစကားကြောင့် လူက အမောဆို့ကာ သေချင်သွားတော့သည်။ သူမအတွက် ဝယ်လာသည့် ပစ္စည်းတွေကို ဖွင့်ကြည့်ရင်း တစ်ခုခုကို ဆုံးရှုံးရလိုက်သလို ခံစားလိုက်ရသည်။

နိုင်ရယ် . . . ကိုယ်ဟာ အလာကောင်းပေမယ့် အခါနှောင်းသွားခဲ့ပြီလား။

ကိုယ့်မှာ ချည်နှောင်ခံထားရတဲ့ ကြိုးတွေ ပြေလျော့သွားကတည်းက ကိုယ်ပျော်ပြီး အမြင်ချင်ဆုံးမျက်နှာက မင်းမျက်နှာပါ။ ခွင့်လွှတ်တာ ခွင့်မလွှတ်တာ အပထား မင်းကို ကိုယ်ဘာကြောင့် ထားခဲ့ရသလဲ အစအဆုံး ရှင်းပြချင်နေခဲ့တယ်။

"သူတို့မင်္ဂလာပွဲက သုံးလပိုင်းထဲမှာတဲ့။ မင်္ဂလာဆောင်တဲ့

အချိန် ခွင့်ထပ်ယူရဦးမယ့်ဟာကို။ အခု နိုင်က လစာမဲ့ခွင့်တစ်လယူသွားပြီ။ ဘယ်သွားမလဲဆိုတာတောင် ပြောမသွားခဲ့ဘူး''

''မင်္ဂလာဆောင်တော့မှာဆိုတော့ သူတို့မြို့မှာ ပြင်စရာရှိလို့ ပြန်သွားလားမှ မသိတာ''

''မဟုတ်ဘူး ... မောင်ဖင်မင်းထွန်း''

ခေါင်းယမ်းလိုက်သော မမသက်ကြောင့် သူတောင် နစ်ဝေတိမ်တောင် ဖြစ်သွားရသည်။

နိုင်က မန္တလေး သို့မဟုတ် ရန်ကုန်သို့မသွားဘဲ ဘယ်ကို ထွက်သွားတာလဲ။ ဘယ်ကိုသွားမယ်လို့တောင် လုပ်ဖော်ကိုင်ဖက်တွေကိုတောင် အသိမပေးသွားရတာလဲ။

''သူကောင်လေး ဖုန်းဆက်မေးမှ မမသက်လည်း နိုင် သူ့မြို့သူ့ရွာ ပြန်သွားတာ မဟုတ်မှန်း သိရတာ''

''သူကောင်လေးက ဖုန်းဆက်မေးတယ်''

မမသက်ရဲ့စကားကို သံယောင်လိုက်မေးတော့ မမသက်က ခေါင်းညိတ်သည်။

''နိုင့်ရဲ့ဖုန်းကိုဆက်တာ စက်ပိတ်ထားတယ်လို့ပဲ အော်နေတယ်တဲ့။ ခွင့်တစ်လယူမယ့်ကိစ္စ သူလည်း မသိရဘူးတဲ့။ အဲဒီမတိုင်ခင်တုန်းကတော့ မင်္ဂလာပွဲကို သူလုပ်ချင်တဲ့အတိုင်း စိတ်တိုင်းကျလုပ်ဖို့ မှာသွားခဲ့သတဲ့''

''အဲဒါတော့ သိပ်မဟုတ်သေးဘူး မမသက်။ ဘယ်ကို





ထွက်သွားမှန်းမသိ။ ဖုန်းကလည်း စက်ပိတ်ထားတယ်ဆိုတော့ နိုင် တစ်ခုခုများ ဖြစ်နေလားမသိဘူး''

စိုးရိမ်တကြီး သူမေးတော့ မမသက်က သူ့ကို နားမလည်သလို မော့ကြည့်သည်။ ပထမတုန်းကတော့ မမသက်ရဲ့အကြည့်တွေကို သူ အကဲမခတ်တတ်။ နောက်မှ သံသယပါသောအကြည့်မှန်း သိကာ ကမန်းကတမ်း ဣန္ဒြေဆယ်လိုက်ရသည်။

မမသက်သာမက ဒီရဲ့ပတ်ဝန်းကျင်တစ်ခုလုံးက နိုင်နှင့် သူ့ရဲ့ အတိတ်အကြောင်းမှ မသိကြပဲလေ။ ယခုမှတော့လည်း သိအောင် မပြောပြချင်တော့။ နိုင်လည်း သူ့ဘဝ သူ့လမ်းကို ရွေးချယ်သွားခဲ့ပြီပဲ။

''မမသက်တို့လည်း မပြောပြတတ်တော့ပါဘူးကွယ်။ နိုင့်ပုံစံက တခြားလူတွေနဲ့မတူဘူး။ ခန့်မှန်းရခက်တယ်။ အရေးရယ် အကြောင်းရယ်ဆိုရင်တော့ ဖုန်းဆက်မှာပဲလေ''

''ဒါနဲ့ နိုင်သွားတာ ဘယ်လောက်ကြာပြီလဲ မမသက်''

သူမေးခွန်းကြောင့် မမသက်က စဉ်းစားသလို ငြိမ်နေရင်း

''တစ်ပတ်တော့ကျော်ပြီ''

''အင်းပါလေ မမသက်ပြောသလို ကိစ္စရှိရင်တော့ ဖုန်းဆက်မှာပေါ့။ ဒါက မမသက်တို့အတွက် ရန်ကုန်ပြန်လက်ဆောင်ပါ''

မမသက်တို့ကို လက်ဆောင်ပစ္စည်းပေးခဲ့ပြီး သူ ထွက်လာခဲ့သည်။ သူ စေ့စပ်ပွဲပျက်သွားရသည့်အကြောင်းတွေကိုလည်း ပြောပြမနေတော့ပါ။

ကိုယ့်ရဲ့ပျော်ရွှင်မှုကို တစ်စုံတစ်ယောက်က ခိုးယူစားသုံးလိုက်သလို ခံစားလိုက်ရသည်။ နိုင်တို့အိမ်ဘက်ကို လှမ်းကြည့်ရင်း နိုင် ရှိမနေဘူးဆိုတဲ့အသိက လူကို ပင်ပန်းနွမ်းနယ်သွားစေသည်။

နိုင်ရယ် ... ကိုယ့်ကို မမြင်ချင်လို့များ တမင်ရှောင်ပုန်းတာတော့ မဟုတ်ပါဘူးနော်။ ဒါမှမဟုတ် မင်းလည်း သက်လင်းတွင်မှ ပြောပြလို့ ဝတ်ရည်မင်္ဂလာဆောင်သွားတဲ့အကြောင်းလည်း သိရောပေါ့။ ကိုယ်နဲ့နီးစပ်သွားမှာကြောက်လို့ မင်္ဂလာရက်ကို စောသတ်မှတ်လိုက်တာလည်း မဟုတ်လောက်ပါဘူးနော်။

မောင်ရဲနောင်ကလည်း သူ့ မျက်နှာမကောင်းမှန်းသိတော့ ဘာမှမမေးမပြောဘဲ ငြိမ်နေပေးသည်။

နေ့စဉ် နေ့တိုင်း ရုံးတက်နေရခြင်းအတွက်လည်း စိတ်မပါသလို ခံစားရသည်။

အားလုံး စုံညီတက်ညီ လက်ဖက်ရည်ဆိုင်ထိုင်ကြတိုင်း လွမ်းဖါးဆွတ်သလိုခံစားရသည်။

အားလုံးက အရင်အတိုင်းပဲမပြောင်းလဲစွာနှင့် သူတစ်ယောက်သာ နေမထိ ထိုင်မသာဖြစ်နေခဲ့သည်။

"မနိုင်ကတော့ လုပ်လိုက်ရင် အထူးအဆန်းတွေပဲ။ မင်္ဂလာပွဲက ဒီနှစ်ကုန် ဝါကျွတ်မှဆိုပြီး နှစ်တောင်မကုန်သေးဘူး"

"ဘာလဲ ... ညည်းက အားကျနေလို့လား"

"ဟာ ... ဘယ်ကလာ အားကျရမှာလဲ။ ကိုစိုင်းကလည်း





နဲ့သီတို့ဘဝမှာ အဲဒီကိစ္စ စဉ်းစားဖို့ အချိန်မရသေးပါဘူး"

"အေးပါ ... စဉ်းစားရင်း ရွှေးရင်း အရွှေးလွန်ပြီး ညည်းတို့ မမသက်လို ဖြစ်နေဦးမယ်"

"အံမယ် ... ကျုပ်ကို ဘာလို့ဆွဲထည့်ရတာလဲ ကိုကျော်ကို လတ်၊ အပူမရှာချင်လို့။ ယောက်မ မကိုင်တာနော်"

မမသက်နှင့် ကိုစိုင်းက စကားရည်လုနေကြသည်။ သူတို့အတွက်ကတော့ နိုင်ရှိနေခြင်း၊ မရှိနေခြင်းက သိပ်မခံစားရသလိုအင်းပေါ့လေ၊ နိုင် ရှိနေတော့ကော နိုင်က ဤတစ်ဖွဲ့လုံးက ဦးဆောင်ကာ စကားတွေ ရွှန်းရွှန်းထအောင် ပြောခဲ့ဖူးလို့လဲ။

လူကသာ လက်ဖက်ရည်ဆိုင်မှာရောက်နေသည်။ စိတ်က တိတ်ဆိတ်ငြိမ်သက်သောနေရာသို့ ရွှက်လွင့်ချင်နေသည်။ လာနေကျ လူတစ်ယောက် ပျောက်နေလျှင် သံသယနှင့်ကြည့်လာမည်စိုး၍ ဟန်မပြ ထိုင်နေခြင်းပင် ဖြစ်သည်။

တစ်ယောက်တစ်ပေါက် ပြောနေသည့် စကားလုံးတို့သည် နားထဲဝင်တစ်ချက် မဝင်တစ်ချက်။

"ကိုဇင်မင်းထွန်းကြည့်ရတာ ငေးငေးငိုင်ငိုင်နဲ့ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

မေသူအောင်ရဲ့စကားကို အလိုက်သင့်ဖြေကြားရနေစဉ် ကိုစိုင်းက ပြုံးစိစိနှင့် ကြည့်လာကာ -

"လူကသာ နေကောင်းပါတယ်။ စိတ်က နေမကောင်းဘူး မဟုတ်လား။ မဒီလေးက ရန်ကုန်မှာဆိုတော့ ပေါး ပေါး ဟို သီချင်းထဲက စာသားနဲ့ တယ်ဆင်ပါလား"

"ဘယ်သီချင်းလဲ ကိုစိုင်း"

နွဲ့နွဲ့သီက စကားဝင်ထောက်တော့ –

"တစ်ယောက်တစ်နေရာကွယ် ဝိတောက်နဲ့ချယ်ရီပမာ ဆိုတော့"

ယခုချိန်မှာ ဝတ်ရည်က သူ့အိမ်ထောင်နှင့်သူ ဖြစ်နေပြီမို့ သူ အလိုက်သင့် မပြုံးနိုင်တော့ဘဲ အားလုံးကိုငေးကြည့်ကာ –

"ကျွန်တော့်ညီမလေးက အိမ်ထောင်ပြုသွားပါပြီ"

"ဟင်"

"ဟာ"

အားလုံးရဲ့ အံ့ဩသလို အကြည့်တွေက သူ့ရဲ့မျက်နှာထက်မှာ ကျရောက်လာသည်။ သူကလည်း နောက်နောင် သူတို့တွေ မစနောက်ရအောင် ပြောလိုက်နိုင်သည့်အတွက် ကျေနပ်သွားသည်။

သို့သော် အံ့ဩနေသော ကိုစိုင်းရဲ့ မျက်နှာမှာ တဖြည်းဖြည်း ပြုံးလာပြီး နောက်ဆုံး ဝါးလုံးကွဲလုမတတ် အော်ရယ်သဖြင့် ပတ်ဝန်းကျင်ကလူတွေတောင် ဝိုင်းကြည့်ကြသည်။ မမသက်က –

"ကိုစိုင်း ပတ်ဝန်းကျင်ကို နည်းနည်းပါးပါး အားနာဦးနော်"

"ဟုတ်ပါ့ . . . ဟိုလူကြည့် ဒီလူကြည့်နဲ့ ရှက်စရာ"





"မဟုတ်ပါဘူး။ ငါက မောင်ဇင်မင်းထွန်းကို ရယ်ချင်လို့ပါ။ ပြော် ဒါကြောင့် ကိုယ့်လူက အဖော်မဲ့သွားလို့ ငေးတိငေးငိုင် ဖြစ်နေတာကိုး"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူးဗျာ။ ကိုစိုင်းကို ရှင်းပြရတာလည်း မလွယ်ပါလား။ အခု ကျွန်တော်ဖြစ်နေတာနဲ့ ညီမလေး လက်ထပ်သွားတာနဲ့ ဘာမှမဆိုင်"

ရှင်းပြလေလေ ရယ်လေလေမို့ သူ စိတ်ရှုပ်လာကာ ထိုဝိုင်းမှ ဖဲ့ထွက်ခဲ့တော့သည်။ နောက်ဘက်ဆီမှ ရယ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

အမြဲတမ်း လျှောက်နေကျလမ်းတွင် တစ်ခုခုလိုနေသလို ခံစားရသည်။

ဤနေရာမှာ၊ ဤလမ်းမှာ နိုင်နှင့်အတူ လျှောက်ခဲ့ဖူးတယ် ဆိုတဲ့ အသိနှင့် လူက ပို၍ နွမ်းရော်နေသည်။ မဖြစ်သင့်တာ ဖြစ်သင့်တာ စသော ခံစားချက်တွေ လွန်ဆွဲနေတဲ့အခါ လူက ပို၍ ပင်ပန်း နွမ်းနယ်နေသလို ခံစားရပါသည်။

တစ်ခုခု လိုအပ်နေသလို ခံစားရကာ ရှုပ်နှစ်တာ ကာလပတ်လုံးကို ဖြတ်ကျော်လာခဲ့သူအဖြစ် ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်နိုင်ပေ။ အဲဒီတုန်းကလည်း ကိုယ့်ရဲ့အနားမှာ နိုင်ရှိမနေခဲ့ပါ။ နေ့စဉ်နေ့တိုင်း ကိုယ်လုပ်စရာရှိတာတွေလုပ်ရင်း အချိန်ကုန်ရင်းနှင့် ရှုပ်နှစ် ဆိုတာ ဘာရယ်မဟုတ်။

ယခုကျမှ နိုင် အနားမှာမရှိ၍ မနေတတ်သလို ခံစားနေရသော ကိုယ့်ကိုယ်ကိုလည်း အားမလို အားမရ ဖြစ်မိပါသည်။ ဒါဟာ အမှန်တရားဖြစ်သည်။

နိုင်မရှိလည်း သူတစ်ယောက်တည်း နေချင်သည်ဖြစ်စေ၊ မနေချင်သည်ဖြစ်စေ နေရမှာပဲ မဟုတ်လား။ နိုင်နှင့် သက်လင်း လက်ထပ်သွားတဲ့အခါ ဖင်မင်းထွန်းဆိုတာ တစ်ယောက်တည်း ကျန်နေခဲ့ရမှာက အမှန်တရား။

နိုင်ရေ . . .

လို့ အားရပါးရ အော်ခေါ်ပြီး ရင်ဘတ်ထဲက တင်းကျပ်မှုတွေ ပျောက်လိုပျောက်ငြား ပြုမူလိုက်ချင်သည်။ သို့သော် ဆင်ခြင်တုံတရားနှင့် လူလာဖြစ်သူကတော့ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းကို ငဲ့ကွက်ထောက်ထားရင်း -

“ဒီ ဒီ ဒီ”

ခါးမှာချိတ်ထားသော ဖုန်းက တဒီးဒီးနှင့် မြည်သံပေးနေသည်။ ဖုန်းကို ဖွင့်ကြည့်လိုက်တော့ unknown ။

“ဟယ်လို . . . အမိန့်ရှိပါ ခင်ဗျာ”

“အမိန့်ရှိပါတယ် ဘာတွေနဲ့ လူယဉ်ကျေးဟန်ဆောင်မနေနဲ့ ဖင်မင်းထွန်း”

“ဟင်”

တစ်ဖက်ဆီမှ ဒေါသတကြီးပြောလိုက်သံကြောင့် သူ့မျက်နှာ





တွေ တွန့်ကွေးသွားရသည်။ ယောကျ်ားတစ်ယောက်ရဲ့ဒေါသတကြီး အသံကြောင့် ဘယ်သူလဲဟု အမြေးအလျှား စဉ်းစားမိရင်း -

“အခု ဖုန်းဆက်နေတဲ့သူက”

“ငါ သက်လင်းထွဋ်ပဲ”

“ဟင်”

“နိုင် အဲဒီနေရာကနေ ရှောင်ပုန်းတာ မင်းမှာ အများကြီး တာဝန်ရှိတယ်၊ နိုင် ဘယ်မှာလဲ”

“ဟိတ် နေဦး . . . အဲဒီမေးခွန်းကို ငါကမေးရမှာ တာဝန်တွေရှားတွေ ထမ်းဆောင်နေတဲ့ မိန်းမတစ်ယောက်ကို ခွင့်တွေ ဘာတွေ ယူပြီး ရှောင်စေတာက အောက်တန်းကျတဲ့အလုပ်တွေ။ အဲဒီမေးခွန်းမျိုး ငါက မေးရမှာ”

“တောက် . . . အပြောကတော့ သင်းပဲ။ ဒီမှာ ဖင်မင်းထွန်း မင်း ငါနဲ့နိုင်ရဲ့ ရှေ့ကို ဘာကိစ္စ ပြန်ပေါ်လာရပြန်တာလဲ။ မင်းကြောင့် နိုင် အမြဲတမ်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေရတာယ်။ ဟိုး အရင်တုန်းက ပျော်ရွှင်နေတဲ့ ငါတို့သူငယ်ချင်းနှစ်ယောက်ကြား မင်း ဝင်လာလို့ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းခဲ့ရတယ်။ အခုတစ်ခါ မင်းကြောင့် နိုင် အဝေးကို ထွက်ပြေးသွားရပြန်ပြီ”

သက်လင်းထွဋ်က သူ့ကို မိန်းမတစ်ယောက်ကဲ့သို့ ရန်တွေ့နေသည်။ သူကလည်း စွပ်စွဲမှုတွေကို မခံနိုင်၍ ဒေါသဖြစ်ရသည်။ တစ်ယောက်နှင့်တစ်ယောက် သူ့အပြစ်လွှဲချ ကိုယ့်အပြစ်လွှဲချ ရှိနေရင်း

"သက်လင်းထွဋ် ... ငါ ယောကျ်ားတစ်ယောက်ပါ။ မင်းကို လိမ်ညာစရာ ဘာကြောင်းမှ မရှိဘူး။ မင်းကသာ"

"အံမယ် ... ငါ့ဘက် မြှားဦးလှည့်လိုက်သေး။ ဒီမှာဟိတ် ကောင် ဒါမျိုး တောမှာသွားပြော။ မင်း ဘာကြောင့် နိုင့်ကို တွေ့ချင် နေရတာလဲ ငါသိတယ်ကွ"

သက်လင်းထွဋ်က အပိုင်သေချာသည့်ဟန်နှင့် သူ့ကို စွပ်စွဲ လေသည်။

ဒီကောင် သူ့ရဲ့ဖုန်းနံပါတ်ကို ဘယ်လိုရတာလဲ။ သူ သက် လင်းထွဋ် နိုင်နေတဲ့နေရာကို သိလျှင်တော့ သူ့ကို ဖုန်းဆက်စရာ အကြောင်း ရှိလိမ့်မည် မဟုတ်ပေ။ ဒါဆို တကယ်ပဲ နိုင် ဘယ်သူ့ကိုမှ အသိမပေးဘဲ တစ်နေရာရာမှာ ပုန်းနေခဲ့သလား။

"မင်းအတွက် အခုမှ လွတ်တဲ့ငါး ကြီးနေတာလေ။ ဝတ်ရည် ချိုက မင်းမဟုတ်တဲ့ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်သွားပြီကိုး။ မင်း နိုင့်နားပြန်ကပ်တော့မပေါ့။ အရင်တုန်းက မင်းထားခဲ့တဲ့နေရာမှာ နေရတဲ့ သူက နိုင်ပါ။ အခုကျမှ နောက်ကြောင်းပြန်ခေါက် လက်တွဲ ချင်ရင်တော့ ဆောရီးပဲ ဖင်မင်းထွန်း"

ဝတ်ရည် ဘာကြောင့် လက်ထပ်သွားသလဲ ဒီကောင်သိသေး ပုံ မရပေ။ သူကလည်း ဒါဟာ ရှင်းပြစရာမလိုဘူးဟု ခံယူထားသူ မဟုတ်သဖြင့် ဘာမှမပြောဘဲ နိုင်နှင့် သက်ဆိုင်သည့်ကိစ္စကိုပဲ ဦးတည် လိုက်သည်။





"ဒီမှာ သက်လင်းထွဋ် နိုင် ဘယ်မှာလဲလို့ မင်း ငါ့ကို ဖုန်းဆက်မေးလိုက်ကတည်းက မင်း နိုင်နေတဲ့နေရာ မသိဘူးဆိုတာ ငါ လက်ခံပေးလိုက်သလို နိုင် ဘယ်မှာရှိသလဲ ငါမသိတာကို မင်း လက်ခံပေးနိုင်ရမှာပေါ့။ အခုချိန်မှာ မင်းက အနိုင်ရနေတဲ့သူပါ။ ရှုံးနိမ့် သူကို ထပ်ခါ ထပ်ခါ ပုတ်ခတ်စော်ကားတတ်တဲ့သူက ယောကျ်ား ကောင်းတစ်ယောက် မဟုတ်ဘူး။ နိုင့်ကို ငါ ဘယ်လောက်ချစ်ချစ် အောက်တန်းကျစွာနဲ့ မင်းလက်ထဲက လုမှာမဟုတ်ဘူး။ ဒီတော့ ဂွတ်ဘိုင်။ မင်းနဲ့နိုင်တို့ရဲ့ဘဝဟာ ပျော်ရွှင်တဲ့ဘဝဖြစ်ပါစေ"

သက်လင်းထွဋ်ဆီက ဘာစကားမှ မထွက်ခင် သူ ဖုန်းကို တစ်ခါတည်း စက်ပိတ်ပစ်လိုက်သည်။ နှလုံးသားနှင့် အသက်ရှင်နေရ သူမို့ ရင်ဘတ်ထဲမှာတော့ စူးအောင့်နာကျဉ်နေလျက်။

❀

## အခန်း (၄၁)

နောင်မွန်ဘက်မှာ တောင်ယာမြေ မှန်ကန်ကြောင်း ကွင်းဆင်းစစ်ဆေးပြီး ခဏနားတော့ နောင်မွန်ရွာသူကြီးက နွေလယ်စာနှင့် ဧည့်ခံသည်။

နောင်မွန်ရွာသည် ရွာဟုဆိုသော်လည်း ကားလမ်းပေါ်မှာရှိသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။ မြန်မာနိုင်ငံ၌ နောင်မွန် နောင်မွန်း အစရှိသည့် နာမည်တူ ရွာကြီးတွေ အများအပြားရှိသည်။ သူတို့ရောက်ရှိနေတဲ့ နောင်မွန်ရွာကတော့ ရှမ်း (မြောက်) က နောင်မွန်ကိုပြောခြင်း ဖြစ်သည်။

ကားလမ်း ဟိုဘက် ဒီဘက်မှာရှိသော အိမ်ကြီးတွေမှာ အိမ်ကြီးရခိုင်ဖြစ်ရုံမက ထရံကာ သွပ်မိုး သာမန်အိမ်တွေနည်းပြီး တစ်ထပ်တိုက်လှလှလေးတွေ၊ နှစ်ထပ်တိုက် မြင့်မြင့်ကြီးတွေနှင့် ခံ့ညားနေသည်။





အိမ်တိုင်း အိမ်တိုင်းကလည်း ဈေးဆိုင်တွေ ဖြစ်နေတတ်သည်။

''နောင်မွန်မှာ အထက်တန်းကျောင်းရှိတယ်ဗျ''

''ဟာ ... တယ်ဟုတ်ပါလား။ ဒါဆို ဆယ်တန်းကျောင်းသားတွေက တခြားရွာမှာ သွားတက်စရာ မလိုတော့ဘူးပေါ့၊ ဟန်ကျတာပေါ့''

သူကြီးရဲ့စကားကို အလိုက်သင့် ထောက်ခံပြောရင်း လမ်းမြင်နေရသည့် ကျောင်းဆီ အကြည့်ရောက်သွားသည်။ နွေရာသီကျောင်းပိတ်ရက်မို့ သစ်ပင်ကြီးတွေ စိမ်းစိမ်းအုံ့အုံ့နှင့် ရှိနေသောကျောင်းကြီးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

''ဒီနှစ်ပြောင်းလာတဲ့ ဆရာမအသစ်ကလည်း စာအသင်အပြတော်တော်ကောင်းတယ် ဆရာကြီးရေ၊ သဘောလည်း အားကြီးကောင်းတယ်''

''ဒီရွာကတော့ တော်တော်ခေတ်မီတယ်လို့ ဆိုရမယ်နော်''

ပါလာသောအဖော်ကိုပြောတော့ အဖော်ဖြစ်သူကလည်း ခေါင်းညိတ်သည်။ မြင်လေ တွေ့လေရာနေရာတိုင်း စိမ်းညို့အုံ့မှိုင်းနေပြီး လိုင်ချီးပင်တွေ ဖုံးလွှမ်းနေသောရွာ ဖြစ်သည်။

ထမင်းစားနေကြချိန် အိမ်ထဲသို့ အမျိုးသမီးတစ်ယောက်ဝင်လာကာ ရွာသူကြီးနှင့် စကားပြောနေသည်။ အဖော်ဖြစ်သူက–

''ဟို ... ဆရာမက စောစောတုန်းက သူကြီးပြောတဲ့ အသစ်

ရောက်လာတဲ့ ဆရာမလေ''

မေးထိုးပြနေသဖြင့် အသာလှည့်ကြည့်လိုက်မိသည်။ သူ့ကို ကျောခိုင်း၍ သူကြီးနှင့်စကားပြောနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ အမျိုးသမီးမှာ အနည်းငယ်ဝတုတ်တုတ်နှင့် ဆံပင်ကို ထုံးနှောင်ဖွဲ့ထားသည်။ အသက်ကြီးသည့်အမျိုးသမီးကြီးတွေ ဝတ်ဆင်တတ်သောအဆင်ခပ်မှိန်မှိန် ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။

အမျိုးသမီးက သူကြီး ဘာပြောလိုက်သလဲမသိ ထမင်းစားနေသော သူတို့ဘက်သို့ လှမ်းကြည့်လာသည်။

''ဟင်''

လက်ထဲမှာကိုင်ထားသော ထမင်းစားဇွန်းက လွတ်ကျသွားသည်။ အမျိုးသမီးကလည်း သူ့ကို စူးစိုက်ကြည့်ပြီး အံ့ဩသည့်ဟန်နှင့် ခပ်သွက်သွက် လျှောက်လာသည်။

ဝတုတ်တုတ်နှင့် မျက်နှာက ပြည့်ဖောင်းကားနေသည်။ သို့သော် မမှတ်မိလောက်အောင်တော့ ရုပ်မပြောင်းသေးပါ။

''မအိ''

''ဇင်မင်းထွန်း''

မအိက သူ့ကို ဝမ်းသာအားရခေါ်ကာ သူတို့ထိုင်နေသော ကွပ်ပျစ်ထက် ဝင်ထိုင်လိုက်သည်။ သူ့ရဲ့အဖော်ကတော့ အံ့ဩသည့်ဟန်နှင့်ကြည့်သည်။ သူက ငယ်သူငယ်ချင်းတွေလေလို့ မိတ်ဆက်ပေးတော့ -





''ကြီးကြီးဖန်ဖန် ပြန်ဆုံတယ်နော် ဆရာ။ ဒီဆရာမကလည်း ဒီနှစ်မှပြောင်းလာတယ်။ ဆရာကလည်း ဒီနှစ်မှ ပြောင်းလာတယ် ဆိုတော့''

အဖော်ဖြစ်သူရဲ့အဓိပ္ပာယ်နှစ်ခွထွက်သောစကားကို အဓိပ္ပာယ်ကောက်မနေတော့ပေ။ ထမင်းကို ဆက်မစားဖြစ်တော့ဘဲ စကားအေးအေးဆေးဆေးပြောလို့ရမည့် ခြံထဲက လိုင်ချီးပင်အောက်သို့ လျှောက်လာခဲ့သည်။ လိုင်ချီးပင်အောက်၌ ခုံတန်းရိုက်ထားသည်လေ။

''နင် တော်တော်ကို စိတ်ချမ်းသာပုံရတယ် ဟုတ်လား မအိ''

''ကျုပ်တို့က အမြဲတမ်း စိတ်ချမ်းသာနေပြီးသားလေ။ ဒါနဲ့ နင်က အရင်လို မပြောင်းလဲပါလား။ စောစောက ဟိုတစ်ယောက် ပြောပါတယ်၊ နင် ဒီနှစ်မှ ပြောင်းလာတယ်ဆိုတော့ အိမ်ထောင်ပါ ပြောင်းလာတာပေါ့ ဟုတ်လား''

''ဒါပေါ့''

ငယ်သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့လိုက်ရသည့်အခါ စိတ်လက်တော်တော် ပေါ့ပါးသွားခဲ့သည်။ အထူးသဖြင့် မိုင့်ရဲ့ သူငယ်ချင်း ဖြစ်၍ စိတ်ချမ်းသာမိသည်။

''နင်ကော အိမ်ထောင်ကျပြီလား''

''ဟောတော်၊ ငါ့ပုံစံက အိမ်ထောင်သည်တစ်ယောက်လို မြင်းဇာတ်သိမ်ပုံစံ ပေါက်နေလို့လား''

''ဒါဆို အပျိုကြီးပေါ့။ ထင်တော့ထင်သား။ ငါတို့ သုံးတွဲ

ဖြစ်သွားတော့ နှင်က တစ်ယောက်တည်း ဘက်ပဲ့နေတာလေ"

"အံမာ . . . ဒါပြန်ပြောစရာလား။ အပူမရှာချင်လို့ အပျိုကြီးလုပ်နေတာ။ အပျိုကြီးလုပ်နေပေမယ့် ငါ့မှာ ဝမ်းမနာသားသမီးတွေ အများကြီးပဲ။ ဒါနဲ့ နှင်ကော ကလေးဘယ်နှစ်ယောက် ရနေပြီလဲ"

"ဘာရယ်"

မအိရဲ့မေးခွန်းကြောင့် သူ ဘာရယ်ဟု အံ့ဩစွာ မေးခွန်းပြန်ထုတ်တော့ မအိက ဒါ အံ့ဩစရာလားဆိုသည့်အကြည့်နှင့် ပြန်ပြီး မျက်စောင်းထိုးသွားပြီး –

"ကိုယ်လုပ်ချင်တာ လုပ်သွားပြီး အခုမှ အံ့ဩသလိုလုပ်နေတာလေ။ နှင့်ကလေး ဘယ်နှစ်ယောက်ရနေပြီလဲလို့ မေးနေတာ ဘာအံ့ဩစရာပါနေလို့လဲ"

"နေပါဦး မအိရဲ့။ ငါ့ကို အိမ်ထောင်ကျနေပြီလို့ နှင့်ကို ဘယ်သူပြောတာလဲ"

"ဘာ"

သူ့မေးခွန်းကြောင့် မအိရဲ့မျက်နှာ၌ အံ့ဩမှုတွေ မပျောက်နိုင်တော့ဘဲ –

"ဟို နှင့်ညီမလေးဆိုတဲ့ကောင်မလေးနဲ့လေ။ အဲဒါ အင်း နေပါဦးလေ၊ အရင်အကြောင်း ပြန်စဉ်းစားလိုက်ရင် ငါတို့အားလုံး နှင့်ကို စိတ်ဆိုးချင်တယ်" ဖင်မင်းထွန်း"

"ဘာလို့လဲ" . . . ဆိုသည့်မေးခွန်း သူ မမေးဖြစ်ပေမယ့်





ငြိမ်သက်နေမိသည်။

"နှင့်ကြောင့် ငါတို့အုပ်စုနှစ်ခုကြားမှာရှိတဲ့ ဆက်ဆံရေးတွေ ပြတ်တောက်ခဲ့ရတယ်။ အဆိုးဆုံးကတော့ နှင့်ပယောဂကြောင့် မိမိလေးနဲ့စိုးထက် မပေါင်းဖက်နိုင်တာပဲ"

"ဘယ်လို . . . ငါ့ကြောင့် မိမိလေးနဲ့စိုးထက် မပေါင်းဖက်ရဘူး ဟုတ်လား။ အဲဒါ ဘာစကားလဲ။ ကျောင်းပြီးကတည်းက ငါ သူငယ်ချင်းတွေနဲ့ လုံးဝမတွေ့တော့သလို စုံစမ်းခြင်းလည်း မလုပ်ခဲ့မိဘူး။ ကိုယ့်လိပ်ပြာ ကိုယ်မသန့်လို့"

သူ့ဝန်ခံစကားကြောင့် မအိရဲ့မျက်နှာက ခပ်တည်တည်ဖြစ်သွားသည်။ သူ့ကို လှည့်မကြည့်တော့ဘဲ တခြားသို့ ကြည့်နေသည်။ မအိရဲ့အတွေးထဲမှာ သူနဲ့နိုင်ရဲ့အကြောင်းလည်း ပါနိုင်သည်။

မိဘရဲ့စကားကြောင့် နိုင်မှန်းအောင် သူတို့အတန်းထဲက ကောင်မလေးတစ်ယောက်ကို တကယ်မချစ်ကြိုက်ဘဲ ချစ်ရေးဆိုပြီး နိုင်တို့အတန်းရှေ့မှာ ဖြတ်၍ ခေါက်တုံ့ခေါက်ပြန် တွဲလျှောက်ပြခဲ့သည်။

နိုင် ငိုမှန်းသိသိနှင့် ရင်နာအောင်လုပ်ပြခဲ့သည်။ အဆိုးဆုံးကတော့ စိုးထက်နှင့် မင်းကျော်က သူ့လုပ်ရပ်ကြောင့် နိုင့်အစား မခံချင်စိတ်တွေဖြစ်ကာ ရန်လာတွေ့ကြသည်။ နိုင် သူ့ကိုမုန်းမှသာ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကောင်းဆုံးဖြစ်မှာမို့ မပြောချင်တဲ့စကားတွေကို ရင်နာနာနှင့် ပြောခဲ့ရသည်။

သူ့ရဲ့စကားတွေကို မခံနိုင်လွန်း၍ –

"ဒီလောက်မိုက်ရိုင်းဦး"

"နှမသားချင်း စာနာစိတ်မရှိဦး"

ဟု စိုးထက်နှင့် မင်းကျော် တစ်ယောက်တစ်မျိုးပြောကာ ဝိုင်းထိုးခဲ့သမျှကို သူပြန်မလှပ်ဘဲ ငြိမ်ခံနေခဲ့သည်။ ဒီကောင်တွေ ပြန်ပြောပြလို့ ဒီထက်မကာ မုန်းသွားလျှင်လည်းကောင်းသည်။

"မအိ ငါသိချင်တာက ငါ့ကြောင့်ဆိုပြီး ဘာကြောင့် မိမိလေး နဲ့ စိုးထက် ကွဲသွားရတာလဲ"

မအိက သက်ပြင်းချပြီး ခေါင်းယမ်းလိုက်သည်။ အတိတ်ကို ပြန်ပြောနေ၍လည်း ဘာမှမထူးတော့ပြီ။ အားလုံးသော နှလုံးသားမှာ ကျက်စပြုနေပြီဖြစ်သော အနာဟောင်းကို ပြန်ခွလျှင် ဒီထက် နာကျင် စရာတွေပဲ ရှိတော့မည်။

"ငါလည်း နိုင်တို့နဲ့ အဆက်အသွယ်ပြတ်သွားတာ ဆရာမ လုပ်ကတည်းက ဆိုပါတော့။ ဒါနဲ့ နင် လက်မထပ်သေးဘူးဆိုတာ တော့ ငါ့ကို လိမ်ပြောနေတာတော့ မဟုတ်ပါဘူးနော်။ ဟို နင်မွေးစား ညီမနဲ့လေ"

"အဲဒါကိုက မဟုတ်သေးတာ။ ငါ နင်တို့နဲ့ အဆက်အသွယ် ပြတ်သွားတာက အကြာကြီးပဲ။ အဲဒီအချိန် ငါ ညီမလေးနဲ့ မစေ့စပ် သေးဘူး။ အဲဒါ နင်က ဘယ်လိုသိနေတာလဲ။ အင် ... ညီမလေး ကတော့ တခြားသူနဲ့ လက်ထပ်သွားပြီ"

"ဘာ ... ဒါဆို နင်တစ်ယောက်တည်း"





သူ ခေါင်းအသာညိတ်ပြလိုက်သည်။ ငြိမ်သက်နေသော မအိက ယခုမှ လှုပ်လှုပ်ရှရှ ဖြစ်သွားကာ –

"ဪ ... နင့်ညီမက အခုကျတော့ တခြားတစ်ယောက်နဲ့ ဟုတ်လား။ ဒါဆို သူက မစားရတဲ့အမဲ သဲနဲ့ပက်သွားတာပေါ့"

"ဘာလဲ မအိ ... နင်ပြောတာ ငါနားမလည်ဘူး"

"အေး ... အစတုန်းကတော့ ငါ ပြီးပြီးသားကိစ္စတွေကို ပြန်မပြောချင်လို့ အခုတော့ ပြောမှကို ဖြစ်မယ့်အခြေအနေမို့ ငါပြန် ပြောရလိမ့်မယ် ဇင်မင်းထွန်း"

မအိက တစ်ချက်ချက်နှင့် ပုံမှန်လည်ပတ်နေသော နာရီ လက်တံကို စိတ်ကူးနှင့်အတိတ်သို့ ပြန်၍ ဆွဲလှည့်နေပါသည်။ သူက တော့ သူ လုံးဝမသိခဲ့ရသော အကြောင်းတွေမို့ အံ့ဩသောမျက်နှာနှင့် ငြိမ်သက်စွာနားထောင်နေခဲ့သည်။

"ဘာမှမဟုတ်တဲ့ ယောကျ်ားတစ်ယောက်အတွက်နဲ့ ငိုမနေ စမ်းပါနဲ့နိုင်ရာ။ သူ့ရဲ့စိတ်ဓာတ်ကို စောစောသိရတော့ နင့်အတွက် အမြတ်ထွက်တာပေါ့"

"လောကမှာ ယောကျ်ားတွေ ပေါပါတယ်ဟာ။ သက်လင်း ဆို နင့်ကို ဘယ်လောက်ချစ်သလဲ"

"သူ့အတွက်ကျနေတဲ့ နင့်မျက်ရည်တွေကိုတောင် နင် ပြန်သနားသင့်ပြီ နိုင်"

မအိ! မိမိလေးနှင့် စံပယ်အေးတို့က တစ်ယောက်တစ်ပေါက်

နှင့် နိုင့်အစား မခံချင်လွန်း၍ ပြောနေကြသော်လည်း နိုင်ကတော့ မျက်ရည်ကျမပြတ်နှင့် –

"ဟင့်အင်း ... ငါ ကိုကို မမုန်းနိုင်ဘူး။ ကိုဘကြက ဘယ်လိုရှိရှိ အဲဒါကို ငါနဲ့သက်လင်းကို စိတ်ဆိုးလို့ အရွဲ့တိုက်ပြီးတွဲနေတာ။ ကို ငါ့ကို ချစ်ပါတယ်"

"သေဟသေ၊ အဲဒီလောက်တောင် ယောက်ျားတစ်ယောက် အပေါ်မှာ စွဲလုံးကန်းနေတာ"

"ဟဲ့ ... မိမိလေး"

မိမိလေးရဲ့စကားကြောင့် နိုင့်ကို အားနာသနားသွားရကာ နှစ်ယောက်သား ဟန့်လိုက်ပေမယ့် နိုင်ကလည်း အငိုမပြတ်၊ မိမိလေးကလည်း မျက်နှာကြောမလျော့။

"ကိုယ့်အပေါ်မှာ ဒီလောက်ထိ လုပ်ပြနေတဲ့ယောက်ျားကို ဘာတွေ ဖက်တွယ်နေတာလဲ။ အရင်တုန်းကလို မာကျောကျော သစ္စာနိုင်အဖြစ် နင် နေပြလိုက်စမ်းပါလား နိုင်ရဲ့။ နင့်မှာ မာနတွေ မရှိတော့ဘူးလား"

"တော်ပါပြီ မိမိလေးရယ်"

"နိုင် ... တိတ်ပါ နိုင်ရယ်။ နင်ငိုတာနဲ့ ငါတို့လည်း ငိုချင်တယ်"

"မမ ဖုန်းလာတယ်ရှင့်"

နိုင့်ရဲ့အခန်းထဲမှာ လေးယောက်သား တွတ်ထိုးနေစဉ် နိုင်တို့





အိမ်က ကောင်မလေးတစ်ယောက်က လာပြောသည်။ နိုင်က ဖရိုဖရဲ အသွင်နှင့် အိပ်ရာပေါ်က ကျုံးရုန်းထတော့ –

"ဟဲ့ ... မျက်ရည်တွေလည်း သုတ်သွားဦး။ ဆံပင်တွေကလည်း ရှုပ်ပွလို့"

မအိရဲ့စကားကြောင့် နိုင်က လက်နှစ်ဖက်ဖြင့် မျက်နှာကို ဖြစ်သလို သုတ်သွားသည်။ နိုင် အပြင်သို့ရောက်သွားတော့ မအိနှင့် စံပယ်အေးက မိမိလေးကို ကောင်းကောင်းကြီး ဆူပစ်လိုက်သည်။

"သူများက ခံစားနေပါတယ်ဆိုတာကို ဆူလား ပေါက်လားနဲ့ဟယ်"

"အို ... ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး မျက်ရည်ကျနေရတာ ဘယ်လောက်ခံရခက်တယ်မှတ်လဲ။ တောက် ... သူတို့ အုပ်စုနဲ့သာ မတွေ့ခဲ့ရရင် ငါတို့သူငယ်ချင်းတွေထဲမှာ မျက်ရည်ဆိုတာ လိုကိုမလိုဘူး"

"ဘယ်တတ်နိုင်မလဲ မိလေးရယ်၊ ဇင်မင်းထွန်း မကောင်းတာနဲ့ ကိုစိုးထက်တို့ကိုပါ အပြစ်ပြောလို့ရပါ့မလား"

"အို ... သိပ်ကိုပြောချင်နေတာ၊ အခုလည်း စကားပြောရတာ အဆင်မပြေပါဘူးဟာ"

"အဲဒီလိုတော့ မလုပ်နဲ့လေ"

စံပယ်အေးရဲ့စကားကို မိမိလေးက မည်သို့မှ မတုံ့ပြန်ပေ။ အတော်ကြာတော့ နိုင် ဝင်လာသည်။ သို့သော် ရှိုးရှိုးဝင်လာခြင်း

မဟုတ်။

တံခါးကို ကျောနှင့်မှီပိတ်လိုက်ကာ ကြုံကြုံပါအောင် ငိုလိုက်ခြင်းဖြစ်သည်။

"ဟဲ့"

"နိုင်"

"နိုင် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ။ ဘယ်သူ့ဖုန်းလဲ"

သူငယ်ချင်းသုံးယောက်လုံး စိုးရိမ်စိတ်တွေနှင့် အိပ်ရာပေါ်မှ ဝရုန်းသုန်းကား ပြေးဆင်းကာ နိုင့်ဘေးမှာ ပတ်လည်ဝိုင်းထိုင်လိုက်သည်။

နိုင့်ပုံစံက ယခုပင် ရင်ကွဲသေလုစွာ ခံစားနေရသည့်ဟန်။

"နိုင်"

"မိလေး ပြောပါဦး။ ဒီလိုယောက်ျားတစ်ယောက်အတွက်နဲ့ မျက်ရည်ကျစရာမလိုပါဘူးလို့ ငါ့ကို ထပ်ဆုံးမပါဦး။ ဆုံးမရုံနဲ့ နားမထောင်ရင် ငါ့ကို ရိုက်လိုက်ပါဦး ... ရိုက်ပါဦး"

"နိုင်"

ဖြူနီးခနဲ မိမိလေးဘက်သို့လှည့်ကာ ပြောလိုက်သောစကားကြောင့် ဘာတွေဖြစ်လာလို့ ဘာပြောရမှန်းမသိ။ မိမိလေးက အစတုန်းကတော့ သူငယ်ချင်းအတွက် မခံချင်၍ ပြောမိခြင်းဖြစ်ပြီး ယခုလို ကိုယ့်ကိုဦးတည်ပြီး ပြောလာတော့လည်း –

"ဆောရီး နိုင် ... ငါ တောင်းပန်ပါတယ်။ စောစောတုန်းက





စကားတွေ စိတ်ထဲမထည့်နဲ့နော်"

"မထည့်လို့မရဘူး ထည့်ရမယ်။ ကုန်ဆုံးသွားတဲ့ မိုးမျက်ရည်တွေကိုတောင် တစ်စက်ဆီ ပြန်လိုက်ကောက်လို့ရမယ်ဆိုရင် ကောက်ချင်တယ် ... ထို"

ရှုံ့ရှုံ့ရှာရှာနှင့် တံတွေးတွေးသလို ထိုလုပ်လိုက်သဖြင့် သုံးယောက်စလုံး အံ့ဩမှုတွေနှင့် ဘာစကားမှ မပြောနိုင်။ ယခုတော့ နိုင့် မျက်ဝန်းထက်၌ ဘာမျက်ရည်များမှ မရှိတော့။ မုန်းတီးနာကြည်းခြင်းတွေ၊ ရွံရှာစက်ဆုပ်ခြင်းတွေနှင့် ပြည့်နှက်နေခဲ့တော့သည်။ မအိက တည်ငြိမ်သောလေသံနဲ့ –

"အခုဖုန်းဆက်လာတဲ့ လူက ဘယ်သူလဲ၊ ဇင်မင်းထွန်းလား"

"ဝေးသေး။ အဲဒီလူယုတ်မာက ဘီလူး။ ဘီလူးတောင်မှ ရိုးရိုးဘီလူး မဟုတ်ဘူး။ ပန်းစားဘီလူး"

"နင်ပြောတာ ငါတို့နားမလည်ဘူး နိုင်"

"နားလည်အောင် ငါရှင်းပြမယ်။ အခု ဖုန်းဆက်တာ သူ့ရဲ့ ညီမ"

"သူ့ညီမက နင့်ဆီကို"

စံပယ်အေးက မယုံနိုင်သလို မေးတော့ နိုင်က ခပ်မြန်မြန်ကြီး ခေါင်းညိတ်သည်။ နောက်တော့ မခံချင်စိတ်တွေ၊ နာကြည်းခြင်းတွေနှင့် ငိုကြွေးခြင်းမရှိဘဲ မျက်ရည်တွေ စိမ့်ထွက်လာသည်။

"လူကို ခွေးကိုက်လိုက်သလို ခံစားရတာလေ။ ဘာ မောင်နှမလဲ၊ ဘာမောင်နှမလဲ။ ဘဂ်လားမောင်နှမတွေ။ ငါ့ကို ဖုန်းဆက်တာ ရိုးရိုးမဟုတ်နဲ့။ ငါက သူ့အစ်ကိုကို လက်ခံရင် သူမှာ တရားစွဲနိုင်တယ်တဲ့။ အမယ်လေး . . . ဥပဒေကျောင်းသူကို ဥပဒေနဲ့ လာကိုင်ပေါက်နေသေးတယ်"

"သူက နင့်ကို ဘာ့လို့ တရားစွဲနိုင်တယ်လို့ ပြောရတာလဲ"

မိမိလေးရဲ့ ခပ်ဆတ်ဆတ်မေးခွန်းကြောင့် အားလုံးကို ဝေ့ကြည့်ပြီး နိုင့်မျက်နှာ ရဲခနဲဖြစ်သွားသည်။ အတော်ကြာမှ –

"သူ့လိုမိန်းကလေးက ပြောထွက်ရဲပေမယ့် ငါကတော့ ပြောမထွက်နိုင်လောက်အောင် ရှက်တယ်။ သူနဲ့ ဟိုလူယုတ်မာက'

"နိုင်"

"ဟဲ့ . . . အမယ်လေး နိုင့်ကိုလုပ်ပါဦး"

စကားမဆုံးနိုင်ဘဲ နိုင် ပျော့ခွေကျသွားတော့ အားလုံး ပျာယာခတ်သွားကြသည်။ နိုင် သတိလစ်တာတော့ မဟုတ်ပါ။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးတွေက အသေကြီးနှင့်။

"သူ သူတို့တွေက ဟိုအဆင့်ထိ ဖြစ်ခဲ့ကြဖူးကြတယ်တဲ့"

"နိုင်"

"ငိုချင် ငိုလိုက်သူငယ်ချင်း"

နိုင့်ကို ခပ်တင်းတင်းဖက်ထားရင်း သူငယ်ချင်းတွေအားလုံးတောက်တခေါက်ခေါက် အံတကြိတ်ကြိတ်။





"ဗျာ . . . ဒါတွေ တကယ်ပဲလား။ ဝတ်ရည်က အဲဒီလိုတွေ ပြောခဲ့တယ်။ ဘုရားရေ . . . ကျွန်တော် သူ့ကို ညီမဆိုးလေးလို့သာ ထင်ခဲ့တယ်။ အဲဒီလောက်အထိ"

"ရှင်တို့တွေကတော့ သူပြောသလို"

"ဟာ . . . ကြီးကြီးစည်ရာဗျာ"

မအိရဲ့ ခပ်အေးအေးမေးခွန်းကို သူက ကပျာကယာ လက်ကာပြ၊ ခေါင်းယမ်းပြရင်း –

"ဝတ်ရည် တော်တော်ဆိုးခဲ့တာပဲ။ သူ့ကို ကျွန်တော် ညီမလေးတစ်ယောက်လို ချစ်ခဲ့တာ။ အဲဒီလို စိတ်ကူးမပြောနဲ့ မိတဲ့တွေရဲ့ဆန္ဒအရ စေ့စပ်ခဲ့ရတာတောင် ဖောက်ပြန်ကြည့်လို့ မရဘူး"

"ဟုတ်ပါပြီရှင်၊ ဒီနေ့အချိန်ထိ တစ်ယောက်တည်းရှိနေကတည်းက ယုံကြည်ပေးလိုက်ပါ့မယ်"

"အင်း . . . ဒါပေမဲ့ နိုင်တော့ မကြာခင် သက်လင်းနဲ့ လက်ထပ်တော့မယ် မအိ"

သူက ယခု သူတို့ပြန်တွေ့ဖြစ်ခဲ့သည့်အကြောင်းအရင်းများကို အတိုချုံး၍ ပြောပြလိုက်သည်။ သူ စကားဆုံးတော့ –

"နိုင်က ရှင် သူ့ရှေ့မှာ ကောင်မလေးတွေနဲ့ တွဲပြနေတုန်းက မမှန်းသေးပါဘူး။ အဲဒီကြိုဟ်ဆိုးမလေး ဖုန်းဆက်ပြီးတဲ့နောက်မှာတော့ ရှင်နဲ့ပတ်သက်ခဲ့ဖူးပါတယ်ဆိုတဲ့ သူ့ရဲ့အတိတ်ကို ဖျက်ထုတ်ပစ်ချင်တဲ့အထိ ဖြစ်ခဲ့တာ။ သက်လင်းနဲ့ ရှင်ပြောသလို လက်ထပ်ကြတော့မယ်

ဆိုရင်တောင် သူ သက်လင်းကို ချစ်သူတစ်ယောက်လို ဘယ်တော့မှ မချစ်တာ ကျွန်မသိတယ်၊ အဲဒီလို ရိုးသားသန့်စင်မှုကို သက်သေပြချင်ရင်းကနေ မလွဲသင့်ဘဲ လွဲခဲ့ကြရတာပေါ့"

"ဒါနဲ့ စိုးထက်နဲ့ မိမိလေးက"

မမေ့မလျော့မေးလိုက်သော သူ့ရဲ့မေးခွန်းကြောင့် မအိက သက်ပြင်းချလိုက်သည်။

"နိုင်ကလည်း ဖွတ်၊ မိမိလေးကလည်း ဖွတ်ဆိုပါတော့။ တစ်ဖက်စွန်းရောက်တဲ့ မိမိလေးက နိုင်ခံစားရတာ ရှင်တို့အုပ်စုကြောင့်ဆိုပြီး ကိုစိုးထက်ကို အစိမ်းဖြတ် ဖြတ်ခဲ့တယ်လေ။ ကျွန်မတို့ကျောင်းပြီးတဲ့အထိ ကိုစိုးထက်က မိလေးနဲ့ပြန်ဆက်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မိလေးက ခေါင်းမာတယ်။ ကိုစိုးထက် လက်လျှော့ပြီး နိုင်ငံခြားထွက်သွားရင်းကနေ လုံးဝ အဆက်အသွယ်ပြတ်သွားခဲ့တယ်။ မိလေးကတော့ အခု အိမ်ထောင်ကျနေပြီလို့ ကြားတယ်"

"ဩော် ... ဒါကြောင့် မအိက ကျွန်တော့်ကြောင့် စိုးထက်နဲ့ မိမိလေး ကွဲခဲ့ရတယ်လို့ ပြောခဲ့တာကိုး။ ကံတရားတွေများ သိပ်အံ့သြဖို့ကောင်းတာပဲနော်။ ကိုယ်မသိဘဲ ကိုယ့်ရဲ့အနာဂတ်ကို တစ်ဦးတစ်ယောက်က ဝင်စီမံလိုက်တာလေ"

သူက သံဝေဂတရားရသလို ပြောမိသည်။

ဒါကြောင့်လည်း ဝတ်ရည်က သူ့အပေါ် ရက်စက်ခဲ့သမျှ ယခု ဝဋ်ကောင်းကောင်းလည်နေပြီဟု ပြောခဲ့တာကိုး။ သူကတော့





သူ့မှာ ချစ်သူရှိခဲ့ပါတယ် မပြောဘဲ ဝတ်ရည် ဘယ်လိုသိခဲ့သလဲ စဉ်းစားမရ ဖြစ်နေခဲ့သည်။

ဝတ်ရည်ကတော့ နိုင့်ရဲ့ဖုန်းနံပါတ်ကို မရ ရအောင် ရှာပြီး လိမ်ညာလှည့်ဖြားသည့်စကားတွေ ဆိုခဲ့သည်ကိုး။

ဩော် ... လူတွေ လူတွေ ကြောက်စရာတယ်ကောင်းပါလား။

"မမျှော်လင့်ထားပဲ ကိုမင်းကျော်နဲ့ စံပယ်အေးတို့ကတော့ လက်ထပ်ဖြစ်ကြတယ်လေ။ သားတစ်ယောက်၊ သမီးတစ်ယောက် ရနေတယ်လို့ ကြားတယ်။ စံပယ်အေးကလည်း ကျောင်းဆရာမဆိုတော့ ကျွန်မနဲ့ မကြာခဏတွေ့ဖြစ်တယ်။ ကိုမင်းကျော်ကတော့ ကမ်းလွန်ရေနံမှာ လုပ်တယ်တဲ့"

"ဆောရီးဗျာ၊ ကျွန်တော်လည်း သူငယ်ချင်းတွေကို ရင်မဆိုင်ရဲလို့ အဆက်အသွယ်ဖြတ်နေခဲ့တာ လုံးဝကို အဆက်အသွယ် ပြတ်နေခဲ့တာ။ မအိနဲ့ပြန်ဆုံရတာလည်း ကျွန်တော် မသိခဲ့ရတဲ့ ကျွန်တော့် အတိတ်ကို သိခဲ့ရလို့ အရမ်းပဲကျေးဇူးတင်တယ်ဗျာ။ ဒါပေမဲ့ အခု အဲဒါတွေက လွန်သွားပြီ။ အရာအားလုံး ခြေလွန်၊ လက်လွန်ဖြစ်သွားခဲ့လို့ ဘာမှ ပြင်ဆင်ခွင့်တောင် မရနိုင်တော့ပါဘူး"

သူ့ရဲ့စကားအဆုံး နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်၊ သေချာတာကတော့ သူတို့ အတိတ်ဆီ စိတ်ရောက်နေခဲ့ပြီ။

## အလွမ်းခြွေ ကောင်းကင်

"အလွမ်းခြွေကောင်းကင်"
ရဲ့ နောက်ဆက်တွဲ
"လွမ်းအောင်ဖန်တဲ့ ကြမ္မာ"

ကြယ်ကလေးတွေ ချေး
ကိုယ့်မှာခွေး
လွမ်းကဗျာလေးတွေ
ထိုင်ပြီးရေး

## အခန်း (၄၂)

"နှင် နှင် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ သက်လင်း"

နိုင်က အံ့ဩစွာ အထစ်ထစ် အငေါ့ငေါ့နှင့်ပြောပေမယ့် သူ ဘာမှမပြောဘဲ နိုင့်ရဲ့လက်ထဲ သတင်းစာတစ်စောင် ကမ်းပေးလိုက်သည်။

"နှင် ဘယ်ကိုသွားသလဲ၊ ဘယ်ကိုရောက်နေသလဲဆိုတာ အစတုန်းက ငါ ဘယ်လိုမှ စုံစမ်းလို့မရလို့ ဇင်မင်းထွန်းကိုတောင် ရန်သွားလုပ်ခဲ့တယ်"

"အို . . . သူနဲ့ငါက ဘာဆိုင်လို့ နှင်က သူ့ကို ရန်သွားလုပ်ရတာလဲ"

နိုင်က မျက်နှာအိုအိုနှင့်ပြောပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ လေတဖြူးဖြူးတိုက်ခတ်နေသဖြင့် နိုင့်ရဲ့ဆံပင်အဖျားအနားတို့ ကို ဖနောက်ကျိစယ်သွားခဲ့သည်။

နိုင်က လေတိုက်ခိုက်သဖြင့် လွင့်ခါနေသော လုံချည်စကို လက်တစ်ဖက်ကဖိပြီး တောင်ကုန်းကနေ လှမ်းမြင်နေရသော ကားလမ်းကို ငေးကြည့်နေသည်။

"ဒီထဲမှာ မမျှော်လင့်ဘဲ နင့်အဖေရဲ့နာရေးကြော်ငြာကို တွေ့လိုက်ရတော့ သမီးဖြစ်တဲ့နင်လည်း ရှိနေနိုင်တယ်တွေးပြီး ခန့်မှန်းလာခဲ့တာ။ ဒီရောက်တော့ ထင်တဲ့အတိုင်းပဲ"

"ဒါနဲ့ နင်က ဘာကြောင့် ငါ့ကို မရရအောင် ခြေရာလိုက်ခံနေရတာလဲ သက်လင်း။ ဒီတစ်လအတွင်း ငါ အေးအေးဆေးဆေး အနားယူချင်လို့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်လာခဲ့တာလေ။ မင်္ဂလာပွဲကိုလည်း နင့်စိတ်တိုင်းကျလုပ်ဖို့ ငါပြောခဲ့သားပဲမဟုတ်လား"

"မင်္ဂလာပွဲကို ငါ စိတ်တိုင်းကျလုပ်မယ်ဆိုတိုင်း နင်က ခွင့်ပြုနိုင်လို့လား နိုင်"

"ဟုတ်ပါတယ်လို့ ပြောထားတဲ့ကိစ္စကို ဘာလို့ ထပ်ခါထပ်ခါ မေးနေရတာလဲ သက်လင်း"

"ငါ စဉ်းစားမိတယ် နိုင်၊ ငါ စိတ်တိုင်းကျလုပ်တဲ့ကိစ္စကို နင် စိတ်ချမ်းသာပါ့မလားလို့"

"နင် ဘာအဓိပ္ပာယ်နဲ့ ငါ့ကို အဲဒီလိုပြောရတာလဲ သက်လင်း"

သက်လင်းထွန်း နိုင်နှင့် မျက်နှာချင်းဆိုင်တည့်တည့်ဖြစ်အောင် လှည့်လိုက်သည်။

"နိုင် ငါ့မျက်နှာကို သေချာကြည့်ပါ"





ခေါင်းငုံ့နေသောနိုင် မျက်နှာမော့လာခြင်းမရှိပေ။ သူ နိုင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ နိုင်က မသိမသာ ဖယ်ချလိုက်ပြီး ကိုယ်ကို ခပ်ဝေးဝေးသို့ ရွှေ့လိုက်သည်။

သူ နိုင့်ကိုကြည့်ပြီး ရယ်လိုက်သည်။ ဝမ်းမြောက်ပျော်ရွှင်စွာနှင့် ရယ်လိုက်ခြင်းတော့မဟုတ်ပါ။

"ငါနဲ့နင် ပေါင်းလာတာ အခုမှမဟုတ်ဘဲ နိုင်။ နင့်မျက်နှာဘယ်လိုအနေအထားဖြစ်နေတယ်ဆိုရင် ဘာခံစားနေရသလဲဆိုတာ ငါ ကောင်းကောင်းကြီး ခန့်မှန်းနိုင်ပါတယ် နိုင်"

နိုင် ခေါင်းက အသာမတ်လာသော်လည်း သူ့မျက်နှာကိုတော့ မော့ကြည့်ခြင်းမရှိပါ။ သူ့ရင်ဘတ်ကို စိုက်ကြည့်ရင်း ငြိမ်သက်နေသော နိုင့်ကို တစ်ချက်ငေးပြီး သူ့ခြေလှမ်းတွေ ရွှေ့လိုက်သည်။

ဟိုး ချိုင့်ဝှမ်းအတွင်းမှာရှိသည့် တိုက်အိမ်တွေ မြို့စုနေသော ရပ်ကွက်လေးက တောင်နံရံတွေနှင့် ဝန်းရံထားကာ လှပသလိုရှိသော်လည်း ထိုတောင်နံရံတို့သည် အချိန်မရွေး အန္တရာယ်ပေးနိုင်သည်။

မိုးမပြတ်ရွာတတ်သော ဖားကန့်နယ်တွင် မြေပြိုတာ၊ တွင်းပိတာတော့ သိပ်ဆန်းကြယ်လှသည်တော့မဟုတ်ပေ။

"ဇင်မင်းထွန်း လက်မထပ်ဖြစ်ဘူးဆိုကတည်းက နင့်ရဲ့စိတ်တွေ တွေပြားသွားတာမဟုတ်လား။ ဒါကြောင့်လည်း ငါနဲ့သာမကဘူး ဘယ်သူနဲ့မှ ရင်မဆိုင်ရဲလို့ နင် ရှောင်ထွက်လာခဲ့တယ်ဆိုတာ ငါ အသေအချာ သိနေတယ်"

"နင် ဘာတွေလျှောက်ပြောနေတာလဲ သက်လင်း။ ထင်ရာတွေ လျှောက်မပြောစမ်းပါနဲ့။ ငါ့ဘဝမှာ လက်ထပ်ရမယ့်သူက နင်ပဲ"

"ဒါဆို ငါ့ကိုချစ်တယ်လို့ နင် ဘာလို့မပြောနိုင်တာလဲ နိုင်"

"ဒါက"

နိုင့်ရဲ့အသံက တိုးတိတ်သွားခဲ့သည်။ ထိုသို့ သက်လင်းဘက်က မေးလာတိုင်း နိုင့်ဘက်က ချစ်ပါတယ်လို့ အလွယ်တကူ ဟန်ဆောင်ပြောဖို့တောင် နိုင် စဉ်းစား၍မရချေ။

ထို့ပြင် အချစ်ရဲ့နောက်ကွယ်မှာ အမုန်းရှိကြောင်း ပြောခဲ့ရတာတွေကလည်း အပ်ကြောင်းထပ်နေပြီ။ ယောကျ်ားလေးတွေက သူတို့ချစ်သော လက်ထပ်ချင်သော မိန်းကလေးကို လက်ထပ်ခွင့်ရရုံနှင့် မကျေနပ်နိုင်ပါလား။ ချစ်လား၊ ချစ်လား အခါခါမေးပြီး ဘာလို့ ချစ်ပါတယ်ဆိုတဲ့စကားကို ကြားချင်နေရတာလဲ။

သူမဟာ သက်လင်းအပေါ် မတရားမုန်းသိပေမယ့် သူချစ်စေချင်သလို အချစ်မျိုးနဲ့ မချစ်နိုင်တဲ့ သူမကတော့ ဘယ်တော့မှ ခေါင်းညိတ်မိမှာ မဟုတ်ပေ။

"နိုင်"

"ငါ့ကို ချောင်ပိတ်မမေးပါနဲ့ သက်လင်းရယ်။ ငါ ငါလေ နင့်ကိုပဲ လက်ထပ်မှာပါ"

"နင် ဖေင်မင်းထွန်းကို ချစ်နေသေးတယ် မဟုတ်လား နိုင်"

"သက်လင်း"





မော့ကြည့်လာသော နိုင့်ရဲ့မျက်နှာကို သူ မလွှတ်စတမ်း စိုက်ကြည့်နေမိသည်။ နိုင်နှင့်သူ အတန်ကြာအောင် အကြည့်ချင်းဆုံသွားသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း မလွှဲဖယ်ကြဘဲ –

"နင် ဒီမေးခွန်းကို မမေးသင့်ဘူး သက်လင်း"

"ဘာ့ကြောင့်လဲ"

"အနာဂတ်ဟာ ဘဝမှာ အရေးကြီးတယ်မဟုတ်လား။ အတိတ်ကို လက်ရှိကာလအထိ သယ်ပြီး ဘာကြောင့် စိတ်အနှောင့်အယှက်ဖြစ်အောင် မေးရတာလဲ"

"ဒီမှာ နိုင်"

နိုင်က သူ့ဆီမှအကြည့်လွှဲပြီး သက်ပြင်းချသွားသည်။

နိုင့်ရဲ့မျက်နှာမှာ မကြာခင် လက်ထပ်တော့မည့် သတို့သမီးလောင်း တစ်ယောက်ရဲ့ ပျော်ရွှင်ကြည်နူးခြင်းများ ရှိမနေချေ။

ယခင်ကထက်ပိုပြီး မျက်နှာလေးက နွမ်းဖျော့နေသည်။ ဘယ်လောက်ပဲ အခြေအနေပျက်ပျက်၊ မျက်နှာပျက်ပျက် သူ့ကို လက်ထပ်ဖို့ကိုတော့ တသွင်သွင်ပြောရှာသည်။

သစ္စာနိုင်ဆိုတဲ့အတိုင်း သစ္စာကိုအလေးထားတဲ့ နိုင့်အကြောင်းလည်း သူသိနေသည်။ သို့သော် ထိုသစ္စာတရားရဲ့နောက်မှာ သူမရဲ့နှလုံးသားတွေ ငိုညည်းနေတယ်ဆိုတာကိုတော့ နိုင်က လျစ်လျူရှုနေသည်။

“နင့်စိတ်ထဲမှာ ဝတ်ရည်ချိုရဲ့စကားတွေကြောင့် ဇင်မင်းထွန်းကို ပိုပြီးနာကြည်းနေခဲ့တာ။ တကယ်လို့ ဝတ်ရည်ချိုပြောခဲ့သလို မဟုတ်ခဲ့ရင်ကော”

“နင် ဘာတွေပြောနေတာလဲ သက်လင်း”

“ငါမေးတာကိုပဲ နင်ဖြေပါ နိုင်။ နင်ထင်သလို ဝတ်ရည်ချိုနဲ့ ဇင်မင်းထွန်းက ဘာမှမဖြစ်ခဲ့ဘူး။ ဒါတွေဟာ ဇင်မင်းထွန်းမသိဘဲ ဝတ်ရည်ချို လိမ်ပြောခဲ့တယ်ဆိုရင် နင် ဇင်မင်းထွန်းအပေါ်မှာ”

“သက်လင်း မဖြစ်နိုင်တဲ့ကိစ္စကို ဘာလို့ စိတ်ကူးယဉ်နေခဲ့တာလဲ။ ဖြစ်မှမဖြစ်နိုင်ဘဲ၊ ဖြစ်လာခဲ့ရင်ကောလို့ မေးဖို့လည်းမလိုအပ်ပါဘူး”

နိုင့်ပုံစံက အတိတ်ကို လုံးဝမစဉ်းစားချင်တော့သည့်ဟန်နှင့် စကားစကို အတင်းဖြတ်ချနေသည်။

နိုင်ပြောခဲ့ဖူးသလို ‘ဖြူစင်တဲ့ချစ်ခြင်းတွေဟာ အပြစ်ကင်းကြောင်း’ သူ့ဘက်ကတော့ သက်သေမပြနိုင်ဘူးလား။ စိတ်ချပါ နိုင် နင်ငိုနေရင် ငါလည်းငိုနေသလို ခံစားရပါတယ်။

“သိပ်လိုအပ်တာပေါ့ နိုင်၊ ဝတ်ရည်ချိုနဲ့ဇင်မင်းထွန်းက နင်တို့တွေထင်သလို ပတ်သက်မှုမျိုး မရှိခဲ့ပါဘူး။ နောက်ပြီး ဇင်မင်းထွန်းက မွေးစားမိဘတွေရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဝတ်ရည်ကို စေ့စပ်ခဲ့တာ။ သူ ဝတ်ရည်ကိုမချစ်ဘူး။ သူ ဘယ်သူ့ကို ချစ်နေသလဲ နင် သိလား”





“---”

နိုင်က ဘာမှမဖြေဘဲ မျက်နှာလွှဲသွားသည်။ နိုင် ဘယ်လို ခံစားနေရမလဲ သူ မကြည့်ရက်ပါ။ နိုင့်ကို ပျော်ရွှင်စေချင်တဲ့သူ့ထဲမှာ သူက ထိပ်ဆုံးကပါကြောင်း သက်သေပြနိုင်ရမည်။

“သူချစ်တာ နင့်ကိုပဲ နိုင်။ နင် ဘာမှမပြောရဘူး နိုင်။ ငါ ပြောတာကိုပဲ နင် ဆုံးအောင်နားထောင်ပါ။ ငါလည်း အဲဒီအကြောင်းတွေကို သိတာမကြာသေးပါဘူး။ ဘယ်ကနေသိခဲ့သလဲ နင်သိလား။ အခု လားရှိုးမှာ မအိတာဝန်ကျနေရင်း ဇင်မင်းထွန်းနဲ့ ပြန်တွေ့ကြတယ်။ မအိက ရန်တွေ့ရင်းကနေ အတိတ်ကအဖြစ်အပျက်တွေ အားလုံးကို နောက်ကြောင်းပြန်ခဲ့ရင်းကနေ အဖြစ်မှန်တွေ သိခဲ့ရတာ”

“ဟင် ... ဒါဆို မအိက လားရှိုးမှာပေါ့ ဟုတ်လား”

နိုင်က အလောတကောမေးသည်။ သူ လက်ကာပြရင်း –

“မအိကိစ္စက အသာထားပါဦး။ အခု နင်ထင်သလို ဇင်မင်းထွန်းက နင့်အပေါ် မေတ္တာမပျက်ဘူး။ နင့်အပေါ် ချစ်နေဆဲဆိုရင် နင် ဘာလုပ်မလဲ နိုင်”

နိုင်က ဘာမှမပြောသေးဘဲ သူ့ကိုမော့ကြည့်သည်။ နိုင့်အကြည့်တွေကို သူ နားလည်သလိုတော့ ရှိသည်။ နိုင်က အံတစ်ချက်ကြိတ်ကာ မျက်နှာလွှဲသွားပြီး –

“အခုမှ ဒါတွေလာပြောနေလဲ ဘာထူးမှာလဲ သက်လင်း။ သူ့ဘက်က ချစ်တယ်ဖြစ်စေ၊ မချစ်တယ်ဖြစ်စေ ငါကတော့ နင့်ကိုပဲ

လက်ထပ်ရလိမ့်မယ်''

''ဘာလဲ ... ပေးခဲ့တဲ့ကတိတစ်ခုကို တည်ဖို့အတွက် အချစ်မပါတဲ့အိမ်ထောင်ရေးကို တည်ဆောက်ဖို့လား''

''သက်လင်း ... နင် ဘာတွေပြောနေတာလဲ။ ဘာတွေဖြစ်နေတာလဲ။ နင်နဲ့ငါ အခုချိန်မှာ ပြောရမယ့်ကိစ္စက ဒါမဟုတ်ဘူးလေ။ နင်နဲ့ငါ့ရဲ့မင်္ဂလာပွဲအတွက် မဟုတ်ဘူးလား''

''ဟင်''

ခေါင်းအသာယမ်းလိုက်သော သက်လင်းကြောင့် နိုင် အံ့ဩသွားခဲ့သည်။ သက်လင်း ဘာတွေဖြစ်သွားတာလဲ။ ဟိုးအရင်တုန်းကဆိုရင် ဇင်မင်းထွန်းအကြောင်းပြောလျှင် စိတ်သိပ်ဆိုးတတ်ခဲ့တဲ့ သက်လင်းက သူမတို့ မင်္ဂလာပွဲနီးလာခါမှ ဘာကြောင့် သူ့အကြောင်းတစ်ယုတရ လာပြောနေရသနည်း။

''နင်နဲ့ငါ့ရဲ့မင်္ဂလာပွဲမဟုတ်ဘူး နိုင်။ နင်နဲ့ ဇင်မင်းထွန်းရဲ့ မင်္ဂလာပွဲပဲ။ ဘာကြောင့်လဲသိလား။ ငါက နင့်ကို နင်ချစ်တဲ့ပုံစံမျိုးနဲ့ မဟုတ်ဘဲ ချစ်သူတစ်ယောက်လို သိပ်ချစ်နေလို့ပဲ''

''____''

''ဘယ်သူမဆို ကိုယ်ချစ်တဲ့သူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတာကို မကြည့်ရက်ကြဘူးနိုင်။ ဒီလိုပဲ ငါကလည်း ငါ့ရှေ့မှာတော့ နင်က ရှိနေပါရဲ့၊ ဒါပေမဲ့ နင့်စိတ်တွေက ငါ့နားမှာ မရှိဘူး။ မိန်းမကောင်းပီသစွာ ပေးပြီးတဲ့ကတိကို မဖျက်နိုင်တဲ့အတွက် ဖွတ်တိုး





ကြမယ်ဆိုရင် နင်သာမကဘူး ငါပါ စိတ်ဆင်းရဲရမှာ။ အိမ်ကြွင်း ငါ အဖြစ်သင့်ဆုံးလမ်းတစ်လမ်းကို ရွေးခဲ့တာ''

''ဘာ ... ဘာကိုရွေးခဲ့တာလဲ''

နိုင်က ထစ်ထစ်ငေါ့ငေါ့နှင့်မေးတော့ သက်လင်းက ဘာမှမပြောဘဲ တစ်နေရာသို့ မေးဆတ်ပြလိုက်သဖြင့် နိုင် အသာလှည့်ကြည့်လိုက်တော့ –

''အို''

တောင်ကုန်းလေးအတိုင်း ဖြည်းညင်းစွာတက်လာသော ဇင်မင်းထွန်းကိုကြည့်ပြီး နိုင် သက်လင်းဘက်သို့ ကယောင်ကတမ်းပြန်လှည့်လာကာ –

''သူက် သက်လင်း ... သူ သူက''

''ဟုတ်တယ် နိုင်၊ ဇင်မင်းထွန်းကိုခေါ်လာတဲ့သူက ငါပဲ နိုင်၊ ကိုယ်ချစ်မြတ်နိုးတဲ့သူကို စိတ်ချမ်းသာစေဖို့အတွက် သဘောထားကြီးပြလိုက်တာပါ နိုင်။ နင်ကိုယ်တိုင် ဇင်မင်းထွန်းကို ခုထက်ထိချစ်နေသေးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပါတယ်''

''သက်လင်းရယ်''

နိုင် မျက်ရည်တွေ ရစ်ဝဲလာကာ သက်လင်းရဲ့လက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။ ဝမ်းနည်းဝမ်းသာစွာနှင့် ကျဆင်းနေသော မျက်ရည်စတွေကိုတော့ ကျလိုက်ကျစေတော့ရယ် မှတ်ထင်ထားလေလားမသိ။

တဖြည်းဖြည်းနှင့် ဇင်မင်းထွန်းက သူတို့နှစ်ယောက်အနီးသို့ ရောက်ရှိလာခဲ့သည်။ သက်လင်းကတော့ ဝမ်းနည်းနေသည့် မျက်ဝန်းနှင့်ဖြစ်သော်လည်း နှုတ်ခမ်းထက်၌ အပြုံးထင်ကာ ဇင်မင်းထွန်းဘက်သို့ လက်ကမ်းပေးလိုက်သည်။

ဇင်မင်းထွန်းက သူ့ကိုငေးကြည့်နေသော နိုင့်ကို တချက်ပြန်ကြည့်ကာ သက်လင်းရဲ့လက်ကို ဆွဲနှုတ်ဆက်လိုက်သည်။

''ကွန်ကရက်ကျူလေးရှင်းပါ ဇင်မင်းထွန်း''

သက်လင်းက သူဆုပ်ကိုင်ထားသော နိုင့်ရဲ့လက်နှင့် သူ့လက်တွဲနှုတ်ဆက်နေသော ဇင်မင်းထွန်းရဲ့လက်ကို ထပ်ဆုပ်စေလိုက်သည်။

နောက် နှစ်ယောက်စလုံးကို အချိန်အတန်ကြာအောင် ကြည့်ပြီး လက်တွေကို ရုတ်ဖယ်လိုက်ကာ နောက်ဆုံးအကြိမ် နှုတ်ဆက်သောအကြည့်နှင့် နိုင့်ကိုကြည့်ကာ –

''ငါသွားတော့မယ်နိုင်''

ရုတ်တရက်ထွက်သွားသော သက်လင်းကို ပင့်သက်နေသော လူနှစ်ယောက်က နှုတ်ဆက်ဖို့ခေတ်မရ။ ဟိုးတောင်ခြေသို့ ရောက်လုရောက်ခင်ကျမှ –

''သက်လင်းထွန်း''

ဇင်မင်းထွန်းရဲ့ ခေါ်သံကြောင့် သက်လင်း လှည့်ကြည့်လိုက်သည်။





နိုင်က ဇင်မင်းထွန်းရဲ့ရင်ခွင်ထဲသို့ နိုဝင်ကာ ဇင်မင်းထွန်းက နိုင့်ကို ဇွေးထွေးစွာ ဖက်ထားလေသည်။ လှည့်ကြည့်လာသော သူ့ကို ဇင်မင်းထွန်းက လက်မြှောက်ပြကာ –

''ခင်ဗျားကို ကျေးဇူးအများကြီးတင်ပါတယ်''

သူ ဘာမှမပြောတော့တဲ့ ရှေ့သို့ ပြန်လှည့်ကာ ဆက်လျှောက်လာခဲ့သည်။

သူငယ်ချင်းချစ်သူလေး စိတ်ချမ်းသာနေတာကို မြင်ရတဲ့အတွက် သူလည်း စိတ်ချမ်းသာရပါသည်။ သို့သော် သူမ နိုဝင်မယ့်ရင်ခွင်က သူ့ရင်ခွင်မဟုတ်တာကို သိရပြန်တော့ ရင်နာအောင် ခံစားနေရသည်။

ဒီလိုတွေ ဖြစ်လာခဲ့မယ်ဆိုရင် ငါ နိုင်ငံခြားမသွားခင်ကတည်းက နင့်ကို လက်ထပ်သွားသင့်တာပါ နိုင်ရယ်။ အခုကျတော့ နင့်ကို နင့်ချစ်သူရဲ့ရင်ခွင်ထဲထည့်ပေးဖို့ စောင့်စားနေရသလိုပါပဲလားနိုင်ရယ်။

ငါ့ရင်ထဲမှာ ချစ်သူကို ဆုံးရှုံးခဲ့ရပြီဆိုတဲ့အသိနဲ့ ရင်ကွဲလုအောင် ခံစားနေရပါတယ်။ ဒါပေမဲ့ နင်ပျော်နေတယ်ဆိုတဲ့အသိနဲ့ ကွဲချင်သာလောက်ကွဲစမ်းပါ အသည်းနှလုံးတွေ့ရယ်။

သူ မိုးကောင်းကင်ပေါ်သို့ မျက်နှာမော့ကာ အသံကုန် ဟစ်အော်ပစ်လိုက်ချင်သည်။ အလွမ်းတွေကတော့ မြွေချခဲ့နေရသည်။ ဟိုးအထက် မိုးကောင်းကင်ဆီကနေ တစ်ပွင့်ခြင်း မြွေချနေတဲ့ အလွမ်းနှင်းတွေကို တစ်ပွင့်ဆီကောက်ယူရင်း ရင်ခွင်ထဲမှာ တယုတယ

ပွေ့ဖက်ထားမိသည်။

နင် ငါ့ကို ပြောခဲ့ဖူးတဲ့ စကားလေးကို ခုထက်ထိ ငါ သတိရနေဆဲပါနိုင်။

"နင်ပြောတဲ့ ပန်းတိုင် မတူဘူးဆိုတဲ့ စကားကို ငါ လက်မခံဘူး သက်လင်။ တို့တွေက ဘာလို့ ပန်းတိုင်မတူရမှာလဲ၊ နင့်ရဲ့ပန်းတိုင်က ငါတို့နှစ်ယောက်ထက် ချွန်ထွက်ပြီး သမ္မတဖြစ်ချင်တာလား။ ဟင့်အင်း ငါ နင့်ကိုဖြတ်ချမထားခဲ့နိုင်ဘူး။ နင်လည်း အိမ်ထောင်ကျ ငါလည်းအိမ်ထောင်ကျ သားတွေသမီးတွေ၊ မြေးမြစ်တွေရလာတဲ့အထိ သူငယ်ချင်းတွေ။ ငါ့ သားသမီးတွေကို ဒါ ဘွားရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်းလို့ ပြောခွင့်ရချင်တယ် သက်လင်။ အဲဒီအတွက် ငါ့ချစ်သူကို လက်တွဲဖြုတ်စရာမလိုသလို နင့်ကိုလည်း ထားခဲ့စရာမလိုဘူး မဟုတ်လားဟင်"

နင့်ဘက်က ငါ့ကို လက်တွဲမဖြုတ်ချင်တဲ့စိတ်နဲ့ နှစ်ယောက်စလုံးကို လှေပေါ်ခေါ်တင်ချင်တယ်ဆိုပေမယ့် ငါပြောခဲ့သလိုပေါ့ အဲဒီလှေပေါ် ခေါ်ခွင့်ရမှာက တစ်ယောက်တည်းပါ။

နင်သိပ်ချစ်တဲ့ချစ်သူကို တင်ပေးပြီး ငါ လှေပေါ်ကဆင်းပေးစေတော့ နိုင်ရယ်။ ဘာကြောင့်လဲသိလား အဲဒီလှေပေါ်တက်ခွင့်ရှိသူဟာ ဘဝလက်တွဲဖော်တစ်ယောက်တည်းမို့ပါ။

တောင်ခြေကိုရောက်တော့ သူ ကားပေါ်မတက်ခင် တောင်ပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။





တစ်ဦးကိုတစ်ဦး ဖက်ပြီး သူရှိရာသို့ လှမ်းကြည့်နေသော နိုင်နှင့်ဇင်မင်းထွန်းရဲ့မျက်နှာကို သဲကွဲစွာမမြင်ရသော်လည်း သူ လက်လှမ်းပြလိုက်တော့ နိုင်နှင့်ဇင်မင်းထွန်းကလည်း လက်လှမ်းပြကြသည်။

တစ်ဦးနှင့်တစ်ဦး သဲကွဲမမြင်ရသည့်အနေအထားမို့ သူ့ပါးပြင်၌ ကျဆင်းနေသော မျက်ရည်စများကို နိုင်တို့ မြင်သွားမလားဟု စိုးရိမ်စရာမလိုတော့ပါ။

နေရစ်ခဲ့ပါတော့ နိုင်ရယ်။

လှိုင်းကြာဖြူ (လားရှိုး)

## စာဖတ်ပရိသတ်သို့

သင့်ထံ၌ အချစ်ဆုံးချစ်သူနှင့် အချစ်ဆုံးသူငယ်ချင်း နှစ်ယောက်ရှိသည်ဆိုပါစို့။
လှေတစ်စင်းပေါ်၌ လူနှစ်ယောက်ပဲ ဆန့်မယ်ဆိုလျှင် သင့်ရဲ့ချစ်သူကိုတင်ခေါ်သွားမလား။ သင့်ရဲ့အချစ်ဆုံး သူငယ်ချင်းကို တင်ခေါ်သွားမလား။

သို့မဟုတ်

နှစ်ယောက်စလုံးကို တင်ခေါ်နိုင်မည့်နည်း ရှိနိုင်မလား။

**စာရေးသူ**

---

**၂၀၁၆ ဇူလိုင်ထွက်**

**ဖတ်နိုင်ပါပြီ**

မမသဒ္ဓါမောင်

ရင်ခွင်ထဲက အသည်းပန်း၏

ကြယ်စင်မှူးဓေ

စံပယ်ကေရီ

မိုးစက်ပွင့်

အချစ်ပြင်းပြင်းအမုန်းရှရှ

အလင်းသစ်

တစ်စက္ကန့်တောင်မှ မဓမ္မကြေး

လှိုင်းကြာဖြူ

အလွမ်းခြွေကောင်းကင်

(၁၅ မြောက် အထူးထုတ်)